

# သိမ်နှင့်စပ်သော အသုံးအဖြတ်များ


အဂ္ဂမဟာပဏ္ဍိတ

## အရှင်ကုမာရ

မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ဒုတိယပါမောက္ခချုပ်ဆရာတော် - မှ


တပေါင်းတည်း တစ်စုတည်းပြုကာ,

(ဓမ္မဒါန ပြုပုံနှိပ် ထုတ်ဝေလှူဒါန်းပါသည်)


(သာသနာ - ၂၅၅၇) (ကောဇာ - ၁၃၇၅) (ခရစ် - ၂၀၁၃)

# သဒ္ဒါနှင့်စပ်သော
# အသုံးအဖြတ်များ


အဂ္ဂမဟာပဏ္ဍိတ

## အရှင်ကုမာရထေရ်

မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ပဓာနာယက
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ဒု-ပါမောက္ခချုပ်ဆရာတော် - မှ


တပေါင်းတည်း တစ်စုတည်းပြုကာ
ဓမ္မဒါနထုတ်ဝေလှူဒါန်းပါသည်။


သာ-၂၅၅၇၊ ကော-၁၃၇၅၊ ခရစ်-၂၀၁၃

# သိမ်နှင့်စပ်သော
# အဆုံးအဖြတ်များ

၂၈၅၃၁
၂၄.၁၂.၂၀၁၃

ပုံနှိပ်ခြင်း- ပထမအကြိမ်
၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ- ၁၀၀၀

မျက်နှာဖုံးဒီဇိုင်းအပြင်အဆင်- အရှင်နန္ဒသိရီ (ရွှေမြေ-နန္ဒ)

ကွန်ပျူတာစာစီ- ဆရာ့တပည့် (မြစ်ကျိုး)

အတွင်းဖလင်- ကိုဦးနှင့်ညီများ

မျက်နှာဖုံးဖလင်- EAGLE Co lor Separation

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်- သော်တာဝင်း ရောင်စုံပုံနှိပ်တိုက်
၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ထုတ်ဝေသူ- ယုံကြည်ချက်စာပေတိုက်
အမှတ် -၁၁၁၊ ၃၃-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၊

ဓမ္မဒါနအလှူ- အရှင်ကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယကဆရာတော်
မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

# အာစရိယပူဇာ-ဓမ္မပူဇာ

'သိမ်နှင့်စပ်သော အဆုံးအဖြတ်များ'
(သီမာဝိနိစ္ဆယ) စာအုပ်အား-
ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်
၁၃၇၅ (၂၀၁၃-၂၀၁၄) ပညာသင်နှစ်မှ
တပည့်-ရဟန်း/သာမဏေများ၊ မောင်ကျောင်းသားများ၏
၁၃၇၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်၊
(၁၈-၁၀-၂၀၁၃)သောကြာနေ့ ညတွင်
လှူဒါန်းပူဇော် ကန်တော့ကြသော
အာစရိယပူဇာ အလှူတော်ငွေ ကျပ် (၁၁,၃၁၀၀၀)
(တစ်ဆယ့်တစ်သိန်း, သုံးသောင်း, တစ်ထောင်) ဖြင့်
ဓမ္မဒါနပြုကာ ထုတ်ဝေလှူဒါန်းပါသည်။

သာသနာနှင့် ဆရာထေရ်အရှင်မြတ်အား
ဤစာအုပ်ဖြင့် ကျေးဇူးဆပ် ပူဇော်ပါ၏။

မဟာသိမ်-တပည့်များ

(ခ)

# သိမ်နှင့်စပ်သော အဆုံးအဖြတ်များ

---

❖ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)

**(သိမ်သမုတ်မှုဆိုင်ရာဝိနိစ္ဆယ)**

❖ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဒုတိယအစည်းအဝေးက ဖွဲ့စည်းတာဝန် ပေးအပ်သည့်- သီမာသင်္ကာရဝိနိစ္ဆယစာတမ်းပြုစုရေးအဖွဲ့က ရေးသားပြုစုအပ်သော သီမာသင်္ကာရဝိနိစ္ဆယစာတမ်း

**(သိမ်ရောယှက်မှု အဆုံးအဖြတ်စာတမ်း)**

❖ ဝိသုံဂါမ သီမာဝိနိစ္ဆယနှင့် မော်လမြိုင်မြို့၊ မြေထဲကျောင်းတိုက်သိမ် သမ္မုတ္တိသိမ်ဖြစ်ပုံ

**(မြေထဲကျောင်းတိုက်သိမ် သီမာဝိနိစ္ဆယ)**

❖ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရ ၏

**(ရဟန်းလောင်းဆယ်ပါး တစ်ပြိုင်နက်ရဟန်းခံမှု အဆုံးအဖြတ်)**

## သိမ်နှင့်စပ်သော အဆုံးအဖြတ်များ



## စာဂဟော

ဤကျမ်းစာသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အတည်ပြု၍ ရိုက်နှိပ်ထုတ်ဝေထားသော စာအုပ်ငယ်များဖြစ်ပါသည်။ အဓိကရည်ရွယ်သည်မှာ ရန်ကုန်တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း 'ကမ္မာကမ္မဘာသာ' ကျမ်းစာနှင့် တပေါင်းတည်း ရိုက်နှိပ်လှူဒါန်းရန် စီစဉ်ခဲ့ပါသည်။ သို့သော်လည်း ကွန်ပျူတာစာမူ အဆင်သင့် မဖြစ်သေးခြင်း၊ မိတ္တူကူးရန် အစီအစဉ် မဖြစ်နိုင်ခြင်း ကြောင့် ဤအချိန်အခါရောက်မှသာ ယင်းစာအုပ်ငယ်များကို တစ်စု တည်း တပေါင်းတည်းပြုလုပ်၍ ရိုက်နှိပ်လှူဒါန်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်သည် သာသနာတော်အတွက် အသက်သွေးကြော ဖြစ်ပါသည်။ မိမိနှင့် တပည့်များက သာသနာတော်အား ကျေးဇူး ဆပ်ခြင်းသာ ဖြစ်ပါသည်။ ကမ္မာကမ္မဘာသာရပ်နှင့် ဆက်စပ်နေ သဖြင့် အလိုရှိသောပုဂ္ဂိုလ်များ လိုအပ်သလို အသုံးပြုနိုင်ရန်အတွက် တပည့်ဖြစ်သူ အရှင်နန္ဒသီရိ (ရွှေမြေ-နန္ဒ)နှင့် ဒေါက်တာအရှင်ဥက္ကဋ္ဌ တို့၏ စီစဉ်သည့်အတိုင်း တစ်အုပ်တည်းပေါင်းစု၍ ကွန်ပျူတာ စာစီ ထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်နှင့် ဆက်စပ်၍ စာအုပ်ဖြစ်ပေါ်လာသည်အထိ အဖက်ဖက်က ဝိုင်းဝန်းကျေးဇူးပြုပေးကြသော တပည့်များနှင့် ကျေးဇူး တင်ထိုက်သော ပုဂ္ဂိုလ်အားလုံးတို့အား ဝမ်းမြောက်ဝမ်းသာဖြင့် အထူး ကျေးဇူးတင် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**အရှင်ကုမာရ**

**အဂ္ဂမဟာပဏ္ဍိတ**

၂၀၁၃- စက်တင်ဘာလ၊ ၂၇-သောကြာနေ့




သိမ်နှင့်စပ်သော အဆုံးအဖြတ်များ

သီမာဝိနိစ္ဆယ စာအုပ်အား

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်

၁၃၇၅(၂၀၁၃/၂၀၁၄)ပညာသင်နှစ်မှ

တပည့် - ရဟန်း, သာမဏေများ၊ မောင်ကျောင်းသားများ ၏

၁၃၇၅ - ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်

(၁၈ - ၁၀ - ၂၀၁၃)စနေနေ့

လှူဒါန်းကန်တော့ကြသော အာစရိယပူဇာ အလှူတော်ငွေ

ကျပ် (၁၁၃၁၀၀၀/-) (တစ်ဆယ့်တစ်သိန်း သုံးသောင်း တစ်ထောင်)ဖြင့်

မ,တည်ကာ ဓမ္မဒါနပြု ထုတ်ဝေလှူဒါန်းပါသည်။

သာသနာနှင့် ဆရာထေရ်အရှင်မြတ်အား

ဤစာအုပ်ဖြင့် ကျေးဇူးဆပ် ပူဇော်ပါ၏

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့

အမှတ်(၉)

# သိမ်သမုတ်မှုဆိုင်ရာ
# ဝိနိစ္ဆယ

၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်၊

၁၉၈၈–ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်။

သာသနာ ၂၅၃၂ ကောဇာ ၁၃၅၀ ခရစ် ၁၉၈၈

# သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ
# မာတိကာ

♦♦♦


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း | ည |
| | – နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)ဖွဲ့စည်းခြင်းအမိန့် | ၁ |
| | – စာဒကနှင့်စုဒိတကများ ကြွရောက်ရန်ပင့်လျှောက်စာ | ၃ |
| | – ရုံးတော်ဖွင့် အခမ်းအနားအစီအစဉ် | ၅ |
| | – သဘောထားကြေညာချက် | ၇ |
| | **သိမ်သမုတ်မှုဆိုင်ရာ စာဒနာတင်သွင်းလွှာ** | |
| ၁။ | နိဒါန်း | ၁၃ |
| ၂။ | သိမ်သမုတ်မှုဆိုင်ရာ စာဒနာလွှာ | ၁၄ |
| | – နယ်သိမ်းရန်မလိုခြင်း | ၂၁ |
| | – သိမ်နုတ်ရန်မလိုခြင်း | ၂၂ |
| | – အဋ္ဌကထာ,ဋီကာအမျိုးမျိုး ဝါဒအမျိုးမျိုး | ၂၂ |
| | – အထောက်အထား တင်ပြချက် | ၂၃ |
| | – စာဒနာလွှာ ဆောင်ရွက်ချက်အစီအစဉ် | ၂၄ |
| ၃။ | စာဒနာလွှာအမှတ်(၁)ကို တင်ပြလျှောက်ထားခြင်း | ၂၆ |
| ၄။ | စာဒနာလွှာအမှတ်(၂)ကို တင်ပြလျှောက်ထားခြင်း | ၃၂ |
| ၅။ | စာဒနာလွှာအမှတ်(၃)ကို တင်ပြလျှောက်ထားခြင်း | ၃၃ |
| ၆။ | စာဒနာလွှာအမှတ်(၄)ကို တင်ပြလျှောက်ထားခြင်း | ၃၇ |
| ၇။ | စာဒနာလွှာအမှတ်(၅)ကို တင်ပြလျှောက်ထားခြင်း | ၃၉ |
| ၈။ | စာဒနာလွှာအမှတ်(၆)ကို တင်ပြလျှောက်ထားခြင်း | ၃၉ |
| ၉။ | နိဂုံးချုပ်တင်ပြခြင်း | ၄၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## သိမ်သမုတ်မှုဆိုင်ရာ သောတနာတင်သွင်းလွှာ


၁။ ပဲခူးကျောင်း သိမ်သမုတ်ခြင်းနှင့် ပတ်သက်၍
သောတနာတင်သွင်းခြင်း ၄၅

သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ

– ဝိနိစ္ဆယအမိန့်ချမှတ်ရန် ပင့်လျှောက်ဆင့်ခေါ်စာ ၄၉
– သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ အခမ်းအနားအစီအစဉ် ၅၁
– သဘာပတိဆရာတော်၏ အဖွင့်ဩဝါဒမိန့်ခွန်း ၅၂
၁။ သီမာဝိနိစ္ဆယကထာ နိဒါန်း ၅၃
– ဝိနည်းမှာသိမ် သဒ္ဒါမှာလိင် ၅၆
– ဘုရားရှင်အလိုတော်ကိုသိရန် အဋ္ဌကထာ
ဋီကာလိုအပ်ပုံ ၅၉
၂။ သိမ်သမုတ်မှုဆိုင်ရာ အမှုဖြစ်ပွားရခြင်းအကြောင်းရင်း ၆၃
– တိုင်းသံဃနာယကအဖွဲ့ အစည်းအဝေးမှတ်တမ်း ၆၇
၃။ နိုင်ငံတော် သီခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)
– အကြောင်းအကျိုးဖော်ပြချက် ၇၃
– ဝိနည်းဓိုရ်အဖွဲ့ဝင်ဆရာတော်များ ၇၄
– အရန်အဖွဲ့ဝင်ဆရာတော်များ ၇၄
– စောဒကပုဂ္ဂိုလ်များ ၇၅
– ဆုံးဖြတ်ရန်အချက် ၇၅
၄။ သီမာဝိနိစ္ဆယကထာ ၇၇
၅။ သိမ်အမျိုးအစားကို စိစစ်ဝေဖန်ခြင်း ၇၉
– သိမ်အကြောင်း ၇၉
– ဝိသုံဂါမသိမ်သမုတ်နည်း ၈၄
– နယ်သိမ်းခဏ္ဍသိမ်သမုတ်နည်း ၈၇
– အထူးမှတ်သားရန် ၈၉

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – မှူခင်းပါသိမ်နှင့်စပ်၍ စိစစ်ချက် | ၉၀ |
| | – ဟတ္ထပါသ်စပ် မစပ် စုဒိတက ရှင်းလင်းချက် | ၉၄ |
| | – မဟာပဒုမထေရ်ဝါဒ ရှင်းလင်းချက် | ၉၇ |
| ၆။ | သိမ်သမုတ်ရာ၌ သိမ်နုတ်ရန်လိုအပ်ကြောင်း စိစစ်ဝေဖန်ခြင်း | ၉၉ |
| | – သိမ်နုတ်နည်း | ၁၀၅ |
| | – သိမ်နုတ်ပုံအခြင်းအရာ | ၁၀၇ |
| | – နယ်သိမ်းသင့် မသိမ်းသင့် | ၁၀၇ |
| | – အကြိမ်ကြိမ်နုတ်ရပုံ | ၁၀၈ |
| | – တိုးချဲ့၍ နုတ်သင့်ပုံ | ၁၀၈ |
| ၇။ | ဦးပုညာစာရ၏ အဋ္ဌကထာ,ဋီကာ လက်မခံခြင်းဝါဒကို စိစစ်သုံးသပ်ခြင်း | ၁၀၉ |
| ၈။ | အကျဉ်းချုပ် ပေါင်းရုံးသုံးသပ်ခြင်း | ၁၁၄ |
| | – စောဒနာအမှတ်(၁)ကို သုံးသပ်ခြင်း | ၁၁၅ |
| | – စောဒနာအမှတ်(၂)ကို သုံးသပ်ခြင်း | ၁၁၈ |
| | – စောဒနာအမှတ်(၃)ကို သုံးသပ်ခြင်း | ၁၁၉ |
| | – စောဒနာအမှတ်(၄)ကို သုံးသပ်ခြင်း | ၁၂၀ |
| | – စောဒနာအမှတ်(၅–၆)ကို သုံးသပ်ခြင်း | ၁၂၃ |
| ၉။ | နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၉) ဆုံးဖြတ်ချက် | ၁၂၅ |
| ၁၀။ | နိဂမနကထာ | ၁၂၈ |
| ၁၁။ | သဘာပတိဆရာတော်၏ နိဂုံးချုပ်ဩဝါဒကထာ | ၁၂၉ |
| ၁၂။ | အဓမ္မအဝိနယဝါဒကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း | ၁၃၂ |

(ည)

## သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း

"သိမ်"ဟူသည် အပိုင်းအခြားပင်တည်း။ ယင်းအပိုင်းအခြားသည် လောက၌ မြို့ကိုပိုင်းခြားခြင်း, ရွာကိုပိုင်းခြားခြင်း, တိုင်းပြည်နိုင်ငံကို ပိုင်းခြားခြင်း စသောအားဖြင့် အရာဝတ္ထုတို့ကို အပိုင်းအခြားပြုရာ၌ အကျိုးရှိ၏။ သာသနာတော်၌ ဥပုသ်ပြုခြင်း, ပဝါရဏာပြုခြင်း, ရဟန်းခံခြင်း စသောအားဖြင့် ရဟန်းသံဃာတို့၏ ပြုဖွယ်ကိစ္စအရပ်ရပ်ကို ပြုလုပ်ရန်အတွက် အပိုင်းအခြားပြုရာ၌ အကျိုးရှိ၏။ မှန်၏။ သာသနာတော်၌ မည်သည့်အမှုကိုပင် ပြုလုပ်သည်ဖြစ်စေ အားလုံးညီညွတ်မှသာ ထိုအမှု ပြီးမြောက်သည်။ တစ်ပါးပါးသော ရဟန်းက သဘောမကျ၍ တားမြစ်ကန့်ကွက်လျှင် ထိုအမှုပျက်စီးသည်။ ဤ၌ အားလုံး ညီညွတ်ရမည်ဟုဆိုရာ ခွင့်ပြု၍ထားအပ်သော အပိုင်းအခြား (သိမ်)အတွင်းရှိ ရဟန်းအားလုံး ညီညွတ်ရမည်သာ ဖြစ်သည်။ ထို့ကြောင့် သာသနာတော်၌ ထိုအပိုင်းအခြားကို ပါဠိလို "သီမာ" မြန်မာလို "သိမ်" ဟုခေါ်သည်။

ထိုသိမ်သည် သာသနာတော်၏ ရေသောက်မြစ်ကြီးသဖွယ်ဖြစ်၏။ **သဒ္ဒါမှာလိင် ဝိနည်းမှာသိမ်** ဆိုသည့်အတိုင်း သဒ္ဒါ၌ လိင်သည် အရေးကြီးသကဲ့သို့ ဝိနည်း၌ သိမ်သည် လွန်စွာအရေးကြီးလှ၏။ ယင်းသိမ်၏ အောင်မြင်မှု, မအောင်မြင်မှု, မှန်မှု, မမှန်မှုကိုလိုက်၍ အကျိုးအပြစ်များစွာ ဖြစ်နိုင်၏။ အောင်မြင်သောသိမ်၌ ပြုသမျှ ကံကြီးကံငယ်တို့သည်သာ အောင်မြင်ထမြောက်ခြင်းရှိ၍ သိမ်စစ်သိမ်မှန်၌ ရဟန်းခံသောသူတို့သည်သာ ရဟန်းစစ် ရဟန်းမှန်ဖြစ်နိုင်၏။ ရဟန်း

စစ် ရဟန်းမှန်တို့ကို ကိုးကွယ်ဆည်းကပ်ခွင့်ရမှလည်း လောက, သံသရာ နှစ်ဖြာအကျိုး ပွားတိုးခြင်းသို့ ရောက်နိုင်၏။ မအောင်မြင်သော သိမ်၌ ပြုသမျှ ကံကြီး, ကံငယ်တို့သည်ကား အောင်မြင်ထမြောက်ခြင်းမရှိ၊ သိမ်စစ် သိမ်မှန်မဟုတ်သော သိမ်တု၌ ရဟန်းတုသာ ဖြစ်နိုင်သည်။ ရဟန်းတုများကို ရဟန်းစစ် အမှတ်ရှိလျက် ကိုးကွယ်ဆည်းကပ်သူတို့မှာလည်း လောက, သံသရာ နှစ်ဖြာအကျိုး ပွားတိုးဖွယ်မရှိ၊ ဆုတ်ယုတ်ဖွယ်အတိသာ ရှိပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့သည် ၁၃၄၉–ခုနှစ်၊ တပို့တွဲလဆန်း ၁–ရက် (၁၉. ၁. ၈၈) အင်္ဂါနေ့တွင် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ၏ ''သိမ်သမုတ်ရာ၌ ဝိသုံဂါမသိမ် အမိန့်ခံယူရန်မလို၊ နယ်သိမ်းရန်လည်း မလို၊ သိမ်နုတ်ရန်လည်း မလို၊ သိမ်နိမိတ်အတွင်းရှိ သံဃာများ ဟတ္ထပါသ်မစပ်သော်လည်း သိမ်သမုတ်မှု အောင်မြင်သည်'' ဟု စွဲလမ်းယူဆကာ ဦးဆောင်သမုတ်ထားသော သိမ်များနှင့် ပတ်သက်၍ အောင်,မအောင်၊ မှန်,မမှန်၊ ဓမ္မ,အဓမ္မ၊ ဝိနယ, အဝိနယ အဖြစ် စစ်ဆေးဆုံးဖြတ်ရန် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)ကို ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ် နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း(၇) အပိုဒ် ၅၇(င)နှင့်အညီ ဖွဲ့စည်းပေးအပ်ခဲ့ပါသည်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) ဆရာတော်များက စောဒက, စုဒိတကတို့၏ စောဒနာ, သောဓနာ နှစ်ဖြာနှစ်ဝတို့ကို ကျနစွာ စိစစ်ဝေဖန်၍ သင်္ဂါယနာ ၆–တန်တင်ပြီးသော

ထေရဝါဒ ဗုဒ္ဓပိဋကတ်တော် (ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ)လာ အဆို အမိန့်တို့နှင့်အညီ ၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း ၉–ရက် (၁၉၈၈–ခုနှစ်၊ ဖေဖော်ဝါရီ ၂၅–ရက်)နေ့တွင် မအောင်မြင်သော သိမ်, မဟုတ် မမှန်သော(အဗဒ္ဓ,အဝိနယ)သိမ်များအဖြစ် တညီတညွတ်တည်း ဆုံးဖြတ်ချက်ချတော်မူခဲ့ကြရာ သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ ခေါ် ယင်းဆုံးဖြတ်ချက် စာတမ်းသည် သိမ်နှင့်စပ်၍ သိသင့်သိထိုက်သမျှ ကို အလွယ်တကူသိစေခြင်းငှာ သေချာပြတ်သားစွာ ထေရဝါဒ ဗုဒ္ဓ ပိဋကတ်တော်နှင့်အညီ ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ဝိနိစ္ဆယဖြစ် ၍ သာသနာတော်အတွက် အလေးဂရု စံပြုထိုက်သော ဝိနိစ္ဆယ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းသိမ်သမုတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်ဝိနိစ္ဆယ ကို ဗာဟုသစ္စမင်္ဂလာတရား ဖြစ်ပွားစေရန်နှင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအကျိုး, ရဟန်းရှင်လူတို့၏ လောက သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေရန် ရည်သန်လျက် သာသနာရေး ဦးစီးဌာနက ပုံနှိပ်ဖြန့်ချိအပ်ပါသတည်း။

◆◆◆

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)ကို
## ဖွဲ့စည်းခြင်းအမိန့်

[လုပ်ထုံးလုပ်နည်းများ အပိုဒ် ၇၅ (င)]

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့သည် စောဒကပုဂ္ဂိုလ်များ ဖြစ်ကြသော ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ရွာ၊ ငြိမ်းကျောင်း ဆရာတော် ဦးပဒုမ, ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းကလေးရွာ၊ တောင်ပေါ်ကျောင်း ဆရာတော် ဦးအာစရနှင့် တွံတေးမြို့၊ ဈေးကျောင်းဆရာတော် ဦးပဏ္ဍိတ၊ ၃-ပါးတို့နှင့် စုဒိတကဖြစ်သော ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ ၁-ပါးတို့၏ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်း သိမ် သမုတ်မှုကိစ္စနှင့် ပတ်သက်သည့် အယူဝါဒအပေါ်၌ ဓမ္မ-အဓမ္မ၊ ဝိနယ-အဝိနယ အငြင်းပွားသော ဝိနည်းဓမ္မကံ အဓိ-ကရုဏ်း မှုခင်းကို ဝိနည်းတရားတော်နှင့်အညီ ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရန် ဖော်ပြလတ္တံ့ပါ နိုင်ငံတော် ဗဟိုသံဃာ

## (၂) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၉)

ဝန်ဆောင် ဆရာတော်များ ပါဝင်သော နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ်(၉)ကို ဖွဲ့စည်းလိုက်သည်-

| အမှတ်စဉ် | ဘွဲ့တော် | ကျောင်း |
|---|---|---|
| ၁။ | ဘဒ္ဒန္တတိဿ (အဂ္ဂမဟာပဏ္ဍိတ) | ကျိုက်သီမွန်ကျောင်း၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်း။ |
| ၂။ | ဘဒ္ဒန္တသူရိယ (တိုက်အုပ်၊ ဂဏဝါစက) | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း၊ |
| ၃။ | ဘဒ္ဒန္တသုမနာဘိဝံသ (သ+အ၊ ဓမ္မာစရိယ) | ဂန္ဓဝုရကျောင်း၊ မစိုးရိမ်တိုက်၊ အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။ |
| ၄။ | ဘဒ္ဒန္တကုသလာဘိဝံသ (ပထမကျော်၊ စ+အ ဓမ္မာစရိယ) | ရွှေဟင်္သာတောရတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း၊ |
| ၅။ | ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (အစိုးရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) | သရက်တောကျောင်း၊ ကညင်သောင်အုပ်စု လေးမျက်နှာမြို့၊ ဧရာဝတီတိုင်း။ |

၂။ အထက်ဖော်ပြပါ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)တွင် သင့်လျော်ရာ တစ်ပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။

(ဘဒ္ဒန္တဉာဏာဘိဝံသ)
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယဥက္ကဋ္ဌဆရာတော်

စာအမှတ် ၂၀၈/၁/သာ-မဟာန
ရက်စွဲ၊ ၁၉၈၈-ခုနှစ်၊ ဇန်နဝါရီလ ၁၉-ရက်၊

# နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၉)တည်ရာဌာနသို့ စောဒကနှင့် စုဒိတကများ ကြွရောက်ရန်

# ပင့်လျှောက်စာ

[လုပ်ထုံးလုပ်နည်းများအပိုဒ် ]
(ပထမအကြိမ်)

## နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)

၁၃၄၉ခုနှစ်၊ ဓမ္မ–အဓမ္မ၊ ဝိနယ–အဝိနယမှုခင်းအမှတ်(၉)

**စောဒက** ၁။ ဦးပဒုမ၊ ငြိမ်းကျောင်း၊ လက်ခိုက်ရွာ၊ ကော့မှူးမြို့နယ် ရန်ကုန်တိုင်း။

၂။ ဦးအာစရ၊တောင်ပေါ်ကျောင်း၊ တော်ခရမ်းကလေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဦးပဏ္ဍိတ၊ ဈေးကျောင်း၊ တွံတေးမြို့၊ ရန်ကုန်တိုင်း– တို့နှင့်

**စုဒိတက** ၁။ ဦးပုညာစရ၊ ရတနာမာရ်အောင်ရွာဦးကျောင်း၊ ရှမ်းစုကြီးကျေးရွာ၊တွံတေးမြို့နယ်၊ ရန်ကုန်တိုင်း–

တို့၏ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်း သိမ်သမုတ်မှုကိစ္စအပေါ်၌ ဓမ္မ–အဓမ္မ၊ ဝိနယ–အဝိနယမှုခင်းအတွက် စောဒကနှင့် စုဒိတကနှစ်ဘက်တို့သည် ၁၃၄၉–ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက် (၂၇. ၁. ၈၈) ဗုဒ္ဓဟူးနေ့ နံနက်(၈း၀၀) နာရီအချိန်တွင် ဤနိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) တည်ရာဌာန၊အပရဂေါယာနကျောင်းဆောင်၊ ကမ္ဘာအေးကုန်မြေ၊

ရန်ကုန်မြို့သို့ ကိုယ်တိုင်ကြွရောက်ကြရမည်၊ အထောက်အထားအဖြစ် မိမိတို့ တင်ပြလိုသည့် စာရွက်စာတမ်း အရပ်ရပ်ကိုလည်း တစ်ပါတည်း ယူဆောင်လာကြရမည်။

၁၃၄၉–ခုနှစ်၊ တပို့တွဲလဆန်း(၂)ရက် (၂၀. ၁. ၈၈) ဗုဒ္ဓဟူး နေ့တွင် ဤနိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၉) တံဆိပ် ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

(ဘဒ္ဒန္တတိဿ)
သဘာပတိဆရာတော်
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့
အမှတ်(၉)
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

၁၃၄၉–ခုနှစ်၊ တပို့တွဲလဆန်း ၂–ရက်
၁၉၈၈–ခုနှစ်၊ ဇန်နဝါရီလ ၂၀–ရက်။

## ၁၃၄၉–ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက် (၂၇.၁.၈၈)
## ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီ အချိန်တွင်
## ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊
## အပရဂေါယာနကျောင်းဆောင်၌
## ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊
## ပဲရှူးကျောင်း
## သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒနှင့်ပတ်သက်၍
## ဓမ္မ–အဓမ္မ, ဝိနယ–အဝိနယဖြင့် ကြားနာစစ်ဆေးရန်
## ဖွင့်လှစ်သော
## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)ရုံးတော်ဖွင့်
## အခမ်းအနားအစီအစဉ်

၁။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဖတ်၍ ရုံးတော်ကိုဖွင့်လှစ်ရန်၊

၂။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ သဘောထားကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လျှောက်ထားရန်၊

၃။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)ကို ဖွဲ့စည်းကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အမိန့် (ကြေညာချက်)ကို ဖတ်ကြားရန်၊

၄။ လက်မှတ်ရေးထိုးထားသည်မှာ မှန်ကန်မှု ရှိ–မရှိ စုဒိတက အား သဘာပတိဆရာတော်က မေးမြန်းရန်၊

၅။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)ရုံးတော်၏ သဘောထားကို ဖတ်ကြားရန်၊

၆။ သိမ်သမုတ်မှုဆိုင်ရာ ဝိဝါဒါဓိကရုဏ်းမှုခင်းအပေါ် ဘုရားဟော ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်၍ အဓမ္မ–အဝိနယ ဖြစ်ကြောင်း စောဒနာလွှာ တင်သွင်းရန်၊

၇။ စောဒကဆရာတော်များ၏ စောဒနာလွှာနှင့် စပ်လျဉ်း၍ ပြန်လည်ချေပခြင်း ပြု–မပြု စုဒိတကအား မေးမြန်းရန်၊

၈။ အခမ်းအနားပြီးဆုံးကြောင်း ကြေညာရန်။

❖❖❖

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) အပရဂေါယာန ကျောင်းဆောင်

## သဘောထားကြေညာချက်

[၁၃၄၉–ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက် (၂၇. ၁. ၈၈)ဗုဒ္ဓဟူးနေ့]

၁။ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ ဦးဆောင်သမုတ်သော ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်း အာရာမ်အတွင်း၌ သမုတ်သော သိမ်အစရှိသော သိမ်တို့နှင့် ပတ်သက်၍ အောင်–မအောင် ဓမ္မ အဓမ္မ စစ်ဆေးဆုံးဖြတ်ရန်အတွက် ဥပဒေနှင့်အညီ ဖွဲ့စည်းပေးအပ်သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၉)၏ သဘောထားကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အခန်း(၂)၊ ပုဒ်မ (၃)၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံး ဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း (၇)၊ အပိုဒ် ၅၇(င)နှင့်အညီ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ၁၃၄၉–ခုနှစ်၊တပို့တွဲ လဆန်း(၁)ရက်နေ့တွင်၊ ရန်ကုန်တိုင်း တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ ဦးဆောင်သမုတ်သော သိမ်များနှင့်ပတ်သက်၍ ဓမ္မ, အဓမ္မ၊ ဝိနယ,

အဝိနယအဖြစ် စစ်ဆေး ဆုံးဖြတ်ရန် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ်(၉)ကို ဖွဲ့စည်းပေးအပ်သည်နှင့်အညီ ယနေ့ ၁၃၄၉-ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက် (၂၇. ၁. ၈၈) ဗုဒ္ဓဟူးနေ့ နံနက်(၈း၀၀)နာရီ အချိန်တွင် ဤအပရဂေါယာန ကျောင်းဆောင်၌ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့ အမှတ်(၉) ရုံးတော်ကို ဖွင့်လှစ်လိုက်သည်။

၃။ ဤရုံးတော်သို့ ဆင့်ခေါ်ထားချက်အရ စောဒကပုဂ္ဂိုလ်နှင့် စုဒိတက ပုဂ္ဂိုလ်များအားလုံး စုံညီရောက်ရှိနေကြပြီဖြစ်ရာ စောဒက- စုဒိတက နှစ်ဘက်လုံးမှပုဂ္ဂိုလ်များသည် အချင်းချင်း မေတ္တာကရုဏာတရား ရှေ့ထား၍ စောဒနာခြင်း(အကြောင်း အားလျော်စွာ ပြန်လည်ချေပသမှု သောဓနာပြုလိုကလည်း) မေတ္တာတရားဖြင့် သိမ်မွေ့စွာ သောဓနာခြင်း ပြုကြရန်နှင့် စောဒနာ-သောဓနာတို့ကို နှုတ်လျှာမပြွက် စာသက်သက် ဖြင့်သာ ရေးသားတင်သွင်းရမည်ဖြစ်၍ မေးမှသာ ဖြေကြားခြင်း ပြုကြရမည်ဖြစ်ကြောင်း ကြိုတင်သတိပေးစကား ပြောကြား ပါသည်။

၄။ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၉) ဆရာတော်များ သည် စောဒနာ(သို့မဟုတ်)စောဒနာ-သောဓနာ နှစ်ဖြာနှစ်ဝ တို့ကို ထေရဝါဒ ဗုဒ္ဓပိဋကတ်တော်နှင့်အညီ စစ်ဆေးဝေဖန်၍ ဆုံးဖြတ်ကြမည်ဖြစ်ရာ-

အပိ ဟန္ဒာ ဟတော ဗြူတိ၊ ဇေတွာ ဇိတောတိ ဘာသတိ။
ပုဗ္ဗမက္ခာယိနော ရာဇ၊ အညဒတ္ထု န သဒ္ဒဟေ။
တသ္မာ ပဏ္ဍိတဇာတိယော၊ သုဏေယျ ဣတရဿပိ။
ဥဘိန္နံ ဝစနံ သုတွာ၊ ယထာ ဓမ္မော တထာ ကရေ။

(စတုက္ကနိပါတ်၊ ရထလဋ္ဌိဇာတ်၊ ဇာ-၁၊၁၀၉)

လာသည်နှင့်အညီ တစ်ဘက်စကားမယုံငြားဘဲ နှစ်ဦးနှစ်ဘက် တို့၏ စကားကို ကြားနာချင့်ချိန်၍ အဂတိတရား မလိုက်စားဘဲ ဓမ္မဝိနယနှင့် အညီ ဆုံးဖြတ်တော်မူကြမည်ဖြစ်သည်။

၅။ ယခု ဆရာတော်တို့ ဆောင်ရွက်ရမည့် သိမ် အောင် မအောင် ဓမ္မ, အဓမ္မ၊ ဝိနယ,အဝိနယ စိစစ်ဆုံးဖြတ်ကြရာ၌ မိမိသဘော ဆန္ဒအတိုင်း စိစစ်ဆုံးဖြတ်ကြမည်မဟုတ်ဘဲ သင်္ဂါယနာ(၆) တန် တင်ပြီးသော ထေရဝါဒ ပိဋကတ်တော်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာ အဆိုအမိန့်တို့နှင့်အညီသာ စိစစ်ဆုံးဖြတ်မည် ဖြစ်ပါ သည်။ ''ဝိနည်းမှာသိမ်၊ သဒ္ဒါမှာလိင်'' ဆိုသည့်အတိုင်း သာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော သိမ်၏ အောင်–မအောင် မှန်–မမှန်ကိစ္စမှာ အလွန်အရေးကြီးပါသည်၊ မအောင်မြင်သော သိမ်၌ပြုသမျှ ကံကြီး ကံငယ်တို့သည်လည်း ကောင်း၊ ရဟန်းခံသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အောင်မြင်ထမြောက်ခြင်း မရှိ၊ ရဟန်းအဖြစ်သို့မရောက်ကြ။ ထိုရဟန်းအဖြစ် မရောက်သောသူတို့ကို ရဟန်းအမှတ်ရှိလျက် ကိုးကွယ်သူတို့မှာလည်း သံသရာရေး ဝန်လေးလျက် လောက ကျိုး သံသရာကျိုး ဆုတ်ယုတ်ဖွယ်ရာသာရှိပေသည်၊ အောင်မြင် သော သိမ်၌ပြုသော ကံကြီးကံငယ်တို့သည်သာ အောင်မြင် ထမြောက်ကြ၏။ သိမ်စစ်သိမ်မှန်၌ ရဟန်းခံသော သူတို့ သည်သာ ရဟန်းစစ် ရဟန်းမှန်ဖြစ်ကြကုန်၍ ထိုရဟန်းတို့ အား ကိုးကွယ်ဆည်းကပ်သူ ဒါယကာ ဒါယိကာမများမှာ လည်း လောက သံသရာ နှစ်ဖြာအကျိုး ပွားတိုးခြင်းသို့ ရောက် ကြကုန်၏။ ထိုကဲ့သို့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား ရေးအကျိုး ဒါယကာ ဒါယိကာမတို့၏ လောကကျိုး သံသရာ

ကျိုးတို့ကို ဦးတည်ချက်ထားလျက် သတိသမ္ပဇဉ် ဉာဏ်ယှဉ် ကာ ဆုံးဖြတ်ကြမည်ဖြစ်ပါသည်။

၆။ ထိုသို့ စစ်ဆေးဆုံးဖြတ်ကြရာတွင် စောဒကနှင့် စုဒိတက ပုဂ္ဂိုလ်တို့အားလည်း အထူးသတိပေးစကား ပြောကြားလိုသည်မှာ ဓမ္မ–အဓမ္မ လမ်း နှစ်ခွအယူအဆများကို စောဒကများဘက်ကလည်း စုဒိတကများ၏ တင်ပြချက်မှ မိမိတို့မနှစ်သက်သည့် အဓမ္မအချက်အလက်များကို အာဂမ ယုတ္တိဖြင့် စောဒနာလွှာ တင်ပြရမည်ဖြစ်ပါသည်။ စုဒိတကများဘက်ကလည်း မိမိတို့၏ တင်ပြချက်မှန်ကန်ကြောင်း အာဂမယုတ္တိညီလျက် ဖြေရှင်းချက်သောဓနာလွှာ တင်ပြရမည်ဖြစ်ပါသည်။ ထိုသို့ တစ်ဘက်နှင့်တစ်ဘက် တင်ပြကြရာတွင် ''အနိုင်မခံ အရှုံးမပေး''ဟူသော ပြိုင်ဆိုင်မှုသဘော မသက်ရောက်စေဘဲ ''အမှန်''သို့ ရောက်အောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြသည်ဟု သဘောထားကြလျက် တစ်ဘက်နှင့်တစ်ဘက် ဒေါသမဖက်–မေတ္တာ သက်သက်ဖြင့်သာ တင်ပြရမည်ဖြစ်ကြောင်း ကြိုတင် အထူး သတိပေးအပ်ပါသည်။

၇။ ထို့အပြင် ဤရုံးတော်ရှေ့မှောက်သို့ စုံညီစွာရောက်ရှိနေကြသော စောဒက၊ စုဒိတက နှစ်ဝသောပုဂ္ဂိုလ်တို့သည် ဤရုံးတော်၏ အဆုံးအဖြတ်ကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုထားကြသည့်အတိုင်း ဤရုံးတော်က ဓမ္မဟူ၍လည်းကောင်း၊ အဝိနယဟူ၍လည်းကောင်း၊ ဆုံးဖြတ်ချက် မချမှတ်မီအတွင်း စောဒနာ–သောဓနာတို့ကိုလည်းကောင်း၊ ယင်းတို့၌ပါရှိသော အချက်အလက်တို့ကိုလည်းကောင်း၊ ယင်းတို့နှင့်စပ်သော စာရွက်စာတမ်း တိတ်ခွေ ဟောပြောချက်တို့ကိုလည်းကောင်း ဤရုံးတော်၏ သဘောတူ ခွင့်ပြုချက်မရဘဲ ပြင်ပသို့ပြောကြား

ဖြန့်ဝေခြင်း မပြုကြရန် အထူးသတိပေးတားမြစ်လိုက်သည်။

၈။ ဤဖော်ပြပါ အမှုအခြင်းအရာအဖြာဖြာတို့ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဦးစီးဌာနတို့ကသာ လိုအပ်သလို ဖြန့်ဝေစေလိမ့်မည်ဖြစ်သည်၊ ဤတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ပါက ဤရုံးတော်ကို မထေမဲ့မြင်ပြုသည်ဟု ယူဆမည်ဖြစ်ကြောင်း အထူး သတိပေးလိုက်သည်။

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)

(၁) ဘဒ္ဒန္တတိဿ(သိက္ခာ ၅၁၊ဝါ) — သဘာပတိ
(အဂ္ဂမဟာပဏ္ဍိတ)ကျိုက်သီမွန်ကျောင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဘဒ္ဒန္တသူရိယ (သိက္ခာ ၄၅- ဝါ) — အဖွဲ့ဝင်
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊
မကွေးတိုင်း။

(၃) ဘဒ္ဒန္တသုမနာဘိဝံသ(သိက္ခာ ၄၂-ဝါ) — အဖွဲ့ဝင်
ဂန္ဓာရုံကျောင်း၊ မစိုးရိမ်တိုက်
မန္တလေးအနောက်တောင်မြို့နယ်၊
မန္တလေးတိုင်း။

(၄) ဘဒ္ဒန္တကုသလာဘိဝံသ(သိက္ခာ ၄၁-ဝါ) — အဖွဲ့ဝင်
ရွှေဟင်္သာတောရတိုက်၊
ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

(၅) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(သိက္ခာ ၃၅-ဝါ) — အဖွဲ့ဝင်
သရက်တောကျောင်း၊ ကညင်သောင်
အုပ်စု လေးမျက်နှာမြို့နယ်၊
ဧရာဝတီတိုင်း။

# သိမ်သမုတ်မှုဆိုင်ရာ ဓမ္မ–အဓမ္မမှုခင်းနှင့် ပတ်သက်၍ စာေဒနာ တင်သွင်းလွှာ

## နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဗ္ဗညုဘုရားရှင်သည် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးငှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့သဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး လောကသုံးပါးတွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်ဘုရား။ သဗ္ဗညုဘုရားရှင် အဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေရန် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ၄၅–ဝါပတ်လုံး ဟောကြားတော်မူရာတွင် ဝိနယ္ပိဋက အားဖြင့်တစ်ပါး၊ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် တည်းဟူသော တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေး ဟောကြားတော်မူပြီး သက်တော် ရှစ်ဆယ်ပြည့်တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါသည်ဘုရား။ ထိုသို့ သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသောအခါ သဗ္ဗညုဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များနှင့် ပတ်သက်၍ ထိုထိုဆန့်ကျင်မှု အကြောင်းတရားများ ပေါ်ပေါက်လာပါသဖြင့် အရှင်မဟာကဿပ စသော မဟာထေရ်မြတ်များသည် သဗ္ဗညုဘုရားရှင်၏ အလိုတော်ကျ တရားတော်များကို မတိမ်းမစောင်းမှု၍ အရှည်ခံ့ပြီး တည်တံ့စေခြင်းအကျိုးငှာ သင်္ဂါယနာ အသီးသီး တင်တော်မူခဲ့ကြရာတွင် (၆)ကြိမ်အထိပင် ရှိခဲ့ပါပြီဘုရား။

ယခုဖြစ်ပွားသော ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင်ရွာဦးကျောင်းဆရာတော်၊ ဦးပုညာစာရဦးဆောင်သမုတ်သော ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်ကိစ္စများမှာလည်း သဗ္ဗညုဘုရားရှင်၏ အလိုတော်ကျနှင့်ဆန့်ကျင်သော အကြောင်းတရားများ ပေါ်ပေါက်လာပါသဖြင့် ဓမ္မ, အဓမ္မ၊ ဝိနယ,အဝိနယ စိစစ်ရန်ကိစ္စသည် ဖြစ်ပေါ်လာခဲ့ပါသည်ဘုရား။ ''သိမ်''ဟူသည် သာသနာတော်၏ ရေသောက်မြစ်သဖွယ်အခြေခံမူလဘူတဖြစ်၍ သဗ္ဗညုဘုရားရှင်၏ အလိုတော်ကျဖြစ်သောသိမ်ဖြစ်မှသာ ထိုသိမ်၌ ရဟန်းခံခြင်း၊ ကံကြီးကံငယ်ဆောင်ခြင်းကိစ္စများမှာလည်း ပြီးမြောက်အောင်မြင်မည် ဖြစ်ပါသည်ဘုရား။ ထို့ကြောင့်ဘုရားတပည့်တော်များသည် ရှေးရှေးသော သင်္ဂါယနာတင် မဟာထေရ်မြတ်များကဲ့သို့ မိမိတို့အပေါ်ကျရောက်လာသော သာသနာ့တာဝန်ကို ဆောင်ရွက်ရာတွင် ဒေသ–ဂဏ–ပုဂ္ဂလများကို အလေးထားရှေးရှုခြင်းမပြုဘဲ ဓမ္မကိုသာ အလေးထားရှေးရှုပြီး ဣဿာ မစ္ဆေရတရားဆိုးများ ကင်းရှင်းစွာဖြင့် မေတ္တာ–စေတနာ ရှေးရှုလျက် ဒေသနာတော်နှင့်အညီ ဓမ္မဝိဋ္ဌာန်ကျကျ စောဒနာလွှာ တင်သွင်းမည်ဖြစ်ပါကြောင်း နိဒါန်းစကား လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

## သိမ်သမုတ်မှုဆိုင်ရာ စောဒနာလွှာ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၉) ဆရာတော်များဘုရား

ရန်ကုန်တိုင်း တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ ဦးဆောင် သမုတ်

သော ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ ပဲခူးကျောင်း အာရာမ် အတွင်း၌ သမုတ်ခဲ့သော ဤသိမ်နှင့်ပတ်သက်သော ထိုထိုဖြစ်စဉ် အကြောင်းအရာများကို စုပေါင်းဖော်ပြရန် လိုအပ်ပါ၍–

**နိဒါနံ ပုဂ္ဂလံ ဝတ္ထုံ၊ ပညတ္တိဝိဓိမေဝ စ။**

**အာဏတ္တာပတ္တိ နာပတ္တိ၊ ဝိပတ္တိ အင်္ဂမေဝ စ–**

ဟူသော ဒေသနာတော်နှင့်အညီ ဤဝိဝါဒါဓိကရုဏ်းမှုခင်း စတင် ဖြစ်ပေါ်ခဲ့သော အဓိကအကြောင်းအရင်းဖြစ်စဉ် အကျဉ်းချုပ်ကို အောက်ပါအတိုင်း လျှောက်ထားပါသည်ဘုရား–

ဤပဲခူးကျောင်းသိမ်သည် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းအာရာမ်အတွင်း၌ တည်ရှိပါသည် ဘုရား။ ယင်းသိမ်ကို ၁၃၃၉–ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်နေ့၊ ညဉ့်အချိန်တွင် ဆရာတော် ဦးပုညာစာရက ဦးဆောင်၍ သမုတ် ခဲ့ပါသည်ဘုရား။ ထိုသမုတ်ချိန်တွင် ပေကုန်းကျေးရွာနေ ဒါယကာ ဦးမောင်ခင်၏ လယ်တဲ၌ သုံးခွကျေးရွာ၊ ဖလန်းကျောင်း မှ ဆရာတော် ဦးသောဘိတနှင့် ဦးမုနိန္ဒ(၂)ပါး တို့သည် ညအိပ်ကျိန်းစက်နေကြ ကြောင်း သိရှိရသဖြင့် အဆိုပါ ပဲခူးကျောင်း သိမ်သမုတ်မှုကိစ္စသည် ဝိနည်းဓမ္မကံနှင့်အညီ အောင်–မအောင် ဖြေရှင်း အဆုံးအဖြတ်ပေးပါ ရန် ပေကုန်းကျေးရွာနေ ဒါယကာဦးမောင်ခိုင်နှင့် ဦးအောင်ဆန်း တို့က (၅–၂–၈၆)နေ့စွဲပါစာဖြင့် ရန်ကုန်တိုင်း သံဃာနာယကအဖွဲ့သို့ တင်ပြ လျှောက်ထားခဲ့ပါသည်ဘုရား။

အထက်ဖော်ပြပါ တင်ပြလျှောက်ထားချက်အရ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့သည် ၂၀–၂–၈၆ နေ့တွင် ပထမအကြိမ် ညှိနှိုင်း အစည်းအဝေးပွဲသို့ တက်ရောက်ရန်အတွက် အဆိုပါတိုင်ကြားသူ

ဒါယကာဦးမောင်ခိုင် နှင့် ဦးအောင်ဆန်းတို့ကိုလည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် သံဃာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးအာစရနှင့် အကျိုးတော်ဆောင်ဆရာတော် ဦးကေသရမောဠိတို့ကိုလည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ဖလန်းကျောင်း ဆရာတော် ဦးပညောဘာသကို လည်းကောင်း၊ သိမ်သမုတ်ခေါင်းဆောင်နှင့် အဖွဲ့ဝင်များဖြစ်ကြသော တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်း ဆရာတော် ဦးပုညာစာရ၊ ကွမ်းခြံကုန်းမြို့၊ ပျဉ်ထောင်ကျောင်း ဆရာတော် ဦးအာဂမ၊ ကွမ်းခြံကုန်းမြို့၊ ခါတော်မှီကျောင်းဆရာတော် ဦးနန္ဒောဘာသ၊ ကော့မှူးမြို့၊ သန္တာရာမကျောင်းဆရာတော် ဦးဝိသုဒ္ဓ (၄)ပါးတို့ကိုလည်းကောင်း၊ မေးမြန်းစိစစ်ညှိနှိုင်းရန် အသီးသီး ပင့်ခေါ်ခဲ့ပါသည်ဘုရား။ သို့ရာတွင် သိမ်သမုတ်ခေါင်းဆောင်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဆရာတော် (၄)ပါးတို့သည် ယင်းပထမအကြိမ် ညှိနှိုင်းပွဲသို့ ကြွရောက်လာခြင်း မရှိကြသဖြင့် ကျန်ကြွရောက်လာသော ဒါယကာ(၂)ဦး၊ ဆရာတော်(၃)ပါးတို့နှင့်သာ တိုင်းသံဃနာယကအဖွဲ့သည် ပထမအကြိမ် ညှိနှိုင်းခဲ့ကြပါသည်ဘုရား။ ယင်း ညှိနှိုင်းပွဲနှင့် ပတ်သက်၍ အဆိုပါ ပဲခူးကျောင်း သိမ်သမုတ်ချိန်တွင် ရဟန်းတော် (၂)ပါး လယ်တဲ၌ ညအိပ်ကျိန်းစက်နေခြင်းမှာ မှန်ကန်ကြောင်း၊ နယ်သိမ်းသိမ် သမုတ်ရာတွင်လည်း ဆန္ဒလည်းမယူ၊ ဟတ္ထပါသ် သို့လည်း မပင့်ဆောင်၊ အစောင့်လည်းမချဘဲ သိမ်သမုတ်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါသမုတ်သော သိမ်သည် ဝိနည်းဒေသနာတော်အရ မအောင်မြင်ဘဲ ကျိုးပျက်သော သိမ်ဖြစ်ကြောင်းဖြင့် တိုင်းသံဃနာယက. အဖွဲ့က ဆုံးဖြတ်တော်မူခဲ့ပါသည်ဘုရား။

ထိုကိစ္စနှင့်ပတ်သက်၍ တိုင်းသံဃနာယကအဖွဲ့သည် (၂၀–၅–၈၆)နေ့တွင် ထပ်မံပြုလုပ်သော ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးပွဲသို့ တက်ရောက်ရန် သိမ်သမုတ်ခေါင်းဆောင်နှင့် အဖွဲ့ဝင်ဆရာတော်(၄)ပါးလုံးကိုလည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်(၂)ပါးတို့ကိုလည်းကောင်း ပင့်လျှောက်ခဲ့ပါသည်ဘုရား။ ယင်း အစည်းအဝေးသို့ အဆိုပါဆရာတော်များအားလုံးတွင် သိမ်သမုတ်အဖွဲ့ဝင်ဆရာတော် ဦးအာဂမက မိမိသည် သိမ်သမုတ်ခေါင်းဆောင် မဟုတ်ပါကြောင်း၊ သိမ်သမုတ်ကမ္မဝါစာကိုမူ ဖတ်ခဲ့ပါကြောင်းဖြင့် ဝန်ခံဆွေးနွေးခဲ့ပါသည်ဘုရား။ ကျန်အဖွဲ့ဝင်များဖြစ်ကြသော ကွမ်းခြံကုန်းမြို့၊ ခါတော်မှီကျောင်းဆရာတော် ဦးနန္ဒောဘာသနှင့် ကော့မှူးမြို့၊ သန္တာရာမကျောင်းဆရာတော် ဦးဝိသုဒ္ဓ(၂)ပါး တို့မှာမူ နှုတ်ဆိတ်ပြီး ဘာမျှ မလျှောက်ထားကြပါဘုရား။

သိမ်သမုတ်ခေါင်းဆောင် ဆရာတော်ဦးပုညာစာရကမူ ပေကုန်းကျေးရွာ ပဲခူးကျောင်းအာရာမ်အတွင်း၌ သမုတ်သောသိမ်သည် မိမိဦးဆောင်၍ သမုတ်သည်မှာ မှန်ကန်ပါကြောင်း၊ သာသနာတော်တွင် သိမ်နှင့်ပတ်သက်၍ အဋ္ဌကထာ၊ ဋီကာအမျိုးမျိုး ဝါဒအမျိုးမျိုး ကွဲပြား ငြင်းခုံနေကြဆဲဖြစ်ပါကြောင်း၊ သို့ရာတွင် တပည့်တော်အမြင်အရ ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓကလာ အတိုင်း ဝေဖန်ဆန်းစစ်ပြီး ကျင့်သုံးခြင်းကြောင့် သိမ်နိမိတ်အတွင်း သံဃာသာသာမဂ္ဂီဖြစ်လျှင် “ဓမ္မေနသမဂ္ဂကမ္မ”ဖြစ်သည်ဟု ခံယူပါကြောင်း၊ သိမ်နိမိတ်အတွင်း ရောက်နေသော သံဃာများ ဟတ္ထပါသ် စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ညီညွတ်စွာ ကမ္မဝါစာဖတ်၍ သမုတ်ပါက

''ဓမ္မေနသမဂ္ဂကမ္မ''ဖြစ်ပါကြောင်း၊ ဂါမခေတ်တစ်ခု အတွင်းရှိ (ဝါ) ရပ်ကွက်ကောင်စီတစ်ပိုင်အတွင်းရှိ(ဝါ) ကျေးရွာအုပ်စုတစ်ပိုင် အတွင်းရှိ (ဝါ)ကျေးရွာအုပ်စုတစ်ပိုင်အတွင်းရှိ ရဟန်းတော်များအားလုံးကို သိမ်သမုတ်ရာ မြေပြင်သို့ ပင့်ဆောင်၍ သမုတ်ရာ၌ပင် ၂-တောင့်ထွာ ဟတ္ထပါသ် မစပ်သော်လည်း ''ဝဂ္ဂကမ္မ''မဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိဦးဆောင်၍ သမုတ်သော ပဲခူးကျောင်းသိမ်သည် အောင်မြင်ပါ ကြောင်းဖြင့် ပြန်လည်ဆွေးနွေးလျှောက်ထားခဲ့ပါသည်ဘုရား။

အထက်ပါ သိမ်သမုတ်ခေါင်းဆောင်ဆရာတော် ဦးပုညာ-စာရ၏ ဆွေးနွေးပြန်ကြားချက်နှင့် ပတ်သက်၍ တိုင်းသံဃနာယက အဖွဲ့က ဆရာတော် ဦးပုညာစာရအား ပြန်လည်လျှောက်ထားရာတွင် အဆိုပါ ပဲခူးကျောင်းသိမ်သည် ဝိနည်းဒေသနာနှင့် မညီညွတ်၍ မအောင်မြင်ဘဲ ကျိုးပျက်သော သိမ်ဖြစ်ကြောင်းဖြင့် ပြန်လည် လျှောက်ထားသောအခါ ဆရာတော် ဦးပုညာစာရက မိမိ ဦးဆောင် သမုတ်သော ပဲခူးကျောင်းသိမ်သည် အောင်မြင်ပါကြောင်းဖြင့် မိမိ၏ဝါဒကို ထပ်မံစွဲကိုင်ပြီး လျှောက်ထားပြန်ပါသည်ဘုရား။ ထို့ကြောင့် အဆိုပါ ပဲခူးကျောင်းသိမ်ကိစ္စကို ညှိနှိုင်း၍ မရခဲ့သဖြင့် တိုင်းသံဃနာယကအဖွဲ့သည် ဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး ဆောင်ရွက် စေရန် (၁၃-၆-၈၆) နေ့စွဲပါ စာအမှတ် ၄၅၄/တနက/အစီရင်/၈၆ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့ပါသည် ဘုရား။

ထိုဆရာတော်ဦးပုညာစာရ၏ အဆိုအမိန့်အရ သိမ်ပေါင်း များစွာကိုလည်း ဤနည်းနှင့်ပင် ဦးဆောင်သမုတ်ခဲ့ကြောင်းနှင့် စာရင်း အရတင်ပြထားသည့် သမုတ်ပြီးသိမ်(၅)လုံးတို့မှာလည်း အောက်ပါ

အတိုင်း ဖြစ်ကြောင်း သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်ဘုရား–

(က) ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်း သိမ်တစ်လုံး၊

(ခ) ကွမ်းခြံကုန်းမြို့နယ်၊ သန္တာရာမကျောင်း၌ သိမ်တစ်လုံး၊

(ဂ) ကော့မှူးမြို့နယ်၊ တကူခြံရွာ၌ သိမ်တစ်လုံး၊

(ဃ) ကော့မှူးမြို့နယ်၊ တကူခြံရွာ၌ သိမ်တစ်လုံး၊

(င) တွံတေးမြို့ပေါ်၌ သိမ်တစ်လုံး။

အထက်ပါတင်ပြချက်အရ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ ဦးဆောင်သမုတ်သော သိမ်များနှင့်ပတ်သက်၍ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့က သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်စေနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လွှဲပြောင်းတင်ပြခဲ့ပါသည်ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) သည် ၁၃၄၈–ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက် (၁၉၈၇ခုနှစ်၊ဖေဖော်ဝါရီလ ၅–ရက်)ကြာသပတေးနေ့ မွန်းလွဲ(၁)နာရီအချိန်တွင် ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်နှင့်ပတ်သက်၍ အောင်–မအောင် (ဝိနယ၊ အဝိနယ) ဖြစ်–မဖြစ်နှင့် စပ်ဆိုင်သော အထူးအစည်းအဝေး (၂/၈၇)ကို ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်ဘုရား။

ယင်းအထူးအစည်းအဝေးပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)ဝင်ဆရာတော်(၁၁)ပါးနှင့် သာသနာရေးဦးစီးဌာန၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးရွှေအောင်၊ သိမ်သမုတ်ခေါင်းဆောင်

ဆရာတော်ဦးပုညာစာရ တို့ တက်ရောက်ခဲ့ကြပါသည်ဘုရား၊ ထို အစည်းအဝေးပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာ တော်များ၏ မေးမြန်းချက်များကို ဆရာတော်ဦးပုညာစာရက ဖြေကြား ရာတွင် ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းအာရာမ်အတွင်း၌ ရှိသော သိမ်ကို မိမိဦးဆောင်၍ သမုတ်သည့်မှာ မှန်ကန်ပါကြောင်း၊ သာသနာ တော်တွင် အဋ္ဌကထာ၊ ဋီကာအမျိုးမျိုး ဝါဒအမျိုးမျိုး ကွဲပြားငြင်းခုံနေ ကြဆဲဖြစ်ကြောင်း၊ သို့ရာတွင် တပည့်တော်အမြင်အရ ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓက ပါဠိတော်လာအတိုင်း ဝေဖန်ဆန်းစစ်ပြီး ကျင့်သုံး ခဲ့ပါကြောင်း၊ ယခုသိမ်သည်လည်း နယ်သိမ်း သိမ်မဟုတ် ပါကြောင်း၊ မိမိအနေဖြင့် သိမ်နိမိတ်အတွင်း ရောက်ရှိလာသော ရဟန်း များသည် ဟတ္ထပါသ်စပ်သည်ဖြစ်စေ၊ မစပ်သည် ဖြစ်စေ၊ သီမာ သမ္မုတိ ကမ္မဝါစာဖတ်၍ သမုတ်ပါက ''ဓမ္မေနသမဂ္ဂ ကမ္မ''ဖြစ်၍ အောင်မြင် သည်ဟု ယူဆပါကြောင်း၊ မိမိတင်ပြဖြေကြား လျှောက်ထားချက် များကို တိတ်ခွေဖြင့် အသံဖမ်းယူစေလိုကြောင်းဖြင့် ဖြေကြား လျှောက်ထားခဲ့ပါသည်ဘုရား။

အဆိုပါ အသံသွင်းတိတ်ခွေတွင် သိမ်သမုတ်မှုကိစ္စနှင့် ပတ်သက်၍ ဆရာတော် ဦးပုညာစာရ၏ အဆိုအမိန့် အယူဝါဒများကို အကျဉ်းချုပ်အားဖြင့် ကောက်ချက်ချပါလျှင် သိမ်သမုတ်သည့်အခါတွင် နယ်သိမ်းရန်မလိုခြင်း၊ သိမ်နုတ်ရန်မလိုခြင်း၊ သိမ်နှင့်ပတ်သက်၍ အဋ္ဌကထာ,ဋီကာအမျိုးမျိုး ဝါဒအမျိုးမျိုး ကွဲပြားနေခြင်းဟူသော အဓိကအချက် သုံးချက်တို့ကို ဖော်ပြထားကြောင်း သိရှိရပါသည် ဘုရား။ ယင်းဆရာတော်၏ အဆိုအမိန့် အယူဝါဒများကို အောက်ပါ ''ခေါင်းစဉ်''ဖြင့် အသီးသီး ဖော်ပြ လျှောက်ထားပါမည်ဘုရား။

## နယ်သိမ်းရန်မလိုခြင်း

ဆရာတော် ဦးပုညာစာရက နယ်သိမ်းရန်မလိုခြင်းကိစ္စကို တင်ပြရာတွင် သိမ်သမုတ်သည့်အခါ၌ နယ်သိမ်းသင့်-မသိမ်းသင့် ကိစ္စသည် ဝိနည်း မဟာဝါ ဥပေါသထက္ခန္ဓကလာအတိုင်း ''ပထမံ နိမိတ္တံ ကိတ္တေတဗ္ဗံ''အရ ပထမနိမိတ်သတ်မှတ်ပြီး ''ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန''အရ ဗျတ္တ ပဋိဗလ ပုဂ္ဂိုလ်က ကမ္မဝါစာဖတ်လျှင် သိမ်သမုတ်မှုကိစ္စပြီး၍ နယ်သိမ်းရန်မလိုခြင်းဖြစ်ကြောင်း၊ ထို့ပြင် နယ်မသိမ်းခြင်းကိစ္စနှင့်ပတ်သက်၍ ဆရာတော်ဦးပုညာစာရက ထပ်မံစဉ်းစားတင်ပြရာတွင်လည်း ဝိနည်းမဟာဝါပါဠိတော်လာအတိုင်း ''အသမ္မတာယ ဘိက္ခဝေ သီမာယ အဌပိတာယ''စသည်အရ သမုတ်သည့် သိမ်မရှိ၊ သတ်မှတ်ထားသည့် အပိုင်းအခြား မရှိဟုဆိုလျှင် ''ရွာတစ်ရွာ၊ နိဂုံးတစ်ခု၊ မြို့တစ်မြို့'' အသီးသီးတို့သည်လည်း သိမ်တစ်လုံးစီဖြစ်ပါကြောင်း၊ ထိုသိမ်တစ်လုံးတွင် သိမ်တွင်းရှိ သံဃာအားလုံး ဟတ္ထပါသ်သို့ဆောင်ပြီး ပတ္တကလ္လဖြစ်ပါက ကံဆောင်ပါလျှင် ပြီးမြောက်ပါကြောင်း၊ ဂါမသိမ်စသည်၌ နိမိတ်သတ်မှတ်၍ နိမိတ်အတွင်းရှိ ရောက်ရှိလာသော ရဟန်းများသည် ဟတ္ထပါသ် စပ်သည်ဖြစ်စေ-မစပ်သည်ဖြစ်စေ သီမာသမ္မုတိ ကမ္မဝါစာဖတ်၍ သမုတ်ပါက ကံပြီးမြောက်ပါကြောင်း၊ ပါဠိတော်၌ နယ်သိမ်းရန်ဟူသော ဟောထားချက် မရှိကြောင်း မြတ်စွာဘုရားက ''သီမန္တရိကံ ဌပေတွာ သီမံ သမ္မန္နိတဗ္ဗံ သမ္မန္နိတုံ''အရ သီမန္တရိက် လုပ်နိုင်းခြင်းကြောင့် သိမ်မြေနှင့်ဂါမတို့သည် သီးခြားဖြစ်သွားပါကြောင်း၊ ထို့ကြောင့် ဂါမခေတ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း နယ်သိမ်းရန် မလိုကြောင်းဖြင့် တင်ပြထားပါသည်ဘုရား။

## သိမ်နုတ်ရန်မလိုခြင်း

ဆရာတော်ဦးပုညာစာရက သိမ်နုတ်ရန်မလိုခြင်းကိစ္စကို တင်ပြရာတွင် သိမ်နုတ်သင့်-မနုတ်သင့်ကိစ္စသည် ရှေးဘုရားရှင် လက်ထက် ယခုဘုရားရှင်လက်ထက်များ၌ရှိခဲ့သော သိမ်ဟောင်းများ ရှိမှန်းမသိ၍ သိမ်သမုတ်ခဲ့မိပါလျှင် သမ္ဘေဒသဘော, အဇ္ဈောတ္ထရဏ သဘော မဖြစ်စေရန် သိမ်နုတ်ရခြင်း ဖြစ်ပါကြောင်း၊ မြတ်စွာဘုရား သိမ်နုတ်ခြင်းအကြောင်းကို ဟောရခြင်းမှာလည်း အာရာမ်တစ်ခု အတွင်း မဟာသိမ်ကြီးအတွင်းရှိ ကျောင်းအသီးသီးတွင် ကံဆောင် နေကြခြင်းဖြစ်၍ သံဃာမကွဲပြားစေရန် သိမ်တစ်လုံးကို နုတ်ရခြင်းဖြစ် ပါကြောင်း၊ အချို့သိမ်များမှာလည်း အလွန်ကျဉ်းလွန်း၍ ကံဆောင် ၍မဖြစ်ခြင်းကြောင့် နုတ်ရခြင်းဖြစ်ပါကြောင်း၊ သိမ်နုတ်ကမ္မဝါစာကို ဖတ်ကြည့်ရာတွင် ''သီမာ သမ္မတာ၊ တံ သီမံ သမူဟနတိ''အရ သိမ်သမုတ်ခြင်းကိစ္စနှင့် သိမ်နုတ်ခြင်းကိစ္စကို ဖော်ပြခြင်းမှာ သမုတ် မှန်းမသိ-မသမုတ်မှန်းမသိဘဲနှင့် ရမ်းပြီးသမုတ်ခြင်းနှင့် ရမ်းပြီး နုတ်ခြင်းကြောင့် သိမ်နုတ်ကမ္မဝါစာစကားသည် ရယ်စရာကြီး ဖြစ်ပါကြောင်း၊ ထို့ပြင် သိမ်သမုတ်သည့်အခါတွင် နိမိတ်သတ်မှတ် ပြီးပါက ထိုသတ်မှတ်ပြီးသောနေရာတွင် သိမ်နုတ်ရန် လိုအပ်ကြောင်း ကိုလည်းကောင်း၊ ယင်းသိမ်သမုတ်မည့်နေရာတွင် သိမ်နုတ်ခြင်းမပြု က သိမ်ပျက်မည်ဖြစ်ကြောင်းကိုလည်းကောင်း ဘုရားရှင်က ဟောသင့် ပါလျက် မဟောထားခဲ့ပါကြောင်းဖြင့် တင်ပြပါသည်ဘုရား။

## အဋ္ဌကထာ ဋီကာအမျိုးမျိုး ဝါဒအမျိုးမျိုး

ဆရာတော် ဦးပုညာစာရက အဋ္ဌကထာ၊ ဋီကာအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကိစ္စကို တင်ပြရာတွင်လည်း သာသနာတော်၌ သိမ်နှင့်

ပတ်သက်၍ ထေရဝါဒပိဋကတ်တော်တွင် အဋ္ဌကထာ၊ ဋီကာအမျိုးမျိုး ဝါဒအမျိုးမျိုးကွဲပြားနေပါ၍ မည်သည့်အဋ္ဌကထာဝါဒ၊ မည်သည့် ဋီကာ ဝါဒ စသည်တို့ကို တပည့်တော်အနေဖြင့် လက်ခံရန်ခက်နေပါကြောင်း၊ ထို့ကြောင့် သိမ်သမုတ်မှုကိစ္စနှင့်ပတ်သက်၍ ဝိနည်းမဟာဝါ ဥပေါ-သထက္ခန္ဓကလာအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်းဖြစ် ကြောင်းဖြင့် တင်ပြထားပါသည်ဘုရား။

(မှတ်ချက်) ဤတင်ပြချက်ကိစ္စနှင့်ပတ်သက်၍ နယ်သိမ်းရန်မလိုခြင်း၊ သိမ်နုတ်ရန် မလိုခြင်းကိစ္စကဲ့သို့ အကျယ်ဖွင့်ဆို တင်ပြ ထားခြင်းမရှိဘဲ သာမန် အကျဉ်းမျှသာ တင်ပြထားခြင်းကို တွေ့ရှိရပါသည်ဘုရား။

## အထောက်အထားတင်ပြချက်

အထက်ဖော်ပြပါ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်း ကျေးရွာ၊ ပဲခူးကျောင်း သိမ်ကိစ္စနှင့်ပတ်သက်၍ အဓိက အကြောင်း ရင်း ဖြစ်စဉ်အကျဉ်းချုပ်ကို ဖော်ပြရာတွင် ဖော်ပြလတ္တံ့ပါ ထိုထို တင်ပြချက် အသီးသီးမှ အဓိကကျသော အချက်များကို ထုတ်နုတ်ပြီး ဖော်ပြထားခြင်းဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုထို တင်ပြချက် အသီးသီးတို့မှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်ဘုရား။

(က) ဒါယကာ ဦးမောင်ခိုင်၊ ဦးအောင်ဆန်းတို့၏ (၅. ၂. ၈၆) နေ့စွဲပါစာ၊

(ခ) ဆရာတော် ဦးပုညာစာရ၏ (၁၀. ၃. ၈၆) နေ့စွဲပါစာ၊

(ဂ) ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ (၂၀. ၂. ၈၆) ပထမညှိနှိုင်း အစည်းအဝေးမှတ်တမ်း၊

(ဃ) ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ (၂၀. ၅. ၈၆) ဒုတိယညှိနှိုင်း အစည်းအဝေးမှတ်တမ်း၊

(င) ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ (၁၃. ၆. ၈၆) နေ့စွဲပါစာ၊

(စ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ (၅. ၂. ၈၇) အထူး အစည်းအဝေး (၂/၈၇)နှင့် ဆရာတော် ဦးပုညာစာရ၏ အသံသွင်း တိတ်ခွေတစ်ခု။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အထောက်အထားများအရ "နိဒါနံ ပုဂ္ဂလံ ဝတ္ထုံ" စသော ဒေသနာတော်နှင့်အညီ ရန်ကုန် တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်း သိမ်နှင့် ပတ်သက်၍ အဓိက အကြောင်းရင်းဖြစ်စဉ် အကျဉ်းချုပ်သည် ဤတင်ပြချက်ဖြင့် ပြီးစီးပြီဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်များဘုရား–

ဤပဲခူးကျောင်းသိမ်နှင့် ပတ်သက်၍ အဓိကအကြောင်းရင်း ဖြစ်စဉ် အကျဉ်းချုပ်ကို တင်ပြပြီးဖြစ်၍ ယခုအခါ ယင်းအကျဉ်းချုပ်မှ စောဒနာလွှာ တင်သွင်းရန်အတွက် စီစဉ်ဆောင်ရွက်ချက်များကို ဖော်ပြလတ္တံ့ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ရှိသေစွာ လျှောက် ထားအပ်ပါသည်ဘုရား–

## စောဒနာလွှာ ဆောင်ရွက်ချက်အစီအစဉ်

အထက်ဖော်ပြပါ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်း ကျေးရွာ၊ ပဲခူးကျောင်းသိမ်နှင့် ပတ်သက်၍ အဆိုပါ အဓိကအကြောင်း ရင်း ဖြစ်စဉ်အကျဉ်းချုပ်ကို စောဒနာရန်အတွက် ကောက်ချက်ချရလျှင်

အောက်ပါအချက်များကို တွေ့ရှိရပါသည်ဘုရား–

(က) သိမ်သမုတ်ရာတွင် နယ်သိမ်းရန် မလိုခြင်း၊

(ခ) ပဲခူးကျောင်းသိမ်သည် နယ်သိမ်းသိမ် မဟုတ်ခြင်း၊

(ဂ) သိမ်သမုတ်ရာတွင် သိမ်နိမိတ်အတွင်းရှိ သံဃာများ ဟတ္ထပါသ် စပ်သည် ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ကမ္မဝါစာဖတ်ပါက "ဓမ္မေန သမဂ္ဂကမ္မ" ဖြစ်ခြင်း(ဝါ) "ဝဂ္ဂကမ္မ" မဖြစ်ခြင်း၊

(ဃ) သိမ်သမုတ်ရာတွင် သိမ်နုတ်ရန်မလိုခြင်း၊

(င) ထေရဝါဒ ပိဋကတ်တော်၌ အဋ္ဌကထာ၊ ဋီကာအမျိုးမျိုး ဝါဒ အမျိုးမျိုး ကွဲပြားနေ၍ လက်ခံရခက်ခြင်း၊

(စ) ဆရာတော် ဦးပုညာစာရက ပါဠိတော်လာအတိုင်း မိမိသိမ် သမုတ်ခြင်း၊

အထက်ဖော်ပြပါ (က) (ခ) (ဂ) (ဃ) (င) (စ) ဟူသော အမှတ်ပြချက် (၆)ချက်နှင့် ပတ်သက်၍ စောဒနာပြုရပါလျှင် အောက်ပါ အတိုင်း ဖြစ်ပါသည်ဘုရား–

(က) အမှတ်ပြသည် စောဒနာလွှာအမှတ် (၁)ဖြစ်ပါသည်ဘုရား။

(ခ) အမှတ်ပြသည် စောဒနာလွှာအမှတ်(၂)ဖြစ်ပါသည်ဘုရား။

(ဂ) အမှတ်ပြသည် စောဒနာလွှာအမှတ်(၃)ဖြစ်ပါသည်ဘုရား။

(ဃ) အမှတ်ပြသည် စောဒနာလွှာအမှတ်(၄)ဖြစ်ပါသည်ဘုရား။

(င) အမှတ်ပြသည် စောဒနာလွှာအမှတ်(၅)ဖြစ်ပါသည်ဘုရား။

(စ) အမှတ်ပြသည် စောဒနာလွှာအမှတ်(၆)ဖြစ်ပါသည်ဘုရား။

## (က) စောဒနာလွှာအမှတ်(၁)ကို တင်ပြလျှောက်ထားခြင်း။

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား–

ဤစောဒနာလွှာ အမှတ်(၁)အရ ''သိမ်သမုတ်ရာတွင် နယ်သိမ်းရန် မလိုခြင်း'' ဟူသော အယူဝါဒနှင့် ပတ်သက်၍ စုဒိတက ဆရာတော် ဦးပုညာစာရ၏ အယူဝါဒကို စိစစ်ရာတွင် ရှေးဦးစွာ သိမ်နှင့်ပတ်သက်သည့် အချက်အလက်များကို အနည်းငယ် လျှောက်ထားလိုပါသည်ဘုရား။''သိမ်''ဟူသည် အပိုင်းအခြားတစ်ခုဖြစ်၍ ထို အပိုင်းအခြားသည် လောကတွင် ရွာအပိုင်းအခြား၊ မြို့အပိုင်းအခြား၊ နိုင်ငံအပိုင်းအခြားများကို ပိုင်းခြားသတ်မှတ်ရာ၌ အကျိုးရှိသကဲ့သို့ သာသနာတော်တွင်လည်း ဥပုသ် ပဝါရဏာ ကံကြီး ကံငယ်ဆောင်ခြင်း ဟူသော သံဃာတို့၏ ပြုဖွယ်ကိစ္စ အရပ်ရပ်ကို ပြုလုပ်ရာ၌ အကျိုးရှိပါ သည်ဘုရား။ ထို့ကြောင့် သာသနာတော်တွင် ထိုအပိုင်းအခြားကို ''သီမာ'' ''သိမ်''ဟု ခေါ်ဆိုပါကြောင်း ဆရာတော်ဘုရားများ သိရှိ တော်မူပြီး ဖြစ်ပါသည်ဘုရား။

''သိမ်''ဟူသည် ဗဒ္ဓသိမ်, အဗဒ္ဓသိမ်အားဖြင့် (၂)မျိုးရှိရာတွင် ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် ဖွဲ့အပ်သောသိမ်သည် ''ဗဒ္ဓသိမ်''ဖြစ်ပြီး၊ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် မဖွဲ့အပ်မူ၍ သူ့အလိုအလျောက်ဖြစ်သော သိမ်သည် ''အဗဒ္ဓသိမ် ဖြစ်ပါသည်ဘုရား။

''ဗဒ္ဓသိမ်''ဟူသည် ခဏ္ဍသိမ် သမာနသံဝါသသိမ်, အဝိပ္ပ ဝါသသိမ် အားဖြင့်(၃)မျိုးရှိပြီး ''အဗဒ္ဓသိမ်'' ဟူသည်လည်း ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်အားဖြင့်(၃)မျိုးရှိပါသည်ဘုရား။

**ခဏ္ဍသီမာ, သမာနသံဝါသသီမာ, အဝိပ္ပဝါသသီမာတိ တဿာယေဝ (ဗဒ္ဓသီမာယေဝ) ပဘေဒေါ(ဟူ၍လည်းကောင်း၊)**

**အဗဒ္ဓသီမာ ပန ဂါမသီမာ, သတ္တဗ္ဘန္တရသီမာ, ဥဒကုက္ခေပသီမာတိ တိဝိဓာ**''(ဟူ၍လည်းကောင်း၊)–

ကင်္ခါအဋ္ဌကထာ–နှာ–၉၀–၌ ဖော်ပြထားပါသည်ဘုရား။

ယခု စောဒနာမှုပြုအပ်သော ပဲခူးကျောင်းသိမ်သည် ဥတ္တိဒုတိယကမ္မဝါစာဖြင့် ဖွဲ့အပ်သောသိမ်ဖြစ်သောကြောင့် ဗဒ္ဓသိမ် အမျိုးအစားတွင် ပါဝင်ပါသည်ဘုရား။ ယင်းသို့ ''ဗဒ္ဓသိမ်'' အမျိုးအစားထဲတွင် ပါဝင်နေလျှင် ထိုဗဒ္ဓသိမ်ကို မည်သို့သမုတ်ရမည်နည်းဟု မေးရန်အကြောင်း ဖြစ်လာပါသည်ဘုရား။ ထိုအမေးကို တင်ပြလျှောက်ထားရပါလျှင် ဘုရားတပည့်တော်တို့၏ သာသနာတော်တွင် သိမ်သမုတ်မှုကိစ္စနှင့် ပတ်သက်၍ အစဉ်အလာ ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်ကို လျှောက်ထားပါမည်ဘုရား။ ယင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှေးဦးစွာ ကြိုတင်ဆောင်ရွက်ရမည့် ''ပုဗ္ဗကိစ္စ'' လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်ဘုရား။

(က) အခွန်လွတ်သာသနာ့မြေ ဖြစ်ပြီးဖြစ်ခြင်း၊

(ခ) အခွန်လွတ် သာသနာ့မြေအနက်မှ ဗဒ္ဓသိမ်သမုတ်လိုသော မြေကွက်ကို သက်ဆိုင်ရာ အာရာမ်ပိုင် ပုဂ္ဂိုလ်တို့က ''ဂါမဘောဇက'' (ရွာစား)အဖြစ်ဆောင်ရွက်ရန် (သိမ်မိန့်ရရန်) လျှောက်ထားသူ တစ်ဦးတည်းသော သိမ် ဒါယကာအား သဘောတူခွင့်ပြုခြင်း၊

(ဂ) ဗဒ္ဓသိမ်သမုတ်လိုသော မြေကွက်ကို သက်ဆိုင်ရာပုဂ္ဂိုလ်က နိုင်ငံတော်သို့ ပြန်လည်ပေးအပ်ပြီးဖြစ်ခြင်း၊

(ဃ) ''ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိ'' (ပြည့်ရှင်မင်းသည် တစ်ဦးတစ်ယောက်အား ပိုင်းခြား၍ပေး၏)ဟူသော ဝိနည်းဒေသနာ

တော်အရ ''ရာဇ''အရာ၌ တည်သော ရေ,မြေကို ပိုင်စိုးသော အာဏာပိုင်ပုဂ္ဂိုလ်များက ဝိသုံဂါမ(သီးခြားရွာ)အဖြစ် သတ်မှတ် ခွင့်ပြုခြင်း-

ဟူသော ပုဗ္ဗကိစ္စလုပ်ငန်းစဉ် (၄)ချက်ကို ရှေးဦးစွာ ကြိုတင် စီစဉ် ဆောင်ရွက်ရပါသည်ဘုရား။

အဆိုပါ ပုဗ္ဗကိစ္စလုပ်ငန်းစဉ်(၄)ချက်ကို ကြိုတင် ဆောင်ရွက် ပြီးပါက မိမိတို့ သမုတ်လိုသော သိမ်သည် သိမ်ပျက်(၁၁)လုံးကို လွန်မြောက်၍ နိမိတ္တသမ္ပတ္တိ၊ ပရိသာသမ္ပတ္တိ၊ ကမ္မဝါစာသမ္ပတ္တိ (၃)ပါးတို့နှင့် ပြည့်စုံပြီး နိမိတ် အချင်းချင်းစပ်၍ ယင်းသိမ်ကို ကမ္မဝါစာ ဖြင့် သမုတ်ပါလျှင် ထိုသိမ်သည် အောင်မြင်ပါသည်ဘုရား။

**ဧဝံ ဧကာဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိယုတ္တာ, နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ''ဗဒ္ဓသီမာ''တိဝေဒိတဗ္ဗာ-**

ဟူ၍ (ကင်္ခါအဋ္ဌကထာ၊ နှာ-၉၀)၌ ဖော်ပြထားပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်များဘုရား-

အထက်ဖော်ပြပါ ဘုရားတပည့်တော်တို့၏ သာသနာတော် တွင် သိမ်သမုတ်မှုကိစ္စနှင့်ပတ်သက်၍ အစဉ်အလာ ဆောင်ရွက်ချက် ကို ဖော်ပြပြီးဖြစ်၍ ယခုအခါ ဆရာတော် ဦးပုညာစာရ၏ သိမ် သမုတ်မှုကိစ္စကို ဆက်လက်ဖော်ပြ လျှောက်ထားပါမည်ဘုရား၊ ''သိမ် သမုတ်ရာတွင် နယ်သိမ်းရန်မလိုခြင်း'' ဟူသော စုဒိတက ဆရာတော် ဦးပုညာစာရ၏ အယူဝါဒကို စိစစ်ရာတွင် အဆိုပါ ပဲခူးကျောင်း သိမ်သည် ပေကုန်းကျေးရွာ ဟူသော ဂါမခေတ်တစ်ခု အတွင်း၌ တည်ရှိသော အပိုင်းအခြားတစ်ခု ဖြစ်ပါသည်ဘုရား၊ ထိုပေကုန်း

ကျေးရွာဟူသော ဂါမခေတ်တစ်ခုသည် အဗဒ္ဓသိမ်အမျိုးအစား တစ်ခု ဖြစ်၍ ယင်း အဗဒ္ဓသိမ် အမျိုးအစားမှ ပဲခူးကျောင်းသိမ်ကို ဗဒ္ဓသိမ် အမျိုးအစားအဖြစ်သို့ ရောက်ရှိစေရန် ကြိုတင်ဆောင်ရွက်ရမည့် ပုဗ္ဗ ကိစ္စလုပ်ငန်းစဉ်ကို တင်ပြရပါလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရ မည် ဖြစ်ပါသည်ဘုရား–

(က) သိမ်သမုတ်လိုသော ရဟန်းတို့သည် အကြင်ဂါမခေတ်၌ သိမ် သမုတ်ခြင်းငှာ အလိုရှိကြ၏၊ ထိုဂါမခေတ်အတွင်း၌ သိမ်ရှိသော ကျောင်းတိုက်ရှိ ရဟန်းတို့အား မိမိတို့ ဗဒ္ဓသိမ်အတွင်းမှ အပြင်မထွက်ကြပါရန် ကြိုတင်လျှောက်ထားခြင်း၊

(ခ) သိမ်မရှိသောကျောင်းတိုက်ရှိ ရဟန်းတို့အားမူ သိမ်သမုတ်ရာသို့ ပင့်ဆောင်ရခြင်း၊ မလာနိုင်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ရ ခြင်း၊

**(က) သစေ ကေသုဉ္စိ ဂါမခေတ္တ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမဝိဟာရာ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ(ဟူ၍လည်းကောင်း၊)**

**(ခ) ယေ အဗဒ္ဓသီမဝိဟာရာ၊ တေသု ဘိက္ခူ ကေဖ္ဆုံ သန္နိပါတေတဗ္ဗာ ဆန္ဒာရဟာနံ ဆန္ဒော အာဟရာပေ– တဗ္ဗော(ဟူ၍လည်းကောင်း၊)**

(မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓက၊ နှာ–၃၂၂)၌ ဖော်ပြထားပါ သည်ဘုရား။

ထိုပုဗ္ဗကိစ္စ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဝါဒတစ်ပါး (ဝါ) နည်းတစ်ပါး ရှိကြောင်းကိုလည်း ဆရာတော်များ သိတော်မူရန် တင်ပြလျှောက်ထားရပါလျှင် အောက်ပါအတိုင်း ဖြစ်ပါသည်ဘုရား–

(က) မိမိတို့နေသော ဂါမခေတ်မှတစ်ပါး အခြားသော ဂါမခေတ်ကို အတွင်းပြု၍ သိမ်သမုတ်လိုပါက တစ်ပါး အခြားသော ဂါမခေတ်ရှိ ရဟန်းများ လာရခြင်း၊ မလာနိုင်ပါက ဆန္ဒဆောင်ရခြင်း၊ (မဟာသုမထေရ်–ဝါဒ)

(ခ) အခြားအခြားသော ဂါမခေတ်များသည် သီးခြားဗဒ္ဓသိမ်နှင့် တူသောကြောင့် အခြားသော ဂါမခေတ်ရှိ ရဟန်းအားလုံးကို ပင့်ရန်မလိုခြင်း၊ ဆန္ဒဆောင်ရန်မလိုခြင်း၊ နိမိတ်အတွင်းရှိ ရဟန်းအားလုံးကိုမူ ပင့်ဖိတ်ရခြင်း၊ မလာနိုင်ပါက ဆန္ဒ ဆောင်ရခြင်း၊ (မဟာပဒုမထေရ်ဝါဒ)

(ဂ)　သစေ အညာနိပိ ဂါမခေတ္တာနိ အန္တောကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိပိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ–ဟူ၍လည်းကောင်း၊

(ခ)　မဟာပဒုမတ္ထေရော ပန "နာနာဂါမခေတ္တာနိ နာမ ပါဋ္ဌေက္ကံ ဗဒ္ဓသီမာ သဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ။ အန္တော နိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗံ။ ပ။ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော–ဟူ၍လည်းကောင်း–

(မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓက၊ နှာ–၃၂၃)၌ ဖော်ပြထားပါသည်ဘုရား။

ထိုပုဗ္ဗကိစ္စလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အောက်တွင် ဖော်ပြအပ်သော နောက်ထပ်ဆောင်ရွက်ရမည့် ပုဗ္ဗကိစ္စ လုပ်ငန်းစဉ် နည်းများကိုလည်း တင်ပြလိုပါသည်ဘုရား–

- ဤသို့ သံဃာစည်းဝေးပြီး၍ ဆန္ဒထိုက်သောရဟန်းတို့၏ ဆန္ဒကိုဆောင်ပြီးသည့်ရှိသော် ထိုထိုလမ်း ထိုထိုရေဆိပ်, ရွာတံခါးစသည်တို့၌ အာဂန္တုကရဟန်းများကို လျင်မြန်စွာ ဟတ္ထပါသ်သို့ဆောင်ခြင်းအကျိုးငှာလည်းကောင်း၊ နိမိတ်အတွင်းသို့ မဝင်စေခြင်း အကျိုးငှာလည်းကောင်း၊ အာရာမ်စောင့်စသည်ကိုချထားခြင်း၊ စည်သံ၊ ခရုသင်းသံ စသည်အမှတ်သညာကိုပြုရခြင်း၊

- **ဝေံ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ တေသု တေသု မဂ္ဂေသု နဒီတိတ္ထဂါမဒွါရာဒီသု စ အာဂန္တုကဘိက္ခူနံ သီဃံ သီဃံ ဟတ္ထပါသာနယနတ္ထ ဥ ဗဟိသီမာကရဏတ္ထဥ္စ အာရာမိကေ စေဝ သမဏုဒ္ဒေသေ စ ဌပေတွာ ဘေရိသညံ ဝါ သင်္ခသညံ ဝါ ကတွာ–**

ဟူ၍ မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓက၊ (နှာ–၃၂၃)၌ ဖော်ပြထားပါသည်ဘုရား။

အထက်ဖော်ပြပါ ပုဗ္ဗကိစ္စလုပ်ငန်းများကို ကြိုတင် ဆောင်ရွက်ပြီးပါက နိမိတ်ကြားပြီး ကမ္မဝါစာကိုဖတ်၍ သိမ်သမုတ်ရပါမည်၊ ထိုကမ္မဝါစာ၏ အဆုံး၌ နိမိတ်တို့မှတစ်ပါး နိမိတ်အတွင်းရှိမြေအားလုံးကို ပျံ့နှံ့၍ မြေကိုခံသော ရေဝိုင်အောင် သက်သည်၏အဖြစ်ကြောင့် ထိုသိမ်သည် အောင်မြင်ပါသည်ဘုရား။

**– နိမိတ္တကိတ္တနာနန္တရံ ဝုတ္တာယ "သုဏာတု မေ ဘန္တေ သံဃော"တိ အာဒိကာယ ကမ္မဝါစာယ သီမာ ဗန္ဓိတဗ္ဗာ။ ကမ္မဝါစာ ပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိကတွာ ဟေဋ္ဌာ ပထဝီသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာ ဂတာ ဟောတိ–**

ဟူ၍(မဟာဝါအဋ္ဌကထာ၊ ဥပေါသထက္ခန္ဓက၊ နှာ–၃၂၃)၌ ဖော်ပြထားပါသည်ဘုရား။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပိဋကတ်တော်လာ အစဉ်အလာ သိမ်သမုတ်မှုဆောင်ရွက်ချက်များကို ထောက်ရှုပါလျှင် စောဒနာလွှာအမှတ်(၁)ဖြစ်သော "သိမ်သမုတ်ရာတွင် နယ်သိမ်းရန်မလိုခြင်း" ဟူသော စုဒိတက ဆရာတော် ဦးပုညာစာရ၏ အယူဝါဒသည် ထေရဝါဒပိဋကတ်တော်လာ ဆောင်ရွက်ချက်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေကြောင်း တွေ့ရှိရပါ၍ ဤစောဒနာလွှာအမှတ်(၁)ကို အဓမ္မ–အဝိနယအဖြစ် အဆုံးအဖြတ်ပေးပါရန် တင်ပြ လျှောက်ထားအပ်ပါသည်ဘုရား။

## (ခ) စောဒနာလွှာအမှတ်(၂)ကို တင်ပြလျှောက်ထားခြင်း

နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား–

ဤစောဒနာလွှာအမှတ်(၂)အရ "ပဲခူးကျောင်းသိမ်သည် နယ်သိမ်း သိမ်မဟုတ်ခြင်း" ဟူသော အယူဝါဒနှင့်ပတ်သက်၍ စုဒိတကဆရာတော် ဦးပုညာစာရ၏ အယူဝါဒကို စိစစ်ရာတွင် အဆိုပါ ပဲခူးကျောင်းသိမ်သည် ဝိသုံဂါမ သီးခြားသိမ်မိန့်ခံ၍ သိမ်သမုတ်နည်းမျိုးဖြင့် သမုတ်သော သိမ်မဟုတ်ခြင်းကြောင့် နယ်သိမ်းသိမ်ဖြစ်ကြောင်း တွေ့ရှိရပါသည်ဘုရား။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ စိစစ်တင်ပြချက်ကို ထောက်ရှုပါလျှင် စောဒနာလွှာအမှတ်(၂)ဖြစ်သော ''ပဲခူးကျောင်းသိမ်သည် နယ်သိမ်းသိမ်မဟုတ်ခြင်း'' ဟူသော စုဒိတကဆရာတော် ဦးပုညာ-စာရ၏ အယူဝါဒသည် ထေရဝါဒပိဋကတ်တော်လာ အစဉ်အလာ လုပ်ထုံးလုပ်နည်းများနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေကြောင်း တွေ့ရှိရပါ၍ ဤစောဒနာလွှာအမှတ်(၂)ကို အဓမ္မ- အဝိနယအဖြစ် အဆုံးအဖြတ်ပေးပါရန် တင်ပြလျှောက်ထားပါသည်ဘုရား။

## (ဂ) စောဒနာလွှာအမှတ်(၃)ကို တင်ပြလျှောက်ထားခြင်း

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

ဤစောဒနာလွှာအမှတ်(၃)အရ ''သိမ်သမုတ်ရာတွင် သိမ်နိမိတ်အတွင်းရှိ သံဃာများဟတ္ထပါသ်စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ကမ္မဝါစာဖတ်ပါက ''ဓမ္မေနသမဂ္ဂကမ္မ''ဖြစ်ခြင်း၊ (ဝါ) ''ဝဂ္ဂကမ္မ'' မဖြစ်ခြင်းဟူသော အယူဝါဒနှင့် ပတ်သက်၍ စုဒိတက ဆရာတော် ဦးပုညာစာရ၏ အယူဝါဒကို စိစစ်ရာတွင် သံဃာများကံကြီး ကံငယ် ဆောင်ရာ၌ သိမ်နိမိတ်အတွင်းရှိ သံဃာတော်များသည် ဟတ္ထပါသ်စပ်ခြင်း, မစပ်ခြင်းသည် အဓိကမဟုတ်ဘဲ ကမ္မဝါစာ ဖတ်ခြင်းသည်သာ အဓိကဖြစ်သည်၊ ယင်းကမ္မဝါစာကိုသာ ဖတ်ပါက ကံကြီး-ကံငယ်ဟူသမျှသည် ပြီးမြောက်သည်၊ ယင်းကံသည် ''ဓမ္မေန သမဂ္ဂကမ္မ'' ဖြစ်သည်။ ''ဝဂ္ဂကမ္မ''မှုကား မဖြစ်သောအဓိပ္ပာယ်ကို ဖော်ပြရာ ရောက်နေပါသည်ဘုရား။

ကံဆောင်မှုကိစ္စသည် သံဃာများညီညွတ်မှုရှိမှ ကံဆောင်မှုကိစ္စကို ဆောင်ရွက်နိုင်ပါသည်၊ ယင်းညီညွတ်မှုသည် သိမ်နိမိတ်အတွင်းရှိ သံဃာများ ဟတ္ထပါသ် မစပ်ပါလျှင် သံဃာများညီညွတ်မှု

မရှိဟူသော အဓိပ္ပာယ်ဖြစ်ပါသည်ဘုရား၊ ထို့ကြောင့် သိမ်သမုတ်မှုကိစ္စတွင် နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိဟူသော သမ္ပတ္တိ(၃)မျိုးအနက် ယခုစောဒနာလွှာအမှတ် (၃)ကိစ္စတွင် ပရိသာသမ္ပတ္တိ နှင့် ပတ်သက်၍ ဟတ္ထပါသ်စပ်ခြင်း (ဝါ)ဆန္ဒဆောင်ခြင်းကိစ္စတို့ကိုဆောင်ရွက်ပြီးမှသာ ပရိသာသမ္ပတ္တိဖြစ်ပါသည်ဘုရား၊ ယင်းသို့ ပရိသာသမ္ပတ္တိနှင့် ပြည့်စုံရကြောင်းကို တင်ပြလျှောက်ထားရပါလျှင် အောက်ပါအတိုင်း ဖြစ်ပါသည်ဘုရား–

(က) ဥ တ္တိဒုတိယေ စေ ဘိက္ခဝေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ တေ ဘိက္ခူ အနာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ ဝဂ္ဂကမ္မံ။ (မဟာဝါပါဠိ၊ စမ္ပေယျက္ခန္ဓက၊နှာ–၄၃၇)

(ခ) ပရိသာသမ္ပတ္တိယာ ယုတ္တာ နာမ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတွာ ယာဝတိကာ တသ္မိံ ဂါမခေတ္တေ ဗဒ္ဓသီမံ ဝါ နဒီသမုဒ္ဒဇာတဿရေ ဝါ အနောက္ကမိတွာ ဌိတာ ဘိက္ခူ တေ သဗ္ဗေ ဟတ္ထပါသေ ဝါ ကတွာ ဆန္ဒံ ဝါ အာဟရိတွာ သမ္မတာ။

(ကင်္ခါအဋ္ဌကထာ၊ နှာ–၈၉၊ ဝိနယသင်္ဂဟအဋ္ဌကထာ၊ နှာ–၁၈၄)

(ဂ) သစေ ကေသ္မိံ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမဝိဟာရာ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ" တိ ပေသေတဗ္ဗံ၊ ယေ အဗဒ္ဓသီမဝိဟာရာ တေသု ဘိက္ခူ ကေဖ္ဖျံ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရ ဟာနံ(ဆန္ဒော) အာဟရာ –ပေတဗ္ဗော။ (မဟာဝါ အဋ္ဌကထာ၊ ဥပေါသထက္ခန္ဓက၊ နှာ–၃၂၂)

(ဃ) ဝေဲ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ့ တေသု တေသု မဂ္ဂေသု နဒီတိတ္ထဂါမဒွါရာဒီသု စ အာဂန္တုကဘိက္ခူနံ သီဃံ သီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိသီမာကရဏတ္ထဉ္စ အာရာမိကေ စေဝ သမဏုဒ္ဒေသေ စ ဌပေတွာ။ ပ။ သီမာ ဗန္ဓိတဗ္ဗာ။

(မဟာဝါ အဋ္ဌကထာ၊ ဥပေါသထက္ခန္ဓက၊ နှာ-၃၂၂)

(င) ဝေဲ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ့ တေသု တေသု မဂ္ဂေသု နဒီတိတ္ထဂါမဒွါရာဒီသု စ အာဂန္တုကဘိက္ခူနံ သီဃံ သီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိသီမာကရဏတ္ထဉ္စ အာရာမိ ကေ စေဝ သမဏုဒ္ဒေသေ စ ဌပေတွာ။ ပ။ သီမာ ဗန္ဓိတဗ္ဗာ၊

(မဟာဝါ အဋ္ဌကထာ၊ ဥပေါသထက္ခန္ဓက၊ နှာ-၃၂၂)

ဟူ၍ အသီးသီးဖော်ပြထားပါသည်ဘုရား။

အထက်ဖော်ပြပါ ပါဠိတော်၊ အဋ္ဌကထာများ၏ အဆိုအမိန့် အရ ထပ်မံ စိစစ်၍ ဖော်ပြလျှောက်ထားရပါလျှင် အောက်ပါအတိုင်း ဖြစ်ပါသည်ဘုရား-

(က) သူကြီးတစ်ပိုင်ဒိုင်နယ်၊ ရပ်ကွက်ကောင်စီတစ်ပိုင်၊ ကျေးရွာအုပ်စု ကောင်စီတစ်ပိုင်(ဂါမခေတ်တစ်ခု)အတွင်းက ကျေးရွာ/ရပ်ကွက်ရှိ ရဟန်းတော်များကို သိမ်မြေပြင် ဟတ္ထပါသ်အတွင်း ရောက် အောင် သိမ်း၍ သမုတ်ခြင်းဟူသော "ဟတ္ထပါသနယန သီမာ ဝိသောဓနေ" အချက်၊

(ခ) မလာနိုင်-မကြွနိုင်သော ရဟန်းတော်များကို ဆန္ဒဆောင်၍ သမုတ်ခြင်းဟူသော "ဆန္ဒာဟရဏသီမာဝိသောဓနေ" အချက်၊

(ဂ) ထိုရဟန်းများ၏ ကျောင်းတိုက်၌ ဗဒ္ဓသိမ်ရှိလျှင် သိမ်သမုတ်သော အချိန်တွင် ဗဒ္ဓသိမ်ထဲသို့ဝင်စေ၍ သမုတ်ခြင်း ဟူသော ''ဗဒ္ဓသီမာပဝေသန သီမာဝိသောဓနေ''အချက်၊

(ဃ) သူကြီးတစ်ဦးတည်းပိုင် ဒိုင်နယ်/ ရပ်ကွက်ကောင်စီတစ်ပိုင်/ ကျေးရွာကောင်စီတစ်ပိုင်(ဂါမခေတ်တစ်ခု) အပြင်ဘက်သို့ ကြွရောက်စေ၍ သမုတ်ခြင်းဟူသော ''ဗဟိသီမာကရဏ ဝိသောဓနေ''အချက်၊

ဟူသော အစီအစဉ်အချက်(၄)ချက်အရ ပရိသာသမ္ပတ္တိနှင့် ပတ်သက်၍ ကြိုတင် စီစဉ်ရမည့် လိုအပ်ချက်များကို လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါသည်ဘုရား၊ သို့ရာတွင် ဆရာတော်ဦးပုညာစာရ၏ ဆောင်ရွက်ချက်သည် အထက်ဖော်ပြပါအချက်များနှင့် မညီညွတ်၍ ပရိသာသမ္ပတ္တိ မဖြစ်ပါဘုရား၊ ပရိသာသမ္ပတ္တိ မဖြစ်လျှင် ကမ္မဝါစာ မည်သို့ပင်ဖတ်သော်လည်း သိပ်မအောင်မြင်ပါဘုရား၊ ထို့ကြောင့် ဆရာတော်ဦးပုညာစာရ၏ ဆောင်ရွက်ချက်သည် ''ဓမ္မေန သမဂ္ဂကမ္မ'' မဖြစ်ဘဲ ''ဝဂ္ဂကမ္မ''သာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည် ဘုရား။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ စိစစ်တင်ပြချက်များကို ထောက်ရှုပါလျှင် စောဒနာလွှာအမှတ်(၃)ဖြစ်သော ''သိမ်သမုတ်ရာတွင် သိမ်နိမိတ်အတွင်းရှိ သံဃာများ ဟတ္ထပါသ်စပ်သည်ဖြစ်စေ-မစပ်သည်ဖြစ်စေ ကမ္မဝါဖတ်ပါက ''ဓမ္မေနသမဂ္ဂကမ္မ''ဖြစ်ခြင်း (ဝါ) ''ဝဂ္ဂကမ္မ''မဖြစ်ခြင်း ဟူသော စုဒိတက ဆရာတော် ဦးပုညာစာရ၏ အယူဝါဒသည် ထေရဝါဒ ပိဋကတ်တော်လာ အဆိုအမိန့်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေကြောင်း တွေ့ရှိရပါ၍ ဤစောဒနာလွှာ

အမှတ်(၃)ကို အဝမ္မ–အဝိနယအဖြစ် အဆုံးအဖြတ်ပေးပါရန် တင်ပြလျှောက်ထားပါသည်ဘုရား။

## (ဃ)စောဒနာလွှာအမှတ်(၄)ကို တင်ပြလောက်ထားခြင်း

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား–

ဤစောဒနာလွှာ အမှတ်(၄)အရ ''သိမ်သမုတ်ရာတွင် သိမ်နုတ်ရန်မလိုခြင်း''ဟူသော အယူဝါဒနှင့်ပတ်သက်၍ စုဒိတက ဆရာတော် ဦးပုညာစာရ၏ အယူဝါဒကို စိစစ်ရာတွင် ဆရာတော် ဦးပုညာစာရသည် သိမ်နုတ်ခြင်းကို လက်ခံသည့်အပိုင်းလည်းရှိသည်၊ လက်မခံသည့်အပိုင်းလည်း ရှိနေပါသည်ဘုရား၊ ယင်းအယူဝါဒ(၂)မျိုးအနက် လက်ခံသည့်အပိုင်းကိုမူ အကြောင်းရင်း ဖြစ်စဉ် တင်ပြချက်များအရ သိရှိနိုင်ပါ၍ စိစစ်ရန်မလိုအပ်ဟု ယူဆပါသဖြင့် ယင်းလက်ခံသည့် အယူဝါဒပိုင်းကို စိစစ်ခြင်းမပြုမူ၍ လက်မခံသည့်အပိုင်းကိုသာ စိစစ်ပါမည်ဘုရား။

လက်မခံသည့် အယူဝါဒပိုင်းကို စိစစ်ရာတွင် ဆရာတော် ဦးပုညာစာရက သိမ်နုတ်ကမ္မဝါစာ၌ ''သီမာ သမ္မတာ၊ တံ သီမံ သမူဟနတိ''အရ သိမ်သမုတ်ခြင်းကိစ္စနှင့် သိမ်နုတ်ခြင်းကိစ္စကို ဖော်ပြထားခြင်းသည် သမုတ်မှန်း မသိ၊ မသမုတ်မှန်းမသိဘဲနှင့်ရမ်းပြီး သမုတ်ခြင်းနှင့် ရမ်းပြီးနုတ်ခြင်းဟူသော အကြောင်းကြောင့် ''သီမာ သမ္မတာ တံ သီမံ သမူဟနတိ'' ဟူသောသိမ်နုတ် ကမ္မဝါစာ စကားရပ်သည် ရယ်စရာကြီး ဖြစ်ကြောင်းဟူသော အယူဝါဒကို ဖော်ပြထားပါသည်ဘုရား၊ ယင်းဆရာတော်ဦးပုညာစာရ၏ အဆိုအမိန့်သည် ပိဋကတ်တော်ကို သက်သက်ပြက်ရယ်ပြုသော အဆိုအမိန့် ဖြစ်ပါ

သည်ဘုရား၊ "ဓမ္မသာ အဝဏ္ဏံ ဘာသတိ" အရ တရားတော်ကို ကဲ့ရဲ့ရှုတ်ချရာလည်း ရောက်ပါသည်ဘုရား၊ သိမ်နုတ်ခြင်း ကိစ္စနှင့် ပတ်သက်၍ ဆရာတော်ဦးပုညာစာရသည် တစ်ပိုင်းကိုလက်ခံပြီး ကျန်တစ်ပိုင်းကို လက်မခံခြင်းကြောင့် ဆရာတော်၏ အဆိုအမိန့်သည် ရှေ့နောက် ဆန့်ကျင်နေကြောင်းနှင့် တရားတော်ကိုလည်း ကဲ့ရဲ့ရှုတ်ချ ထားကြောင်း စိစစ်တွေ့ရှိရပါသည်ဘုရား။

ထို့ပြင် ဆရာတော်ဦးပုညာစာရက "သိမ်သမုတ်သည့်အခါ တွင် နိမိတ်သတ်မှတ်ပြီးပါက ထိုနိမိတ်သတ်မှတ်ပြီးသော နေရာတွင် သိမ်နုတ်ရန် လိုအပ်ကြောင်းကိုလည်းကောင်း၊ ယင်းသိမ်သမုတ်မည့် နေရာတွင် သိမ်နုတ်ခြင်းမပြုပါက သိမ်ပျက်မည်ဖြစ်ကြောင်းကို လည်းကောင်း၊ ဘုရားရှင်က ဟောသင့်ပါလျက် မဟောထားခဲ့ပါ ကြောင်း" ဟူသော အယူဝါဒကို ဖော်ပြထားပါသည်ဘုရား၊ ယင်း ဆရာတော် ဦးပုညာစာရ ၏ အယူဝါဒသည် မိမိ၏ အတ္တနောမတိ အယူဝါဒသာဖြစ်ပါသည်ဘုရား။ ယင်း အတ္တနောမတိ အယူဝါဒသည် ဘုရားရှင်ကိုပင် စောဒနာရာ ရောက်သည့်အပြင် "ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ"အရ ဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချရာလည်း ရောက်ပါသည် ဘုရား၊ ဘုရားရှင်၏ အဆုံးအမတော်ဟူသမျှသည် အစ အလယ် အဆုံး သုံးပါးလုံးတွင် ကောင်းခြင်းဂုဏ်နှင့်သာ ပြည့်စုံနေပါသည် ဘုရား၊ ထိုသို့ ဘုရားရှင်အား စောဒနာခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း၊ တရားတော်အား ကဲ့ရဲ့ရှုတ်ချခြင်းတို့သည် သိမ်သမုတ်ရာတွင် သိမ်နုတ် ရန်မလိုခြင်းဟူသော မိမိ၏ အတ္တနောမတိ အယူဝါဒကို ခိုင်မာစေရန် သက်သေသာဓကပြုခြင်းသာ ဖြစ်ပါသည်ဘုရား၊ ဆရာတော် ဦးပုညာ- စာရသည် သိမ်သမုတ်ရာတွင် သိမ်နုတ်ခြင်းကိစ္စနှင့် သိမ်မနုတ်

ခြင်းကိစ္စဟူသော အယူဝါဒ(၂)မျိုးအနက် သိမ်နုတ်ရန် မလိုခြင်းကိစ္စကို အဓိက လက်ခံထားသူဖြစ်ကြောင်း သိရှိနိုင်ပါသည်ဘုရား၊ ထို့ကြောင့် ဆရာတော် ဦးပုညာစာရ၏ အဆိုအမိန့်များနှင့် အယူဝါဒများသည် သိမ်သမုတ်ရာတွင် သိမ်နုတ်ရန် မလိုခြင်းဖြစ်သည်ဟု စိစစ်တွေ့ရှိရပါသည် ဘုရား။

## (စ) စောဒနာလွှာအမှတ်(၆)ကို တင်ပြလျှောက်ထားခြင်း

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား–

ဤစောဒနာလွှာအမှတ်(၆)အရ "ဆရာတော် ဦးပုညာစာရက ပါဠိတော်အတိုင်း မိမိသိမ်သမုတ်ခြင်း" ဟူသော အယူဝါဒနှင့် ပတ်သက်၍ စုဒိတကဆရာတော် ဦးပုညာစာရ၏ အယူဝါဒကို စိစစ်ရာတွင် ဆရာတော် ဦးပုညာစာရက သိမ်သမုတ်မှုကိစ္စကို ဝိနည်းမဟာဝါ ပါဠိတော်အတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြထားပါသည်ဘုရား။ ယင်းဆောင်ရွက်ချက်ဖြစ်သောနည်းမှာ သိမ်သမုတ်မှုကိစ္စနှင့်ပတ်သက်၍ ပထမသိမ်သမုတ်မည့်နေရာကို နိမိတ်သတ်မှတ်ခြင်း၊ ဒုတိယ ဉတ္တိပဋိဗလပုဂ္ဂိုလ်က ကမ္မဝါစာဖတ်ခြင်းနှင့် တတိယ–သိမ်သမုတ်မှုကိစ္စ ပြီးခြင်းဟု ဆိုလိုပါသည်ဘုရား၊ ပါဠိတော်နည်းမှာလည်း ဤအတိုင်းပင် ဖြစ်ပါသည်ဘုရား။

ထိုကိစ္စနှင့်ပတ်သက်၍ အနည်းငယ် လျှောက်ထားလိုပါသည် ဘုရား၊ သဗ္ဗညုဘုရားရှင်သည် ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်တော်မူရာတွင် ကြိုတင်ပညတ်တော်မူခြင်းမရှိဘဲ အကြောင်းပေါ်မှ အကြောင်းအားလျော်စွာ ပညတ်တော်မူခြင်းဖြစ်ပါသည်ဘုရား။ ထိုပညတ်ချက်သည်လည်း မူလပညတ်, အနုပညတ် အားဖြင့်(၂)မျိုး

ရှိရာတွင် အနုပညတ်မှာလည်း အာပတ်ထပ်သင့်ခြင်းကိစ္စ၊ အာပတ်ထပ်မသင့်ခြင်းကိစ္စနှင့် အာပတ်ကိုထောက်ပံ့စေခြင်းကိစ္စအားဖြင့် (၃)မျိုးပြကြောင်း သိရပါသည်ဘုရား။ ထိုမူလပညတ်ကို အနုပညတ်ဖြင့် လိုအပ်သလို အကြောင်းအားလျော်စွာ ခွဲခြမ်းစိတ်ဖြာ ပညတ်ပါသည်ဘုရား။ လူ နတ် ဗြဟ္မာ သတ္တဝါတို့အား တရားဟောကြားရာတွင်လည်း မူလပဏ္ဏာသ ပါဠိတော် အနင်္ဂဏသုတ်တော်အရ သမ္မုတိဒေသနာ ပရမတ္ထဒေသနာကိုလည်းကောင်း၊ ဒုကအင်္ဂုတ္တိုရ်ပါဠိတော် ဗာလဝဂ်အရ နေယျတ္ထဒေသနာ နီတတ္ထ ဒေသနာကိုလည်းကောင်း၊ ဒေသနာတော်နည်း, ဝေနေယျဇ္ဈာသယနည်း, ဒေသနာ ဝိလာသနည်းတို့အရ မိမိဆန္ဒတော်အတိုင်း ဟောကြားခြင်း၊ သတ္တဝါတို့၏ အလိုစရိုက်ကိုလိုက်၍ ဟောကြားခြင်း၊ ဒေသနာတော်ကို တန်ဆာဆင်၍ ဟောကြားခြင်းစသည်ဖြင့် အကြောင်းအားလျော်စွာ ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူပါသည်ဘုရား။

သဗ္ဗညုဘုရားရှင်သည် ထိုထိုပါဠိတော်များကိုပင် အဖွင့်သံဝဏ္ဏနာနည်းဖြင့် ဖွင့်ဆိုဟောကြားတော်မူရာတွင် ပထမပါရာဇိကသန္ထတဘာဏဝါရ၌ 'မေထုနဓမ္မော နာမ ယော သော အသဒ္ဓမ္မော ဂါမဓမ္မော ဝသလဓမ္မော' စသည်ကိုလည်းကောင်း၊ ဤမဟာဝါ ပါဠိတော် ဥပေါသထက္ခန္ဓက၌ပင် ''ပါတိမောက္ခန္တိ အာဒိမေတံ မုခမေတံ ပမုခမေတံ ကုသလာနံ ဓမ္မာနံ'' စသည်ကိုလည်းကောင်း အဖွင့်သံဝဏ္ဏနာနည်းဖြင့် ဖွင့်ဆိုဟောကြားတော်မူခဲ့ပါသည်ဘုရား၊ အချုပ်အားဖြင့် တင်ပြရပါလျှင် အစွန်း(၂)ပါးမှလွတ်သော မဇ္ဈိမပဋိပဒါနည်းဖြင့် သတ္တဝါတို့အား သံသရာဝဋ်မှ လွတ်မြောက်စေရန် ဟောကြားတော်မူပါသည်ဘုရား။ ထို့ကြောင့် သဗ္ဗညုဘုရားရှင်၏ဝါဒသည် ဒသက

အင်္ဂုတ္တိုရ် ဝဇ္ဇိယမာဟိတသုတ်၊နှာ–၄၁၀–အရ တရားသေဝါဒဟူသော ကေ်ာသဝါဒ မဟုတ်ဘဲခွဲခြမ်း စိတ်ဖြာဝေဖန်ပြသော ဝိဘဇ္ဇဝါဒနှင့် ဓမ္မစကြာ သုတ်တော်အရ မဇ္ဈိမပဋိပဒါဝါဒသာဖြစ်ကြောင်း သိရှိနိုင်ပါသည်ဘုရား။

ထိုနည်းတူစွာ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းပြုဆရာများသည်လည်း သဗ္ဗညုဘုရားရှင်၏ အလိုတော်ကျကို ဉာဏ်နုသူတို့အား သိစေရန် အဆင့်ဆင့် ဖွင့်ပြတော်မူကြခြင်းအချက်ကို ထောက်ရှုပါက ဘုရားရှင်၏ အလိုတော်ကျကို ဆက်လက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိနိုင်ပါသည်ဘုရား။ တစ်နည်းအားဖြင့် လျှောက်ထားရပါလျှင် အဆိုပါ အဋ္ဌကထာ ဋီကာ စသော ကျမ်းပြုဆရာများသည် ဘုရားရှင်၏အနုပညတ်သဘော၊ ဝိဘဇ္ဇသဘော၊ ဒေသနာသဘော၊ ဝေနေယျဇ္ဈာသယသဘော၊ ဒေသနာဝိလာသသဘော၊ သံဝဏ္ဏနာသဘော၊ မဇ္ဈိမပဋိပဒါသဘောများကို ဆက်လက်ဆောင် ရွက်ခြင်းဖြစ်ကြောင်း သိရှိနိုင်ပါသည်ဘုရား။ ထိုအချက်ဖြင့် ပါဠိတော် အဋ္ဌကထာ၊ ဋီကာစသည်တို့သည် အကျဉ်းနှင့်အကျယ်သာ ကွဲပြားပြီး သဘောထားမှာမူ အချင်းချင်းတူညီကြောင်း သိရှိနိုင်ပါသည်ဘုရား။ ထို့ကြောင့် အဋ္ဌကထာ၊ ဋီကာစသည့် ကျမ်းပြုဆရာတို့၏ ဝါဒသည်လည်း ဝိဘဇ္ဇဝါဒ နှင့် မဇ္ဈိမပဋိပဒါဝါဒရှိကြောင်း အဝုတ္တသိဒ္ဓိနည်းအရ သိရှိနိုင်ပါသည်ဘုရား။

အထက်ဖော်ပြပါ တင်ပြချက်များအရ စိစစ်ပါလျှင် ဆရာတော် ဦးပုညာစာရသည် ပါဠိတော်နည်းကိုလည်း ကျနစွာ မသိဘဲလျက် ဥပေက္ခာရှုခြင်းနှင့် အဋ္ဌကထာ ဋီကာနည်းတို့ကိုလည်း ဥပေက္ခာရှုသည့်အပြင် လက်မခံခြင်းဝါဒကို စွဲကိုင် ထားရှိသူဖြစ်ကြောင်း

သိရှိနိုင်ပါသည်ဘုရား။ ထို့ကြောင့် ဆရာတော် ဦးပုညာစာရသည် မိမိသိသမျှသော ပါဠိတော်နည်းကိုပင် ဝိဘဇ္ဇဝါဒမရှိဘဲ ကေ်သဝါဒ ဟူသော တရားသေဝါဒဖြင့် စွဲကိုင်ထားရှိသူဖြစ်ကြောင်း စိစစ်တွေ့ရှိရ ပါသည်ဘုရား။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ စိစစ်တင်ပြချက်များကို ထောက်ရှုပါလျှင် စောဒနာလွှာအမှတ်(၆)ဖြစ်သော ''ဆရာတော် ဦးပုညာ–စာရက ပါဠိတော်လာအတိုင်း မိမိသိမ်သမုတ်ခြင်း'' ဟူသော စုဒိတကဆရာတော် ဦးပုညာစာရ၏ အယူဝါဒသည် တရားသေဝါဒ ဖြစ်ကြောင်း တွေ့ရှိရပါ၍ ဤစောဒနာ လွှာအမှတ်(၆)ကို အဆုံးအဖြတ် ပေးပါရန် တင်ပြလျှောက်ထားပါသည်ဘုရား။

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား–

ပဲခူးကျောင်း သိမ်နှင့်ပတ်သက်၍ ချိုင်ုတင်ပြရပါလျှင် စုဒိတက ဆရာတော် ဦးပုညာစာရ၏ အဆိုအမိန့်များနှင့်စပ်လျဉ်းသော ထိုထိုတင်ပြချက်များနှင့် မှတ်တမ်းမှတ်ရာများကို ကောက်ချက်ချရာ၌ ဆိုလိုရင်းအဓိပ္ပာယ်ကို လွယ်ကူစွာ ရရှိနိုင်သော်လည်း တိတ်ခွေရှိ အဆိုအမိန့်များကို ကောက်ချက်ချရာ၌မူ ဆိုလိုရင်း အဓိပ္ပာယ်ကို လွယ်ကူစွာမရရှိနိုင်ကြောင်း တွေ့ရှိရပါသည်ဘုရား၊ ထိုသို့တွေ့ရှိရခြင်း အကြောင်းမှာ စကားပြောစာသားများဖြစ်၍ ယင်း စာသားများ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ကောက်ချက်ချရာ၌ စကားရှေ့နောက် ဆက်စပ် ညှိနှိုင်းပြီးမှ ဆိုလိုရင်းအဓိပ္ပာယ်ကို ကောက်ယူရသောကြောင့် ဖြစ် ပါသည်ဘုရား၊ ထို့ကြောင့်သိမ်အကြောင်း၊ သိမ်သမုတ်မှုဆိုင်ရာ အကြောင်း၊ အယူဝါဒဆိုင်ရာအကြောင်းများနှင့် ပတ်သက်၍ ဆိုလိုရင်း

အဓိပ္ပာယ်ကို ကောက်ချက်ချရာ၌ အဖုအထစ် အခက်အခဲရှိကြောင်း စိစစ်တွေ့ရှိရပါသည် ဘုရား။

အထက်ဖော်ပြပါအတိုင်း စုဒိတက ဆရာတော်ဦးပုညာစာရ၏ အဆို အမိန့်များသည် ဆိုလိုရင်းအဓိပ္ပာယ်ကို ကောက်ယူရာ၌ အဖုအထစ် အခက်အခဲရှိကြောင်းတွေ့ရှိရပါ၍ ထိုအခက်အခဲများကို ဖြေရှင်းပြီး ဓမ္မဝိနယနှင့်အညီ ဆက်လက်အဆုံးအဖြတ်ပေးပါရန် တင်ပြလျှောက်ထားပါသည်ဘုရား။


## နိဂုံးချုပ်တင်ပြခြင်း

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား–


အထက်ဖော်ပြပါ စောဒနာလွှာအမှတ်(၁)မှအမှတ်(၆)အထိ စောဒနာလွှာ(၆)ချက်တို့ဖြင့် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်သမုတ်မှုကိစ္စကို ဘုရား တပည့်တော်များ ဉာဏ်မီသ၍ တင်ပြခဲ့ပြီးဖြစ်ပါသည်ဘုရား။ ယင်းတင်ပြချက်များနှင့်တကွ တပည့်တော်များ ဉာဏ်မမီသည့် ထိုထိုကျန်ရှိသော လိုအပ်ချက်များအားလုံးကိုလည်း ဝိနည်းဓိုရ်ဆရာတော်ကြီးများက ဆက်လက်စိစစ် လေ့လာသုံးသပ်ပြီး ဓမ္မ–ဝိနယနှင့်အညီ အဆုံးအဖြတ်ပေးပါရန် တင်ပြလျှောက်ထားပါသည်ဘုရား။ ဤပဲခူးကျောင်း သိမ်မှ တစ်ပါး ဤနည်းအတိုင်းအလားတူ သမုတ်ခဲ့သော ကျန်သိမ်(၄)လုံးကို ပူးတွဲတင်ပြထားကြောင်း တွေ့ရှိရပါ၍ ယင်းသိမ်(၄)လုံးတို့ကိုလည်း ဓမ္မ– ဝိနယနှင့်အညီ အဆုံးအဖြတ်ပေးပါရန်ထပ်မံ လျှောက်ထားပါသည်ဘုရား။ ထို့ကြောင့် ''သဒ္ဒါမှာ–လိင်၊ ဝိနည်းမှာ–သိမ်'' ဟူသော ပရိဘာသာအရ ဝိနည်းဓိုရ်ဆရာတော်ကြီးများက မေတ္တာ

ကရုဏာပြဋ္ဌာန်းပြီး သာသနာတော် တစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေ့ရှုတော်မူ၍ 'သိမ်'နှင့်ပတ်သက်သည့်ဆောင် ရွက်ချက် မှန်သမျှကို ''မှု''တစ်ရပ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ဓမ္မ–ဝိနယနှင့်အညီ အဆုံးအဖြတ်ချမှတ်ပေးပါရန် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား ရေးဟူသော ဦးတည်ချက်ဖြင့် ရှိသေလေးမြတ်စွာ လျှောက်ထားအပ် ပါသည်ဘုရား။


သို့ဖြစ်ပါ၍ သိမ်နှင့်ပတ်သက်သည့် ''မှု''တစ်ရပ် ချမှတ်နိုင် ရေးအတွက် အဆုံးအဖြတ် ချမှတ်ပေးပါရန် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်နှင့် ပတ်သက်သည့် အထောက်အထား သက်သေခံအမှုတွဲ အပြည့်အစုံဖိုင်တွဲ(၂)နှင့် တိတ်ခွေ(၁)တို့ကိုလည်း စောဒကဖြစ်သည့် ဘုရားတပည့်တော်များ လက်မှတ်ရေးထိုးပြီးဖြစ်သော ဤစောဒနာလွှာနှင့်အတူ တင်သွင်း ဆက်ကပ်ပါကြောင်း ဟူသော စောဒနာလွှာ တင်သွင်းမှု ကိစ္စကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။



(ဦးပဒုမ)
ငြိမ်းကျောင်း၊လက်ခိုက်ရွာ
ကော့မှူးမြို့နယ်
(မြို့နယ်သံဃနာယက
အဖွဲ့ဥက္ကဋ္ဌ)



(ဦးအာစရ)
တောင်ပေါ်ကျောင်း
တော်ခရမ်းကလေးရွာ
ကွမ်းခြံကုန်းမြို့နယ်
(မြို့နယ်သံဃနာယက
အဖွဲ့ဥက္ကဋ္ဌ)



(ဦးပဏ္ဍိတ)
ဈေးကျောင်း၊ တွံတေး၊
(မြို့နယ်သံဃနာယက
အဖွဲ့ဥက္ကဋ္ဌ)

## ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ပေကုန်းကျေးရွာ ပဲခူးကျောင်း သိမ်သမုတ်ခြင်းကိစ္စနှင့်ပတ်သက်၍ စုဒိတကဦးပုညာစာရ၏

## သောဓနာတင်သွင်းလွှာ

သို့

သဘာပတိဆရာတော်
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)
အပရဂေါယာနကျောင်းဆောင်၊ ကမ္ဘာအေး။

ရက်စွဲ၊ ၂၇. ၁. ၈၈

အကြောင်းအရာ။ ပဲခူးကျောင်း သိမ်သမုတ်ခြင်းကိစ္စနှင့် ပတ်သက်၍ သောဓနာလွှာတင်သွင်းခြင်း၊

အထက်ပါကိစ္စနှင့် ပတ်သက်၍ သောဓနာလွှာ တင်သွင်းပါသည်၊ ဤသိမ် ပျက်–မပျက်ကိစ္စ တိုင်းသံဃနာယကအဖွဲ့တွင် ညှိနှိုင်း၍မရသဖြင့် ဗဟိုဌာနချုပ်သို့ ရောက်ရှိပြီး၊ ၎င်းမှ ၁၃၄၈–ခု၊ တပို့တွဲလဆန်း ၇–ရက် (၅. ၂. ၈၇)နေ့ ပင့်ခေါ်ပြီး ဆန္ဒသဘောထား မေးမြန်းသောကြောင့် ပုဂ္ဂိုလ်ရေးမဟုတ်၊ သာသနာရေးကြီးဖြစ်၍ တိတ်ခွေနှင့် သွင်းယူထားရန် တောင်းဆိုပြီး နှုတ်ဖြင့် တင်ပြပြီးဖြစ်ပါသည်၊ သို့ဖြစ်စေကာ ပို၍ ရှင်းလင်းလွယ်ကူစွာ သုံးသပ်နိုင်ရန် အောက်ပါအတိုင်း လိုရင်းအချုပ် တင်ပြပါမည်။ ဝိနယမဟာဝဂ္ဂပါဠိ ဥပေါသထက္ခန္ဓက သီမာနုဇာနနာ–တွင် ဗဒ္ဓသိမ်သမုတ်ရန် ပညတ်ရခြင်းမှာ သံဝါသတူတို့ အချင်းချင်းစည်းလုံးနိုင်ရန် သံဝါသခြားကို ပယ်ရှားစေရန်ပင် ဖြစ်ပါသည်၊ မှန်ပါသည်၊ သမုတိကမ္မဝါစာ၌

''သမာနသံဝါသံ ကေူပေါသထံ'' ပုဒ်ကိုလည်းကောင်း, ဥပေါသထ-ကွန္ဒက ပဝါရဏာကွန္ဒကဝဲ့ဘွင် နာနာသံဝါသက ဖြစ်ရှိနေသူတို့နှင့် ဥပုသ်ပဝါရဏာ အတူကံပြုခြင်းကို ဘုရားရှင် ခွင့်မပြုသည်ကို လည်းကောင်း၊ ထောက်ဆနိုင်ပါသည်၊ ထို့ကြောင့် ပတ်ဝန်းကျင်နိမိတ် သတ်မှတ်ရပါသည်၊ ထိုနိမိတ်သည်ပင် မျက်မှောက်သံဃာက သမာန သံဝါသကေူပေါသထ ပြုလုပ်သည်ဟု သမုတ်ခြင်းဖြင့် သမာန သံဝါသ သိမ် ဖြစ်ပါသည်၊ ထို့ကြောင့်ပင် ''အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ'' စသည် ဘုရားဟောပါသည်။ ၎င်းအဓိပ္ပာယ်ကား သိမ်သီးသန့် သမုတ်မထားသော်သာ ပကတိဂါမ တစ်ခုလုံး သိမ်ဖြစ်သည်၊ သမုတ်ပိုင်းခြားထားလျှင် သမုတ်ထားသောနေရာသည်လည်း သိမ်ပင်ဖြစ်သည်ဆိုလို၏။ ထို့ကြောင့် ''သမန္တာ နိမိတ္တာ ကိတ္တိတာ'' ဟု ဟောတော်မူပြီး, နိမိတ်သတ်မှတ်ထားသော အခါမှစ၍ အခြား **ပကတိဂါမနှင့် မသက်ဆိုင်၊ ပိုင်းခြားပြီး စင်စစ်ဖြစ်လေပြီ။** သို့ဖြစ်၍ ကျောက်ထီးတန္တူ အလေးပြုအပ်သော ပခုက္ကူ ဆရာတော် ဘုရား ဦးပညာ-ရေး သီမာဝိနိစ္ဆယကျမ်း၌ပင် မဟာဝဂ္ဂအဋ္ဌကထာပါ မဟာ ပဒုမထေရ်၏ နယ်မသိမ်းဝါဒကို ဋီကာစုံလင်စွာဖြင့် ဖော်ပြ ဆုံးဖြတ်ထားသည်တို့ကို တွေ့ရပါသည်။ ဤထုံးအတိုင်းပင် ဆဗ္ဗဂ္ဂီ ရဟန်းတို့ ၄၊၅၊၆-ယူဇနာရှိ သိမ်များနှင့် နဒီပါရသိမ်များကို သမုတ် ထားကြလေပြီ။ ထို့ကြောင့်လည်း ''ပထမံ နိမိတ္တာ ကိတ္တေတဗ္ဗာ'' ဟု ဘုရားဟောတော်မူလေပြီ။ ယင်းသို့ သိမ်နယ်သတ်မှတ်ထား ရှိခြင်းဖြင့် ဂါမခေတ်အတွင်းရှိ သံဝါသတူ-မတူ ရဟန်းတို့နှင့် ဤ သိမ်နယ်အတွင်း သံဃာများကို ခြားနားသီးသန့်ပြုလုပ်ရမည်ကိုပြ၏။ ထို့ကြောင့် ''သမန္တာ နိမိတ္တာ ကိတ္တိတာ'' ဟု ဆိုလေပြီ။

၎င်းပြင် ဂါမတစ်ခုအတွင်း ရဟန်းအားလုံး အသိမ်းအကျုံး ခက်ခဲသဖြင့်လည်းကောင်း, နာနာသံဝါသကတို့နှင့် မရောယှက်ဘဲ သီးသန့်အနှောင့်အယှက်ကင်းစွာ သမာနသံဝါသကတို့အချင်းချင်း စည်းလုံးဆောင်ရွက် လွယ်ကူစေရန် လိုအပ်သောကြောင့်လည်း ကောင်း၊ ဗဒ္ဓသိမ်၌, နိမိတ်အပြင် သီမန္တရိက် အပိုင်းအခြား နယ်ကြားကို ထပ်မံထားပြီး သမုတ်စေခြင်းဖြင့် ပတ်ဝန်းကျင်ဂါမနှင့် ဤနိမိတ် အတွင်းတို့ မည်သို့မျှမသက်ဆိုင်၊ တသီးတခြားစီဖြစ်ကြောင်း ပို၍ ထင်ရှားပါသည်။

ထို့ကြောင့်လည်း နယ်သိမ်းရန်, ဝိသုံဂါမရရန် မလိုကြောင်း သိနိုင် ပါသည်။ ၎င်းပြင် အဋ္ဌကထာဋီကာအရပ်ရပ်တို့နှင့် ညှိလျှင် လည်း ဤမြေကို အခွန်ရယူသော ဂါမတစ်ခုအတွင်း မြေအဖြစ်မှ ခွဲထုတ်ယူ၍ အခွန်လွတ်သော သာသနာ(ဘုရားကျောင်း–ဝတ္တကံ)၏ မြေအဖြစ် မြေပုံတွင် ဆေးရောင်ခွဲခြား ခြယ်လျက် အစိုးရက နယ် သီးခြား သတ်မှတ်ပြုပြီးဖြစ်ရာ ၎င်းမြေများသည် ပဓာနနယ်သီး အပ္ပဓာနအခွန်သီး ပြုလုပ်ခြင်းဆိုင်ရာ ၎င်းအဆိုတို့နှင့်လည်း မဆန့်ကျင်၊ ညီညွတ်သည်ဟုသဘောရပါသည်။ ၎င်းပြင် သတ္တမတန်း ကျောင်းသုံး သံဃာတော်အကြောင်း သင်ခန်းစာအတွက်(၁၃၁၉– ခုနှစ်၊ တပို့တွဲလဆုတ် ၂–ရက် နေ့စွဲနှင့်) မဟာစည်ဆရာတော် အရှင် သောဘန ရေးသားချီးမြှင့်သော သိမ်အကြောင်းစာတမ်း(စာမျက်နှာ– ၁၆၁)၌ မူလရွာသူကြီး၏ အခွန်ကောက်ခံရာ အုပ်ချုပ်ရာ နယ်ပယ် အဖြစ်မှ လွတ်ခြင်းသည်သာလျှင် ဝိသုံဂါမဖြစ်ခြင်း၏ ပဓာန အကြောင်းဖြစ်သည်'' ဟူသော အယူအဆ, အရှင်သီလာနန္ဒ၏ သိမ် သင်တန်းပါ အဆိုအမိန့် အမြင်အမျိုးမျိုး, အစဉ်အဆက်လာ လယ်တီ

ဆရာတော်၏ သာသနဝိသောဓနီ(ဒု)ကျမ်း, မဟာဝိသုဒ္ဓါရာမ ဆရာတော်၏ ဝိသုဒ္ဓါရုံအဆုံးအဖြတ်၌လည်း ဖော်ပြပါ မဟာစည် ဆရာတော်အတိုင်းပင် ဆုံးဖြတ်တော်မူကြသော အဆုံးအဖြတ်များ ကိုလည်းကောင်း၊ ၎င်းပြင်တွေ့ရှိ သိရသော ဆရာတော်ဦးဗုဓ် သမုတ်ခဲ့သော မောင်းထောင်ရွာအနီး ရှင်မထီးသိမ်, ပြည်မြို့ မူလတက္ကသိုလ်ဆရာတော် သမုတ်ထားသော လေသာတောင်သိမ်နှင့် ရန်ကုန်မြို့ ပုဇွန်တောင် အရှင်အာဒိစ္စဝံသ ဆရာတော် သမုတ်ခဲ့သော ၎င်း ကျောင်းတိုက်တွင်း သိမ် စသည် သာဓကများနှင့် အရှင်အာဒိစ္စ–ဝံသ ဆရာတော် ရေး သီမသင်္ဂဟပါဠိနိဿယတွင် ဖော်ပြထားသော ပါဠိတော်၏ ပဒတ္ထ–ဝါကျတ္ထ–ပိဏ္ဍတ္ထ အကောက်အယူအဆ စသည် တို့ကို မဟာပရိနိဗ္ဗာနသုတ်လာ ဗုဒ္ဓညွှန်ပြ မဟာပဒေသနည်းအတိုင်း သုတ္တ–ဝိနယ ၌ သွင်းညှိယူဆပြီး ဤကိစ္စ၌ ဝိဝါဒကွဲရင်းဖြစ်သော ဝဂ်ဖြစ် မဖြစ် ငြင်းချက် တစ်ချက်မျှကိုသာ ပွင့်လင်းစွာ ရှင်းလင်း ရန်လိုအပ်၍ ၎င်းကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါသည်၊ ယင်းသို့ဖြစ်ရာ ဤအယူအဆထက် ပိုမိုမှန်ကန်သော ပါဠိတော်ပမာဏပြု အယူအဆ ရှိသေးသည်ဟု ဖော်ပြနိုင်လျှင် ၎င်းအယူအဆကို ရိုသေကျိုးနွံစွာ လိုက်နာကျင့်သုံးပါမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားအပ်ပါသည် ဘုရား။

(အရှင်ပုညာစာရ)
စုဒိတကဆရာတော်
ရတနာမာရ်အောင်ရွာဦးကျောင်း
ရှမ်းစုကြီးကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်း။

# ဝိနိစ္ဆယအမိန့်ချမှတ်ရန်
# နိုင်ငံတော် သီးခြားခိုရ်အဖွဲ့အမှတ်(၉) တည်ရာဌာနသို့
# စောဒက/ စုဒိတက ကြွ/လာ ရောက်ရန်
# ပင့်လျှောက်/ဆင့်ခေါ်စာ
(ဒုတိယအကြိမ်)

[ လုပ်ထုံးလုပ်နည်းများအပိုဒ် ၃၅ ]

၁၃၄၉–ခုနှစ်၊ ဝိနည်းဓမ္မကံမှုခင်း အမှတ်(၉)

စောဒကများဖြစ်သော ရန်ကုန်တိုင်း ကော့မှူးမြို့နယ် လက်ခိုက်ရွာ ငြိမ်းကျောင်း, ဦးပဒုမ၊ ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကလေးရွာ တောင်ပေါ်ကျောင်း ဦးအာစရ၊ တွံတေးမြို့ ဈေးကျောင်း၌ ဦးပဏ္ဍိတနှင့် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာအုပ်စု ရတနာမာရ်အောင် ရွာဦးကျောင်း၌ သီတင်းသုံးနေထိုင်သော စုဒိတက ဦးပုညာစာရတို့၏ သိမ်သမုတ်ကိစ္စ၌ ဖြစ်ပွားသော ဝိဝါဒါအဓိကရဏ်း မှုခင်းအတွက် စောဒက,စုဒိတကဆရာတော် ပါ(၄)ဦးတို့သည် ၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ (၂၅. ၂. ၈၈) ကြာသပတေးနေ့ နံနက် ၈–နာရီ အချိန်တွင် ဤသံဃဝိနိစ္ဆယဌာန ကမ္ဘာအေးသို့ ကိုယ်တိုင်ကြွရောက်ကြရမည်။ ယင်းနေ့တွင် နိုင်ငံတော် သီးခြား ဝိနည်းခိုရ် အဖွဲ့ အမှတ်(၉) ဝိနိစ္ဆယ ဆုံးဖြတ်ချက်ချမှတ်ပါမည်။

၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း ၁–ရက်(၁၇. ၂. ၈၈) ဗုဒ္ဓဟူးနေ့တွင် ဤသံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

မှတ်ချက်။ စောဒကနှင့် စုဒိတကပုဂ္ဂိုလ်တို့သည် ၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် (၂၄၊ ၂၊ ၈၈)နေ့တွင် ဤနိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၉)သို့ ကြိုတင်သတင်းပို့ရန်။

ဘဒ္ဒန္တတိဿ
သဘာပတိဆရာတော်
နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)
တည်ရာဌာန အပရဂေါယာနကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

ရက်စွဲ။ ၁၈၊ ၂၊ ၈၈။

## ၁၃၄၉-ခုနှစ်၊ တပေါင်းလဆန်း(၉)ရက် (၂၅.၂.၈၈)ကြာသပတေးနေ့တွင် အပရဂေါယာနကျောင်းဆောင်၌ ကျင်းပသော သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ

# အခမ်းအနားအစီအစဉ်

၁။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၉) ဆရာတော်များက မေတ္တာသုတ် ပရိတ်တော်ကိုရွတ်ဖတ်၍ ဝိနိစ္ဆယချမှတ်မည့် အခမ်းအနားကို ဖွင့်လှစ်ရန်၊

၂။ ချမှတ်သော ဝိနိစ္ဆယကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များကို သာသနာရေးဦးစီးဌာနက ရှင်းလင်း လျှောက်ထားရန်၊

၃။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) သဘာပတိ ရန်ကုန် တိုင်း၊ ဗဟန်းမြို့နယ်၊ ကျိုက်သီမွန်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရား က အဖွင့်ဩဝါဒကထာမြွက်ကြားရန်၊

၄။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) ဆရာတော်များက ဝိနိစ္ဆယ(ဆုံးဖြတ်ချက်)စာမူကို ဖတ်ကြားတော်မူရန်၊

၅။ ဝိနိစ္ဆချမှတ်ပြီးနောက် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) သဘာပတိဆရာတော်က စောဒကနှင့် စုဒိတကဆရာတော်များ အား ဩဝါဒကထာ မြွက်ကြားရန်၊

၆။ သာသနာရေးဦးစီးဌာနက စောဒက စုဒိတကဆရာတော်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပင့်ဆောင်သွားရန်။

---

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)
ဝိနိစ္ဆယမချမီ သဘာပတိဆရာတော်၏

**အဖွင့်ဩဝါဒမိန့်ခွန်း**

၁၃၄၉-ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်
၁၉၈၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်
သာသနာသက္ကရာဇ် ၂၅၃၁-ခုနှစ်

ယနေ့ ယခုအချိန်ကစပြီးတော့ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) ဝိနည်းဓိုရ်ဆရာတော်များက ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်း သိမ်သမုတ်ခြင်းနှင့် ပတ်သက်၍ ဖြစ်ပွားသော ဓမ္မ-အဓမ္မ, ဝိနယ-အဝိနယ ဝိဝါဒဓိကရုဏ်းမှုခင်းကို ဝိနိစ္ဆယ စတင်ချမှတ်မှာဖြစ်ပါတယ်။

ယင်းဝိနိစ္ဆယသည် သက်ဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသည် တို့ကိုလည်းကောင်း၊ စောဒကပုဂ္ဂိုလ်တို့၏ စောဒနာလွှာကိုလည်းကောင်း၊ စုဒိတကပုဂ္ဂိုလ်၏ သောဓနာလွှာ စသည်တို့ကိုလည်းကောင်း အကြိမ်ကြိမ် အထပ်ထပ် သုံးသပ်လေ့လာ စိစစ်ဝေဖန်၍ နိုင်ငံတော်သီခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)က ဓမ္မဝိနယနှင့်လျော်ညီစွာ ချမှတ်ထားသော ဝိနိစ္ဆယဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) ဆရာတော်များက ဝိနိစ္ဆယစာမူများကို ဖတ်ကြားသောအခါ စောဒက-စုဒိတကဆရာတော်များက သင့်တင့်ကောင်းမြတ်သော ယောနိသော-မနသိကာရဖြင့် ကြားနာကြရန် ဩဝါဒစကား မိန့်ကြားအပ်ပါသည် ဘုရား။

ဘဒ္ဒန္တတိဿ
(အဂ္ဂမဟာပဏ္ဍိတ)
သဘာပတိဆရာတော်

# နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)
# သီမာဝိနိစ္ဆယကထာ
## နိဒါန်း

နမော မဟာကရုဏိကဿ တဿ။

အထက်ပါစကားသည် ဝိနည်းအဋ္ဌကထာတို့တွင် အစစွာသော ပါရာဇိကဏ်အဋ္ဌကထာလာ ပဏာမစကားဖြစ်၏။ မဟာကရုဏာရှင် ထိုဘုရားသခင်အား ရှိခိုးပါ၏-ဟု ဆိုလို၏။ ဤမဟာ-ကာရုဏိကဟူသော ဝိသေသနဂုဏ်ပုဒ်၌ အဓိပ္ပါယ်ကျယ်ဝန်း နက်ရှိုင်းစွာ ပါဝင်နေရာ ထိုအချက်ကို ရှင်းပြလိုပေသည်။ အဘိဓမ္မာအဖွင့် အစစွာသော အဋ္ဌသာလိနီအဋ္ဌကထာ၌ "ကရုဏာဝိယ သတ္တေသု၊ ပညာယဿ မဟေသိနော"ဟု ပဏာမပြုလျက် ကရုဏာကို ပမာထား၍ ပညာဂုဏ်ကို ဦးစားပေး အသုံးပြု၏။ သုတ္တန်အဖွင့် အစစွာသော သီလက္ခန်အဋ္ဌကထာ၌ "ကရုဏာသီတလဟာဒယံ၊ ပညာပဇ္ဇောတ ဝိဟတမောဟတမံ"ဟု မြတ်စွာဘုရား၏ ကရုဏာ ပညာ ဂုဏ် ၂-ပါးတို့ကို ချီးမွမ်းလျက် ပဏာမဂါထာ ရေးသားခဲ့၏၊ ဝိနည်းအဋ္ဌကထာ၌မူ ကျန်ပိဋကအဋ္ဌကထာများနှင့် မတူဘဲ ကရုဏာဂုဏ်ကိုသာ ရှေ့တန်းတင်၍ ချီးမွမ်းထောပနာပြုခဲ့လေသည်။

အကြောင်းကို စိစစ်ရှာဖွေထိုက်၏။ ဤဝိနည်း (ဝါ) ဤသိက္ခာပုဒ်ကို ပညတ်ခြင်း၌ ရဟန်းရှင်လူတို့၏ အလိုစရိုက်အာသယတို့ကို မငဲ့ကွက်ဘဲ ကရုဏာတော်သက်သက်ဖြင့် သာမန်လူများပင် မကြားထိုက်သည်ကို ကြားနာတော်မူလျက်, မမေးထိုက်သည်ကို မေးတော်မူလျက်, မဟောထိုက် မပြောထိုက်သည်ကို ဟောပြောဆုံးမလျက် ဘုရား

ရှင်သည့် သိက္ခာပုဒ်တို့ကို ပညတ်တော်မူရလေသည်။ ထို့ကြောင့် ကရုဏာဂုဏ်တစ်ပါးကိုသာလျှင် ထုတ်ဖော်ချီးမွမ်းခြင်းဖြစ်၏။

(ဝဇိရ-၁၀)

ဂုဏ်အားလုံးထက် မြတ်သောကြောင့်လည်းကောင်း၊ အရင်းအမြစ်ဖြစ်သောကြောင့်လည်းကောင်း၊ ကရုဏာဂုဏ်တစ်ပါးကိုသာ အရှင်မဟာဗုဒ္ဓဃောသသည် ဆို၏ဟုလည်း အဓိပ္ပာယ်တစ်မျိုးလာသေး၏။

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ-

ဟူသော ပုဗ္ဗဏှသုတ်ပရိတ်၌ လာသည့်အတိုင်း သတ္တဝါတို့အကျိုးငှာ ပါရမီဖြည့်ကျင့်၍ ဘုရားအဖြစ်သို့ရောက်တော်မူခြင်းသည် မဟာကရုဏာတော်မှ မြစ်ဖျားခံလာသည်ကို ထင်ရှားစွာသိမြင်နိုင်ရကား အထက်ပါ သဗ္ဗဂုဏာသေဋ္ဌ, သဗ္ဗဂုဏမူလ ဟူသော အကြောင်းပြချက်များသည်လည်း မှန်ကန်သည်ပင်ဖြစ်၏။ အသာဓာရဏဉာဏ်တော် (၆)ပါးတို့တွင် ပါဝင်သည့် မဟာကရုဏာဉာဏ်တော်ကို ယူလိုက် ဆိုလိုက်က သဟာစရဏနည်းအားဖြင့် (၆)ပါးလုံးရသောကြောင့် မဟာကရုဏာဂုဏ်တစ်ပါးကိုသာ ဆိုကြောင်း "ဝဒန္တိဝါဒ" ရှိသေး၏။ ယုတ္တိရှိ၍ လက်ခံသင့်သည်ပင်တည်း။ (ဝဇိရ-၁၀) မဟာကရုဏာတော်သည် ဘုရားဆုတောင်းသည်မှ စ၍ ဘုရားအဖြစ်သို့ ရောက်သော အခါ ဝေနေယျတို့ကို ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ပို့ဆောင်ပြီး၍ ပရိနိဗ္ဗာန်စံဝင်သည်အထိ ဘုရားအလောင်း သန္တာန်, ဘုရားရှင့် သန္တာန်တော်၌ ကိန်းအောင်းတည်ရှိလေသည်။　　　　**(ဝဇိရ-၈)**

## ''ကရုဏာမသိ၊ ပြစ်မှားမိ၊ ကွယ်၏သာသနာ''

ထိုမျှရှည်လျားစွာ ရှင်းပြခြင်းသည် ဘုရားရှင်၏ ဝိနည်းပိဋကတ်တော်ကို ဟောတော်မူခြင်း၌ မဟာကရုဏာ၏ ပဓာန အရေးပါပုံကို ပြလိုသောကြောင့်ဖြစ်ပါသည်။ ဘုရားရှင်သည် ဆောင်ရန်နည်းလမ်း၊ ရှောင်ရန်စည်းကမ်းဟူသော စာရိတ္တ ဝါရိတ္တ သိက္ခာပုဒ်တို့ကို ပညတ်တော်မူရာ ကရုဏာရှေ့ထား၍ ဟောကြားပညတ်ကြောင်း သဘောပေါက်ဖို့လိုပါသည်။ ထိုသို့သဘောမပေါက်သဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်ပြု၍ (၇)ရက်မြောက်မှာပင် သုဘဒ်ရဟန်းကြီးက ''တို့တတွေ ရှင်ဂေါတမ လက်မှ လွတ်မြောက်ပြီ, ရှင်ဂေါတမက ဟိုဟာအပ်သည်- သည်ဟာမအပ် စသည့် စည်းကမ်းချက်တွေထုတ်ပြီး တို့ကို အင်မတန် နှိပ်စက်ခဲ့သည်၊ ယခု သူမရှိတော့၊ တို့လုပ်ချင်ရာ လုပ်နိုင်ပြီ''ဟု ပြောကြားခဲ့၏။ ထိုစကား ကြားရသော အရှင်မဟာကဿပမထေရ်သည် ဓမ္မသံဝေဂ ပြင်းစွာရလျက် သင်္ဂါယနာ တင်ရသည်အထိ ကြီးကျယ်လာပေသည်။ ဘုရားရှင်က ဝိနည်းသိက္ခာပုဒ် ပညတ်တိုင်း ပညတ်တိုင်း မိမိတို့အား ကရုဏာထားသောကြောင့်သာ ပညတ်သည်။ နှိပ်စက်လို, ချုပ်ချယ်လို, တင်းကြပ်လိုသောကြောင့် ပညတ်သည်မဟုတ်ဟု သိမြင်မှသာ ''ဝိနယော သံဝရတ္ထာယ၊ သံဝရော အဝိပ္ပဋိသာရတ္ထာယ ။ပ။ ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ'' (ဝိ-၅၊၂၈၈)နှင့်အညီ ဝိနည်းသိက္ခာပုဒ်သည် စောင့်ရှောက်ရခြင်းအကျိုးရှိ၏၊ စသည်ဖြင့် ပရိနိဗ္ဗာန်စံဝင်ရသည်အထိ အဆက်ဆက်သော အကျိုး(၁၃)ပါးတို့ကို လိုလားတောင့်တ အာသီသဖြင့် ရဟန်းသာမဏေတို့ ကျင့်သုံးလိုက်နာကြကုန်၍ သံဃသုဋ္ဌု သံဃဖာသု စသော လက်ငင်းအကျိုး(၁၀)ပါး

တို့ကိုလည်း မရှိခံစားနိုင်ကြပေသည်။ [အကျိုး ၁၀–ပါးအကျယ်ကို (ဝိ၊ဋ္ဌ ၁၊၁၈၉၊)ကိုကြည့်ပါ]။

အရှင်မဟာကဿပက မည်သည့်ပိဋကတ်ကို ဦးစွာ သင်္ဂါ–ယနာ တင်ရမည်နည်းဟု မေးမြန်းသောအခါ "ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ" ဝိနည်းသည် သာသနာ့အသက် ဝိနည်းတည်က သာသနာတည်၏၊ ထို့ကြောင့် ဝိနယပိဋကတ်ကို ရှေးဦးစွာ သင်္ဂါယနာတင်သင့်ပါကြောင်း ရဟန်းအပေါင်းတို့၏ အကြံပြုချက်, တိုက်တွန်းလျှောက်ထားချက်ကို ထောက်ဆက ဝိနည်းသည် မည်မျှအရေးကြီးကြောင်း, ဝိနည်းပျက်က သာသနာပျက်မည်သာဖြစ် ကြောင်း ထင်ထင်ရှားရှား သိမြင်နိုင်ပေသည်။

## ဝိနည်းမှာသိမ် သဒ္ဒါမှာလိင်

အထက်ပါစကားမှာ ကျမ်းတတ်ပုဂ္ဂိုလ်တို့၏ ဆိုရိုးစကားဖြစ်၍ စတင်ပေါ်ပေါက်လာသည်မှာ နှစ်ပေါင်း(၂၀၀)ခန့်ရှိပြီဟု ခန့်မှန်းရ၏။ "ဝိနည်း၌ သိမ် နားလည်ဖို့ အခက်ဆုံး၊ သဒ္ဒါ၌ လိင် နားလည်ဖို့ အခက်ဆုံး" ဟု အဓိပ္ပာယ်ထွက်၍ ဦးပုညာစာရေး၏ "နိမိတ်သတ်မှတ် ကမ္မဝါဖတ် သိမ်ဖြစ်သည်" ဆိုသော အယူဝါဒသာ မှန်ကန်ခဲ့လျှင် အထက်ပါဆိုရိုး ပေါ်ပေါက်မည်မဟုတ်ပေ။ သဗ္ဗညုဘုရားရှင်သည် ၄၅–ဝါ ကာလပတ်လုံး လူနတ်ပြဟ္မာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလျက် ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှာ နှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့ပြီဖြစ်ရာ မြတ်စွာဘုရား၏ သာသနာတော်ကို ဖျက်ဆီးမည့် မိစ္ဆာဝါဒ ပေါ်ပေါက်လာတိုင်း သာသနာ့သူရဲကောင်း မထေရ်မြတ်တို့သည် ထိုမိစ္ဆာဝါဒအန္တရာယ်မှ ကာကွယ်ရန် သင်္ဂါယနာ

တင်ခဲ့ရလေသည်။

ပါဠိတော်သက်သက်ဖြင့် ဘုရားရှင်အလိုတော်ကို နေရာတကာ မှန်ကန်စွာသိနိုင်ပါသလော–

အထက်ပါအမေးကို ပိဋကနိကာယ်အားလုံးနှင့် သက်ဆိုင်အောင် ဖြေဆိုရပါလျှင် အင်မတန် ကျယ်ဝန်းမည်ဖြစ်၍ ဝိနယပိဋက အတွက်သာဖြေရှင်းပါမည်–

**''တဿံ ပန သိက္ခာပဒေ စ သိက္ခာပဒဝိဘင်္ဂေ စ သကလေ စ ဝိနယဝိနိစ္ဆယေ ကောသလ္လံပတ္ထယန္တေန စတုဗ္ဗိဓော ဝိနယော ဇာနိ တဗ္ဗော။** (ဝိဋ္ဌ၊ ၁၊၁၉၅။)

သိက္ခာပုဒ်၌လည်းကောင်း၊ သိက္ခာပုဒ်၏ ဝိဘင်း၌လည်း ကောင်း၊ အလုံးစုံသော ဝိနည်းအဆုံးအဖြတ်၌လည်းကောင်း၊ ကျွမ်းကျင် လိမ္မာမှုကို တောင့်တသူသည် (တတ်ကျွမ်းလိုသူသည်) ဝိနည်း ၄– ပါးကို သိရမည်။ ယင်း ၄–ပါးကား–

(၁) သုတ္တ = အလုံးစုံသော ဝိနည်းပါဠိတော်၊

(၂) သုတ္တာနုလောမ= မဟာပဒေသ ၄–ပါး၊

(၃) အာစရိယဝါဒ = သင်္ဂါယနာတင် ရဟန္တာအရှင်မြတ်(၅၀၀)ပါး တို့၏ ပါဠိတော်မှ အလွတ်ဖြစ်သော အဋ္ဌကထာများ၊

(၄) အတ္တနောမတိ = နည်းယူမှန်းဆသော ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြောဆိုခြင်း၊

ဤလေးပါးတို့အနက် သုတ္တာနုလောမအရ မဟာပဒေသ ၄– ပါးကို ဖော်ပြပါမည်။

(၁) ငါဘုရားက မအပ်ဟု မတားမြစ်သော်လည်း မအပ်စပ်မှုနှင့် ဆီလျော်၍ အပ်စပ်မှုကို တားမြစ်ပိတ်ပင်အံ့၊ ထိုအရာ ထိုအချက်သည် သင်တို့အဖို့ မအပ်။

(၂) ငါဘုရားက မအပ်ဟု မတားမြစ်သော်လည်း အပ်စပ်မှုနှင့် ဆီလျော်၍ မအပ်စပ်မှုကို တားမြစ်ပိတ်ပင်အံ့၊ ထိုအရာ ထို အချက်သည် သင်တို့အဖို့ အပ်စပ်သည်။

(၃) အကြင်ဝတ္ထု အကြင်ကိစ္စကို ငါဘုရားက အပ်သည်ဟု ခွင့်မပြု သော်လည်း ထိုဝတ္ထု ထိုကိစ္စသည် မအပ်စပ်မှုနှင့် ဆီလျော်၍ အပ်စပ်မှုကို တားမြစ်ပိတ်ပင်အံ့၊ ထိုဝတ္ထု ထိုကိစ္စသည် သင်တို့ အဖို့ မအပ်စပ်။

(၄) အကြင်ဝတ္ထု အကြင်ကိစ္စကို ငါဘုရားက အပ်သည်ဟု ခွင့်မပြု သော်လည်း ထိုဝတ္ထု ထိုကိစ္စသည် အပ်စပ်မှုနှင့် ဆီလျော်၍ မအပ်စပ်မှုကို တားမြစ်ပိတ်ပင်အံ့၊ ထိုဝတ္ထု ထိုကိစ္စသည် သင်တို့အဖို့ အပ်စပ်သည်။

လိုရင်းကား– ဘုရားရှင်က မအပ်ဟုတားမြစ်ချက် မတား သော်လည်း ဆီလျော် ညီညွတ်သလို အပ်–မအပ်မှတ်ပါ။ ဘုရားရှင်က အပ်ဟု ခွင့်ပြုသော်လည်း ဆီလျော် ညီညွတ်သလို အပ်မအပ်မှတ်ပါ။ (ဝိ ၃၊ ၃၄၉၊ ဝိဋ္ဌ–၁၊ ၁၉၆)

ဤစကားရပ်ဖြင့် ဘုရားရှင်သည် တရားသေ မှတ်မထားရ၊ အခြေအနေ အကြောင်းခြင်းရာအလိုက် သင့်တော်သလို မှတ်ယူကြ ဆုံးဖြတ်ကြဟု ဆိုလိုရင်းဖြစ်ရာ မည်မျှ ကြည်ညိုဖွယ်ရာ ကောင်းပါ သနည်း။ ဤဝိနည်း ၄–ပါးကို ထောက်ဆလျှင် ပါဠိတော်သက်သက်

ဖြင့် မလုံလောက်၊ အဋ္ဌကထာ, ဋီကာ, အတ္တနောမတိ အထိ အကြောင်းအရာအလိုက် လိုအပ်ကြောင်း သိသာထင်ရှား၏၊ ပါဠိတော်ဖြင့် ထင်ရှားလျှင် အဋ္ဌကထာဖွင့်လေ့မရှိ (ဥတ္တာနတ္ထမေဝ) ပေါ်လွင်သော အနက်ရှိသည်သာဟု ဆိုလေ့ရှိ၏။ မထင်ရှားသောနေရာ အယူအဆခက်သောနေရာ အဓိပ္ပာယ်ငုတ်သောနေရာတို့၌ ဖွင့်မြဲဖြစ်၏။ ဋီကာက အဋ္ဌကထာကို ဖွင့်ရာ၌လည်း နည်းတူမှတ်ပါ။ ပါဠိတော်သက်သက်ဖြင့် သိနိုင်သောဌာနများရှိသကဲ့သို့ အဋ္ဌကထာ ဋီကာများ အကူညီရမှ သိနိုင်သော အရာဌာနများလည်း ရှိကြောင်း ထင်ရှားသိသာလှပေသည်။

## ဒေသနာတော်၏ နာနာနယဂမ္ဘီရဖြစ်၍ ဘုရားရှင်အလိုတော် သိနိုင်ရန် အဋ္ဌကထာဋီကာများလိုအပ်ပုံ

ဘုရားရှင်သည် နည်းအမျိုးမျိုးဖြင့် ဟောထားသောကြောင့် သိမ်မွေ့နက်နဲခက်ခဲလှသော ဒေသနာတော်၏ ဆိုလိုရင်းအဓိပ္ပာယ်မှန် သိနိုင်ရန် မုချတ္ထ–ဥပစာရတ္ထ နီတတ္ထ–နေယျတ္ထ ဥဇုကတ္ထ–ဝင်္ကတ္ထ စသည်တို့ကို ရသင့်သလိုဝေဖန်၍ အဋ္ဌကထာ,ဋီကာတို့က ဖွင့်ဆိုကြပေသည်။ ဥပမာ–ပါဠိတော်၌ မုချတ္ထယူရမည်ကို ဥပစာရတ္ထမှတ်ယူသော်လည်းကောင်း၊ ဥပစာရတ္ထယူရမည်ကို မုချတ္ထယူသော် လည်းကောင်း၊ နီတတ္ထယူရမည်ကို နေယျတ္ထယူသော်လည်းကောင်း၊ နေယျတ္ထယူရမည်ကို နီတတ္ထယူသော်လည်းကောင်း၊ ဤသို့စသည်ဖြင့် အနက်မှား အကောက်အယူမှားခဲ့ပါလျှင် ဘုရားရှင်အာဘော်နှင့် ကွာဝေးပြီးလျှင် အပါယ်ဘေးဆိုက်သည်အထိ ဒုက္ခရောက်နိုင်ပေသည်၊ ထို့ကြောင့်ပင် အဋ္ဌကထာ ဋီကာတို့က ဤကား မုချတ္ထ, ဤကား ဥပစာရတ္ထ (ဝါ) ပရိယာယတ္ထ, ဤကား နီတတ္ထ, ဤကား နေယျတ္ထ စသည်ဖြင့်

နောင်လာနောက်သား အယူမမှားရအောင် ဖွင့်ဆိုသည် ဖြစ်ရာ အဘယ်မှာလျှင် မလိုအပ်ဘဲ ရှိပါမည်နည်း။ ကေန်မုချ လိုအပ်သည် သာဖြစ်ပါ၏၊ ပါဠိတော်မသိလျှင် အဋ္ဌကထာနှင့် ညှိရမည်၊ အဋ္ဌကထာ မသိလျှင် ဋီကာနှင့်ညှိရမည်၊ ဘုရားရှင်ပါဠိတော် ဆိုလိုရင်းကို မှန်ကန် စွာသိသော ဉာဏ်ကြီးရှင် ပုဂ္ဂိုလ်ဖြစ်ခဲ့ပါမူ အဋ္ဌကထာ, ဋီကာ လိုအပ် မည်မဟုတ်။ သိမ်ကိစ္စဆိုင်ရာ ကျမ်းဂန်အဆုံးအဖြတ်တို့၌ ပါဠိတော် အဋ္ဌကထာ ဋီကာတွေက ပိုများနေသည်ကို လေ့လာသူတိုင်း တွေ့ကြပါ လိမ့်မည်။ ဦးပုညာစာရ၏ အဋ္ဌကထာ ဋီကာဝါဒ တွေကို မယုံကြည်, လက်မခံ၊ ပါဠိတော်သာ ပမာဏပြု လက်ခံသည်ဟူသော အဆိုအမိန့် ကို တသီးတခြား ဝေဖန်သုံးသပ်မည် ဖြစ်၍ ကြိုတင် သိရှိထားနိုင်ရန် ဤနိဒါန်း၌ ယခုကဲ့သို့စကားမျိုး ရေးသားရ ခြင်းဖြစ်ပေသည်။

**မိစ္ဆာ,မန္တန်၊ မာတုဂါမ်၊ ဖော်လှန်မတင့်တယ်။**

**တရား–နေ–လ၊ ဤသုံးဝ၊ ဖုံးကမတင့်တယ်။**

အထက်ပါ သံပေါက် ၂–ပုဒ်သည် အင်္ဂုတ္တိုရ် တိကနိပါတ် တတိယပဏ္ဏာသက ၃–ခုမြောက် ကုသိနာရဝဂ်၌ ကိုးခုမြောက် ဖြစ်သော ပဋိစ္ဆန္နသုတ်(အံ–၁၊ ၂၈၆)ကို ဆောင်လွယ်ရန် စီကုံးထား သော သံပေါက်ကဗျာဖြစ်၏။ မိစ္ဆာအယူသည်လည်းကောင်း, ပုဏ္ဏား တို့၏ မန္တန်သည်လည်းကောင်း, မာတုဂါမသည်လည်းကောင်း ဖော် ထားပါက ပေါ်လွင်ထင်ရှားနေပါက မတင့်တယ်၊ မသင့်မြတ်၊ မလျောက်ပတ်၊ ဘုရားရှင်၏ ဓမ္မဝိနယ, နေ, လ ဤသုံးပါးကို ဖုံးကွယ်ထားပါက မတင့်တယ်, မသင့်မြတ်, မလျောက်ပတ်ဟု မတင့် တယ်သော အဖုံး ၃–ပါး၊ အဖော် ၃–ပါးကို ညွှန်ပြခြင်းဖြစ်၏။ ဗျတိရိက်အားဖြင့်–

**မိစ္ဆာ,မန္တန်၊ မာတုဂါမ်၊ ဖုံးရန်သင့်တော်၏။**
**တရား–နေ–လ၊ ဤသုံးဝ၊ ဖော်ကတင့်တယ်၏။**

ဟူသော သင့်တင့်လျောက်ပတ် ကောင်းမြတ်တင့်တယ်သော အဖုံးအဖော် သုံးပါးတို့သည်လည်း ပြဆိုပြီးဖြစ်တော့သည်၊ သာသနာရေးနှင့် ဆက်စပ်သည်ကို ဖော်ပြရလျှင် ပါဠိ အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သော မိစ္ဆာအယူတို့ကို မဖော်ရ၊ မပေါ်ပေါက်စေရ၊ မဖော်နိုင်အောင် မပေါ်ပေါက်ရအောင် ဖုံးရမည်၊ တားမြစ်ပိတ်ပင်ရမည်၊ ဘုရားရှင်၏ ဓမ္မဝိနယကို မဖုံးရ၊ မတိမ်မြုပ် မပျောက်ကွယ်စေရ၊ ဖော်ရမည်၊ ထွန်းပြောင် ပြန့်ပွားစေရမည်၊ သို့မှသာ တင့်တယ်မည်၊ ကျက်သရေရှိမည်–ဟူသော အဓိပ္ပာယ်လည်း ပါဝင်ပြီး ဖြစ်တော့သည်။

ယခုအခါ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကြွေးကြော်သံပေး၍ သံဃာအဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့ကာ ဓမ္မဝိနယနှင့် မညီညွတ် မသင့်တော် မလျော်ကန်သည်များကို ဥပဒေ ကြေငြာချက် အမျိုးမျိုးဖြင့် တားမြစ်ပိတ်ပင်ခြင်း၊ တိပိဋက–ဓမ္မာစရိယ ပထမပြန်–ယဉ်ကျေးမှု စာမေးပွဲ အမျိုးမျိုးဖြင့် ပရိယတ္တိ ထွန်းကားလာအောင် ဓမ္မဝိနယ ထွန်းပြောင်လာအောင် အင်တိုက်အားတိုက် ဆောင်ရွက်ခြင်းဟူသော လုပ်သင့်လုပ်ထိုက်သော အဖုံးအဖော် ၂–မျိုးကို အကောင်အထည်ဖော်နေသော အချိန်ဖြစ်လေသည်။ ထိုကဲ့သို့သော အချိန်မျိုးတွင် ဝိနယဂရုက မထေရ်အဆက်ဆက် လက်ခံလာခဲ့သော ခဏ္ဍသိမ်ဆိုလျှင် ဝိသုံဂါမသိမ်, နယ်သိမ်းသိမ် နှစ်မျိုးနှစ်စားသာ ရှိသည်ဟူသော လမ်းမှန် လမ်းရိုးကို ချိုးဖဲ့လျက် နိမိတ်သတ်မှတ်၍ ကမ္မဝါစာဖတ်လျှင် သိမ်ဖြစ်သည်။ ဝိသုံဂါမ သိမ်မိန့်ခံရန်မလို၊ နယ်သိမ်းရန်မလို–ဟု တတိယသိမ်အမျိုးအစား တီထွင်

လျက် သာသနာတော်တစ်ရပ်လုံးကို စိန်ခေါ်လိုက်သော မိစ္ဆာမှောင်ရိပ်ကြီး ကျရောက်လျက်ရှိရာ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၉)သည် အထက်ပါ အမှောင်ရိပ်ကို ပယ်ရှားလျက် ဓမ္မဝိနယ တရားအရောင် ထွန်းပြောင်စိမ့်သောငှာ ဤသိမာဝိနိစ္ဆယကို ကြိုးပမ်းအားထုတ် ဆောင်ရွက်မည်ဖြစ်ကြောင်း နိဒါန်းစကား ရေးသားလိုက်ရပေသတည်း။

❖❖❖

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်( ၉ )
# သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ

-------------

## အမှုဖြစ်ပွားခြင်း အကြောင်းရင်း အကျဉ်းချုပ်

၁။ ၁၃၃၉–ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် ညဉ့်အချိန်၊ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်း အာရာမ်အတွင်း၌ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာ မာရ်အောင် ရွာဦးကျောင်း ဆရာတော် ဦးပုညာစာရက ဦးဆောင်၍ သိမ်သမုတ်ခဲ့လေသည်။

၂။ ၎င်းသိမ်သမုတ်ချိန်၌ ပေကုန်းကျေးရွာ ဒါယကာ ဦးမောင်ခင်၏ လယ်တဲတွင် ဦးသောဘိတနှင့် ဦးမုနိန္ဒတို့သည် ညအိပ် ကျိန်းစက်နေကြ၏။ (ဒါယကာများက တိုင်းသံဃနာယကအဖွဲ့သို့ တိုင်ကြားသော (၅–၂–၈၆)နေ့စွဲပါစာ၌မူ ဦးပညောဘာသ တော်ခရမ်း လေးရွာ၊ တောင်ပေါ်ကျောင်း ဦးအာစာရ ၂–ပါးတို့က သိမ်သမုတ်ခြင်း ပျက်ပြား၍ မအောင်မြင်နိုင်စေရန် နယ်ကျော်၍ ညကျိန်းစက် ပြုလုပ် ခဲ့သောကြောင့်ဟု ပါရှိ၏) ဦးပုညာစာရက တိုင်းသံဃနာယကအဖွဲ့ သို့ (၁၀–၃–၈၆)နေ့စွဲပါ ပေးစာတွင်မူ ထိုသိမ်သမုတ်စဉ်က တောင်ပေါ် ဦးအာစာရ၊ ဦးပညော၊ သိန်းလွင် (ခေါ်)ဦးသောဘိတ၊ ၎င်း ၃–ပါး တို့ ဤဂါမခေတ် တဲတစ်လုံးမှာ လာအိပ်ကြကြောင်းပါရှိ၏။ သိမ် သမုတ်ရာ ဂါမခေတ်အတွင်း ရောက်နေသော ဦးမောင်ခင်၏လယ်တဲ၌ ညအိပ်ကျိန်းစက်ရန် ကြွလာသော ဦးသောဘိတ၊ ဦးမုနိန္ဒတို့ကို

ဦးပုညာစာရ ဦးဆောင်သော သိမ်သမုတ်မည့်သံဃာတို့က ဆန္ဒ တောင်းခံခြင်းလည်းမရှိ၊ ကတ္တုပါသ်သို့ ပင့်ဆောင်ခြင်းလည်း မရှိ၊ ဂါမခေတ် ပြင်ပသို့ သိမ်သမုတ်ချိန် ကြွရောက်နေပါဟု လျှောက်ထား ခြင်းလည်းမရှိချေ။ ထိုသတင်းမှာ ရွာထဲ၌ အတော်ပျံ့နှံ့သွားသည့်ပြင် ရဟန်းလောက၌လည်း ထိုသိမ် အောင်-မအောင် အငြင်းစကား ဖြစ်ပွားကြ၍ သိမ်သမုတ်ပွဲပြုလုပ်သော ဒါယကာ-ဒါယိကာမများမှာ လည်း သိမ် အောင်-မအောင် တိတိကျကျ သံသယကင်းကင်း သိလိုသော စိတ်ဆန္ဒ ပြင်းစွာ ဖြစ်ပွားလာကြကုန်၏။

၃။ ထိုသိမ်သမုတ်ခြင်းကို သုံးခွကျေးရွာ၊ ဖလန်းကျောင်း ဦးပညောဘာသ က မြို့နယ်ပြည်သူ့ကောင်စီသို့ တိုင်ကြား၍ တားမြစ် ပိတ်ပင်ခဲ့ရာ မြို့နယ်ကောင်စီထံ သွားရောက် စုံစမ်းမေးမြန်းကြ၏၊ ကောင်စီက ပြဿနာဖြစ်ပွားမည်စိုး၍ အဆောက်အအုံများ တိုးချဲ့ ဆောက်လုပ်ခြင်း၊ ဖျက်ဆီးခြင်းမပြုရန်အတွက်သာ တားမြစ်ခြင်း ဖြစ်ကြောင်း၊ သိမ်သမုတ်သည်ကို တားမြစ်ခြင်းမဟုတ်ကြောင်း၊ ရှင်းလင်းပေးခဲ့၍ သိမ်သမုတ်ပွဲ ပြီးစီးသွား၏။(အထူးမှတ်ရန်- ထိုအချိန်က သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်မပေါ်ပေါက်သေးပေ။)

၄။ ထိုသို့ သိမ်သမုတ်ပွဲပြီးသော်လည်း အဆောက်အအုံ ဆောက်လုပ်ရန်ကိစ္စ ကျန်ရှိနေရာ ဤသိမ် အောင်-မအောင် သံသယ မှာ ဒါယကာ-ဒါယကာမများ၏ စိတ်အစဉ်၌ ဝင်ရောက်ပူးကပ်လျက် ရှိသဖြင့် သိမ်ကျောင်း အဆောက်အအုံ ဖြစ်ပေါ်ရန် အခက်အခဲ တွေ့ကြရ၏။ ရွာသူရွာသား ဒါယကာများတို့သည် မအောင်မြင်သော သိမ်နေရာ၌ အဆောက်အအုံဆောက်လျှင် သိမ်ကျောင်းဖြစ်မလာဘဲ

ရှိမည်ကို စိုးရိမ်ပူပန်ကြ၍ မဆောက်လို–မလှူလို ဆောက်ရာ၌ မပါဝင်လိုကြပေ။

၅။ အထက်ပါအကြောင်းများကြောင့် ဦးအောင်ဆန်း၊ ဦးမောင်ခိုင် တို့က "ပဲခူးကျောင်း သိမ်သမုတ်ပွဲ အထမမြောက်၊ မအောင်မြင်၊ သိမ်မမြောက်ဟု ရွာသူရွာသားများတွင် ကောလာဟလဖြစ်ကာ ယနေ့အထိ ၎င်းသိမ်တွင် အဆောက်အအုံ ဆောက်လုပ်လှူဒါန်းရန် ဝိဝါဒမကင်း ဖြစ်နေကြရပါသည်" ဟူ၍လည်းကောင်း၊ ပဲခူးကျောင်း သိမ်အောင်–မအောင် ဝိဝါဒကို ဆရာတော်များက ရှင်းလင်းပေးနိုင်ခြင်းမရှိပါက တပည့် ဒါယကာ ရွာသူရွာသားများမှာ စိတ်ယန့်မကင်းကြကာ သာသနာ့ဗိမာန် သိမ်ကျောင်း အဆောက်အအုံ တစ်ခုဖြစ်လာရန်လည်း ခက်ခဲနေပါပြီဘုရား"ဟူ၍လည်းကောင်း အကြောင်းပြလျက် ပဲခူးကျောင်း သိမ်အောင်–မအောင် ဝိနည်း ဓမ္မကံနှင့်အညီ အဆုံးအဖြတ်ပေးပါရန် တိုင်းသံဃနာယကအဖွဲ့သို့(၅–၂–၈၆)နေ့စွဲပါစာဖြင့် လျှောက်ထားတိုင်ကြားခဲ့လေသည်။

၆။ ထိုသို့တိုင်ကြား လျှောက်ထားစာအရ ရန်ကုန်တိုင်း သံဃနာယကဆရာတော်တို့သည် (၂၀–၂–၈၆)နေ့၌ တိုင်ကြားသူ ဦးအောင်ဆန်း၊ ဦးမောင်ခိုင်၊ ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်၊ သိမ်သမုတ်ခေါင်းဆောင် ဦးပုညာစာရ, ဦးအာဂမတို့ကို မေးမြန်းဆွေးနွေးရန် ခေါ်ယူပင့်ဆောင်ခဲ့ရာ သိမ်သမုတ်ခေါင်းဆောင် ဦးပုညာစာရနှင့် ဦးအာဂမ ၂–ပါးတို့ မလာရောက်ကြချေ။ လာရောက်သည့်ပုဂ္ဂိုလ်တို့နှင့် ဆွေးနွေးမေးမြန်း စိစစ်ပြီးနောက် သိမ်သမုတ်နေစဉ် ပေကုန်းကျေးရွာ ဦးမောင်ခင် လယ်တဲ၌ ဦးသောဘိတ၊ ဦးမုနိန္ဒ ၂–ပါးတို့ ညအိပ်ကျိန်းစက်သည်မှာ

မှန်ကန်ပါသည်ဟု ဦးအောင်ဆန်း၊ ဦးမောင်ခိုင်တို့က လျှောက်သော ကြောင့်လည်းကောင်း၊ နယ်သိမ်း သိမ်သမုတ်ရာသို့ အထက်ပါ ရဟန်း၂-ပါးကို(ဟတ္ထပါသ်သို့ ပင့်ဆောင်ဖို့ဝေးစွ) ဆန္ဒလည်းမယူ၊ အစောင့်အရှောက်များလည်း ချမထားဘဲ သမုတ်ခြင်းကြောင့်လည်း ကောင်း၊ ယင်းသမုတ်သော သိမ်သည် ဒေသနာတော်အရ မအောင်မြင် ကျိုးပျက်သည်ဟု တိုင်းသံဃနာယကဆရာတော်များက ဆုံးဖြတ်တော်မူကြသည်။

ဂ။ ထိုကဲ့သို့ လျှောက်ထားစာအရ အဆုံးအဖြတ်ပေးခဲ့သော် လည်း ထိုပထမဆွေးနွေးပွဲ၌ ဦးပုညာစာရ၊ ဦးအာဂမတို့ မပါဝင်သဖြင့် ဒုတိယအကြိမ်ဆွေးနွေးပွဲကို (၂၀-၅-၈၆)နေ့၌ ထပ်မံပြုလုပ်ရာ သိမ် သမုတ်ခေါင်းဆောင် ဦးပုညာစာရ၊ ဦးအာဂမက မိမိသည် သိမ်သမုတ် ခေါင်းဆောင်မဟုတ် ပင့်ဖိတ်၍ ကမ္မဝါစာဖတ်သူသာဖြစ်ကြောင်း လျှောက်ထား၍ ဦးပုညာစာရကမူ ပါဠိတော်နည်းအတိုင်း သမုတ် သဖြင့် မှန်ကန်ကြောင်း သိမ်နိမိတ်အတွင်း ရောက်ရှိလာသော ရဟန်းများသည် ဟတ္ထပါသ် စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ သီမာသမ္မုတိကမ္မဝါစာဖတ်၍ သမုတ်ပါက ဓမ္မေနသမဂ္ဂကမ္မဖြစ်၍ အောင်မြင်ကြောင်းစသည်ဖြင့် လျှောက်ထား၏။ တိုင်းသံဃနာယက ဆရာတော်များက ဟတ္ထပါသ်စပ်မှ အောင်မြင်ပါသည်ဟု ပြောသည် ကိုပင် လက်မခံဘဲ ဖွင်းငြင်းနေကာ ''သိမ်သမုတ်ရာ၌ အတိအကျ ယနေ့အထိ အဆုံးအဖြတ်မရှိသေး''ဟူ၍ပင် ဝါးလုံးရှည်ဖြင့်ရမ်း၍ သိမ်အောင်မြင်သည်ဟူ၍သာ အယူသန်နေတော့၏။ တိုင်းသံဃ နာယကများက အထောက်အထား အခိုင်အလုံဖြင့် တင်ပြသည်ကို အလျှော့မပေးဘဲ ငြင်းဆန်မြဲ ငြင်းဆန်နေခဲ့၏။

၈။ တိုင်း သံဃနာယအဖွဲ့သည် ဦးပုညာစာရ၏ အလျှော့ မပေးရေးဝါဒကြောင့် ဤကိစ္စကို နိုင်ငံတော်သံဃမဟာနာယအဖွဲ့သို့ တင်ပြရန် တညီတညွတ်တည်းဆုံးဖြတ်လျက် ဒုတိယအကြိမ် ဆွေးနွေး ပွဲကို ရုပ်သိမ်းတော်မူကြ၏။ (ဤအစည်းအဝေး ၂-ကြိမ်နှင့် ပတ်သက် ၍ တိုင်းသံဃနာယကအဖွဲ့၏ မှတ်တမ်းသည် အမှုခြင်းရာ အပြည့်အစုံ နှင့် နှစ်ဦးနှစ်ဘက် ယူဆချက်များပါဝင်၍ မှတ်သားဖွယ် ကောင်းလှ သဖြင့် အပြည့်အစုံ ဖော်ပြလိုက်ပါသည်။)

## တိုင်းသံဃနာယအဖွဲ့၏ အစည်းအဝေးမှတ်တမ်း

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ပထမ အကြိမ် ၁၃၄၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၁-ရက် (၁၉၈၈-ခု၊ ဖေဖော်ဝါရီလ ၂၀-ရက်)နေ့က ယင်းကိစ္စနှင့်ပတ်သက်၍ ကွမ်းခြံကုန်း မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ သုံးခွကျေးရွာ၊ ဖလမ်းကျောင်း ဦးပညောဘာသ၊ လျှောက် ထားသူ ဦးအောင်ဆန်း၊ ဦးမောင်ခိုင်တို့ကို ရန်ကုန်တိုင်း သံဃနာယက အဖွဲ့ရုံးသို့ ပင့်ဖိတ်ခေါ်ယူ၍ ဆွေးနွေးခဲ့ကြရာ ပေကုန်းရွာ၊ ပဲခူးကျောင်း သိမ်သမုတ်သော ၁၃၃၉-ခု တပို့တွဲလဆန်း(၁၄)ရက်နေ့ည သိမ်သမုတ် နေစဉ် ပေးကုန်းရွာ ဦးမောင်ခင်၏ လယ်တဲ၌ သုံးခွကျေးရွာ၊ ဖလမ်း ကျောင်း မှ ဦးသောဘိတ နှင့် ဦးမုနိန္ဒတို့ ရောက်ရှိနေသည်မှာ အမှန်ဖြစ်ပါသည်၊ ယင်းရဟန်းတော် ၂-ပါးအား ဆန္ဒလည်းမတောင်း၊ တားလည်းမတားမြစ်ခဲ့ပါဟု ဦးအောင်ဆန်း၊ ဦးမောင်ခိုင်တို့က လျှောက် ထားခဲ့ပါသည်။ သို့ဖြစ်၍ ယင်းသမုတ်သောသိမ်ကို တိုင်းသံဃနာယက ဆရာတော်များက မအောင်မြင်ပါဟု ဆုံးဖြတ်ချက်ချတော်မူခဲ့ပါသည်။

၂။ တစ်ဖန် ဒုတိယအကြိမ် ၁၃၄၈–ခု၊ ကဆုန်လဆန်း (၁၂) ရက် (၂၀–၅–၈၆)ရက် အင်္ဂါနေ့ နေ့လယ် (၁)နာရီအချိန်တွင် ပေကုန်းရွာ ပဲခူးကျောင်း သိမ်သမုတ်စဉ်က စိမံခန့်ခွဲခဲ့သော ဦးဆောင်ဆရာတော် ဦးပုညာစာရ၊ တံ့တေးမြို့၊ ရှမ်းစုရွာဦးကျောင်း၊ ကွမ်းခြံကုန်းမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော် ဦးအာဂမ ပျဉ်ထောင်ကျောင်း၊ ကွမ်းခြံကုန်းမြို့တို့ကို ခေါ်၍ ယင်းပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်သမုတ်ခြင်း အောင်–မအောင် ထပ်မံမေးမြန်း စိစစ်ဆွေးနွေးတော်မူကြပြန်ပါသည်။

၃။ ယင်းဆွေးနွေးပွဲ၌ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ အကျိုးဆောင်ဆရာတော်က ဦးအောင်ဆန်း၊ ဦးမောင်ခိုင်တို့၏ လျှောက်ထားခဲ့သော စာကို သိမ်စီမံမှုခေါင်းဆောင် ဆရာတော်ဦးပုညာစာရအား ဖတ်ကြားလျှောက်ပြပါသည်။ ထိုနောက် တိုင်းသံဃနာယက ဆရာတော်များက–

(က) ရပ်ကွက်ပြည်သူ့ကောင်စီတစ်ပိုင်အတွင်းရှိ ကျေးရွာအုပ်စုပြည်သူ့ကောင်စီတစ်ပိုင်အတွင်းရှိ ရဟန်းများကို သိမ်သမုတ်ရာမြေပြင်သို့ပင့်ဆောင်၍ ဟတ္ထပါသ်စပ်နေထိုင်ပြီးမှ သမုတ်ခြင်း၊

(ခ) မကြွရောက်နိုင်သော ရဟန်းများ၏ ဆန္ဒများကိုယူ၍ သမုတ်ခြင်း၊

(ဂ) ဗဒ္ဓသိမ်ရှိပါက မကြွရောက်လိုသော ရဟန်းတော်များကို သိမ်အတွင်းထည့်သွင်း၍ သမုတ်ခြင်း၊

(ဃ) ရပ်ကွက်ကောင်စီတစ်ပိုင်၊ ကျေးရွာအုပ်စုကောင်စီတစ်ပိုင် အတွင်းမှ ထွက်သွားစေ၍ သမုတ်ခြင်း–

ဟု နယ်သိမ်းသိမ်သမုတ်ရာ၌ လုပ်ကိုင်ဆောင်ရွက်ရမည့်အချက် ၄– ချက်ကို လျှောက်ပြပါသည်။

ကေသို့ ဂါမခေတ္တပိ သီမံ ဗန္ဓိတုကာမာ ။ပ။ ဆန္ဒော အာဟရာ ပေတဗ္ဗော။ (ဝိဋ္ဌ၊၃။၃၂၂။)

ဥတ္တိဒုတိယေ စေ ဘိက္ခဝေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေ အနာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ၊ ဝဂ္ဂကမ္မံ။ (ဝိ၊၃၊၄၃၇။)

စသော ပါဠိအဋ္ဌကထာစာများကို ဖတ်ကြားလျှောက်ထားပြပါသည်၊ ယင်းသမုတ်ခြင်း အစီအမံများအရ ဆရာတော်ဦးဆောင်သမုတ်သော ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ် သမုတ်ခြင်း သည် ဖော်ပြပါ ဦးမောင်ခင်လယ်ထဲ၌ ရဟန်းတော်များ အထင်အရှား ရောက်ရှိ ကျိန်းစက်ကြ၍ မအောင်မြင်ပါ–ဟု တိုင်းသံဃနာယက ဆရာတော်များက လျှောက်ထားတော်မူကြ၏။

၄။ သိမ်ခေါင်းဆောင်ဆရာတော် ဦးပုညာစာရက ယင်း ဦးဆောင်သမုတ်သော ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်သည် မပျက်စီးပါ အောင်မြင်ပါသည်–ဟု ဆရာတော်ဦးဗုဓ်သိမ်သမုတ်နည်း၊ ဦးသီလာနန္ဒ (အဘယာရာမ, ရွှေဂူ)သိမ်သင်တန်းများကို ဖော်ပြ ကိုင်စွဲ ထားပါသည်၊ ဆရာတော်က သိမ်နိမိတ်အတွင်းရောက်နေသော သံဃာများ ဟတ္ထပါသ် စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ညီညွတ်စွာ

ကမ္မဝါစာဖတ်၍ သမုတ်ပါက ''ခေမ္မေနသမဂ္ဂကမ္မ''ဖြစ်ပါ၍ ယင်း ဦးစီးသမုတ်သော ထိုသိမ်သည် အောင်မြင်ပါသည်ဟု ထပ်မံစွဲကိုင်လျက် လျှောက်ထားပါသည်။ တိုင်း သံဃနာယက ဆရာတော်များက ဂါမ ခေတ် တစ်ခုအတွင်းရှိ(ဝါ)ရပ်ကွက်ကောင်စီတပိုင်အတွင်းရှိ၊ ကျေးရွာ အုပ်စုတစ်ပိုင်အတွင်းရှိ ရဟန်းတော်များ အားလုံးကို သိမ်သမုတ်ရာ မြေပြင်သို့ ပင့်ဆောင်ကာ သမုတ်ရာ၌ပင် ၂-ထောင့်ထွာဟတ္ထပါသ် မစပ်ပါက ဝဂ္ဂကမ္မဖြစ်ပါကြောင်း ထပ်မံလျှောက်ထားပြန်ပါသည်၊ သို့ရာတွင် ဆရာတော်ဦးပုညာစာရက အထက်ပါအတိုင်း သူဦးဆောင် ၍ သမုတ်သောသိမ်သည် အောင်မြင်ပါသည်-ဟု သာ စွဲကိုင် လျှောက်ထားနေပါသည်။

၅။ သို့ဖြစ်ပါ၍ တိုင်းသံဃနာယကဆရာတော်များအနေဖြင့် ယင်းသိမ်သည် မအောင်မြင်ပါကြောင်း၊ ဆရာတော်ဦးပုညာစာရ အနေဖြင့် ယင်း ဦးဆောင်သမုတ်သောသိမ်သည် အောင်မြင်ပါ ကြောင်း-ဟု ကွဲလွဲနေပါသဖြင့် ဖော်ပြပါ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်း မြို့နယ်၊ ပေကုန်းကျေးရွာ ပဲခူးကျောင်း သိမ်သမုတ်ခြင်းကိစ္စနှင့် ပတ်သက်၍ တိုင်းသံဃနာယက ဆရာတော်များ၏ ဆုံးဖြတ်ချက်နှင့် သိမ်ဦးစီးခေါင်းဆောင် ဆရာတော် ဦးပုညာစာရ၏ အယူအဆကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အဆုံးအဖြတ် ရရှိနိုင်ရန် တင်ပြမည်ဖြစ်ပါကြောင်း လျှောက်ထားပြီး ဆွေးနွေးညှိနှိုင်းပွဲကို ဖော်ပြပါနေ့ရက်(၄)နာရီအချိန်တွင် ''ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု'' သုံးကြိမ်ရွတ်ဆို၍ အသီးသီးလက်မှတ်ရေးထိုးပြီး အဆုံးသတ် တော်မူကြသည်။

၆။ တိုင်းသံဃနာယကအဖွဲ့သည် အထက်ပါ မှတ်တမ်း ဆုံးဖြတ်ချက်အရ အကြောင်းအရာ အပြည့်အစုံဖော်ပြလျက် အဆုံးသတ်၌–

ဦးပုညာစာရအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ခုံဝိနိစ္ဆယဖြင့် စစ်ဆေးသင့်ပါကြောင်း ဖြည့်စွက်လျှောက်ထားပါသည်။

ဦးပုညာစာရ ဦးဆောင်သမုတ်ပေးခဲ့သော သိမ်များမှာ–

(က) ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းရွာ၊ ပဲခူးကျောင်း သိမ်တစ်လုံး၊
(ခ) ကွမ်းခြံကုန်းမြို့နယ်၊ အင်္ဂလုံးကျေးရွာ၌ သိမ်တစ်လုံး၊
(ဂ) ကော့မှူးမြို့၊ သန္တာရာမကျောင်း သိမ်တစ်လုံး၊
(ဃ) ကော့မှူးမြို့နယ်၊ တကူခြံရွာ၌ သိမ်တစ်လုံး၊
(င) တွံတေးမြို့ပေါ်၌ သိမ်တစ်လုံးတို့ ဖြစ်ပါသည်။

ဦးပုညာစာရအဆိုအရ သူသည် သိမ်ပေါင်းများစွာ ဤနည်း နှင့်ပင် ဦးဆောင် သမုတ်ပေးခဲ့ပါသည်ဟု လျှောက်ထားသွားသဖြင့် ဦးပုညာစာရ သမုတ်ခဲ့သော သိမ်အရေအတွက်နှင့် အကြံပြုချက်ပါ ထည့်သွင်းရေးသားလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ (၁၃–၆–၈၆)နေ့စွဲဖြင့် စာရေးသား ပေးပို့ လျှောက်ထားခဲ့လေသည်။

၇။ ထို တိုင်းသံဃနာယကအဖွဲ့က တင်ပြသောစာနှင့် ပတ်သက်၍ (၁၉၈၆–ခု၊ စက်တင်ဘာလ ၂–ရက်)၌ ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် သတ္တမ အစည်းအဝေး၌ အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချခဲ့လေသည်။

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ ဦးဆောင်၍ သမုတ်သော သိမ်များ အောင်–မအောင် ဖြေရှင်းပေးရန် ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်ကျေးရွာမှ ဦးအောင်ဆန်းနှင့် ဦးမောင်ခိုင်တို့က လျှောက်ထားခြင်း ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ တင်ပြချက်အရ သိမ်သမုတ် ခေါင်းဆောင် ဦးပုညာစာရအား ခေါ်ယူစစ်မေးရန်နှင့် လိုအပ်လျှင် ဝိနည်း ဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်–၅၇(င)အရ ဖော်ပြလတ္တံ့ပါ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)ကို လျာထား၍ ဝိနယ–အဝိနယအဖြစ် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်စေရန်–

၈။ အထက်ပါ ဆုံးဖြတ်ချက်အရ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့သည် ၁၃၄၈–ခု၊တပို့တွဲလဆန်း(၇)ရက်၊(၅–၂–၈၇)ကြာသပတေးနေ့၌ သိမ်သမုတ်ခေါင်းဆောင် ဦးပညာစာရအား ခေါ်ယူစစ်ဆေးမေးမြန်းခဲ့၏။ ယင်းအစည်းအဝေး၌ နိုင်ငံတော် သံဃမဟာနာယကဆရာတော် ၁၁–ပါးနှင့် ဦးပုညာစာရ တွဲဖက်အတွင်းရေးမှူး ဦးရွှေအောင်တို့ တက်ရောက်ကြ၏။

ထိုသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များက မေးမြန်းချက်ကို ဦးပုညာစာရက မိမိသမုတ်သောသိမ်များ အောင်မြင်ကြောင်းကိုသာ တိုင်းသံဃနာယကများရှေ့မှောက်၌ ပြောသည့်အတိုင်းပင် ထပ်မံပြောဆိုလျက် မိမိလျှောက်ထား၍ အသံဖမ်းယူခဲ့၏။ ထို့နောက် ဦးပုညာစာရက ''တိတ်ခွေပါအကြောင်းအရာ ယူဆပုံအခြင်းအရာ သိမ်သမုတ်ပုံတို့ကို ဝိနိစ္ဆယဖြင့် ဆုံးဖြတ်ခံယူမည်ဖြစ်ကြောင်း'' ဖြင့် ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့လေသည်။

၉။ ထိုကဲ့သို့ ဦးပုညာစာရအား ဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးမှုသာ ဤသိမ်အောင်–မအောင်ကိစ္စ ပြီးပြတ်မည်ဖြစ်ရကား ၁၃၄၈–ခုနှစ်၊ တပို့တွဲလဆန်း ၁၂–ရက်(၁၀–၂–၈၇)အင်္ဂါနေ့တွင် ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် ဒွါဒသမအစည်းအဝေးသို့ အောက်ပါအတိုင်း တင်ပြလျှောက်ထားခဲ့၏။

## နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၉) အကြောင်းအကျိုးဖော်ပြချက်

၁။ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင်ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ ဦးစီးသမုတ်သော သိမ်များနှင့်ပတ်သက်၍ (၂–၉–၈၆)နေ့တွင် ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် သတ္တမ အစည်းအဝေး ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ်–၅၇(င)အရ ဝိနယ–အဝိနယအဖြစ် စစ်ဆေးဆောင်ရွက်ရန်အတွက် ဖော်ပြလတ္တံ့ပါ ဝိနည်းဓိုရ်များကို လျာထားသတ်မှတ်ခဲ့ပါသည်ဘုရား–

## နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)ဆရာတော်များ

(၁) ဘဒ္ဒန္တတိသ၊ ၄၇–ဝါ၊ (အဂ္ဂမဟာပဏ္ဍိတ) — ကျိုက်သီမွန်ကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဘဒ္ဒန္တသူရိယ၊ ၄၃–ဝါ၊ (တိုက်အုပ်၊ဂဏဝါစက) — မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

(၃) ဘဒ္ဒန္တသုမနာဘိဝံသ၊ ၄၀–ဝါ၊ (သ+အ ဓမ္မာစရိယ) — ဂန္ဓာဝုရကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးအနောက်တောင်မြို့နယ် မန္တလေးတိုင်း။

(၄) ဘဒ္ဒန္တကုသလာဘိဝံသ၊၃၉–ဝါ၊ (ပထမကျော်၊ အ+စ ဓမ္မာစရိယ) — ရွှေဟင်္သာတောရတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

(၅) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ၃၃–ဝါ၊ (အစိုးရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) — သရက်တောကျောင်း၊ ကညင်သောင်အုပ်စု၊ လေးမျက်နှာမြို့၊ ဧရာဝတီတိုင်း။

## အရန်သီးခြားဝိနည်းဓိုရ်ဆရာတော်များ

(၆) ဘဒ္ဒန္တဂုဏောသန၊ ၃၆–ဝါ၊ (အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ) — ဓမ္မိကာရာမကျိုက်ပိကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၇) ဘဒ္ဒန္တနန္ဒိယာဘိဝံသ၊ ၃၄–ဝါ၊ (အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ) — မိုးကောင်းကျောင်း၊ အမှတ် (၁)ရပ်ကွက်၊ သဲကုန်းမြို့၊ ပဲခူးတိုင်း။

၂။ စောဒကပုဂ္ဂိုလ်များအဖြစ် ဖော်ပြလတ္တံ့ပါ ပုဂ္ဂိုလ်များက ဆောင်ရွက်ကြမည်ဖြစ်ပါသည်ဘုရား–

## စောဒကပုဂ္ဂိုလ်များ

(၁) ဦးပဒုမ၊ ၄၀–ဝါ၊ (မြို့နယ်သံဃနာယကအဖွဲ့ဉက္ကဋ္ဌ) ငြိမ်းကျောင်း၊ လက်ခိုက်ရွာ၊ ကော့မှူးမြို့နယ်။

(၂) ဦးအာစရ၊ ၃၅–ဝါ၊ (မြို့နယ်သံဃနာယကအဖွဲ့ဉက္ကဋ္ဌ) တောင်ပေါ်ကျောင်း၊တော်ခရမ်းလေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်။

(၃) ဦးပဏ္ဍိတ၊ ၃၀–ဝါ၊ (မြို့နယ်သံဃနာယကအဖွဲ့ဉက္ကဋ္ဌ) ဈေးကျောင်း၊ တွံတေးမြို့။

၃။ ဝိနယ–အဝိနယ စစ်ဆေးရာတွင် အစဉ်အလာ လုပ်ထုံးလုပ်နည်းအရ စောဒကများက စောဒနာလွှာ ရေးသားပြုစုခြင်း၊ စောဒနာလွှာပြီးစီးခြင်း၊ ဝိနည်းမိုရ်များကို ပင့်ဆောင်ခြင်း၊ စောဒနာလွှာ တင်သွင်းခြင်း၊ စုဒိတကထံမှ သောဓနာလွှာ တောင်းခံခြင်း၊ ဝိနိစ္ဆယ ချမှတ်ခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အပ်နှံခြင်းဖြင့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရပါသည်ဘုရား။

## ဆုံးဖြတ်ရန်အချက်

၄။ သို့ဖြစ်ပါ၍ အဆိုပါ ဝိနယ–အဝိနယ ဝိနိစ္ဆယအတွက် လိုအပ်သလို ဆွေးနွေးဆုံးဖြတ်နိုင်ရန် တင်ပြလျှောက်ထားပါသည်ဘုရား။

အထက်ပါ လျှောက်ထားတင်ပြချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က (၁၉–၁–၈၈)နေ့၌ သီးခြားဝိနည်းမိုရ် အဖွဲ့အမှတ်(၉)ကို လျာထားသည့်အတိုင်း ဖွဲ့စည်းပေးခဲ့၍ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၉) ပေါ်ပေါက်လာပေသည်။ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၉)၏ သဘောထားရပ်တည်ချက်ကို

ရုံးတော်ဖွင့်လှစ်သော ၁၃၄၉-ခု၊ တပို့တွဲလဆန်း ၉-ရက်(၂၇-၁-၈၈)ဗုဒ္ဓဟူးနေ့က ကြေညာထားပြီးဖြစ်၍ ယင်းကြေညာချက်နှင့်အညီ တရားလမ်းကြောင်း မတိမ်းစောင်းစေဘဲ ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ယခု ထပ်မံ ကတိပြုလိုက်ပေသည်။

ဝိနိစ္ဆယချရာ၌ စောဒနာလွှာပါ စောဒနာချက်(၆)ချက်တို့ကို တစ်ချက်စီ ဖြေရှင်းမည်မဟုတ်ဘဲ လိုရင်းပဓာနကို စုစည်း၍-

(၁) သိမ် အမျိုးအစားကို စိစစ်ဝေဖန်ခြင်း၊

(၂) သိမ်သမုတ်ရာ၌ သိမ်နုတ်ရန် လိုအပ်ကြောင်း စိစစ်ဝေဖန်ခြင်း၊

(၃) ဦးပုညာစာရ၏ အဋ္ဌကထာ, ဋီကာများ လက်မခံခြင်းဝါဒကို စိစစ်သုံးသပ်ချက်၊

(၄) အကျဉ်းချုပ် ပေါင်းရုံးသုံးသပ်ချက်-

ဤကဲ့သို့ ၄-ပိုင်းခွဲခြား၍ ဝေဖန်သုံးသပ် စိစစ်ပြီးလျှင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ကြိုတင်ဖော်ပြလိုက်ရပေသတည်း။

❖❖❖

## သီမာဝိနိစ္ဆယကထာ

**သီမာနုဇာနနံ ဗုဒ္ဓံ၊ သီမဘေဒနကာရကံ။**
**ဓမ္မံ သီမဋ္ဌကံ သံဃံ၊ ဝန္ဒိတွာမ သဟာ အာဒရံ။**
**ဝိနိစ္ဆယံ ကရိဿာမ၊ ယထာဗလံ ဝိသုဒ္ဓိယာ။**

မယံ = သီးခြားဝိနည်းမိုရ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်။

သီမာနုဇာနနံ = ကံကြီး ကံငယ် အသွယ်သွယ်တို့ လွယ်ကူချမ်းသာ ပြုစိမ့်ငှာဟု ကရုဏာရှေးရှု ရည်သန်ပြုလျက် ''အနုဇာနာမိ ဘိက္ခဝေ သီမာ သမ္မန္နိတုံ'' စသည်ဖြင့် သိမ်ကို ခွင့်ပြုတော်မူပေသော။

ဗုဒ္ဓံ စ = သစ္စာလေးပါး တရားသိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကိုလည်းကောင်း။

သီမာဘေဒနကာရကံ= တေဘူမက ဝဋ္ဋသတ်မှတ် နယ်အရပ်ကို သတ်ဖြတ်ဖျက်ဆီး ပျက်စီးအောင် ပြုလုပ်တတ်ပေသော။

ဓမ္မံ စ = မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။

သီမဋ္ဌကံ = သိက္ခာသုံးရပ် နယ်သတ်မှတ်သည့် မြင့်မြတ်သာသနာ သိမ်နေရာ၌ ကောင်းစွာတည်နေ ကျင့်သုံးပေထသော။ ဝါ၊ဘုရားပညတ် သိမ်အရပ်၌ မြင့်မြတ်ရဟန်း အထက်တန်းသို့ တက်လှမ်းတည်ဘိ ဗျူပွတ်ညှိသော် သိမ်မြေပေါ်၌ တည်တော်မူသော။

သံဃဥ္စ = အရိယာရှစ်ဖော် သံဃာတော်နှင့် ခေါ်ဝေါ်သမ္မုတိ ရှိရှိသမျှ သီလဝန္တ ပုထုဇဉ်သံဃာတော်ကိုလည်းကောင်း။

သဟာအာဒရံ= ကိုယ်ရောစိတ်ပါ နှိမ့်ချကာဖြင့် ဂါရဝရှေ့ထား လေးစား ရှိသေခြင်းနှင့်တကွ။

ဝန္ဒာမ = ဘယလာဘ ကုလမဖက် သက်သက်သဒ္ဓါ ကြည်ညို စွာဖြင့် ကောင်းစွာမြတ်နိုး ရှိခိုးကြပါကုန်၏။ (ဝန္ဒိတွာ၊ သဒ္ဓါပြည့်ဖြိုး ရှိခိုးပြီး၍။)

ဝိသုဒ္ဓိယာ = သိမ်အရာဝယ် မလိမ္မာ၍ ဟိုဟာဟုတ်နိုး သည်ဟုတ်နိုး ဖြင့် အကိုးသာဝေ မရမဓိ ယုံမှားရှိလျက် မသိတွေဝေ နေကုန်သောသူတို့၏ သံသယဝိစိကိစ္ဆာ ကင်းရှင်းကွာ၍ ကောင်းစွာစင်ကြယ်ခြင်း၏။ (ကာရဏံ၊ အကြောင်းဖြစ် သော)။

ဝိနိစ္ဆယံ = ပါဠိအဋ္ဌကထာ ဋီကာအနု မဓုလက်သန်း ကျမ်းဂန် အဖြာဖြာ လေ့လာစူးစမ်း အစွမ်းရှိသလောက်။

ကရိဿာမ= သာသနာ့အကျိုး ရည်မျှော်ကိုး၍ ကြိုးစားအားထုတ် ပြုလုပ်ပါကုန်အံ့။ ဝါ၊ အဂတိလေးပါး မလိုက်စားဘဲ တရားလမ်းမှန် အရင်းခံလျက် ဉာဏ်ရောင်ကွန့်မြူး အထူးအားထုတ် ပြုလုပ်ပါကုန်အံ့သတည်း။

# သိမ်အမျိုးအစားကို စိစစ်ဝေဖန်ခြင်း

## ၁။ သိမ်အကြောင်း

သိမ်အကြောင်းကို ရေးသားတင်ပြရာ၌ "သိမ်နှင့်စပ်သော အချို့ချို့အရာဝယ် ဋီကာကျမ်းများသည်လည်းကောင်း၊ ရှေးရှေး ကျမ်းပြုအကျော် ဆရာတော်ဘုရားကြီးများသည်လည်းကောင်း အချင်းချင်း တစ်ကျမ်းနှင့်တစ်ကျမ်း တစ်ပါးနှင့်တစ်ပါး အနည်းငယ် မတူမညီ ကွဲပြားသော အဆိုအမိန့် အယူအဆ နာနာဝါဒ ရှိနေလေရာ "ဝိနယဝိနိစ္ဆယေ ဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ သော ဝိနယဓမ္မတာ" (ဝိဋ္ဌ၊ ၁၊ ၂၇၅)-ဟူသော အချက်ကို ဦးထိပ်ပန်၍ တစ်စုံတစ်ရာ သံသယ ဖြစ်နိုင်ဖွယ်ရာ ဝိနယကုက္ကုစ္စဖြစ်နိုင်ဖွယ်ရာ မရှိအောင် မူရင်းပဓာန ပါဠိတော်, အဋ္ဌကထာတို့နှင့် ညီညွတ်သော အဆိုအမိန့် အယူအဆ မူဝါဒကိုသာ ရေးသားတင်ပြမည်ဖြစ်သည်။

သိမ်ဟူသည် သာသနာတော်၌ သာသနာ့ဝန်ထမ်း ရဟန်း တော်များတို့ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်းစသော ဝိနည်းဆိုင်ရာ ကံကြီးကံငယ်များကို အတူတကွ စုပေါင်းညီညွတ်စွာ ပြုလုပ် ဆောင်ရွက်နိုင်ရန် ပိုင်းခြားသတ်မှတ်ထားအပ်သော နေရာဒေသ ပင်ဖြစ်သည်။

သိမ်ဟူသောအပိုင်းအခြားသည် အကျဉ်းအားဖြင့်–

(က) တစ်ဆယ့်တစ်ပါးသော သိမ်ပျက်တို့ကို လွန်မြောက်စေ၍ နိမိတ္တသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ ဖြစ်အောင်ပြုကာ နိမိတ် အချင်းချင်းစပ်အောင်ကြား၍ ကမ္မဝါစာဖြင့် သမုတ်အပ် ဖွဲ့အပ် သော အပိုင်းအခြား ဗဒ္ဓသိမ်။

(ခ) ကမ္မဝါစာဖြင့် မဖွဲ့အပ် မသမုတ်အပ်ဘဲ သူ့အလိုလိုသိမ်အရာ မြောက်သော (ရဟန်းတော်တို့နှင့် အတူတကွစုပေါင်း၍ ဥပုသ် စသော သံဃာ့ကံကို ဆောင်ရွက်နိုင်ရာဖြစ်၍ သိမ်ဖြစ်သော) အပိုင်းအခြား အဗဒ္ဓသိမ်ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

**သာဓက**– သီမာ စ နာမေသာ ဗဒ္ဓသီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ။ တတ္ထ ဧကာဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ဗဒ္ဓသီမာ နာမ။ (ဝိသင်္ဂဟ၊ ၁၇၈၊ ကခ်ါ၊ ၇၈။)

တိဝိဓသမ္ပတ္တိယုတ္တာ နာမ နိမိတ္တသမ္ပတ္တိယာ ပရိသသမ္ပတ္တိယာ ကမ္မဝါစာသမ္ပတ္တိယာ စ ယုတ္တာ။ (ဝိသင်္ဂဟ၊ ၁၈၀၊ ကခ်ါ၊ ၈၈။)

**အမှာ**– နိမိတ္တသမ္ပတ္တိ, ပရိသ သမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိဖြစ်ပုံတို့ကို ကခ်ါ အဋ္ဌကထာ ဝိနယသင်္ဂဟ အဋ္ဌကထာတို့၌ရှုလေ။

အထက်ပါနှစ်မျိုးနှစ်စားတို့တွင်–

(က) ဗဒ္ဓသိမ်သည်– (၁) မဟာသိမ်၊ (၂) ခဏ္ဍသိမ်အားဖြင့် နှစ်မျိုးရှိ၏။

(၁) **မဟာသိမ်**– တစ်ကျောင်းတိုက်လုံးကိုဖြစ်စေ၊ ဂါမခေတ် တစ်ခေတ်လုံးကိုဖြစ်စေ၊ မြို့နယ်တစ်နယ်လုံးကိုဖြစ်စေ၊ အများ ကိုဖြစ်စေ၊ (အလွန်ဆုံး သုံးယူဇနာ ပမာဏတိုင်အောင်) ကျယ်ဝန်းစွာ အပိုင်းအခြား သတ်မှတ်ထားရှိကာ (အထက်ပါ ဗဒ္ဓသိမ်သမုတ်နည်းအတိုင်း) ကမ္မဝါစာဖြင့် သမုတ်အပ် ဖွဲ့အပ် သောသိမ်။

(၂) **ခဏ္ဍသိမ်**– ကျောင်းတိုက်ဟူသော ဝိဟာရသိမ်အတွင်းမှ(ဝါ) ဂါမခေတ်တစ်ခုအတွင်း=နိဂမခေတ်တစ်ခုအတွင်း=နဂရခေတ်

တစ်ခုအတွင်း စသည်မှ တစ်စိတ်တစ်ပိုင်းသော မြေအရပ်ကို ပိုင်းခြားသတ်မှတ်၍ (အထက်ပါ ဗဒ္ဓသိမ်သမုတ်နည်းအတိုင်း) ကမ္မဝါစာဖြင့် ဖွဲ့အပ် သမုတ်အပ်သောသိမ်။

**မှတ်ချက်။** [သမာနသံဝါသသိမ်, အဝိပ္ပဝါသသိမ်ဟူသောအမည်များသည် ထိုမဟာသိမ်, ခဏ္ဍသိမ်နှစ်မျိုးလုံး၌ပင် ကမ္မဝါစာအလိုက် အသုံးဝင်မှု အကျိုးသက်ရောက်မှုအလိုက် ရအပ်သောအမည်များဖြစ်သည်။]

[ခဏ္ဍသီမာ သမာနသံဝါသသီမာ အဝိပ္ပဝါသသီမာတိ တဿာ ယေဝ (ဗဒ္ဓသီမာယ ဧဝ)ပဘေဒေါ။ (ကခ်ါ-၉၀)စကားသည်လည်း တစ်စိတ်တစ်ပိုင်းကို ပိုင်းခြား၍ ကမ္မဝါစာဖြင့် ဖွဲ့အပ်သော ခဏ္ဍသိမ်ကိုပင် ကမ္မဝါစာကိုလိုက်၍ (ဝါ-အသုံးဝင်မှု အကျိုးသက်ရောက်မှုကိုလိုက်၍) သမာနသံဝါသသိမ်ဟုလည်းကောင်း၊ အဝိပ္ပဝါသသိမ်ဟုလည်းကောင်းခေါ်သည်။ နာမည်သာ ကွဲပြားသည်၊ သိမ်မှာ တစ်ခုသာဖြစ်သည်ကို ပြ၏-ဟု မှတ်လေ။]

(ခ) အဗဒ္ဓသိမ်သည်လည်း-ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်အားဖြင့် သုံးပါးအပြားရှိ၏။

အဗဒ္ဓသီမာ ပန ဂါမသီမာ သတ္တဗ္ဘန္တရသီမာ ဥဒကုက္ခေပသီမာတိ တိဝိဓာ။ (ဝိ၊သင်္ဂဟ၊ ၁၄၉၊ ကခ်ါ-၉၀)။

**(၁) ဂါမသိမ်**-တစ်ခုသောဂါမခေတ် (နိဂမခေတ်-နဂရခေတ်) အပိုင်းအခြားနယ်ပယ်။

(ဂါမသိမ်ဖြင့်-နိဂမသိမ်, နဂရသိမ်တို့ကိုလည်းယူအပ်၏။)

အသမ္ဘတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ၊ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ။ အယံ တတ္ထ သမာန သံဝါသာ ဧကူပေါသထာ။ (ဝိ၊၃၊၁၅၀)

တတ္ထ ယာဝတာ ဧကံ ဂါမခေတ္တံ၊ အယံ ဂါမသီမာ နာမ။ (ကခ်ါ၊ ဌ၊ ၉၀။ ဝိနယသင်္ဂဟ၊ ဌ။ ၁၉၄။)

(၂) သတ္တဗ္ဘန္တရသိမ်– လူသူ အရောက်အပေါက် သွားလာ သုံးဆောင်ရာမဟုတ်သော တောအရပ်, တံငါသည်တို့ နေ့ချင်း ပြန်မသွားလာနိုင်သော သမုဒ္ဒရာအလယ်ကျွန်းစသော အရပ် တို့၏ အလယ်၌ စုဝေးတည်နေသော သံဃာ၏ အစွန်မှ ပတ်ပတ်လည် ၇–အဗ္ဘန္တရပမာဏရှိသော အရပ်အပိုင်းအခြား နယ်ပယ်။

အဂါမကေ စေ ဘိက္ခဝေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။ (ဝိ၊ ၃၊ ၁၅၀)။

အဂါမကေ အရညေ သမန္တာ သတ္တဗ္ဘန္တရသီမာ နာမ။
(ဝိ၊ သင်္ဂဟ၊ ၁၉၅။ ကခ်ါ–၉၀။)

(၃) ဥဒကုက္ခေပသိမ်– မြစ်,သမုဒ္ဒရာ, ဇာတဿရအိုင်တို့၏ အလယ်၌ ကံပြုသော သံဃာ၏အစွန်မှ ပတ်ပတ်လည် ထာမ မဇ္ဈိမ ပုရိသ၏ ရေတစ်စက်ကျ သဲတစ်ကျဖြင့် ပိုင်းခြား အပ်သော အရပ်အပိုင်းအခြားနယ်ပယ်။

သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ၊ သဗ္ဗော သမုဒ္ဒေါ အသီမော၊ သဗ္ဗော ဇာတဿရော အသီမော၊ နဒီယာ ဝါ ဘိက္ခဝေ

သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ၊ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ (ဝိ၊၃၊၁၅၀)။

ယာ ပနေသာ ''သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ'' တိအာဒိနာ နယေန နဒီအာဒီနံ သီမဘာဝံ ပဋိက္ခိပိတွာ ပုန ''နဒိယာ ဝါ ဘိက္ခဝေ။ပ။ ဧကူပေါသထာ'' တိ ဝုတ္တာ၊ အယံ ဥဒကုက္ခေပသီမာနာမ၊ (ကင်္ခါ–၉၀။)

(ဤအဗဒ္ဓသိမ်အရာ၌ စောဒနာမှုခင်းနှင့်စပ်၍ မလိုအပ်သော ကြောင့် အကျယ်အဆုံးအဖြတ်စကားကို မရေးသားတော့ပြီ။)

မဟာသိမ်၊ ခဏ္ဍသိမ်ဟူသော ဗဒ္ဓသိမ်နှစ်မျိုးတွင်လည်း ဤစောဒနာမှုခင်းနှင့်စပ်၍ ခဏ္ဍသိမ်ကိုသာ လိုအပ်သဖြင့် ထိုခဏ္ဍသိမ် ဖွဲ့ရာ၌ လုပ်ထုံးလုပ်နည်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်အညီ ရှေးရှေး ဆရာတော်ကြီးများ လက်ခံကျင့်သုံး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ် အတိုင်း ဖော်ပြမည်ဖြစ်သည်။

ခဏ္ဍသိမ်ကိုဖွဲ့ရာ၌–

(၁) သိမ်ဖွဲ့လိုရာ သမုတ်လိုရာ အစိတ်အပိုင်းဖြစ်သော မြေကွက်ကို သက်ဆိုင်ရာ အစိုးရမင်းများထံ ဝိသုံဂါမ (သီးခြားရွာ) အဖြစ် ရရှိရန် နည်းလမ်းတကျ အမိန့်ခံစေ၍ ဝိသုံဂါမ (သီးခြားရွာ) အဖြစ်ရရှိသော မြေကွက်၌ သိမ်သမုတ်မှုဟူသော ဝိသုံဂါမ ခဏ္ဍသိမ် သမုတ်နည်း၊

(၂) ဝိသုံဂါမ (သီးခြားရွာ)အဖြစ် ရရန်အမိန့်မခံဘဲ သိမ်ဖွဲ့ရာ, သမုတ်လိုရာ မြေကွက်၏တည်နေရာ ဂါမစသော ခေတ်ရှိ

ရဟန်းများကို–

(က) ဟတ္ထပါသနယန သီမာဝိသောဓနေ၊
(ခ) ဆန္ဒာဟရဏ သီမာဝိသောဓနေ၊
(ဂ) ဗဒ္ဓသီမာ ပဝေသနသီမာဝိသောဓနေ၊
(ဃ) ဗဟိသီမာကရဏ သီမာဝိသောဓနေ–

ဟူသော သီမာဝိသောဓနေအမှုတို့ဖြင့် ထိုက်သလိုနယ်သိမ်း၍ သမုတ်မှု ဟူသော နယ်သိမ်းခဏ္ဍာသိမ်သမုတ်နည်းဟူ၍ ခဏ္ဍာသိမ်သမုတ်နည်း နည်းလမ်းနှစ်သွယ်ရှိသည်၊ ထိုနှစ်ပါးတို့၏ သမုတ်ပုံ အခြင်းအရာကို အောက်ပါအတိုင်း သိအပ်၏–

## ၂။ ဝိသုံဂါမသိမ်သမုတ်နည်း

ဝိသုံဂါမသိမ်သမုတ်လိုရာဝယ် ဂိုဏ်းပေါင်းစုံ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ကြီးက ချမှတ်လက်ခံကျင့်သုံးနေသော ပုဗ္ဗကိစ္စလုပ် ငန်းစဉ်များမှာ–

(က) အခွန်လွတ် သာသနာ့မြေ ဖြစ်ပြီးဖြစ်ခြင်း၊

(ခ) အခွန်လွတ်သာသနာ့မြေအနက်မှ သိမ်သမုတ်လိုသော မြေ ကွက်ကို သက်ဆိုင်ရာ(အာရာမ်ပိုင်) ပုဂ္ဂိုလ်တို့က ဂါမဘောဇက (ရွာစား)အဖြစ် ဆောင်ရွက်ရန် (သိမ်မိန့်ခံရန်) လျှောက်ထားသူ တဦးတည်းသော သိမ်ဒါယကာအား သဘောတူခွင့်ပြုခြင်း၊

(ဂ) ဗဒ္ဓသိမ် သမုတ်လိုသော မြေကွက်ကို သက်ဆိုင်ရာ (     ) ပုဂ္ဂိုလ်က နိုင်ငံတော်သို့ ပြန်လည်ပေးအပ်ပြီးဖြစ်ခြင်း၊

(ဃ) ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိ (ပြည့်ရှင်မင်းသည် တစ်ဦး တစ်ယောက်အား ပိုင်းခြား၍ပေး၏)ဟူသော ဝိနည်းဒေသနာ တော်အရ ''ရာဇာ'' အရာ၌တည်သော မြေကိုပိုင်စိုးသော အာဏာပိုင် ပုဂ္ဂိုလ်များက ဝိသုံဂါမ(သီးခြားရွာ) အဖြစ် သတ်မှတ်ခွင့်ပြုခြင်း–

ဟူသော ပုဗ္ဗကိစ္စလုပ်ငန်းစဉ် (၄)ချက်ကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်၊ ထို ဝိသုံဂါမ တောင်းခံမှုနှင့်စပ်လျဉ်း၍–

[အင်္ဂလိပ်အစိုးရမင်းများ ဝင်ရောက်စက ကျောင်းတိုက်တွင်းမြေကို ဝိသုံဂါမ မြေစား တောင်းခံကြရာ ကျောင်းမြေ–ဘုရားမြေကို ကျွန်ုပ်တို့ အပိုင်မပေးနိုင်ဟု ဆိုနေကြသောကြောင့် မြန်မာမင်းများ ပေးရိုးထုံးစံ ဥပဒေရှိပါသည်၊ ပေးမှ သိမ်သမုတ်ကောင်းပါသည်၊ ပေးသာပေးပါ–ဟု ထပ်မံတောင်းခံမှု ပေးကြသည်–ဟု ဝိသုဒ္ဓါရုံ အဆုံးအဖြတ် သီမာဝိနိစ္ဆယ အခန်း စာမျက်နှာ ၁၈၁–၌ ဖော်ပြထားရာ ရှေးရှေးဆရာတော်ကြီးများလည်း အဋ္ဌကထာနှင့်ညီညွတ်သော အထက်ဖော်ပြပါ ဝိသုံဂါမပုဗ္ဗကိစ္စ (၄)ချက်အတိုင်း လက်ခံကျင့်သုံးတော်မူခဲ့ကြောင်း ပေါ်လွင်ထင်ရှားလေသည်။]

ဝိသုံဂါမရရန် တောင်းခံလာသည့်အခါ ပေးပိုင်ခွင့်ရှိသူ အာဏာပိုင်အစိုးရမင်းများက တစ်ခုသောဂါမခေတ်၌ တစ်ခုသော မြေကွက်ကို ''ဤမြေကွက် ဤအရပ်သည် သီးခြားရွာဖြစ်စေ'' ဟု ပိုင်းခြား၍ တစ်စုံတစ်ယောက်သောသူအားပေးမှသာ ထိုမြေကွက်သည် ဝိသုံဂါမဖြစ်သည် မိမိသမုတ်လိုရာမြေကို နိမိတ်သတ်မှတ်၍ ပိုင်းခြားရုံမျှဖြင့် ဝိသုံဂါမ မဖြစ်နိုင်ပါ။(ဘုရားမြေ, ကျောင်းမြေစသော အခွန်လွတ် ဝတ္ထုကံ သာသနာ့မြေ ဖြစ်ရုံမျှဖြင့်လည်း ဝိသုံဂါမမဖြစ်ပါ။)

သာဓက– ယမ္ပိ ကောသမ္ဗီ ယေဝ ဂါမခေတ္တ ကော် ပဒေသံ "အယံ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိ ယေဝ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၃၃။)

ယင်းသို့ ပုဗ္ဗကိစ္စလုပ်ငန်းစဉ် (၄)ချက်ဖြင့် ဆောင်ရွက်၍ ဝိသုံဂါမ (သီးခြားရွာ)အဖြစ် အမိန့်ကျပြီးပါက ထိုဝိသုံဂါမ အမိန့် ကျပြီးသော မြေကွက်ကိုမြေညှိခြင်း၊ ပေါင်းသင်ခြင်းစသည်ဖြင့် သုတ်သင်ရှင်းလင်းပြီး ရှေးဦးစွာ သိမ်နုတ်ရမည်၊ (သိမ်နုတ်ခန်းကြည့်)။

ထိုသို့သိမ်နုတ်ပြီးနောက် နိမိတ် ၈–မျိုးတို့တွက် နိမိတ်လောက် သော ရသမျှသော နိမိတ်တို့ကို ၃–နေရာထက်မနည်း သတ်မှတ်ထားရှိ ပြီး ကမ္မပတ္တ ပကတတ်ရဟန်းတို့ သိမ်မြေပြင်ဝယ် စည်းဝေးပြီးနောက် နိမိတ်ရှိရာအနီးသို့ သွား၍ဖြစ်စေ, ထိုသို့မသွားဘဲ သံဃာစည်းဝေး ထိုင်နေရာ အဝေးမှဖြစ်စေ, ပထမစတင်ကြားသော နိမိတ်မှ အစဉ် အတိုင်း ပတ်ပတ်လည်နိမိတ် စေ့စုံအောင်ကြားပြီးနောက် ပထမ စတင် ကြားသော နိမိတ်ကို ထပ်မံကြားခြင်းဖြင့် နိမိတ်တို့ကို စပ်အောင်ကြား ကာ နိမိတ်အတွင်းရှိ ရဟန်းတော်အားလုံး ဟတ္ထပါသ်စပ်မိအောင် စည်းဝေးထိုင်နေပြီး ဗျတ္တပဋိဗလပုဂ္ဂိုလ်က (ပထမ)သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာဖတ်၊ (ဒုတိယ)အဝိပ္ပဝါသ သီမာသမ္မုတိ ကမ္မဝါစာဖတ်၍ သမုတ်ရမည်။

ဝံ ကောဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိ ယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ "ဗဒ္ဓသီမာ" တိ ဝေဒိတဗ္ဗာ။ (ကင်္ခါ–၉၀။)

သီမံ ဘိက္ခဝေ သမ္မန္နန္တေန ပဌမံ သမာနသံဝါသသီမာ သမ္မန္နိ တဗ္ဗာ။ ပစ္ဆာ တိစိဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော။

(ဝိ–၃၊၁၄၉။)

## ၃။ နယ်သိမ်း ခဏ္ဍသိမ်သမုတ်နည်း

နယ်သိမ်းခဏ္ဍသိမ် သမုတ်ရာဝယ် ရှေးဦးစွာ သိမ်သမုတ်လိုသော ရဟန်းတို့သည် သိမ်သမုတ်လိုသော ဂါမခေတ်အတွင်း၌–

(က) ဗဒ္ဓသိမ်ရှိသော ကျောင်းတိုက်ရှိ ရဟန်းတို့အား ''သိမ်သမုတ်ချိန်၌'' မိမိတို့၏ ဗဒ္ဓသိမ်အတွင်းမှ အပြင်သို့မထွက်ကြပါရန် တမန်စေလွှတ်၍ ကြိုတင်လျှောက်ထားခြင်း၊

(ခ) ဗဒ္ဓသိမ်မရှိသောကျောင်းတိုက်ရှိ ရဟန်းတို့အား သိမ် သမုတ်ဖို့ရန် နိမိတ်သတ်မှတ်ထားသော မြေကွက်အတွင်း သံဃာ့ဟတ္ထပါသ်သို့ ရောက်အောင်ပင့်ဆောင်ခြင်း၊

(ဂ) မလာမကြွနိုင်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ယူခြင်း၊

(ဃ) ဤသို့ ဆောင်ရွက်ပြီးသည်ရှိသော် သိမ်သမုတ်လိုသော ဂါမခေတ်သို့ ဝင်ရာဖြစ်သော ထိုထိုလမ်း, ထိုထိုရေဆိပ်, ထိုထိုရွာတံခါးစသည်တို့၌ (အာဂန္တုရဟန်းများကို သိမ်သမုတ်မည့် သံဃာ့ ဟတ္ထပါသ်သို့ လျင်မြန်စွာ ဆောင်ယူနိုင်ခြင်းငှာလည်းကောင်း၊ ဂါမခေတ်အတွင်းသို့ မဝင်အောင်တားမြစ်၍ ဂါမခေတ်၏ အပြင်အပ ပြုရခြင်းငှာလည်းကောင်း) အာရာမ်စောင့် သာမဏေ စသည်တို့ကို အစောင့်ချထားခြင်း၊ စည်သံ, ခရုသင်းသံစသော (သိမ်သမုတ်ချိန်)အမှတ်သညာပြုခြင်း–

ဟူသော နယ်သိမ်း ခဏ္ဍသိမ်၏ ပရိသသမ္ပတ္တိဖြစ်အောင် ကမ္မဝါစာ

ဖတ်ကာသမုတ်ရပေသည်။ ယင်းသို့သမုတ်ပါလျှင် ထိုသိမ်သည် ကမ္ဗဝါစာ၏ အဆုံး၌ပင် နိမိတ်တို့ကို အပပြု၍ (ဝါ-နိမိတ်တို့မှတစ်ပါး) နိမိတ်အတွင်းရှိ မြေအားလုံးကို ပျံ့နှံ့၍ မြေကိုခံသော ရေတိုင်အောင် သက်ရောက်တည်ရှိသောကြောင့် ပြီးမြောက်အောင်မြင်သော သိမ် ဖြစ်ပေသည်။

**သာဓက**–သစေ ကောသို ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ ယေ တတ္တ ဗဒ္ဓသီမဝိဟာရာ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ၊ ယေ အဗဒ္ဓသီမဝိဟာရာ တေသု ဘိက္ခူ ကေဇ္ဈံ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟရာပေတဗ္ဗော။ (ဝိ၊၃၊၃။၃၂၂။)

ဧဝံ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ တေသု တေသု မဂ္ဂေသု နဒီတိတ္ထဂါမဒွါရာဒီသု စ အာဂန္တု ကဘိက္ခူနံ သီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိသီမာကရဏတ္ထဉ္စ အာရာမိကေ စေဝ သမဏုဒ္ဒေသေ စ ဌပေတွာ ဘေရိသညံ့ ဝါ သင်္ခသညံ့ ဝါ ကတွာ နိမိတ္တ ကိတ္တနာနန္တရံ ဝုတ္တာယ "သုဏာတု မေ ဘန္တေ သံဃော"တိ အာဒိကာယ ကမ္ဗဝါစာယ သီမာ ဗန္ဓိတဗ္ဗာ။ ကမ္ဗဝါစာ ပရိယောသာနေ ယေဝ နိမိတ္တာနိ ဗဟိ ကတွာ ဟေဋ္ဌာ ပထဝီ သန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာ ဂတာ ဟောတိ။ (ဝိ၊၃၊၃၊၃၂၃။)

ဝေ ကောဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ဗဒ္ဓသီမာတိ ဝေဒိတဗ္ဗာ။ (ကင်္ခါ-၉၀။)

အထက်ပါ ပြဆိုခဲ့ပြီးသော အစီအစဉ် ဆောင်ရွက်ချက်များသည် သင်္ဂါယနာ(၆)ကြိမ်တိုင် တင်ထားပြီးသော ထေရဝါဒ ပိဋကတ်တော်လာအတိုင်း မြန်မာနိုင်ငံသာသနာဝင်၌ အစဉ်အဆက်အားဖြင့် သံသယ-ဝိနယကုက္ကုစ္စ ကင်းရှင်းစွာ လိုက်နာကျင့်သုံး ဆောင်ရွက်ခဲ့သော နယ်သိမ်း ခဏ္ဍသိမ်သမုတ်မှုနှင့် စပ်ဆိုင်သော လုပ်ငန်းစဉ်များ ဖြစ်ပေသည်။

အမှာ- သိမ်နိမိတ်ကြားပုံ, သိမ်သမုတ်ပုံအစီအစဉ်မှာ အဋ္ဌကထာလာ အတိုင်းပင်ဖြစ်၏။

## အထူးမှတ်သားရန်

သမုတ်ထားပြီးသော ကျယ်ဝန်းလှသည့် မဟာသိမ်ကြီး ရှိရာဝယ် သံဃာ့ကံဆောင်သည့်အခါ သံဃာအသိမ်းခက်လှ၍ သံဃာအသိမ်း လွယ်ကူစေရန် ခဏ္ဍသိမ်ဖွဲ့လို သမုတ်လိုသော် မူလမဟာသိမ်ကို နုတ်ပြီးမှ ခဏ္ဍသိမ်ကို တိဝိဓသမ္ပတ္တိယုတ္တ နိမိတ္တေနနိမိတ္တသမ္ဗန္ဓ ဖြစ်အောင်ကြား၍ သမုတ်အပ်၏၊ သမုတ်ရမည်။

ထိုခဏ္ဍသိမ်ကို သမုတ်ပြီးနောက် ထပ်မံ၍ မဟာသိမ်ကိုသမုတ်လိုပြန်သော် ခဏ္ဍသိမ်နိမိတ်၏ ပြင်ပပတ်ပတ်လည်၌ သီမန္တရိက်(သိမ်နယ်ခြားမြေ)ထား၍ ကျောက်တုံးစသော နိမိတ်ပါသတ်မှတ်ပြီး ထိုခဏ္ဍသိမ်မြေ, သီမန္တရိက်မြေတို့မှ ကြွင်းသောမြေ၌ မဟာသိမ်အတွက် အပြင်ဘက် ပတ်ပတ်လည် နိမိတ်တို့ကိုလည်းကောင်း၊ အတွင်း ၄-

ဘက်နိမိတ် တို့ကိုလည်းကောင်း(အတွင်းနိမိတ်ဟူသည် ခဏ္ဍသိမ်၏ သီမန္တရိက်နိမိတ်)သတ်မှတ်ထားရှိ၍ မဟာသိမ်၌တည်ပြီး တိဝိဓ သမ္ဘတ္တိယုတ္တ နိမိတ္တေန နိမိတ္တသမ္ဘန္နဖြစ်အောင် နိမိတ်ကြား၍ သမုတ်အပ်၏။ သမုတ်ရမည်။ ခန္ဓသိမ်သမုတ်ပြီးမှ မဟာသိမ်ကို သမုတ်ရမည်ဟူလို။

**သာရတ္ထ–** ဝေံ ခဏ္ဍသီမံ သမ္မန္နိတွာ မဟာသီမာသမ္မုတိကာလေ ခဏ္ဍသီမတော နိက္ခမိတွာ မဟာသီမာယ ဌတွာ သမန္တာ အနုပရိယာယန္တေဟိ သီမန္တရိကပါသာဏာ ကိတ္တေတဗ္ဗာ၊ တတော အဝသေသနိမိတ္တာနိ ကိတ္တေတွာ ဟတ္ထပါသံ အဝိဇဟန္တေဟိ ကမ္မဝါစာယ သမာနသံဝါသကာသီမံ သမ္မန္နိတွာ တဿ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ။

(ဝိ–ဋ၊၃၊၃၂၄)

## မှုခင်းပါသိမ်နှင့် စပ်၍စိစစ်ချက်

စုဒိတကဆရာတော် ဦးပုညာစာရ ဦးဆောင်သမုတ်သော ပေကုန်းကျေးရွာ ပဲခူးကျောင်းသိမ်သည် အထက်ဖော်ပြပါ ဝိသုံဂါမ ပုဗ္ဗကိစ္စ လုပ်ငန်းစဉ် (၄)ချက်ကို ကြိုတင်ဆောင်ရွက်ခြင်းမရှိဘဲ သိမ်သမုတ်လိုရာ မြေကွက်၌ နိမိတ်သတ်မှတ်ပြီး ကမ္မဝါစာဖတ်ရုံမျှဖြင့်သာ သမုတ်ထားသောကြောင့် ဝိသုံဂါမသိမ်မဟုတ် (ဝိသုံဂါမသိမ်မဖြစ်ပါ)။

စုဒိတကဆရာတော် ဦးပုညာစာရကမူ ''သိမ်သမုတ်သည့် အခါ၌ နယ်သိမ်းသင့် မသိမ်းသင့် ကိစ္စသည် ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓက ပါဠိတော်လာအတိုင်း (ပထမံ နိမိတ္တာ ကိတ္တေတဗ္ဗာ) အရ ပထမနိမိတ် သတ်မှတ်ပြီး (နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ

ပဋိဗလေန သံဃော ဉာပေတဗ္ဗော)အရ ကမ္မဝါစာဖတ်လျှင် သိမ်သမုတ်မှုကိစ္စပြီး၍ နယ်သိမ်းရန် မလိုခြင်းဖြစ်ကြောင်း ယခုသိမ်သည်လည်း နယ်သိမ်းသိမ်မဟုတ်ပါကြောင်း မိမိအနေဖြင့် သိမ်နိမိတ်အတွင်း ရောက်ရှိလာသော ရဟန်းများ ဟတ္ထပါသ် စပ်သည်ဖြစ်စေ မစပ်သည်ဖြစ်စေ သီမာသမ္မုတိ ကမ္မဝါစာဖတ်၍ သမုတ်ပါက ''ဓမ္မေန သမဂ္ဂကမ္မ''ဖြစ်၍ အောင်မြင်သည်ဟု ယူဆပါကြောင်းဟု သူ၏ ယူဆောင်ချက်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)ဝင် ဆရာတော်(၁၁)ပါး ရှေ့မှောက်၌ တင်ပြလျှောက်ထားခဲ့၏။

ထိုတင်ပြလျှောက်ထားချက်အရ ထိုစုဒိတက ဆရာတော် ဦးပုညာစာရ ဦးဆောင်၍ သိမ်သမုတ်ခဲ့ရာ၌–

အထက်ဖော်ပြခဲ့ပြီးသော အဋ္ဌကထာစကားများအရ သိမ်သမုတ်ရာတွင် ပရိသာသမ္ပတ္တိဖြစ်ရန်ဆောင်ရွက်ရမည်–

(၁) မိမိသိမ်သမုတ်မည့် မြေကွက်ရှိရာ သူကြီးတစ်ပိုင် ဒိုင်နယ်(ဝါ) ရပ်ကွက်ကောင်စီတစ်ပိုင်(ဝါ)ကျေးရွာအုပ်စု ကောင်စီတစ်ပိုင် ဟူသော ဂါမခေတ်တစ်ခုအတွင်းရှိ ရဟန်းတော်များကို သိမ်သမုတ်မည့် နိမိတ်သတ်မှတ်ပြီး မြေကွက်အတွင်း သံဃာ့ ဟတ္ထပါသ်သို့ ရောက်အောင်သိမ်းခြင်းဟူသော ဟတ္ထပါသ နယန သီမာဝိသောဓနအမှု၊

(၂) မလာနိုင် မကြွနိုင်သော ရဟန်းတော်များ၏ ဆန္ဒကိုဆောင်ယူခြင်းဟူသော ဆန္ဒာဟရဏသီမာဝိသောဓနအမှု၊

(၃) ထိုဂါမခေတ်အတွင်းရှိ ရဟန်းများ၏ကျောင်းတိုက်၌ ဗဒ္ဓသိမ်ရှိလျှင် သိမ်သမုတ်သောအချိန်၌ ဗဒ္ဓသိမ်ထဲသို့ဝင်၍ နေစေခြင်းဟူသော ဗဒ္ဓသီမာပဝေသနသီမာဝိသောဓနအမှု၊

(၄) ဗဒ္ဓသိမ်သို့လည်းဝင်မနေ၊ ဟတ္ထပါသ်သို့လည်းမလိုက်ပါ၊ ဆန္ဒလည်းမပေးသော ရဟန်းတော်များကို သိမ်သမုတ်သော အချိန်၌ သမုတ်ရာမြေကွက်၏ တည်ရာဂါမခေတ်၏ အပြင်သို့ ကြွရောက်နေစေခြင်းဟူသော ဗဟိသီမာကရဏ သီမာဝိသောဓနအမှု၊

တို့တွင် လုပ်ဆောင်သင့်သမျှ သီမာဝိသောဓန အမှုတို့ကိုမလုပ်ဆောင်ဘဲ ပထမနိမိတ်သတ်မှတ်ပြီး ဒုတိယနိမိတ်အတွင်းရှိ သံဃာများဖြင့်သာ သီမာသမ္မုတိ ကမ္မဝါစာဖတ်ကာ သမုတ်ခဲ့သည်မှာ ထင်ရှားပေါ်လွင်နေပေသည်။ ထို့ကြောင့် စုဒိတက ဆရာတော် ဦးပုညာစာရ၏ သိမ်သမုတ်မှု သီမာသမ္မုတိကံသည် ပရိသာသမ္ပတ္တိမဖြစ်၍ ဓမ္မေန သမဂ္ဂကမ္မမဖြစ်ပေ။ သိမ်သည်လည်း အောင်မြင်သောသိမ် (သမ္ပတ္တိသိမ်) မဖြစ်ပေ။ ဓမ္မေနဝဂ္ဂကမ္မသာဖြစ်ပေသည်။ သိမ်ပျက်သာဖြစ်ပေသည်။

**သာဓကများ--**

(က) ဥတ္တိဒုတိယေ စေ ဘိက္ခဝေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေ အနာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ၊ ဝဂ္ဂကမ္မံ။ (ဝိ၊၃၊၄၃၇)

(ခ) တတြ ဘိက္ခဝေ ယဒိဒံ ဓမ္မေန ဝဂ္ဂကမ္မံ၊ ဣဒံ ဘိက္ခဝေ ကမ္မံ ဝဂ္ဂတ္တာ ကုပ္ပံ အဋ္ဌာနာရဟံ၊ န ဘိက္ခဝေ ဝေရူပံ ကမ္မံ ကာတဗ္ဗံ၊ န စ မယာ ဝေရူပံ ကမ္မံ အနုညာတံ။(ဝိ၊၃၊၄၃၅)

(ဂ) ဓမ္မေန ဝဂ္ဂကမ္မံ အကမ္မံ န စ ကရဏီယံ။ (ဝိ၊၃၊၄၃၆။)

(ဃ) ပရိသာသမ္မတ္တိယာ ယုတ္တာ နာမ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတ္ဝာ ယာဝတိကာ တသ္မိံ ဂါမခေတ္တေ ဗဒ္ဓသီမံ ဝါ နဒီသမုဒ္ဒဇာတဿရေ ဝါ အနောက္ကမိတ္ဝာ ဌိတာ ဘိက္ခူ၊ တေ သဗ္ဗေ ဟတ္ထပါသေ ဝါ ကတ္ဝာ ဆန္ဒံ ဝါ အာဟရိတ္ဝာ သမ္မတာ။ (ဝိ၊သင်္ဂဟ၊၁၈၄။ ကခ်ီ–၈၉။)

**(၎င်း၏ ဗျတိရေကတ္ထသာဓက)**

(င) ဣမာနိ စတ္တာရိ ကမ္မာနိ ကတိဟာကာရေဟိ ဝိပဇ္ဇန္တိ။ ဣမာနိ စတ္တာရိ ကမ္မာနိ ပဉ္စဟာကာရေဟိ ဝိပဇ္ဇန္တိ ဝတ္ထုတော ဝါ ဉတ္တိတော ဝါ အနုဿာဝနတော ဝါ။ (ဝိ၊၅၊၃၉၀။)

စတုဝဂ္ဂကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ, တေ အနာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ။ စတုဝဂ္ဂကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေ အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ။ စတုဝဂ္ဂကရဏေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ, တေ အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟဋော ဟောတိ သမ္မုခီဘူတာ ပဋိက္ကောသန္တိ။ (ဝိ၊၅။၃၉၁။)

အထက်ပါ ပါဠိတော်များ အဋ္ဌကထာများအရ ယခုမှုခင်းပါ စဒိတက ဆရာတော် ဦးပုညာစာရ၏ သိမာသမ္မုတိကံသည် ဝဂ္ဂကမ္မသာဖြစ်သည်။ သိမ်သည်လည်း မအောင်မြင်သောသိမ်ပျက်သာဖြစ်သည်၊ ထို့ကြောင့် ဆရာတော်ဦးပုညာစာရ၏ သိမ်သမုတ်မှုဝိနည်းကံသည် အဓမ္မ, အဝိနယသာ ဖြစ်တော့သည်။

**ဟတ္ထပါသ်စပ်သည့်ဖြစ်စေ, မစပ်သည့်ဖြစ်စေဟူသော မှုခင်းပါ စုဒိတက ဆရာတော်၏စကား၌ ရှင်းလင်းချက်**

''သိမ်နိမိတ်အတွင်း ရောက်ရှိလာသော ရဟန်းများ ဟတ္ထပါသ် စပ်သည့်ဖြစ်စေ, မစပ်သည့်ဖြစ်စေ သီမာသမ္မုတိ ကမ္မဝါစာ ဖတ်၍ သမုတ်ပါက ဓမ္မေနသမဂ္ဂကမ္မဖြစ်၍ အောင်မြင်သည်''ဟူသော ဆရာတော် ဦးပုညာစာရ၏ အယူအဆသည်–

အညဂါမအန္တောကရဏ(နာနာဂါမ၌)သိမ်အရာ၌ မဟာသုမ ထေရ်တို့၏ အယူကိုပြသော–

(က) ''သစေ အညာနိပိ ဂါမခေတ္တာနိ အန္တောကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိပိ အာဂန္တဗ္ဗံ၊ အနာ ဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ''

(ခ) ''မဟာပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိ နာမ ပါဋ္ဌေက္ကံ ဗဒ္ဓသီမာသဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊ အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗန္တိ ဝတွာ ပုန အာဟ ''သမာနသံဝါသကသီမာသမ္မန္နနကာလေ **အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ**၊ အဝိပ္ပဝါသသီမာသမ္မန္နနကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ''– (ဝိ၊ဋ္ဌ၊၃၊၃၂၃)

ဟူသော စကားရပ်ဝယ် (အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ) ဟူသော မဟာပဒုမထေရ်၏စကားကို လက်ဆုပ်လက်ကိုင်ပြု၍ ဆိုသောအယူ အဆဖြစ်ပေသည်။

ထိုသို့ပင်ဖြစ်သော်လည်း မဟာပဒုမထေရ်၏ (အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ)ဟူသော စကားရပ်မှာ အညဂါမအန္တောကရဏ (နာနာဂါမဋ္ဌ) သိမ်ဆိုင်ရာအတွက်သာဆိုသော စကားရပ်ဖြစ်၍ ယခုမှူခင်းပါဆရာတော် ဦးပုညာစာရ သိမ်သမုတ်သော သိမ်မြေကွက်မှာ ကေဂါမဋ္ဌ မြေကွက်ဖြစ်သောကြောင့် (အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ)ဟူသော မဟာပဒုမထေရ်၏ စကားရပ်သည် ကေဂါမဋ္ဌသိမ်နှင့်မသက်ဆိုင်။ ကေဂါမဋ္ဌသိမ်အတွက် သာဓကမမြောက်ပေ။

အထက်ပါ မထေရ်နှစ်ပါး၏စကား၌ ဆိုလိုရင်းအဓိပ္ပာယ်မှာ (က) ''မိမိ၏တည်ရာ မူလဂါမခေတ်ရှိ သိမ်သမုတ်လိုရာမြေကွက်၏ ကျဉ်းငယ်နေခြင်းစသော အကြောင်းကြောင့် မိမိတည်ရာ မူလဂါမခေတ်ရှိ သိမ်သမုတ်လိုရာ မြေကွက်၌ အညဂါမခေတ်၏ မြေတစ်စိတ်တစ်ပိုင်းကို အတွင်းပြု တိုးချဲ့၍ သိမ်သမုတ်သည့်အခါဝယ် ထိုအတွင်းပြု တိုးချဲ့ သိမ်းသွင်းအပ်သော မြေအစိတ်အပိုင်း၏တည်ရာ အညဂါမခေတ်တစ်ခုလုံးရှိ ရဟန်းတော်တို့သည်လည်း သိမ်သမုတ်မည့် မူလဂါမခေတ်ရှိ သိမ်မြေပြင် သံဃာ့ဟတ္ထပါသ်သို့ လာရောက်ကြရမည်၊ မလာသောရဟန်းတို့၏ ဆန္ဒကိုဆောင်ယူစေရမည်''ဟု ဆိုလိုပါသည်(မဟာသုမထေရ်ဝါဒ)။

ချဲ့ဦးအံ့-ယင်းမဟာသုမထေရ်ဝါဒ၌ တေဟိပိ-၌ ပိသဒ္ဒါဖြင့် မူလဂါမခေတ်ရှိ ရဟန်းတို့လည်း သိမ်သမုတ်မည့် သိမ်မြေပြင် သံဃာ့ဟတ္ထပါသ်သို့လာရမည်၊ မလာသောရဟန်းတို့၏ ဆန္ဒကိုလည်း ဆောင်ယူစေရမည်ဟု သမုစ္စည်းအဓိပ္ပါယ်ကိုပြ၏။

[ထိုအညဂါမခေတ်ရှိရဟန်း မူလဂါမခေတ်ရှိရဟန်း နှစ်ပက္ခတို့တွင် အညဂါမခေတ်ရှိ ရဟန်းတော်များ မလာသော်လည်း

(ထိုရဟန်း တော်တို့၏ဆန္ဒကို မဆောင်ယူစေသော်လည်း) ဝဂ္ဂဒေါသ မဖြစ်၊ ကံမပျက်။ အကြောင်းကား ''အညဂါမခေတ်သည် (အဗဒ္ဓ) ဂါမသိမ် သီးခြားဖြစ်သောကြောင့်''တည်း]။

သို့ဖြစ်၍ အညဂါမခေတ်ရှိ ရဟန်းတို့လာခြင်း၊ ထိုရဟန်းတို့ ဆန္ဒကို ဆောင်ယူစေခြင်းကြောင့် သမဂ္ဂကမ္မဖြစ်ခြင်းဟူသော တစ်စုံတစ်ရာထူးခြားသော အကျိုးမရှိသော်လည်း လာခြင်း, ဆောင်ယူ စေခြင်းကြောင့် အပြစ်မရှိရုံမျှမက ဝတ္တရားကျေ သာမိစိကမ္မ အကျိုး လည်းရှိ သံသယ ဝိနယ ကုက္ကုစ္စ အားကြီးလှသော ဝိနယဂရုက အရှင်မြတ်များ၏ သံသယ ဝိနယ ကုက္ကုစ္စကို ပယ်ဖျောက်နိုင်ခြင်း အကျိုးလည်းရှိသောကြောင့် ( ဝိနယဝိနိစ္ဆယေ။ပ။ဂရုကေ ဌာတဗ္ဗံ- အရ) ''လာရမည်-ဆောင်ယူစေရမည်''ဟု မဟာသုမထေရ် မိန့်ဆို တော်မူသည်ဟု မှတ်ယူရမည်။

သာမိစိကမ္မ သံသယကုက္ကုစ္စပဋိဝိနောဒန အကျိုးရှိသော ကြောင့် အညဂါမခေတ်ရှိ ရဟန်းတော်များသည်ပင် လာရမည်၊ မလာသောရဟန်းတို့၏ ဆန္ဒကိုပင် ဆောင်ယူစေရမည်ဖြစ်ခဲ့လျှင်-

ကေဂါမ-ဂါမခေတ်တစ်ခုတည်း အတူဖြစ်သော မူလဂါမ ခေတ်ရှိ ရဟန်းတော်များအားလုံး လာရမည်။ မလာလျှင် ဆန္ဒကို ဆောင်ယူစေရမည်ဟူသော အချက်မှာ ဆိုဖွယ်ရာမရှိတော့ပြီ။

မူလဂါမခေတ်ရှိ ရဟန်းတော်များအားလုံးကား ဧကန်လာရ မည်။ မလာက ဆန္ဒကို ဧကန်ဆောင်ယူစေရမည်။ မလာက မဆောင်ယူစေက ဝဂ္ဂကမ္မဖြစ်၍ ကံပျက်သည်ဟုဆိုလို၏။
(ဤကား မဟာသုမထေရ်ဝါဒ၌ အကျယ်ရှင်းလင်းချက်တည်း။)

## မဟာပဒုမထေရ်ဝါဒကို ရှင်းလင်းပြဦးအံ့

မိမိတည်ရာ မူလဂါမခေတ်ရှိ သိမ်သမုတ်လိုရာမြေကွက်၏ ကျဉ်းငယ်ခြင်းစသော အကြောင်းကြောင့် မိမိ၏တည်ရာမူလဂါမရှိ သိမ် သမုတ်လိုရာမြေကွက်၌ အညဂါမခေတ်၏ မြေတစ်စိတ်တစ်ပိုင်းကို အတွင်းပြုတိုးချဲ့၍ သိမ်သမုတ်ရာ၌ အသီးအသီးသော တစ်ခုစီ တစ်ခုစီ သော ဂါမခေတ်တို့မည်သည် အသီးအသီး ဗဒ္ဓသိမ်တို့နှင့် တူကြကုန်၏။ ထိုအသီးအသီး ဗဒ္ဓသိမ်တို့နှင့်တူသော အညဂါမခေတ်သို့'' မလာရောက် မလိုက်ပါနိုင်။

သို့ပင် နာနာဂါမခေတ်တို့မှ ဆန္ဒပါရိသုဒ္ဓိ အညဂါမခေတ်သို့ မလာရောက် မလိုက်ပါသော်လည်း နိမိတ်သတ်မှတ်၍ (ဝါ၊ နိမိတ်ကြား၍ အတွင်းပြုအပ်သော (အညဂါမခေတ်၏)မြေတစ်စိတ်တစ်ပိုင်း၌ ရောက်ရှိနေသော ရဟန်းများသည် ''ဝတ္တရားကျေ သာမိစိ၏ အစွမ်းအားဖြင့်''သိမ်သမုတ်မည့် မူလဂါမခေတ်ရှိ သိမ်မြေကွက် သံဃာ့ဟတ္ထပါသ်သို့ လာကြရမည်ဟု ရှေးဦးစွာမိန့်ဆို၍ နောက်ထပ်မိန့်ဆိုပြန်သည်မှာ-

''ကမ္မဝါစာဖြင့် သိမ်မဖွဲ့ရသေးသည်ရှိသော် နာနာဂါမခေတ်တို့၏ နာနာသီမသဘောရှိသည်၏ အဖြစ်ကြောင့် အညဂါမခေတ်၏ မြေတစ်စိတ်တစ်ပိုင်းကိုသာ အတွင်းပြုလိုလတ်သော်(ဝါ) အတွင်းပြုလိုရာဝယ် အညဂါမခေတ်တစ်ခုလုံးရှိ ရဟန်းတော်တို့ လာရောက်ခြင်း၌ **သာမိစိ** ဖြစ်ရုံသာရှိ၏။ မလာရောက်ခြင်းကြောင့်လည်း ဝဂ္ဂကမ္မမဖြစ်၊ ကံမပျက်။ ထို့ကြောင့်-

သမာနသံဝါသသိမ်သမုတ်ရာအခါ၌ အန္တောနိမိတ္တဂတ အညဂါမ ကေဒေသရှိ ရဟန်းတို့လာသော်လည်းကောင်း၊ မလာသော်

လည်းကောင်း အပ်၏။

''ကမ္မဝါစာဖြင့် သမာနသံဝါသသိမ်ကို ဖွဲ့အပ်ပြီးသည်ရှိသော် ကောသိမ(သိမ်တစ်ခုတည်း)၏ အဖြစ်ကြောင့် (ဝါ)သိမ်တစ်ခုတည်းအဖြစ်သို့ရောက်သောကြောင့်'' အဝိပ္ပဝါသ သိမ်သမုတ်ရာအခါ၌မူ အန္တော နိမိတ္တဂတ(အန္တောသီမဂတ) ရဟန်းတို့လာရမည်၊ မလာရောက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်ယူရမည်ဟု အဓိပ္ပာယ်ရ၏။ ဤကား မဟာပဒုမထေရ်၏ ဆိုလိုရင်းဖြစ်၏။

သာရတ္ထ–အန္တောနိမိတ္တဂတေဟိ ပနာတိ ကေသဉ္စိ ဂါမသဉ္စ ဥပမုံ

အန္တော ကတ္တုကာမတာယ သတိ သဗ္ဗေသံ အာဂမနေ ပယောဇနံ နတ္ထီတိ ကတွာ ဝုတ္တံ။

အာဂန္တဗ္ဗန္တိ စ သာမိစိဝသေန ဝုတ္တံ၊ နာယံ နိယမော ''အာဂန္တဗ္ဗမေဝါတိ''။ တေနေဝါဟ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတီ။

အပဗ္ဗါယ ဟိ သီမာယ နာနာဂါမခေတ္တာနံ နာနာသီမသဘာဝတ္တာ တေသံ အနာဂမနေပိ ဝဂ္ဂကမ္မံ န ဟောတိ၊ တသ္မာ အနာဂမနမ္ပိ ဝဋ္ဋတိ။

ဗဒ္ဓါယ ပန သီမာယ ''ကေသီမဘာဝတော'' ပုန အညသ္မိ ကမ္မေ ကရိယမာနေ အန္တော သီမဂတေဟိ အာဂန္တဗ္ဗမေဝါတိ အာဟ အဝိပ္ပဝါသသီမာ။ ပ။ အာဂန္တဗ္ဗန္တိ။ (သာရတ္ထ၊ ၃၊ ၂၇၁)။

ဤသို့လျှင် ''အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ''ဟူသော မဟာပဒုမထေရ်၏စကားသည် အညဂါမအန္တောကရဏ (နာနာဂါမဌ) သိမ်ဆိုင်ရာအတွက် မိန့်ဆိုသောစကားသာဖြစ်သည်။ မှုခင်းပါ ကေ

ဂါမဌသိမ်အတွက် လက်ဆုပ်လက်ကိုင် သာဓကမဖြစ်ပေ။

ထို့ကြောင့် သိမ်နိမိတ်အတွင်း ရောက်ရှိလာသောရဟန်းများ ဟတ္ထပါသ်စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ သီမာသမ္မုတိ ကမ္မဝါစာ ဖတ်၍ သမုတ်ပါက ဓမ္မေနသမဂ္ဂကမ္မဖြစ်၍ အောင်မြင်သည်ဟူသော ယူဆချက်ဖြင့် နယ်သိမ်း ခဏ္ဍသိမ်သမုတ်လိုရာဝယ် ပရိသသမ္ပတ္တိ ဖြစ်ရန် ပါဠိတော် အဋ္ဌကထာများနှင့်အညီ ဆောင်ရွက်ရမည်။ ပြုသင့်ပြုထိုက်သော နယ်သိမ်း ခဏ္ဍသိမ်၏ ပုဗ္ဗကိစ္စ သီမာဝိသောဓန အမှုများကိုမပြုဘဲ လျစ်လျူရှုကာ ပထမနိမိတ်သတ်မှတ်ပြီး ဒုတိယ နိမိတ်အတွင်းရှိ သံဃာမျှဖြင့်သာ သီမာသမ္မုတိကမ္မဝါစာဖတ်၍ သမုတ်ခဲ့သော မှုခင်းပါ စုဒိတကဆရာတော် ဦးပုညာစာရ၏ သီမာ သမ္မုတိကံသည် ပရိသာသမ္ပတ္တိမဖြစ်သောကြောင့်(ဓမ္မေန သမဂ္ဂကမ္မ လုံးဝမဖြစ်) စင်စစ် ဓမ္မေန ဝဂ္ဂကမ္မ(ကံပျက်)သာဖြစ်သည်၊ သိမ်သည် လည်း (သိမ်ပျက်)သာဖြစ်သည်ဟု တထစ်ချမှတ်ယူရမည်ဖြစ်၏။

## သိမ်သမုတ်ရာ၌ သိမ်နုတ်ရန်လိုအပ်ကြောင်း စိစစ်ဝေဖန်ခြင်း

ဥပုသ် ပဝါရဏာ ဥပသမ္ပဒ–စသော ကံကြီး–ကံငယ် အသွယ်သွယ်တို့ကို လွယ်ကူချမ်းသာစွာ ပြုလုပ်နိုင်ရန်အကျိုးငှာ ပကတိဂါမခေတ် အတွင်း၌ ဗဒ္ဓသိမ်(ခဏ္ဍသိမ်)ကို သမုတ်ကြခြင်း ဖြစ်သည်။

မိမိသမုတ်သောဗဒ္ဓသိမ်သည် အောင်မြင်သောသိမ်ဖြစ်ရန် အလွန်အရေးကြီးပါသည်။ သိမ်အောင်မြင်မှသာလျှင် ထိုသိမ်၌ပြုလုပ် ဆောင် သမျှ သံဃာ့ကံအဝဝတို့ ပြီးမြောက်အောင်မြင်ပါသည်။ သိမ်

မအောင်ပါက ''သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ''၊(ဝိ၊၅၊၃၈၁။ ကင်္ခါ-ရေ၊ဝိ-သင်္ဂဟ-၁၇၈) အရ ထိုသိမ်၌ သံဃာ့ကံဟူသမျှ မပြီးမြောက်ဘဲ ပျက်စီးကြကုန်၏။ ဥပသမ္ပဒကံ စီမံဆောင်ရွက်ရာတွင်လည်း ရဟန်းအဖြစ်သို့ မရောက်တော့ဘဲ သာသနာတော်မှာ လွန်စွာမှ အကျိုးယုတ်ပါသည်။ နစ်နာဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ပါသည်။

ထို့ကြောင့် သီမာသမ္မုတိ(သိမ်သမုတ်ခြင်း)ကံသည် ထာဝရ သာသနပတိဋ္ဌာန သာသနမူလဘူတ ကံကြီးဖြစ်၍ အဘက်ဘက်မှ ချို့ယွင်းချက်မရှိအောင် သတိပြုလျက်ဆောင်ရွက်ကြရပါမည်။

မိမိသမုတ်မည့်သိမ်ကို အောင်မြင်သောဗဒ္ဓသိမ်ဖြစ်စေလိုလျှင်-

၁။ သိမ်ပျက် ၁၁-လုံးတို့ကို လွန်မြောက်စေရခြင်း၊

၂။ သုံးပါးသောသမ္ပတ္တိနှင့်ပြည့်စုံစေရခြင်း၊

၃။ နိမိတ်ချင်းစပ်အောင် နိမိတ်ကြား၍သမုတ်ခြင်း-

ဤအင်္ဂါလက္ခဏာ ၃-ပါးနှင့်ပြည့်စုံစေရပါမည်။ ဤအင်္ဂါ သုံးပါးတို့တွင် တစ်ပါးပါးချို့ယွင်းပါက ဘယ်လိုနည်းနှင့်မှ သိမ် အောင်မြင်မည်မဟုတ်ပါ။

> ဧကာဒသ ဝိပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိ ယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ ဗဒ္ဓသီမာ နာမ။ (ကင်္ခါ၊ရေ။ဝိ၊သင်္ဂဟ၊၁၇၈)။

ထိုအင်္ဂါ၃-ပါးတို့တွင် ပထမအင်္ဂါဖြစ်သော ဝိပတ္တိ သိမ် (သိမ်ပျက်) ၁၁-လုံးတို့မှာ-

၁။ အတိခုဒ္ဒက(ငယ်လွန်းသော)သိမ်၊
၂။ အတိမဟတီ(ကြီးလွန်းသော)သိမ်၊
၃။ ခဏ္ဍနိမိတ္တ(နိမိတ်ကျိုးသော)သိမ်၊
၄။ ဆာယာနိမိတ္တ(အရိပ်ကိုနိမိတ်ပြုလုပ်သော)သိမ်၊
၅။ အနိမိတ္တ(နိမိတ်လုံးဝမရှိသော)သိမ်၊
၆။ ဗဟိသီမေ ဌိတသမ္မတ(သိမ်ပ၌တည်၍သမုတ်အပ်သော)သိမ်၊
၇။ နဒိယာသမ္မတ(မြစ်၌သမုတ်အပ်သော)သိမ်၊
၈။ သမုဒ္ဒေ သမ္မတ(သမုဒ္ဒရာ၌သမုတ်အပ်သော)သိမ်၊
၉။ ဇာတဿရေ သမ္မတ(ဇာတဿရအိုင်၌သမုတ်အပ်သော)သိမ်၊
၁၀။ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတ (မိမိသိမ်ဖြင့် သူတစ်ပါး သိမ်ကို စပ်၍သမုတ်အပ်သော)သိမ်၊
၁၁။ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတ(မိမိသိမ်ဖြင့်သူတစ်ပါး သိမ်ကို လွှမ်းမိုး၍ သမုတ်အပ်သော)သိမ်– တို့ဖြစ်သည်။

ကထံ သီမတော ကမ္မာနိ ဝိပ္ပဇ္ဇန္တိ။ ကောဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ။ အတိခုဒ္ဒကံ သီမံ သမ္မန္နတိ။ အတိမဟတိံ သီမံ သမ္မန္နတိ။ပ။ သီမာယ သီမံ အဇ္ဈောတ္ထရတိ။ ဣမေ ဟိ ကော ဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပ္ပဇ္ဇန္တိ။ (ဝိ၊၅၊၃၈၁။ ဝိ၊ဋ္ဌ၊၄၊ ၂၄၈။ ကခါ၊၈၇)။

သိမ်နုတ်ခြင်းနှင့်စပ်လျဉ်း၍ ဝိပတ္တိသိမ် ၁၁–လုံးတို့တွင် အပါအဝင်ဖြစ်သော–

(က) စပ်၍သမုတ်အပ်သော (သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတ)
(ခ) လွှမ်းမိုး၍သမုတ်အပ်သော (သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတ)သိမ်–

ဤသိမ်နှစ်မျိုးတို့ကို သိရှိနားလည်ရန်လိုအပ်ပါသည်။

(က) ရဟန်းလေးပါး ထိုင်နေလောက်အောင် မကျယ်သောအရပ်မှ အောက်ထစ်ဆံခြည်ဖျားမျှအထိ သိမ်ဟောင်းကို အတွင်းပြု၍ သမုတ်အပ်သောသိမ်သည် စပ်၍သမုတ်အပ်သော (သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတ)သိမ်မည်၏။

သီမာယ သီမံ သမ္ဘိန္ဒန္တီ (ဝိ၊၃။၁၅၀)တိ အတ္တနော သီမာယ ပရေသံ ဗဒ္ဓသီမံ သမ္ဘိန္ဒန္တိ။ (ဝိ၊ဋ္ဌ၊၃။၃၃၇။ ကခါ၊၈၉။)

ယတ္ထ ပန ဠှိတေဟိ ကမ္မံ ကာတုံ န သက္ကာ ဟောတိ၊ တာဒိသံ ပဒေသံ အန္တော ကရိတွာ ဗန္ဓန္တာ သီမာယ သီမံ သမ္ဘိန္ဒန္တိ နာမ။ (သာရတ္ထ၊ ၃။၂၇၅။ ကခါ၊ဋီ၊သစ်။၁၃၇။)

သမ္ဘိန္ဒန္တီတိ ယတ္ထ စတူဟိ ဘိက္ခူဟိ နိသီဒိတုံ န သက္ကာ၊ တတ္ထ တတော ပဋ္ဌာယ ယာဝ ကေသဂ္ဂမတ္တမ္ပိ အတ္တနော သီမာယ ကရောန္တော သမ္ဘိန္ဒန္တိ။

(ဝိမတိ၊၂၊၁၆၈။ ဝိနယာလင်္ကာရ ဋီ၊၁။၃၄၄)။

(ခ) ရဟန်းလေးပါးထိုင်နေလောက်အောင် ကျယ်သောအရပ်နှင့် ယင်းမှအထက်သိမ်ဟောင်းကို အကုန်လုံးအထိအတွင်းပြု၍ သမုတ်အပ်သောသိမ်သည် လွှမ်းမိုး၍ သမုတ်အပ်သော (သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတ)သိမ်မည်၏။

သီမာယ သီမံ အဇ္ဈောတ္ထရန္တိ (ဝိ၊၃။၁၅၀)တိ အတ္တနော သီမာယ ပရေသံ ဗဒ္ဓသီမံ သကလံ ဝါ တဿာ ပဒေသံ ဝါ အန္တော ကတွာ အတ္တနော သီမံ ဗန္ဓန္တိ။ (ဝိ၊ဋ္ဌ၊၃၊၃၃၇။ ကခါ-၈၈။)

တသ္မာ ပဒေသန္တိ ယတ္ထ ဌတွာ ဘိက္ခုဟိ ကမ္မံ ကာတုံ သက္ကာ ဟောတိ။ တာဒိသံ ပဒေသံ။

(သာရတ္ထ၊၃၊၂၅၅။ ကခါ၊ဋီ၊ သစ်၊၁၅၃။)

စတုန္နမ္ပိ ဘိက္ခူနံ ပဟောနကတော ပဋ္ဌာယ ယာဝ သကလမ္ပိ အန္တော ကရောန္တော အဗ္ဘောက္ခရန္တိတိ ဝေဒိတဗ္ဗံ။

(ဝိမတိ၊၂။၁၆၈။ ဝိနယာလင်္ကာရ ဋီ၊၁။၃၄၄။)

ထိုစပ်၍ လွှမ်းမိုး၍ သမုတ်အပ်သော (သီမာယ သီမံ သမ္ဘိန္ဒ– န္တေန သမ္မတ၊ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတ) သိမ်နှစ်မျိုး လုံးပင် မအောင်မြင်သောသိမ်များ သိမ်ပျက်များဖြစ်ကြသည်။

ထိုသို့စပ်၍ လွှမ်းမိုး၍ သမုတ်အပ်သောသိမ်တို့၏ မအောင်မြင် သော သိမ်ပျက်များဖြစ်ခြင်းကြောင့် မိမိတို့ အသစ်သမုတ်မည့်သိမ်ကို ယင်း ဝိပတ္တိသိမ်နှစ်မျိုးတို့ မဖြစ်စေဖို့ရန် အလွန်အရေးကြီးပါသည်။

မိမိတို့သိမ်သစ်သမုတ်မည့်နေရာ၌ ရှေးကသမုတ်ထားပြီးသော သိမ်ဟောင်းများမရှိဟု သေချာတိကျစွာသိရှိပါမှ သိမ်ကိုနုတ်ရန်မလိုဘဲ သမုတ်လိုက်ရုံသာရှိပါသည်။

သို့ရာတွင် ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်မှစ၍ ယနေ့ သာသနာတော်(၂၅၀၀)ကျော်တိုင်အောင်သော ကာလအတွင်းဝယ် မိမိတို့ သိမ်သမုတ်မည့်နေရာ၌ ရှေးရှေးမည်သည့်အခါကမှ သိမ် မသမုတ်ခဲ့ဖူးသေး ဟု သံသယကင်းလောက်အောင် တပ်အပ်သေချာ တိတိကျကျ မည်သူပြောနိုင်ပါမည်နည်း။ ထိုသို့မပြောနိုင်သည့်အတွက် ရှေးကသမုတ်ခဲ့ဖူးသော သိမ်ဟောင်းများ အကယ်၍ရှိခဲ့သော်–

သီမာသမ္ဘေဒ၊ သီမာအဇ္ဈောတ္ထရဏ(စပ်–လွှမ်း) ဝိပတ္တိသိမ်မျိုးမဖြစ်အောင် ထိုသိမ်ဟောင်းများ ကျွတ်လွတ်သွားစေရန် သိမ်နုတ်ရခြင်း ဖြစ်လေသည်။

ဤသို့သိမ်နုတ်ခြင်းသည် ရှေးကသိမ်ဟောင်းရှိခဲ့သော် ထိုသိမ်ဟောင်းတို့ ကျွတ်သွား၍ သီမာသမ္ဘေဒ၊ သီမာအဇ္ဈောတ္ထရဏ အပြစ်နှစ်ပါးတို့မှ လွတ်ကင်းခြင်းအကျိုးရှိ၍ ရှေးကသိမ်ဟောင်းများ မရှိခဲ့လျှင်လည်း မိမိတို့သမုတ်သောသိမ်သည် သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတ, သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတ–ဟူသော သိမ်ပျက်များဖြစ်နေလေမလား မဖြစ်ဘူးလားဟု ယုံမှားဒွိဟ မဖြစ်ရတော့ဘဲ ဥပသမ္ပဒစသော ကံကြီး ကံငယ် အသွယ်သွယ်တို့ကို လွယ်ကူချမ်းသာ သံသယကင်းရှင်းစွာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ခြင်း အကျိုးရှိပါသည်။

ထိုသို့အကျိုးရှိခြင်းကြောင့် သဒ္ဓမ္မမာမက ဝိနယဝိဒူ အဆူဆူသော မဟာထေရ်မြွန် ပညာဝန်အဆက်ဆက်တို့သည် သိမ်သမုတ်မည့်နေရာ၌ သိမ်နုတ်ခြင်းအမှုကို စင်စစ်ကေန် အမှန်မချွတ် ပြုလုပ်ဆောင်ရွက်ကြပါသည်။

> ''သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ''တိ ဝုတ္တေဟိ ဒွိဟိ ဝိပတ္တိဒေါသေဟိ မုစ္စနတ္ထံ သီမာ သမူဟနနကမ္မံ။ (ဝိနယာလင်္ကာရ ဋီ၊၁။၃၅၃။)
>
> တထာပိ သမူဟနိတဗ္ဗာ ပေါရာဏာသီမာပရိစ္ဆေဒဿ ဒုဝိညေယျတာ။ (ဝိနယာလင်္ကာရ ဋီ၊၁။၃၅၂)

## သိမ်နုတ်နည်း

ခဏ္ဍသိမ် မဟာသိမ်နှစ်ပါးလုံးကို မသိခဲ့သော် နုတ်ခြင်းငှာလည်း မတတ်နိုင်၊ ပြန်၍သမုတ်ခြင်းငှာလည်း တတ်နိုင်လိမ့်မည်မဟုတ်။ သိမ်နုတ်ကမ္မဝါစာကိုလည်းဖတ်ခြင်းငှာ စွမ်းနိုင်မည်မဟုတ်၊ ထို့ကြောင့် မနုတ်ရ၊ သိမ်ရှိမရှိကိုလည်းကောင်း၊ သိမ်အပိုင်းအခြားကိုလည်းကောင်း အသေအချာသိမှနုတ်အပ်၏။ ထပ်၍လည်းသမုတ်နိုင်သည်ဟု မဟာဝါအဋ္ဌကထာ၊ ဥပေါသထက္ခန္ဓက (နှာ–၃၃၂)၌ မိန့်ဆိုထားသော်လည်း ဝိမတိ ဋီကာ၊ ဒု၊ နှာ–၁၅၆ ၌ မူကား ခဏ္ဍသိမ် မဟာသိမ် ရှိမရှိကိုလည်းကောင်း၊ ယင်းတို့၏ အပိုင်းအခြားကိုလည်းကောင်း၊ မသိဘဲလျက်ပင် နုတ်၍ ဖြစ်နိုင်ပုံနည်းများကို ကေစိဆရာတို့ မိန့်ဆိုကြောင်း၊ ထိုကေစိဆရာတို့၏ စကားသည် သင့်မြတ်သကဲ့သို့ မှတ်ထင်ရကြောင်း၊ ဆင်ခြင်၍ယူသင့်ကြောင်းကို ပြဆိုထားလေသည်။

ထိုဝိမတိဋီကာ မိန့်ဆိုချက်အရ ရှေးရှေးဆရာစဉ်ဆက် သိမ်နုတ်ခြင်း ''သီမာသမူဟနန''ကံကို စီမံဆောင်ရွက်လာခဲ့ကြလေသည်။

သိမ်နုတ်ရာ၌ သိမ်ရှိ–မရှိနှင့် သိမ်အပိုင်းအခြားကို သိ–မသိ တို့မှာ အရေးကြီးသော လိုရင်းအကြောင်းအင်္ဂါမဟုတ်။

၁။ သိမ်အတွင်း၌ အနည်းဆုံး ရဟန်းလေးပါး စုဝေး တည်နေမိခြင်း၊

၂။ သိမ်နုတ်အံ့ဟူသော နှလုံးသွင်းဖြင့် ကမ္မဝါစာရွတ်ဖတ်ခြင်း–

ဤအင်္ဂါနှစ်ပါးသည်သာ လိုရင်းအကြောင်းအင်္ဂါဖြစ်သည်။

န ဟေတ္တ သီမာယ တပ္ပရိစ္ဆေဒ္ဒသာ ဝါ ဇာနနံ အင်္ဂံ။ သီမာယ ပန အန္တော ဌာနံ၊ ''သမုဟနိဿမာ''တိ ကမ္မဝါစာယ ကရဏဥ္စေတ္တ အင်္ဂံ။ (ဝိမတိ၊၂၊၁၅၆)

က္ကမသ္မိ သမူဟနနာဓိကာရေ သီမံ ဝါ သီမာပရိစ္ဆေဒံ ဝါ ဇာနနဘာဝေါ အင်္ဂံ န ဟောတိ၊ အန္တောသီမာယံ ဌိတဘာဝေါ ''သီမံ သမူဟနိဿာမာ'' တိ ကမ္မဝါစာ ကရဏာန္တိ ဣဒမေဝ ဒွယံ အင်္ဂံ ဟောတိ။ (ဝိနယာလင်္ကာရ ဋီ၊၁။၃၅၇။)

ဤအင်္ဂါနှစ်ပါးကို ရှေးဦးစွာသိရှိနားလည်ထားပါလျှင် ခရုပတ်ထောင့်တန်း ရင်ဘောင်တန်းစသော နည်းမျိုးစုံဖြင့် လူးလာခေါက်ပြန် အကြိမ်ကြိမ်အဖန်ဖန် နေရာအနှံ့အပြား နုတ်သင့်ပုံ၊ သိမ်သမုတ်ရန် သတ်မှတ်ထားသည့်နေရာထက် တိုးချဲ့၍ နုတ်သင့်ပုံများကို သဘောကျသွားပါလိမ့်မည်။

သီမာသမူဟနနကံသည် စတုဝဂ္ဂကရဏီယကံဖြစ်သောကြောင့် သိမ်မြေနေရာပေါ်၌ အနည်းဆုံး ရဟန်းလေးပါးတည်ရှိနေရမည်။ သိမ်မြေနေရာပေါ်၌ ရဟန်း(၁–၂–၃)ပါးသာ တည်ရှိနေမိလျှင် ကမ္မဝါစာ အကြိမ်များစွာ ရွတ်ဖတ်သော်လည်း သိမ်ဟောင်းမကျွတ်ပါ၊ သိမ်ဟောင်းမပျက်ပါ၊ ထို့ကြောင့် ၁–နံပါတ်အင်္ဂါနှင့် ပြည့်စုံစေရမည်။

ထိုမြေနေရာပေါ်၌ ရဟန်းလေးပါး စုဝေးတည်နေမိသော်လည်း သိမ်နုတ်အဖွဲ့ဟူသော နှလုံးသွင်းဖြင့် တစ်ပါးပါးက ကမ္မဝါစာ မရွတ်ဖတ်လျှင် သိမ်မကျွတ်ပါ။ သိမ်နုတ်အဖွဲ့ဟုနှလုံးသွင်း၍ ယင်းလေးပါးတို့တွင် တစ်ပါးပါးက ကမ္မဝါစာရွတ်ဖတ်မှ သိမ်ကျွတ်သည်၊ သိမ်ပျက်ပါသည်၊ ထို့ကြောင့် ၂–နံပါတ်အင်္ဂါနှင့်လည်း ပြည့်စုံစေရမည်။ သိမ်ဟောင်းမပျက်ပါ။

**မှတ်ချက်။** သိမ်နုတ်အံ့ဟူသော နှလုံးသွင်းမရှိဘဲ ကမ္မဝါစာ သင်ယူပို့ချရာအခါ ဆေးစီရင်ရာအခါ အစရှိသောအခါမျိုး၌ ကမ္မဝါစာ ရွတ်ဖတ်သော်လည်း သိမ်မပျက်ဟု မှတ်ယူရမည်။

## သိမ်နုတ်ပုံအခြင်းအရာ

သိမ်နုတ်လိုသောပုဂ္ဂိုလ်တို့သည် သိမ်သမုတ်ရန်သတ်မှတ်ထားသည့် နိမိတ်၏အတွင်းအပြင်အရပ်တို့၌ ကြေးမုံပြင်ကဲ့သို့ ညီညွတ်ပြေပြစ်အောင် သုတ်သင်ရှင်းလင်းထားရမည်၊ မြေပေါ်၌ သစ်မြစ်များရှိလျှင်လည်း ထိုသစ်မြစ်များကို ပယ်ရှားသုတ်သင်ထားရမည်၊ ထို့နောက် ဝိမတိဋီကာ ဝိနယာလင်္ကာရဋီကာတို့၌ လာသောနည်းအတိုင်း ညောင်စောင်းကွက်များချ၍ (မချဘဲလဲ)နုတ်ကြသည်။

သီမံ ဘိက္ခဝေ သမူဟနန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါသော
သမူဟန္တဗ္ဗော၊ ပစ္ဆာသမာန သံဝါသသီမာ သမူဟန္တဗ္ဗာ-

ဟူသော ဝိနည်းမဟာဝါပါဠိတော် (နှာ-၁၄၉)လာသည်နှင့်အညီ ရှေးဦးစွာ အဝိပ္ပဝါသိမ်ကို နုတ်ပြီးနောက် သမာနသံဝါသိမ်ကို နုတ်ရမည်။

## နယ်သိမ်းသင့်-မသိမ်းသင့်

အဋ္ဌကထာတွင် သိမ်သမုတ်ရာ၌ နယ်သိမ်းရပုံလာရှိ၍ သိမ်နုတ်ရာ၌လည်း နယ်သိမ်းရမည်ဖြစ်ကြောင်း ပြဆိုထားပေသည်။ ထိုသို့ပြဆို ခြင်းမှာ ရှေးကအလွန်ကြီးကျယ်သော မဟာသိမ်ကြီးများ ရှိခဲ့သော် ဝဂ္ဂကမ္မဖြစ်နိုင်သောကြောင့် ပြဆိုခြင်းဖြစ်လမ့်မည်၊ သိမ်သမုတ်မည့် ကျောင်းတိုက်အတွင်းရှိ သံဃာများ၊ ကျောင်းတိုက်မှ

ခဲတစ်ကျနှစ်ကျအတွင်းရှိ သံဃာများသိမ်းလျှင် လုံလောက်ပြီဟု ယူဆသင့်ပါသည်။

## အကြိမ်ကြိမ်နုတ်ရပုံ

သိမ်နုတ်ရာ၌မည်သည့်နေရာဝယ် သိမ်ဟောင်းရှိ၏ဟု ကေန် သိအံ့၊ ထိုသိမ်ဟောင်းအတွင်း တစ်နေရာ၌ တစ်ကြိမ်နုတ်က တစ်သိမ် လုံး ကျွတ်သွားပါသည်။ ယခုမှာမူ မည်သည့်နေရာ၌ သိမ်ဟောင်း ရှိသည်ကို ကေန်သိသည်မဟုတ်၊ မှန်းဆ၍သာ နုတ်ရသောကြောင့် မိမိတို့သမုတ်မည့် သိမ်သစ်နေရာ၌ သိမ်ဟောင်းတစွန်းတစ်စ၊ ၄– ၅–တောင်ခန့် ရှိနေပါက တစ်ကြိမ်မဟုတ်တစ်ကြိမ် ထိုသိမ်ဟောင်း ပေါ်၌ ရဟန်းလေးပါးစုဝေးတည်ရှိ၍ ကမ္မဝါစာဖတ်မိပြီး သိမ်ကျွတ်သွား စေရန်အကျိုးငှာ ရှေးဆရာစဉ်ဆက် ညွှန်ပြခဲ့သည့် ခရုပတ် ပျားကြီးစွဲ စသောနည်းမျိုးစုံတို့ဖြင့် အဖုံဖုံ အထပ်ထပ် လှည့်ပတ်ကာ သိမ်နုတ် အပ်ပါသည်။

## တိုးရွှဲ၍နုတ်သင့်ပုံ

သိမ်နုတ်သောအခါ သိမ်သမုတ်ရန် သတ်မှတ်ထားသည့် နိမိတ် အတွင်းသာမကဘဲ နိမိတ်အပြင်ဘက် အရပ်လေးမျက်နှာလုံး အနည်းဆုံး(၅)တောင်ခန့်ပို၍ တိုးချဲ့၍ နုတ်သင့်သည်။ အဘယ်ကြောင့် ဆိုသော် သိမ်ဟောင်းသည် အသစ်မဟုတ်မည့် သိမ်နေရာအတွင်း ရဟန်းလေးပါး ထိုင်နေလောက်အောင်မဟုတ်ဘဲ အနည်းငယ်သာ ပါဝင်နေအံ့၊ ထိုသို့ဖြစ် လျှင်သတ်မှတ်ထားသည့် နိမိတ်အတွင်းသာ နုတ်ပါက အထက်ကပြခဲ့သည့်အတိုင်း ရဟန်းလေးပါးတည်ရှိ၍ ကမ္မဝါစာဖတ်သည်မဟုတ်သောကြောင့် သိမ်ဟောင်းမကျွတ်ပါ၊ သိမ်

ကျွတ်၏ဟူသော အမှတ်ဖြင့် သိမ်သမုတ်ခဲ့သော် သီမာသမ္ဘေဒ သီမာအဇ္ဈောတ္ထရဏအပြစ်များ ဖြစ်နိုင်သည်။ ထို့ပြင်သိမ်ဟောင်းနှင့် သိမ်သစ်တို့သည် ကြုံတောင့်ကြုံခဲ တိုက်တိုက်ဆိုင်ဆိုင် တစ်ဘက်ဘက်၌ တစ်လျှောက်လုံး ထိစပ်ရှိသာ ထိစပ်နေအံ့၊ ထိုသို့ဖြစ်နေလျှင် တိုးချဲ့၍လည်း မနုတ်ပါက သိမ်နှစ်ခုရောစပ်ခြင်း သီမာ သင်္ကရ ဒေါသလည်း ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် သီမာသမ္ဘေဒ, သီမာ အဇ္ဈောတ္ထရဏ, သီမာသင်္ကရ အပြစ်တို့မှ လွတ်စေခြင်းအကျိုးငှာ သိမ်သမုတ်ရန်သတ်မှတ်ထားသည့် နိမိတ်၏အပြင်ဘက်ကိုလည်း တိုးချဲ့၍နုတ်ရပါသည်။

## ဦးပုညာစာရ၏ အဋ္ဌကထာ, ဋီကာတို့ကို လက်မခံခြင်းဝါဒကို စိစစ်သုံးသပ်ချက်

၁။ ထေရဝါဒပိဋကတ်တော်၌ အဋ္ဌကထာအမျိုးမျိုး, ဋီကာ အမျိုးမျိုး, ဝါဒအမျိုးမျိုးကွဲပြားနေ၍ လက်ခံရခြင်းဟူသော စုဒိတက ဆရာတော် ဦးပုညာစာရ၏ အယူဝါဒများသည် မိမိ၏ အဋ္ဌကထာ, ဋီကာတို့၌ မကျွမ်းကျင်သည့်အဖြစ်ကို ဖော်ပြရာရောက်ပြီး ယင်း အဋ္ဌကထာ,ဋီကာတို့နှင့်ပတ်သက်၍ လက်မခံလိုကြောင်းတွေ့ရှိရပါ၍ ဤစောဒနာလွှာ အမှတ်(၅)ကို အဆုံးအဖြတ်ပေးရန်ဟူသော စောဒနာ တင်သွင်းလွှာ၌ ပါရှိခြင်းကြောင့်လည်းကောင်း၊ အဋ္ဌကထာ, ဋီကာတို့ကို ဘေးချိတ်၍ ယခု သိမ်သမုတ်သလို ဆက်လုပ်နေပါက အယူမှားပြန့်ပွား ကာ သာသနာတော် ဆုတ်ယုတ်တိမ်ကောလာမည်ကို စိုးရိမ်သော ကြောင့်လည်းကောင်း ဤစိစစ်ဝေဖန်ချက်ကို ရေးသားရခြင်းဖြစ်၏။ အဋ္ဌကထာ, ဋီကာတို့ကို လက်မခံဘဲပါဠိတော်နည်းဟု ကိုယ်ပိုင်ဝါဒ ဖြင့် သိမ်တစ်မျိုး သမုတ်လာသောကြောင့် နိုင်ငံတော် သီးခြား

ဝိနည်းဓိုရ် အဖွဲ့ဖြင့် စစ်ဆေးလာရသည်အထိ ဖြစ်လာသောအခါ ရပ်တန်းကရပ်ပါစေတော့ဟု ဓမ္မာဓိဋ္ဌာန်သဘောထားဖြင့် စိစစ်ခြင်း ဖြစ်၏။

စောဒနာလွှာ၌ပင် "မိမိ၏ အဋ္ဌကထာ, ဋီကာတို့၌ မကျွမ်းကျင်သည်၏အဖြစ်ကို ဖော်ပြရာရောက်၏" ဟု အကြောင်းပါပြီးဖြစ်ရကား ကျော်လွှားသွားမည်ဆိုကလည်း ဖြစ်နိုင်ပါ၏။ သို့သော် ဦးပုညာစာရ စကား၌ မဟာပဒုမထေရ်၏ အယူဝါဒများကို သာဓကဆောင်ထားသည်ကို တွေ့ရသည့်အခါ အဋ္ဌကထာကို လက်ခံသူတစ်ဦးဖြစ်၍ အပြောနှင့်အလုပ် မညီညွတ်ကြောင်း ထင်ရှားစေလို၏။ မိမိကိုးကားသော သာဓကသည် မိမိသိမ်အတွက် အထောက်အကူ မပြုဘဲ ခုတ်ရာတခြား ရှရာတခြားဖြစ်နေသည်ကို သိစေလို၏။ အဆိုးဝါးဆုံး အထိခိုက်ဆုံးမှာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့သို့ ၁၉၈၆–ခု၊ မတ်လ ၁၀–ရက်နေ့စွဲဖြင့် လျှောက်ထားစာအဆုံး၌ပါသော "သိမ်ဖြစ်–မဖြစ်, ပျက်–မပျက်မှာ သာသနာတွင် ယနေ့အထိ အတိအကျအမှန်ဟူ၍ မထွက်ပေါ်နိုင်သေး၍ တပည့်တော်များအနေဖြင့် မလျှောက်ထားနိုင်သေးပါကြောင်းဘုရား" ဟူသော စကားရပ်ဖြစ်၏။ ထိုစကားရပ်သည် မိမိသမုတ်သော သိမ်အပေါ် မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်ပုံကို ဖော်ပြ၍ ဤစာ၌ပင် အထက်နားကပါရှိသော "ဓမ္မေန သမဂ္ဂကံဖြစ်သည်ဟု ခံယူပါသည်" ဟူသော စကားရပ်နှင့်လည်း ဆန့်ကျင်နေပေသည်။

သာသနာလောကတခုလုံး၌ သိမ်စစ်သိမ်မှန်မရှိသေး ဆိုသည့် အဓိပ္ပါယ်ကိုလည်း သွယ်ဝိုက်ဖော်ပြရာ ရောက်နေပေသည်။ ယခု မိမိ သမုတ်သော သိမ်ကိုသာ ဆိုလိုရင်းဖြစ်က တော်ပါသေး၏။

သာသနာတွင် ဆိုသောစကားအရ တစ်သာသနာလုံးရှိ သိမ်များအပေါ် သံသယရှိသည်ဆိုပါလျှင် မိမိရဟန်းခံခဲ့သော သိမ် မှန်–မမှန်မပြောနိုင်၊ မိမိလည်း ထိုသိမ်၌ ရဟန်းဖြစ်၍ ရဟန်းဟုတ်–မဟုတ်မပြောနိုင်၊ အခြားသိမ် အခြားရဟန်းတွေလည်း ဤနည်းပင်တည်း–ဟု အဓိပ္ပာယ်ထွက်နေရာ မည်မျှ ထိခိုက်နေသည်ကို စဉ်းစားတော်မူကြပါကုန်။

ဦးပုညာစာရက မိမိသမုတ်သောသိမ်သည် နယ်သိမ်းသိမ် မဟုတ်ကြောင်း ပြောဆိုပါသော်လည်း နယ်သိမ်းရမည်ကိုသိလျက်နှင့် မသိမ်းသည့်သဘောထားကိုလည်း ဤစာ၌ပင် အောက်ပါအတိုင်း တွေ့ရှိနိုင်၏။

''ထိုသိမ်သမုတ်စဉ်ညက တောင်ပေါ် ဦးအာစာရ ဦးပညော သိန်းလွင်(ခေါ်)သောဘိတ ၎င်း ၃–ပါးတို့ ဤဂါမခေတ်တဲတစ်လုံးမှာ လာအိပ်ကြကြောင်း ဒါယကာများ လာလျှောက်ကြသဖြင့် ၎င်းကိုယ်တော်များ၏ ဆန္ဒနှင့်အဖျက်လုပ်ငန်းမှာ ထင်ရှားပါသည်'' (၃၀–၃–၈၆)၊ ပေးစာကောက်နုတ်ချက်။)

အကယ်၍ နယ်သိမ်းသိမ်မဟုတ်ဟု အခိုင်အမာယုံကြည်လျှင် ၃–ပါးမက ၃–ကျိပ်လာအိပ်သော်လည်း တုန်လှုပ်စရာမလို။ အဖျက်လုပ်ငန်းဟု စွပ်စွဲစရာမလို၊ ယခု၌မူ ၃–ပါးလာအိပ်ခြင်းသည် သိမ်ပျက်အောင် လုပ်ခြင်းဖြစ်သည်ဟု ယူဆလျက် အထက်ပါအတိုင်း စွပ်စွဲရေးသားကြောင်း ထင်ရှားလေသည်။

ထိုစွပ်စွဲချက်ကပင်လျှင် မိမိသိမ်သည် နယ်သိမ်းသိမ်ဖြစ်ပါသည်ဟု သွယ်ဝိုက်ဝန်ခံရာလည်း ရောက်၏။ မိမိသုံးစွဲမြဲဖြစ်သော မြန်မာစာ အရေးအသား၌ပင် ဤကဲ့သို့ အမြီးအမောက်မတည့်, ရှေ့နောက်မညီ မည်မျှ အဓိပ္ပာယ်ရောက်သည်ကို မစဉ်းစား၊ အယွင်းယွင်း

အမှားမှား ဖြစ်နေပါလျှင် အဋ္ဌကထာ, ဋီကာ အဆိုအမိန့်တို့၌ အဘယ်မှာလျှင် မှန်ကန်စွာ သိနိုင်ပါတော့အံ့နည်း။

ထိုသို့မသိသောကြောင့် မဟာပဒုမထေရ်၏ (အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ)ဟူသော နယ်မသိမ်းအယူအဆကို မိမိသမုတ်သော ဂေါမခေတ်သိမ်၌ အကိုးသာဓက အထုတ်များ၏။ အမှန်မှာ နာနာဂါမခေတ် ဖြစ်၍ အညဂါမအစိတ်အပိုင်းကို အတွင်းပြု သမုတ်သော အညဂါမ အန္တောကရဏသိမ်အရာ၌သာ မိန့်ဆိုသော စကားဖြစ်၏၊ ပါဠိတော်ပမာဏဟု တဖွဖွပြောသည့် ဦးပုညာစာရသည် အဋ္ဌကထာ, ဋီကာလာ ဤသာဓကကိုမူ လက်ခံယုံကြည်၍ ပမာဏပြုပြန်၏၊ အားကိုး၏။ ဝိနယာလင်္ကာရဋီကာ၏ အဆိုအမိန့်ဖြစ်သော သိမ်ဟောင်းရှိမရှိ ကေန် မသိနိုင်၊ ထို့ကြောင့် သံသယကင်းရန် သိမ်နုတ်ရမည်ဟူသော စကားကိုမူ ပစ်ပယ်၍ ကေန်သိမ်ဟောင်းမရှိဟု သံသယကင်းစွာ ယုံကြည်ကြောင်း တင်ပြထားလေ၏။ (သူရော ဝတ ဘဒ္ဒန္တပုညာစာရော) အရှင်ပုညာစာရ သည် ရဲရင့်ပေစွဟုသာ ချီးကျူးလိုပေတော့သည်။

၂။ ဦးပုညာစာရ၏ နောက်ဆုံးသောစာလွှာ၌ ''နိမိတ်သတ်မှတ်ထားသောအခါမှစ၍ အခြားပကတိဂါမနှင့်မသက်ဆိုင်၊ ပိုင်းခြားပြီး စင်စစ်ဖြစ်လေပြီ၊ သို့ဖြစ်၍ ကျောင်းထီးတန်အလေးပြုအပ်သော ပခုက္ကူဆရာတော်ဘုရား ဦးပညာရေး သိမာဝိနိစ္ဆယကျမ်း၌ပင် မဟာဝဂ္ဂအဋ္ဌကထာပါ မဟာပဒုမထေရ်၏ နယ်မသိမ်းဝါဒကို ဋီကာစုံလင်စွာဖြင့် ဖော်ပြ ဆုံးဖြတ်ထားသည်ကို တွေ့ရပါသည်''ဟု အထောက်အထား အကိုးသာဓကပြုထားရာ ၎င်းဋီကာလာ စကားရပ်တို့ကို ဦးပုညာစာရသည် စေ့စေ့ငုငုကြည့်ရှုဟန်မရှိ၊ (ဝါ) တိတိကျကျ

နားလည်သဘောပေါက်ပုံ မရချေ။ နားလည်သဘောပေါက်ပါက အထက်ပါ မဟာပဒုမထေရ်ဝါဒကို သာဓကထုတ်မည်မဟုတ်ပေ။ ဆက်လက်ရှင်းပြရပါမူ ဂါမတစ်ခုနှင့်ဂါမတစ်ခု သီးခြားသိမ် တစ်ခုစီ ဖြစ်ကြ၏။ မူလဂါမသိမ်နေရာသည် ကျဉ်းမြောင်းသောကြောင့် အခြားဂါမအစိတ်အပိုင်းကို အတွင်းပြု၍ သမုတ်လိုသည်ဖြစ်အံ့။ နိမိတ်ဘယ်လိုပင် သတ်မှတ်ထားသော်လည်း (ကမ္မဝါစာမဖတ် မသမုတ်သေးသမျှ) နာနာဂါမ–နာနာသီမ–မူလဂါမလည်းသိမ်, မူလီဂါမလည်းသိမ် ဖြစ်မြဲဖြစ်နေရကား အတွင်းပြုဂါမ (ဝါ) မူလီဂါမရှိ ရဟန်းများမလာသော်လည်း ဝဂ္ဂကမ္မမဖြစ်ကြောင်း ဆိုလိုရင်း ဖြစ်သည်။ ဦးပုညာစာရ၏ နိမိတ်သတ်မှတ်ထားသော သိမ်နေရာ သည် အခြားဂါမတစ်ခုကို အတွင်းပြုထားရကား ဘယ်လိုပင်နိမိတ် သတ်မှတ်စေကာမူ ဂါမနှစ်ခုပါဝင်သည့် နာနာသီမပင်ဖြစ်သည်၊ နိမိတ် သတ်မှတ်ရုံမျှဖြင့် သီးခြားဂါမဖြစ်မလာသေး။ သိမ်ဖွဲ့ပြီးမှသာ သီးခြား ဖြစ်၍ အဝိပ္ပဝါသကံဆောင်ရာ၌မူ နိမိတ်တွင်းရဟန်းအားလုံး လာရ မည်ဟု ဆိုလိုရင်းကို သဘောမပေါက်၍ ကိုယ့်ရှူးကိုယ်ပတ် သာဓက ထုတ်လေသည်ဟုသာ မှတ်ယူရတော့ပေမည်။

> အနာဂမနမ္ပိ ဝဋ္ဋတီတိ "သီမာယ အဗဒ္ဓတ္တာ ဝဂ္ဂံ နာမ န ဟောတီ"တိ လိခိတံ။ (ဝဇိရ:၄၅၃။)

> အဗဒ္ဓါယ ဟိ သီမာယ နာနာဂါမခေတ္တာနံ နာနာ သီမသဘာဝတ္တာ တေသံ အနာဂါမနေပိ ဝဂ္ဂကမ္မံ န ဟောတိ၊ တသ္မာ အနာဂမနမ္ပိ ဝဋ္ဋတိ။ ဗဒ္ဓါယ ပန သီမာယ ဧကသီမ ဘာဝတော ပုန အညသ္မိံ ကမ္မေ ကရိယမာနေ အန္တော သီမဂတေဟိ အာဂန္တဗ္ဗမေဝ။ (သာရတ္ထ၊ ၃။ ၂၇၁။)

ဤမျှဖြင့်ပင် ဦးပုညာစာရ၏ ပါဠိတော် ပမာဏပြု၍ အဋ္ဌကထာ၊ ဋီကာတို့ကို ဝါဒများကွဲပြားနေသောကြောင့် အယုံရခက်ကာ လက်မခံနိုင် ဆိုခြင်းသည် အပြောနှင့်အလုပ် မညီကြောင်း တွေ့ရပေမည်။ အဋ္ဌကထာ၊ ဋီကာတို့ကို ယူဆရာ၌ ကိုယ်လိုရာကို ဆွဲယူသောကြောင့်လည်း ဖြစ်နိုင်၏။ (နယ်သိမ်းမှု ဝိသုံဂါမမိန့် ရယူမှုတို့၌) ဝါဒမကွဲမပြား၊ တစ်သံတည်း ထွက်သည်ကို ကောင်းကောင်း သဘောမပေါက်သောကြောင့်လည်း ဖြစ်နိုင်၏။ စောဒနာ၌ပါသကဲ့သို့ အဋ္ဌကထာ၊ ဋီကာတို့၌ မကျွမ်းကျင်သောကြောင့်လည်းဖြစ်နိုင်၏။ အဋ္ဌကထာ၊ ဋီကာတို့ကို မသိကျိုးကျွံပြုကာ ပါဠိတော်နည်းဖြင့် သမုတ်ထားသောသိမ်–ဟု ကိုယ်ပိုင်ဝါဒ ထူထောင်လိုသောကြောင့် လည်း ဖြစ်နိုင်၏။ မည်သို့ဖြစ်စေ ဦးပုညာစာရသည် အဋ္ဌကထာ၊ ဋီကာတို့နှင့် ညီညွတ်သည့်လမ်းစဉ်အတိုင်းသာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် စိစစ်သုံးသပ်လိုက်ရပေသည်။

## အကျဉ်းချုပ်ပေါင်းရုံးသုံးသပ်ချက်

စောဒကပုဂ္ဂိုလ်တို့၏ စောဒနာတင်သွင်းလွှာတွင် အချက်(၆) ချက်ဖော်ပြ၍ စေဒနာတင်ထားသည်ကို တွေ့ရသည်၊ စုဒိတကပုဂ္ဂိုလ်ကမူ သေချာစွာ ဖတ်ရှုလေ့လာခြင်းမပြုဘဲ အဆင်သင့်ရေးယူလာသော သောခနာလွှာကို တစ်ပါးတည်း တင်သွင်းသွားပေသည်။ စုဒိတက၏ သောခနာလွှာတွင် စောဒနာတင်ထားသော အချက်များကို ရှင်းလင်းချေပနိုင်ခြင်းမရှိဘဲ မိမိ၏တစ်ယူသန်ဝါဒကိုသာ ထပ်မံဖော်ပြထားသည်ကို တွေ့ရ၏၊ စောဒနာတင်ထားသည့်အတိုင်း ''ဟုတ်မှန်ပါသည်'' ဟု ဝန်ခံသကဲ့သို့ ဖြစ်နေပေသည်။ နိုင်ငံတော်

သီးခြား ဝိနည်းမိုရ်အဖွဲ့ အမှတ်(၉)သည်–

ဝုတ္တံ အပဟာပေန္တေန အဝုတ္တံ အပကာသေန္တေန ဩတိဏ္ဏာနိ ပဒဗျဉ္ဇနာနိ သာဝုကံ ပရိဂ္ဂဟေတွာ ပရော ပရိပုစ္ဆိတွာ ယထာ ပဋိညာယ ကာရေတဗ္ဗော။ (ဝိ၊၅။၂၈၈။)

ဟူသော ဒေသနာတော်ကို နှလုံးသွင်းလျက် စောဒက–စုဒိတကတို့၏ ဘင်ပြချက်တို့ကို အကျဉ်းချုပ် ပေါင်းရုံး သုံးသပ်ပါဦးအံ့။

**စောဒနာလွှာအမှတ်(၁)ကိုသုံးသပ်ခြင်း**

စောဒနာလွှာအမှတ်(၁)တွင် စောဒကပုဂ္ဂိုလ်တို့က စုဒိတက၏ "သိမ်သမုတ်ရာတွင် နယ်သိမ်းရန်မလိုခြင်း"ဟူသော အယူဝါဒနှင့်ပတ်သက်၍ စောဒနာရာတွင် သိမ်သမုတ်နည်း–သိမ်သမုတ်ရာတွင် လိုအပ်သော ပုဗ္ဗကိစ္စများစသည်တို့ကို သာဓကခိုင်လုံစွာ ဖော်ပြပြီး စောဒနာထားပေသည်။ ယင်းစောဒနာလွှာ၌ ဖော်ပြထားချက်များသည် ပါဠိတော် အဋ္ဌကထာ, ဋီကာတို့၌လာသော အဆိုအမိန့်များကို တိကျရှင်း လင်းစွာ ဖော်ပြထားသောကြောင့် အထူးစိစစ်ရန်မလိုပေ။ စုဒိတက၏ အယူဝါဒကိုသာစိစစ်ရပေမည်။ စုဒိတက၏တင်ပြချက်များတွင်–

(က) သိမ်သမုတ်တဲ့အခါ အဓိကအားဖြင့် ပြဿနာဖြစ်တတ်တာက အဓိကအရေးကြီးတာက နယ်သိမ်းသင့် မသိမ်းသင့်၊ သိမ်နုတ်သင့် မနုတ်သင့်။ ဒီပြဿနာ ၂–ခုပဲအရေးကြီးတယ်ဟု တပည့်တော်ယူဆပါတယ်။ ပြဿနာဖြစ်တာကလဲ ဒီ ၂–ခုအပေါ်မှာပဲ အဓိကထားပြီး ဝါဒကွဲအမျိုးမျိုးတွေ ဖြစ်ကြတယ်လို့ တပည့်တော်မြင်ပါတယ်၊ အဲဒီအထဲမှာ တပည့်တော်လုပ်ခဲ့တာကတော့ နယ်မသိမ်းဘူး၊ သိမ်နုတ်ဖို့မလိုဘူး။

(တိပ်ခွေနောက်ဆက်တွဲ က–၁)။

(ခ) လိုရင်းက နယ်မသိမ်းရခြင်း၏အကြောင်း သီမန္တရိက်နှင့်ဂါမ ''သီမန္တရိတုံ''ဆိုခြင်းအားဖြင့် ဒီဂါမနှင့်သီမန္တရိက် သီးခြားဖြစ်သွားပြီဆိုတာ ပိုထင်ရှားတယ်၊ နယ်နိမိတ်သတ်မှတ်လိုက်လို့ အာရာမ်နှင့် သီမန္တရိက်နှင့် ဂါမ ခုလုပ်တာနှင့် နယ်သီးခြားဖြစ်သွားပြီ၊ အကျဉ်းအားဖြင့် ခုလုပ်တာနှင့် ဂါမသီးခြားဖြစ်သွားပြီဆိုတာ ပိုထင်ရှားတယ်၊ နယ်နိမိတ်သတ်မှတ်လို့ စည်းရိုးခတ်လိုက်တာနဲ့ပဲ ပေါ်လွင်ထင်ရှားတယ်၊ ပိုပေါ်လွင်တာက သီမ–န္တရိက်ဆိုပြီး နယ်ခြား, နယ်ခြားဆိုပြီး ထပ်ပြီးသမှတ်ရင် ပိုပေါ်လွင်တယ်၊ အဲဒါကြောင့်မို့ ဂါမခေတ်ကို သိမ်းဖို့မလိုဘူး၊ ပတ်ဝန်းကျင်လဲ သိမ်းဖို့မလိုဘူး [တိတ်ခွေနောက် ဆက်တွဲ (က)၂] ဟူ၍ ဖော်ပြထားသည်။

အထက်ဖော်ပြပါ စုဒိတက၏ တင်ပြချက်ကိုသေချာစွာ စိစစ်သုံးသပ်ပါလျှင် ယင်း၏အယူဝါဒမှာ ''နယ်နိမိတ်သတ်မှတ်လိုက်လျှင် ဂါမခေတ်နှင့် သီးခြားဖြစ်သွားသည်၊ သီမန္တရိက်ထားလိုက်လျှင် ဂါမခေတ် နှင့် သီမန္တရိက်, သီမန္တရိက်နှင့် သိမ်သမုတ်မည့်နေရာ သီးခြားဖြစ်သွားသည်။ ထို့ကြောင့် နယ်သိမ်းဖို့မလို, ပတ်ဝန်းကျင်လည်း သိမ်းဖို့မလို''ဟု အယူရှိနေကြောင်းတွေ့ရသည်။

ယင်းအယူဝါဒနှင့်ပတ်သက်၍''နယ်သိမ်းရန် လိုအပ်ကြောင်း'' အထောက်အထားပြည့်စုံစွာ ဖော်ပြစိစစ်ထားပြီးဖြစ်သည်၊ လိုရင်းအချုပ်ကား–နိမိတ်သတ်မှတ်ခြင်း, နိမိတ်ကြားခြင်းပြုကာမျှဖြင့် သိမ်အပိုင်းအခြားကိစ္စ မပြီးသေး(ဝါ)ဗဒ္ဓမဖြစ်သေး။ ဂါမခေတ်အဖြစ်သာ ရှိနေသေးသည်။ သီမာသမ္မုတိဉတ်ကမ္မဝါစာဖြင့် ရွတ်ဖတ်သမုတ်ပြီးမှသာ အသီးအခြား ဗဒ္ဓသိမ်ဖြစ်လေသည်။ နိမိတ်သတ်မှတ်ခြင်း,

နိမိတ်ကြားခြင်းသည် ဗဒ္ဓသိမ်ဖြစ်ရန် အထောက်အပံ့နိမိတ္တသမ္ပတ္တိ အင်္ဂါတစ်ရပ်အတွက်သာဖြစ်သည်။ သီမန္တရိက်ကို ခွင့်ပြုခြင်းမှာလည်း သိမ်မြေနှင့် ပကတိဂါမတို့ သီးခြားဖြစ်စေခြင်းအကျိုးငှာ ခွင့်ပြုသည် မဟုတ်၊ သီမာသမ္ဘေဒ, သီမာ အဇ္ဈောတ္ထရဏ မဖြစ်စေခြင်းအကျိုးငှာ ခွင့်ပြုတော်မူခြင်းဖြစ်သည်။ ယင်း သီမန္တရိက်သည်လည်း အသီးအခြား မဟုတ်, ပကတိဂါမပင်ဖြစ်သည်။

သာဓက– သီမန္တရိက ဟိ ဂါမခေတ္တံ ဘဇတိ။

(ဝိ၊ဋ္ဌ၊၃၊၃၂၄၊ဝိသင်္ဂဟ ၁၈၈)။

> သမ္မတာတိ ဗဒ္ဓါ၊ ဝါစိတကမ္မဝါစာတိ အတ္ထော၊ ကမ္မဝါစာယ ဝါစနမေဝ ဟိ ဗန္ဓနံ နာမ။ (ကင်္ခါ၊ဋ္ဌ၊သစ်။၁၃၆။)

သို့ဖြစ်ရာ သီမာသမ္မုတိကံသည် ပကတိဂါမသိမ်တစ်ခု အတွင်း၌ ပြုလုပ်ဆောင်ရွက်ရသော ကံဖြစ်သောကြောင့် သီမာသမ္မုတိ ဉတ်ကမ္မဝါစာရွတ်ဖတ်ချိန်၌ ပရိသာသမ္ပတ္တိဖြစ်စေရန် ကောဂါမခေတ် အတွင်းရှိ ရဟန်းများ၏ ဆန္ဒကိုဆောင်ခြင်း, ဟတ္ထပါသ်သို့ သွင်းခြင်း စသည်တို့ကို မလွဲမသွေပြုလုပ်ရပေမည်။ နယ်သိမ်းရပေမည်။ ယင်းသို့ နယ်မသိမ်းဘဲ သီမာသမ္မုတိကံဆောင်ပါက ဝဂ္ဂကံဖြစ်သောကြောင့် သိမ်မအောင်မြင်တော့ပေ။ ထို့ကြောင့် စုဒိတကဦးပုညာစာရ၏ "နယ်သိမ်းရန်မလို" ဟူသော အယူဝါဒသည် အဓမ္မ, အဝိနယသာ ဖြစ်သည်ဟု နိုင်ငံတော် သီးခြားဝိနည်းဓိုရ်တို့က သုံးသပ်တော်မူကြ သည်။

❖

## စောဒနာလွှာအမှတ်(၂)ကို သုံးသပ်ခြင်း

စောဒနာလွှာအမှတ်(၂)တွင် စောဒကတို့ စုဒိတက၏ "ပဲခူးကျောင်းသိမ်သည် နယ်သိမ်းသိမ်မဟုတ်ခြင်း"ဟူသော အယူဝါဒနှင့် ပတ်သက်၍ "အဆိုပါ ပဲခူးကျောင်းသိမ်သည် ဝိသုံဂါမ= သီးခြားသိမ် မိန့်ခံ၍ သိမ်သမုတ်နည်းမျိုးဖြင့် သိမ်သမုတ်သော သိမ်မဟုတ်ခြင်း ကြောင့် နယ်သိမ်းသိမ်ဖြစ်ကြောင်း တွေ့ရှိရပါသည်"ဟု တင်ပြထား သည်၊ စုဒိတကကမူ ၎င်း၏သောဓနာလွှာတွင် "ဗဒ္ဓသိမ်၌ နိမိတ်အပြင် သီမန္တရိက် အပိုင်းအခြားနယ်ခြားကို ထပ်မံထားပြီး သမုတ်စေခြင်းဖြင့် ပတ်ဝန်းကျင်ဂါမနှင့် ဤနိမိတ်အတွင်းသို့ မည်သို့မျှမသက်ဆိုင်၊ တသီး တခြားစီဖြစ်ကြောင်း ပို၍ထင်ရှားပါသည်။ ထို့ကြောင့်လည်း နယ်သိမ်း ရန် ဝိသုံဂါမ ရရန်မလိုကြောင်း သိနိုင်ပါသည်ဟု တင်ပြထားသည်။

စုဒိတက၏ သောဓနာလွှာပါ စကားရပ်ကို လေ့လာစိစစ် ပါလျှင် စုဒိကတသည် အဋ္ဌကထာ, ဋီကာတို့၌လာသော နယ်သိမ်းသိမ် သမုတ်နည်း, ဝိသုံဂါမ သိမ်မိန့်ခံသမုတ်နည်းတို့ကို လက်မခံဘဲ မိမိ၏အတ္တနောမတိဖြင့် ပါဠိတော်ကို ထင်သလိုအဓိပ္ပါယ်ဖွင့်ဆို ယူဆ ထားကြောင်းတွေ့ရသည်။ ထိုအယူအတိုင်း ပဲခူးကျောင်းသိမ်ကိုလည်း သမုတ်ခဲ့သည်ဟု ယူဆရပေမည်။ ထိုသို့ဖြစ်လျှင် ယင်းပဲခူးကျောင်း သိမ်သည် စောဒကတို့တင်ပြသော နယ်သိမ်းသိမ်လည်းမဖြစ်နိုင်၊ ဝိသုံဂါမသိမ်မိန့်ခံ သမုတ်သောသိမ်လည်းမဟုတ်၊ အဋ္ဌကထာ, ဋီကာလာ သိမ်သမုတ်နည်းတို့ကို ဆန့်ကျင်၍ ပါဠိတော်ကို မိမိထင်သလို အဓိပ္ပာယ်ကောက်ယူပြီး သမုတ် ထားသော သိမ်ပျက်သာဖြစ်သည်ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်တို့က သုံးသပ်တော်မူကြသည်။

## စောဒနာလွှာအမှတ်(၃)ကို သုံးသပ်ခြင်း

စောဒနာလွှာအမှတ်(၃)တွင် စောဒကတို့က စုဒိတက၏ "သိမ်သမုတ်ရာတွင် သိမ်နိမိတ်အတွင်းရှိသံဃာများ ဟတ္ထပါသ်စပ်သည်ဖြစ်စေ, မစပ်သည်ဖြစ်စေ ကမ္မဝါစာဖတ်ပါက ဓမ္မေနသမဂ္ဂကမ္မဖြစ်ခြင်း (ဝါ) ဝဂ္ဂကမ္မမဖြစ်ခြင်း"ဟူသော အယူဝါဒနှင့်ပတ်သက်၍ သမ္ပတ္တိ ၃-ပါးကို ဖော်ပြပြီး ဟတ္ထပါသ်စပ်ခြင်း, ဆန္ဒဆောင်ခြင်းကိစ္စတို့ကို ဆောင်ရွက်မှသာ သမဂ္ဂဖြစ်၍ ပရိသသမ္ပတ္တိနှင့်ပြည့်စုံကြောင်းကိုလည်းကောင်း၊ သီမာ ဝိသောဓေ ၄-ချက်ကိုဖော်ပြပြီး ပရိသသမ္ပတ္တိ ဖြစ်ရန် ဟတ္ထပါသနယန သီမာဝိသောဓေအချက်ကို ဆောင်ရွက်ရမည်ကိုလည်းကောင်း သာဓကစုံလင်စွာဖော်ပြ၍ စုဒိတက၏ ဆောင်ရွက်ချက်သည် ဓမ္မေနသမဂ္ဂကမ္မမဖြစ်ဘဲ ဝဂ္ဂကမ္မသာဖြစ်သည်ဟု စောဒနာထားသည်ကို တွေ့ရသည်။ ယင်းအချက်နှင့် ပတ်သက်၍ စုဒိတက၏တင်ပြချက်များကို လေ့လာသောအခါ-

"သမုတ်ထားတဲ့သိမ်-သတ်မှတ်ထားတဲ့ အပိုင်းအခြား မရှိဘူးဆိုရင် ရွာတစ်ရွာ နိဂုံးတစ်ခု မြို့တစ်ခုလည်း အတူတူပေါ့ဘုရား၊ အဲဒါဟာ သိမ်တစ်လုံးလို့ ဘုရားကဆိုထားတယ်၊ ဆိုထားတဲ့အတွက် သိမ်တစ်သိမ်မှာ ကံဆောင်ကြရလို့ရှိရင် သိမ်အတွင်းရှိ သံဃာအားလုံးဟာ ဟတ္ထပါသ်သို့ ဆောင်ဖို့လိုအပ်ပါတယ်၊ ဒါ-တပည့်တော်လက်ခံတယ်။ တစ်စုတစ်ဝေးတည်းနဲ့ အဲဒီမှာ ပတ္တကလ္လဖြစ်အောင် အဲဒီမှာ လုပ်ရမည်၊ တစ်စုတစ်ဝေးတည်း ကံဆောင်လိုက်ရင်ပြီးတယ်၊ အပိုင်းအခြားမရှိဘူးဆိုရင်- အဲဒါသိမ်တစ်လုံးလို့ ဘုရားကသမုတ်ထားရင် သိမ်နိမိတ်အတွင်း ရောက်ရှိလာသော ရဟန်းများသည် ဟတ္ထပါသ် စပ်သည်ဖြစ်စေ, မစပ်သည်ဖြစ်စေ, သီမာသမုတိကမ္မဝါစာဖတ်၍

သမုတ်ပါက ကံဆောင်ရင်ပြီးတယ်– [တံပ်ခွေ– နောက်ဆက်တွဲ (က) ၁–၂] ဟူ၍ တင်ပြထားသည်။

ဤတင်ပြချက်အရ စုဒိတက၏အယူဝါဒကို လေ့လာဆင်ခြင် စဉ်းစားသောအခါ ''ဂါမသိမ်တစ်ခုအတွင်း ကံဆောင်လျှင် ဟတ္ထပါသ် စပ်ရမည်၊ သိမ်သမုတ်ရာ၌မူ သိမ်နိမိတ်အတွင်းရောက်ရှိနေသော ရဟန်းများသည် ဟတ္ထပါသ်စပ်သည်ဖြစ်စေ, မစပ်သည်ဖြစ်စေ သီမာ သမ္မုတိ ကမ္မဝါစာဖတ်ပါက ကံမြောက်သည်''ဟု ယူဆဟန် ရှိပေသည်။

ဤဟတ္ထပါသ်စပ်, မစပ်နှင့်ပတ်သက်၍ စောဒကတို့ ရှင်းလင်း တင်ပြချက် သာဓကပြည့်စုံလုံလောက်သောကြောင့်လည်းကောင်း၊ သိမ်သမုတ်နည်းကို ပြဆိုရာ၌ ဝေဖန်ပြဆိုပြီးဖြစ်သောကြောင့်လည်း ကောင်း၊ ဤ၌ထပ်မံဖော်ပြခြင်းမပြုတော့ပါ။ လိုရင်းအချုပ်ကား–

> ကာယသာမဂ္ဂိန္တိ ကာယေန သမဂ္ဂဘာဝံ၊ ဟတ္ထပါသုပဂမနန္တိ ဝုတ္တံ ဟောတိ။ (ကင်္ခါ၊ဋီ၊သစ်။၁၂၅။)

နှင့်အညီ မည်သည့်ကံမျိုးကိုမဆို သိမ်အတွင်း၌ပြုလုပ်ပါက ကာယသာ မဂ္ဂီ ဟတ္ထပါသ်စပ်ခြင်း ရှိရပေမည်။ ဟတ္ထပါသ်စပ်မှ ဝဂ္ဂကမ္မမဖြစ်ဘဲ ဓမ္မေနသမဂ္ဂကမ္မဖြစ်မည်။ သိမ်သမုတ်ခြင်းသည်လည်း ဂါမသိမ်တစ်ခု အတွင်း၌ ဗဒ္ဓသိမ်ဖြစ်ရန် ပြုလုပ်ဆောင်ရွက်ရသော ကံတစ်ခုဖြစ်၍ ဂါမသိမ်တွင်းရှိ ရဟန်းအားလုံး ကာယသာမဂ္ဂီ= ဟတ္ထပါသ်စပ်ခြင်း ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါစုဒိတက ဦးပုညာစာရ၏ အယူဝါဒသည် အဓမ္မအဝိနယသာဖြစ်သည်ဟု နိုင်ငံတော်သီးခြား ဝိနည်းမှုခိုရ်တို့က သုံးသပ်တော်မူကြသည်။

မှတ်ချက်။ ။ ဟတ္ထပါသော နာမ ဒိယမှ ဟတ္ထပ္ပမာဏော (ကခ်ါ၊ ဋီ၊သစ်။ ၁၃၆)ကို ထောက်၍ အမှုတေယျဟတ္ထပါသ, ဒိယမှ ဟတ္ထပါသ နှစ်ပါးအနက် ဤ၌ ကံကြီး ကံငယ်နှင့် စပ်သော ကြောင့် တစ်ထောင့်ထွာဟတ္ထပါသ်ကိုသာ အလိုရှိအပ်၏ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူကြကုန်၏။

## စောဒနာလွှာအမှတ်(၄)ကို သုံးသပ်ခြင်း

စောဒနာလွှာအမှတ်(၄)တွင် စုဒိတက၏ ''သိမ်သမုတ်ရာတွင် သိမ်နုတ်ရန်မလိုခြင်း''ဟူသော အယူဝါဒနှင့်ပတ်သက်၍ စောဒကတို့က စုဒိတက၏အယူဝါဒသည် ရှေ့နောက်မညီညွတ်ခြင်း, ပိဋကတ် တော်အား ပြက်ရယ်ပြုခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, ဘုရားအားစောဒနာခြင်း, ကဲ့ရဲ့ရှုတ်ချခြင်းဖြစ်ကြောင်း, မိမိ၏ အတ္တနောမတိကို ကျင့်သုံးခြင်းသာ ဖြစ်ကြောင်း စောဒနာထားသည်။ ယင်းစောဒနာချက်အရ စုဒိတက တင်ပြချက်များကို လေ့လာသောအခါ--

''မသိဘဲ ရမ်းလုပ်တဲ့အလုပ်ဟာ အင်း ''သီမာသမ္မတာ တံ သီမံ သမူဟနတိ'' ဟုတ်လားဘုရား၊ အဲဒီလိုဆို ဒီနေရာကို သိမ်သမုတ်ခဲ့ပြီးပါပြီ၊ အဲဒီဟာကို သမုတ်ပါပြီ၊ အဲဒါဟာ နုတ်ပါ တယ်ဆိုတော့ ရယ်စရာကြီးဖြစ်နေတယ်၊ နောက်ပြီးတော့ မြတ်စွာဘုရားက ဒါ-ဒီမှာတစ်ချက်၊ နောက် မြတ်စွာဘုရားက သိမ်သမုတ်တဲ့အခါမှာ ဟုတ်လား၊ နိမိတ်သတ်မှတ်ပြီးတော့ အဲဒီမှာ ဒီလိုသာဆိုရင် ဒီလိုလုပ်တာ မဖြစ်နိုင်ဘူးလို့ဆိုလို့ရှိရင် သိမ်ပျက်မယ်လို့ ဘုရားကဟောဖို့ကောင်းတယ်။ အဲဒီလိုလဲ မဟောခဲ့ဘူး'' [တိပ်-ခွေ နောက်ဆက်တွဲ (က)၃] ဟူ၍ တင်ပြထား သည်။

အထက်ပါဝိစုဒိတက၏ တင်ပြချက်ကို ဖတ်ရှုပါလျှင် စောဒက တို့ တင်ပြထားသည့်အတိုင်း သိမ်နုတ်ကမ္မဝါစာကို ပြက်ရယ်ပြုခြင်းမှာ ထင်ရှားပေါ်လွင်နေသည်။ ယင်းသို့ သိမ်နုတ်ကမ္မဝါစာကို ပြက်ရယ်ပြု လျှင် ပိဋကတ်တော်ကို ပြက်ရယ်ပြုခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း ဒေသက ဘုရားရှင်အား စောဒနာခြင်း ကဲ့ရဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်တို့ကမူ စုဒိတကသည် ဘုရားတရားတို့ကို ကဲ့ရဲ့လို၍ ပြောဆိုသည်ဟု မယူဆကြပေ။ မိမိ၏အယူဝါဒကို ခိုင်မြဲ စေလို၍သာ ပြောဆိုခြင်းဖြစ်သည်ဟု ယူဆကြပေသည်။ ဤ၌ သိမ်နုတ် ရန်လိုအပ်ပုံကို အကျယ်ဖွင့်ဆို ဖော်ပြပြီးဖြစ်၍ ထပ်မံ ဖော်ပြခြင်း မပြုတော့ပါ။ လိုရင်းကို ရှင်းပြရပါမူ–

အယံ ဟိ သီမာ နာမ ကမ္မဝါစာယ ဝါ အသီမာ ဟောတိ သာသနန္တရဓာနေန ဝါ။ (ဝိ၊ဋ၊၃။၃၃၂။)

ဟူသော အဋ္ဌကထာစကားအရ သာသနာတော်ကွယ်လျှင် သမုတ်ထား သော ဗဒ္ဓသိမ်ဟူသရွေ့ ကွယ်ပျောက်ပျက်စီးကြပြီး သိမ်မဟုတ် ကြတော့ချေ။ ဘုရားရှင်ပွင့်တော်မူ၍ သိမ်ကိုခွင့်မပြုသေးမီကာလ၌ မည်သည့်နေရာတွင်မျှ သိမ်ဟောင်းမရှိသေးပေ။ သိမ်ကို ခွင့်ပြုတော် မူသဖြင့် သိမ်သမုတ်သောကာလ၌ သိမ်ဟောင်းရှိမရှိ သံသယဖြစ်ရန် မလို၊ သိမ်ရှိသည့်နေရာ မရှိသည့်နေရာ ကေန်မုချသိနိုင်လေသည်။ သိမ်ကိုလွယ်ကူစွာ သမုတ်နိုင်၊ နုတ်နိုင်လေသည်၊ ထို့ကြောင့် လိုအပ်သည့်နေရာ၌သာ သိမ်နုတ်ရန် ဘုရားရှင်ခွင့်ပြုတော်မူခြင်း ဖြစ်ပေသည်။ သာသနာတော် (၂၅၃၀)ကျော်ခဲ့ပြီဖြစ်သော ယခု မျက်မှောက်ခေတ်၌ အဘယ်မည်သော ဉာဏ်ကြီးရှင်သည် သိမ် ဟောင်း ရှိ–မရှိ တပ်အပ်ထင်ထင် သိမြင်နိုင်ပါမည်နည်း၊ မသိနိုင်

တော့သည်သာတည်း။ ယင်းသို့ မသိ၍ ရမ်းဆနုတ်ခြင်းဖြင့်လည်း မည်သည့်အပြစ်မျှ မဖြစ်နိုင်ပေ။ သို့ဖြစ်ရာ ''သိမ်သမုတ်လိုသော် သီမာသမ္ဘေဒ, သီမာအဇ္ဈောတ္ထရဏ အပြစ်ကင်းစေခြင်းငှာလည်းကောင်း၊ ယုံမှားသံသယ ကင်းစေခြင်းငှာလည်းကောင်း ရှေးဦးစွာ မလွဲမသွေ နုတ်ကြလေ''ဟု ဝိနယဂရုကမထေရ်မြတ်တို့ မိန့်ဆိုတော်မူကြလေပြီ။

ထို့ကြောင့် ''သိမ်သမုတ်ရာတွင် သိမ်ဟောင်း ရှိ-မရှိ မသိဘဲ သိမ်နုတ်ရန်မလို''ဟူသော စုဒိတက ဦးပုညာစာရ၏ အယူဝါဒသည် ဝိနယာလင်္ကာရဋီကာနှင့် ဆန့်ကျင်သော အယူဝါဒသာဖြစ်သည်ဟု နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်တို့က သုံးသပ်တော်မူကြသည်။

## စောဒနာလွှာ အမှတ် (၅-၆)တို့ကို သုံးသပ်ခြင်း

စောဒနာလွှာ အမှတ်(၅-၆)တို့မှာ ဆက်စပ်နေ၍ တစ်ပေါင်းတည်းသုံးသပ်ပါမည်။ စောဒနာလွှာ အမှတ်(၅)တွင် စောဒကတို့က စုဒိတက၏ ''ထေရဝါဒပိဋကတ်တော်၌ အဋ္ဌကထာ ဋီကာအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကွဲပြားနေ၍ လက်ခံရခက်ခြင်း''ဟူသော အယူဝါဒနှင့် ပတ်သက်၍ ထေရဝါဒ ပိဋကတ်တော်များသည် ပါဠိတော် အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာစသည်ဖြင့် ဉာဏ်နုသူတို့ သိစေရန်အဆင့်ဆင့် ဖွင့်ပြခြင်းဖြစ်ကြောင်း၊ ဝါဒတစ်ပါးကို အကြောင်းအားလျော်စွာ ဖော်ပြတတ်ကြကြောင်း၊ ဂရု လဟုရှိရာတွင် ဂရုအရာကိုသာ အလေးအမြတ်ထား၍ ဆုံးဖြတ်ကြကြောင်း၊ သို့ဖြစ်ရာ ဝါဒအမျိုးမျိုး၌ ကွဲပြားမှု မရှိကြောင်း စသည်ဖြင့် ရှင်းလင်းဖော်ပြပြီး စုဒိတကသည် အဋ္ဌကထာ,

ဋီကာတို့ကို လက်မခံသောဝါဒ ရှိသူဖြစ်၍ အဆုံးအဖြတ် ပေးပါရန် တင်ပြ စောဒနာထားသည်ကို တွေ့ရသည်။

စောဒနာလွှာအမှတ်(၆)တွင် စောဒကတို့က စုဒိတက၏ "ပါဠိတော်လာတိုင်း မိမိသိမ်သမုတ်ခြင်း"ဟူသော အယူဝါဒနှင့်ပတ်သက်၍ ဘုရားရှင်၏ဝါဒသည် တရားသေဝါဒဟူသော ကေံသဝါဒမဟုတ်ဘဲ ခွဲခြားစိတ်ဖြာ ဝေဖန်ပြသောဝိဘဇ္ဇဝါဒနှင့် မဇ္ဈိမပဋိပဒါဝါဒသာဖြစ်ကြောင်း, အဋ္ဌကထာ, ဋီကာ၊ စသည့်ကျမ်းဆရာတို့၏ ဝါဒသည်လည်း ဘုရားရှင် အလိုတော်ကျ ဝါဒဖြစ်ကြောင်း, စုဒိတက ဦးပုညာစာရသည် ပါဠိတော်နည်းကိုလည်း ကျနစွာ မသိကြောင်း, အဋ္ဌကထာ, ဋီကာတို့ကိုလည်း ဥပေက္ခာရှုပြီး လက်မခံကြောင်း, ကေံသဝါဒ တရားသေဝါဒကို စွဲကိုင်ထားသူဖြစ်ကြောင်း စောဒနာထားသည်ကို လေ့လာတွေ့ရှိရသည်။ ယင်း စောဒနာချက်များနှင့် ပတ်သက်၍ သီးခြားခေါင်းစဉ်ဖြင့် သုံးသပ်ပြီးဖြစ်သောကြောင့် ထပ်မံ သုံးသပ်ခြင်း မပြုတော့ပေ။

ထို့ကြောင့် စုဒိတက ဦးပုညာစာရသည် ပါဠိတော်ကိုအမှန်အတိုင်း သိနိုင်ရန် အဋ္ဌကထာ, ဋီကာတို့ကို ကျကျနန လေ့လာသင့်သည်။ မိမိသဘောမပေါက်က နားလည်တတ်မြောက်သော ဆရာတော်တို့ထံ လျှောက်ထားနည်းခံသင့်သည်ဟု နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်တို့က သုံးသပ်တော်မူကြသည်။

❖❖❖

# ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းအပ်သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)

## ဆုံးဖြတ်ချက်

---o---

[ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၂(ဂ)၄၃ ]

ရက်စွဲ။ ။၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်
(၁၉၈၈–ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅–ရက်)

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)သည် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်နှင့် ပတ်သက်၍ ဖြစ်ပွားသော ဓမ္မ–အဓမ္မ၊ ဝိနယ–အဝိနယ ဝိဝါဒါ–ဓိကရုဏ်းကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၆)၊ အပိုဒ် ၄၂(ဂ)၄၃ အရ အောက်ပါအတိုင်း တညီတညွတ်တည်း ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ဆုံးဖြတ်ချက်ချတော်မူကြသည်။

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ၏ သိမ်သမုတ်ခြင်းနှင့် ပတ်သက်၍ နယ်သိမ်းရန်မလိုခြင်း၊ သိမ် နိမိတ်အတွင်း ရောက်နေသော သံဃာများသည် ဟတ္ထပါသ် စပ်သည်ဖြစ်စေ, မစပ်သည်ဖြစ်စေ ညီညွတ်စွာ ကမ္မဝါစာဖတ်၍ သမုတ်ပါက ''ဓမ္မေန သမဂ္ဂကမ္မ''ဖြစ်ခြင်းဟူသော အယူဝါဒ

များသည် ထေရဝါဒ ဝိနည်းဒေသနာတော်များနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ အဝိနယဝါဒသာဖြစ်သည်။ သို့ဖြစ်၍ ယင်းအယူဝါဒတို့ကို ဟောပြောခြင်း၊ ကျင့်သုံးခြင်း၊ စာအုပ်စာတမ်းရိုက်နှိပ်ဖြန့်ဝေခြင်း စသည်တို့ကို မပြုရ။

၂။ စုဒိတက ဦးပုညာစာရသည် အဓမ္မ–အဝိနယဝါဒီ ပုဂ္ဂိုလ်ဖြစ်သည်။ သို့ဖြစ်၍ ယင်း၏အယူဝါဒတို့ကို စွန့်လွှတ်ရမည်။

၃။ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်သည် ဝိနည်းဒေသနာတော်၌လာသော သိမ်သမုတ်နည်းတို့ကို မကျင့်သုံးဘဲ ဆန့်ကျင်၍ သမုတ်ကြောင်းထင်ရှားသောကြောင့်လည်းကောင်း၊ သိမ်သမုတ်ချိန်တွင် ဂါမခေတ်အတွင်း၌ ရဟန်း ၂–ပါးရှိနေကြောင်း ထင်ရှားသဖြင့် ဝဂ္ဂကံ ဖြစ်သောကြောင့်လည်းကောင်း မအောင်မြင်သော သိမ်ပျက်သာ ဖြစ်သည်။

၄။ ပဲခူးကျောင်း သိမ်နှင့်အတူ တင်ပြထားသော သိမ် ၄–လုံးအပါအဝင် စုဒိတက ဦးပုညာစာရ ခေါင်းဆောင်ကာ ဝိနည်းဒေသနာတော်၌လာသော သိမ်သမုတ်နည်းတို့ကို မကျင့်သုံးဘဲဆန့်ကျင်၍ သမုတ်ထားသော သိမ်အားလုံးတို့သည် မအောင်မြင်သော သိမ်ပျက်များသာဖြစ်ကြသည်။

၅။ ဖော်ပြပါ သိမ်ပျက်တို့၌ ဥပသမ္ပဒကံဖြင့် ရဟန်းပြုခဲ့ကြသော ပုဂ္ဂိုလ်တို့ကိုလည်း သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများနှင့် သာသနာရေးဦးစီးဌာနတို့က လိုအပ်သလို စိစစ်ဆောင်ရွက်၍ ပြန်လည်ရဟန်းပြုစေရမည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ

| အမှတ်စဉ် ဘွဲ့တော် | ကျောင်းတိုက် | လက်မှတ် |
|---|---|---|
| ၁။ ဘဒ္ဒန္တတိဿ<br>(အဂ္ဂမဟာပဏ္ဍိတ)<br>(သဘာပတိ) | ကျိုက်သီမွန်ကျောင်း<br>ဗဟန်းမြို့နယ်၊<br>ရန်ကုန်တိုင်း။ | |
| ၂။ ဘဒ္ဒန္တသူရိယ<br>(အဖွဲ့ဝင်) | မဟာဝိသုတာရာမတိုက်<br>ပခုက္ကူမြို့၊<br>မကွေးတိုင်း | |
| ၃။ ဘဒ္ဒန္တသုမနာဘိဝံသ<br>(အဖွဲ့ဝင်) | ဂန္ဓကုရကျောင်း၊<br>မစိုးရိမ်တိုက်၊ မန္တလေး<br>အနောက်တောင်မြို့နယ်၊<br>မန္တလေးတိုင်း | |
| ၄။ ဘဒ္ဒန္တကုသလာဘိဝံသ<br>(အဖွဲ့ဝင်) | ရွှေဟင်္သာ<br>တောရတိုက်၊<br>ညောင်တုန်းမြို့<br>ဧရာဝတီတိုင်း။ | |
| ၅။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ<br>(အဖွဲ့ဝင်) | သရက်တောကျောင်း<br>ကညင်သောင်အုပ်စု၊<br>လေးမျက်နှာမြို့၊<br>ဧရာဝတီတိုင်း။ | |

## နိဂမနကထာ

ယထာဘူတံ ပကာသေန္တော၊ သိဒ္ဓေါ သီမာဝိနိစ္ဆယော။
မိစ္ဆာတမာ ဝိနဿန္တု၊ ဇောတယံ ဇိနသာသနံ။

ယထာဘူတံ =ထေရဝါဒ ဝိနယဉ် ထုတ်ပြဖွင့်ဆို ထိုထိုကျမ်းဂန် နည်းတန်တန်ကို အဖန်ဖန်လေ့လာ ဟုတ်မှန်စွာ။ ဝါ၊ ဟုတ်မှန်သည့်အတိုင်း။

ပကာသေန္တော =ကျမ်းစုံဖွေရှာ သက်ဆိုင်ရာကို သေချာစိစစ် စံတင်ရစ်အောင် စနစ်တကျ ထင်စွာပြတတ်သော။

သီမာဝိနိစ္ဆယော = သိမ်သမုတ်နည်း သိမ်နုတ်နည်းနှင့် နည်းအဖြာဖြာ သိမ်ကြောင်းရာကို ကောင်းစွာဆုံးဖြတ်အပ်သော သီမာဝိနိစ္ဆယသည်။

သိဒ္ဓေါ =တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ ကောင်းစွာပြီးမြောက်ခဲ့လေပြီ။

မိစ္ဆာတမာ =နိမိတ်သတ်မှတ် ကမ္မဝါဖတ်က ပြီးလတ်သိမ်ဟူ အယူသန်သန် ဝိနည်းမှန်ကို တော်လှန်ပြဘိ စုဒိတက ဦးပုညာစာရ၏ ဝါဒကဲ့သို့သော မိစ္ဆာမှောင်ကြီးတို့သည်။

ဝိနဿန္တု =ပိန်းကြာဖက်တွင် ရေမတင်သို့ ဆောလျင်မကြာ ကွယ်ပျောက်ကြပါစေကုန်သတည်း။

ဇိနသာသနံ =မိုက်မှောင်အမှန် မာရ်ငါးတန်ကို တော်လှန်အောင်မြင် ဘုရားရှင်၏ တည်ထွင်ညွှန်ဝါ သာသနာတော်မြတ်ကြီးသည်။

ဇောတယံ =မိစ္ဆာအမှောင် လုံးဝမသန်းဘဲ သမ္မာအရောင်ဖုံးလွှမ်းလျက် တလျှမ်းလျှမ်း တဝင်းဝင်း ထွန်းလင်းတောက်ပ ပါစေသတည်း။

# နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) သဘာပတိဆရာတော်၏

## နိဂုံးချုပ်

## ဩဝါဒကထာ

တပည့်တော် ဩဝါဒမပေးမီ စောဒကနှင့် စုဒိတက ဆရာတော်များအား နှလုံးသွင်းဖို့အချက်ကို ကြိုတင်ပြောပြလိုပါသည်။ မင်္ဂလာတရားတော်တွင် တစ်ပါး အပါအဝင်ဖြစ်သော ''သောဝစဿတာ''နှင့် ညီညွတ်စွာ ဩဝါဒကို နာယူကြစေလိုပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂)၊ အခြေခံမူများ အပိုင်းကဏ္ဍ အပိုဒ် ၁၂-၌ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ ယင်းရည်ရွယ်ချက်များမှာ-

(က) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန် ဖြစ်သည်။

(ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံ သီတင်းသုံးနေထိုင်ရေးအတွက် သံဃာတော်များ အချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန် ဖြစ်သည်။

(ဂ) ပရိယတ္တိသာသနာတော် တိုးတက်စည်ပင်ပြန့်ပွားစေရန် ကူညီထောက်ပံ့၍ ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်- ဟု ပါရှိပါသည်။

ယင်းအခြေခံမူများသည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ကြီးမှ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် သာသနာတော်တစ်ရပ် လုံး၏ ဥပဒေစည်းမျဉ်းဖြစ်နေပါပြီ၊ အဆိုပါ ဥပဒေစည်းမျဉ်းကို မူထား ပြီး ဩဝါဒပေးလိုပါသည်ဘုရား –

**နိမိနံ့ဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။**
**နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။**
**တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော–**

ဆိုသော ဒေသနာတော်ကို နှလုံးသွင်းပြီး မိမိချို့ယွင်းချက်ကို ထောက် ပြ၍ အမှန်ရောက်အောင် လမ်းညွှန်ထားသော ဤဝိနိစ္ဆယဆုံးဖြတ် ချက်ကို လက်ခံကြိုဆိုလိုက်နာစေလိုပါသည်။ ''ဆရာတော်ဦးပုညာ– စာရသည် မူလကပင်''ဝိနိစ္ဆယအဆုံးအဖြတ်ကို နာယူပါမည်''ဟု ဝန်ခံ ချက် လက်မှတ်ထိုးခဲ့သည်နှင့်အညီ ယခုအဆုံးအဖြတ်ကို လက်ခံ ကျင့်သုံးဖို့လိုအပ်ပါသည်။ ဆက်လက်၍ပြောရလျှင် အဓမ္မ–အဝိနယ ဆုံးဖြတ်ထားသော မိမိအယူအဆဝါဒတွေကို ပြောဟောခြင်း၊ စာရွက် စာတမ်းထုတ်ဝေခြင်းစသောအမှုတွေကို မလုပ်ဖို့ မိမိ၏အယူအဆ ဝါဒကို စွဲကိုင်ပြီး သိမ်သမုတ်ခြင်းကို မလုပ်ဖို့'' စသည်တို့ဖြစ်ပါသည်။ စောဒကပုဂ္ဂိုလ်များအပေါ်မှာလည်း အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း ပုံစံအရ စောဒကလုပ်ရခြင်းသာဖြစ်သည်။ ''မိမိအပေါ်မှာ အပြစ်ရှာလို ၍ စွဲချက်တင်သည်မဟုတ်၊ အဆုံးအဖြတ်အမှန် ပေါ်ထွက်လာစေလို၍ ဆောင်ရွက်ခြင်းမျှသာဖြစ်သည်''ဟု အကြောင်းမှန်ကို သိမြင်ပြီး မေတ္တာ ထားဖို့ လိုအပ်ပါသည်ဘုရား။

ယခုကိစ္စသည် ပုဂ္ဂိုလ်ရေးကိစ္စမဟုတ်ဘဲ သာသနာရေးကိစ္စ သက်သက်ဖြစ်ကြောင်းကို အားလုံးအသိပင်ဖြစ်ပါသည်။ ထို့ကြောင့် အခုံးအဖြတ်မှန်တစ်ခု ပေါ်ထွန်းခြင်းသည် အယူမှား မိစ္ဆာဝါဒအမှောင်ကို ပယ်ခွင်းသော မီးရှူးတန်ဆောင်တစ်ခု ပေါ်ထွန်းခြင်းပဲဟု ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုဖို့ လိုအပ်ပါကြောင်း နိဂုံးချုပ် ဩဝါဒစကား ပြောကြားလိုက်ပါသည်ဘုရား။

( ဘဒ္ဒန္တတိဿ )
သဘာပတိဆရာတော်
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)
(၂၅-၂-၈၈)

# ၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း(၉)ရက် (၂၅–၂–၈၈)
# အဓမ္မ–အဝိနယဝါဒ စွန့်လွှတ်ကြောင်း
# ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)က သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒကို အဓမ္မ–အဝိနယဟူ၍ ဝိနိစ္ဆယချမှတ်ခဲ့ပြီးဖြစ်ရာ မိမိ၏ဝါဒကို မစိစစ်မီက ပဋိညာဉ်ပြုခဲ့သည့်အတိုင်း –

(က) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉)က အဓမ္မ–အဝိနယအဖြစ် ဝိနိစ္ဆယချမှတ်ထားသော အဓမ္မ–အဝိနယဝါဒကို လုံးဝစွန့်လွှတ်ပါကြောင်း၊

(ခ) ယခုအချိန်ကစ၍ ရှေ့သို့ဆက်လက်ပြီး ယင်းအဓမ္မ–အဝိနယဝါဒနှင့်ပတ်သက်၍ ကျင့်သုံးခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည့်အပြုအမူအားလုံးကို မိမိကိုယ်တိုင်လည်း မပြုလုပ်၊ မိမိနှင့်ပတ်သက်သူများအားလည်း ပြုလုပ်စေမည်မဟုတ်ပါကြောင်း၊

(ဂ) အထက်ပါ အဓမ္မ–အဝိနယဝါဒဆိုင်ရာ စာအုပ်စာတမ်း၊ တိပ်ခွေ စသည်တို့ကို ဖျက်ဆီးခြင်း၊ အပ်နှံခြင်းများကိုလည်း ပြုလုပ်မည်ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထိုအဓမ္မ–အဝိနယ အယူဝါဒနှင့်ပတ်သက်၍ သမုတ်ခဲ့သော သိမ်(၅)လုံးတို့မှာ သိမ်ပျက်များသာဖြစ်သည်ဟု ဝန်ခံပါကြောင်း–

ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးပါသည်။

| စဉ် | ဘွဲ့ | သိက္ခာ | ကျောင်း | ကိုယ်တိုင်လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးပုညာစာရ<br>၅၃၊ ရတနာမာရ်အောင်<br>ရွာဦးကျောင်း<br>ရှမ်းစုကြီးကျေးရွာ<br>တွံတေးမြို့နယ်<br>ရန်ကုန်တိုင်း။ | | | |

❖❖❖

(၁၃၅)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးက
ဖွဲ့စည်းတာဝန်ပေးအပ်သည့်

သိမာသင်္ကရဝိနိစ္ဆယစာတမ်းပြုစုရေးအဖွဲ့က
ရေးသားပြုစုအပ်သော

# သိမာသင်္ကရဝိနိစ္ဆယစာတမ်း

## (သိမ်ရောယှက်မှု အဆုံးအဖြတ် စာတမ်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၅၂၊ ကောဇာ ၁၃၇၀-ပြည့်နှစ်၊ ခရစ် ၂၀၀၈-ခုနှစ်၊

# သီ မာ သ က် ရ ပ် နိ ဿ ယ စာ တ မ်း
## မာတိကာ

-----


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိးကြိုးအတွက် ဆောင်ရွက်ပုံ(၄)ချက် | ၁၄၅ |
| ၂။ | သိမ်သည် အရေးအကြီးဆုံး | ၁၄၆ |
| ၃။ | သီမာသမ္ဘေဒဖြစ်အောင် မသမုတ်ရ (သိမ်ချင်း မရောယှက်ရ) | ၁၄၇ |
| ၄။ | သီမာသမ္ဘေဒနှင့် သီမာသင်္ကရ | ၁၄၈ |
| ၅။ | ဘူမိဂတိက နှိုင်းချိန်ရှု | ၁၄၉ |
| ၆။ | ထပ်ဆင့်တိုးပွား နှစ်မျိုးပြား | ၁၅၀ |
| ၇။ | ပယောဂ ပါ–မပါ နှစ်မျိုးလာ | ၁၅၀ |
| ၈။ | သိမ် (၂)မျိုး၊ (၃)မျိုးကွဲပြား | ၁၅၂ |
| ၉။ | ရောယှက်ကောင်း, စပ်ကောင်းသည့်သိမ်များ | ၁၅၃ |
| ၁၀။ | မဟာပဒေသ (၄)ပါး | ၁၅၄ |
| ၁၁။ | အလျော်အားဖြင့် ဆုံးဖြတ်ပုံနမူနာ | ၁၅၆ |
| ၁၂။ | လျှပ်စစ်မီးကြိုးပြဿနာ | ၁၅၇ |
| ၁၃။ | နည်းယူသုံးသပ် ဆုံးဖြတ်ရမည် | ၁၅၉ |
| ၁၄။ | အပြစ်လွတ်အောင် ဆောင်ရွက်နည်း | ၁၆၁ |

# သီမာသက်ရ ဝိနိစ္ဆယစာတမ်း

## မာတိကာ

-----


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | သီမာသက်ရဖြစ်နိုင် | ၁၆၂ |
| ၁၆။ | လုံး၀ မမြင်ရမှု ဘူမိဂတိက | ၁၆၃ |
| ၁၇။ | သိမ်ပေါင်းများစွာ ဖြတ်သန်းလာ | ၁၆၄ |
| ၁၈။ | သိမ်ကို အထူးစောင့်ရှောက်သင့် | ၁၆၅ |
| ၁၉။ | အကပ္ပိယဥ္ဇသာ တည်ရမည် | ၁၆၆ |
| ၂၀။ | တင်ပြချက် (၄)ရပ်အပြေ | ၁၆၈ |
| ၂၁။ | ဆုံးဖြတ်ချက် | ၁၆၉ |

# နိဒါန်း

## သီမာသက်ရဝိနိစ္ဆယစာတမ်း ပြုစုရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

မန္တလေးတိုင်း၊ မြင်းခြံမြို့၊ သာသနာ့ဇောတိကာရုံ စာသင်တိုက်မှ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသက-

(က) အချို့ဌာနတို့၌ မီးကြိုးကို ပိုက်အတွင်းသွင်းကာ မြေအတွင်းမှာမြှုပ်၍ သိမ်အတွင်း၌ မီးထွန်းခြင်းစသည် ပြုလုပ်ခြင်း။

(ခ) သိမ်၏အပြင်ဘက်၌ မီးပလပ်ဖြင့် အရှင်ထားကာ ကံပြုမှ မီးကြိုးကို ဖြုတ်ခြင်း။

(ဂ) သိမ်သမုတ်ပွဲ ကျင်းပစဉ်ကပင် မီးကြိုးကို မြေ၌မြှုပ်၍ သိမ်အတွင်း မီးထွန်းကာ သီမာသမ္မုတိကံပြုခြင်း။

(ဃ) နိမိတ်တို့၏အပြင်ဘက်၌ တိုင်စိုက်ကာ မီးကြိုးပတ်လည် သွယ်၍ အလင်းရောင်ကို ယူပြီး သီမာသမ္မုတိကံပြုခြင်း။

ဤသို့ အယူမတူ မှုအမျိုးမျိုးဖြင့် ဝိနယကံဆောင်ရွက်ခြင်း ပြုလုပ်နေကြသည်ကို တွေ့မြင် ကြားသိနေရပါကြောင်း, သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို တာဝန်ယူဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးအနေဖြင့် သီမာသမ္မတ္တိဖြစ်စေရေးအတွက် ညွှန်ကြားချက်ကို ထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း, ဖော်ပြ၍ ၁၇-၅-၂၀၀၇ ရက်စွဲပါစာဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလာပါသည်။

ယင်းတင်ပြချက်နှင့် ပတ်သက်၍ တာဝန်ကျ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)က ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးက လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍသိမ်အတွင်း သို့သွင်းကာ မီးထွန်းခြင်းပြုလုပ်ရာ၌ သိမာသင်္ကရဖြစ် မဖြစ် ဝိနိစ္ဆယ စာတမ်းပြုစုရန်အတွက် ဖော်ပြလတ္တံ့ပါ ဆရာတော်ကြီးများပါဝင်သော သိမာသင်္ကရဝိနိစ္ဆယစာတမ်း ပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် ရန် ဆုံးဖြတ်ခဲ့ပါသည်။

## သိမာသင်္ကရဝိနိစ္ဆယစာတမ်း ပြုစုရေးအဖွဲ့

(၁) **ဘဒ္ဒန္တပညိန္ဒာဘိဝံသ**
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
မဟာအောင်မြေဘုံစံကျောင်းတိုက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) **ဘဒ္ဒန္တကုမာရာဘိဝံသ**
(အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော်ဩဝါဒါစရိယ၊
သာသနဇောတိကာရုံကျောင်းတိုက်၊
မြင်းခြံမြို့၊ မန္တလေးတိုင်း။

(၃) **ဘဒ္ဒန္တဂုဏောသန**
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်းတိုက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၄) ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)
(အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊
မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၅) ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်
ဗန်းမော်တိုက်
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

(၆) ဘဒ္ဒန္တဝိစာရ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့၊ မကွေးတိုင်း။

(၇) ဘဒ္ဒန္တသီဟဗလ
(အဂ္ဂမဟာပဏ္ဍိတ)
ထီးလှိုင်ကျောင်း
ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း။

♠ ♠ ♠

## ညှိနှိုင်းအစည်းဝေး

၂၅–၁–၂၀၀၈–သောကြာနေ့ နေ့ (၁)နာရီအချိန် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ သီမာသက်ရဝိနိစ္ဆယ စာတမ်းပြုစုရေး အဖွဲ့ဝင်များဖြစ်သည့် မြင်းခြံဆရာတော်၊ ကျိုက်ပိ ဆရာတော်၊ ယောဆရာတော်၊ ဗန်းမော်ဆရာတော်၊ ပခုက္ကူဆရာတော်တို့ (၅)ပါး ညှိနှိုင်းစည်းဝေးတော်မူကြပါသည်။

ဥပဋ္ဌမ္ဘကများဖြစ်ကြသည့် နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်၊ ဦးထွန်းနိုင်၊ ဦးလှမြင့်၊ ဦးခင်စိုး၊ ဦးထွေးမြင့်၊ ဦးဆန်းဝင်း တို့လည်း တက်ရောက်ကြပါသည်။

ဆရာတော်များက မိမိတို့အသင့်ရေးသားထားသော စာတမ်းများကို ဖတ်ကြား၍လည်းကောင်း၊ နှုတ်ဖြင့် အလွတ်လျှောက်ထား၍လည်းကောင်း အသီးသီး တင်ပြဆွေးနွေးတော်မူကြပါသည်။ လိုရင်းပဓာနဆုံးဖြတ်ရမည့်အချက်များကို အားလုံးသဘောတူကြပြီးနောက် စာမူအသီးသီး ဖြစ်နေသည်ကို တစ်မူတည်းဖြစ်အောင် ရေးသားပေးရန် ပခုက္ကူဆရာတော် ဦးဝိစာရအား တာဝန်ပေးအပ်ပါသည်။

## စတင်ဆောင်ရွက်

၂၆–၁–၂၀၀၇ နေ့၌ ဗန်းမော်ဆရာတော်၊ ပခုက္ကူဆရာတော်၊ ယောဆရာတော်တို့ ညှိနှိုင်းစည်းဝေး၍လည်းကောင်း၊ ၂၈–၁–၂၀၀၈ နေ့၌ ဗန်းမော်ဆရာတော်နှင့် ပခုက္ကူဆရာတော်တို့ ညှိနှိုင်းစိစစ်၍လည်းကောင်း၊ ၂၉–၃၀–နေ့တို့၌ ပခုက္ကူဆရာတော်နှင့် ဦးထွေးမြင့်တို့ ကွန်ပျူတာစာစီပြီး စာမူများကို ပြန်လည်စိစစ်၍လည်းကောင်း၊ လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁–၂–၂၀၀၈ နေ့၌ မြင်းခြံဆရာတော်၊ ကျိုက်ပိဆရာတော်၊ ယောဆရာတော်၊ ဗန်းမော်ဆရာတော်၊ ပခုက္ကူဆရာတော်တို့ (၅)ပါး ပြန်လည်ညှိနှိုင်း စည်းဝေးတော်မူကြ၍ စာမူကို အတည်ပြုဆုံးဖြတ်တော်မူကြပါသည်။ ဆရာတော်ကြီးများက စာမူအချောရိုက်ရန် သာသနာရေးဦးစီးဌာနသို့ တာဝန်ပေးတော်မူကြပါသည်။

## အတည်ပြု

သာသနာရေးဦးစီးဌာနက စာမူကို ကွန်ပျူတာအချောစီ၍ ရိုက်နှိပ်ပြီးသောအခါ ၁၃–၃–၂၀၀၈ နေ့၌ ကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးသို့ မူကြမ်းကို တင်ပြခဲ့ရာ "ပြင်ဆင်ဖြည့်စွက်ချက်ဖြင့် အတည်ပြုရန်" ဟု ဆုံးဖြတ်ခဲ့ပါသည်။

၁၉–၃–၂၀၀၈ နေ့က ကျိုက်ပိဆရာတော်၏ အခန်း၌ ကျိုက်ပိဆရာတော်၊ ဗန်းမော်ဆရာတော်၊ ပခုက္ကူဆရာတော်၊ ယောဆရာတော်တို့ (၄)ပါး တွေ့ဆုံစည်းဝေး ဆွေးနွေးကြပါသည်။ ဥပဋ္ဌာကများဖြစ်သည့် ဦးလှမြင့်နှင့် ဦးထွေးမြင့်တို့လည်း တက်ရောက်ကြသည်။

ဆရာတော်များက ပြင်ဆင်ရမည့်အချက်၊ ဖြည့်စွက်ရမည့်အချက်၊တို့ကို ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်တော်မူကြပြီး တိပိဋကယောဆရာတော်အား နောက်ဆုံး အပြီးသတ် အချောရေးသားပေးရန် တာဝန်ပေးအပ်တော်မူကြပါသည်။

ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးက
ဖွဲ့စည်းတာဝန်ပေးအပ်သည့်
သီမာသင်္ကရဝိနိစ္ဆယ စာတမ်းပြုစုရေးအဖွဲ့က
ရေးသားပြုစုအပ်သော

# သီမာသင်္ကရ ဝိနိစ္ဆယစာတမ်း

(သိမ်ရောယှက်မှု အဆုံးအဖြတ်စာတမ်း)

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မီးကြိုးအတွက် ဆောင်ရွက်ပုံ ၄-ချက်

မန္တလေးတိုင်း၊ မြင်းခြံမြို့၊ သာသနဇောတိ ကာရုံစာသင်တိုက်၊နိုင်ငံ တော်ဩဝါဒစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသက-

(က) အချို့ဌာနတို့၌ မီးကြိုးကို ပိုက်အတွင်းသွင်းကာ မြေအတွင်းမှာမြှုပ်၍ သိမ်အတွင်း၌ မီးထွန်းခြင်းစသည် ပြုလုပ်ခြင်း။

(ခ) သိမ်၏အပြင်ဘက်၌ မီးပလပ်ဖြင့် အရှင်ထားကာ ကံပြုမှ မီးကြိုးကိုဖြုတ်ခြင်း။

(ဂ) သိမ်သမုတ်ပွဲ ကျင်းပစဉ်ကပင် မီးကြိုးကို မြေမှာမြှုပ်၍ သိမ်အတွင်း မီးထွန်းကာ သီမာသမ္မုတိကံပြုခြင်း။

(ဃ) နိမိတ်တို့၏ အပြင်ဘက်၌ တိုင်စိုက်ကာ မီးကြိုးပတ်လည်သွယ်၍ အလင်းရောင်ကိုယူပြီး သီမာသမ္မုတိကံပြုခြင်း။

ဤသို့ သီမာသင်္ကေတဖြစ်ဖွယ် မိးကြိုးအတွက် ဆောင်ရွက်ပုံ ၄–ချက်ကို တွေ့မြင်ကြားသိနေရသည်ဖြစ်ရာ အပ်–မအပ် ညွှန်ကြား ဆုံးဖြတ်ပေးပါရန် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ထံ တင်ပြလာပါသည်။

## သိမ်သည်အရေးအကြီးဆုံး

သိမ်သည် သာသနာတော်၏ အရေးအကြီးဆုံးသော အသက် သွေးကြောဖြစ်သောကြောင့် ဘုရားရှင်က ''အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ (ဝိ–၃–၁၄၄)ဟု သိမ်သမုတ်ရန် ခွင့်ပြုတော်မူပါသည်။

သက်ရှိသတ္တဝါများ၏ ခန္ဓာ၌ အသက်သွေးကြောသည်အရေး အကြီး ဆုံးဖြစ်၍ အသက်သွေးကြော ရပ်တန့်သွားလျှင် မည်သည့် ကိစ္စကိုမျှ မဆောင်ရွက်နိုင်တော့ဘဲ ရပ်စဲသွားမည်ဖြစ်သည်။ သိမ်ဟူ သော အသက်သွေးကြော လည်ပတ်ရှင်သန်နေမှ သာသနာ အဆက် မပြတ် ကြာရှည်တည်တံ့နိုင်မည်ဖြစ်၍ သိမ်ပျက်လျှင် သာသနာလည်း ပျက်မည်သာဖြစ်ပါသည်။

(၁) နေရာဒေသအလိုက် သံဃာအားလုံး စည်းလုံးညီညွတ်စွာ သံဃကိစ္စကို ဆောင်ရွက်နိုင်စေရန်။

(၂) သံဃာအားလုံး စည်းလုံးညီညွတ်စွာ သာသနကိစ္စများကို တိုင်ပင်ဆွေးနွေး ဆုံးဖြတ်ကြစေရန်။

(၃) သံဃာများလိုက်နာရမည့် ဝိနည်းစည်းကမ်းများကို နားလည် သိရှိနိုင်ကြစေရန်။

(၄) နားလည်သိရှိသည့်အတိုင်း လိုက်နာကျင့်သုံး အားထုတ်နိုင်ကြစေရန်။

(၅) လိုက်နာကျင့်သုံး အားထုတ်သဖြင့် သာသနာတော် တည်တံ့ပြန့်ပွား ထွန်းကားစေရန် ရည်သန်၍ သိမ်ကိုခွင့်ပြုတော်မူပါသည်။

## သီမာသမ္ဘေဒဖြစ်အောင် မသမုတ်ရ (သိမ်ချင်း မရောယှက်ရ)

သိမ်သမုတ်ရန် ခွင့်ပြုပြီးနောက် ဆဗ္ဗဂ္ဂီရဟန်းတို့၏ သိမ်အချင်းချင်း ရောယှက်၍ သမုတ်မှုကို အကြောင်းပြု၍ ''န ဘိက္ခဝေ သီမာယ သီမာ သမ္ဘိန္ဒိတဗ္ဗာ၊ ယော သမ္ဘိန္ဒေယျ၊ အာပတ္တိ ဒုက္ကဋဿ (ဝိ-၃-၁၅၀)''ဟု သီမာသမ္ဘေဒ ဖြစ်အောင် မိမိသိမ်ဖြင့် သူတစ်ပါး သိမ်ကို ရောယှက်၍ မသမုတ်ရန်, မိမိသိမ်နှင့် သူတစ်ပါးသိမ် အချင်းချင်း မရောယှက်ရန်, တားမြစ်တော်မူပါသည်။

(ဝိ-ဋ-၃-၃၃၇)၌ ''ကေရုက္ခောပိ စ ဒွိန္နံ သီမာနံ နိမိတ္တံ ဟောတိ၊ သော ပန ဝဍ္ဎန္တော သီမာသင်္ကရံ ကရောတိ၊ တသ္မာ န ကာတဗ္ဗော- သစ်ပင်တစ်ပင်တည်းသည်ပင် သိမ်နှစ်လုံးတို့၏ နိမိတ်ဖြစ်နိုင်ကောင်းသော်လည်း ထိုသစ်ပင်ကြီးပွားလာသောအခါ သိမ်နှစ်လုံး ဆက်စပ်ရောယှက်မှုကို ပြုနိုင်သောကြောင့် သစ်ပင် တစ်ပင်တည်းကို သိမ်နှစ်လုံးတို့၏ နိမိတ်မလုပ်ရ''ဟု ''သီမာသင်္ကရ'' ဟူသော ဝေါဟာရဖြင့် ဖွင့်ဆိုထားပါသည်။

## သီမာသမ္ဘေဒနှင့် သီမာသင်္ကရ

ဝိမတိဋီကာ ဒု-၁၆၉, ဝိနယာလင်္ကာရဋီကာ-ပ-၃၄၅ တို့၌ "သီမာသင်္ကရန္တိ သီမာသမ္ဘေဒံ" ဟု ဖွင့်ပြထားရာ သီမာသင်္ကရနှင့် သီမာသမ္ဘေဒ အတူတူဟု ဆိုရာရောက်ပါသည်။ သို့ရာတွင် ဝိနည်းစည်းကမ်း နည်းလမ်းမကျဘဲ သိမ်သမုတ်ရာမှ ဖြစ်ပေါ်လာသော ဆက်စပ်မှု ဆက်သွယ်မှုသည် "သီမာသမ္ဘေဒ"၊ သိမ်သမုတ်ပြီးနောက် ဝိနည်းစည်းကမ်း နည်းလမ်း မကျဘဲ ဘုရားရှင်အားဘော်နှင့် လွဲချော်ကာ သိမ်အသုံးပြုရာမှ ဖြစ်ပေါ်လာ သော ဆက်စပ်မှုနှင့် သစ်ပင်ခြုံနွယ်စသည်တို့ သဘာဝအလျောက် ပေါက် ရောက်ကြီးထွားလာရာမှ ဖြစ်ပေါ်လာသော ဆက်စပ်မှု ဆက်သွယ်မှုသည် "သီမာသင်္ကရ"ဟု အရာအားလျော်စွာ ခွဲခြား၍ မှတ်သားနိုင်ပါသည်။

## ဘူမိဂတိက နှိုင်းချိန်ရ

သီမာသင်္ကရ-သိမ်ချင်းရောယှက် ဆက်စပ်ဆက်သွယ်မှုသည် ဘူမိဂတိကဖြစ်မှု-မဖြစ်မှုနှင့် သက်ဆိုင်နေပေသည်။ ဋီကာတို့၌ "ဘူမိဂတိကတ္တာ ဒေါသော နတ္ထိ- ဘူမိဂတိက ဖြစ်သောကြောင့် (ဘူမိဂတိကဖြစ်လျှင်) အပြစ်မရှိ(သီမာသင်္ကရ အပြစ်မဖြစ်)"ဟု မိန့်ဆိုထားကြသည်ဖြစ်ရာ အပြန်အားဖြင့် ဘူမိဂတိက မဖြစ်သောကြောင့် (ဘူမိဂတိကမဖြစ်လျှင်) အပြစ်ရှိ၏ (သီမာသင်္ကရ အပြစ်ဖြစ်၏) ဟု သိနိုင်ပါသည်။

"ဘူမိယံ ဂတိ ဝိယ ဂတိ ဧတေသန္တိ ဘူမိဂတိကာ" ဟူသော ပါဠိတျာဒိယောဇနာ(၃၅၃)စကားအရ မြေ၏ဖြစ်ခြင်းကဲ့သို့

ဖြစ်ခြင်းရှိသော ကြောင့်(မြေနှင့်အလားတူသောကြောင့်) မြေကြီးမှတစ်ပါး မြေကြီးနှင့်အလားတူသော အုတ် ကျောက် သဲ စသော ဗဒ္ဓသိမ်နှင့် ဆက်စပ်နိုင်သော အရာဝတ္ထုအားလုံးကို "ဘူမိဂတိက"ဟု ခေါ်ဆိုရပါသည်။

မည်သည့်အရာသည် ဘူမိဂတိက မည်သနည်းဟူသော အမေးကို ဖြေရာ၌ကား အုတ် ကျောက် သဲ စသည်မှတစ်ပါး သာမန် အားဖြင့် မည်သည့် အရာဝတ္ထုသည် ဘူမိဂတိကဖြစ်သည်ဟု ကေန် မုချ တိတိကျကျဖြေ၍ ပြဆို သည်။ မြေကြီးအတွင်းမှ ဖြတ်သွား၍ ထင်ထင်ရှားရှား မတွေ့မမြင်ရသော သစ်မြစ်သည် ဘူမိဂတိကဖြစ်၏။ မြေပေါ်မှ ဖြတ်သွား၍ ထင်ထင်ရှားရှား တွေ့မြင်နေရသော သစ်မြစ် သည် ဘူမိဂတိကမဖြစ်ဟု သစ်မြစ်တစ်မျိုးတည်း သည်ပင်လျှင် သွားလာပုံအနေအထားကို ထောက်ထား၍ ဘူမိဂတိက ဖြစ် မဖြစ် နှစ်မျိုးကွဲပြားသောကြောင့် အုတ်ကျောက်သဲ စသည်မှတစ်ပါး သာမန် အားဖြင့် မည်သည့်အရာဝတ္ထုသည် ဘူမိဂတိကဖြစ်သည်ဟု တိတိ ကျကျဖြေ၍ မဖြစ်ပါ။

* အထူးအားဖြင့်ကား အုတ်ကျောက်သဲ စသည်တို့သည် မြေပေါ်၌ ပေါ်နေ၍ မြင်တွေ့ရသည်ဖြစ်စေ, မြေအတွင်း၌ မြုပ်နေ၍ မမြင် မတွေ့ရသည်ဖြစ်စေ ကေန်မုချ ဘူမိဂတိကသာဖြစ်၏။ သစ်မြစ် စသည်တို့သည် မြေပေါ်၌ပေါ်နေ၍ မြင်တွေ့နေရလျှင် ဘူမိဂတိက မဖြစ်၊ မြေအတွင်း၌မြုပ်နေ၍ လုံးဝမမြင်တွေ့ရလျှင် ဘူမိဂတိက ဖြစ်၏။ ဤသို့ ခွဲခြား မှတ်သားရမည်ဖြစ်ပါသည်။

## ထပ်ဆင့်တိုးပွား နှစ်မျိုးပြား

မူလသမုတ်ထားသော သိမ်ကို ထပ်ဆင့်တိုးချဲ့ရာ၌–

၁။ သမုတ်ထားသော သိမ်နိမိတ်အတွင်း၌သာ (သိမ်အပြင်ဘက် မထွက်ဘဲ) အထက်သို့(တက်၍) တိုးမြှင့်ခြင်း စသည်ကို ပြုလုပ်ခြင်း။

၂။ သမုတ်ထားသော သိမ်နိမိတ်အပြင်ဘက်၌ (သိမ်အပြင်ဘက် ထွက်၍)ထပ်ဆင့်တိုးချဲ့ကာ သိမ်အပြင်ဘက် တစ်နေရာရာနှင့် (အရာဝတ္ထုတစ်ခုခုနှင့်)ဆက်သွယ် ဆက်စပ်၍ ပြုလုပ်ခြင်းအားဖြင့် ပြုလုပ်ဆောင်ရွက်ပုံ နှစ်မျိုးကွဲပြားပါသည်။

ထိုနှစ်မျိုးတို့တွင် (ဝိ–ဋ္ဌ–၃–၃၂၆, ဝိသင်္ဂဟ–ဋ္ဌ–၁၉၀) စသည်တို့၌ သမုတ်ထားသော သိမ်နိမိတ်အတွင်း၌ တိုးချဲ့ပြုပြင် ဆောင်ရွက်ပုံကိုသာဖွင့် ဆိုဆုံးဖြတ်ထားပါသည်။

သမုတ်ထားသော သိမ်နိမိတ်အပြင်ဘက်၌ တိုးချဲ့ပြုလုပ်ပုံကို ဖွင့်မပြခဲ့ကြပါ၊ ထိုသို့ဖွင့်မပြခြင်းသည်ပင် အဋ္ဌကထာဆရာတို့ သဘောမကျသော စီမံဆောင်ရွက်ခြင်းမျိုးဖြစ်သည်ဟု သိနိုင်ပေသည်။ ဗဒ္ဓသိမ်နှင့်တွဲ၍ ရေချိုးခန်း, သန့်စင်ခန်း(ရေလောင်းကုဋ္ဌိစသည်)တို့ကို အကြည်ကန် အနောက်ကန် ပိုက်ကြီး ပိုက်ငယ် အသွယ်သွယ်တို့ဖြင့် ချယ်လှယ်ကာ စီမံပြုလုပ်ခြင်းမျိုးများသည် အဋ္ဌကထာဆရာတို့ သဘောမကျသဖြင့် မညွှန်ပြခဲ့သော နည်းမျိုးသာဖြစ်ပေသည်။

### ပယောဂပါ–မပါ နှစ်မျိုးလာ

ထိုမှတစ်ပါး မူလသမုတ်ထားသော သိမ်အနေအထားထက် ပိုလွန်၍ တိုးပွားလာခြင်းသည်–

၁။ သက်ရှိပုဂ္ဂိုလ်တို့၏ လုံ့လပယောဂဖြင့် တိုးပွားလာမှု၊

၂။ လူ၏ပယောဂမပါဘဲ သက်မဲ့ သစ်ပင်ခြုံနွယ် စသည်တို့ဖြင့် တိုးပွားလာမှု အားဖြင့် နှစ်မျိုးရှိပါသည်၊ ၂-မျိုးလုံးပင် ဝိနည်း စည်းကမ်းဘောင်အတွင်း၌ တိုးပွားလာမှသာ အပ်စပ်၍ ဘောင် အပြင်ဘက်ရောက်အောင် တိုးပွားလာလျှင်ကား မအပ်စပ်ပါ။

## ထပ်ဆင့်တိုးမှု ဖြေရှင်းပြု

သိမ်သမုတ်စဉ်က ပါလာသော အရာဝတ္ထုအားလုံး သိမ်ထဲ၌ တစ်ပါးတည်း ပါဝင်သွားသဖြင့် သံသယကင်းရသော်လည်း သိမ် သမုတ်ပြီးနောက် ထပ်ဆင့်တိုးချဲ့လာမှုအတွက် သံသယပွားရတတ် သောကြောင့်-

(ဝိ-၄-၃-၃၂၆)စသည်တို့၌ ''ခဏ္ဍသီမာ နီစဝတ္ထုကာ ဟောတိ၊ တံ ပူရေတွာ ဥစ္စဝတ္ထုကံ ကရောန္တိ သီမာယေဝ'' စသည်ဖြင့် သံသယကင်းအောင် ဖြေရှင်းတော်မူခဲ့သည်။

ခဏ္ဍသိမ်သမုတ်စဉ်က အောက်ခုံနိမ့်နေ၍ သိမ်သမုတ်ပြီး နောက် မြေ ကျောက် သဲ အုတ် စသည်တို့ဖြင့် ထပ်ဆင့်တိုးမြှင့်ပေးလျှင် တိုးမြှင့်ပေးသမျှ အရာအားလုံး မူလမြေခုံနှင့် တစ်သားတည်း ဖြစ်သွား ရုံသာမက မူလသိမ်အတွင်း၌ ပါဝင်သောကြောင့် အပြစ်မရှိ၊ အပ် သည်။

တစ်ဖန် သိမ်အတွင်း၌ ဆောက်လုပ်အပ်သော အဆောက် အဦးများ တူးဖော်အပ်သော ရေတွင်း ရေကန်များ, အားလုံး သိမ်အဖြစ် သို့ ရောက်သွားသည်၊ သိမ်ထဲ၌ ပါဝင်သွားသည်၊ အပြစ်မရှိ၊ မြစ်ရေ

ချောင်းရေကြီးလာ၍ သိမ်ကို ရေလွှမ်းမိုးသွားလျှင် သိမ်တန်ဆောင်း ဝင်းအတွင်း၌ ငြမ်းထိုး၍ သံဃကံ ပြုရမည်။

အကယ်၍ သိမ်အောက်၌ ဥမင်မြစ်ဖြစ်နေ၍ ထိုဥမင်မြစ်၌ တန်ခိုးရှင် ရဟန်းနေထိုင်နေပါက သိမ်ကို ဦးစွာသမုတ်ပြီးနောက်မှ ဥမင်မြစ်ပေါ်ပေါက်လာလျှင် ဥမင်မြစ်သည် သိမ်၌တည်သောကြောင့် (သိမ်အတွင်းပါဝင်နေသဖြင့် ဟတ္ထပါသ် လွတ်နေသောကြောင့်) မြေပေါ် သိမ်၌ပြုသော သံဃကံပျက်ပါသည်၊ တန်ခိုးရှင် ရဟန်းသည် ဥမင်မြစ် အောက်၌ရှိသော မြေပေါ်၌ ရပ်တည်နေလျှင်ကား ဆိုဖွယ်မရှိ၊ ကေန် ကံပျက်သည်သာတည်း။

အကယ်၍ ဥမင်မြစ်က ဦးစွာပေါ်ပေါက်၍ နောက်မှ သိမ်ကို သမုတ်လျှင် ဥမင်မြစ်၌ တန်ခိုးရှင်ရဟန်း ထိုင်နေသော်လည်း (ဥမင်မြစ် ပေါ်သို့ သိမ်မသက် ရောက်သောကြောင့်) မြေပေါ်သိမ်၌ပြုသော သံဃ ကံမပျက်ပါ၊ အပြစ်မရှိပါ၊ စသည်ဖြင့် ဆုံးဖြတ်ပေးတော်မူခဲ့ပါသည်။

## သိမ်(၂)မျိုး, (၃)မျိုးကွဲပြား

ရဟန်းတော်အပေါင်း၏ သံဃကံဆောင်ရာဖြစ်သော သိမ်သည်–

၁။ ဥတ္တကမ္မဝါစာဖြင့် သမုတ်ရသည့် ဗဒ္ဓသိမ်၊

၂။ ဥတ္တကမ္မဝါစာဖြင့် မသမုတ်ရဘဲ အလိုလိုသိမ်ဖြစ်နေသော အဗဒ္ဓသိမ်–ဟု အကျဉ်းချုပ်(၂)မျိုး ရှိပါသည်။

ထို(၂)မျိုးတို့တွင် ဗဒ္ဓသိမ်သည်–

၁။ တစ်ကျောင်းတိုက်လုံး, ဂါမခေတ်တစ်ခေတ်လုံး စသည်ဖြင့် အကြီးဆုံး (၃)ယူဇနာတိုင်အောင် သမုတ်ထားသော သိမ်တော် ကြီးဟူသော မဟာသိမ်၊

၂။ အငယ်ဆုံး ရဟန်း ၂၁–ပါးဆံ့ သိမ်မှစ၍ ရဟန်း ၁၀၀၀–ဆံ့ သိမ်စသည်ဖြင့် ပိုင်းဖြတ်၍ သမုတ်ထားသော ခဏ္ဍသိမ်ဟု (၂)မျိုး ရှိပါသည်။ (ထိုဗဒ္ဓသိမ်–၂မျိုးလုံး၌ပင် သမာန သံဝါသကသိမ်, အဝိပ္ပဝါသသိမ် ၂–မျိုးလုံးကို ရှေ့နောက်ဆက်၍ သမုတ်ထားခြင်းဖြစ်သည်။)

၁။ အဗဒ္ဓသိမ်သည် နေရာရွာ အပိုင်းအခြား(နိဂုံးအပိုင်းအခြား, မြို့အပိုင်းအခြား) ဟူသော ဂါမသိမ်(နိဂမသိမ်, နဂရသိမ်)၊

၂။ ရွာမရှိသော တောအရပ်၌ ရဟန်းအပေါင်း၏ ထက်ဝန်းကျင် (၇)အဗ္ဘန္တရအရပ်ဟူသော သတ္တဗ္ဘန္တရသိမ်၊

၃။ မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင် မဖြိုမပုရိသ၏ ထက်ဝန်းကျင်ရေတစ်ကျ အရပ်ဖြင့် ပိုင်းခြားအပ်ရာ အရပ်ဟူသော ဥဒကုက္ခေပသိမ်–ဟု (၃)မျိုးရှိပါသည်။

## ရောယှက်ကောင်း, စပ်ကောင်းသည့်သိမ်များ

၁။ ဂါမ(နိဂမ,နဂရ)သိမ် အချင်းချင်း၊

၂။ ဂါမ(နိဂမ, နဂရ)သိမ်နှင့် ဗဒ္ဓသိမ်၊

၃။ နဒီ(သမုဒ္ဒ, ဇာတဿရ)နှင့် ဥဒကုက္ခေပသိမ်၊

၄။ အရညနှင့်သတ္တဗ္ဘန္တရသိမ်၊

## မရောယှက်ကောင်း, မစပ်ကောင်းသည့်သိမ်များ

၁။ ဗဒ္ဓသိမ်အချင်းချင်း၊

၂။ ဥဒကုက္ခေပသိမ်အချင်းချင်း၊

၃။ သတ္တဗ္ဘန္တရသိမ် အချင်းချင်း၊

၄။ ဗဒ္ဓသိမ်နှင့် ဥဒကုက္ခေပသိမ်၊
၅။ ဗဒ္ဓသိမ်နှင့်သတ္တဗ္ဘန္တရသိမ်၊
၆။ ဥဒကုက္ခေပသိမ်နှင့်ဂါမသိမ်၊
၇။ ဥဒကုက္ခေပသိမ်နှင့် သတ္တဗ္ဘန္တရသိမ်၊
လျှပ်စစ်မီးကြိုးကိစ္စ ခိုင်မာသည့် ဆုံးဖြတ်ချက်မရှိ။

တင်ပြမေးလျှောက်ချက်၌ပါသော လျှပ်စစ်မီးကြိုးကိစ္စဝယ် လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍသိမ်အတွင်းသို့သွင်းကာ မီးထွန်းခြင်း ပြုလုပ်ရာ၌ သီမာသင်္ကရဖြစ်–မဖြစ် အဆုံးအဖြတ်စကားကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ၌ တိုက်ရိုက်ပြဆိုထားခြင်းမရှိပေ၊ ရှေး ဝိနိစ္ဆယကျမ်းများ၌လည်း အားကိုးလောက်သည့် အထောက်အထားဖြင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားခြင်းမရှိပေ၊ ထိုသို့ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားခြင်းမရှိသည်မှာလည်း ရှေးအခါက လျှပ်စစ်မီးကြိုး မပေါ်ပေါက်သေးခြင်း, အသုံးမရှိသေးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဠိတော်ခေတ်, အဋ္ဌကထာခေတ်, ဋီကာခေတ်, သာသနာ့ ရှေ့ပိုင်း ခေတ်တို့၌ လျှပ်စစ်မီးမရှိ အသုံးမရှိသေးသောကြောင့် လျှပ်စစ် မီးကြိုးအတွက် တိုက်ရိုက်မဆုံးဖြတ်ခဲ့ပါ။

## မဟာပဒေသ(၄)ပါး

သို့ရာတွင် သာသနာနောက်ပိုင်း၌ ရုပ်ဝတ္ထုအမျိုးမျိုး တိုးတက် လာ၍ သုံးစွဲပုံ သုံးစွဲနည်းလည်း ထွေထွေပြားပြားဖြစ်လာကြကာ သံသယဖြစ်ဖွယ်ရာများ ကြုံတွေ့ကြမည်ကို ကြိုတင်သိမြင်တော်မူသော မြတ်စွာဘုရားသည် ဆုံးဖြတ်ပုံ ဆုံးဖြတ်နည်းကို နည်းပေးညွှန်ပြတော် မူလိုသောကြောင့် မဟာပဒေသ(၄)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

၁။ ယံ ဘိက္ခဝေ မယာ ''ကပ္ပတိ'' တိ အပ္ပဋိက္ခိတ္တံ၊ တဉ္စေ အကပ္ပိယံ အနုလောမေတိ၊ ကပ္ပိယံ ပဋိဗာဟတိ၊ တံ ဝေါ န ကပ္ပတိ၊

၂။ ယံ ဘိက္ခဝေ မယာ ''ကပ္ပတိ'' တိ အပ္ပဋိက္ခိတ္တံ၊ တဉ္စေ ကပ္ပိယံ အနုလောမေတိ၊ အကပ္ပိယံ ပဋိဗာဟတိ၊ တံ ဝေါ ကပ္ပတိ၊

၃။ ယံ ဘိက္ခဝေ မယာ ''ကပ္ပတိ'' တိ အနနုညာတံ၊ တဉ္စေ အကပ္ပိယံ အနုလောမေတိ၊ ကပ္ပိယံ ပဋိဗာဟတိ၊ တံ ဝေါ န ကပ္ပတိ၊

၄။ ယံ ဘိက္ခဝေ မယာ ''ကပ္ပတိ'' တိ အနနုညာတံ၊ တဉ္စေ ကပ္ပိယံ အနုလောမေတိ၊ အကပ္ပိယံ ပဋိဗာဟတိ၊ တံ ဝေါ ကပ္ပတိ။ (ဝိ–၃–၃၄၈–၃၄၉)

(၁–၃) ငါဘုရားက ''ဤအရာသည် မအပ်'' ဟု တားမြစ်အပ်သော အရာဝတ္ထု၊ ''ဤအရာသည် အပ်၏''ဟု ခွင့်မပြုအပ်သော အရာဝတ္ထုသည် မအပ်သည်ကို လျော်အောင်ပြု၍ (မအပ် သည်နှင့် လျော်၍)အပ်သည်ကို တားမြစ်လျှင် သင်တို့အား မအပ်။

(၂–၄) ငါဘုရားက ''ဤအရာသည်မအပ်''ဟု မတားမြစ်အပ်သော အရာဝတ္ထု၊ ဤအရာသည် အပ်၏''ဟု ခွင့်မပြုအပ်သော အရာဝတ္ထုသည် အပ်သည်ကိုလျော်အောင်ပြု၍(အပ်သည်နှင့် လျော်၍) မအပ်သည်ကို တားမြစ်လျှင် သင်တို့အားအပ်၏– ဟူသော မြတ်စွာဘုရား၏ ဝိနည်းဆုံးဖြတ်ပုံ နည်းပေးလမ်းပြ

(နည်းလမ်းညွှန်ပြ) မဟာပဒေသ(၄)ပါးကို နည်းယူ၍ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

မဟာပဒေသဟူသည် အကပ္ပိနှင့်လျော်စွာလည်းကောင်း, ကပ္ပိနှင့် လျော်စွာလည်းကောင်း, (အကပ္ပိယ,ကပ္ပိယ အားလျော်စွာ) ဝိနည်းဆုံးဖြတ်မည့် ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့ နည်းယူအပ်သော အနက် အဓိပ္ပာယ်နည်းစနစ်တို့ကို ခေါ်ပါသည်။ ဝိနည်းကို တည်စေတတ်သည့် ကျယ်ဝန်းသောအရာဌာန, ဝိနည်းဆုံးဖြတ်ခြင်း၏ ကျယ်ဝန်းသော အကြောင်းဟု ဆိုလိုပါသည်။

## အလျော်အားဖြင့် ဆုံးဖြတ်ပုံနမူနာ

(ဝိ-၃-၃၄၄)၌-

''အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ဖလရသံ ဌပေတွာ ဓညဖလ ရသံ=စပါးသီး၏အရည်(ထမင်းရည်,ဆန်ဆေးရည်စသည်)မှတစ်ပါး အသီး ရည်အားလုံး ခွင့်ပြု၏'' ဟူ၍လည်းကောင်း။

ရင်း (ဝိ-၃-၄၅-၃၈၄)၌-

''ဌပေတွာ ဓညဖလရသန္တိ သတ္တဓညရသာနိ ပစ္ဆာဘတ္တံ န ကပ္ပန္တီတိ ပဋိက္ခိတ္တာနိ= စပါး(၇)မျိုးတို့၏ အရည်ကို မွန်းလွဲချိန် ဘုဉ်းပေးသုံးဆောင်ရန် မအပ်'' ဟူ၍လည်းကောင်း၊ စပါးသီးအရည်ကို မွန်းလွဲချိန် ဘုဉ်းပေးသုံးဆောင်ရန် မအပ်ကြောင်းကို တိုက်ရိုက် တားမြစ် ထားပါသည်။

အနုလောမအားဖြင့်-

''တာလ နာဠိကေရ ပနသ လဗုဇ အလာဗုကုမ္ဘဏ္ဍပုဿဖလ တိပုသဖလ ဧဠာလုကာနိ နဝ မဟာဖလာနိ သဗ္ဗဉ္စ အပရဏ္ဏံ

ဩဒနိကတိကာ မေဝ၊ တံ ကိဥ္စာပိ န ပဋိက္ခိတ္တံ၊ အထ ခေါ အကပ္ပိယံ အနုလောမေတိ၊ တသ္မာ ပဋ္ဌာဘတ္တံ န ကပ္ပတိ၊'' (ဝိ ဋ္ဌ–၃–၃၈၄)–ဟု –

(⁕ ထန်းအုန်းနှစ်တွဲ၊ ပိန္နဲနှစ်စုံ၊ ဘူးဖရုံ၊ မှတ်ကုန်သုံးသခွါး
(⁕ အေသီး ကိုးမျိုး၊ ပဲမျိုးအစုံ၊ မအပ်ကုန်၊ ထုံးပုံလျော်စကား)

ဟု ထန်းသီး–အုန်းသီး–အိမ်ပဲန္နဲသီး–တောင်ပိန္နဲသီး–ဘူးသီး–ဖရုံသီး– သခွါးပြေုတ်သီး–သခွါးကြောင်သီး–သခွါးဆေစ်သီး–ဟူသော အသီးကြီး(၉) မျိုးနှင့် ပဲမျိုးအားလုံးလည်း စပါးနှင့်အလား တူသောကြောင့် မွန်းလွဲချိန်ဘုဉ်း ပေးသုံးဆောင်ရန် မအပ်ကြောင်းကို သွယ်ဝိုက်၍ တားမြစ်ထားပါသည်။

သို့ဖြစ်၍ အသီးကြီး(၉)မျိုးတို့၏ အရည်နှင့်ပဲမျိုးစုံတို့၏ အရည်ကို ''မအပ်''ဟု တိုက်ရိုက်တားမြစ်မထားသော်လည်း မအပ်သောအရာကိုလျော် အောင်ပြုသောကြောင့် (မအပ်သောအရာနှင့် လျော်သောကြောင့်)မွန်းလွဲချိန် ရဟန်းတော်များ ဘုဉ်းပေးသုံးဆောင်ရန် မအပ်–မွန်းလွဲချိန် မဘုဉ်းပေးကောင်းဟု အလျော်အားဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

## လျှပ်စစ်မီးကြိုးပြဿနာ

လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍသိမ်အတွင်းသွင်းကာ မီးထွန်းခြင်းကို ပြုလုပ်ရာ၌(လျှပ်စစ်မီးကြိုးကိစ္စ၌)''အပ်၏''ဟုလည်း တိုက်ရိုက်ခွင့်ပြုမထား, ''မအပ်''ဟုလည်း တိုက်ရိုက် တားမြစ်မထား သော်လည်း မဟာပဒေသ(၄)ပါးကို နည်းယူ၍ အလျော်အားဖြင့် ''အပ်– မအပ်'' ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

၁။ (ဝိ ၄-၃-၃၃၅)၌-

"ဗဟိ နဒီတီရေ ဇာတရုက္ခဿ အန္တောနဒိယံ ပဝိဋ္ဌ သာခါယဝါ ပါရောဟေ ဝါ နာဝံ ဗန္ဓိတွာ ကမ္မံ ကာတုံ န ဝဋ္ဋတိ၊ နဒီတီရေ ပန ခါဏုကံ ကောဋ္ဋေတွာ တတ္ထ ဗဒ္ဓနာဝါယ န ဝဋ္ဋတိယေဝ" ဟူ၍လည်းကောင်း,

(ဝိမတိဋီကာ ၃-၁၆၇)၌-

"အန္တောနဒိယံ ပဝိဋ္ဌသာခါယာတိ နဒိယာ ပထဝိတလံ အာဟစ္စ ဌိတာယ သာခါယပိ၊ ပဂေဝ အနာဟစ္စ ဌိတာယ၊ ပါရောဟေပိ ဧသေဝ နယော"ဟူ၍လည်းကောင်း,

မြစ်ကမ်းဘေး(ဂါမခေတ်)၌ ပေါက်နေသော သစ်ပင်၏ အကိုင်းနှင့် မြစ်ပျဉ်းတို့သည် မြစ်ရေ၏အောက် မြေပြင်ကို ထိရောက်နေသော်လည်း ထိုသစ်ကိုင်း, မြစ်ပျဉ်းတို့၌ လှေ၏ကြိုးကိုချည်၍ သံဃကံ မပြုကောင်းကြောင်း, မြေပြင်ကိုမထိရောက်ဘဲ အပေါ်၌ဝဲနေသော သစ်ကိုင်း မြစ်ပျဉ်းတို့၌ လှေကြိုး မချည်ကောင်းခြင်းကိုကား အထူး ဆိုဖွယ်မလိုကြောင်း, မြစ်ကမ်း၌ သစ်ငုတ်စိုက်၍ ထိုသစ်ငုတ်၌ ဖွဲ့ချည်ထားသော လှေပေါ်ဝယ် သံဃကံမပြုကောင်းကြောင်း,ကို (ဂါမသိမ်နှင့် ဥဒကုက္ခေပသိမ် မရောမိစေရန်အတွက်) မိန့်ဆိုထားပါသည်။

ဤအရာ၌ ဂါမသိမ်နှင့် (မြစ်ကမ်းနား၌ ဗဒ္ဓသိမ်ဟောင်း ရှိနေလျှင် ဗဒ္ဓသိမ်နှင့်)ဥဒကုက္ခေပသိမ် မရောစပ်ကောင်းရကား ဝိသဘာဂ သိမ်ချင်း မရောစပ်စေလိုသောကြောင့် (ရောမည်စိုးသောကြောင့်) ဥဒကုက္ခေပသိမ်၌ရှိသော လှေကြိုးကို ဂါမသိမ်ဖြစ်သည့် မြစ်ကမ်းဘေး၌ ပေါက်နေသော သစ်ပင်၏ အကိုင်း,မြစ်ပျဉ်းတို့၌ မချည်ရန်ကိုလည်း

ကောင်း, ဂါမသိမ်ဖြစ်သော မြစ်ကမ်း၌ သစ်ငုတ်စိုက်၍ လှေကြိုး မချည်ရန်ကိုလည်းကောင်း, တားမြစ်ထားသည်ကို တွေ့ရပါသည်။

ဂါမသိမ်၌ ပါဝင်သည့် မြစ်ကမ်းဘေး၌ ပေါက်နေသော သစ်ပင်၏အကိုင်း မြစ်ပျဉ်းတို့သည် မြစ်ရေ၏အောက် မြေပြင်ကို ထိရောက်နေစေကာမူ သစ်ပင်မှ မပြတ်သေးသောကြောင့်(သစ်ပင်မှ ရေထဲသို့ ဆင်းသွားသည်ကိုလည်း တွေ့မြင်နေရသောကြောင့်) ဥဒကုက္ခေပသိမ်အတွင်း၌ ပါဝင်မသွားဘဲ ဂါမသိမ်၌သာ ပါဝင်နေကြ သည်ဟု သိရသည်။

အကယ်၍ အကိုင်းမြစ်ပျဉ်းတို့ကို သစ်ပင်မှ ကင်းကွာသွား အောင် ဖြတ်ပစ်လိုက်လျှင်ကား ရေထဲရောက်နေသည့် အကိုင်းမြစ်ပျဉ်း တို့သည် ဥဒကုက္ခေပသိမ်အတွင်း ပါဝင်သွားသောကြောင့် လှေထိုးဝါး ကဲ့သို့ပင် လှေငြိမ်အောင် ထိန်းနိုင်သည့်အထိန်းများဖြစ်သွားနိုင်သည်၊ လှေကြိုးချည်၍လည်း ကံပြုနိုင်မည်ဖြစ်သည်။

မြစ်ကမ်းဘေး၌ ပေါက်နေသော သစ်ပင်၏ သစ်ကိုင်း မြစ် ပျဉ်းတို့၌သော်လည်း လှေကြိုးမချည်မှ, လှေကြိုးချည်ထား လျှင်လည်း ကြိုးကိုဖြတ်ပစ်မှ, သစ်ကိုင်း မြစ်ပျဉ်းတို့ကိုမူလည်း သစ်ပင်မှကင်းကွာ သွားအောင် ဖြတ်ပစ်ပြီး ကမ်းနှင့်ဝေးရာ မြစ်အတွင်း ပစ်ချနိုင်မှ, ဂါမသိမ်နှင့် ဥဒကုက္ခေပသိမ် ရောစပ်မှု ကင်းလွတ်သွားနိုင်မည် ဖြစ်ပါ သည်။

## နည်းယူသုံးသပ် ဆုံးဖြတ်ရမည်

လျှပ်စစ်မီးကြိုးကိစ္စ၌လည်း ဤနည်းကို အလျော်အားဖြင့်ယူ၍ ဆုံးဖြတ်ရမည်ဖြစ်ပါသည်၊ လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍသိမ်

အတွင်းသို့သွင်းကာ မီးထွန်းခြင်းကို ပြုလုပ်ရာ၌ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးသည် များစွာသော ဗဒ္ဓသိမ်တို့ကို ဖြတ်သန်းလာခဲ့ရသည်ဖြစ်၍ များစွာသော ဗဒ္ဓသိမ်တို့နှင့် ဆက်သွယ်နေသည်။ ခဏ္ဍသိမ်နှင့် မဟာသိမ်ကိုပင် ဗဒ္ဓသိမ်ဟု ဆိုခြင်းဖြစ်သည်။ ထိုမျှသာမက ဗဒ္ဓသိမ်ဟောင်းရှိရာအရပ်၌ ဓာတ်တိုင်စိုက်၍ မီးကြိုးသွယ်တန်းထားလျှင် ထိုဗဒ္ဓသိမ်ဟောင်းနှင့် လည်းဆက်စပ်သွားနိုင်သည်။ ထိုသို့ဖြစ်လျှင် မစပ်ကောင်းသည့် ဗဒ္ဓသိမ်အချင်းချင်း ရောယှက်သွားမည်ဖြစ်သည်။

သိမ်ချင်းရောယှက်မှုဟူသည် သမုတ်ထားပြီးသောသိမ်ပျက်သွား သည်ကို ဆိုလိုသည်မဟုတ်ပါ၊ သိမ်ကားပျက်မသွားပါ၊ သံဃကံပြုသည့်အခါ မီးကြိုးဖြတ်သန်းခဲ့ရာ ဗဒ္ဓသိမ်တို့၌ရှိသော ရဟန်းတို့ကို ဟတ္ထပါသ်အတွင်းသို့ ပင့်ဆောင်ခြင်း,ဆန္ဒဆောင်ယူခြင်း စသည်ဖြင့် သုတ်သင်မှု မပြုနိုင်လျှင်ပြုဆဲ ကံပျက်သွားမည်ဖြစ်သည်။ ပြုသမျှကံ အချည်းနှီးဖြစ်သွားနိုင်၍ သာသနာအတွက် အကြီးအကျယ် ဆုံးရှုံးနစ်နာသွားနိုင်သည်။ မီးကြိုးဖြတ်သန်းခဲ့ရာ ဗဒ္ဓသိမ်သည် တစ်လုံးနှစ်လုံးမက အလွန်ပင်များလှသောကြောင့် သုတ်သင်မှုပြုရန်လည်း မလွယ်ကူလှပါ။

ဂါမသိမ်၌ ပါဝင်သည့် မြစ်ကမ်းဘေးရှိ သစ်ပင်မှ ပေါ်ထွက်၍ မြစ်ရေ၏ အောက်မြေပြင်ထိ ငုပ်လျှိုးသက်ဆင်းသွားသော သစ်ကိုင်း မြစ်ပျဉ်း တို့၌ လှေကြိုးချည်၍(မသုတ်သင်ဘဲ)မြစ်အတွင်း လှေပေါ်၌ ကံမပြုကောင်း သကဲ့သို့ များစွာသော ဗဒ္ဓသိမ်တို့ကို ဖြတ်သန်းလာခဲ့၍ မိမိ၏ ဗဒ္ဓသိမ်အနီး ရောက်မှ မြေထဲ ငုပ်လျှိုးသွားအောင် မြေမြှုပ်ပြီး မိမိ၏သိမ်အတွင်း၌ မီးကြိုးကို ပြန်ဖော်ကာ မီးထွန်း၍ သံဃကံမပြု

ကောင်းဟု သိသာထင်ရှား ပေါ်လွင်နေပါသည်။ မြေမမြှုပ်ဘဲ တိုက်ရိုက်သိမ်အတွင်း ခတ်ကြိုး သွယ်တန်းထားလျှင်ကား အထူးပြောဖွယ်မလို၊ ကောင်း ကံမပြုကောင်းသည်သာတည်း။

## အပြစ်လွတ်အောင် ဆောင်ရွက်နည်း

မြစ်ကမ်းဘေးရှိသစ်ပင်၏ အကိုင်း မြစ်ပျဉ်းတို့၌ လှေကြိုး မချည်မှ, ချည်ထားလျှင်လည်း ကြိုးကိုဖြုတ်ပစ်မှ, အကိုင်း မြစ်ပျဉ်းတို့ကိုမူလည်းသစ်ပင်မှ ကင်းကွာသွားအောင် ဖြတ်ပစ်ပြီး ကမ်းနှင့်ဝေးရာ မြစ်အတွင်း ပစ်ချနိုင်မှ ဂါမသိမ်နှင့် ဥဒကုက္ခေပသိမ်တို့ ရောစပ်မှု အပြစ်ကင်းလွတ်သွားနိုင်သကဲ့သို့ လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍသိမ်အတွင်း မသွင်းမှ, မီးကြိုးသွင်းထားလျှင်လည်း ကြိုးကို ဖြတ်ပစ်မှ, ခဏ္ဍသိမ်နိမိတ်အပြင်ဘက်၌ ခတ်တိုင်တစ်ခုစိုက်ကာ တိုင်၌ မီးသွယ်တန်းရန် ပလပ်ပေါက်တပ်ဆင်ပြီး ကံမပြုသည့်အခါ၌သာ သိမ်ထဲမှ မီးကြိုးကို ပလပ်ပေါက်၌ လျှိုသွင်း၍ မီးထွန်းမှ, ကံပြုစဉ်အခါ ပလပ်ပေါက်မှ မီးကြိုးကိုဖြုတ်၍ သိမ်အတွင်း ပြန်သွင်းထားမှ, ဗဒ္ဓသိမ်အချင်းချင်း ရောစပ်မှုအပြစ်မှ ကင်းလွတ်သွားနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် လျှပ်စစ်မီးကြိုးကိုမြေမြှုပ်၍ ခဏ္ဍသိမ် အတွင်း သွင်းကာ မီးထွန်းခြင်းကို မပြုလုပ်သင့်ပါ။ မြေမြှုပ်၍ ခဏ္ဍသိမ် အတွင်း သွင်းထားသည့် လျှပ်စစ်မီးကြိုး ရှိနေလျှင်လည်း သိမ်အပြင်ဘက်မှနေ၍ ဖြတ်ပစ်ရမည်ဖြစ်ပါသည်။ ဖြတ်ပစ်ပြီးနောက် ပြင်ပနှင့် အဆက်အသွယ် ပြတ်နေပြီဖြစ်၍ မြေမြှုပ်ထားသည့်ကြိုးကို မတူးဖော်ဘဲလည်း ထားနိုင်ပါသည်။

သိမ်နိမိတ်အပြင်ဘက်၌ ခေတ်တိုင်စိုက်၍ ပလပ်ပေါက်တပ်ဆင်ကာ ကံမပြုသည့်အခါ သိမ်အတွင်းမှ မီးကြိုးကို ပလပ်ပေါက်၌ထိုးပြီး မီးထွန်းနိုင်ပါသည်၊ ကံပြုသည့်အခါ ပလပ်ပေါက်မှ မီးကြိုးကိုဖြုတ်၍ သိမ်အတွင်း၌သိမ်း ထားရမည်ဖြစ်ပါသည်။

## သီမာသင်္ကရဖြစ်နိုင်

၂။ (ဝိ ဋ္ဌ-၃-၃၃၇)၌-

"ကေရုက္ခောပိ စ ဒွိန္နံ သီမာနံ နိမိတ္တံ ဟောတိ၊ သော ပန ဝဍ္ဎန္တော သီမာသင်္ကရံ ကရောတိ၊ တသ္မာ န ကာတဗ္ဗော" ဟု သစ်ပင်တစ်ပင်တည်းသည် ဗဒ္ဓသိမ်နှစ်လုံးတို့၏ နိမိတ်ဖြစ်နိုင်သော်လည်း ထိုသစ်ပင်ကြီးပွားလာလျှင် သိမ်နှစ်လုံးအတွင်းသို့(ပင်စည် အကိုင်း အခက် မြင်ရသောအမြစ်အားဖြင့်) တိုးဝင်၍ သိမ်နှစ်လုံး ရောယှက်မှုကို ပြုတတ်သောကြောင့် သစ်ပင်တစ်ပင်တည်းကို သိမ်နှစ်လုံးတို့၏ နိမိတ် မပြုလုပ်ကောင်းကြောင်းကို မိန့်ဆိုထားပါသည်။ အလျော်အားဖြင့် များစွာသော ဗဒ္ဓသိမ်တို့ကို ဖြတ်သန်းလာခဲ့သော လျှပ်စစ်မီးကြိုးသည်လည်း (မိမိသိမ်၌ မမြင်ရအောင် မြေမြှုပ်လိုက်စေကာမူ မြေသို့မဝင်မီနှင့် မြေမှ သိမ်အတွင်းပြန်ထွက်လာရာအခါ၌ မြင်နေရသည်ဖြစ်၍ မြင်ရသောခေတ် ကြိုးအားဖြင့်)ဗဒ္ဓသိမ်အချင်းချင်း ရောယှက်မှုကို ပြုတတ်သောကြောင့် ဗဒ္ဓသိမ်အတွင်း ကံပြုစဉ် ခေတ်ကြိုး (မီးကြိုး) မသွယ်ကောင်းဟု သိနိုင်ပါသည်။

## လုံးဝမမြင်ရမှ ဘူမိဂတိက

(ဝိမတိဋ္ဌီ-ဒု-၁၆၉)၌-

''ဗတ္တ စ ဥပရိ ဒိဿမာနခန္ဓသာခါဒိပဝေသေ ဝေ သက်ရဒေါသဿ သဗ္ဗတ္ထ ဒဿိတတ္တာ အဒိဿမာနာနံ မူလာနံ ပဝေသေပိ ဘူမိဂတိဂတ္တာ ဒေါသော နတ္ထီတိ သိဇ္ဈတိ။ သစေ ပန မူလာနိပိ ဒိဿမာနာနေဝ ပဝိသန္တိ၊ သက်ရောဝ။ ပဗ္ဗတပါသာဏာ ပန ဒိဿမာနာပိ ဘူမိဂတိကာဝ။ ယဒိ ပန ဗန္ဓနကာလေ ဝေ ကောဝ ထူလရုက္ခော ဥဘယမ္ပိ သီမံ အာဟစ္စ တိဋ္ဌတိ၊ ပစ္ဆာ ဗဒ္ဓါ အသီမာ ဟောတီတိ ဒဋ္ဌဗ္ဗံ-

ဟု မြေပေါ်၌ ပေါ်ထွက်နေသဖြင့် အထင်အရှား တွေ့မြင်နေရသော(အခြား ဗဒ္ဓသိမ်ရှိ သစ်ပင်၏)ပင်စည် အကိုင်းအခက် အမြစ်များ (မိမိ၏ ဗဒ္ဓသိမ်အတွင်း သို့)ဝင်ရောက်နေမှသာ ဗဒ္ဓသိမ်ချင်း ရောယှက်မှု အပြစ်ဖြစ်နိုင်ကြောင်း, မြေအောက်၌ မြှုပ်နေသဖြင့် အထင်အရှား မတွေ့မြင်ရသော အမြစ်များ(မိမိ ၏ဗဒ္ဓသိမ်တွင်းသို့) ဝင်ရောက်နေသော်လည်း ထိုအမြစ်များ ဘူမိဂတိကဖြစ်နေသောကြောင့် (မြေကြီးနှင့်အလားတူသောကြောင့်) ဗဒ္ဓသိမ်ချင်း ရောစပ်မှု အပြစ်မရှိကြောင်း, ကျောက်တောင် ကျောက်ဖျာများ(ဗဒ္ဓသိမ်ချင်း ဆက်စပ်နေသော်လည်း) ဘူမိဂတိက ဖြစ်နေသောကြောင့် အပြစ်မရှိကြောင်း, သိမ်သမုတ်စဉ်အခါ သစ်ပင်ကြီး တစ်ပင်သည် သိမ်နှစ်လုံးလုံးကို (ပင်စည် အကိုင်းအခက်, မြင်ရသောအမြစ်အားဖြင့်)ထိစပ်နေလျှင် နောက်မှ သမုတ်သည့်သိမ်သည် မအောင်မြင်နိုင်ကြောင်းကို မိန့်ဆိုထားပါသည်။

လျှပ်စစ်မီးကြိုးကိုစွဲ၍လည်း ဤနည်းကို အလျော်အားဖြင့် ယူ၍ဆုံးဖြတ် ရမည်ဖြစ်ပါသည်။ လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍာ

သိမ်အတွင်းသွင်းရာ၌ အချို့က "မြေအတွင်းရောက်နေသော မီးကြိုးများသည် ဘူမိဂတိက ဖြစ်သွားသောကြောင့် အပြစ်မရှိ၊ အပ်၏" ဟု ယူဆကြသည်။ ဘူမိဂတိက(မြေနှင့် အလားတူသော) သစ်မြစ်ဟူသည် မမြင်ရသော မြေအတွင်းရှိ သစ်ပင်ကြီးများမှတစ်ဆင့် ဖွာထွက်၍ မြေအတွင်းမှာပင် သွားလာကူးယှက်နေသည့် အမြစ်မျိုးဖြစ်သည်။

အကယ်၍ သွားလာကူးယှက်နေရင်း တစ်နေရာရာမှ အလိုလိုမြေပေါ် ပေါ်ထွက်လာလျှင်ဖြစ်စေ, ရေတိုက်စားခြင်း, မြေကိုတူးဆွခြင်းစသည်ကြောင့် မြေပေါ်ပေါ်လာလျှင်ဖြစ်စေ ထိုပေါ်ထွက်လာသောသစ်မြစ်သည် မိမိသိမ် အတွင်း ဝင်ရောက်လာလျှင် သိမ်ချင်းရောယှက်မှုအပြစ်ကို ဖြစ်စေနိုင်မည်သာ ဖြစ်ပါသည်။

## သိမ်ပေါင်းများစွာ ဖြတ်သန်းလာ

အကြောင်းအမျိုးမျိုးကြောင့် မြေထဲမှ ပေါ်ထွက်လာနိုင်သောထိုသစ်မြစ်သည် နီးကပ်နေသည့် သိမ်နှစ်လုံးကိုသာ ရောစပ်စေနိုင်သည်၊ အလွန်ဝေးသောအရပ်မှစ၍ ဗဒ္ဓသိမ်ပေါင်းများစွာကို ဖြတ်သန်းလာခဲ့ရသော မြင်နေရသည့် လျှပ်စစ်မီးကြိုးသည်ကား သိမ်ပေါင်းများစွာကို ရောယှက်သွားစေနိုင်ပါသည်၊ သိမ်ပေါင်းများစွာကို ဖြတ်သန်းလာခဲ့သော လျှပ်စစ်မီးကြိုးကို မိမိ၏ သိမ်အနီးရောက်မှ မမြင်ရအောင်မြေအတွင်း မြှုပ်လိုက်သော်လည်း မြေအတွင်းမရောက်မီ မီးကြိုးကိုမြင်နေရခြင်း၊ မိမိ၏သိမ်အတွင်းသို့ရောက်၍ ပေါ်ထွက်လာသည့်အခါမြင်နေရခြင်းတို့ကြောင့် ဘူမိဂတိကကြိုးဟု ဆိုနိုင်ဖွယ် မရှိပါ၊ ဘူမိဂတိကဖြစ်သော သစ်မြစ်သည် ထွက်လာချိန်မှစ၍ သိမ်အတွင်း

ဝင်ရောက်လာချိန်အထိ အစ အလယ် အဆုံး လုံးဝမမြင်ရသော အရာဖြစ်ပါသည်။ မြေ၌မြှုပ်ထားသော မီးကြိုးကား မြေ၌မြှုပ်ထားစဉ် မမြင်ရသော်လည်း မြေမမြှုပ်မီအစနှင့် သိမ်အတွင်းသို့ ရောက်ချိန် အဆုံး၌ မြင်နေရသောကြောင့် ၎င်းကို ဘူမိဂတိကကြိုးဟု ဆိုနိုင်ရန် အလွန်ခက်ခဲ ခဲယဉ်းလှသည်။

ဘူမိဂတိကသစ်မြစ်သည် အကြောင်းအမျိုးမျိုးကြောင့် တစ်နေရာရာက မြေပေါ်ပေါ်ထွက်လာ၍ သိမ်ထဲဝင်ရောက်လာလျှင် သိမ်ချင်းရောစပ်မှုကို ဖြစ်စေနိုင်သကဲ့သို့ မြေထဲ၌မြှုပ်ထားသည့် ဓာတ်ကြိုးသည်လည်း သိမ်အတွင်း ပေါ်ထွက်လာလျှင် သိမ်ချင်းရောစပ်မှုကို ပြုနိုင်မည်သာဖြစ်ပါသည်။

## သိမ်ကို အထူးစောင့်ရှောက်သင့်

သိမ်နိမိတ်အပြင်ဘက်၌ ဓာတ်တိုင်စိုက်၍ ပလပ်ပေါက် တပ်ဆင်ကာ ကံမပြုသည့်အခါ သိမ်တွင်းမှမီးကြိုးကို ပလပ်ပေါက်တွင်း ထိုးပြီး မီးထွန်းနိုင်သော ကံပြုစဉ်အခါ ပလပ်ပေါက်မှ ကြိုးကိုဖြုတ်၍ သိမ်အတွင်းသိမ်းထားနိုင် သော, လုံးဝသံသယကင်း၍ စိတ်ချရသော, နည်းစနစ်ကောင်းရှိနေပြီး ဖြစ်သော ကြောင့်လည်းကောင်း, သိမ်ထဲ၌ ကံပြုစဉ် လျှပ်စစ်မီးထွန်းခြင်းကိစ္စသည် ရှောင်လွှဲ၍ ရနိုင်သော ကိစ္စဖြစ်သောကြောင့်လည်းကောင်း, လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍာ သိမ်အတွင်းမသွင်းခြင်း၊ သွင်းထားပြီးရှိလျှင်လည်း ဖြုတ်ပစ်ခြင်း၊ ဖြတ်ပစ်ခြင်းသည်သာ စိတ်အချရဆုံး အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။

သိမ်ချင်းရောစပ်ရုံမျှဖြင့် သိမ်ပျက်မသွားသောကြောင့် သိမ်

အတွက် မနစ်နာ မထိခိုက်သော်လည်း မသုတ်သင်ဘဲကံပြုလျှင် ပြုသမျှကံ ပျက်သွားနိုင်သောကြောင့် သံဃကံအတွက် နစ်နာ ထိခိုက်နိုင်ပါသည်။ တစ်နေရာရာအစ အဆုံး၌ပိုက်လုံးကို မြင်နေရလျှင် သိမ်အတွင်း ရေပိုက် မိလ္လာပိုက်စသည် ပိုက်သွင်းခြင်းအမှုကိုလည်း မပြုလုပ်သင့်ပါ။ တစ်နေရာရာ၌ မြင်နေရသော ပိုက်လုံးသည်လည်း သိမ်ချင်းရော စပ်မှုကို ဖြစ်စေနိုင်ပါသည်။

သာသနာတော်၌ အရေးအကြီးဆုံးသော သိမ်ကို အရေး အကြီးဆုံး အရာ၌သာထား၍ သိမ်လောက်အရေးမကြီးသည့် အခြား သော သံသယဖြစ်ဖွယ်ကိစ္စများဖြင့် မရောယှက်စေဘဲ သန့်သန့် ရှင်းရှင်းဖြစ်အောင် သီးသန့် အထူးစောင့်ရှောက်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

## အကပ္ပိယ၌သာ တည်ရမည်

၃။ (ဝိ ၄-၁-၁၉၈)၌-

''အထ ဒွိန္နမ္ပိ ကာရဏစ္ဆာယာ ဒိဿတိ၊ ပဋိက္ခိတ္တ ဘာဝေါယေဝ သာရ၊ အကပ္ပိယေ ဌာတဗ္ဗံ၊ ဝိနယဉှိ ပတ္ဘာ ကပ္ပိယာ- ကပ္ပိယဝိစာရဏမာဂမ္မ ရုန္ဓိတဗ္ဗံ၊ ဂါဠှံ ကတ္တဗ္ဗံ၊ သောတံ ပစ္ဆိန္ဒိတဗ္ဗံ၊ ဂရုကဘာဝေယေဝ ဌာတဗ္ဗံ''

''အကယ်၍ ကပ္ပိယဝါဒီ အကပ္ပိယဝါဒီ နှစ်ဘက်လုံး ခိုင် လုံသော အကြောင်းမှန်ကို မပြနိုင်ကြဘဲ အပေါ်ယံအကြောင်း အတု အယောင်မျှကိုသာ ပြနိုင်ကြလျှင် ပယ်မြစ်အပ်သည်၏ အဖြစ်သည် သာ(ပယ်မြစ်ခြင်းသည်သာ)ကောင်း၏။ မအပ်သောအရာ၌ တည်ရာ၏။ မှန်၏။ ဝိနည်းအဆုံးအဖြတ်သို့ ရောက်၍ အပ်-မအပ်ကို စိစစ်ခြင်း

သို့ရောက်လာလျှင် အပ်၏ဟူသောအရာကို ပိတ်ဆို့ရာ၏။ မအပ်ဟူသောအယူ၌ ခိုင်မြဲသည်ကိုပြုရာ၏။ အဆက်ဆက်ဖြစ်မည့် အပ်၏ဟူသော အယူဝါဒအလျဉ်ကို ဖြတ်တောက်ရာ၏။ လေးသည်၏ အဖြစ်ဟူသော အကပ္ပိယ၌သာ တည်ရာ၏'' ဟု ဝိနည်းဆုံးဖြတ်ပုံ နည်းစနစ်ကို ပြဆိုထားပါသည်။

ဤစကားအရ နောက်ပိတ်ဆုံး အကယ်၍ ကပ္ပိယဝါဒီ အကပ္ပိယဝါဒီ နှစ်ဘက်လုံး ခိုင်မာသောအကြောင်းမှန်ကို တိကျအောင် မပြနိုင်ဘဲအကြောင်း အတုအယောင်လောက်ကိုသာ ပြနိုင်သည်ဟု ဆိုရစေဦးတော့ ဝိနည်းအဆုံး အဖြတ်အရာဝယ် လေးသော ဂရုကအရာ၌သာ တည်ရမည်ဖြစ်သောကြောင့် ပယ်မြစ်အပ်သည့်ဘက်သို့သာ လိုက်ရမည်ဖြစ်သည်။ မအပ်ဟူသော အယူ၌ သာခိုင်ခိုင်မာမာ ရပ်တည်ရမည်ဖြစ်သည်။ အပ်၏ဟူသော အယူဝါဒ အလျဉ်ကို ဖြတ်တောက်ရမည်ဖြစ်သည်။

လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍသိမ်အတွင်းသွင်းကာ မီးထွန်းခြင်း ပြုလုပ်ရာ၌ ကပ္ပိယဝါဒီဘက်ကလည်း ''မြေမြှုပ်ထားသည့် လျှပ်စစ်မီးကြိုးသည် ဘူမိဂတိက ဖြစ်သောကြောင့် အပြစ်မရှိ၊ အပ်၏''ဟု အနုမာနအကြောင်းကိုသာ ပြနိုင်သည်။ တိုက်ရိုက်အကြောင်းကို မပြနိုင်ပါ၊ အကပ္ပိယဝါဒီဘက်ကလည်း အနုလောမအကြောင်းများကိုသာ ပြနိုင်သည်၊ တိုက်ရိုက် အကြောင်းကို မပြနိုင်ပါ။ ထိုသို့ဖြစ်လျှင်လည်း လေးသော ဂရုကအရာ၌သာ တည်ရမည်ဖြစ်သောကြောင့် မအပ်ဟူသော အကပ္ပိယဝါဒကိုသာ ကေန် အတည်ပြု လက်ခံရတော့မည် ဖြစ်ပါသည်။

## တင်ပြချက်(၄)ရပ် အဖြေ

ဆိုအပ်ခဲ့ပြီးသော အာဂမယုတ္တိ သဘာဝများကို ထောက်ဆ၍ ပြချက်(၄)ရပ်တို့တွင်–

(က) မီးကြိုးကို ပိုက်အတွင်းသွင်းကာ မြေအတွင်းမှာမြှုပ်၍ သိမ်အတွင်း၌ မီးထွန်းခြင်းစသည် ပြုလုပ်ခြင်း၌ မြေအတွင်း မမြှုပ်မီ၌လည်းကောင်း, သိမ်အတွင်းရောက်သောအခါ၌လည်းကောင်း, ပိုက်လုံးနှင့် မီးကြိုးကို တွေ့မြင်နေရသည်ဖြစ်၍ ဘူမိဂတိက မဖြစ်နိုင်သောကြောင့် သီမာသကာံရအပြစ် ဖြစ်နိုင်ပါသည်၊ ထိုသို့ မပြုလုပ်သင့်ပါ။

(ခ) သိမ်၏အပြင်ဘက်၌ မီးပလပ်ဖြင့် အရှင်ထားကာ ပြုမှ မီးကြိုးကို ဖြုတ်ခြင်း၌ ကံမပြုသည့်အခါ မီးကြိုးသွယ် ထား သော်လည်း ကံပြုသည့်အခါ မီးကြိုးဖြုတ်ထားသဖြင့် ကံပြုစဉ် ဗဒ္ဓသိမ် အချင်းချင်းဆက်သွယ်မှုလုံးဝမရှိသောကြောင့် လုံးဝသံသယကင်းသည့် စိတ်အချရဆုံးသော နည်းစနစ်ကောင်းဖြစ်ပါသည်၊ သီမာသကာံရအပြစ် လုံးဝမရှိပါ၊ ဗဒ္ဓသိမ်တွင်း၌ မီးထွန်းလိုလျှင် ဤနည်းစနစ်ကိုသာအသုံး ပြုသင့်ပါသည်။

(ဂ) သိမ်သမုတ်ပွဲကျင်းပစဉ်ကပင် မီးကြိုးကို မြေ၌မြှုပ်၍ သိမ်အတွင်း မီးထွန်းကာ သီမာသမ္မုတိကံ ဆောင်ရွက်ခြင်း၌ ဂါမသိမ်ပေါ်၌ ဗဒ္ဓသိမ်ကို သမုတ်နေခြင်းဖြစ်၍ အပြင်ဗဒ္ဓသိမ်နှင့် ဂါမသိမ်ရောယှက်ကောင်းသောကြောင့် ဗဒ္ဓသိမ်မသမုတ်မီ မီးကြိုးကို မြေမြှုပ်၍ မီးထွန်းထားသောလည်း သီမာသကာံရအပြစ် မဖြစ်နိုင်

သေးပါ၊ ဗဒ္ဓသိမ်သမုတ် နေစဉ်နှင့် သမုတ်ပြီးသည့်အခါ၌ကား အပြင်ဗဒ္ဓသိမ်နှင့် သမုတ်နေသည့် ဗဒ္ဓသိမ်အချင်းချင်း မရောယှက် ကောင်းသောကြောင့် မီးကြိုးကို မြေမြှုပ်၍ မီးထွန်းထားလျှင် သီမာသင်္ကရအပြစ် ဖြစ်နိုင်ပါသည်။

သိမ်သမုတ်နေစဉ်နှင့် သိမ်သမုတ်ပြီးသည့်အခါ ထိုသို့ မပြုလုပ် သင့်ပါ။

(ဃ) နိမိတ်တို့၏ အပြင်ဘက်၌ တိုင်စိုက်ကာ မီးကြိုးပတ်လည် သွယ်၍ အလင်းရောင်ကိုယူပြီး သီမာသမ္ဘေဒိကံ ပြုခြင်း၌ ဆက် သွယ်မှုမပြုဘဲ အလင်းရောင်မျှကိုသာ ယူထားသဖြင့် အသစ် သမုတ်မည့် ဗဒ္ဓသိမ်နေရာနှင့် အပြင်ဗဒ္ဓသိမ်များ မည်သည့်နည်း ဖြင့်မျှ ဆက်စပ်ခြင်း လုံးဝမရှိသောကြောင့်, ဆက်စပ်ခြင်းလုံးဝ မရှိသည်မှာလည်း သိသာပေါ်လွင်ထင်ရှားလှသောကြောင့် သီမာ သင်္ကရအပြစ် လုံးဝမရှိပါ၊ သံသယအကင်းဆုံး ဆောင်ရွက်ခြင်း သာ ဖြစ်ပါသည်

## ဆုံးဖြတ်ချက်

၁။ သို့ဖြစ်၍ လျှပ်စစ်မီးကြိုးကို မြေမြှုပ်၍ ခဏ္ဍသိမ် အတွင်း သွင်းကာ မီးထွန်းခြင်းပြုလုပ်လျှင် ဧကန် သီမာသင်္ကရအပြစ် ဖြစ်ပါသည်၊ ထိုသို့ မပြုလုပ်ကောင်းပါ။

၂။ တစ်နေရာရာ၌ မြေပေါ်ပေါ်နေ၍ တွေ့မြင်နေရသော ရေပိုက် မိလ္လာပိုက်စသည်ကိုလည်း(မည်သည့် ပိုက်ကိုမျှ) သိမ်အတွင်းသွင်း ၍ မသွယ်ရပါ၊ မသွယ်ကောင်းပါ။

၃။ သာသနာတော်၌ အရေးအကြီးဆုံးဖြစ်သည့်သိမ်ကို အရေး အကြီးဆုံးအရာ၌သာထား၍ သိမ်လောက် အရေးမကြီးသည့် အခြားသော သံသယဖြစ်ဖွယ်ကိစ္စများဖြင့် ရောယှက်အောင် မပြုလုပ်ဘဲ (မရောယှက်စေဘဲ) အထူးရှောင်ကြဉ်၍ သန့်သန့် ရှင်းရှင်းဖြစ်အောင် သီးခြား အထူးစောင့်ရှောက်ထားရပါမည်။

**သီမာသက်ရ၀ိနိစ္ဆယစာတမ်း ပြီးပါပြီ။**

.....................

❖❖❖

ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ

မန္တလေးမြို့

အဘယာရာမဆရာတော်

၏

# ဝိသုံဂါမ သီမာဝိနိစ္ဆယ

# ဝိသုံဂါမ သီမာဝိနိစ္ဆယ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိနည်းသဘော | ၁၇၃ |
| ၂။ | ဝိသုံဂါမဝိနိစ္ဆယ | ၁၇၈ |
| ၃။ | တစ်ပေပတ်လည် ဂါမ, ဝိသုံဂါမ | ၁၈၀ |
| ၄။ | တစ်လက်မပတ်လည် ဝိသုံဂါမ | ၁၈၃ |
| ၅။ | ရဟန်းတို့ပြုလုပ်၍ ဖြစ်ကောင်းသော ဝိသုံဂါမ | ၁၈၅ |
| ၆။ | အဋ္ဌကထာလာ ဝိသုံဂါမ | ၁၈၇ |
| ၇။ | တိုင်းသူပြည်သားတို့ မြေကိုပိုင်ဆိုင်ပုံ | ၁၈၇ |
| ၈။ | အစိုးရမင်းတို့ မြေကိုပိုင်ဆိုင်ပုံ | ၁၈၉ |
| ၉။ | ပကတိဂါမ ဝိသုံဂါမဖြစ်ပုံ | ၁၉၂ |
| ၁၀။ | မြို့တွင်း၌ ဝိသုံဂါမ ဖြစ်နိုင်ပုံ | ၁၉၆ |
| ၁၁။ | သမိုင်းဝင် ဝိသုံဂါမသိမ်များ | ၂၀၄ |
| ၁၂။ | သီဟိုဠ်ကျွန်း၌လည်း ဝိသုံဂါမရှိခဲ့ပုံ | ၂၀၅ |
| ၁၃။ | ဝိသုံဂါမ အယူမှားများ | ၂၀၆ |
| ၁၄။ | အကျဉ်းချုပ် | ၂၁၁ |
| ၁၅။ | နိဂုံး | ၂၁၅ |


❖❖❖

# ဘဒ္ဒန္တအဂ္ဂမဟာပဏ္ဍိတ
# ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
# မန္တလေးမြို့ အဘယာရာမဆရာတော် ၏
# ဝိသုံဂါမ သီမာဝိနိစ္ဆယ

---

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဝိနည်းသဘော

သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တန္တ, အဘိဓမ္မ,ဝိနယ ဟူသော ဒေသနာသုံးရပ်တွင် ဝိနယဒေသနာသည် အာဏာရဟဖြစ်တော်မူသော မြတ်စွာဘုရားသည် အာဏာအားဖြင့် ဟောကြားတော်မူအပ်သောကြောင့် အာဏာဒေသနာမည်၏။ အပြစ်ကျူးလွန်သူတို့ကို အပြစ်အားလျော်စွာ ဆုမ္မနှိပ်ကွပ်ရန် ဟောတော်မူအပ်သောကြောင့် ယထာပရာဓသာသနာ (ရာဇဝတ်ဥပဒေတော်ကြီး) လည်းမည်၏။ ထိုဝိနယ၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့သည် အနုညာတ, ပဋိက္ခိတ္တဟု နှစ်မျိုးရှိကုန်၏၊ ထိုတွင် အနုညာတသည် သာမညာ, ဝိသေသဟု နှစ်မျိုးရှိ၏။ ပဋိက္ခိတ္တလည်း ထို့အတူတည်း။ ၎င်းတို့၏အထူးကို ဥပေါသထက္ခန္ဓက သီမကထာပါဠိဖြင့်ပင် ထင်ရှားအောင်ပြပေအံ့။

(၁) ဝိသေသအနုညာတကား–

''ဧဝဉ္စ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ ပဗ္ဗတနိမိတ္တံ ပါသာဏနိမိတ္တံ ဝနနိမိတ္တံ ရုက္ခနိမိတ္တံ မဂ္ဂနိမိတ္တံ ဝမ္မိကနိမိတ္တံ နဒီနိမိတ္တံ ဥဒကနိမိတ္တံ၊ နိမိတ္တေ ကိတ္တေတွာ'' ဟူသည်တည်း။ ဤ(ဝိ၊၃။၁၄၄။)၌ သိမ်သမုတ်ရာ ရှစ်ပါးသော

နိမိတ်တို့ကို အထူး ခွင့်ပြုခြင်းကြောင့် ထိုရှစ်ပါးသော နိမိတ်တို့ဖြင့်သာ သမုတ်အပ်၏ဟုမှတ်။

(၂) သာမညအနုညာတကား-

"တေန ဟိ ဘိက္ခဝေ သံဃော ယာဝ မဟန္တံ ဥပေါသထပ္ပမုခံ အာကင်္ခတိ၊ တာဝ မဟန္တံ ဥပေါသထပ္ပမုခံ သမ္မန္နိတုံ။ ဝေဋ္ဌ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗံ၊ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ဟူသည်တည်း။ ဤ (ဝိ၊၃။၁၄၆။)၌ ဥပေါသထာဂါရပ္ပမုခကို သမုတ်ရာ "ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ"ဟု နိမိတ်သာမညကိုသာ ခွင့်ပြုခြင်း ကြောင့် ဆိုအပ်ပြီးသော နိမိတ်ရှစ်ပါးတို့ဖြင့်ဖြစ်စေ, တစ်ပါးသော နိမိတ်တို့ဖြင့်ဖြစ်စေ သမုတ်အပ်၏၊ ထို့ကြောင့် အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။ ၃၃၀)၌ "နိမိတ္တာ ကိတ္တေတဗ္ဗာတိ ဥပေါသထပ္ပမုခဿ ခုဒ္ဒကာနိ မဟန္တာနိ ဝါ ပါသာဏာ ဣဋ္ဌကာဒိရုက္ခတ္တဒ္ဓာ ဒဏ္ဍကာဒီနိ ယာနိ ကာနိစိ နိမိတ္တာနိ ယတ္ထ ကတ္ထစိ သညာဏံ ကတွာ ကိတ္တေတုံ ဝဋ္ဋတိ"(ဝိ၊ဋ္ဌ၊၃။ ၃၃၀)ဟု မိန့်တော်မူ၏။

ဤအဋ္ဌကထာစကား၌ ယုံမှားမကင်းသူတို့၏ ယုံမှားခြင်းကင်း စေခြင်းငှာ ဝဇိရဗုဒ္ဓိဋီကာဆရာသည်-

"ယာနိ ကာနိစိ နိမိတ္တာနိ ကိတ္တေတုံ ဝဋ္ဋတီတိ ဣဒံ ကထံ ပညာယတီတိ ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ နိမိတ္တေ ကိတ္တေတွာတိ တွေကမေဝ ဝုတ္တတ္တာ၊ ပဌမံ ဝုတ္တတ္တာ န ဝုစ္စန္တီတိ စေ၊ တံ ပန အကာရဏံ၊ န ဟိ ဗုဒ္ဓါနံ ဒေသနာယ အာလသိယံ အတ္ထိ"(ဝဇိရ၊၄၅၆) ဟု မိန့်ဆို၏။

သီမာသမ္မုတိ၌ နိမိတ်ရှစ်ပါးတို့ကို ဝိသေသအားဖြင့် ဟောပြီး ဖြစ်၍ ဤ၌ မဟောပါ၊ ဤ၌လည်း နိမိတ်ရှစ်ပါးသာ အပ်ပါသည်ဟု

မစောဒနာအပ်၊ အဘယ့်ကြောင့်နည်း? မြတ်စွာဘုရားတို့ အား ဒေသနာတော်၌ ပျင်းရိခြင်း မရှိ၊ ဟောပြီးဖြစ်သော်လည်း ဖြစ်သင့်က အထပ်ထပ် ဟောတော်မူအပ်သည်သာ ဖြစ်သောကြောင့်ဟူလို၊

(၃)။ ဝိသေသပဋိက္ခိတ္တကား–

"န ဘိက္ခဝေ အတိမဟတီ သီမာ သမ္မန္နိတဗ္ဗာ စတုယောဇနိကာ ဝါ ပဉ္စယောဇနိကာ ဝါ ဆယောဇနိကာ ဝါ၊ ယော သမ္မန္နေယျ၊ အာပတ္တိ ဒုက္ကဋဿ" (ဝိ၊၃။၁၄၅။) ဟူသည်တည်း။

ဤ(ဝိ၊၃။၁၄၅။) ၌ စတုယော ဇနိကစသော သိမ်ကို အထူးပယ်မြစ်အပ်သောကြောင့် သုံးယူဇနာထက် တဆံချည်မျှ လွန်လျှင် ဝိပတ္တိသိမ်(သိမ်ပျက်)ဖြစ်၏။ သုံးယူဇနာအောက် ယုတ်လျော့မူကား နှစ်ကျိပ်တစ်ယောက် စည်းဝေးလောက်သော သိမ်တိုင်အောင် အပ်၏။ နှစ်ကျိပ်တစ်ယောက် မစည်းဝေးလောက် မူကား "အတိခုဒ္ဒကံ သီမံ သမ္မန္နတိ"ဟု ပရိဝါရကမ္မဝဂ်၌ ဝိပတ္တိသိမ် တစ်ဆယ့်တစ်ပါးတွင် သွင်း၍ ဟောတော်မူအပ်သောကြောင့် မအပ်။

(၄) သာမညပဋိက္ခိတ္တကား–

"န ဘိက္ခဝေ သီမာယသီမာ သမ္ဘိန္ဒိတဗ္ဗာ၊ ယော သမ္ဘိန္ဒေယျ၊ အာပတ္တိ ဒုက္ကဋဿ" (ဝိ၊၃။၁၅၀။)ဟူသည်တည်း။

ဤ(ဝိ၊၃။၁၅၀။)၌ ဗဒ္ဓသိမ်ချင်းချင်း မစပ်အပ်ဟု သာမည အားဖြင့် ဟောတော်မူအပ်သောကြောင့် အယုတ်သဖြင့် တဆံချည်ဖျား မျှပင် မစပ်အပ်၊ စပ်လျှင် ဝိပတ္တိသိမ်ဖြစ်၏။

(ဤ၌ ဥဒ္ဒေသဏ္ဍမအားလျော်စွာ နိဒ္ဒေသကို မပြခြင်းသည် ပါဠိ တော်၌ လာသော အစဉ်ကို မလွန်မူ၍ ဆိုသဖြင့် အဓိပ္ပါယ်ကို သိလွယ် စေခြင်းငှာတည်း။)

ဤလေးပါးသော သာမညာ,ဝိသေသ, အနုညာတ, ပဋိက္ခိတ္တ တို့ကို ကောင်းစွာမှတ်သား၍ သာမညအားဖြင့် ဟောတော်မူအပ်သည်ကို သာမညအားဖြင့်၊ ဝိသေသအားဖြင့် ဟောတော်မူအပ်သည်ကို ဝိသေသအား ဖြင့် မှတ်အပ်၏။ သာမညကို ဝိသေသ၊ ဝိသေသကို သာမည မပြုအပ်၊ ပြင်ဆင်ထည့်သွင်းခွင့်မရှိဟူလို။ အထူးကားပဏ္ဏတ္တိ ဝဇ္ဇသိက္ခာပုဒ်တို့သည် ပဋိက္ခေပမရှိလျှင် များသောအားဖြင့် အနုညာတ သို့ ဝင်ကုန်၏ဟုမှတ်။

ပါဠိတော်၌ မထင်ရှားသော အရာတို့ကိုလည်း အဋ္ဌကထာ ဆရာတို့သည်ပင် ထင်ရှားသိသာအောင် ဘွင့်ပြတော် မူကြကုန်ပြီ၊ အဋ္ဌကထာဟူသည်လည်း မြတ်စွာဘုရားလက်ထက်တော်၌ပင် ထင်ရှား ရှိ၍ ထိုထိုအရာ၌ မြတ်စွာဘုရားကိုယ်တော်တိုင် ဘွင့်ပြတော်မူအပ်သော ပကိဏ္ဏကဒေသနာတော်နှင့် မြတ်စွာဘုရား၏ အလိုတော်ကို သိတော် မူကုန်သောအရှင်မဟာ ကဿပ, အရှင်ဥပါလိစသော ရဟန္တာအရှင် မြတ်တို့၏ ဒေသနာဖြစ်၍ ဘုရားစကားတော်ပင်၊ ပါဠိတော်ကဲ့သို့ ယုံကြည်အပ်၏။

ထို့ကြောင့် အရှင်ဗုဒ္ဓဃောသဆရာသည် –

''ဗုဒ္ဓေန ဓမ္မော ဝိနယော စ ဝုတ္တော၊ ယော တဿ ပုတ္တေဟိ တထေဝ ဉာတော''စသည်ဖြင့်၎င်း၊ (ဝိ၊ဋ္ဌ၊၁။၃။)

အရှင်ဓမ္မပါလဆရာသည် ဓမ္မသင်္ဂဏီ အနုဋီကာ၊၁။၁၁။၌ –

''ပဌမသင်္ဂီတိယံ ယာ အဋ္ဌကထာ သင်္ဂီတာတိစနေန သာ ဘဂဝတော ဓရမာနကာလေပိ အဋ္ဌကထာ သံဝိဇ္ဇတိ၊ တေန ပါဠော ဝိယ ဘဂဝံမူလိကာဝါတိ ဝိညာယတိ'' ဟူ၍၎င်း၊

အရှင်သာရိပုတြာ ဆရာသည် သာရတ္ထဒီပနီဋီကာ၊၁။၂၁။၌-

"န ဟိ ဘဂဝတာ အဗျာကတံ နာမ တန္တိပဒံ အတ္ထိ၊ သဗ္ဗေသံယေဝ အတ္ထော ကထိတော၊ တသ္မာ သမ္ဗုဒ္ဓေနေဝ တိဏ္ဏံ ပိဋကာနံ အတ္ထဝဏ္ဏနာက္ကမောပိ ဘာသိတောတိ ဒဋ္ဌဗ္ဗံ၊ တတ္ထ တတ္ထ ဘဂဝတာ ပဝတ္တိတာ ပကိဏ္ဏကဒေသနာယေဝ ဟိ အဋ္ဌကထာ" ဟူ၍ရင်း မိန့်ဆိုတော်မူကြကုန်ပြီ။

အရှင်ဗုဒ္ဓဃောသဆရာ စီရင်အပ်သော အဋ္ဌကထာသစ်၌ လည်း ဒီပဝံသ မဟာဝံသ, ထူပဝံသစသည်တို့မှ ထုတ်နုတ်၍ ပြအပ်သော ဗာဟိရနိဒါနဝဏ္ဏနာ, သီဟဠဝတ္ထုရဝါဒ, သီဟဠဝတ္ထု, 'အမှာကံ ခန္တိ, အမှာကံ မတိ'' ဟုဆိုအပ်သော မိမိ၏ဝါဒနှင့် မဟာ ပစ္စရိ, ကုရုန္ဒီ,အန္ဓကဋ္ဌကထာဝါဒတို့မှတပါးကြွင်းသောစကားတို့သည် သင်္ဂါယနာ သုံးတန်တင်အပ်သော မဟာဋ္ဌကထာစကားတို့ချည်းပင်ဟု မှတ်အပ်၏။ ထိုအဋ္ဌကထာ၌လည်း ယုံမှားဘွယ်မရှိစေခြင်းငှါ သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိတို့ဖြင့် အကြွင်းမရှိ ဆိုပြီးဖြစ်၍ ဋီကာဆရာကြီးတို့သည်ပင် တပါးသော ပါဠိအဋ္ဌကထာ သာဓကမရှိလျှင် အဋ္ဌကထာဆရာ၏ သာမညစကားကို ဝိသေသပြု၍ ဘွင့်ပြခြင်းငှါ မစွမ်းနိုင်ကုန်၊ ထိုကိုရည်၍ ဝဇိရဗုဒ္ဓိဋီကာဆရာက-

"န ဟိ ဗုဒ္ဓါနံ ဒေသနာယ အာလသိယံ အတ္ထိ။" ဟုရင်း၊ သာရတ္ထဒီပနီဋီကာဆရာက "အဋ္ဌကထာစရိယာ ဧဝေတ္ထ ပမာဏံ၊ ဘဂဝတော အဓိပ္ပါယညုနော ဟိ အဋ္ဌကထာစရိယာ" ဟုရင်း၊ ဝိမတိဝိနောဒနီ ဋီကာဆရာနှင့် ဝိနယာလင်္ကာရဋီကာဆရာတို့က "န ဟိ ဝိနယေ သဗ္ဗတ္ထယုတ္တိ သက္ကာ ဉာတုံ ဗုဒ္ဓဂေါစရတ္တာတိ ဝေဒိတဗ္ဗံ"

ဟုရင်း၊ ''ဝိပတ္တိပရိဟာရတ္ထံ ဟိ အာစရိယာ နိရာသင်္ကာနေသုပိ 'ဘိတ္တိ' အကိတ္တော်တွာ'တိအာဒိနာ သိဒ္ဓမေဝတ္ထံ ပုနပ္ပုနံ အဝေါစုံ'' ဟုရင်း မိန့်ဆိုတော်မူကြကုန်၏။ ထို့ကြောင့် အဋ္ဌကထာဆရာ၏ သာမညစကားကိုလည်း သာမညအားဖြင့်သာ မှတ်အပ်၏၊ ပြင်ဆင်ထည့် သွင်းခွင့်မရှိဟူလို။

''ဥပမာယ မိစေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ ဇာနန္တိ'' ဟူသည်နှင့်အညီ ထိုစကားကို ထင်ရှားအောင် ဥပမာဖြင့်ပြ ပေအံ့။ ဝိနည်းဒေသနာတော်သည် အာဏာဒေသနာတော်ဖြစ်၍ ထိုထိုအစိုးရတို့၏ ရာဇဝတ်ဥပဒေနှင့်တူ၏၊ ထိုရာဇဝတ်ဥပဒေကို အမှုသည်ကသော်ရင်း, ထိုသူ၏ရှေ့နေကသော်ရင်း ပြင်ဆင် ထည့်သွင်းခွင့်မရှိ၊ မိမိအမှုသည် အပြစ်မှလွတ်ရန် သို့မဟုတ် တဖက်အမှုသည် အပြစ်ရောက်ရန် ပြင်ဆင်ထည့်သွင်း၍ လဲ့လျောက်သော ရှေ့နေကို လူအပေါင်းတို့က ရှုးသွပ်သူ သို့မဟုတ် ဉာဏ်နှောက် ပျက်သူဟု ဆိုကုန်ရာ၏၊ ထိုထို လူ့အစိုးရတို့ထက် အဆပေါင်းများစွာ မြင့်မြတ်တော်မူသော မြတ်စွာဘုရား၏ ဥပဒေတော်ကို ပြင်ဆင် ထည့်စွက်၍ လိုရာဘက်သို့ ယူဆောင်သူကိုကား ပြောဆိုဘွယ်ရာ စကားပင်မရှိတော့ချေ။ ဤစကားရပ်တို့ကား ''ဝိနည်းဒေသနာတော်ကို ပါဠိအဋ္ဌကထာရှိတိုင်းသာ မှတ်အပ်၏၊ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုအပ်'' ဟု ပြဆိုသော ရေးလတ့်သော ဝိသုံဂါမဝိနိစ္ဆယ၏ အခြေပါဒ စကားရပ်တို့တည်း။

## ဝိသုံဂါမ ဝိနိစ္ဆယ

ယခုအခါ ဝိသုံဂါမဝိနိစ္ဆယကို ပါဠိအဋ္ဌကထာတို့ဖြင့် ထင်ရှား

အောင် ပြဆိုပေအံ့။ သိမ်သည် ဗဒ္ဓသိမ်, အဗဒ္ဓသိမ်ဟုနှစ်ပါးရှိ၏။ ထိုတွင် ဗဒ္ဓသိမ်၏ အကျဉ်းအကျယ် ပမာဏသည်သာ ပါဠိတော်၌ လာ၏၊ လာပုံကား''အနုဇာနာမိ ဘိက္ခဝေ တိယောဇနပရမံ သီမံ သမ္မန္နိတုံ။'' မဟာဝဂ္ဂ၊ ဥပေါသထက္ခန္ဓက။ (ဝိ၊၃။၁၄၅။)

အကျယ်ဆုံး သုံးယူဇနာရှိသော သိမ်ကိုသာ သမုတ်အပ်၏ဟူလို။ ''ကောဒသဟိ အာကာရေဟိ သီမတော ကမ္မာနိ ဝိပဇ္ဇန္တိ အတိခုဒ္ဒကံ သီမံ သမ္မန္နတိ၊ အတိမဟတိ သီမံ သမ္မန္နတိ။'' ပရိဝါ၊ ကမ္မဝဂ်။ (ဝိ၊၅။၃၈၁။)

''အတိခုဒ္ဒကသီမာ နာမ ယာ ဧကဝီသတိဘိက္ခူ န ဂဏှာတိ'' ၎င်းအဋ္ဌကထာ။ (ဝိ၊ဋ္ဌ၊၄။၂၄၈။) နှစ်ကျိပ်တစ်ယောက်သော ရဟန်းတို့သည် မစည်းဝေးလောက်အောင်ကျဉ်းမူ သိမ်မဟုတ်ဟူလို။ ဤသို့ ဗဒ္ဓသိမ်၏သာ အကျဉ်းအကျယ်ပမာဏကို ဟောတော်မူ၍ ဂါမ,နဒီ,သမုဒ္ဒ, ဇာတဿရ,အရည္ဟူသော အဗဒ္ဓသိမ်တို့၏ အကျဉ်း အကျယ်ပမာဏကို မဟောမူ၍ ''ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ၊ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။'' စသည် ဖြင့် (ဝိ၊၃။၁၅၀။) သာမညအားဖြင့်သာ ဟောတော်မူ၏၊ ထို့ကြောင့် ဗာရာဏသီမြို့ကြီးကဲ့သို့ ၁၂–ယူဇနာကျယ်သော မြို့ဖြစ်မူ ဂါမ သိမ်သည် ၁၂ ယူဇနာသော်၎င်း ထို့ထက်အလွန်၎င်း ကျယ်နိုင်၏။ အကျဉ်းအားဖြင့်လည်း ယုတ်သောအပိုင်းအခြားအားဖြင့် တပေပတ် လည်, သို့မဟုတ် တစ်လက်မပတ်လည်မျှပင် ကျဉ်းနိုင် ငယ်နိုင်၏။ ထို့ကြောင့် အဋ္ဌကထာဆရာသည်လည်း ဂါမသိမ်၏ အကျဉ်းအကျယ် ပမာဏကို မဆိုမူ၍ ''သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော

ဝါ ဂါမသီမာတွေဝ သဉ္စျံ ဂစ္ဆတိ''(ဝိ၊ဋ္ဌ၊၃။ ၃၃၃။)ဟု သာမညအားဖြင့်ပင် ဆိုတော်မူ၏။ နဒီ,သမုဒ္ဒ, ဇာတဿရ,အရည့်တို့လည်းထိုအတူပင်တည်း။ ဥဒကုက္ခေပ, သတ္တဗ္ဘန္တရသောနေရာ၌ မပြုအပ်ဟုဆိုသော အဋ္ဌကထာစကားကို သတိပြုလေ၊ အရာမဟုတ်၍ ၎င်းတို့၏ဝိနိစ္ဆယကို ဤ၌ မရေးသတည်း။

(မှတ်ရန်။ ဂါမသီမ်၏အကျဉ်းအကျယ် ပမာဏကို ပြနိုင်လျှင်ဝန်ခံရန် အသင့်ရှိ၏။)

## တပေပတ်လည် ဂါမ, ဝိသုံဂါမ

ထိုဆိုအပ်ခဲ့ပြီးသောစကား၌ ''ယုတ်သောအပိုင်းအခြားအားဖြင့် တပေပတ်လည်, သို့မဟုတ် တလက်မပတ်လည်မျှပင် ကျဉ်းနိုင်ငယ်နိုင်၏''ဟူသောစကားကို ဝိနည်း၌ ကောင်းစွာမကျွမ်းကျင်မလိမ္မာသူတို့ ဝန်ခံရန် ခဲယဉ်းသောကြောင့် ၎င်းတို့ကို ဝန်ခံစေခြင်းငှါနိုင်မာသောသာဓက ကတို့ဖြင့် ထင်ရှားအောင်ပြပေအံ့။

''သမဝဿဒေဝကာလေ ပဟောနကဇာတဿရော ပနသစေပိ ဒုဗ္ဗုဋ္ဌိကာလေ ဝါ ဂိမှဟေမန္တေသု ဝါ သုက္ခတိ၊ နိရုဒကောဟောတိ၊ တတ္ထ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ၊(ဝိ၊ဋ္ဌ၊၃။၃၃၆။) (သစေပနေတ္ထ ဥဒကတ္ထာယ အာဝါဋံ ဝါ ပေါက္ခရဏီ အာဒီနိ ဝါ ခဏန္တိ၊ တံ ဌာနံ အဇာတဿရော ဟောတိ၊ ဂါမသီမာ သဉ္စျံ ဂစ္ဆတိ)။ လာဗုတိပုသကာဒိ ဝပ္ပေ ကတေပိ ဧသေဝ နယော''။ ဥပေါသထက္ခန္ဓကဋ္ဌကထာ။ (ဝိ၊ဋ္ဌ၊၃။၃၃၇။)

မိုး အလယ်အလတ် ရွာသောကာလ၌ မိုးတွင်းလေးလပတ်လုံးရေတည်သော ဇာတဿရအိုင်သည် မိုးခေါင်သောကာလ မိုးတွင်း၌

သော်ငင်း, နွေဥတု, ဆောင်းဥတု၌ သော်ငင်း တူးအံ့၊ ဘူး သခွါးကို သော်ငင်း စိုက်ပျိုးအံ့၊ ထိုတူးရာ စိုက်ပျိုးရာ အရပ်တစိတ်သည်သာ ဇာတသာရပျက်၍ ဂါမသိမ်ဖြစ်၏၊ ကြွင်းသောအရပ်ကား ဇာတသရ ပင်ဟူလို။ ထို့ကြောင့် ကင်္ခါဝိတရဏီ ဋီကာသစ် (ကင်္ခါ၊ဋီ၊သစ်၊၁၄၇)၌

''တံ ဌာနတ္တိ ယတ္တ ဝါပိအာဒီကံ ကတံ၊ တံ ဌာနံ၊ အညံ ပန ကပ္ပိယဘူမိ။ ''ဟုငင်း၊

ဝိမတိဝိနောဒနီဋီကာ(ဝိမတိ၊၁။၁၆၈။)၌-

''တံ ဌာနတ္တိ အာဝါဋ္ဌာဒီနံ ကတဌာနမေဝ န အကတတ္တိ အတ္တော။''ဟုငင်း မိန့်ဆိုကြကုန်၏။

ဤအဋ္ဌကထာဝါကျ၌ ရေတွင်း ရေကန်တူးရာဌာန, ဘူး သခွါး စိုက်ပျိုးရာ ဌာနသည်သာ ဂါမသီမာ၊ ကြွင်းသောအရပ်သည် ဇာတသာရဟုဆိုသဖြင့် ဇာတသာရအိုင်လယ်၌ ဖြစ်ထွန်းသော ဂါမသိမ်၏ အကျဉ်း အကျယ်ကို သိနိုင်၏။ သိနိုင်ပုံကား ရေတွင်းသည် လက်ယက်တွင်းမျှ ဖြစ်အံ့၊ တပေပတ်လည်လောက်သာရှိရာ၏။ ၄-ပေ ၅-ပေ နက်သော တွင်းဖြစ်အံ့၊ ဂါမသိမ်သည် ၃-ပေ ၄-ပေ လောက်ရှိရာ၏၊ ဘူးခင်း, သခွါးခင်းစသည်ဖြစ်အံ့၊ ငါးတောင်ပတ် လည်, ဆယ်တောင်ပတ်လည် စသည်ဖြစ်ရာ၏။

အထူးကား-ထိုတူးရာ စိုက်ပျိုးရာ အရပ်သာ ကွက်၍ ဇာတသာရပျက်ခြင်းသည်-

''ယော ပန ကေနစိ ခဏိတွာ အကတော သယံဇာတော သောဗ္ဘော သမန္တတော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ''ဟူ၍ ကင်္ခါဝိတရဏီ အဋ္ဌကထာ(ကင်္ခါ၊၉၀-၉၁။)၌လာသော တစ်စုံ

တစ်ယောက်သော လူတိရစ္ဆာန်တို့သည် တူး၍မပြုအပ်, အလိုလို ဖြစ်ထွန်းခြင်းဟူသော ဇာတဿရအိုင်လက္ခဏာနှင့် မလျော်သော ကြောင့်တည်း။

ထိုဇာတဿရအိုင်လယ်၌ ရေတွင်းတူးရာ စိုက်ပျိုးရာဌာန၌ ဖြစ်ထွန်းသော တပေပတ်လည်စသော ပမာဏရှိသော ဂါမသိမ် သည်ဘယ် ဂါမသိမ်နည်းဟူမူ၊ အကြင်ရွာသားတို့သည် တူးအပ်၏, စိုက်ပျိုးအပ်၏၊ ထိုရွာသားတို့၏ ဂါမသိမ်ဖြစ်၏။ ဇာတဿရအိုင်ပတ် လည်ရှိ ရွာသားအားလုံးတို့နှင့်ဆိုင်မူ အားလုံးတို့၏ ဂါမသိမ်ဖြစ်၏၊ တစ်ပါးသော ဂါမခေတ်တို့နှင့် မစပ်မူ ဝိသုံဂါမသိမ်ဖြစ်၏၊ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ(ဝဇိရ၊၄၆၁။)၌−

''ဂါမသီမာသဉ္စေဝ ဂစ္ဆတီတိ ယေဟိ ကတံ၊ တေသံ ဂါမသဉ္စ ဝါ၊ သမန္တတော တီရဋ္ဌဂါမေဟိ စေ ကတံ၊ သဗ္ဗဂါမသဉ္စ ဝါ၊ အညေဟိ ဂါမက္ခေတ္တေဟိ အသမ္ဗန္ဓဋ္ဌာနံ စေ ဝိသုံဂါမသဉ္စ ဝါ ဂစ္ဆတီတိ အတ္ထော။''ဟု မိန့်ဆို၏။

(မှတ်ရန်။ ဤ၌ အာစရိယောဟူသည် သာမညသူမဟုတ် အဘိဓမ္မမူလဋီကာပြု အရှင်အာနန္ဒာမထေရ်တည်း။)

ဤဋီကာ၌ ''အညေဟိ ဂါမက္ခေတ္တေဟိ အသမ္ဗန္ဓဋ္ဌာနံ စေ ဝိသုံဂါမသဉ္စ ဂစ္ဆတိ'' ဟူသောစကားသည် ဤဝိနိစ္ဆယ၌ အလိုရှိအပ် သောစကားဖြစ်၍ ၎င်းကို ပစ္စက္ခအားဖြင့် ဉာဏ်၌ထင်ရှားအောင် ပြပေ အံ့။

တစ်စုံတစ်ခုသောရွာနယ်သို့ မပါဝင်သောအရပ်၌ ဇာတဿရ အိုင် ကြီးသည်ရှိ၏၊ ထိုအိုင်၏ပတ်လည်အနီးအနား၌ ရွာတို့သည်

ရှိကုန်၏၊ သို့သော်ထိုရွာတို့၏ နယ်နိမိတ်သည် ဇာတသာရအိုင်ကြီး၏ ကမ်း၌သာဆုံး၏၊ ဇာတသာရအိုင်မူကား မည်သည့်ရွာနယ်သို့မျှ မပါဝင်။ ထိုကဲ့သို့သော ဇာတသာရအိုင်ကြီးသည် မိုးခေါင်၍ မိုးတွင်း၌ပင်ဖြစ်စေ, ဆောင်း,နွေ,ဥတု၌ဖြစ်စေ ရေခန်းခြောက်၍ သဲပြင်ဖြစ်နေသောအခါ တစ်စုံတစ်ယောက်သောသူသည် ရေခပ်ယူခြင်းငှါ တွင်းငယ်တူးအံ့၊ သို့မဟုတ် ဘူး သခွါးစသည်ကို စိုက်ပျိုးအံ့၊ ထိုတူးရာ စိုက်ပျိုးရာ တစ်ပေပတ်လည်-စသော ပမာဏရှိရွာနသည်သာ ဝိသံ့ဂါမသိမ်ဖြစ်၏၊ ထို၌ ဂါမသိမ်အဖြစ်ဖြင့် အလိုရှိရာ ဝိနယကံကို ပြုကောင်း၏။ "ဝိသုံ ပဝတ္တောဂါမော ဝိသုံဂါမော"ဟု ဝိဂ္ဂဟပြု။ မင်းကသော်၎င်း, ရဟန်းတို့ကသော်၎င်း အသီးမပြုအပ်၊ အလိုလိုအသီးဖြစ်သော ဂါမသီမာဟူလို။ (ဤဆိုအပ် ခဲ့ပြီးသော တပေပတ်လည်စသော ပမာဏရှိ ဝိသံ့ဂါမသိမ်၌ အိမ် ဘယ်နှစ်အိမ်, လယ်ဘယ်နှစ်ကွက် ရှိသလဲဟု ဥပသေနမထေရ်ကို မေးကြလေ။)

ဤကား တစ်ပေပတ်လည်ဖြစ်ကောင်းသော ဝိသံ့ဂါမသိမ်ကို ပြဆိုခြင်းတည်း။

## တလက်မပတ်လည် ဝိသံ့ဂါမ

ယခုအခါ၌ တစ်လက်မပတ်လည် ဖြစ်နိုင်ကောင်းသော ဝိသံ့ဂါမသိမ်ကို ပြဆိုပေအံ့။

"အန္ဓောနဒိယံ ပါသာဏော ဝါ ဒီပကော ဝါ ဟောတိ၊ တဿ ယတ္တကံ ပဒေသံ ပုဗ္ဗေ ဝုတ္တပ္ပကာရေ ပကတိဝဿ ကာလေ ဝဿာနဿ စတူသု မာသေသု ဥဒကံ ဩတ္ထရတိ သော နဒီ သင်္ချမေဝ ဂစ္ဆတိ။ အတိဝုဋ္ဌိကာလေ ပန ဩဃေန ဩတ္ထဋ္ဌောကာ

သော န ဂဟေတဗ္ဗော၊ သော ဟိ ဂါမသီမာသင်္ချမေဝ ဂစ္ဆတိ။ ''ဥပေါသထက္ခန္ဓကဋ္ဌကထာ။ ဤ၌ အလွန်ကျဉ်းသော ဝိသုံဂါမ သိမ်ကိုသာ ပြလိုသောကြောင့် ပါဠိသာဏာဖြင့်သာ အဓိပ္ပါယ်ဆိုပေအံ့။

အလွန်မကျယ်လွန်းသောမြစ်ကြီး၏ အလယ်၌ ကျောက် ဆောင် တခုရှိ၏၊ထိုသည် မိုးအလယ်အလတ်ရွာသောကာလ မိုးလေး လ ရေလွှမ်းအံ့ နဒီမည်၏။ ရေမလွှမ်းမူ တံငါသည်တို့၏ အစာရှာဖွေရာ မနုဿဂေါစရ မနုဿူပစာရအရပ် ဖြစ်မူ အရည့်သီမာ မည်၏။ မနုဿဂေါစရ မနုဿူပစာရအတွင်းဖြစ်၍ ဂါမသိမ်ဖြစ်ရာ ဘယ်ဂါမ သိမ်နည်း၊ ဇာတဿရအခိုင်၌ကဲ့သို့ ဝဇိရဗုဒ္ဓိဋီကာ(ဝဇိရ၊ ၄၅၉။)၌–

''ဂါမက္ခေတ္တသင်္ချံ ဂစ္ဆတိ၊ ကတရဂါမက္ခေတ္တံ?၊ ယတော မနုဿာ သဥ္စရန္တိ တေသံ၊ သဗ္ဗေ စေ သဥ္စရန္တိ၊ သဗ္ဗေသံ အညေဟိ ဂါမက္ခေတ္တေဟိ အသမ္ဘိန္နဋ္ဌာနံ စေ ဝိသုံဂါမက္ခေတ္တသင်္ချံ ဂစ္ဆတီတိ အာစရိယော''ဟု ဆို၏။

ထို့ကြောင့် မြစ်နှစ်ဘက်ကမ်းရှိရွာနယ် သို့မဝင်မူ ဝိသုံဂါမ သိမ်ဖြစ်၏။ ထိုဝိသုံဂါမ ကျောက်ဆောင် ကျောက်ဖျာသည် နှစ်ကျိပ တစ်ယောက် စည်းဝေးလောက်အောင် ကျယ်ဝန်းမူ ထို၌အလိုရှိရာ ဝိနည်းကံကိုပြုနိုင်၏။ တစ်ပေပတ်လည်မျှရှိမူ အဓိဋ္ဌာန်ဥပုသ်ကို ပြုနိုင ၏။ မိုးလေးလ ရေမလွှမ်းရာအရပ်သည် တစ်လက် မလောက်သာ ရေပေါ်သို့ပေါ်ထွက်၍ နေအံ့၊ ထိုတလက်မပမာဏရှိ ကျောက်ဆောင်၏ အဖျားစွန်းသည်သာ ဝိသုံဂါမသီမာမည်၏၊ သို့သော် ထို၌ ဝိနည်း ကံပြုခြင်းငှါ မလောက်။

အခွန်ရမှ ဝိသုံဂါမဟု ငြင်းဆိုသောသူတို့ ဝန်ခံစေခြင်းငှါ

တပေပတ်လည် ကျောက်ဖျာဝိသုံဂါမသိမ်၌ အခွန်ရနိုင်သောနည်းကို ပြပေအံ့။

တစုံတယောက်သောသူသည် ထိုနေရာ၌ ငါးများရန်သင့်လျော်သည်ဟု သိ၍တပါးသူတို့မလာရောက်နိုင်စေခြင်းငှါ တစ်နှစ်လျှင် ၅–ကျပ်၊ ၆–ကျပ်၊ အခွန်ဆောင်ရန် အစိုးရထံလျှောက်ထား၍ အစိုးရ၏ ခွင့်ပြုချက်အရ အခွန်ဆောင်၍ ကိုယ်ပိုင်ပြုငြားအံ့၊ ထိုတပေပတ်လည်ရှိ ဝိသုံဂါမကျောက်ဖျာသည် အခွန်ရသော တံငါသည်ပိုင်ရွာသီးဖြစ်၏။ ဤကား တလက်မပတ်လည်မျှ ဖြစ်နိုင်ကောင်းသော ဝိသုံဂါမသီမာကို ပြဆိုခြင်းတည်း။

ဤပြဆိုခဲ့သော အဋ္ဌကထာဝါကျ၌ ပြအပ်သော ဂါမသီမာ, ဝဇိရဗုဒ္ဓိဋီကာ၌ ပြအပ်သော ဝိသုံဂါမသီမာတို့ကို လူတို့ သွားရောက်သုံးဆောင် သိမ်းဆည်းသောအရပ်ဖြစ်ခြင်းမျှဖြင့်၎င်း၊ တံငါတို့နေ့ချင်းပြန်သွားရောက်နိုင်သော မနုဿဂေါစရအရပ် ဖြစ်ခြင်းမျှဖြင့်၎င်း ဂါမသီမာဖြစ်ခြင်းကြောင့် မင်းမှူးမတ်တို့ အခွန်သီး, နယ်သီးပိုင်းခြားခြင်း ရွာစားတို့အား ပေးကမ်း ခြင်းနှင့် အလျှင်းမစပ်ဘဲဖြစ်သော ဝိသုံဂါမသိမ်ဟူ၍၎င်း၊ စပ်သောအရာ အချို့၌ မစပ်မိကပင် ဖြစ်နေသော ဂါမသိမ်ဟူ၍၎င်း စင်စစ် မှတ်အပ်၏။

## ရဟန်းတို့ပြုလုပ်၍ ဖြစ်ကောင်းသော ဝိသုံဂါမ

ယခုအခါ၌ ရဟန်းတို့သည် ပြုလုပ်၍ဖြစ်ကောင်းသော ဝိသုံဂါမ သီမာကို ပြပေအံ့။ တကောသပတ်လည်ရှိသော ပကတိဂါမ တစ်ခုလုံးကို အကြွင်းမရှိမဟာသိမ်ပြု၍ ထို၏အတွင်းသင့်လျော်သော အရပ်၌ ခဏ္ဍသိမ် တစ်ခုပြု၍ သမုတ်သောအခါ မဟာသိမ်နှင့်

ခဏ္ဍသိမ်၏ အကြား၌ထို သိမ်နှစ်လုံးတို့ကို မစပ်စေခြင်းငှာ သီမန္တရိကာကို ထားအပ်၏၊

ထိုသီမန္တရိက်၏ အကျဉ်းအကျယ်ကိုကား–

''အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နန္တေန သီမန္တရိကံ ဌပေတွာ သီမံ သမ္မန္နိတုံ''ဟု (ဝိ၊၃။၁၅၀။) သာမညအားဖြင့် ဟောတော်မူအပ်သောကြောင့် အလိုရှိသလောက် ထားအပ်၏၊ ထို့ကြောင့် ''သီမန္တရိကာ ပစ္ဆိမကောဋိယာ ဟတ္ထမတ္တာ သီမန္တရိကာ ဌပေတဗ္ဗာ။ ကုရုန္ဒိယံ ဝိဒတ္ထိမတ္တမ္ပိ, မဟာပစ္စရိယံ စတုရင်္ဂုလမတ္တမ္ပိ ဝဋ္ဋတီတိ ဝုတ္တံ''ဟု (ဝိ၊ဌ၊၃။၃၃၇။) အဋ္ဌကထာ၌ဆို၏။ ဋီကာဆရာတို့က ''ဧကင်္ဂုလိမတ္တာပိ သီမန္တရိကာ ဝဋ္ဋတိယေဝ''ဟု (ဝိမတိ၊၂။၁၆၈။) ဆိုကုန်၏။ သိမ်နှစ်လုံး မထိမစပ်ခြင်းသာ လိုရင်းပမာဏဖြစ်၍ ''အဒ္ဓင်္ဂုလိမတ္တာပိ ဝဋ္ဋတေဝ''ဟု ဆိုလိုလျှင် ဆိုနိုင်၏။ ထိုသီမန္တရိက်ကို ''သီမန္တရိကာ ဟိ ဂါမက္ခေတ္တံ ဘဇတိ''ဟု အဋ္ဌကထာ(ဝိ၊ဌ၊၃။၃၂၄။ ဝိ၊သင်္ဂဟ။၁၈၈။)၌ ဆိုသောကြောင့် ဂါမသိမ်ဟုမှတ်အပ်၏။ ထို့ကြောင့် ထိုဆိုခဲ့သော တကောသပတ်လည်ရှိ ပကတိဂါမ၌ သီမန္တရိက်မှ တပါးအရပ်သည် ဗဒ္ဓသိမ်ဖြစ်၍ တတောင်, တစ်ထွာ, လက်လေးသစ် သို့မဟုတ်လက် တသစ်ပမာဏရှိ သီမန္တရိက်အရပ်သည် ရဟန်းတို့ ကမ္မဝါစာဖြင့် အသီးပြုအပ်သော တစ်ပါးသော ရွာနယ်တို့နှင့်လည်း မစပ်သော ဝိသုံဂါမသိမ်မည်၏။ ထိုသည် ရပ်နေလောက်ရုံ ကျယ်မှုထို၌ စိတန်းရပ်နေ၍ ဂါမသိမ်အဖြစ်ဖြင့် အလိုရှိသော ဝိနည်းကံကို ပြုကောင်း၏။ (ဆိုခဲ့ပြီးသော သီမန္တရိကာကို အလွန်ကျဉ်းသောကြောင့် ဂါမသိမ်မဟုတ်ဟု ဆိုနိုင်ပါမည်လောဟု ဥပသေနမထေရ်ကို မေးကြလေ။) ဗဒ္ဓသိမ်နှစ်လုံး၏ ပြင်ဘက်၌ ရွာနယ် ကြွင်းကျန်သေးမူ

သီမန္တရိက်သည် ကြွင်းသောရွာနယ်သို့ ဝင်သောကြောင့် ဝိသုံဂါမမဖြစ်။ ဤကား ရဟန်းတို့ပြုလုပ်၍ဖြစ်ကောင်းသော ဝိသုံဂါမသီမာကို ပြဆိုခြင်းတည်း။

ဤဆိုခဲ့ပြီးသော စကားရပ်တို့ဖြင့် ဂါမသိမ်၏ အကျဉ်းအကျယ်ကို ပါဠိတော်၌လည်း မဟော၊ အဋ္ဌကထာ၌လည်း မဆို၊ အိမ်,လယ်,ယာ ရှိမရှိလည်း ပမာဏမဟုတ်၊ လူတို့အစာရှာဖွေရာ မနုဿဂေါစရ မနုဿုပစာရအတွင်း၌ ဖြစ်မှုတလက်မမျှလောက်ပင်ကျဉ်းသော်လည်း ဂါမသီမာမည်သည်သာဟု လုံလောက်စွာပြပြီးဖြစ်သောကြောင့် အိမ်,လယ်,ယာ ရှိမှ ဂါမသိမ်၊ တကရိသ ကျယ်မှ ဂါမသိမ်စသည်ဖြင့် အာစရိယုဂ္ဂဟ မရှိ ထင်မိထင်ရာ ယူမှားပြောမှားသော မိစ္ဆာဝါဒတို့ကို စွန့်ပစ်နိုင်ကြစေကုန်သတည်း။

## အဋ္ဌကထာလာ ဝိသုံဂါမ

ယခုအခါ၌ အစိုးရမင်းတို့သည် ပြုအပ်သော အဋ္ဌကထာ၌ တိုက်ရိုက်ပြဆိုအပ်သော ဝိသုံဂါမကို ပြဆိုရန် အခွင့်ရောက်ပြီ၊ သို့သော်လည်း ထိုကိုကောင်းစွာ နားလည်စေခြင်းငှာ တိုင်းသူ ပြည်သားတို့၏ မြေကိုပိုင်ဆိုင်ပုံနှင့် ပဝိဝိဿရ အစိုးရမင်းတို့၏။ မြေကိုပိုင်ဆိုင်ပုံ အထူးကို ရှေးဦးစွာ ပြဆိုပေအံ့။

## တိုင်းသူပြည်သားတို့ မြေကို ပိုင်ဆိုင်ပုံ

တိုင်းသူပြည်သားတို့သည် ကမ္ဘာဦးကပင် မြေယာအစိတ်ကို အသီးအသီး ဝေခြမ်းပိုင်းခြား မှတ်သား၍ မိမိသန္တက အဖြစ်ဖြင့်အစဉ်အဆက် စောင့်ရှောက် ထိန်းသိမ်းခဲ့ရင်းဖြစ်၍ ဘိုးဘပိုင် (မိဘအစဉ်အဆက်ပိုင်လာသောမြေ) ဝယ်ယူရ, ဓါးမဦးချ (တောတောင်ကို ကိုယ်

တိုင်ခုတ်၍ တည်ထွင်သောမြေ)စသော ကိုယ်ပိုင်မြေကို အစိုးရကုန် ပိုင်ဆိုင်ကုန်၏။)

ထို့ကြောင့် ဒီဃနိကာယ် ပါထိကဝဂ် အဂ္ဂညသုတ် (ဒီ၊၃။ ၇၆။)၌ ''ယံနူန မယံ သာလိံ ဝိဘဇေယျာမ မရိယာဒံ ဌပေယျာမာ'' တိ၊ အထခေါ် ဝါသေဋ္ဌ သတ္တာ သာလိံ ဝိဘဇိံ သု မရိယာဒံ ဌပေသုံ။ အထခေါ် ဝါသေဋ္ဌ အညတရော သတ္တော လောလဇာတိကော သကံ ဘာဂံ ပရိရက္ခန္တော အညတရံ ဘာဂံ အဒိန္နံ အာဒိယိတွာ ပရိဘုဉ္ဇိ၊ တမေနံ အဂ္ဂဟေသုံ၊ ဂဟေတွာ ဧတဒဝေါစုံ ''ပါပကံ ဝတ ဘော သတ္တ ကရောသိ၊ ယတြ ဟိ နာမ သကံ ဘာဂံ ပရိရက္ခန္တော အညဿဘာဂံ အဒိန္နံ အာဒိယိတွာ ပရိဘုဉ္ဇသိ၊ မာဿု ဘော သတ္တ ပုနပိ ဝေရူပမကာ သီတိ''စသည်ဖြင့် ဟောတော်မူအပ်၏။

၎င်း အဋ္ဌကထာ(ဒီ၊ဋ္ဌ၊၃။၅၄။)၌လည်း–

''တေ ပနဿ ခေတ္တသာမိနော တိဟိ သဒ္ဒေဟိ အဘိသေ ကမ္မိ အကံသု''ဟု တိုင်းသူပြည်သားတို့ကို ခေတ္တသာမိ (လယ်ရှင်) ဟုပင် ဆိုတော်မူ၏။

၎င်း၏ဋီကာ(ဒီ၊ဋီ၊၃။၄၇။)၌လည်း–

''ခေတ္တသာမိနောတိ တံ တံ ဘူမိဘာဂံ ပရိဂ္ဂဟေတွာ ဌိတသတ္တာ''ဟူ၍၎င်း၊ (ဒီ၊ဋီ၊၃။၄၈)၌ ''သီမံ ဌပေယျာမာတိ ''အယံ ဘူမိဘာဂေါ အသုကဿ, အယံ ဘူမိဘာဂေါ အသု ကဿာတိ ဝေံ ပရိစ္ဆေဒံ ကရေယျာမ''ဟူ၍၎င်း ဘွင့်ဆိုတော်မူ၏။

ပါရာဇိကဏ္ဍ ဒုတိယသိက္ခာပဒဋ္ဌကထာ၌လည်း သူတပါးတို့

ပိုင်သော အိမ်,လယ်,မြေ,သက်ရှိ,သက်မဲ့ဥစ္စာတို့ကို ဖျက်ဆီးသိမ်းယူသော်ငြား, မင်းအား ရောက်ထိုက်သောအခွန်အတုတ်ထက် အပိုအမို အခွန်အတုတ်ကို အတင်းအဓမ္မ ကောက်ခံသိမ်းယူသော်ငြား မင်း မင်းအမတ် စသည်တို့အား ပသယှာဝဟာရ အဒိန္နာဒါန်ဖြစ်ကြောင်းကို–

''ကောဓဝသေန ပရဃရဝိလောပံ ကရောန္တာ အတ္တနော ပတ္တဗလိ တော စ အဓိကံ ဗလက္ကာရေန .... ဂဏှန္တော အဝဟာရော ပသယှာ ဝဟာရောတိ ဝေဒိတဗ္ဗော''ဟု (ဝိ၊ဋ၊၁။၃၃၀) မိန့်ဆိုတော်မူ၏။

ဤသို့ တိုင်းသူပြည်သားတို့သည် ကိုယ်ပိုင်မြေကို အစိုးရသော်လည်း မင်းတို့အား ဆယ်ဘို့တဘို့အခွန်ဆက်သွင်းရခြင်း၊ မတရားသဖြင့် ပြုကျင့်နေထိုင်လျှင် မိမိပိုင်မြေပေါ်မှ မင်းတို့၏နှင်ထုတ်ခြင်းကို ခံရခြင်း၊ မင်းတို့ပညတ်ထားသော လောကထုံးစံကိုလွန်၍ မိမိပိုင်မြေကို မပြု လုပ်ရခြင်းကြောင့် မင်းတို့ကဲ့သို့ အာဏာပိုင်သောအားဖြင့် အစိုးမရကြကုန်။

## အစိုးရမင်းတို့ မြေကိုပိုင်ဆိုင်ပုံ

မင်းတို့သည်ကား ဆင်းရဲသားတို့ကဲ့သို့ တစိတ်တဒေသကိုသာ အစိုးရသည်မဟုတ်ကုန်၊ မိမိအာဏာပျံ့နှံ့ရာ အတွင်း၌ အလုံးစုံသော မြေကို အစိုးရကြကုန်၏။ ထိုသို့ အစိုးရသော်လည်း မြေရှင်တိုင်းသူ ပြည်သားတို့ကဲ့သို့ ရောင်းချပိုင်, အမွေသိမ်းယူပိုင်အားဖြင့် အစိုးရကြ သည်မဟုတ်၊ ဆယ်ဘို့တစ်ဘို့ အခွန်ကောက်ယူခြင်း, မတရားသဖြင့် ပြုကျင့်သူတို့ကို ကဲ့ရဲ့ပြစ်တင် စီရင်ဆုံးမနိုင်ခြင်း, ထိုမြေပေါ်မှ နှင်ထုတ်နိုင်ခြင်း, ဆင်းရဲ သားတို့ပိုင်သောမြေပေါ်၌ ထုံးစံအပိုင်းအခြား

တရားဥပဒေကို ထားနိုင်ခြင်းတည်းဟူသော အာဏာပိုင်အားဖြင့် အစိုးရကြကုန်၏။

ထို့ကြောင့် အဂ္ဂညသုတ်ပါဠိတော် (ဒီ၊ ၃။ ၇၆–၇၇။)၌ ''အထ ခေါ တေ ဝါသေဋ္ဌ သတ္တာ ယေော နေသံ သတ္တော အဘိရူပတရော စ ဒဿနီယတရော စ ပါသာဒိကတရော စ မဟေသက္ခတရော စ၊ တံ သတ္တံ ဥပသင်္ကမိတွာ ဧတဒဝေါစုံ 'ဧဟိ ဘော သတ္တ သမ္မာ ခီယိတဗ္ဗံ ခီယ၊ သမ္မာ ဂရဟိတဗ္ဗံ ဂရဟ၊ သမ္မာ ပဗ္ဗာဇေတဗ္ဗံ ပဗ္ဗာဇေဟိ၊ မယံ ပန တေ သာလီနံ ဘာဂံ အနုပ္ပဒဿာမာ' တိ၊ ဧဝံ ဘော' တိ ခေါ ဝါသေဋ္ဌ သော သတ္တော တေသံ သတ္တာနံ ပဋိဿုဏိတွာ သမ္မာ ခီယိတဗ္ဗံ ခီယိ၊ သမ္မာ ဂရဟိတဗ္ဗံ ဂရဟိ၊ သမ္မာ ပဗ္ဗာဇေတဗ္ဗံ ပဗ္ဗာဇေသိ၊ တေ ပနဿ သာလီနံ ဘာဂံ အနုပ္ပဒံသု၊ မဟာဇနသမ္မတောတိ ခေါ ဝါသေဋ္ဌ 'မဟာသမ္မတော မဟာသမ္မတော' တွေဝ ပဌမံ အက္ခရံ ဥပနိဗ္ဗတ္တံ၊ ခေတ္တာနံ အဓိပတီတိ ခေါ ဝါသေဋ္ဌ 'ခတ္တိယော ခတ္တိယော' တွေဝ ဒုတိယံ အက္ခရ ဥပနိဗ္ဗတ္တံ၊ ဓမ္မေန ပရေ ရဉ္ဇေတီတိ ခေါ ဝါသေဋ္ဌ 'ရာဇာ ရာဇာ' တွေဝ တတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ။'' ဟု ဟောတော်မူအပ်၏။

ၡင်း အဋ္ဌကထာ(ဒီ၊ ဋ္ဌ၊ ၃။ ၅၃–၄။)၌လည်း ''ခီယိတဗ္ဗံ ခီယေယျာတိ ပကာသေ တဗ္ဗံ ပကာသေယျ၊ ခိပိတဗ္ဗံ ခိပေယျ၊ ဟာရေတဗ္ဗံ ဟာရေယျာတိ ဝုတ္တံ ဟောတိ၊ ၊ပေ၊ သာလီနံ ဘာဂံ အနုပဒဿာမာတိ မယံ ဧကေ ကဿ ခေတ္တတော အမ္ဗဏံ အမ္ဗဏံ အာဟရိတွာ တုယှံ သာလိဘာဂံ ဒဿာမ၊ တယာ ကိဉ္စိ ကမ္မံ န ကတ္တဗ္ဗံ၊ တွံ အမှာကံ ဇေဋ္ဌကဋ္ဌာနေ (သေဋ္ဌဋ္ဌာနေ) တိဋ္ဌာတိ'' ဟု ဘွင့်ဆိုတော်မူ၏။

မဟာသမ္မတမင်းကပင် လူတို့မလွန်ကျူးအပ် မလွန်ကျူးနိုင်သော အပိုင်းအခြား ထုံးစံစည်းကမ်းများ ထားခဲ့ကြောင်းကို သီလက္ခန္ဓဝဂ် အမ္ဗဋ္ဌသုတ်ဋီကာဟောင်း, ဋီကာသစ်(ဒီ၊ဋ္ဌ၊၁။၃၀၁။ သီ၊ဋ္ဌ၊သစ်၊၂။၂၅၆။)တို့၌–

''ဥပိတာ ယေန မရိယာဒါ၊
လောကေ လောကဟိတေသိနာ။
ဝ ဝတ္တိတာ သက္ကုဏာန္တိ၊
န ဝိလင်္ဃယိတုံ ဇနာ။'' ဟု သာဓကပြကြကုန်၏။

ယင်းသို့အခွန်အတုတ် ကောက်ခံပိုင်ခြင်း, မတရားသဖြင့် ပြုကျင့် သူတို့ကို ထိုသူတို့ပိုင်မြေပေါ်မှ နှင်ထုတ်နိုင်ခြင်း, မြေယာတို့၌ စည်းကမ်းအပိုင်းအခြား တရားဥပဒေကို ထားနိုင်ခြင်း, နယ်ပယ်တို့ကို ပေါင်းနိုင် ခွဲစိတ်နိုင်ခြင်းသည် တိုင်းပြည်ကို အစိုးရသောမင်းတို့၏ ရေမြေကို အစိုးရခြင်းတည်းဟူသော ပထဝိဿရဘာဝဂုဏ်ဖြစ်သော ကြောင့် ထိုပထဝိဿရဘာဝဂုဏ်သည် အဘိသိက်ခံ မခံသောမင်း တို့၌ ဖြစ်သင့်ဖြစ်ထိုက်၏။ ထိုမင်းတို့သည် မိမိတို့၏ ပထဝိဿရဘာဝ ဂုဏ်ကို မှူးမတ်အရာရှိတို့အား မလွှဲအပ် မခန့်ထား နိုင်သည်မဟုတ်၊ အလိုရှိရာ လွှဲအပ်ခန့်ထားနိုင်သည်သာ ဖြစ်သောကြောင့် ထိုမင်းတို့ထံမှ အာဏာအခွင့်ကို ရရှိသော မှူးမတ်အရာရှိတို့သည်လည်း နယ်မြေကို ခွဲစိတ်ပေါင်းထားပိုင် စီရင်ခန့် ထားပိုင်ကြောင်းကို သန္နိဋ္ဌာန်ကျ မှတ်ယူ အပ်၏။ ရဟန်းတို့ပိုင် သံဃသန္တက အာရာမ်ကျောင်းတိုက်သည်လည်း အစိုးရတို့၏ အာဏာအောက် ကျရောက်ခြင်းမှမလွတ်၊ ထို့ကြောင့် ထိုခွဲစိတ်ခြင်းကို ပြုနိုင်ကုန်၏ဟု မှတ်အပ်၏။

## ပကတိဂါမ, ဝိသုံဂါမဖြစ်ပုံ

ပကတိဂါမ, ဝိသုံဂါမနှစ်ရပ်တွင် ပကတိဂါမသည်သာ ပါဠိတော်၌ တိုက်ရိုက်လာ၏၊ အဋ္ဌကထာ၌ပြအပ်သော ဝိသုံဂါမဟူသည်မှာ ထိုပကတိဂါမနှင့် အကျဉ်းအကျယ်, ပကတိ ဝိကတိမျှသာ ထူး၍ ပကတိဂါမဖြစ်ပုံအခြင်းအရာကို အကျယ်စပ်ဟပ် နှီးနှောမိက ဝိသုံဂါမဖြစ်ပုံ အခြင်းအရာကိုလည်း အလွယ်တကူ မှတ်ယူချင့် ချိန်နိုင်ရန်ရှိသောကြောင့် ပကတိဂါမ ဖြစ်ပုံအခြင်းအရာနှင့်တကွပြဆိုပေအံ့။

''အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိရဟတိ၊ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ'' ဟူသော ဥပေါသထက္ခန္ဓကပါဠိတော် (ဝိ၊၃။၁၅၀။)၌ ရဟန်းမှီနေသောရွာ၏ ရွာတစ်ပါးနှင့် မရောမယှက်သောနယ်နိမိတ်အပိုင်းအခြားသည် ဂါမသီမာမည်၏။ နိဂမဟူသောရွာကြီး၏ ရွာတစ်ပါးနှင့် မရောမယှက်သော နယ်နိမိတ်အပိုင်းအခြားသည် နိဂမသီမာမည်၏။ ဤသို့ ရွာနယ်နိမိတ် အသီးအသီးတို့ဖြင့် ပိုင်းခြားရာ ပိုင်းခြားအပ်သော တစ်ခု တစ်ခုသော ဂါမခေတ်သည် ဂါမသိမ်မည်၏ဟူလို။ (အထူးမှတ်ရန်။ ဤပါဠိတော်၌ အခွန်ဖြင့် သီးခြားဖြစ်ခြင်းကို မဟောမူ၍ ရွာနယ်အားဖြင့် သီးခြားဖြစ်ခြင်းကိုသာ ဟောသည်။)

အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။၃၃၃။)၌ကား ရွာနယ်အသီးအခြားဖြစ်က ရွာစားတို့ရအပ်သော အခွန်အတုတ်လည်း သီးခြားဖြစ်တော့သည်သာဟု နှလုံးပိုက်တော်မူ၍ အခွန်အတုတ် သီးခြားဖြစ်ခြင်းဖြင့် ရွာနယ်သီးခြားဖြစ်ခြင်းကိုပင် မှတ်၍ပြလိုသောကြောင့်-

"တတ္ထ ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပန ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ၊ နဂရနိဂမသီမာ သုပိ ဧသေဝ နယော"ဟု ဘွင့်ပြတော်မူ၏။ ဤ၌ "ယတ္တကေ ၊ပေ၊ လဘန္တိ" ဟူသောစကားဖြင့် လောကဝေါဟာရအားဖြင့်ပြီးသော ဂါမ ခေတ် အပိုင်းအခြားကိုရွာစားတို့၏ အခွန်ခြင်းအားဖြင့် မှတ်သားအပ်၏၊ အဘိဓမ္မာ၌ကဲ့သို့ တံခါးခုံတည်ရာအရပ်ဖြင့်၎င်း, အဒိန္နာဒါန သိက္ခာပုဒ်၌ကဲ့သို့ တံခါးခုံတည်ရာအရပ်ဖြင့်၎င်း, အဒိန္နာနာဒါန သိက္ခာပုဒ်၌ကဲ့သို့ ပရိက္ခေပ ပရိက္ခေပါရဟဋ္ဌာနဖြင့်၎င်း, အာရညကသိက္ခာပုဒ်၌ကဲ့သို့ လေးအတာ အပြန်ငါးရာအားဖြင့်၎င်း မမှတ်အပ်ဟု ပြတော်မူ၏။

ထိုသို့ပြသဖြင့် တခုသောရွာကြီး၏ နယ်အတွင်း၌ နှစ်ရွာသုံးရွာ စသောရွာတို့ကို အသစ်တည်ထောင်၍ ထိုရွာသစ်တို့၏ နယ်အပိုင်း အခြားကို အစိုးရမင်းတို့က ပိုင်းခြားဝေဘန်၍ မပေးမထားသမျှ ကာလ ပတ်လုံး ရွာနယ်ရွာစားမကွဲပြားသောကြောင့် ရွာကြီး၏နယ်နိမိတ် အပိုင်းအခြားအားဖြင့် တစ်ခုသောဂါမခေတ် ဂါမသိမ်သာဖြစ်သည် ဟုလည်း ပြတော်မူ၏။

"သော ပန ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ" ဟူ သောစကားဖြင့် ဗဒ္ဓသိမ်၌ အငယ်ဆုံး နှစ်ကျိပ်တယောက် စည်းဝေး လောက်သော ပမာဏ, အကြီးဆုံး သုံးယူဇနာ ပမာဏရှိရသကဲ့သို့ ဤဂါမသိမ်၌ အကျဉ်းအကျယ်ပမာဏမရှိဟု ပြတော်မူ၏။

ဤအဋ္ဌကထာ၌ ရာဇပဏ္ဏဟူသော မြေပုံ၌တင်၍ နယ်သီးမပြု လုပ်သော်လည်း အခွန်သီးပြုလုပ်က ဂါမသိမ်သီးဖြစ်၏ဟု မမှတ်ယူ

အပ်၊ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ၌ နယ်သီး, အခွန်သီးပြုခြင်း နှစ်ရပ်ကို စပ်၍ ''ဂါမပရိစ္ဆေဒေါတိ သဗ္ဗဒိသာသု သီမံ ပရိစ္ဆိန္ဒိတွာ က္လမယ ပဒေသဿ တွေကော ကရောတိ ဝံ ကရေန နိယမိတော ဂါမပ္ပဒေသော'' ဟုမိန့်ဆို၏။ ထိုသို့ နယ်သီးပိုင်းခြား ပြုလုပ်မှသာ ဂါမသိမ် သီးခြားဖြစ်ခြင်းကြောင့် ပကတိဂါမ၏အတွင်း၌ ဝိသုံဂါမ ဖြစ်ပုံကိုပြသော အဋ္ဌကထာ၌ အခွန်သီးပြု၍ပေးခြင်းကို မပြမူ၍ နယ်သီးနယ်ခြားပြု၍ ရာဇပဏ္ဏသို့တင်ပြီးလျှင် ပေးခြင်းကိုသာ နီတတ္ထ ပဓာနပြု၍ ''ယမ္ပိ ကေသွိ ယေဝ ဂါမက္ခေတ္တေ ဧကံ ပဒေသံ 'အယမ္ပိ ဝိသုံ ဂါမော ဟောတု'တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ''ဟု (ဝိ၊ဋ္ဌ၊၃။၃၃၃။)ဆိုတော်မူ၏။

(ဤ၌ လူ, ရဟန်းနှစ်ပါးကို သိမ်းယူနိုင်သော ''ကဿစိ'' ဟူသော သဗ္ဗနာမ်ပုဒ်ဖြင့် ဆိုအပ်သောကြောင့် ရဟန်းလည်း ပါဝင်သင့် ၏။ ထိုစကားမှန်၏ ''ခေတ္တံ ဒေမိ၊ ဝတ္ထုံ ဒေမိ''ဟု အကပ္ပိယ ဝေါဟာရဖြင့်သော်ငင်း ရဟန်းအား ''အာရာမံ ဒေမိ''ဟု ကပ္ပိယ ဝေါဟာရဖြင့်သော်ငင်း ရဟန်းအားလှူရာ ရဟန်းသည် လယ်,ယာ, အာရာမ်တို့ကို ပိုင်း၍ အလိုရှိတိုင်း ထိုကိုပြုလုပ်နိုင်သကဲ့သို့ ဝိသုံဂါမ ပြု၍ပေးရာ ထိုဝိသုံဂါမမြေကွက်ကို ရဟန်းမပိုင် အလိုရှိတိုင်းမသုံးစွဲနိုင်၊ ထိုဝိသုံဂါမမှ အခွန်ရလျှင် ၎င်းကို ရဟန်းပိုင်၏၊ မရလျှင် မူလသူကြီး၏ အခွန်ကောက်ယူခြင်းမှ လွတ်ငြိမ်းခြင်း, နယ်သီးခြားဖြစ်သွားခြင်းကြောင့် ဝိနည်းကံ ပြုလွယ်ခြင်း အကျိုးရှိ၏။ မြေရှင်တခြား ရွာစားတခြား၏ အဖြစ် လောက၌ထင်ရှားလှ၏၊ သို့သော်လည်းရဟန်းကို သူကြီးခန့်ရိုး ထုံးစံ လောက၌ မရှိသောကြောင့်၎င်း, ''အနုဇာနာမိ ဘိက္ခဝေ အာရာမံ ပဋိဂ္ဂဟေတုံ''ဟူသော သိက္ခာပုဒ်ကိုမှီ၍ ပရူပဝါဒဖြစ်ရာသောကြောင့်

ၵင်း လေသမတ္တဖြစ်သော အပြစ်ကိုပင် နှစ်သက်တော်မမူကြသော ဝိနယဂရုကမဟာထေရ်တို့သည် ဝိသုံဂါမကို ကိုယ်တိုင်မခံကြကုန်။)
**အမိပ္ပါယ်ရှင်းလင်းစွာ သိသာစေခြင်းငှါပြန်၍ ပေါင်းပြအံ့။**

(၁) ပကတိဂါမကိုပြသော ပါဠိတော်၌ နယ်သီးခြားပြုခြင်းကိုသာဟော သည်။

(၂) ပကတိဂါမကိုပြသောအဋ္ဌကထာ ဝိနိစ္ဆယဋီကာတို့၌ အခွန်သီးခြား ပြုခြင်းကိုလည်း ဆိုသည်။

(၃) ဝိသုံဂါမကိုပြသောအဋ္ဌကထာ၌ နယ်သီးပြုခြင်းကိုသာဆိုသည်။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာသုံးရပ်ကိုစပ်၍ နယ်သီးခြားပြုခြင်း ပဓာနလက္ခဏာ, အခွန်သီးပြုခြင်း အပဓာန လက္ခဏာ တို့ဖြင့်မှတ်အပ်သော တစ်ခုသော ဂါမခေတ်ကို တစ်ခုသော ပကတိဂါမသိမ်၊ ထို၏အတွင်း အစိုးရမင်းတို့၏ အလိုဖြင့် ပိုင်းခြားအပ်သော တစ်စိတ်သောအရပ်ကို ဝိသုံဂါမသိမ်ဟု မှတ်အပ်၏။ အောက်၌ ပြအပ်ပြီးသော နဒီ,သမုဒ္ဒ,ဇာတဿရ တို့၌တည်ရှိသော ကျောက်ဆောင်, ကျွန်း,တောင်, ရေတွင်း,ဘူး,သင်္ဘောခင်းတို့ကို လူတို့၏စားကျက် မနုဿ ဂေါစရ မနုဿူပစာရအတွင်းသို့ ကျခါမျှဖြင့် ဂါမသိမ်ဟုဆိုသော အဋ္ဌကထာစကားဖြင့်လည်း အခွန်သီးပြုခြင်း၏ လိုရင်းပဓာန မဟုတ်ကြောင်းသည် ထင်ရှား၏။ ထို့ကြောင့် ကလျာဏီကျောက်စာ၌ ''ယသ္မိံ ပကတိဂါမက္ခေတ္တေကဒေသံ ယံကိဉ္စိ ကရဂ္ဂါဟပရိစ္ဆိန္နဋ္ဌာနံ ကရဂ္ဂါဟံ ဒါတုမိစ္ဆယံ ရာဇာဒီဟိ ပရိစ္ဆိန္ဒိတ္တွာ ဒိန္နံ တံဃေဝ ဝိသုံဂါမ သင်္ချံ ဂစ္ဆတိ'' ဟု အခြေအမြစ်မရှိ ဆင်မိထင်ရာဆိုသောစကားကို မမှတ်အပ်။

ဤ၌ ''ကရဂ္ဂါဟံ ဒါတုမိစ္ဆယံ''ဟူသောစကားကို ယုံကြည်၍ ''အခွန်ကောက်ယူရန် ပေးအပ်သော ရွာတစိတ်သာ ဝိသုံဂါမဖြစ်၏၊ သိမ်သမုတ်ရန် ပေးအပ်သော မြေကွက်သည် ဝိသုံဂါမ မဖြစ်''ဟု ပါဠိ,အဋ္ဌကထာ, ဋီကာ သာဓကအရိပ်အရောင်မျှမရှိဘဲလျက် အဋ္ဌကထာစကား၌ မိမိအလိုကိုထည့်စွက်သော ပရဝါဒီသည် အောက်၌ ပြဆိုပြီးသော ဝိနည်း၏စည်းကမ်းကို လွန်ကျူးခြင်းကြောင့် အစိုးရ၏ ဥပဒေကို ပြင်ဆင်၍ လျှောက်လဲသော ရှေ့နေထက်ပင် ဆိုးဝါးလေ၏။

## မြို့တွင်း၌ ဝိသုံဂါမ ဖြစ်နိုင်ပုံ

ပရဝါဒီသည် ကလေးသူငယ်တို့၏ အသိဉာဏ်မျိုးဖြင့် ကောဇ္ဇမ္ဗြို့သည် နဂရဖြစ်၍ ထိုအတွင်း၌ ဝိသုံဂါမမဖြစ်နိုင်ဟုဆိုပြန်၏။ ထိုသူတို့သည် ဝိနည်းအရာ၌ သနားဘွယ်ရာ နားမလည်သော သူ တည်း။

ထိုစကားကို ထင်ရှားအောင် ပြပေအံ့။ ပိဋကတ်တော်၌ ဂါမသဒ္ဒါ သည်မြို့,နိဂုမ်း,ရွာဟူသော အနက်သုံးပါးကို ဟောနိုင်သော သာမညသဒ္ဒါတည်း။ နိဂမသဒ္ဒါသည်ကား မိမိ၏အနက်ဝိသေသကိုသာ ဟောသော ဝိသေသသဒ္ဒါတည်း။ ထိုသဒ္ဒါနှစ်ခုသည် 'ဓမ္မဝိနယ' သဒ္ဒဒွယကဲ့သို့ သမာသာသမာသအားဖြင့် ယှဉ်တွဲလျက် ပိဋကတ် တော်၌ ကျင်လည်တတ်၏။ ထို့ကြောင့် ပတိယောဂီဒွန္ဒစာရီ သဒ္ဒဒွယဟု ဆိုသင့်ဆို ထိုက်၏။ ထိုက ^ အသမာသအားဖြင့်ကား ဝိနယ၌ ''ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿ ,ယ ဝိဟရတိ''သည် ဥဒါဟရဏ်တည်း။ အဘိဓမ္မ (အဘိ၊၊ဝိ၊၄၀၀။)၌ ''ပုန စပရံ ဘိက္ခု ဂါမံ ဝါ နိဂမံ ဝါ ပိဏ္ဍာယ စရန္တော'' ဟူသော ခုဒ္ဒကဝတ္ထု ဝိဘင်္ဂပါဠိသည် ဥဒါဟရဏ် တည်း။ သုတ္တန္တ၌ ''ဣဓ ဗျဂ္ဃပဇ္ဇ ကုလပုတ္တော ယသ္မိံ ဂါမေ ဝါ

နိဂမေ ဝါ ပဋိဝသတိ''ဟူသော အင်္ဂုတ္တရ ဗျဂ္ဃပဇ္ဇသုတ် (အံ၊၃။ ၁၀၈။)သည် ဥဒါဟရဏ်တည်း။ သမာသအားဖြင့်ကား ''ယံ ဉာဏ ဂါမနိဂမံ ဣမံ ခေါ မေ ဂါမနိဂမံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ'' ဟူသော နဝင်္ဂုတ္တရ သမ္မောဓိဂံ ဆဋ္ဌသုတ် (အံ၊၃။ ၁၇၇။)သည် ဥဒါဟရဏ်တည်း။

ဓမ္မဝိနယသဒ္ဒဒွယ၌ကား ''ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော'' ဟူသော (ဒီ၊၂။၁၂၆-၇) မဟာပရိနိဗ္ဗာနသုတ်, ''ဧဝ ရူပေ ခေါ ဘိက္ခဝေ ဓမ္မဝိနယေ ယော သတ္ထရိ ပသာဒေါ''ဟူသော မူလပဏ္ဏာသ စူဠသီဟနာဒသုတ် (မ၊၁။ ၉၆။) စသည်တို့သည် သမာသာသမာသအားဖြင့် ဥဒါဟရဏ်တို့တည်း။

ထို့ကြောင့် ဂါမသဒ္ဒါသည် မိမိချည်း တည်နေသောအခါ ဂါမ, နဂရ,နိဂမဟူသော အနက်သုံးပါးကိုဟော၏။ နိဂမဟူသော သဒ္ဒါ တစ်ပါးနှင့် ယှဉ်သောအခါ ဂေါဗလီဗဒ္ဒနျာယအားဖြင့် ယှဉ်ဘက် ပတိယောဂီသဒ္ဒါ၏အနက်မှ တပါးသောဂါမ, နဂရဟူသော အနက် နှစ်ပါးကို ဟော၏။ ဂေါဗလီဗဒ္ဒနျာယဟူရာ၌ အဓိပ္ပါယ်ကား ဂေါသဒ္ဒါ သည် မိမိချည်းတည်နေ သောအခါ နွားအားလုံးကိုဟော၏၊ ဗလီဗဒ္ဒ သဒ္ဒါနှင့်တွဲစပ်သောအခါ ယှဉ်ဘက်ပတိယောဂီသဒ္ဒါသည် ဟောအပ် သော ဝန်ဆောင်နွားဟူသော အနက်မှတစ်ပါးသော ဝစ္ဆ, ဝစ္ဆတရ, ဒမ္မ, ဇရဂ္ဂဝ, ဂါဝီတို့ကိုဟော၏။ ဥဒါဟရဏ်ကား ''ဓမ္မော စ ဝိနယော စ ဒေသိတော'' စသည်တည်း။ ဤ၌ ဓမ္မသဒ္ဒါသည် သဒ္ဒါတပါးနှင့် မတွဲမဘက် မိမိချည်းသက်သက် တည်နေသော ''ပဒသော ဓမ္မံ ဝါစေယျ'' စသောအရာ၌ သုတ္တ, အဘိဓမ္မ, ဝိနယသုံးပါးကိုဟော၏။ ဤ၌ကား ဝိနယဟူသောသဒ္ဒါတပါး နှင့် ယှဉ်သောကြောင့် ယှဉ်ဘက်

ပတိယောဂီသဒ္ဒါ၏ အနက်မှ တစ်ပါးသော သုတ္တ အဘိဓမ္မဟူသော အနက်နှစ်ပါးကိုဟော၏။

ထို့အတူ "ယံ ဂါမံ ဝါ နိဂမံ ဝါ"ဟူရာ၌ ဂါမသဒ္ဒါသည် နိဂမသဒ္ဒါနှင့်ယှဉ်သောကြောင့် ယှဉ်ဘက် ပတိယောဂီသဒ္ဒါ၏ နိဂုမ်း ဟူသော အနက်မှကြွင်းသော မြို့, ရွာဟူသော အနက်နှစ်ပါးကို ဟော၏။ ထို့ကြောင့် အဋ္ဌကထာ၌ "ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ" ဟုမြို့ကို ဂါမသဒ္ဒါ၏ အနက်တွင်းသို့သွင်း၍ ဘွင့်တော်မူ၏။ (ဤ၌ ပရဝါဒီကဲ့သို့ "ဝါသဒ္ဒေန"ဟု မဆိုမူ၍ "ဂါမဂ္ဂဟဏေန" ဟု အဋ္ဌကထာဆိုသည်ကို သတိပြု။) နိဂမသဒ္ဒါနှင့် မယှဉ်မူ၍ မိမိချည်းသက်သက် တည်နေသောအခါ မြို့, နိဂုမ်း, ရွာဟူ သော အနက်သုံးပါးလုံးကို ဟော၏၊ ထို့ကြောင့် "ဥပေတွာ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ"ဟူသော အဝိပ္ပဝါသ ကမ္မဝါစာပါဠိ (ဝိ၊ ၃၊ ၃။၃၃၁။)၌ "ဧတ္ထ စ နိဂမနဂရာနမ္ပိ ဂါမေနေဝ သင်္ဂဟော ဝေဒိတဗ္ဗော"ဟူ၍ဖွင့်။ "ဂါမာ ဝါ အရညာ ဝါ"ဟူသော အဒိန္နာဒါန သိက္ခာပဒပါဠိ၌ "ဣမသ္မိဥ္စ သိက္ခာပဒေ နိဂမောပိ နဂရမ္ပိ ဂါမဂ္ဂဟဏေနေဝ ဂဟိတန္တိ ဝေဒိတဗ္ဗံ"(ဝိ၊ ၃၊ ၁။၂၅၉။)ဟူ၍ဖွင့် အဋ္ဌကထာဆရာ ဘွင့်တော်မူ၏။

အထူးကား "ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ" ဟူသောပါဠိ, "ဥပေတွာ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ" ဟူသော အဝိပ္ပဝါသကမ္မ ဝါစာ, "ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ" ဟူသော အဒိန္နာဒါန် သိက္ခာပုဒ်စသည်၌ ဂါမဗ္ဘန္တရဝိဟာရ, ဂါမန္တ ဝိဟာရတို့သည် ဂါမသို့ဝင်ကုန်၏၊ "ယော ပန ဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသေယျ"စသော သိက္ခာပုဒ်တို့၌ ကျောင်း တိုက်သည် ဂါမသို့ မဝင်ဟုမှတ်အပ်၏။

ပရဝါဒီဆိုတိုင်း နဂရကို ဂါမသဒ္ဒါဖြင့် မယူနိုင်ပါမူ အဝိပ္ပဝါသကမ္မဝါစာ၌ နဂရ, နိဂမသဒ္ဒါမပါသောကြောင့် မြို့, နိဂုမ်း တို့၌ရင်း, အန္တောဂါမ ဝိဟာရတို့၌ရင်း ထိုသိမ်သက်၏ဟူ၍ရင်း၊ အဒိန္နာဒါန်သိက္ခာပုဒ်၌ ''ဂါမာ ဝါ အရညာ ဝါ''ဟုသာ ဟောတော်မူခြင်းကြောင့် မြို့,နိဂုမ်းတို့မှသော်ရင်း, ဂါမန္တဝိဟာရမှသော်ရင်း အဘိုးထိုက် ဝတ္ထုကိုပင်ခိုးသော်လည်း ပါရာဇိကအာပတ်မသင့်ဟူ၍ရင်း၊ ''ယော ပန ဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ ဂါမံ ပဝိသေယျ'' ဟူသော သိက္ခာပုဒ်၌ ဂါမသဒ္ဒါကိုသာ ဟောတော်မူခြင်းကြောင့် မြို့တွင်းသို့မူ ထိုသိက္ခာပုဒ်ကို မကျင့်ဘဲ သွားသင့်၏ဟူ၍ရင်း၊ ဤသို့စသည်ဖြင့် များစွာသော အနဋ္ဌပ္ပသင်္ဂတို့သည် ဝင်ရောက်လာကုန်၍ ဝိနည်း ပိဋကတ်တော်တခုလုံးကို ဖျက်ဆီးပစ်ရာ ရောက်လတံ့။ (ပါတိမောက်၏ အဓိပ္ပါယ်ကိုမျှ နားမလည်ဘဲလျက် ဝိနယရေ ပြုလုပ်နေခြင်းသည် ထိတ်လန့်ဘွယ်ကောင်းလေစွ၊ လက်ာကျွန်း၌ ဝိနယသာသနာ တိုးပွားပါစေသတည်း။)

ဤ၌ပြဆိုခဲ့ပြီးသော ပါဠိ,အဋ္ဌကထာသာဓကတို့ဖြင့် ဂါမသဒ္ဒါသည် မြို့,ရွာ,နိဂုမ်းဟူသော အနက်သုံးပါးကို ဟောနိုင်သောကြောင့် ကောဠမ္ဗမြို့တွင်း၌ ဝိသုံဂါမသိမ် ဖြစ်နိုင်၏ဟု စင်စစ် မုချမှတ်အပ်၏။

ပရဝါဒီသည် ''ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ'' ဟူသောပါဠိကို တစ်ပါးသော ပါဠိအဋ္ဌကထာတို့ကိုလည်း မထောက်ဆတတ်၊ အသင့်ယုတ္တိ ရှိ မရှိကိုလည်း မဆင်ခြင် မစဉ်းစားတတ်သောကြောင့် သဗ္ဗသင်္ဂါဟကအနဝသေအပရိယာဒါန စကားထင်ပြီးလျှင် အသမ္မတာယ သီမာယ အဋ္ဌပိတာယ ယံ ဝိသုံ ဂါမံ ဥပနိဿာယ

ဝိဟာရတိယာ တဿ ကေ့ပေါသထာ''ဟု ဗျတိရေကပါဠိကို စီလုပ်၍ ရဟန်းမှီ နေလောက်အောင် အိမ်, လယ်, ယာရှိမှ ဝိသုဒ္ဓိမဂ်ဟု ယံ ဝါ တံ ဝါ မုခါရုဠှစကားကိုဆိုပြန်၏၊ ထို ''ယံ ဂါမံ ဝါ'' စသော ပါဠိကား သဗ္ဗသင်္ဂါဟက အနဝသေသပရိယာဒါန စကားမဟုတ်၊ လောကပ္ပသိဒ္ဓိ ဂါမနိဂမတို့ကိုရည်၍ ဟောတော်မူအပ်သော စကား တော်သာတည်း။ ထိုအကြောင်းကို နဒီ, သမုဒ္ဒ, ဇာတဿရတို့၌ရှိ သော ကျောက်ဆောင်, ကျွန်း, တောင်တို့ကို မနုဿဂေါစရ မနုဿူ ပစာရအတွင်းသို့ကျရောက်ရုံမျှနှင့် အိမ်, လယ်,ယာမရှိသော်လည်း ဂါမသီမာဟု အဋ္ဌကထာ၌ဆိုသောကြောင့်၎င်း၊ ပါရာဇိကကဏ္ဍ ပါဠိတော်၌ 'ဂါမောနာမ ဧကကုဋိကောပိ ဂါမော ဒွိကုဋိကောပိ ဂါမော' ဟု ဧကကုဋိကဂါမ (တအိမ်သာရှိသောရွာ)ကို ဟောတော်မူခြင်း ကြောင့်၎င်း သိအပ်၏။

ထိုပါဠိ၏အဓိပ္ပါယ်ကို ထင်စွာပြဦးအံ့။ ''ဧကကုဋိကောပိ ဂါ မော၊''ဟု သာမညအားဖြင့် ဟောတော်မူခြင်းကြောင့် လယ်လုပ် ယောကျ်ား၏အိမ်သာ ဂါမမည်သည်ဟု မမှတ်အပ်၊ ကောသမ္ဗ ကက္ခန္ဓက(ဝိ၊၃။၄၉၇။) ၌၎င်း မူလပဏ္ဏာသစူဠဂေါသိင်္ဂသာလဝနသုတ် (မ၊၁။၂၆၆။)စသည်၌၎င်း ''အဒ္ဒသ ခေါ ဒါယ ပါလော ဘဂဝန္တံ ဒူရတောဝ အာဂစ္ဆန္တံ''ဟုလာသော ပါစီနဝံသဒါယမည်သော တော၏ တောစောင်ကဲ့သို့သော တောစောင့်၏ တစ်ခုတည်းသော အိမ်သည် လည်း ဂါမမည်၏။ အဒိန္နာဒါနသိက္ခာပုဒ်စသည်၌ ဂါမ, ဂါမူပစာရ အရကို ''ပရိက္ခိတ္တဂါမဖြစ်အံ့ ပရိက္ခေပ၏အတွင်းသည် ဂါမ၊ ပရိက္ခေပ မှ ပြင်ပခဲတကျသည် ဂါမူပစာရ''ဟု, ''အပရိက္ခိတ္တဂါမဖြစ်အံ့၊ ဃရူပစာရမှ ပြင်ပ ခဲတကျသည် ဂါမ၊ ထိုမှပြင်ပ ခဲတစ်ကျသည်

ဂါမူပစာရ''ဟု ယူအပ်သကဲ့သို့ ထို့အတူ ဤသီမာဝိနိစ္ဆယအရာ၌ မယူအပ်။ ဤ၌ကား ''ဌပေတွာ ဂါမဥ္စ ဂါမူပစာရဥ္စ''ဟူသောပါဠိတော်၌ ''ဂါမူပစာရောတိ ပရိက္ခိတ္တဿ ပရိက္ခေပေါ အပရိက္ခိတ္တဿပရိက္ခေပေါ ကာသော၊''ဟု (ဝိ၊ ၃၊ ၃။ ၃၃၁။) အဋ္ဌကထာဆရာ ဘွင့်ခြင်းကြောင့်၎င်း၊ ဝဇိရဗုဒ္ဓိဋီကာ(ဝဇိရ၊ ၄၅၆။)၌ ''ဌပေတွာ ဂါမဥ္စ ဂါမူ ပစာရဥ္စ ဌပေတွာ၊ ကေစိ 'ပရိက္ခိတ္တံ သန္ဓာယ ဂါမန္တိ ဝုတ္တံ၊ အပရိက္ခိတ္တံ သန္ဓာယ ဂါမူ ပစာရ 'န္တိ ဝဒန္တိ၊ တံ ပန အဋ္ဌကထာယ ဝိရုဇ္ဈတိ၊ တသ္မာ နိဝေသန ရစ္ဆာယော သန္ဓာယ ဂါမံ, ပရိက္ခေပါရဟဋ္ဌာနာနိ သန္ဓာယ ဂါမူပစာရန္တိ စ ဝုတ္တံ''ဟု ဆိုခြင်းကြောင့်၎င်း, အိမ်, လမ်းစသော ရွာတွင်းကို ဂါမဟု, ပရိက္ခေပရှိလျှင် ပရိက္ခေပ, မရှိလျှင် ပရိက္ခေပါရဟဋ္ဌာနကို ဂါမူပစာရဟု ယူအပ်၏၊ ထို့ကြောင့် ဒါယပါလ၏ အိမ်တံစက်မြိတ်အတွင်းကိုဂါမ၊ ထို၏ပရိက္ခေပပရိက္ခေပါရဟဋ္ဌာနကို ဂါမူပစာရဟု မှတ်အပ်၏။ ၎င်း၏အိမ်သည် ကျယ်ဝန်းလှပါမူ ဆယ်တောင် ပတ်လည်ရှိရာ၏၊ ထိုအိမ်၏ ပရိက္ခေပသည်လည်း ဝန်းကျင်ပတ်လည် ဆယ်တောင်စီ ရှိရာ၏၊ ထိုအတွင်း ၎င်း၏ သုံးဆောင်ရန် ရေတွင်း ဟင်းရွက်ဟင်းသီးခင်းတို့သည်လည်း ရှိကုန်ရာ၏၊ ထိုပတ်လည် အတောင်သုံးဆယ်လောက်ရှိသော ဒါယပါလ၏ ဂါမ၌ ရဟန်း၏ ကျောင်းဆောက်မှီနေလောက်အောင် အရပ်အကွက် မရှိသောကြောင့် ပရဝါဒီ၏အလိုအားဖြင့် ထိုဒါယပါလ၏ ကေကုဋီက ဂါမသည် ဂါမမမည်သင့်ဟူသော အနိဋ္ဌပသင်္ဂရောက်၏။ ထို့ကြောင့် ''ယံ ဂါမံ ဝါ နိဂမံ ဝါ'' စသော ပါဠိကိုသဗ္ဗသင်္ဂါဟက အနုဝသေသ ပရိယာဒါန စကားမဟုတ် လောကပသိဒ္ဓ ဂါမ နိဂမတို့ကိုရည်၍ ဟောတော်မူ အပ်သောစကားဟုသာ မှတ်အပ်၏။

တစ်နည်းလည်း ''ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ''ဟူသောစကားကို ဝိနည်းကံနှင့် စပ်သောအရာ၌ ဟော တော်မူအပ်သောကြောင့် ဝိနည်းကံပြုခြင်း၄ါ အကြင်ဂါမသိမ်၌ ရဟန်းသည် နေ၏၊ ထိုဂါမသိမ်ကို ရည်၍ ဟောတော်မူအပ်၏။ ကျောင်းထိုင်၍ဖြစ်စေ, ဆွမ်းခံ၍ဖြစ်စေ မှီနေအပ်သောရွာကိုရည်၍ ဟော တော်မမူအပ်။ ထိုကိုရည်၍ ဟောတော်မူအပ်သည်ဟု ပရဝါဒီက ဆိုငြားအံ့၊ ရဟန်းသည်ကျောင်းထိုင် ၍ဖြစ်စေ, ဆွမ်းခံ၍ဖြစ်စေ မမှီနေအပ် သော ဂါမ နိဂမတို့သည် ထိုရဟန်း၏ သမာနသံဝါသ ကေ့ပေါ်သထ သိမ် မဟုတ်သောကြောင့် ထို၌သွား၍ တစ်စုံတစ်ခုသောဝိနည်းကံကို မပြုကောင်းဟူသော အနိဋ္ဌပသင်္ဂရောက်၏။

'ဂါမသီမာ'ပုဒ်ကို 'ဂါမဿ သီမာ ဂါမသီမာ'ဟု ဝိဂ္ဂဟပြု၍ အိမ်နှင့်တကွသော ရွာနယ်ကိုဖြစ်စေ၊ ပြဆိုခဲ့ပြီးသော အဋ္ဌကထာနည်းဖြင့် အိမ်ပင်မရှိသော်လည်း မနုဿူပစာရဖြစ်၍ ဂါမဟု လောက၌ လူတို့ သည် ပညတ်အပ်သော အရပ်ကိုဖြစ်စေယူ။ ထိုကဲ့သို့သော တပ္ပုရိသ် သမာသ်ကို ဗျာကရုဏ်းဆရာတို့က 'အဇဟမာနသကတ္ထဝုတ္တိ' ဟု ဆိုကုန်၏။ (အဇဟမာနာနိ ပဒါနိ သကတ္ထံ ယဿာ သာ အဇဟမာန သကတ္ထာ၊ သာ စ သာ ဝုတ္တိ စာတိ အဇဟမာနသကတ္ထဝုတ္တိ ဟု ဝိဂ္ဂဟပြု။) ဝိမတိဝိနောဒနီဋီကာ, ဝိနယာလင်္ကာရဋီကာတို့၌ကားဆိုခဲ့ပြီး သောနည်းဖြင့် တပ္ပုရိသ်သမာသ်ပြုလျှင်ပါဠိတော်နှင့်ပင်ညီသော်လည်း အနက်ကို အသိခက်သောကြောင့် ကင်္ခါဝိတရဏီအဋ္ဌကထာ(ကင်္ခါ၊၁၁၄) ၌ ''အတ္တံ ဟိ နာထော သရဏံ အဝေါစ၊ န ဗျဉ္ဇနံ လောကဟိတော မဟေသိ၊ တသ္မာ အကတွာ ရတိမက္ခရေသု၊ အတ္ထေ နိဝေသေယျ မတိံ မုတီမာ''ဟု ဆိုအပ်သော အဋ္ဌကထာဆရာ၏ အနုသာသနီကို

နှလုံးသွင်း တော်မူ၍ ''ဂါမော ဧဝ သီမာ ဂါမသီမာ'' ဟု အနက်ကို သိလွယ်စေ ခြင်းငှါ ဝိသေသနသမာသ် ပြုကြကုန်၏။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ (ဝိမတိ၊၂။၁၅၆။) ၌ ''<u>ယာ တဿ ဂါမဿ ဝါ ဂါမသီမာ</u>တိဣဒ္ဓေ ဂါမသီမာပရိစ္ဆေဒဿ အန္တော စ ဗဟိ စ ခေတ္တ ဝတ္ထုအရညပဗ္ဗတာဒိကံ သဗ္ဗံ ဂါမခေတ္တတ္တံ သန္ဓာယ ''ဂါမဿာ''တိ ဝုတ္တံ၊ န အန္တရဃရမေဝ၊ တသ္မာ တဿ သကလဿ ဂါမက္ခေတ္တဿ သမ္ဗန္ဓနီယာ ဂါမသီမာတိ ဧဝမတ္ထော ဝေဒိတဗ္ဗော၊ ယော ဟိ သော အန္တရဃရခေတ္တာဒီသု အနေကေသု ဘူမိဘာဂေသု ''ဂါမော''တိ ကေဝလ္လေန လောကဇနေဟိ ပညတ္တော ဂါမဝေါဟာရော၊ သော၀ ဣဓ ''ဂါမသီမာ''တိပိ ဝုစ္စတီတိ အဓိပ္ပါယော၊ ဂါမော ဧဝ ဟိ ဂါမသီမာ'' ဟု ဆိုတော်မူ၏။

(အလွန်များမည်စိုးသောကြောင့် ဝိနယာလင်္ကာရဋီကာ ပါဌ်ကိုမဆောင် အပ်သတည်း။)

ထို့ကြောင့် ရဟန်းတို့ မှီခိုနေထိုင်လောက်အောင် အိမ်,လယ်, ယာတို့နှင့်ပြည့်စုံသော ရွာသီးသည်သာ ဝိသုံဂါမသီမာဟုဆိုသော ပရဝါဒီ၏စကားကို စွန့်ပစ်အပ်၏။

အချို့သူတို့သည် တောင်ကာလုတရ, မြောက်ကာလုတရ' ဟူသကဲ့သို့ လောက၌ ထင်ရှားအောင် နှစ်ရွာတွဲမှ ဝိသုံဂါမဟု အခြေ အမြစ်မရှိသော စကားကို ဆိုကုန်၏။ ထိုသူတို့သည် ဂါမိက ဗာလဇနတို့ ၏အသိကို ပမာဏပြုသော သူတို့သာတည်း။ ထိုသူတို့၏အလိုအားဖြင့် အောက်၌ပြဆိုခဲ့ပြီးသော နဒီ,သမုဒ္ဒ,ဇာတဿရအတွင်းရှိ ကျောက်ဖျာ, ရေတွင်း,ဘူး,သခွားခင်းတို့သည် လူအပေါင်းတို့က တခုသောဂါမဟု မသိကြသောကြောင့် ဝိသုံဂါမဖြစ်ရာ။

ထို့ပြင် မင်းက နယ်သီးမပြုအပ်သော်လည်း လောကဝေါဟာရအားဖြင့် နှစ်ရွာတွဲလျှင်ပင် ဝိသုံဂါမ ဖြစ်ရာ၏။ ထိုကဲ့သို့ကား မဖြစ်ချေ။ ထိုစကားမှန်၏။ အချို့ရွာသည် အလယ်၌ရှိသော ချောင်းငယ်မြောင်းငယ်ကိုမှုစွဲ၍ အရှေ့ရွာ, အနောက်ရွာဟု လောက၌ ထင်ရှား၏ အချို့ရွာသည် ရှေးအဘို့၌ ရွာငယ်နှစ်ခုဖြစ်၍ နောက်တဖြည်းဖြည်း စည်ကားလာပြီးလျှင် တစ်ရွာတည်းကဲ့သို့ဖြစ်နေ၏။ ရွာသူရွာသားတို့၏ အမှတ်အသားမျှဖြင့်သာ ပိုင်းခြားနိုင်၍ တစပ်တည်း ဖြစ်နေ၏၊ အမည်အားဖြင့်ကား 'ဤမည်သောရွာ' ဤမည်သောရွာ'ဟု ကွဲပြား၏၊ ရွာသူရွာသားတို့ကလည်း မိမိတို့သည် 'ဤမည်သောရွာသား, ဤမည်သောရွာသား'ဟု ခွဲခြား၍ပင် ပြောဆိုကြကုန်၏။ သို့သော်လည်း ထိုနှစ်ရွာကို အုပ်ချုပ်သောသူကြီးမှာ တဦးတည်းဖြစ်၍ ရာဇပဏ္ဏဟူသော အစိုးရ၏မြေပုံ၌လည်း တရွာတည်း, တနယ်တည်းသာဟု ပိုင်းခြားလျက်ရှိ၏။ ထိုကဲ့သို့သောရွာသည် လောကဝေါဟာရအားဖြင့် နှစ်ရွာဟု သိခြင်း မသိခြင်းသည်၎င်း၊ အခွန်အတုတ်ရခြင်း, မရခြင်းသည်၎င်း၊ မြေနယ်အကျဉ်းအကျယ်သည်၎င်း ပမာဏမဟုတ်၊ ရာဇပဏ္ဏဟူသော အစိုးရ၏မြေပုံ၌တင်၍ ခွဲခြမ်း ပေးကမ်း ခြင်းသည်သာ ပမာဏဟု သန္နိဋ္ဌာန်ကျ မှတ်အပ်၏။

## သမိုင်းဝင် ဝိသုံဂါမသိမ်များ

ဤဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကို အာစရိယပရမ္ပရာဘတ ဝိနိစ္ဆယဖြင့် ကောင်းစွာသိရှိကုန်သော ဝိနယဓရတို့သည် မြန်မာပြည်၌ ၎င်း, ရာမညတိုင်း၌၎င်း သံဃာပေါများ၍ သုဓ်သင်ခြင်းငှါ ခဲယဉ်းသော မြို့ကြီးတို့၌ ရှေးနှစ်ပေါင်းများစွာက အစပြု၍ ယခုထက်ထိအောင် ဝိသုံဂါမပြု၍သာ သိမ်သမုတ်ကြကုန်၏။ ထိုသို့ နှစ်ပေါင်းများစွာက

အစပြု၍ အသုံးပြုခဲ့ခြင်းသည်လည်း လွန်ခဲ့သောနှစ်ပေါင်း ၄၆၀–ကျော်က ရေးသားသော ကလျာဏီကျောက်စာဖြင့် ထင်ရှား၏။

## သီဟိုဠ်ကျွန်း၌လည်း ဝိသုံဂါမ ရှိခဲ့ပုံ

ထိုဝိသုံဂါမသိမ်ကို မြန်မာပြည်၌သာ မဟုတ်၊ ဤသီဟိုဠ်ကျွန်း၌လည်း လွန်ခဲ့သောနှစ်ပေါင်း ၄၇၀–ကျော်က မြန်မာမထေရ်မြတ်တို့ သမုတ်ခဲ့ဘူးကြောင်းသည် ရှေးဟောင်းကျမ်းဂန်တို့၌ ထင်ရှား၏။ ထင်ရှားပုံကား ဆပ္ပဒမထေရ်ဟု ထင်ရှားကျော်စောသော သဒ္ဓမ္မဇောတိပါလမဟာ ထေရ်သည် မိမိစီရင်အပ်သော (၁) ကစ္စာယနသုတ္တနိဒ္ဒေသ (၂) အဘိဓမ္မတ္ထသင်္ဂဟာသင်္ခေပဝဏ္ဏနာဋီကာ (၃)သီမာလင်္ကာရဋီကာ တို့၏နိဂုမ်း၌–

"ပုဏ္ဏေ ဒသေ နဝနဝုတ္တိဂုဏော စ (၉၉၀) ဝဿေ,
ဝဿေ သဟဿဂဏနေ (၁၀၀၀) ဇိနနိဗ္ဗုတမှာ၊
ဣဒ္ဓါရိမဒ္ဒနပုရာ ဝရတမ္ဗပါဏီ,
ပတ္တာန ယော သီရိပရက္ကမဗာဟုဘူပံ။

နိဿာယ သာသနမလံ သုဝိသောဓယိတွာ,
ဘိက္ခူဟိ ဉာတဝိနယေဟိ သုသညတေဟိ၊
ဗန္ဓာပယီ ပုရဝရေ ဇယဝဍ္ဎနေ့,
သီမံ ဝိပတ္တိရဟိတံ ဝိနယာနုရူပံ။ "

စသည်ဖြင့် မိန့်ဆို၏။ (၁–၂–ကျမ်းတို့သည် သီဟဠက္ခရဖြင့် ပုံနှိပ်ပြီး ရှိကုန်၏။)

**အဓိပ္ပါယ်ကား။** သာသနာသက္ကရာဇ် (၁၉၉၀)ခရစ်သက္ကရာဇ်(၁၄၅၅)

ခုနှစ်၌ မြန်မာနိုင်ငံ အရိမဒ္ဒနမြို့မှ ဤသီဟိုဠ်ကျွန်းသို့လာ၍ သိရိပရက္ကမဗာဟုမင်းကို အမှီပြုပြီးလျှင် သာသနာတော်၏ အညစ်အကြေးကို ကောင်းစွာသုတ်သင်၍ ဝိနည်းကိုတတ်မြောက်ကုန်သော လင္ကာပေသာလ ဝိနယကုက္ကုစ္စကရဟာန်းတို့ကို စေခိုင်း၍ မိမိပဓာန သံဃထေရ်ပြုပြီးလျှင် ဇယဝဒ္ဓ (ကောဋ္ဋ) မည်သော ရာဇဓာနီ မင်းနေပြည်၌ ဝိနယာနုရူပဖြစ်သော ဝိပတ္တိမှကင်းသော သိမ်ကိုသမုတ်၏ ဟူလို။

ဤ၌ သံဃာပေါ်များ၍ သုတ်သင်ခြင်းငှါ ခဲယဉ်းသော ရာဇဓာနီ မင်းနေပြည်ဖြစ်သော ဇယဝဒ္ဓနမြို့၌ ဝိသုံဂါမသိမ်မှတပါး နိရာသင်္ကဖြစ်သောသိမ်ကို မသမုတ်နိုင်သောကြောင့် ဝိသုံဂါမသိမ်ဟု မှတ်အပ်၏။

## ဝိသုံဂါမ အယူမှားများ

ထိုသို့ သမုတ်လာကြရာ အချို့သော သဒ္ဒါတရားနည်းပါး၍ မြေကို မိမိတို့သာ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အထင်မှားသော မင်းတို့လက်ထက်၌ ဝိသုံဂါမပေးက မြေဆုံးသည်ဟု ထင်သောကြောင့် မပေးဘဲရှိရာ အချို့မထေရ်တို့သည် ပရိယာယ် တာဝကာလိကပြု၍ နယ်ခွဲကာမျှဖြင့်ပင် အပ်သည်ဟုထင်၍ ထိုကဲ့သို့ ပြုလုပ်ကြကုန်၏။ ထိုကိုရည်၍ ဝိနယာလင်္ကာရဋီကာ၌ ကေစိဝါဒ အပရေဝါဒပြုလုပ်၍ ပြဆိုသည်။ ပရိယာယ်မျှ မဟုတ်ဘဲ ရာဇနီတိနှင့်အညီ ပေးသော ဝိသုံဂါမကိုရည်၍မဆို၊ ထိုအကြောင်းကို "ကေဝလံ ဘိက္ခူနံ အနုမတိယာ တာဝကာလိကဝသေနေဝ ဉြကာသံ ကရောတိ"ဟု ကေစိဝါဒ၌ ပြအပ်သောစကားကိုထောက်၍ သိအပ်၏၊ ထို့ကြောင့် မြန်မာရာဇဝံသ, သာသနဝံသတို့ကို မသိဘဲလျက် "ဝိနယာလင်္ကာရဋီကာဆရာသည်ပင် မြန်မာပြည်၌ ဝိသုံဂါမသိမ်သမုတ်နည်းကို ပယ်ဖျက်အပ်ပြီ"ဟု ပရဝါဒီစွပ်စွဲသောစကားကို မမှတ်အပ်။

ဝိနယာလင်္ကာရဋီကာ၌ကား နိဂမ, နဂရသိမ်ဖြစ်၍ များစွာသော ရဟန်းတို့ဖြင့် ပြွမ်းသောကြောင့် သုဓ်သင်ခြင်းငှါခဲယဉ်းမှု မင်းတို့သည် ပိုင်းခြားအပ်သော ဝိသုံဂါမကို သုဓ်သင်၍ သမုတ်အပ်ကြောင်းကို "ယဒိ ပန ပကတိဂါမသီမာ အတိဝိတ္ထာရာ ဟောတိ နိဂမသီမာ နဂရသီမာ ဝါ ဟောန္တိ ဗဟူနံ ဘိက္ခူနံ နိသိန္နဋ္ဌာနသဥ္စရဏဋ္ဌာနတ္တာ သောဓေတုံ ရက္ခိတုံ ဝါ န သက္ကောန္တိ၊ ဝေဠု သတိ ပထဝိသာရရာဇူဟိ ပရိစ္ဆိန္နာယ ဝိသုံဂါမသီမာယ သုဋ္ဌု သောဓေတွာ သုရက္ခိတံ ကတွာ သီမာသမ္မုဟနနသီမာသမ္မုတိကမ္မံ ကာတဗ္ဗံ"ဟု မိန့်ဆို၏။

ဤ၌ မြို့ကြီးတို့၌နေသောရဟန်းတို့သည် သုဓ်သင်ခြင်းငှါ ခဲယဉ်း သောကြောင့် ထို၌ သိမ်မသမုတ်နိုင်လျှင် တောရွာသို့သွား၍ သိမ်သမုတ် ရမည်ဟု ဆိုလိုသည်မဟုတ်၊ ထိုမြို့ကြီး၏အတွင်း၌ပင် သိမ်သမုတ်ရန် ဒါယကာတို့ကို ဝိသုံဂါမတောင်းခံစေ၍ မင်းက ရာဇနိတိနှင့်အညီ ပိုင်းခြား၍ပေးအပ်သော ဝိသုံဂါမ၌ သိမ်သမုတ်ရမည် ဆိုလိုသည်။

အချို့သူတို့သည် ဝိမတိဝိနောဒနီဋီကာ(ဝိမတိ၊၂။၁၅၇။) ၌ "သာ စ ရာဇိစ္ဆာဝသေန ပရိဝတ္တိတွာ သမုပ္ပန္နာ အဘိနဝါ ကြတရာ စ အပရိဝတ္တာ ပကတိဂါမသီမာ စ"ဟု ဆိုသောကြောင့် ရဟန်းတို့၏ ပယောဂမရှိဘဲလျက် မင်း၏ အလိုအလျောက် ခွဲဝေပေးကမ်းသော ရွာသည်သာ ဝိသုံဂါမဟု ဆိုကုန်၏။ ထိုသူတို့သည် လောက, သာသနာနှစ်ပါး၌ ထင်ရှားသော ပေးခြင်း, ယူခြင်းလက္ခဏာကိုမျှ မသိသောသူတို့တည်း။ 'ရာဇိစ္ဆာဝသေန'ဟူသောစကားဖြင့် နယ်ကို ခွဲနိုင်, ပေါင်းနိုင်သော အမိန့်အာဏာမရသော လက်အောက် အစိုးရ ငယ်တို့သည် တံဖိုးစား၍ ခွဲပေးသောရွာ၊ ရွာသားတို့၏ အလိုအလျောက် ခွဲသောရွာ၊ တစ်ခုသော ရွာနယ်အတွင်း၌ နောက်ထပ် အသစ်တည်

ထောင်သော ရွာတို့သည် မင်းက အသိအမှတ်ပြု၍ နယ်သီးမပြု သမျှ ကာလပတ်လုံး ဝိသုံဂါမ မဖြစ်ကုန်ဟု ဋီကာဆရာပြသည်ဟု မှတ်အပ်၏။

အချို့သူတို့သည် ''တွေကကရီသမတ္တော ပဒေသော ပုရိမဂါမတော ဝိသုံဂါမော ဟောတူတိ''ဟုဆိုသော ဝိနယာလင်္ကာရဋီကာကိုမှီ၍ ယုတ်သောအပိုင်းအခြားအားဖြင့် တကရီသကျယ်မှ ဝိသုံဂါမသီမာဟု ယုတ္တိသာဓကမရှိသောစကားကို ဆိုကုန်၏၊ ဋီကာ၌ 'တွေကကရီသ မတ္တော'ဟူသောစကားသည် သန္နိဋ္ဌာနစကား မဟုတ်၊ လောက၌ ဤရွာနယ်သည် လေးကရီသရှိ၏, ငါးကရီသရှိ၏ စသည်ဖြင့် ပြောဆိုသော လောကဝေါဟာရမျှကိုလိုက်၍ ဆိုသောစကားသာ ဖြစ်၏၊ ထိုသူတို့၏ အဆိုအတိုင်းဖြစ်လျှင် အောက်၌ပြဆိုခဲ့သော ပါဠိ, အဋ္ဌကထာတို့နှင့် ဆန့်ကျင်သည့်ပြင် ကရီသအပိုင်းအခြားကို ကေန္တနိယမ သိနိုင် ရန်ခဲယဉ်း၍ ယုံမှားဘွယ်ကိုများစွာဖြစ်စေခြင်းစသော အပြစ်တို့နှင့်ယှဉ် သောကြောင့် ဋီကာစကားကို ပယ်ဖျက်ပစ်လိုက်ရ ရာ၏။

ယုံမှားဘွယ်တို့ကိုပြပေးအံ့။ မာဂဓအောဘိဓာန်၌ ''ကရီသံ စတုရမ္မဏံ''ဟု ဆိုသောကြောင့် လေးအမ္မဏ မျိုးစပါးကြဲလောက်သော အရပ်သည် တကရီသမည်၏၊ ''ကောဒသဒေါဏာ တု အမ္မဏံ''ဟု ၎င်း၌ ဆိုသောကြောင့် တအမ္မဏ၌ (၁၁)ဒေါဏရှိ၏။ ထို့ကြောင့် ထိုဆရာ့အလို မျိုးစပါး(၄၄)ဒေါဏ ကြဲလောက်သောအရပ်သည် တကရီသ ဖြစ်ရာ၏။ အရှင်ဓမ္မပါလဆရာကမူ မဟာပရိနိဗ္ဗာနသုတ် ဋီကာ (ဒီ၊ဋီ၊၂။၁၈၁။) ၌ ''ဒွိကုမ္ဘံ သကဋ္ဌံ၊ ကုမ္ဘော ပန ဒသမ္ဗဏောတိ ဝဒန္တိ''ဟူ၍၎င်း၊ မဟာဂေါဝိန္ဒသုတ်ဋီကာ (ဒီ၊ဋီ၊၂။၂၁၈။)၌ ''<u>သကဋ္ဌ</u>

သဟာဿမတ္တန္တိ ဝါဟသဟဿမတ္တံ၊ ဝါဟော ပန ဝီသတိ ခါရိ၊ ခါရိ သောဠသဒေါဏမတ္တာ၊ ဒေါဏံ သောဠသ နာဠိယော ဝေဒိတဗ္ဗော၊ ကုမ္ဘံ ဒသမ္ဗဏာနိ ,သဟာဿနာဠိယောတိ ကေစိ''ဟူ၍ ငှင်းဆို၏။ ဤဋီကာတို့၌ ဒွိကုမ္ဘနှင့် ဝါဟသည် အတူတူဖြစ်၍ ကေကုမ္ဘနှင့် ဒသခါရိညီမျှ၏၊ ထို့ကြောင့် ထိုဆရာ၏အလိုအားဖြင့် (၆၄)ဒေါဏ မျိုးစပါးကြဲလောက်သော အရပ်သည် တကရီသဖြစ်ရာ၏။

ဤဆရာ၏ဝါဒသည် ပြဆိုလတ္တံ့သော အဋ္ဌကထာတို့၌ ညီညွတ်၏။ ညီညွတ်ပုံကား မဟာပရိနိဗ္ဗာနသုတ္တဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။ ၁၇၈။)၌ ''တေသု ခတ္တိယမဟာသာလာ နာမ ယေသံ ကောဋိသတမ္ပိ ကောဋိသဟဿမ္ပိ ဓနံ နိခဏိတွာ ဌပိတံ၊ ဒိဝသပရိဗ္ဗယော (ကေ ကဟာပဏသကဋံ နိဂ္ဂစ္ဆတိ) သာယံ ဒွေ ပဝိသန္တိ၊ ဗြာဟ္မဏ မဟာသာလာ နာမ ယေသံ အသီတိကောဋိဓနံ နိဟိတံ ဟောတိ၊ ဒိဝသပရိဗ္ဗယော (ကော ကဟာပဏကုမ္ဘော နိဂ္ဂစ္ဆတိ) သာယံ ကေသကဋံ ပဝိသတိ''ဟု မိန့်ဆို၏။ ဓမ္မဟဒယဝိဘင်္ဂဋ္ဌကထာ၌ ''ယဿ ပန ဂေဟေ ပစ္ဆိမန္တေန အသီတိကောဋိဓနံ နိဓာနဂတံ ဟောတိ ကဟာပဏာနဥ္စ (ဒသမ္ဗဏာနိ ဒိဝသဝဠဉ္စော နိက္ခမတိ) အယံ ဗြာဟ္မဏမဟာသာလော နာမ၊ ယဿ ပန ဂေဟေ ကောဋိသတဓနံ နိဓာနဂတံ ဟောတိ ကဟာပဏာနဥ္စ (ဝီသတိအမ္ဗဏာနိ ဒိဝသဝဠဉ္စော နိက္ခမတိ) အယံ ခတ္တိယမဟာသာလော နာမ''ဟု မိန့်ဆို၏။

ဤအဋ္ဌကထာနှစ်ရပ်ကို စပ်ဟပ်နှိုးနှောလိုက်လျှင် ဝီသတိ အမ္ဗဏနှင့် ကေသကဋ၊ ဒသမ္ဗဏနှင့် ႏကကုမ္ဘ ညီမျှ၏။ သုတ္တနိပါတ ကောကာလိကသုတ္တဋ္ဌကထာ၊ သဂါထာဝဂ္ဂ ဗြဟ္မသံယုတ္တ ကောကာလိ

ကာသုတ္တဋ္ဌကထာ၊ ဒသင်္ဂုတ္တရ ထေရဝဂ္ဂ ကောကာလိကာသုတ္တဋ္ဌကထာ တို့၌ ''တိလဝါဟောတိ တိလသကဋံ''ဟု ဘွင့်သောကြောင့်ရင်း၊ အဘိဓာန်၌ ''ဝါဟော တု သကဋော''ဟု ဆိုသောကြောင့်ရင်း ဝါဟနှင့် သကဋသည် ပရိယာယ်ဖြစ်၏။ ''ခါရိယောဝီသ ဝါဟော''ဟု ထို၌ ဆိုသောကြောင့် ခါရီနှစ်ဆယ်သည် တဝါဟ ဖြစ်၏၊ ထိုသို့ဖြစ်လျှင် ဝီသတိခါရီနှင့် ဝီသတိအမ္ဗဏသည် သမာနဖြစ်၏၊ ထို့ကြောင့် အရှင်ဓမ္မပါလ၏စကားသည် ဆိုအပ်ပြီးသော အဋ္ဌကထာတို့နှင့် ညီညွတ်၏။

အရှင်အာနန္ဒာဆရာကမူ ဓမ္မဒယဝိဘင်း မူလဋီကာ၌ ''စတုဒေါဏံ အမ္ဗဏံ၊ ဆ ဒေါဏန္တိ ကေ''ဟု မိန့်ဆို၏၊ ထို့ကြောင့် ထိုဆရာ့အလိုအားဖြင့် (၁၆)ဒေါဏမျိုးစပါး ကြဲလောက်သောအရပ်သည် တကရီသ ဖြစ်ရာ၏။ ဝေဇ္ဇာစရိယ ဘာဝမိဿသည် ဘာဝပြကာသ ဆေးကျမ်း၌–

''စတုဗ္ဘိရာဠကေ ဒေါဏော၊ ကလသောနလွဏောမ္ဗဏော။
ဥမ္မာနော စ ဃဋ္ဋော ရာသိ၊ ဒေါဏပရိယာယသညိတော။''

ဟု အမ္ဗဏကို ဒေါဏ၏ပရိယာယ်ပြု၍ ဆိုခြင်းကြောင့် ထိုဆရာ၏ အလိုအားဖြင့် (၄)ဒေါဏ မျိုးစပါး ကြဲလောက်သောအရပ်သည် တကရီသ ဖြစ်ရာ၏။

ဝိနယဋ္ဌကထာ သေနာသနက္ခန္ဓက၌ သာဝတ္ထိပြည် ဇေတဝနာရာမ၏ အကျယ်ပမာဏကို ''အမှာကံ ဘဂဝတော သုဒတ္တော ဂဟပတိ အဋ္ဌကရီသပ္ပမာဏံ ဘူမိံ ကဟာပဏသန္ထရေန ကိဏိတွာ ဝိဟာရံ ကာရာပေသိ''ဟု ဆိုတော်မူ၏။ ထိုရှစ်ကရီသပမာဏကို ကြံဆလျှင် ''ကကုသန္ဓဘုရားလက်ထက် တစ်ဂါဝုတ် (ဥသဘ–၈၀),

ကောနာဂမနဘုရားလက်ထက် အဒ္ဓဂါဝုတ(ဥသဘ-၄၀), ကဿပဘုရားလက်ထက် ဥသဘ-၂၀၊ ငါတို့ဘုရားလက်ထက် (၈)ကရီသ'' ဟု ထက်ဝက် ထက်ဝက်လျှော့၍ဆိုသော အဋ္ဌကထာစကားကို ထောက်ဆ၍ (၈)ကရီသသည် ဆယ်ဥသဘနှင့်သော်၎င်း ရှစ်ဥသဘနှင့်သော်၎င်း ညီမျှရာ၏၊ တဥသဘ၏ ပမာဏသည်လည်း ဈာနဝိဘင်္ဂအဋ္ဌကထာ၌ ''သတ္တရတနာနိ ယဋ္ဌိ၊ တာယ ယဋ္ဌိယာ ဝီသတိ ယဋ္ဌိယော ဥသဘံ''ဟူ၍၎င်း မဂဓအဘိဓာန်၌ ''ရတနံ တာနိ သတ္တေဝ၊ ယဋ္ဌိ တာ ဝီသတူသဘံ''ဟူ၍၎င်း ဆိုသောကြောင့် ရ-တောင် တာ ၂၀-ရှိ၏၊ ထို့ကြောင့် ကရီသတစ်ခုသည် ရ-တောင် တာ-၂၀ (အတောင်-၁၄၀)လောက်သာရှိ၏။ ထိုပမာဏသည် ယခုတွေ့မြင်ရသော ကျောင်းတော်ရာနှင့် သင့်လျော်ညီညွတ် ထင်၏။ အိန္ဒိယကျောက်စာ ဝန်တို့တိုင်းတာရေးမှတ်ထားသော စာအုပ်များနှင့်လည်း နီးနှောနိုင်၏။ ဤသို့ ကရီသပ္ပမာဏကို ဆုံးဖြတ်ရန် ခဲယဉ်းသောကြောင့်လည်း ဋီကာ၌ ဆိုသော 'တွေ့ကကရီသမတ္တော'ဟူသောစကားသည် သန္နိဋ္ဌာနစကားမဟုတ်၊ ဝေါဟာရမတ္တသာဟု နိရာသင်္က မှတ် အပ်၏။

## အကျဉ်းချုပ်

ဤဆိုခဲ့ပြီးသော ဝိနိစ္ဆယစကားတို့ကိုကား သာဓကပါဠိတို့ဖြင့် ရောပြွမ်းလျက်ရှိသောကြောင့် ဉာဏ်နုသူတို့ လျင်စွာနားလည်နိုင်ရန် ခဲယဉ်း၏။ ထို့ကြောင့် ထိုသူတို့ နားလည်စေခြင်းငှါ ပါဠိမဘက် စကားပြင် သက်သက်ဖြင့် အကျဉ်းချုပ်၍ ပြဆိုဦးအံ့။

အဗဒ္ဓသိမ်သည် ဂါမသီမာ, ဥဒကုက္ခေပသီမာ, သတ္တဗ္ဘန္တရသီမာဟု သုံးမျိုးရှိ၏။ ထိုတွင် အန္တရဃရဝီထိစတုက္က-ဟူသော ရွာတွင်းနှင့်တကွ ထိုရွာနယ်ဂါမခေတ်တွင်းရှိ ခေတ္တ, ဝတ္ထု၊ အရည, ပဗ္ဗတ

စသော ကုန်းအရပ်ဟူသမျှသည် တစ်လက်မမျှ မကြွင်းမူ၍ ဂါမသီမာ မည်၏။ လူတို့၏စားကျက် မနုဿဂေါစရ မနုဿူပစာရမှ ပြင်ဘက် ရွာနယ်မြို့ နယ်တို့၏အတွင်း၌ မဝင်သောတောအရပ်၌ သတ္တဗ္ဘန္တရဖြင့် ပိုင်းခြားအပ် သောအရပ်သည် သတ္တဗ္ဘန္တရသီမာမည်၏။

ဤသတ္တဗ္ဘန္တရသီမာအရာ၌ အရပ်ဟူသည်ကို အဘိဓမ္မာ၌ ကဲ့သို့ တံခါးခုံဖြင့်လည်း မပိုင်းခြားအပ်၊ အဒိန္နာဒါနသိက္ခာပုဒ်၌ကဲ့သို့ ဂါမူပစာရဖြင့်လည်းမပိုင်းခြားအပ်၊ အာရညကသိက္ခာပုဒ်၌ကဲ့သို့ ဓနုပဉ္စသတဖြင့်လည်း မပိုင်းခြားအပ် လူတို့ ထွန်ယက် စိုက်ပျိုးခြင်း စသည်ဖြင့် အစာရှာဖွေရာ မနုဿဂေါစရ မနုဿူပစာရအတွင်း၌ သို့မဟုတ် ရာဇပဏ္ဏ၌တင်အပ်သော ရွာနယ်ဂါမခေတ်အတွင်း၌ဖြစ်မူ ဓနုပဉ္စသတ မကမူ၍ ဓနုသဟဿပင် ဝေးကွာသော်လည်း အရပ် မဖြစ်၊ သတ္တဗ္ဘန္တရသိမ်ကို မရအပ်။ ထိုဆိုခဲ့ပြီးသော ရွာနယ်ဂါမ ခေတ်အတွင်းသို့ မဝင်မူ၊ ဓနုပဉ္စသတ မဝေးမူ၍ ဂါမပရိက္ခေပ (ရွာစည်း ရိုး)နှင့် ကပ်လျက်တည်သော် လည်းအရပ်ဖြစ်၏၊ သတ္တဗ္ဘန္တရသိမ်ကို ရအပ်, ရကောင်း၏။

ဤဆိုအပ်ခဲ့ပြီးသော အဗဒ္ဓသိမ်သုံးမျိုးတို့တွင် ကောဋမ္ဗမြို့ သည် ဂါမသီမာဖြစ်၍ ထိုအတွင်းရှိ ကုန်းအရပ်ဟူသမျှသည် တစ်လက်မမျှ မလပ်မူ၍ ဂါမသီမာမည်၏၊ ထိုမြို့တွင်း၌ ဂါမသီမာ မမည်သော ကုန်းအရပ် တစ်လက်မမျှကို ဘယ်သူမှ မပြနိုင်၊ အဘယ့် ကြောင့်နည်း၊ ဂါမသီမာဟု မြတ်စွာဘုရားက ဟောထားသော ကြောင့်တည်း။ ထိုတစ်လက်မမျှမလပ် ဂါမသီမာမည်သော ကောဋမ္ဗ မြို့တွင်း၌ တစ်စုံတစ်ခုသော အနည်းငယ်သော အရပ်ကိုဖြစ်စေ, ကျယ်သောအရပ်ကိုဖြစ်စေ ရပ်ကွက်ကို ပေါင်းနိုင်စိတ်နိုင်သော

အာဏာရရှိသူ အစိုးရအရာရှိက အသီးပြု၍ တစုံတယောက်အား ပေးနိုင်၏၊ ထိုသို့ ပေးနိုင်ခြင်းသည် အစိုးရတို့၏ ပထဝိဿရဘာဝဂုဏ် ပင်တည်း။ ဤ၌လည်း အစိုးရကို မခွဲစိတ်နိုင်ဟု မည်သူမှမငြင်းနိုင်၊ အသင့်အလျော်ဉာဏ်ရှိသော ဆယ်နှစ်အရွယ်သူငယ်ကလေးကပင် ဝန်ခံရာ၏။ ထိုသို့ အစိုးရက မူလဂါမမှခွဲ၍ ရာဇပဏ္ဏဟူသော မြေပုံ၌ တင်ပြီးလျှင် တစ်စုံတစ်ယောက်အား ပေးခြင်းကို ပါဠိဘာသာအားဖြင့် 'ဝိသုံ'ဟုဆို၏၊ ထိုဝိသုံသဒ္ဒါနှင့် ဖြစ်နှင့်ရင်း ဂါမသီမာကို ပေါင်းလျှင် 'ဝိသုံဂါမသီမာ'ဖြစ်၍ သာမန် ဉာဏ်ရှိသူတို့အားပင် နားမလည်နိုင် အောင် ခဲယဉ်းသောအရာ မဟုတ်ပေ။

အစိုးရတို့၏ ခွဲခြမ်းပေးခြင်း၏လည်း တာဝကာလိက ပရိယာယ်မျှ မဟုတ်ကြောင်းသည် ထိုပေးပြီးသောအရပ်၌ တနှစ်လျှင် အခွန်တစ်သိန်း ထွက်ရန်ရှိသောအရာတစ်ခုကို ဆောက်လုပ်ရန် အခွင့် သင့်သော်လည်း စောင့်ရှောက်ပိုင်ဆိုင်သူတို့ သဘောမတူက မဖျက် ဆီးခြင်း၊ မလွှဲသာသောအကြောင်းကြောင့် ပြောင်းရွှေ့စေသော်လည်း ထိုက်တန်သောအဘိုးထက် ပိုမိုပေးကမ်း၍ တစ်ပါးနေရာ၌ ရှေးက ကဲ့သို့ ဝိသုံဂါမပြုလုပ် ပေးကမ်းခြင်းတို့ဖြင့်၎င်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် အမှတ်အသားမျှ မကြွင်းမူ၍ ပျက်စီးပြီးလျှင် နှစ် ပေါင်းကြာ၍ တောချုံဖြစ်နေသော်၎င်း လယ်ယာဖြစ်နေသော်၎င်း နောင် အကြောင်းညီညွတ်၍ ထိုနေရာကို အသစ်ထူထောင်လိုပါမူ ဆိုင်ရာ နယ်အစိုးတို့၏ ရာဇပဏ္ဏဟူသော မြေပုံကိုကြည့်ရှုက မိမိတို့၏ ဝိသုံဂါမ သိမ်နေရာကို ကောင်းစွာ သိရှိနိုင်ခြင်းဖြင့်၎င်း ထင်ရှား၏။

ထိုဆိုခဲ့ပြီးသောအကြောင်းတို့ကို အာစရိယပရမ္ပရာဘတ ဝိနိစ္ဆယဖြင့် ကောင်းစွာသိရှိကုန်သော သာသနာပိုင်နှင့်တကွသော

ရာဇဂုရုဆရာတော်တို့၏ ညွှန်ကြားချက်အရ မန္တလေးမြို့တည် နန်းတည် သဒ္ဒါဝန္တ သာသနဒါယကာ မင်းတုန်းဘုရင် မင်းမြတ်သည် မြို့တော်၏ အရှေ့မျက်နှာ၌ မိဖုရား, သားတော်သမီးတော်, မှူးမတ်တို့အား ရာဇနီတိနှင့်အညီ ဝိသုံဂါမ မြေစား ပေးသနား၍ ၁၆–ရပ်သော ကျောင်းတိုက်ကြီးတို့ကို မြို့တော်နှင့် တပြိုင်နက်တည်း တည်ထောင် ဆောက်လုပ်စေ၍ ရာဇဂုရုဆရာတော် တို့အားလှူဒါန်းပြီးလျှင် ကျောင်းတိုက် အသီးသီးတို့၌ သိမ်သမုတ်စေ၏။ ထိုကာလ၌ နာနာနေကာယိက ဆရာတော်တို့သည် မြေကွက်ကျဉ်းခြင်းကိုင်း စွဲ၍ ဝိဝါဒမရှိမူ၍ အညီအညွတ် ဝန်ခံကြကုန်၏ (ရာမညနိကာယ သမုဒ္ဒပက ဣန္ဒာသဘဝရ ဉာဏာသာမိစသောမထေရ်တို့သည်လည်း ရာဇဓာနီ မင်းနေပြည်နှင့် အနီးဆုံးဖြစ်သော မဟာဝိသုတာရာမမည်သော သာသနာပိုင်၏ တိုက်တွင်းရှိ ဝိသုံဂါမသိမ်၌ ရဟန်းအဖြစ်ကို ရကြကုန်၏။)

ထို့နောက် အင်္ဂလိပ်အစိုးမင်းရတို့၏ လက်ထက်၌လည်း မြန်မာမင်းတို့၏ ထုံးစံအတိုင်း ဆက်လက်၍ပေးရာ 'မြန်မာဘုရင်မင်းမြတ်ကိုယ်တိုင်အမိန့်ဖြင့် ဝိသုံဂါမပေးသကဲ့သို့ အင်္ဂလိပ်ဘုရင်ကိုယ်တိုင်အမိန့်ဖြင့် မပေးခြင်းကိုင်း အဓိပ္ပါယ်တူသော်လည်း ပေးပုံစကား ကွဲပြားခြင်းကိုင်း အကြောင်းပြု၍ အချို့ပုဂ္ဂိုလ်တို့အား သံသယ ဖြစ်သော်လည်း မြန်မာဘုရင် ခန့်ထားအပ်သော သာသနာပိုင်ရှိစဉ်ကပင် အင်္ဂလိပ်အစိုးရအရာရှိများနှင့် ရာဇဂုရုဆရာတော်တို့သည် တွေ့ဆုံနှီးနှောရာ အစိုးရအရာရှိတို့က မိမိတို့သည် ဘုရင်မင်းမြတ်၏ အမိန့်အာဏာကိုရရှိ၍ မိမိတို့၏ပေးခြင်းသည် ဘုရင်မင်းမြတ် ကိုယ်တိုင် ပေးသည်နှင့် အတူတူဖြစ်ကြောင်းကိုင်း မြန်မာဘုရင်၏ ဝိသုံဂါမ အမိန့်စာနှင့် မိမိတို့၏အမိန့်စာသည် စကားအသုံး ကွဲလွဲသော်လည်း

အဓိပ္ပါယ်တူညီကြောင်းကိုရင်း ပြောကြကုန်၏။ ၎င်းတို့၏စကားသည် ပါဠိအဋ္ဌကထာသို့ သက်ဝင်သောကြောင့် ကျမ်းဂန်တတ် ရာဇဂုရု ဆရာတော်တို့သည် သံသယကင်းစွာနှင့် ဝိသုံဂါမသိမ်ကို သမုတ်ကြကုန်၏။ ထို့ကြောင့် ရေးသားဖော်ပြခဲ့ပြီးသော အရပ်ရပ်ပါဠိ သာဓက အသင့်ယုတ္တိစကားတို့ကို အထပ်ထပ်ဆင်ခြင်စဉ်းစား၍ မိမိတို့ ယူမှား, ယုံကြည်မှား, ပြောဆိုမိမှားသော အယူဝါဒတို့ကို အလွယ်တကူနှင့် စွန့်ပစ်နိုင်ကြစေကုန်သတည်း။

## နိဂုမ်း

အဂ္ဂမဟာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ မထေရ်သည် သီဟိုဠ်ကျွန်း ကောဋမ္ဗိမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးနေစဉ်အခါ ထိုကျောင်းတိုက်အတွင်း၌ သမုတ်အပ်သော ဝိသုံဂါမသိမ်ကို အကြောင်းပြု၍ ရာမညနိကာယ အဓိကရဏဝိနိစ္ဆယကာရက ဥပသေန မထေရ်စသော သီဟိုဠ်ဘုန်းကြီးတို့က မြန်မာနိုင်ငံ၌ သမုတ်လေ့ရှိသော ဝိသုံဂါမသိမ်တို့သည်လည်း ဝိနည်းကျမ်းဂန်နှင့်မညီ စသည်ဖြင့် စွပ်စွဲ၍ သတင်းစာတို့၌ ရေးသားသော ဝိဝါဒစကားတို့ကို ဖြေရှင်းသောအားဖြင့် ရေးသားအပ်သော ''ဝိသုံဂါမသီမာဝိနိစ္ဆယ'' သည် ၁၂၈၅ခု၊ ပြာသိုလ်ဆန်း -၆-ရက်နေ့တွင် ပြီးစီးအောင်မြင်လေသတည်း။

❖❖❖

ပခုက္ကူမြို့
မဟာဝိသုတာရာမတိုက် ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
အသျှင်ပညာမဟာထေရ်
ရေးသားစီရင်အပ်သော

# သီမာဝိနိစ္ဆယကျမ်း

## နှင့်

# မော်လမြိုင်မြို့
# မြေထဲကျောင်းတိုက်သိမ်

# သမ္မုတိသိမ်ဖြစ်ပုံ

# သီမာဝိနိစ္ဆယနှင့်
# မော်လမြိုင်မြို့ မြေထဲကျောင်းတိုက်သိမ်
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထေရဝံသာနုရက္ခက ဗာဟိရနိဒါန်း | ၂၁၉ |
| ၂။ | ဆုံးဖြတ်အပ်လတ္တံ့သော မြေထဲကျောင်းသိမ် | ၂၂၀ |
| ၃။ | အဇ္ဈတ္တုပ္ပတ္တိနိဒါန်း | ၂၂၁ |
| ၄။ | သမုတ်ထုံး | ၂၂၅ |
| ၅။ | သီမာဝိနိစ္ဆယကျမ်း (ပဋိညာဉ်) | ၂၂၇ |
| ၆။ | သိမ်အပြား | ၂၂၇ |
| ၇။ | ဗဒ္ဓသိမ်အပြား | ၂၂၈ |
| ၈။ | ဗဒ္ဓသိမ်အတွင်းရှိ သံဃာက မဖျက်နိုင်ပုံ | ၂၂၉ |
| ၉။ | အဗဒ္ဓသိမ်အပြား | ၂၃၀ |
| ၁၀။ | တစ်ခုသောဂါမဉ္ဇပြုအပ်သောကံကို တစ်ခုသောဂါမရှိ သံဃာကမဖျက်နိုင်ပုံ | ၂၃၀ |
| ၁၁။ | ပညာရှိသူတော်ကောင်းများ ထောက်ခံသင့်ပုံ | ၂၃၂ |
| ၁၂။ | ဂါမခေတ်တစ်ခုတည်း၌ သိမ်သမုတ်ရပုံ | ၂၃၃ |
| ၁၃။ | နာနာဂါမခေတ်ကို အတွင်းသွင်း၍သမုတ်ရပုံ | ၂၃၅ |
| ၁၄။ | မဟာသုမထေရ်၏ဝါဒကို အလေးမပြုပုံ | ၂၃၆ |
| ၁၅။ | မဟာပဒုမထေရ်၏ဝါဒကိုသာ အလေးပြုပုံ | ၂၃၆ |
| ၁၆။ | ပညာရှိသူတော်ကောင်းများ ယုံကြည်ထိုက်ပုံ | ၂၃၈ |
| ၁၇။ | မော်လမြိုင်မြို့၊ မြေထဲကျောင်းတိုက်သိမ် သမ္မုတိသိမ်ဖြစ်ပုံ | ၂၄၀ |

# မော်လမြိုင်မြို့
# မြေထဲကျောင်းတိုက်သိမ်


---

## ထေရဝံသာနုရက္ခက
## ဗာဟိရနိဒါန်း

ဘူမိန္ဒြ၊ ဘူသီခ ဟု၊ ဘူမ ဥကင်၊ အမှူးတင်လောက်သော အမရပူရ ပထမမြို့တည် ဆင်ဖြူရှင်များလက်ထက် မင်းအိုသာသနာပိုင် ဆရာတော်၊ ထိုဆရာတော်ကြီး၏ တပည့် သဲအင်းသာသနာပိုင် ဆရာတော်၊ ထိုဆရာတော်ကြီး၏ တပည့် ဒုတိယမောင်းထောင်ဆရာတော်၊ ထိုဆရာတော်ကြီး၏ တပည့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးကို ဖန်တီးတည်ထောင်တော်မူ၍ နိကာယ်ငါးရပ် မပြတ်ပို့ချတော်မူသော အရှင်ဂန္ဓသာရ ဆရာတော်၊ ထိုဆရာတော်ကြီး တပည့် နိကာယ်ငါးရပ် ချပို့သင်ကြားရေးနှင့်တကွ မဟာဝိသုတာရာမ တိုက်ကြီးကို လွှဲအပ်ခြင်းခံတော်မူရသော ထိုထိုမြို့ရွာတို့၌ တည်ရှိပြီးသော ကျောင်းတိုက်ပေါင်း ၄၀-ကျော်တို့၏ မဟာနာယက ဓမ္မာစရိယ ဖြစ်တော်မူသော အရှင်ပညာ မထေရ်မြတ် ရေးသားပြုပြင် စီရင်ဆုံးဖြတ်တော်မူအပ်သော သီမာဝိနိစ္ဆယကျမ်းကို ၁၃၂၅-ခုနှစ်တွင် ရန်ကုန်မြို့၊ ဣန္ဒာသယပိဋကတ် စာပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ ၁၃၆၀-ပြည့်နှစ်တွင် ပခုက္ကူဆရာတော် ဦးဝိစာရ (အဂ္ဂမဟာပဏ္ဍိတ)၏ ခိုင်းစေချက်အရ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေအပ်ပါသည်။

# ဆုံးဖြတ်အပ်လတ္တံ့သော မြေထဲကျောင်းသိမ်ပုံ

၁–လက်မ ပေ–၂၀



## အဋ္ဌာပုစ္ဆာ နိဒါန်း

### မြေထဲဆရာတော်ဘုရားထံ လျှောက်လွှာ
### (၁၃၃၀–ပြည့်နှစ်၊ နယုန်လဆန်း ၇–ရက်)

---

ရိုသေစွာ လျှောက်ထားပါသည့် ဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီး၏သိမ်သည် အမှန်သိမ်ပျက်ဖြစ်နေပါသည်။ အကြောင်းမှာ ဂါမလည်း သိမ်တစ်လုံး၊ ဗဒ္ဓလည်း သိမ်တစ်လုံးထားပါ။ ဗဒ္ဓသိမ်ပေါ်မှာ တစ်ဦးက အရှေ့ဘက်နားမှာ ကံပြုနေ၏၊ တစ်ဦးက အနောက်ဘက်မှာ ဟတ္ထပါသ်လွတ်အောင် ထိုင်နေကြ၏။ ၎င်းကံသည် ဝဂ္ဂကံဖြစ်၍ ပျက်သလို ဂါမသိမ်မှာ ကံပြုလိုသောပုဂ္ဂိုလ်များလည်း ဂါမသိမ်တစ်နေရာမှာ ကံပြုကြ၏။ အခြားပုဂ္ဂိုလ်များသည် ၎င်း ဂါမသိမ်ပေါ်မှာ ကံပြုပုဂ္ဂိုလ်များနှင့် ဟတ္ထပါသ်လွတ်အောင် နေထိုင်ကြလျှင် ၎င်းကံ ဝဂ္ဂဖြစ်၍ပျက်၏။ ဆရာတော်၏ သိမ်ကို ဂါမတစ်စိတ်ပေါ်မှာ သမုတ်ထားသည်ဖြစ်၍ မြို့ဂါမပေါ်မှာ နေထိုင်ကြသော သံဃာတော်များကို ဟတ္ထပါသ်သို့ရောက်အောင် မသိမ်းသည့်အတွက် ဝဂ္ဂကံဖြစ်၍ အမှန်ပျက်နေပါကြောင်း စေတနာကောင်းနှင့် ရိုသေစွာ လျှောက်ထားပါသည် ဘုရား။

အကယ်၍ မယုံကြည်ပါလျှင် မြို့ပေါ်ရှိ နာယကဆရာတော်၊ စာချဆရာတော်၊ မန္တလေးမြို့ပေါ်ရှိ ဆရာတော်များကို မေးမြန်းတော်မူပါ။ သိမ်မဆောက်မီ စုံစမ်းတော်မူပါ။

သတင်းစာထဲမှာ ၎င်းသိမ် ပျက် မပျက် မမေးမြန်းသေးဘဲ ဆိုင်းငံ့ထားပါဦးမည်။

နောင် ၎င်းသိမ်မှာ ရဟန်းဖြစ်လာသည့်ပုဂ္ဂိုလ်နှင့် ကံကြီး ကံငယ် မဆောင်နိုင်ဟု အဓိကရုဏ်း ဖြစ်ပွားဖွယ်ရှိပါသည်။ သိမ်ပျက်ကြောင်းကို တစ်မြို့လုံး ပြောဆိုနေကြပါပြီ။

၎င်းပစ်စာကို ၁၃၀၀–ပြည့် နယုန်လဆန်း ၈–ရက်၊ တနင်္ဂနွေနေ့တွင် အစိုးရစာတိုက်မှ ပေးပို့ရရှိသည်။

(ပေးစာမူအတိုင်းဖြစ်သည်။)

မော်လမြိုင်မြို့ မြေထဲကျောင်း မြေထဲဆရာတော်ထံမှ

(၁၃၀၀–ပြည့်၊ ဝါဆိုလဆန်း ၉–ရက်)

ကျိုက်ထိုမြို့ မယ်ဇယ်ဆရာတော်ဘုရား ထံသို့။

ရိုသေစွာ လျှောက်ထားပါသည် မယ်ဇယ်ဆရာတော်ဘုရား။

လျှောက်ထားရန်အကြောင်းမှာ ၁၂၉၉–ခု၊ တပေါင်းလအတွင်းက သီမာသမ္ဘူတိကံ ဆောင်ခဲ့သည့် အကြောင်းနှင့်စပ်လျဉ်း၍ ပူးတွဲပါပစ်စာတစ်စောင် ရရှိသည့်ပြင် ၎င်းစာအရ ရတနာဘုံပျံ ဆရာတော်အား အကျိုးအကြောင်း လျှောက်ထားရာ ၎င်းသိမ်အကြောင်းနှင့် စပ်လျဉ်းပြီး ၎င်းသိမ်မျိုးနှင့်အလားတူ ဘယ်မြို့ ဘယ်ရွာ ဘယ်ဒေသ၌ ဘယ်ဆရာတော်ကြီးအမှူးပြုပြီး သမုတ်ထားကြောင်း ပြုလုပ်ထုံးတစ်ခု ရစေရန်လည်းကောင်း၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာ သာဓကအဆုံးအဖြတ်တစ်ခု ရစေရန်လည်းကောင်း၊ ကျိုက်ထိုမြို့ မယ်ဇယ်ဆရာတော်အား လျှောက်ထားပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော်ထံသို့ အကြောင်းကြား လျှောက်ထား၍လည်းကောင်း၊ ပခုက္ကူမြို့ ဆရာတော် အဆုံးအဖြတ်ကို ပုံရိုက်ပြီး ကမ်းလှမ်းပါလျှင်

လွန်စွာ ကောင်းမြတ်ပါလိမ့်မည်ဟု ရတနာဘုံပျံဆရာတော်က အကြံပေး လျှောက်ထားပါသည်။ သို့ဖြစ်၍ ၎င်းသိမ်အကြောင်းနှင့် စပ်လျဉ်းပြီး အဆုံးအဖြတ်တစ်ခုကို အမြန်ရစေရန် ပခုက္ကူဆရာတော်သို့ တိုက်တွန်းပေပါမည့်အကြောင်း ရိုသေစွာ လျှောက်ထားပါသည်။ မယ်ဇယ်ဆရာတော်ဘုရား။

မြေထဲဆရာတော်
မော်လမြိုင်။

ဆရာတော် အမိန့်ရှိလိုက်သည့် ဘုရားကြီးတိုက်ဘုန်းကြီး–

မော်လမြိုင်မြို့ မြေထဲကျောင်း သိမ်နှင့်ပတ်သက်၍ စာပုန်းစွပ်စွဲခြင်းအရ မယ်ဇယ်ဆရာတော်က တိုက်တွန်း၍ အညဂါမ အန္တောကရဏ ဝိသုံဂါမဋ္ဌိတ သမ္မတသီမာဝိနိစ္ဆယ စာတမ်းဖိုင်တွဲတစ်ခုကို မယ်ဇယ်ဆရာတော်ထံမှ တစ်ဆင့် မြေထဲဆရာတော်ထံပို့ရန် ကျိုက်ထိုသို့ ပေးပို့လိုက်ပြီ။ ။ ၎င်းဝိနိစ္ဆယဖိုင်တွဲကို အကြောင်းအကျိုး အဖြစ်အပျက် သိရှိစေရန် ဖိုင်တွဲတစ်ခုကိုလည်း တင်ပို့လိုက်သည်။

ဆရာတော်
မင်္ဂလာ မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

ကျိုက်ထိုမယ်ဇယ်ဆရာတော်ဘုရားကြီးထံသို့

ရိုသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည် ဆရာတော်ကြီး

ဘုရား။ ဆရာတော်ဘုရား အမိန့်အရ ပကတိဂါမ အဗ္ဘောကာရဏာ ဝိသုံဂါမဌီက သမ္မုတသီမာဝိနိစ္ဆယစာတမ်းကို စွမ်းနိုင်သလောက်ရေး၍ တင်ပို့လိုက်ပါသည်ဘုရား။ ပိုလျှင်ဖျက်, လိုလျှင်စွက်၍ အတည်ပြုတော်မူပြီးမှ ဆရာတော်ဘုရားက မြေထဲဆရာတော်ဘုရားကြီးထံသို့ ပို့တော်မူပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်ကြီးဘုရား။

ပညာ–ဂဏဝါစက
မင်္ဂလာ မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

# သမုတ်ထုံး

မော်လမြိုင်မြို့ မြေထဲဆရာတော်ဘုရားကြီးထံသို့

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်ကြီးဘုရား။ ။ ဝိသုံဂါမနှင့် ပကတိဂါမ အလိုရှိသလောက် အတွင်းပြု၍ သမုတ်အပ်သော သိမ်မျိုးကား–

၁။ ပခုက္ကူမြို့ မင်္ဂလာမဟာဝိသုတာရာမတိုက်မှာ တစ်လုံး။

၂။ ငင်းမြို့ မဟာဝိဇယာရာမခေါ် အရှေ့တိုက်ဆရာတော် ဦးဇဝ သိမ်တစ်လုံး။

၃။ မြင်းခြံဒိစတြိတ် ဇောင်ချမ်းရွာ ဦးညေယျကျောင်းမှာ တစ်လုံး။

၄။ မြင်းခြံဒိစတြိတ် ချောင်းဆုံရွာ ဦးဝါသဝကျောင်းမှာ တစ်လုံး။

၅။ ပုသိမ်မြို့ နိဂြောကုန်း ညောင်ပင်သာကျောင်းမှာ တစ်လုံး။

၆။ ရန်ကုန်မြို့ ချာချယ်လမ်း ခေမာသီဝံကျောင်းတိုက်မှာ တစ်လုံး ရှိပါသည်။

၁–နံပါတ် သိမ်ကို ရေစကြိုဆရာတော်ဘုရားကြီး၊ ပုသိမ်မြို့မဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး၊ မအူဂိုဏ်းအုပ် ဆရာတော် ဘုရားကြီး၊ ကိုင်းမကြီး ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးများ ကြီးမှူးသောသံဃာတော် လေးရာကျော် သမုတ်ပါသည်။

၂–နံပါတ် သိမ်ကို ပခုက္ကူမြို့ သဲပုံစေတီ ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့ အရှေ့တိုက်ဆရာတော်၊ အနောက်တိုက်ဆရာတော်၊ ကုမ္ပဏီတိုက်ဆရာများ ကြီးမှူးသော သံဃာတော် သုံးရာကျော်တို့ သမုတ်ပါသည်။

၃–နံပါတ် သိမ်ကို မြင်းခြံဒိစတြိတ် ကြုတ်ပင်တောရဆရာ

တော်၊ ပုထိုးဂိုဏ်းချုပ် ဆရာတော်များ ကြီးမှူးသော သံဃာတော် သုံးကျိပ်ကျော်တို့ သမုတ်ပါသည်။

၄–နံပါတ် သိမ်ကို ငသရောက် ဆင်ဖြူဆိပ်ဆရာတော်၊ ရွှေဥမင်ဆရာတော်၊ ပုထိုးဆရာတော်၊ ပခုက္ကူမဟာဝိသုတာရာမဆရာတော်၊ မြင်းခြံတိုက်သစ်ဆရာတော်များ ကြီးမှူးသော သံဃာတော် သုံးကျိပ်တို့ သမုတ်ပါသည်။

၅–နံပါတ် သိမ်ကို ရေစကြိုဆရာတော်ဘုရားကြီး၊ ပုသိမ်မြို့ ကုန်းသာကျောင်းဆရာတော် ဦးပဒုမ၊ ကုန်းကျောင်းဆရာတော် ဦးဇယန္တ၊ ကျီးသဲကျောင်းဆရာတော် ဦးအာသံစသော သံဃာတော် တစ်ရာကျော်တို့ သမုတ်ပါသည်။

၆–နံပါတ် သိမ်ကို အင်းစိန်ဆရာတော်ဘုရားကြီး၊ ဗဟန်း အောင်မြေဘုံစံဆရာတော်၊ တာမွေ မင်္ဂလာဇေယျုံဆရာတော်၊ ကြည့်မြင်တိုင် ဇေယျဝတီဆရာတော်၊ ရမည်းသင်းမြို့ ညောင်လွန့်တောကျောင်းဆရာတော်၊ ချောင်းဦးမြို့ ဓမ္မာရုံဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမဆရာတော်၊ ညောင်ဦးမြို့ မဟာဝိသုတာရာမ ဆရာတော်စသော သံဃာတော် နှစ်ရာကျော်တို့ သမုတ်ပါသည်။

သို့ဖြစ်ပါ၍ ဆရာတော်ဘုရားကြီး၏ မြေထဲကျောင်းသိမ်နှင့် ပတ်သက်၍ ပူပင်ကြောင့်ကြဖွယ်ရာ မရှိပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားပါသည်ဘုရား။

**ပညာ–ဂဏဝါစက**
မင်္ဂလာမဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့

❖❖❖

# သီမာဝိနိစ္ဆယကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗု–ဓံ–သံ–နု။ ။ တေ–နု–အံ–နု။

## ၁။ ပဋိညာဉ်

ဗုဒ္ဓဘာသာ သာသနာ အယူဝါဒရှိကြကုန်သော ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့မှာ မိမိတို့ ဗဟုသုတ ဉာဏ်ပညာ သဒ္ဓါစွမ်းရှိ သလောက် သာသနာတော်၏ မဆုတ်မယုတ် တိုးတက်ပြန့်ပွားရေး လုပ်ငန်းတာဝန်ကို အသီးသီး ကိုယ်စီကိုယ်င ရွက်ဆောင်ကြရာ၌–

၁–အချက် ..... ပါဠိတော် ပမာဏ

၂–အချက် ..... အဋ္ဌကထာ ပမာဏ

၃–အချက် ..... ဋီကာ ယောဇနာ ဂဏ္ဌိ ပမာဏများကို ထိုက်သည်အားလျော်စွာ ယုံကြည်ကိုးကား အားထားရွက်ဆောင်ကြ ရမည် ဖြစ်ပေသည်အားလျော်စွာ ယုံကြည်အားထားလိုသူတို့အကျိုးငှါ '**သီမာဝိနိစ္ဆယ**'အကျဉ်းမျှ ရေးသားပေဦးအံ့။

## ၂။ သိမ်အပြား

(၁) **သိနီယတေ သမဂ္ဂေန သံဃေန ကမ္မဝါစာယ ႏ္ဗဇ္ဈတေ တိ သီမာ**–ဟူသော ဝစနတ္ထနှင့်အညီ ညီညွတ်သောသံဃာ သည် ကမ္မဝါစာဖြင့် ဖွဲ့အပ်သော ရပ်ကွက်အပိုင်းအခြားသည် သိမ် မည်၏။

(၂) **သိနိယတေ ရာဇာဒီဟိ အယံ အသုကဿ မရိယာဒါတိ ပရိစ္ဆိန္နိတ္ဟာ ဓနိုယတေတိ သီမာ**–ဟူသော ဝစနတ္ထနှင့်အညီ မင်းအစရှိသည်တို့သည် ''ဤမည်သော ရပ်ကွက်အပိုင်းအခြားသည် ဤမည်သော ရွာ၏ အပိုင်းအခြားတည်း''ဟု ပိုင်းခြားကန့်သတ် ဖွဲ့ထား အပ်သော ရပ်ကွက်အပိုင်းအခြားသည်လည်း သိမ်မည်၏။

ထိုသိမ်သည်လည်း ဗဒ္ဓသိမ်, အဗဒ္ဓသိမ်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဝိပတ္တိသိမ် တစ်ဆယ့်တစ်လုံးကို ကျော်လွန်၍ သမ္ပတ္တိသုံးပါး နှင့် ပြည့်စုံစေလျက် နိမိတ်ချင်းချင်းစပ်အောင် ကြား၍ ကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော သိမ်သည် ဗဒ္ဓသိမ်မည်ပါသည်။

ယင်းကဲ့သို့ ဖွဲ့သမုတ်အပ်သည် မဟုတ်သောသိမ်သည် အဗဒ္ဓ သိမ်မည်၏။

## ၃။ ဗဒ္ဓသိမ်အပြား

ထိုတွင် ဗဒ္ဓသိမ်သည်လည်း
(၁) သမာနသံဝါသသိမ်၊
(၂) အဝိပ္ပဝါသသိမ် ဟူ၍လည်း နှစ်မျိုး၊

(၁) ခဏ္ဍသိမ်
(၂) မဟာသိမ် ဟူ၍လည်း နှစ်မျိုးရှိသည်။

ထိုတွင် သမာနသံဝါသသိမ်နှင့် ခဏ္ဍသိမ်အတူတူ၊ အဝိပ္ပဝါသ သိမ်နှင့် မဟာသိမ်အတူတူဟူ၍လည်း မှတ်အပ်၏။

ခဏ္ဍသိမ်၌ အဝိပ္ပဝါသရှိသော်လည်း စီဝရပရိဟာရ ကျေးဇူး

မများ၊ မဟာသိမ်၌သာ စီဝရပရိဟာရ ကျေးဇူးများသောကြောင့် မဟာသိမ်ကိုသာ အဝိပ္ပဝါသဝေါဟာရဖြင့် အဋ္ဌကထာဆရာ အသုံးပြုတော်မူသည်ဟု ဆိုလိုသည်။

ခဏ္ဍသိမ်, မဟာသိမ်တို့၏ ပမာဏကား အယုတ်ဆုံးအားဖြင့် နှစ်ကျိပ်တစ်ပါး ဆံ့လောက်သည်ကစ၍ ရဟန်းတစ်ထောင်တိုင်အောင် ဆံ့လောက်သော ပမာဏရှိသော ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်မည်၏။ ရဟန်းတစ်ထောင်ကျော် ဆံ့လောက်သည်ကစ၍ သုံးယူဇနာတိုင်အောင် ပမာဏရှိသောဗဒ္ဓသိမ်သည် မဟာသိမ်မည်၏ဟု ပမာဏပိုင်းခြားရန် အရိပ်အယောင် အဋ္ဌကထာ၌–

(၃) **သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ ဂဏှာတိ ဝဋ္ဋတိ၊ တတော ဩရံ န ဝဋ္ဋတိ၊ ပရံ ဘိက္ခုသဟဿံ ဂဏှန္တီပိ ဝဋ္ဋတိ**–ဟု မိန့်ဆိုချက် ရှိသည်။

သို့သော်လည်း ဥပနိဓာနပညတ်ဖြစ်၍ ကျဉ်းငယ်သောသိမ်ကို ထောက်၍ ကြီးကျယ်သောသိမ်၊ ကြီးကျယ်သောသိမ်ကိုထောက်၍ ကျဉ်းငယ်သောသိမ်ဟု ခေါ်ဆိုပညတ်ခြင်းသည်သာ အမှန်ယူရပေလိမ့်မည်။

## (၄) တစ်ခုသော ဗဒ္ဓသိမ်၌ ပြုအပ်သောကံကို တစ်ခုသော ဗဒ္ဓသိမ်အတွင်းရှိ သံဃာက မဖျက်နိုင်ပုံ

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော မဟာသိမ်, ခဏ္ဍသိမ်တို့သည် နာနာသီမဖြစ်၍ ခဏ္ဍသိမ်၌ပြုအပ်သောကံကိုလည်း မဟာသိမ်တွင်းရှိ ရဟန်းများက ဝဂ္ဂဒေါသဖြင့် မဖျက်ဆီးနိုင်၊ မဟာသိမ်၌ ပြုအပ်သော

ကံကိုလည်း ခဏ္ဍသိမ်တွင်းရှိ ရဟန်းများက ဝဂ္ဂဒေါသဖြင့် မဖျက်ဆီးနိုင်၊ ဤအရာမျိုးကိုလည်း သတိချပ်၍ သိမှတ်ထားရပါမည်။

## ၅။ အဗဒ္ဓသိမ်အပြား

အဗဒ္ဓသိမ်သည်လည်း

(၁) ဂါမသိမ်၊

(၂) သတ္တဗ္ဘန္တရသိမ်၊

(၃) ဥဒကုက္ခေပသိမ် ဟူ၍ သုံးမျိုးတို့တွင်-

(၄) အသမ္မတာယ ဘိက္ခဝေ သီမာယ အဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ၊ ယာ တဿ ဝါ ဂါမဿ ဂါမ သီမာ၊ နိဂမဿ ဝါ နိဂမသီမာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ-

ဟူသော မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိတော်။

(၅) တတ္ထ အဌပိတာယာတိ အပရိစ္ဆိန္နာယ၊ ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ၊ တတ္ထ ယတ္တကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု၊ မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ၊ နဂရနဂမသီမာသုပိ ဧသေဝ နယော-

ဟူသော အဋ္ဌကထာတို့၏အရ ဂါမဘောဇကဖြစ်သော ရွာသူကြီးတို့၏ အခွန်အတုတ်၊ ခွဲခန့်ရယူရာ၊ အခွန်အတုတ်မရသော်လည်း ၎င်းတို့၏ နယ် အဝင်အပါ သုသာန်မြေ, တစ်ဘက်ဆည်းကန် အစရှိသော ရပ်ကွက်ဒေသ ဟုဆိုအပ်သော ပကတိဂါမသိမ်လည်းကောင်း-

(၆) ယမ္ပိ ကောသမ္ဗီ ယေဝ ဂါမခေတ္တေ ကေ ပဒေသံ "အယမ္ပိ ဝိသုံဂါမော ဟောတူ"တိ ပရိစ္စိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ-

ဟူသော မဟာဝဂ္ဂ၊ ဥပေါသထက္ခန္ဓက၊ အဋ္ဌကထာအရ တစ်ခုသော ဂါမခေတ်၌ "ဤမည်သော ရပ်ကွက်သည်လည်း ပကတိဂါမမှ သီးခြား ရွာတစ်ခုဖြစ်စေ"ဟု မင်းသည် ပိုင်းခြားကန့်သတ်၍ ပကတိ ရွာသူကြီးမှတစ်ပါး တစ်စုံတစ်ယောက်သောသူအား ပေးအပ်သော ရပ်ကွက်အပိုင်းအခြားဟုဆိုအပ်သော ဝိသုံဂါမသည်လည်းကောင်း အဗဒ္ဓသိမ်မည်၏။

## ၆။ တစ်ခုသော ဂါမ၌ပြုအပ်သောကံကို တစ်ခုသော ဂါမရှိ သံဃာက မဖျက်နိုင်ပုံ။

(၇) တသ္မာ သာ စ ဣတရာ စ ပကတိဂါမနဂရ နိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ။

ဟူသော လဒ္ဓဂုဏ်ပြု မဟာဝဂ္ဂ၊ ဥပေါသထက္ခန္ဓက အဋ္ဌကထာပါဌ်နှင့် အညီ ဝိသုံဂါမသိမ်, ပကတိဂါမနဂရ နိဂမသိမ်တို့၏ ဗဒ္ဓသိမ်နှင့် တူကုန်သည်၏အဖြစ်ကြောင့် ပကတိဂါမသိမ်တစ်ခု၌ ပြုအပ်သောကံကို တစ်ပါးသော ပကတိ ဂါမခေတ်၌ရှိသောရဟန်း ဝိသုံဂါမသိမ်အတွင်း၌ တည်ရှိသောရဟန်းတို့က ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်ကုန်။ ဝိသုံဂါမသိမ် အတွင်း၌ ပြုအပ်သောကံကိုလည်း ပကတိဂါမသိမ်အတွင်းရှိ ရဟန်း တို့က ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်ကုန်။ အဘယ့်ကြောင့် မပျက်စေနိုင် ကုန်သနည်းဟူမူ နာနာသီမ၌ တည်ကုန်သည်၏အဖြစ်ကြောင့် မပျက် စေနိုင်ကုန်ဟု နိဿံသယ မုချဆတ်ဆတ် မှတ်ယူအပ်၏။

## ၇။ ပညာရှိသူတော်ကောင်းများ ထောက်ခံသင့်ပုံ

ယင်းသို့ ပြဆိုခဲ့ပြီးသည့်အတိုင်း နာနာသီမဌ် တည်ရှိကုန်သော ရဟန်းတို့က နာနာသီမဌ် ပြုအပ်သောကံကို ဝဂ္ဂဒေါသဖြင့် မဖျက်နိုင်ကုန်သည်၏အဖြစ်ကိုလည်းကောင်း-

သမန္တပါသာဒိက ဝိနယအဋ္ဌကထာ၏ အစ၊ ဂန္ထာရမ္ဘ ကရဏာပွကာရ ပဋိညာဉ် အခဏ်း၌-

အန္တောဂဓထေရဝါဒံ၊ သံဝဏ္ဏနံ သမ္မ သမာရဘိဿံ-ဟု ပဋိညာဉ် ထားခဲ့သည်ကိုလည်းကောင်း။

(၈) ယော ယော အဋ္ဌကထာဝါဒေါ ဝါ ထေရဝါဒေါ ဝါ ပစ္ဆာ ဝုစ္စတိ၊ သော ပမာဏတော ဒဋ္ဌဗ္ဗော-
ဟူ၍ ဒုတိယပါရာဇိက သိက္ခာပဒဝဏ္ဏနာ၌ အရှင်ဗုဒ္ဓဃောသဆရာ မဟာထေရ်မြတ် မှတ်ချက်ထားခဲ့သည်များကိုလည်းကောင်း။

ခဏ္ဍသိမ်, မဟာသိမ်ဟုဆိုအပ်သော ဗဒ္ဓသိမ်၏မှီရာ နိဿယ ဂါမသိမ်ဖြစ်သည်ကိုလည်းကောင်း၊ ဥဒကုက္ခေပသိမ်၏မှီရာ နိဿယ မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင်ဖြစ်သည်ကိုလည်းကောင်း၊ သတ္တဗ္ဘန္တရ သိမ်၏မှီရာ နိဿယ အဂါမက အရညသိမ်ဖြစ်သည်ကိုလည်းကောင်း၊ ကောဂါမဖြစ်စေ နာနာဂါမဖြစ်စေ ဗဒ္ဓသိမ်၏မှီရာ နိဿယချည်းသာ ဖြစ်၍ သမာနသံဝါသက ကမ္မဝါစာ ပြီးဆုံးသည်နှင့်တပြိုင်နက် နိမိတ် အတွင်း ပထဝီသန္ဓာရက ရေသို့ချဉ့်အောင် ဗဒ္ဓသိမ်သက်ရောက် စူးရှ နိုင်သည်၏အဖြစ်ကိုလည်းကောင်း၊ သေချာစေ့ငု သတိပြု၍ ကြည့်ရှု ဆင်ခြင် နှိုင်းယှဉ် စဉ်းစားမိသော ဂန္ထန္တရဗဟုသုတ ပရိယတ္တိကောသလ္လ ဉာဏ် ရင့်သန်ကြီးမားပြီး ပညာရှိသူတော်ကောင်းမှန်သမျှတို့သည်

ဤသို့ ယခုပြဆို ဆုံးဖြတ်အပ်လတ္တံ့သော ကေဂါမခေတ္တေကဒေသ သမ္မုတသိမ်နှင့် အညဂါမခေတ္တ အနန္တောကရဏ သမ္မုတသိမ်ကို လေးလေးနက်နက် ကျေနပ်ထောက်ခံနိုင်ကြပေလိမ့်မည်ဟု အောက်မေ့ မှတ်ထင်ဖွယ်ပေတည်း။

## ၈။ ဂါမခေတ်တည်းရတည်း၌ သိမ်သမုတ်ရပုံ

(၉) သစေ ကေသုဉ္စိ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမာ ဝိဟာရာ၊ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသကသီမာ ပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ၊ ယေ အဗဒ္ဓသီမာ ဝိဟာရာ၊ တေသု ဘိက္ခူသု ကေဝလံ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟရာပေတဗ္ဗော။

**(မဟာဝဂ္ဂ၊ ဥပေါသထက္ခန္ဓက အဋ္ဌကထာ)**

တစ်ခုသော ပကတိဂါမခေတ်တွင်း၌ သိမ်သမုတ်လိုကြကုန်သော ရဟန်းတို့သည် ၎င်းဂါမခေတ်တွင်းရှိ ဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့ထံ "ဤယနေ့ သိမ်သမုတ်ကြကုန်မည်ဖြစ်၍ မိမိတို့ ဗဒ္ဓသိမ် အပိုင်းအခြားမှ ပြင်ဘက်သို့ မထွက်ကြပါကုန်လင့်"ဟု တမန်စေခိုင်း ပြောကြားခြင်းဟူသော ဗဟိကရဏသီမာဝိသောဓန နယ်သိမ်းခြင်း၊ အဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့ကို သိမ်သမုတ်ရာဌာန၌ တပေါင်းတည်း စည်းဝေးစေခြင်းဟူသော ဟတ္ထပါသာနယန သီမာဝိသောဓန နယ်သိမ်းခြင်း၊ သိမ်သမုတ်ရာ ဂါမခေတ်အတွင်းရှိ ဆန္ဒာရဟာရဟန်းတို့၏ ဆန္ဒကိုဆောင်ယူစေခြင်းဟူသော ဆန္ဒာရဟာဏ သီမာဝိသောဓန

နယ်သိမ်းခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်အောင် နယ်သိမ်း၍ တစ်ခုသော ပကတိဂါမခေတ် တစ်စိတ်၌ သမုတ်အပ်သော ပကတိဂါမခေတ္တကဒေသ သမ္မတ ဗဒ္ဓသိမ်မျိုးကို အောက်က ဖော်ပြထားအပ်ပြီးသော အဋ္ဌကထာပါဠ်ဖြင့် သိအပ်၏။

ဗဟိကရဏ သီမာဝိသောဓနေ, ဟတ္ထပါသာနယန သီမာဝိသောဓနေ, ဆန္ဒာဟရဏ သီမာဝိသောဓနေ သိမ်းယူခြင်း သုံးမျိုးတို့တွင်–

> ယေ တတ္ထ ဗဒ္ဓသီမာဝိဟာရာ၊ တေသု ဘိက္ခူနံ " မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ–

ဟူသော အဋ္ဌကထာပါဠ်ဖြင့် ဗဟိကရဏ သီမာဝိသောဓနေ နယ်သိမ်းပုံကို ပြတော်မူ၏။

> ယေ အဗဒ္ဓသီမာ ဝိဟာရာ၊ တေသု ဘိက္ခူ ကေဖ္လူ သန္နိပါတေ တဗ္ဗာ–

ဟူသော အဋ္ဌကထာပါဠ်ဖြင့် ဟတ္ထပါသာနယန သီမာဝိသောဓနေ နယ်သိမ်းပုံကို ပြတော်မူ။

> ဆန္ဒာရဟာနံ ဆန္ဒော အာဟရာပေတဗ္ဗော–

ဟူသော အဋ္ဌကထာပါဠ်ဖြင့် ဆန္ဒာဟရဏသီမာ ဝိသောဓနေနယ်သိမ်းပုံကို ပြတော်မူ၏။

ဤကဲ့သို့ ပြဆိုအပ်ခဲ့ပြီးသော သိမ်ကား တစ်ပါးသော ဂါမခေတ်ကို အတွင်းမပြုဘဲ တစ်ခုသော ပကတိ ဂါမခေတ်၌ နယ်သိမ်းနည်း သုံးမျိုးတို့ဖြင့် ထိုက်သည်အားလျော်စွာ နယ်သိမ်း၍ သမုတ်အပ်သော သိမ်မျိုးတည်း။

## ၉။ နာနာဂါမခေတ်ကို အတွင်းသွင်း၍ သိမ်သမုတ်ရပုံ

(၁၀) သစေ အညာနိပိ ဂါမခေတ္တာနိ အန္တော ကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိ ပိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ။

မဟာပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသီမာသဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊ အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗန္တိ ဝတွာ ပုန အာဟ ''သမာန သံဝါသကသီမာသမ္မန္နနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ၊ အဝိပ္ပဝါသသီမာသမ္မန္နန ကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော''တိ။

(မဟာဝဂ္ဂ၊ ဥပေါသထက္ခန္ဓက အဋ္ဌကထာ။)

ရှင်းအဋ္ဌကထာပါဠိ၌ အပေါင်းတို့တွင်–

သစေ အညာနိ ပိ ဂါမခေတ္တာနိ အန္တော ကာတုကာမာ– ဟူသော ပရိကပ္ပ ပါဒကဝါကျဖြင့် ဂါမခေတ် တစ်ခုတည်း၌သာ ဗဒ္ဓသိမ် သမုတ်နိုင်သည်၊ သမုတ်ကောင်းသည်၊ သမုတ်ရသည်မဟုတ်၊ နာနာဂါမခေတ်၌လည်း ဗဒ္ဓသိမ် သမုတ်နိုင်သည်၊ သမုတ်ကောင်း သည်၊ သမုတ်ရသည်၊ ဂါမခေတ်ခြားသည့်အတွက် ဗဒ္ဓသိမ် မသက်ရ ဟု မဆိုရ၊ နိမိတ်အတွင်း အကုန်သက်နိုင်သည်ဟူသော အနက် အဓိပ္ပါယ်ကို ပြတော်မူသည်၊ သို့အတွက် ဗဒ္ဓသိမ်တစ်လုံးတည်း၏ မှီရာနိဿယသည် ဂါမခေတ်တစ်ခုတည်းလည်း ဖြစ်နိုင်သည်၊

ဂါမခေတ် နှစ်ခု သုံးခုစသည် ပူးတွဲပေါင်းစပ်၍လည်း ဖြစ်နိုင်သည်ဟု နိဿံသယ မုချဆတ်ဆတ် မှတ်ယူအပ်သတည်း။

## ၁၀။ မဟာသုမထေရ်၏ ဝါဒကို အလေးမပြုပုံ

ထိုပရိကပ္ပပါဒကဝါကျ၏ အဆက် မုချပါဒကဝန္တဝါကျ၏ အစိပ္ပါယ် နှစ်သွယ်ကွဲပြား ဝါဒအားဖြင့် မဟာသုမထေရ ဝါဒ, မဟာပဒုမထေရ ဝါဒဟု အဋ္ဌကထာ ဆရာမြတ် ထုတ်ဖော်ပြတော်မူအပ်သတည်း။ ထိုတွင်–

တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိ ပိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ မဟာသုမတ္ထေရော အာဟ–

ဟူသော မုချပါဒကဝန္တ ထေရဝါဒ ဒီပကဝါကျဖြင့် တစ်ပါးသော ဂါမခေတ်တို့ကို အတွင်းပြု၍ သိမ်သမုတ်လျှင် အတွင်းပြုအပ်သော အညဂါမ အတွင်းရှိ ရဟန်းတို့ကိုပါ အကုန်သိမ်းရမည်ဟု ဆုံးဖြတ်မိန့်ဆိုသော ဝိနည်းကို ကိုးခေါက်မျှသင်တော်မူသော မဟာသုမထေရ်၏ မုချတ္တ ဝိနိစ္ဆယဝါဒကို အဋ္ဌကထာဆရာ ပမာဏ မမူ အရေးမယူသောအနေဖြင့် ရှေးဦးစွာ ဖော်ပြထားတော်မူသည်။

## ၁၁။ မဟာပဒုမထေရ်၏ ဝါဒကိုသာ အလေးပြုပုံ

မဟာပဒုမတ္ထေရော ပန နာနာဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသီမာသဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊ အန္တော နိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗန္တိ ဝတွာ ပုန အာဟ "သမာနသံဝါသကသီမာသမ္မန္နနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ၊

အဝိပ္ပဝါသသီမာသမ္မန္နနကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော''တိ –

ဟူသော မုချပါဒကဝဏ္ဏ ပစ္ဆိမ ထေရဝါဒ ဒီပကဝါကျဖြင့် နာနာဂါမ ခေတ်တို့ မည်ကုန်သည်။ အသီးအခြားသော ဗဒ္ဓသိမ်တို့နှင့် တူကုန် သည့်အတွက် ထိုအသီးအခြားသော ဗဒ္ဓသိမ်နှင့်တူကုန်သော နာနာ ဂါမခေတ်တို့မှ ဆန္ဒပါရိသုဒ္ဓိသည် နာနာဂါမခေတ်သို့ မလာမလိုက်၊ မလာမလိုက်သောကြောင့် ဝဂ် မဖြစ်၊ ဝဂ် မဖြစ်သောကြောင့် သမာန သံဝါသကသိမ် သမုတ်စဉ်အခါ နိမိတ်ပြင်ပရဟန်းတို့ကို မဆိုထားဘိ နိမိတ်အတွင်းရှိ ရဟန်းတို့သော်မှ လာလိုလာ မလာလိုနေ၊ လာခြင်း ကြောင့်လည်း သီမာသမ္မုတိကံ၏ အထောက်အပံ့ အထူးမဖြစ်၊ မလာ ခြင်းကြောင့်လည်း သီမာသမ္မုတိကံ၏ အနှောင့်အယှက် တစ်စုံတစ်ခု မဖြစ်နိုင်၊ ကာယသာမဂ္ဂီဖြင့် ချီးမြှောက်အံ့ဟု လာလျှင် သာမိစိ ဝတ်ကျေရုံမျှရှိ၏ဟု ဆိုလိုသည်။

သမာနသံဝါသကသိမ် သမုတ်ပြီးဆုံးသောအခါ၌မူကား နိမိတ်အတွင်း၌ မူလ ပကတိဂါမ, မူလီ အညဂါမနှစ်ရပ်လုံး ကေသီမ ဗဒ္ဓသိမ် တစ်လုံးတည်းဖြစ်သွားခြင်းကြောင့် နိမိတ်အတွင်းရှိ ရဟန်း များကို ဗဟိကရဏသီမာ ဝိသောဓန, ဟတ္ထပါသာနယန သီမာဝိသော ဓန, ဆန္ဒာဟရဏသီမာ ဝိသောဓနတို့ဖြင့် ထိုက်သည်အားလျော်စွာ သုတ်သင်ပြီးမှ အဝိပ္ပဝါသကမ္မဝါစာ ဖတ်ခွင့်ရသည်ဟု ဆုံးဖြတ်မိန့် ဆိုတော်မူသော ဝိနည်းတစ်ဆယ့်ရှစ်ခေါက် သင်တော်မူခဲ့သော မဟာပဒုမထေရ်၏ မုချဋ္ဌဝိနိစ္ဆယဝါဒကို အဌကထာဆရာ ခံ့သမ္မတ်လုပ်၍–

ယော ယော အဋ္ဌကထာဝါဒေါ ဝါ ထေရဝါဒေါ ဝါ ပစ္ဆာ
ဝုစ္စတိ၊ သော ပမာဏတော ဒဋ္ဌဗ္ဗော−

ဟူသော မှတ်ချက်အတိုင်း ကျောက်ထီးတန္တု အလေးပြု၍ ကျောက်ကြီး ငါးခိုစကား ပမာဏအမှတ်အသားဖြင့် နောက်ဆုံးအတည်ထား၍ ပြတော်မူသတည်း။

## ၁၂။ ပညာရှိသူတော်ကောင်းမှန်သမျှ ယုံကြည်ထိုက်ပုံ

သီဟိုဠ်ကျွန်း၌ ဝိနယဓရ ပါကဋဖြစ်တော်မူသော အသျှင် ဥပတိဿထေရ်၏ တပည့်ချည်းသာ ဖြစ်ကြကုန်သော ဆရာ့ထံ ဝိနည်း တစ်ဆယ့်ရှစ်ခေါက် ပေါက်သော အသျှင်မဟာပဒုမထေရ်၊ ဝိနည်း ကိုးခေါက်မျှပေါက်သော မဟာသုမနထေရ် နှစ်ပါးတို့တွင် ဝိနည်းငါး ကျမ်း အဋ္ဌကထာ ခဲရာခဲဆစ် ခဲရာဌာနတို့ကို ထေရဝါဒပြိုင် နှစ်ဆယ့် ကိုးဌာနထုတ်ပြရာ ဌာနပေါင်း နှစ်ဆယ် ဝိနယဝိနိစ္ဆယဝါဒ အောင်လံ စိုက်ထူခြင်းကို ခံတော်မူရသော မဟာပဒုမထေရ်၏ အဋ္ဌကထာဆရာ အောင်လံစိုက်ထူအပ်ပြီးသော ဝါဒဟူသမျှကို မည်သည့်အဋ္ဌကထာ, မည်သည့်ဋီကာ, ယောဇနာ, ဂဏ္ဌိဆရာတို့မှ ပယ်ရှားတွန်းလှန်ခြင်းငှါ မတတ်ကောင်းရကား ပကတိမူလ ဂါမခေတ်တစ်ခု၌ ဗဒ္ဓသိမ်အခြေ မူတည်၍ တစ်ပါးသောဂါမခေတ်ကို အလိုရှိသလောက် အတွင်းသွင်း၍ နိမိတ်ထားပြီးလျှင် သိမ်ခြေမူတည်ရာ ပကတိမူလဂါမခေတ်ကိုသာ သီမာ ဝိသောဓန သုံးမျိုးတို့ဖြင့် ထိုက်သည့်အားလျော်စွာ သန့်ရှင်းစင်ကြယ် အောင် သုတ်သင်၍ တစ်ပါးသော ဂါမခေတ်ကို မသုတ်သင်တော့ဘဲ ပကတိမူလ ဂါမခေတ်အတွင်း၌ သံဃာစည်းဝေး ကမ္မဝါစာဖတ်၍ သမုတ်အပ်သော အညဂါမအန္တောကရဏသမ္ဘဝ ဗဒ္ဓသိမ်ကို အညဂါမ

အန္တောကရဏအတွက် မည်သို့မျှ မစွပ်စွဲထိုက်ဟူ၍ ပညာရှိသူတော် ကောင်းမှန်သမျှ ယုံကြည်ထိုက်လှပေသတည်း။

## ၁၃။ ပကတိဂါမသိမ်နှင့် ဝိသုံဂါမတို့ နာနာဂါမဖြစ်ပုံ

ပကတိဂါမသိမ် အချင်းချင်း အညဂါမ နာနာဂါမဖြစ်သကဲ့သို့ ဝိသုံဂါမနှင့် ၎င်း၏ ဝန်းကျင်ပတ်လည် ဝိုင်း၍တည်သော ပကတိဂါမ သည်လည်း အချင်းချင်း အညဂါမ နာနာဂါမပင် ဖြစ်ကြလေသည်။ သို့ဖြစ်၍ ဝိသုံဂါမအတွင်း၌ ဉပုသ်, ပဝါရဏာကံ, ဉပသမ္ပဒကံ အစရှိ သော ကံဟူသမျှကို ပကတိဂါမသိမ်၌ရှိသော သံဃာကို အရေးမယူ တော့ဘဲ ဝိသုံဂါမသိမ်အတွင်း၌ရှိသော သံဃာကိုသာ ဟတ္ထပါသ်ချင်း စပ်အောင် စည်းဝေးနေထိုင်စေ၍ ပြုသည်ရှိသော် ပကတိဂါမသိမ် အတွင်းရှိ ရဟန်းများက ၎င်းကံကို မည်သည့်နည်းနှင့်မျှ ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်သကဲ့သို့ ဝိသုံဂါမ၌ ဗဒ္ဓသိမ်ဖြစ်အောင် ဝိသုံဂါမသက် သက်၌ နိမိတ်ထားလျက် ပြောကြားသိစေပြီးလျှင် ဝိသုံဂါမသိမ်အတွင်း ၌ ဟတ္ထပါသ်ချင်း စပ်လျက်တည်သော သံဃာသည် ပြုအပ်သော သီမာသမ္မုတိကံကိုလည်းကောင်း၊ ဝိသုံဂါမပြင်ဘက် ပကတိဂါမ၌ အလိုရှိသလောက် နင်းကျော်မှတ်သား နိမိတ်ထားလျက် ၎င်းနည်း အတိုင်း ဝိသုံဂါမအတွင်း၌ ဟတ္ထပါသ်ချင်း စပ်လျက်တည်သော သံဃာ သည် ပြုအပ်သော အညဂါမအန္တောကရဏ သီမာသမ္မုတိကံကို လည်းကောင်း၊ ပကတိဂါမသိမ်အတွင်းရှိ ရဟန်းများက မည်သည့်နည်း နှင့်မျှ ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်၊ ဝိသုံဂါမနှင့် ပကတိဂါမ ပူးတွဲ ပေါင်းစပ် နိမိတ်မှတ်၍ ဗဒ္ဓသိမ်သမုတ်ခြင်း၊ ပကတိဂါမခေတ် နှစ်ခု သုံးခုစသည် ပူးတွဲပေါင်းစပ် နိမိတ်မှတ်၍ သမုတ်ခြင်းကြောင့် နာနာ ဂါမ, နာနာသီမဖြစ်၍ သိမ်မသက်ဟု

မည်သည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ယောဇနာ အရိပ်အမြွက်မျှ မရှိချေ။

## ၁၄။ မော်လမြိုင်မြို့ မြေထဲကျောင်းတိုက်သိမ် သမ္မုတိသိမ်ဖြစ်ပုံ

သာသနာနောက်ပိုင်း ဝိနည်းအရာ မဟာပဒုမမထေရ်ထက် အဝါးဝစွာ လိမ္မာထူးချွန် ကဲလွန်ပိုမောက် အရာရောက်မည့် ပုဂ္ဂိုလ်ကို မဆိုထားဘိ တန်းတူ ပုဂ္ဂိုလ်လောက်ကိုမျှပင် ရနိုင်တွေ့နိုင်ခဲသည်ဟု ဆိုရမည်ပင်ဖြစ်သဖြင့် ဝိနယကောသလ္လဉာဏ်၊ ရင့်သန်ကြီးမား တော်မူလှပေသော မဟာပဒုမမထေရ်အသျှင် စီရင်ဆုံးဖြတ် မိန့်ဆိုအပ်သော ဝါဒအတိုင်း ရိုသေလေးမြတ်စွာ လိုက်နာ၍ မော်လမြိုင်မြို့၊ ကျိုက်သလ္လံ မြတ်စွာဘုရား၏ အနောက်ဘက်စောင်းတန်းအနီး မြေထဲကျောင်းတိုက်၊ တောင်ဘက် ကျိုက်သန်လန်တောင်ခြေရင်း အစိုးရ အမိန့်အရ ဝိသုံဂါမမြေ၊ ပေ ၄၀–ပတ်လည် ကျဉ်းအံ့ထင်သဖြင့် အရှေ့ဘက် ၁၀–ပေ၊ တောက်ဘက် ၁၀–ပေ၊ ပကတိဂါမမြေကို တိုင်းထွာချဲ့ထွင်၍ ဝိသုံဂါမမြေနှင့် ပေါင်းစပ်ပြီးလျှင် ပေ ၅၀–ပတ်လည် နိမိတ်အတွင်း သိမ်ပမာဏအကျယ် အတည်ထားလျက် ဗဒ္ဓသိမ် ဟောင်း သိမ်ဝှက်များအတွက် နောင်သံသယ မရှိရလေအောင် မော်လမြိုင်မြို့၊ ရတနာဘုံပျံ ဆရာတော်ဘုရားကြီး၊ ကျိုက်ထိုမြို့၊ မယ်ဇယ်ဆရာတော်ဘုရားကြီး၊ မော်လမြိုင်မြို့၊ တောင်ပေါက်ဆရာတော်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်၊ ရန်ကုန်မြို့၊ ဘုရားကြီးတိုက်ဆရာတော် အစရှိသော ဆရာတော်၊ သံဃာတော်များစွာတို့ သီမာသမ္မုဟနန ကမ္မဝါစာ အကြိမ်ပေါင်းများစွာ

ဖတ်ရွတ်၍ နုတ်ရင်းပြီးမှ ၁၂၉၉–ခုနှစ်၊ တပေါင်းလဆုတ် ၉–ရက်နေ့ နံနက် အရှေ့မြောက်ထောက် ပကတိဂါမအတွင်း၌ ကျောက်နိမိတ် တစ်ခု၊ အရှေ့တောင်ထောက် ပကတိဂါမအတွင်း၌ ကျောက်နိမိတ် တစ်ခု၊ အနောက်တောင်ထောင့် ပကတိဂါမအတွင်း၌ ကျောက်နိမိတ် တစ်ခု၊ အနောက်မြောက်ထောင့် ဝိသုံဂါမအတွင်း၌ ကျောက်နိမိတ် တစ်ခု၊ ပေါင်း ကျောက်နိမိတ်လေးခု လေးဌာန နိမိတ်ကြားပြီး၍ မော်လမြိုင်မြို့၊ သိမ်ရှင် မြေထဲဆရာတော်ဘုရားကြီး၊ ၎င်းမြို့ ဘုံပျံ ဆရာတော်ဘုရားကြီး၊ ကျိုက်ထိုမြို့၊ မယ်ဖယ်ဆရာတော်ဘုရားကြီး၊ မော်လမြိုင်မြို့၊ တောင်ပေါက်ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့၊ မင်္ဂလာ မဟာဝိသုတာရာမဆရာတော်၊ ပုဂံမြို့၊ တောင်ဆင်အုဋ်ကျောင်း ဆရာတော်၊ မော်လမြိုင်မြို့၊ ကျောက်တန်းဆရာတော်၊ မန်ကျည်းတော ရွှေကျောင်းဆရာတော်၊ ရန်ကုန်မြို့၊ ဘုရားကြီးတိုက်ဆရာတော် အစရှိ သော ဆရာတော် သံဃာတော် (၁၀၀)ကျော်တို့သည် ပကတိဂါမဟု ဆိုအပ်သော အညဂါမ နာနာသီမ အရှေ့ (၁၀)ပေ၊ တောင် (၁၀)ပေ၊ ရပ်ကွက် အပိုင်းအခြား တစိတ်တခြမ်းကို ဝိသုံဂါမနှင့် စပ်လျက် ပေ ၄၀–ပတ်လည် ဝိသုံဂါမအတွင်း၌ စည်းဝေးရာပါ သံဃာတော် ဉသုံ ဟတ္ထပါသ်ချင်းဆက်စပ် ကမ္မဝါစာရွတ်ဖတ်၍ သမုတ်အပ်သော အညဂါမ အန္တောကရဏ ဝိသုံဂါမဋ္ဌိတ သမ္မတဗဒ္ဓသိမ်ကို အောက်က ဆိုအပ်ပြီးသော ပါဠိ၊ အဋ္ဌကထာ၊ ထေရဝါဒ၊ သဘာဝယုတ္တိအမျိုးမျိုး ကိုလည်းကောင်း၊ အထက်၌ ပြဆိုအပ်လတ္တံ့ဖြစ်သော သာဓကဋီကာ အမျိုးမျိုးကိုလည်းကောင်း၊ ပတ်ပတ်နပ်နပ် စေ့စေ့စပ်စပ် ကြည့်ရှုဆင် ခြင်မိကြကုန်သော ပညာရှိသူတော်ကောင်းမှန်သမျှတို့သည် အနဝဇ္ဇ သမန္တဘဒြက အပြစ်မရှိ ထက်ဝန်းကျင်မှ ကောင်းမြတ်စင်ကြယ်သော

သမ္မုတ္တိသိမ်ပင်တည်းဟူ၍ မှတ်ယူလုပေသတည်း။ တဗ္ဗိပရီတာ ပုဂ္ဂိုလ်တို့၏ တစ်မျိုးတစ်မည် ထင်မြင်ယူဆခြင်းကိုမူကား အထူး မည်သို့မျှ မဆိုသာတော့ချေ။

ဆိုအပ်ခဲ့ပြီးသောသိမ်၏ အနဝဇ္ဇ သမန္တဘဒြက၏ အဖြစ်ကို မြဲမြံခိုင်ခံ့ တည်တံ့စေတတ်သော အထောက်အပံ့ သာဓကဝင် ဋီကာပါဠိတို့ကို ထုတ်ဆောင် ဖော်ပြခဲ့ပေအံ့။

## ၁၅။ ခိုင်လုံသော သာဓက ဋီကာပါဠိများ

(၁၁) အန္တောနိမိတ္တဂတေတိ ပနာတိ ကေသဉ္စ ဥပမံ အန္တောကတ္တု ကာမတာယ သတိ သမ္ဘဝေ အာဂမနေ ပယောဇနံ နတ္ထီတိ ကတွာ အန္တောနိမိတ္တဂတေဟီတိ ဝုတ္တံ တဋ္ဌ သာမီစိဝသေနာတိ ဝဒန္တိ၊ အနာဂမနမ္ပိ ဝဋ္ဋတီတိ သီမာယ အပဗ္ဗတ္တာ ဝဂ္ဂံ နာမ န ဟောတီတိ လိခိတံ။ အညသ္မိံ ဂါမ–ခေတ္တေ ဌတွာ နိမိတ္တကိတ္တနကာလေ သမာနသံဝါသက–သီမာယ သမ္မန္နန–ကာလေ စ အာဂမနပယောဇနံ နတ္ထီတိ ဝုတ္တံ။ နာနာ ဂါမ–ခေတ္တံ စေ အနာဂမနမ္ပိ ဝဋ္ဋတိ။

**(ဝဇိရဗုဒ္ဓိဋီကာ–၄၅၃)**

(၁၂) အန္တောနိမိတ္တဂတေဟိ ပနာတိ ကေသဉ္စ ဂါမသဉ္စ ဥပမံ အန္တောကတ္တုကာမတာယ သတိ သမ္ဘဝေ အာဂမနေ ပယောဇနံ နတ္ထီတိ ကတွာ ဝုတ္တံ။ အာဂန္တုဗ္ဗန္တိ စ သာမီစိ–ဝသေန ဝုတ္တံ၊ နာယံ နိယမော အာဂန္တုဗ္ဗမေဝါတိ။ တေနေဝါဟ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတီတိ။ အဗဒ္ဓါယ ဟိ သီမာယ နာနာဂါမခေတ္တာနံ နာနာသီမာသဘာဝတ္တာ တေသံ

အနာဂမနေပိ ဝဂ္ဂကမ္မံ န ဟောတိ၊ တသ္မာ အနာဂမနမ္ပိ ဝဋ္ဋတိ။ ဗဒ္ဓါယ ပန သီမာယ ကေသီမာဘာဝတော ပုန အညသ္မိံ ကမ္မေ ကရိယမာနေ အန္တောသီမဂတေဟိ အာဂန္တဗ္ဗ-မေဝါတိ အာဟ "အဝိပ္ပဝါသသီမာ ။ ပ ။ အာဂန္တဗ္ဗ"န္တိ။ နိမိတ္တကိတ္တနကာလေ အသောဓိတာယပိ သီမာယ နေဝတ္ထိ ဒေါသော၊ နိမိတ္တကိတ္တနသ္မ အပလောကနာဒိသု အညတရာ-ဘာဝတော။

(တေရသကဏ်ဋီကာ-၂၅၁)။

(၁၃) ဗဒ္ဓါ သီမာ ယေသု ဝိဟာရေသု၊ တေ ဗဒ္ဓသီမာ။ ပါဠေ့န္တိ ပစ္စေကံ။ ဗဒ္ဓသီမာသဒိသာနီတိ ယထာ ဗဒ္ဓသီမာသု ဌိတာ အညမညံ ဆန္ဒာဒိံ အနပေက္ခိတွာ ပစ္စေကံ ကမ္မံ ကာတုံ လဘန္တိ၊ ဧဝံ ဂါမသီမာသု ဌိတာပီတိ ဒဿေတိ။ အာဂန္တဗ္ဗ-န္တိ သာမိစိမတ္တဝသေန ဝုတ္တံ။ တေနာဟ အနာဂမနမ္ပိတိ အာဒိ။

(ဝိမတိဝိနောဒနီဋီကာ-၁၄၃)။

(၁၄) ဗဒ္ဓါ သီမာ ယေသု ဝိဟာရေသု တေ ဗဒ္ဓသီမာ။ ပါဠေ့န္တိ ပစ္စေကံ။ ဗဒ္ဓသီမာသဒိသာနီတိ ယထာ ဗဒ္ဓသီမာသု ဌိတာ အညမညံ ဆန္ဒာဒိံ အနပေက္ခိတွာ ပစ္စေကံ ကမ္မံ ကာတုံ လဘန္တိ၊ ဧဝံ ဂါမသီမာသု ဌိတာ ပီတိ ဒဿေတိ။ အန္တော-နိမိတ္တဂတေဟိ ပနာတိ ကေသံ ဂါမသံ ဥပမုံ အန္တော ကတ္တု[ကာမတာယ သတိ သဗ္ဗေသံ အာဂမနေ ပယောဇနံ နတ္ထီတိ ကတွာ ဝုတ္တံ၊ နာယံ နိယမော အာဂန္တဗ္ဗမေဝါတိ။ တေနေဝါဟ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတီတိ။ အဗဒ္ဓါယ

ဟိ သီမာယ နာနာဂါမခေတ္တာနံ နာနာသီမသဘာဝတ္တာ တေသံ အနာဂမနေပိ ဝဂ္ဂကမ္မံ န ဟောတိ၊ တသ္မာ အနာ-ဂမနမ္ပိ ဝဋ္ဋတိ။ ဗဒ္ဓါယ ပန သီမာယ ကေသီမဘာဝတော ပုန အညသ္မိံ ကမ္မေ ကရီယမာနေ အန္တောသီမာဂတေဟိ အာဂန္တဗ္ဗမေဝါတိ အာဟ "အဝိပ္ပဝါသသီမာယ (ပ) အာဂန္တဗ္ဗ" န္တိ။ နိမိတ္တကိတ္တနကာလေ အသောဓိတာယပိ သီမာယ နေဝတ္တိ ဒေါသော နိမိတ္တကိတ္တနသာ အပလောကနာဒီသု အညတရာဘာဝတော။

(ဝိနယာလင်္ကာရဋီကာ ။ပ။ ၃၀၇)။

## ၁၆။ မြန်မာပြန် အနက်ပြန်ဆိုချက်များ

(ဆိုအပ်ခဲ့ပြီးသော ဝိနိစ္ဆယ၌ ကိုးကားပါရှိသော သာဓကေ မာဂဓပေါင်တို့ကို နံပါတ်စဉ်အတိုင်း အနက်မြန်မာပြန်ဆို ရေးသားပေအံ့)။

(၁) ယာ ပဒေသဇာတိ၊ အကြင်ရပ်ကွက် အပိုင်းအခြားကို။ သမဂ္ဂေန၊ ညီညွတ်သော။ သံဃေန၊ သံဃာသည်။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ သိနိယတေ ဗဒ္ဓိယတေ၊ ဖွဲ့အပ်သမုတ်အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ညီညွတ်သောသံဃာသည် ကမ္မဝါစာဖြင့် ဖွဲ့အပ် သမုတ် အပ်သည်၏ အဖြစ်ကြောင့်။ သာ ပဒေသဇာတိ၊ ထိုရပ်ကွက် အပိုင်း အခြားသည်။ သီမာ၊ သိမ်မည်၏။

(၂) ယာ ပဒေသဇာတိ၊ ကို။ ရာဇာဒိဟိ၊ မင်းအစရှိသည်တို့ သည်။ အယံ၊ ဤရပ်ကွက် အပိုင်းအခြားသည်။ အသုကဿ၊ ဤ အမည်ရှိသော ရွာ၏။ မရိယာဒါ၊ ရပ်ကွက်အပိုင်းအခြားတည်း။ ဣတိ၊

ဤသို့။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ သိနိယတေ ဗဇ္ဈိယတေ၊ အပ်၏။ က္လုတိတသ္မာ၊ ကြောင့်။ သာပဒေသဇာတိ၊ သည်။ သီမာ၊ သိမ်မည်၏။

(၃) သာ ခဏ္ဍသီမာ၊ ထိုခဏ္ဍသိမ်သည်။ ပောဋ္ဌမပရိစ္ဆေဒေန၊ အောက်၌ဖြစ်သော အပိုင်းအခြားအားဖြင့်။ ဝါ၊ အယုတ်ဆုံးဖြစ်သော အပိုင်းအခြားအားဖြင့်။ ကေဝီသတိဘိက္ခူ၊ နှစ်ကျိပ်တစ်ပါးသော ရဟန်းတို့ကို။ သစေ ဂဏှာတိ၊ အကယ်၍ယူနိုင်အံ့။ ဝါ၊ ဆံ့နိုင်အံ့။ ဝေံ သတိ၊ ဤသို့ရဟန်းနှစ်ကျိပ်တစ်ပါး ဆံ့နိုင်သည်ရှိသော်။ ဝဋ္ဋတိ၊ အပ်၏။ ဝါ၊ သင့်လျော်၏။ တတော၊ ထိုနှစ်ကျိပ်တစ်ပါးဆံ့လောက်သော ပမာဏအောက်။ ဩရံ၊ ယုတ်သောပမာဏသည်။ နဝဋ္ဋတိ၊ မအပ်။ တတော၊ ထိုနှစ်ကျိပ်တစ်ပါးဆံ့လောက်သော ပမာဏထက်။ ပရံ၊ အလွန်။ ဘိက္ခုသဟဿံ၊ ရဟန်းတစ်ထောင်ကို။ ဂဏှန္တိပိ၊ ယူနိုင် ဆံ့နိုင်သော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဝါ၊ သင့်လျော်၏။

(၄) ဘိက္ခဝေ၊ ရဟန်းတို့။ သီမာယ၊ ဗဒ္ဓသိမ်ကို။ အသမ္မတာယ၊ ကမ္မဝါစာဖြင့် မသမုတ်အပ်သေးသည်ရှိသော်။ ဝါ၊ မသမုတ် အပ်သေးမီ။ အဌပိတာယ၊ ကမ္မဝါစာဖြင့် ဖတ်ရွတ်ပိုင်းခြား၍ မထား အပ်သေးသည်ရှိသော်။ ဝါ၊ မထားအပ်သေးမီ။ ဘိက္ခု၊ ရဟန်းသည်။ ယံ ဂါမံဝါ၊ အကြင်ရွာကိုမူလည်းကောင်း။ ယံ နိဂမံဝါ၊ အကြင်နိဂုံးကို မူလည်းကောင်း။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟရတိ၊ နေငြားအံ့။ တဿ ဂါမဿ၊ ထိုရွာ၏။ ယာ ဂါမသီမာဝါ၊ အကြင်ဂါမသိမ်သည် လည်းကောင်း။ တဿ နိဂမဿ၊ ထိုနိဂုံး၏။ ယာ နိဂမသီမာဝါ၊ အကြင်နိဂုံးသိမ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရွာ, နိဂုံးတို့၌။ အယံ၊ ဤဂါမ, နိဂမသိမ်သည်။ သမာနသံဝါသာ၊ တူသော ပေါင်းဖော်ခြင်းရှိ၏။ ဧကူပေါသထာ၊ တူသော ဥပုသ်ပြုခြင်းရှိ၏။

(၅) တတ္ထ၊ ထို''အသမ္မတာယ ဘိက္ခဝေ သီမာယ အတ္တုပိ–တာယ''အစရှိသော ပါဠိတော်ပါဌ်၌။ အတ္တုပိတာယာတိ၊ ဟူသည်ကား။ အပရိစ္ဆိန္နာယ၊ မပိုင်းခြားအပ်သေးသည်ရှိသော်။ သမာန–သံဝါသာ၊ တူသော်ပေါင်းဖေါ်ခြင်းရှိ၏။ ကေူပေါသထာ၊ တူသော ဥပုသ်ပြုခြင်းရှိ၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤ''အသမ္မတာယ''အစရှိသော ပါဌ်၌။ ဝါ၊ ဤဂါမ,နိဂမသဒ္ဒါနှစ်မျိုးတို့တွင်။ ဂါမဂ္ဂဟဏေန၊ ဂါမသဒ္ဒါဖြင့်။ နဂရမ္ပိ၊ မြို့သည်လည်း။ ဝါ၊ မြို့ကိုလည်း။ ဂဟိတမေဝ၊ ယူအပ်ပြီးမည်တော့သည်သာလျှင်။ ဟောတိ၊ ၏။ တတ္ထ၊ ထို အသမ္မတ–အတ္တုပိတ သိမ်ဖြစ်ကုန်သော ဂါမ, နိဂမ ပဒေသရပ်ကွက်တို့တွင်။ ယတ္တကေ၊ အကြင်မျှလောက် အတိုင်းအရှည်ရှိသော။ ပဒေသေ၊ ရပ်ကွက်၌။ တဿ တဿ ဂါမဿ၊ ထိုထိုရွာ၏။ ဘောဇကာ၊ အခွန်စားသူကြီးတို့သည်။ ဗလိံ၊ အခွန်ကို။ လဘန္တိ၊ များသောအားဖြင့် ရကုန်၏။ သော ပဒေသော၊ ထိုဂါမဘောဇကတို့၏ အခွန်ရယူရာ ထိုရပ်ကွက်သည်။ အပ္ပေါဝါ၊ နည်းနည်းကျဉ်းကျဉ်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တောဝါ၊ များများစားစား ကြီးကြီးကျယ်ကျယ်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာတွေဝ၊ ဂါမသိမ်ဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ နဂရသီမာသုပိ၊ တို့၌လည်း။ သေသဝနယော၊ ၎င်းနည်းအတိုင်းပင်။

(၆) ဧကသ္မိံ ယေဝ၊ တစ်ခုတည်းသာလျှင်ဖြစ်သော။ ဂါမခေတ္တေ၊ ပကတိဂါမခေတ်၌။ ဧကံ၊ တစ်ခုသော။ ယမ္ပိ ပဒေသံ၊ အကြင်ရပ်ကွက် အစိတ်အပိုင်းသည်လည်း။ (အတ္ထိ၊ ၏။) အယမ္ပိ ပဒေသော၊ ဤရပ်ကွက်အစိတ်အပိုင်းကိုလည်း။ ဝိသုံဂါမော၊ ပကတိဂါမမှ သီးခြား ရွာတစ်ခုသည်။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။

ပရိစ္ဆိန္ဒိတွာ၊ နယ်လေးရပ် သတ်မှတ်ပိုင်းခြား၍။ ရာဇာ၊ အာဏာပိုင်မင်းသည်။ ကဿစိ၊ ပကတိ ဂါမဘောဇကမှတပါး တစုံတယောက်သော လူအား။ ဒေတိ၊ ပေးအံ့။ သောပိ ပဒေသော၊ သီးခြားရွာတခု ဖြစ်စေဟု နယ်လေးရပ် သတ်မှတ်ပိုင်းခြား၍ အာဏာပိုင်မင်းက ပကတိ ဂါမ ဘောဇကမှတစ်ပါး တစုံတယောက်သောလူအား ပေးအပ်သော ထိုရပ်ကွက် အစိတ်အပိုင်းသည်လည်း။ ဝိသုံဂါမသီမာ၊ ဝိသုံဂါမ အဗဒ္ဓသိမ်သည်။ ဟောတိ ယေဝ၊ ဖြစ်တော့သည်သာလျှင်တည်း။

(၇) တသ္မာ၊ ထိုသို့ ဂါမဘောဇကတို့၏ အခွန်ရယူရာ ရပ်ကွက် အပိုင်းအခြား၏ ပကတိဂါမ နဂရ နိဂမ အဗဒ္ဓသိမ်မည်သည် ၏ အဖြစ်၊ ပကတိဂါမမှ သီးခြား ရွာတစ်ခုဖြစ်စေဟု အာဏာပိုင်မင်း ပိုင်းခြား၍ တစ်စုံတစ်ယောက်သောလူအား ပေးအပ်သော ပကတိဂါမ ခေတ် အစိတ်အပိုင်း ရပ်ကွက်၏ ဝိသုံဂါမ အဗဒ္ဓသိမ်မည်သည်၏ အဖြစ်ကြောင့်။ သာ စ ဝိသုံဂါမသီမာ၊ ထိုဝိသုံဂါမ အဗဒ္ဓသိမ်သည် လည်းကောင်း။ ဣတရာ၊ ဤ ဝိသုံဂါမ အဗဒ္ဓသိမ်မှတစ်ပါးကုန်သော။ ပကတိဂါမ နဂရ နိဂမ သီမာစ၊ ပကတိဂါမ နဂရ နိဂမ အဗဒ္ဓသိမ် တို့သည်လည်းကောင်း။ ဗဒ္ဓသီမာ သဒိသာယေဝ၊ ဗဒ္ဓသိမ်နှင့် တူကုန် တော့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၈) ယောယော အဠကထာဝါဒေါ ဝါ၊ အကြင်အကြင် အဠကထာဝါဒကိုလည်းကောင်း။ ယောယော ထေရဝါဒေါဝါ၊ အကြင် အကြင် ထေရဝါဒကိုလည်းကောင်း။ ပစ္ဆာ၊ နောက်ဆုံး၌။ ဝုစ္စတိ၊ ဆိုထားအပ်၏။ သော၊ ထိုထိုနောက်ဆုံး ဆိုထားအပ်သော အဠကထာ ဝါဒနှင့် ထေရဝါဒကိုသာ။ ပမာဏတော၊ တမျဉ်းကြိုးကဲ့သို့နှိုင်းယှဉ်

ကြောင်း ပမာဏအားဖြင့်။ ဝါ၊ တမျဉ်းကြီးသဖွယ် နိုင်းယှဉ်ကြောင်း ပမာဏဖြစ်၏ဟူ၍။ ဒဠှဗ္ဗော၊ ဉာဏ်ပညာဖြင့် ရှုအပ် သတိတရားဖြင့် မှတ်သားအပ်၏။

(၉) ကေသွိ၊ တစ်ခုသော။ ဂါမခေတ္တေ၊ ဂါမခေတ်၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သီမံ၊ သိမ်ကို။ ဗန္ဓိတုကာမာ၊ ဖွဲ့ခြင်း သမုတ်ခြင်းငှါ အလိုရှိကြကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ဧဝံ ဟောန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ တေဟိ ဘိက္ခူဟိ၊ ထိုတစ်ခုသောဂါမခေတ်၌ သိမ်သမုတ်လိုကြကုန်သော ရဟန်းတို့ သည်။ (ပေသေတဗ္ဗ–၌ စပ်) တတ္ထ တသ္မိံ သီမာဗဒ္ဓ ကေဂါမ ခေတ္တေ၊ ထိုသိမ်ဖွဲ့သမုတ်ရာ တစ်ခုသောဂါမခေတ်၌။ ယေ ဗဒ္ဓသီမာဝိဟာရာ၊ အကြင်ဗဒ္ဓသိမ်ရှိကုန်သော ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု ဗဒ္ဓသီမာဝိဟာရေသု၊ ထိုဗဒ္ဓသိမ်ရှိကုန်သော ကျောင်းတို့၌။ ဝသန္တာ၊ နေကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တိကော၊ အထံ၌၊ အထံသို့။ (ပေသေတဗ္ဗ–၌ စပ်) ဘန္တေ အာဝုသော၊ အသျှင်ဘုရားတို့–ငါ့သျှင် တို့။ မယံ၊ ငါတို့သည်–တပည့်တော်တို့သည်။ အဇ္ဇ ယန္နေ၊ သီမံ၊ သိမ်ကို။ ယသ္မာ၊ အကြင်ကြောင့်။ ဗန္ဓိဿာမ၊ ဖွဲ့ကြ သမုတ်ကြပါကုန် လိမ့်အံ့။ တသ္မာ၊ ထိုကြောင့်။ တုမှေ၊ သင်တို့သည်–အသျှင်ဘုရားတို့ သည်။ သကသကသီမာပရိစ္ဆေဒတော၊ မိမိ မိမိတို့၏ သိမ်အပိုင်းအခြား မှ။ မာ နိက္ခမိတ္ထ၊ ပြင်ဘက်သို့ မထွက်ကြကုန်လင့်။ ဝါ၊ ထွက်တော် မမူကြပါကုန်လင့်။ ဣတိ၊ ဤသို့။ ပေသေတဗ္ဗ၊ တမန်စေကြား ပြော ထားအပ်၏။ ယေ အဗဒ္ဓ သီမာဝိဟာရာ၊ အကြင် ဗဒ္ဓသိမ်မရှိကုန် သော ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု အဗဒ္ဓသီမာ– ဝိဟာရေသု၊ ထိုဗဒ္ဓသိမ် မရှိကုန်သော ကျောင်းတို့၌။ ဝသန္တာ၊ နေကြ

ကုန်သော။ ဘိက္ခုု ရဟန်းတို့ကို။ ကေဖ္ဖံ၊ တပေါင်းတည်း။ သန္နိ-ပါတေတဗ္ဗာ၊ ဟတ္ထပါသ်ရောက် စည်းဝေးစေအပ်ကုန်၏။ ဆန္ဒာ-ရဟာနံ၊ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏။ ဆန္ဒော၊ ဆန္ဒကို။ အာဟာရာပေတဗ္ဗော၊ ဆောင်စေအပ်၏။

(၁၀) တေ ဘိက္ခုု ထိုရဟန်းတို့သည်။ ကေ်ယေဝ ဂါမ-ခေတ္တံ၊ တစ်ခုသော ဂါမခေတ်ကိုသာလျှင်။ အန္တောကတ္တုကာမာ၊ ဗဒ္ဓသိမ်အတွင်း၌ ပြုလိုကုန်သည်။ နု၊ မဟုတ်ကုန်သေး။ အထ ခေါ စင်စစ်မှာမူကား။ ဝါ၊ အဟုတ်အမှန်မှာမူကား။ အညာနိ၊ တပါးကုန်သော။ ဂါမခေတ္တာနိပိ၊ ဂါမခေတ်တို့ကိုလည်း။ အန္တောကတ္တုကာမာ၊ ဗဒ္ဓသိမ်အတွင်း၌ ပြုလို, ထားလို, သွင်းလိုကုန်သည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်ငြားအံ့။ ဧဝံ ဟောန္တေသု၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ တေသု ဂါမေသု၊ ထိုအတွင်းပြုအပ်ကုန်သော အညဂါမတို့၌။ ယေ ဘိက္ခုု အကြင်ရဟန်းတို့သည်။ ဝသန္တိ၊ နေကြကုန်၏။ တေဟိ ပိ ဘိက္ခုုဟိ၊ ထိုအညဂါမတို့၌ နေကြကုန်သော ရဟန်းတို့သည်လည်း။ အာဂန္တဗ္ဗံ၊ သီမာသမ္မုတိ ကမ္မကာရက သံဃဟတ္ထပါသ်သို့ လာရောက်အပ်၏။ အနာဂစ္ဆန္တာနံ၊ မလာရောက်နိုင်ကုန်သော ဆန္ဒာရဟ ရဟန်းတို့၏။ ဆန္ဒော၊ ဆန္ဒကို။ အာဟရိတဗ္ဗော၊ ဆောင်အပ်၏။ ဣတိ၊ ဤသို့။ မဟာသုမတ္ထေရော၊ ဆရာထံမှောက် ကိုးခေါက်ဝိနည်း သင်ယူပြီးသော မဟာသုမထေရ်သည်။ အာဟ၊ မမိမရ ဓိပ္ပါယ်ပလျက် မိန့်ဟမြွက်ဆိုတော်မူရှာလေပြီ။ ပန၊ ယင်းသို့ပင် မမိမရ ဓိပ္ပါယ်ပလျက် မဟာသုမထေရ် မိန့်ဆိုပါသော်လည်း။ တစ်နည်း-ပန၊ သဘောမမိယုတ္တိမရ မဟာသုမထေရ်၏ ဝါဒမှတပါး သဘောမိရာ ယုတ္တိပါသော မဟာပဒုမထေရ်၏ ဝါဒကိုဆိုဦးအံ့။ မဟာပဒုမတ္ထေရော၊ ဆရာ

ထံမှောက် ဆယ့်ရှစ်ခေါက်ဝိနည်းသင်ယူပြီးသော မဟာပဒုမထေရ် သည်။ အာဟ၊ အဝိပ္ပါယ်မပျက် သဘောသက်အောင် မိန့်မြွက်တော် မူလေပြီ။ ကိံ အာဟ၊ အဘယ်သို့ အဝိပ္ပါယ်မပျက် သဘောသက် အောင် မိန့်မြွက်တော်မူသနည်း။ နာနာဂါမခေတ္တာနိ နာမ၊ အထူးထူး အမျိုးမျိုးသော ဂါမခေတ်တို့မည်ကုန်သည်။ ပါဋ္ဌေက္ကံဗဒ္ဓသီမာသဒိသာနိ၊ အသီးအခြားသော ဗဒ္ဓသိမ်နှင့်တူကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော–တေဟိ နာနာဂါမ ခေတ္တေဟိ၊ ထိုအသီးအခြားသော ဗဒ္ဓသိမ် နှင့်တူကုန်သော ဂါမခေတ် အသီးအခြားတို့မှ။ ဆန္ဒပါရိသုဒ္ဓိ၊ ဆောင် အပ်သော ဆန္ဒပါရိသုဒ္ဓိသည်၊ နအာဂစ္ဆတိ၊ အသီးအခြားသော ဂါမ ခေတ်တို့သို့ မလာမလိုက်။ အန္တော၊ နိမိတ္တဂတေတိ၊ နိမိတ်အတွင်း သို့ရောက်ကုန်သော။ ဝါ၊ နိမိတ်အတွင်း၌ တည်ကုန်သော။ ဘိက္ခူဟိ ပန၊ ရဟန်းတို့သည်ကား။ အာဂန္တဗ္ဗံ၊ သီမာသမ္မုတိ ကမ္မကာရက သံဃဟတ္ထပါသ်သို့ လာရောက်အပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ အဝိပ္ပါယ်မပျက် သဘောသက်အောင် သာမန်အားဖြင့် မိန့်မြွက်တော် မူလေပြီ။ ဝတွာ၊ အဝိပ္ပါယ်မပျက် သဘောသက်အောင် သာမန်အား ဖြင့် မိန့်မြွက်တော်မူပြီး၍။ ပုန၊ တစ်ဖန်။ အာဟ၊ ဝိသေသပိုင်းခြား၍ ထင်ရှားအောင် ဆက်လက်မိန့်မြွက်တော်မူပြန်လေပြီ။ ကိံ အာဟ၊ အဘယ်သို့ ဝိသေသပိုင်းခြား၍ ထင်ရှားအောင် ဆက်လက် မိန့်မြွက် တော်မူပြန်လေသနည်း။ သမာနသံဝါသကသီမာသမ္မန္နနကာလေ၊ သမာနသံဝါသက သိမ်ကိုသမုတ်ရာကာလ၌။ အာဂမနမ္ပိ၊ ကမ္မ– ကာရက သံဃဟတ္ထပါသ်အတွင်းသို့ လာရောက်ခြင်းသည်လည်း။ ဝဋ္ဋတိ၊ မလွန်နိုင်သည့်အတွက် သာမိစိဝတ္တရား ကျေပွန်သောအားဖြင့် သင့်လျော်ခဲ့၏။ အနာဂမနမ္ပိ၊ ကမ္မကာရက သံဃဟတ္ထပါသ်သို့ မလာ

မရောက်ခြင်းသည်လည်း။ ဝဋ္ဋတိ၊ ကေသိမမဟုတ်သေး၍ ကံမပျက်ခြင်းကြောင့် သင့်လျော်လျောက်ပတ်အပ်၏။ အဝိပ္ပဝါသသီမာသမ္မုန္နကာလေ ပန၊ အဝိပ္ပဝါသသိမ်ကို သမုတ်ရာကာလ၌ကား။ အန္တောနိမိတ္တဂတေဟိ၊ နိမိတ်အတွင်း၌ ရောက်ကုန်သော နိမိတ်အတွင်း၌ တည်ကုန်သော ရဟန်းတို့သည်။ အာဂန္တဗ္ဗံ၊ ကေသိမ ဖြစ်ပြီးသည့်အတွက် မုချဆတ်ဆတ် ဟတ္ထပါသ်အတွင်းသို့ လာရောက်အပ်၏။ အနာဂန္တုန္တ္တာနံ၊ ဟတ္ထပါသ်အတွင်းသို့ မချဉ်းမရောက်လာနိုင်ကုန်သော ရဟန်းတို့၏။ ဆန္ဒော၊ ဆန္ဒကို။ အာဟရိတဗ္ဗော၊ ဆောင်အပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဝိသေသပိုင်းခြား၍ ထင်ရှားအောင် ဆက်လက်မိန့်မြွက်တော်မူပြန်၏။

(၁၁) အန္တောနိမိတ္တဂတေဟိ ပနာတိ ဧတ္ထ၊ အန္တောနိမိတ္တဂတေဟိပန–အစရှိသောဝါကျ၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကေသာ၊ တစ်ခုသောဂါမခေတ်၏။ ဝါ၊ တစ်ပါးသောဂါမခေတ်၏။ ဥပမုံ၊ ထက်ဝက်သောရပ်ကွက်အပိုင်းအခြားကို။ အန္တောကတ္တုကာမတာယ၊ သမုတ်အပ်လတ္တံ့သော ဗဒ္ဓသိမ်၏အတွင်း၌ သွင်းခြင်းငှါ အလိုရှိသည်၏ အဖြစ်သည်။ ဝါ၊ အတွင်းပြုခြင်းငှါ အလိုရှိသည်၏ အဖြစ်သည်။ သတိ၊ ရှိခဲ့သော်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော အညဂါမိက ရဟန်းတို့၏။ အာဂမနေ၊ ကမ္မကာရက သံဃဟတ္ထပါသ်တွင်းသို့ လာရောက်ခြင်း၌ လာရောက်ခြင်းကြောင့်။ ပယောဇနံ၊ တစုံတခုသောအကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ဤသို့သောအကြောင်းကြောင့်။ တနည်း–ဣတိ ဣမံအတ္ထံ၊ ဤသို့သောအနက်သဘောကို။ မနသိ၊ စိတ်၌။ ကတွာ၊ ထားတော်မူ၍။ အန္တောနိမိတ္တဂတေဟီတိ၊ ဟူ၍။ မဟာပဒုမတ္ထေရေန၊

မဟာပဒုမထေရ်သည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ခဲ့လေပြီ။ စ၊ ယင်းသို့ ပင် အန္တောနိမိတ္တဂတေတိ–ဟု မိန့်တော်မူအပ်ပါသော်လည်း။ တံ အန္တောနိမိတ္တဂတာဂမနံ၊ ထိုနိမိတ်အတွင်း၌ တည်ကုန်သော ရဟန်း တို့၏ သမာနသံဝါသကသိမ် မသမုတ်မီ သံဃဟတ္ထပါသ်တွင်းသို့ လာရောက်ခြင်းကို။ သာမီစိဝသေန ဝေ၊ ကာယသာမဂ္ဂီအား လျော် သော ဝတ္တရား၏အစွမ်းအားဖြင့်သာလျှင်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ် လေပြီ။ ကမ္မကောပနဘယဝသေန၊ ကမ္မကောပနဘေး၏ အစွမ်းအား ဖြင့်။ န ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်သည်မဟုတ်။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကြကုန်၏။

အနာဂမနမ္ပိ ဝဋ္ဋတီတိ ဧတ္ထ၊ ၌။ သီမာယ၊ သမာနသံဝါ– သက ဗဒ္ဓသိမ်၏။ ဝါ၊ ကို။ အဗဒ္ဓတ္တာ၊ ဖွဲ့သမုတ်အပ်ပြီး မဟုတ်သေး သည်၏အဖြစ်ကြောင့်။ အန္တောနိမိတ္တဂတာနာဂမနေန၊ နိမိတ်အတွင်း ၌ တည်ကုန်သောရဟန်းတို့၏ သံဃဟတ္ထပါသ်သို့ မလာမရောက်ခြင်း ကြောင့်။ ဝဂ္ဂံနာမ၊ ဝဂ္ဂကံမည်သည်။ နဟောတိ၊ မဖြစ်။ ဣတိ ဣဒံ အဓိပ္ပါယဇာတံ၊ မဟာပဒုမထေရ်သည် အလိုရှိအပ်သော သဘောကို။ လိခိကံ၊ ဂဏ္ဌိပုဒ်၌ ရေးသားအပ်၏။ အညဿ၊ တပါးသော။ ဂါမခေတ္တေ၊ ဂါမခေတ်၌။ ဌတွာ၊ တည်၍။ ထပေတွာ၊ နိမိတ်ထား၍။ နိမိတ္တကိတ္တန ကာလေစ၊ နိမိတ်ကြားစဉ်ကာလ၌လည်းကောင်း။ သမာနသံဝါသက သီမာယ၊ သမာနသံဝါသကသိမ်ကို။ သမ္မန္နနကာလေစ၊ သမုတ်စဉ် အခါ၌လည်းကောင်း။ အာဂမနပယောဇနံ၊ နိမိတ်အတွင်း၌တည်ကုန် သော ရဟန်းတို့၏ သံဃဟတ္ထပါသ်အတွင်းသို့ လာရောက်ခြင်း၌ အကျိုးသည်။ ဝါ၊ လာရောက်ခြင်း၏အကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ ဣမံ အဓိပ္ပါယံ၊ ဤသို့သောအဓိပ္ပါယ်ကို။ ဒဿေန္တေန၊ ပြတော်မူလို

သော။ ထေရေန၊ မဟာပဒုမထေရ်သည်။ ဝုတ္တံ၊ "အနာဂမနမ္ပိ ဝဋ္ဋတိ" ဟု မိန့်ဆိုတော်မူအပ်လေပြီ။

နာနာဂါမခေတ္တံ၊ အထူးထူးသောဂါမခေတ်သည်။ ဝါ၊ အသီး အခြားသောဂါမခေတ်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အနာဂမနမ္ပိ၊ အသီးအခြားသော ဂါမ ခေတ်၌ တည်ကုန်သော ရဟန်းတို့၏ အသီးအခြားသော ဂါမခေတ်၌ ကံပြုသော သံဃာဟတ္ထပါသ်သို့ မလာ မရောက်ခြင်းသည်လည်း။ ဝဋ္ဋတိ၊ အပ်၏၊ သင့်လျော်၏။

**(ဝဇိရဗုဒ္ဓိဋီကာအနက်)။**

(၁၂) အန္တောနိမိတ္တဂတေဟိ ပနာတိ ဣဒံ ဝစနံ၊ ကို၊ ကေဿ၊ တစ်ခုသော။ ဝါ၊ တစ်ပါးသော။ ဂါမဿ၊ ၏။ ဥပမံ၊ ကို။ အန္တော– ကတ္တုကာမတာယ၊ သည်။ သတိ၊ သော်။ သဗ္ဗေသံ၊ တို့၏။ အာဂမနေ၊ ၌။ ဝါ၊ ကြောင့်။ ပယောဇနံ၊ အကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤအနက်ကို။ မနသိ၊ ၌။ ကတွာ၊ ၍။ မဟာပဒုမတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ အာဂန္တဗ္ဗမေဝ၊ လာအပ်သည်သာလျှင်တည်း။ ဝါ၊ လာရလိမ့်မည်သာတည်း။ ဣတိအယံ၊ ဤအနက်သဘောသည်။ န နိယမော၊ အခိုင်အမြဲမဟုတ်။ တစ်နည်း– ဣတိ အယံနိယမော၊ ဤအမြဲမှတ်ချက်သည်။ န၊ မဟုတ်။ တေနေဝ၊ ထိုနိမိတ်အတွင်း၌ တည်ကုန်သောရဟန်းတို့သည် ကမ္မကာရကရဟန်းတို့၏ ဟတ္ထပါသ် သို့ မချွတ်ကေန် အမှန်စင်စစ် လာရမည်သာဟု အမြဲမှတ်ချက် မဟုတ် သည်၏အဖြစ်ကြောင့်သာလျှင်။ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတီတိ၊ ဝဋ္ဋတီဟူ၍။ မဟာပဒုမတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ ဟိ သစ္စံ၊ ထို

စကားသည့်မှန်၏။ သီမာယ၊ သမာနသံဝါသကသိမ်ကို။ အဗဒ္ဓါယ၊ မဖွဲ့ မသမုတ်အပ်သေးသည့်ရှိသော်။ နာနာဂါမခေတ္တာနံ၊ အထူးထူး သော ဂါမခေတ်တို့၏။ နာနာသီမာသဘာဝတ္တာ၊ ထူးထွေကွဲပြား ခြား နားသော သိမ်သဘောရှိကုန်သည့်၏အဖြစ်ကြောင့်။ တေသံ၊ ထိုနိမိတ် အတွင်း၌ တည်ရှိကုန်သော ရဟန်းတို့၏။ အနာဂမနေပိ၊ သံဃာဟတ္ထ ပါသ်သို့ မလာခြင်းကြောင့်လည်း။ ဝဂ္ဂကမ္မံ၊ ဝဂ္ဂကံသည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ အနာဂမနမ္ပိ၊ သည်လည်း။ ဝဋ္ဋတိ၊ ၏။ ပန၊ အနိယမမှတပါး နိယမကိုဆိုဦးအံ့။ သီမာယ၊ သမာနသံဝါသက သိမ်ကို။ ဗဒ္ဓါယ၊ ဖွဲ့အပ် သမုတ်အပ်ပြီးသည့်ရှိသော်။ ကေသီမာ ဘာဝတော၊ တစ်သိမ်တည်းဖြစ်သွားခြင်းကြောင့်။ ပုန၊ တစ်ဖန်။ အညသ္မိံ၊ သမာနသံဝါသက သီမာသမ္မုတိ ကံမှတစ်ပါးသော။ ကမ္မေ၊ အဝိပ္ပဝါသ သီမာသမ္မုတိကံကို။ ဝါ၊ အဝိပ္ပဝါသသီမာသမ္မုတိစသော ကံကို။ ကရိယမာနေ၊ ပြုအပ်သည့်ရှိသော်။ အန္တောနိမိတ္တဂတေဟိ၊ တို့သည်။ အာဂန္တဗ္ဗမေဝ၊ မချွတ်ကေန် အမှန်စင်စစ် လာအပ်သည် လာရမည်သာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အဝိပ္ပဝါသသီမာ (ပ) အာဂန္တဗ္ဗန္တိ၊ ဟူ၍။ မဟာပဒုမတ္ထေရော၊ သည်။ အာဟ၊ မိန့်မြွက် တော်မူလေပြီ။ နိမိတ္တကိတ္တနကာလေ၊ နိမိတ်ကြားရာ ကာလ၌။ သီမာယ၊ သိမ်ကို။ အသောဓိတာယပိ၊ မသုတ်သင်အပ်သော်လည်း။ ဒေါသော၊ အပြစ်သည်။ နေဝတ္ထိ၊ မရှိသည်သာတည်း။ ကသ္မာ၊ အဘယ်ကြောင့်။ ဒေါသော၊ အပြစ်သည်။ နေဝတ္ထိ၊ မရှိသနည်းဟူမူ။ နိမိတ္တကိတ္တနဿ၊ နိမိတ်ကြားခြင်း၏။ အပလောကနာဒီသု၊ အပ လောကန အစရှိကုန်သော ကံလေးမျိုးတို့တွင်။ အညတရာဘာဝတော၊ တမျိုးမျိုးသော ကံမဟုတ်သည်၏ အဖြစ်ကြောင့်တည်း။

(တေရသကဏ္ဍဋီကာအနက်)။

(၁၃) ယေသု ဝိဟာရေသု၊ အကြင်ကျောင်းတို့၌။ ဗဒ္ဓါ၊ ဖွဲ့သမုတ်အပ်သော။ သီမာ၊ သိမ်သည်။ အတ္ထိ၊ ရှိ၏။ တေ ဝိဟာရာ၊ ထိုဖွဲ့အပ် သမုတ်အပ်သော သိမ်ရှိကုန်သော ကျောင်းတို့သည်။ ဗဒ္ဓသီမာ၊ ဗဒ္ဓသီမမည်ကုန်၏။ ပါဠိမှုတ္တကွတ္တ ဟူသည်ကား။ ပစ္စေကံ၊ အသီးအသီး။ ဗဒ္ဓသီမာသဒိသာနိ၊ ဗဒ္ဓသိမ်နှင့်တူကုန်သည်။ ဟောန္တိ ကုန်၏။ ဗဒ္ဓသီမာသဒိသာနီတိ ဣမိနာ၊ ဗဒ္ဓသီမာသဒိသာနိ ဟူသော ဤပုဒ်ဖြင့်။ ဗဒ္ဓသီမာသု၊ ဗဒ္ဓသိမ်တို့၌။ ဌိတာ၊ တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အညမညံ၊ အချင်းချင်း။ ဆန္ဒာဒိံ၊ ဆန္ဒအစရှိသည်ကို။ အနပေက္ခိတွာ၊ မငဲ့ကြကုန်မူ၍။ ပစ္စေကံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ လဘန္တိယထာ၊ ရကြကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဂါမသီမာသု၊ ဂါမသိမ်တို့၌။ ဌိတာ၊ တည်ကုန်သော။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ အညမညံ၊ အချင်းချင်း။ ဆန္ဒာဒိံ၊ ဆန္ဒအစရှိသည်ကို။ အနပေက္ခိတွာ၊ မငဲ့ကြကုန်မူ၍။ ပစ္စေကံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ လဘန္တိ၊ ရကြကုန်၏။ ဣတိဣမံအတ္တံ၊ ဤအနက်ကို။ မဟာပဒုမတ္ထေရော၊ သည်။ ဒသေတိ၊ ပြတော်မူ၏။ အာဂန္တုဗုဒ္ဓိ ဝစနံ၊ ကို။ သာမိစိမတ္တဝသေန၊ အားဖြင့်။ ဝုတ္တံ၊ ပြီ။ တေန၊ ထိုကြောင့်။ အာဂမနမ္ပိအာဒိ၊ ဤသို့အစ ရှိသော။ ယံဝါကျံ၊ သည်။ အတ္ထိ၊ ၏။ တံ ဝါကျံ၊ ကို။ အာဟ၊ ပြီ။

**(ဝိမတိဝိနောဒနီ ဋီကာအနက်)။**

(၁၄) ယေသု ဝိဟာရေသု၊ အကြင်ကျောင်းတို့၌။ ဗဒ္ဓါ၊ ကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော။ သီမာ၊ သိမ်သည်။ အတ္ထိ၊ ရှိ၏။ တေဝိဟာရာ၊ ထိုကမ္မဝါစာဖြင့်ဖွဲ့သမုတ်အပ်သော သိမ်ရှိကုန်သော

ကျောင်းတို့သည်။ ဗဒ္ဓသီမာ၊ ဗဒ္ဓသီမမည်ကုန်၏။ ဝါ၊ ဗဒ္ဓသိမ်ရှိသော ကျောင်းတို့မည်ကုန်၏။ ပါဒဍ္ဎကန္တိ၊ ဟူသည်ကား။ ပစ္စေကံ၊ အသီး အသီး။ ဗဒ္ဓသီမာသဒိသာနိတိ ဣမိနာ၊ ဖြင့်။ ဗဒ္ဓသီမာသု၊ ဗဒ္ဓသိမ် တို့၌။ ဌိတာ၊ တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အညမညံ၊ အချင်းချင်း။ ဆန္ဒာဒီ၊ ဆန္ဒအစရှိသည်ကို။ အနပေက္ခတွာ၊ မငဲ့ကြကုန် မူ၍။ ပစ္စေကံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်းငှါ။ လဘန္တိ ယထာ၊ ရကြကုန်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဂါမသီမာသု၊ ဂါမသိမ်တို့၌။ ဌိတာ၊ တည်ကုန်သော။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ အညမညံ၊ အချင်းချင်း။ ဆန္ဒာဒီ၊ ဆန္ဒအစရှိသည်ကို။ အနပေက္ခိတွာ၊ မငဲ့ကြကုန်မူ၍။ ပစ္စေကံ၊ အသီးအသီး။ ကမ္မံ၊ ကံကို။ ကာတုံ၊ ပြုခြင်း ငှါ။ လဘန္တိ၊ ရကြကုန်၏။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်ကို။ မဟာ ပဒုမတ္ထေရော၊ သည်။ ဒဿေတိ၊ ပြ၏။ အန္တောနိမိတ္တဂတေဟိ ပနာတိ ဣဒံ ဝစနံ၊ ကို။ ကေဿ၊ သော။ ဂါမဿ၊ ၏။ ဥပမံ၊ ထက်ဝက်ကို။ အန္တောကတ္တုကာမတာယ၊ သည်။ သတိ၊ သော်။ သဗ္ဗေသံ၊ တို့၏။ အာဂမနေ၊ ၌။ ပယောဇနံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိကတွာ၊ ကြောင့်။ ဝုတ္တံ၊ ပြီ။ စ၊ ဆက်ဦးအံ့။ အာဂန္တဗ္ဗန္တိ ဣဒံ ဝစနံ၊ ကို။ သာမီစိဝသေန၊ အားဖြင့်။ ဝုတ္တံ၊ ပြီ။ အာဂန္တဗ္ဗမေဝ၊ သာလျှင်တည်း။ ဣတိအယံ၊ သည်။ နနိယမော၊ မမြဲ။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ အာဂမနမ္ပိ အာဂမနမ္ပိ ဝဋ္ဋတီတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဟိ၊ ထိုစကားသည်မှန်၏။ သီမာယ၊ ကို။ ဗဒ္ဓါယ၊ သော်။ နာနာ ဂါမခေတ္တာနံ၊ တို့၏။ နာနာသီမာ သဘာဝတ္တာ၊ ကြောင့်။ တေသံ၊ တို့၏။ အနာဂမနေပိ၊ ကြောင့်လည်း။ ဝဂ္ဂကမ္မံ၊ သည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ အနာဂမနမ္ပိ၊ သည်လည်း။ ဝဋ္ဋတိ၊ ၏။

ပန၊ အနိယမမှတပါး နိယမကိုဆိုဦးအံ့။ သီမာယ၊ ကို။ ဗဒ္ဓါယ၊ သော်။ ကေသီမာသဘာဝတော၊ ကြောင့်။ ပုန၊ တစ်ဖန်။ အညသ္မိံ၊ သော။ ကမ္မေ၊ ကို။ ကရီယမာနေ၊ သော်။ အန္တောသီမာဂတေဟိ၊ တို့သည်။ အာဂန္တဗ္ဗမေဝ၊ သာလျှင်တည်း။ ဣတိတသ္မာ၊ ကြောင့်။ အဝိပ္ပဝါသသီမာယ (ပ) အာဂန္တဗ္ဗန္တိ၊ ဟူ၍။ အာဟ၊ ပြီ။ နိမိတ္တကိတ္တနကာလေ၊ ၌။ သီမာယ၊ ကို။ အသောဓိတာယပိ၊ အပ်သော်လည်း။ ဒေါသော၊ အပြစ်သည်။ နေဝတ္ထိ၊ မရှိသည်သာလျှင်တည်း။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ နိမိတ္တကိတ္တနသ္သ၊ နိမိတ်ကြားခြင်း၏။ အပလောကနာဒီသု၊ အပလောကန အစရှိသည်တို့တွင်။ အည-တရာဘာဝတော၊ ကြောင့်တည်း။

(ဝိနယာလင်္ကာရ ဋီကာအနက်)

## သီမာဝိနိစ္ဆယကျမ်းပြီး၏

----ooo----

# သိမ်နိမိတ်ကြားနည်း

=============

သိမ်နိမိတ်ကြားနည်းသည် မာဂဓသက်သက် ကြားနည်း၊ မြန်မာသက်သက်ကြားနည်း၊ မာဂဓ+မြန်မာ ရောယှက်လျက်ကြားနည်း အားဖြင့် သုံးမျိုးရှိ၏။ ထိုတွင် မာဂဓသက်သက်ဖြင့် ကြားနည်းကို ရှေးဦးစွာပြအံ့။

ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)။ ဧတံ ဥဒကံ နိမိတ္တံ။ (အာမ ဘန္တေ)။ ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)။ ဧတံ ဥဒကံ နိမိတ္တံ။ (အာမ ဘန္တေ)။ (ပ) ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)။ ဧတံ ဥဒကံ နိမိတ္တံ။ (အာမ ဘန္တေ)။ ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)။ ဧတံ ဥဒကံ နိမိတ္တံ။ (အာမ ဘန္တေ)။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)။ ဧတံ ဥဒကံ နိမိတ္တံ။ ဤကား မာဂဓသက်သက်ဖြင့် ကြားနည်းတည်း။

မှတ်ချက်။ ။နိမိတ်ရှိရာ နိမိတ်အနီးသို့မသွားဘဲ သံဃအလယ်က ကြားခဲ့သော် "ဧတံ ဥဒကံ"ဟု အဝေးဟော ဧတ-သဒ္ဒါနှင့်ကြားရမည်၊ နိမိတ်ရှိရာ နိမိတ်အနီးသို့သွား၍ ကြားခဲ့သော် "ဣဒံ ဥဒကံ"ဟု အနီးဟော ဣမ-သဒ္ဒါ နှင့် ကြားရမည်။

## မြန်မာသက်သက်ဖြင့် ကြားနည်းကို ပြအံ့

----------------------

မေး။ ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့အရပ်မျက်နှာအရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေနိမိတ်ပါဘုရား။

ကြား။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည်(အဝေးဖို့) ငါ့ရှင်လျှောက်ထားအပ်သော ဤရေသည်(အနီးဖို့) ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့အရပ်မျက်နှာအရပ်က နိမိတ်တည်း။

မေး။ ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့တောင်ထောင့်အရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေနိမိတ်ပါဘုရား။

ကြား။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင်လျှောက်ထားအပ်သော ဤရေသည်) ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့တောင်ထောင့်အရပ်က နိမိတ်တည်း။ (ပ)။

မေး။ ဤသမုတ်အပ်လတ္တံ့သော သိမ်၏ မြောက်အရပ်မျက်နှာအရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေနိမိတ်ပါဘုရား။

ကြား။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင်လျှောက်ထားအပ်သော ဤရေသည်) ဤသမုတ်အပ်လတ္တံ့သော သိမ်၏ မြောက်အရပ်မျက်နှာအရပ်က နိမိတ်တည်း။

မေး။ ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့အရပ်မျက်နှာအရပ်က ဘယ်နိမိတ်နည်း။

ဖြေ။ ရေနိမိတ်ပါဘုရား။

ကြား။ ငါ့ရှင်လျှောက်ထားအပ်သော ထိုရေသည် (ငါ့ရှင်လျှောက်ထားအပ်သော ဤရေသည်) ဤသမုတ်အပ်လတ္တံ့သော သိမ်၏ အရှေ့မျက်နှာအရပ်က နိမိတ်တည်း။ ။ဤကား မြန်မာသက်သက်ဖြင့် ကြားနည်းတည်း။

## မာဂဓမြန်မာရောယှက် ကြားနည်းကိုပြအံ့

-----ooo-----

မေး။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိမိတ်သည်။ ကိံ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဘို့,မြစ်နှင့်၊ ရေစစ်, ခရီး၊ နိမိတ်ကြီးရှစ်ပါးတို့တွင် အဘယ်နည်း။

ဖြေ။ ဘန္တေ၊ အရှင်ဘုရား။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိမိတ်သည်။ ဥဒကံ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဘို့,မြစ်နှင့်၊ ရေစစ်, ခရီး၊ နိမိတ်ကြီးရှစ်ပါးတို့တွင် ရေပါဘုရား။

မေး။ ကိ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဘို့,မြစ်နှင့်၊ ရေစစ်, ခရီး၊ နိမိတ်ကြီးရှစ်ပါးတို့တွင် အဘယ်သည်။ သမ္မ-နိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော၊ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိမိတ်နည်း။

ဖြေ။ ဘန္တေ၊ အရှင်ဘုရား။ ဥဒကံ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဘို့,မြစ်နှင့်၊ ရေစစ်, ခရီး၊ နိမိတ်ကြီးရှစ်ပါးတို့တွင် ရေသည်။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိအမိတ်ပါဘုရား။

မေး။ တနည်း။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ကိံ နိမိတ္တံ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဘို့,မြစ်နှင့်၊ ရေစစ်, ခရီး၊ နိမိတ်ကြီး ရှစ်ပါးတို့တွင် အဘယ်နိမိတ်နည်း။

ဖြေ။ ဘန္တေ၊ အရှင်ဘုရား။ သမ္မိနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ဥဒကံ၊ တောင်, ကျောက်, တော, သစ်၊ တောင်ဘို့,မြစ်နှင့်၊ ရေစစ်, ခရီး၊ နိမိတ်ကြီးရှစ်ပါးတို့တွင် ရေနိမိတ်ပါဘုရား။

ကြား။ တော် ဥဒကာ၊ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေသည့် (အဝေးဖို့) ဤခံ ဥဒကာ၊ ငါ့ရှင် လျှောက်ထားအပ်သော ဤရေသည့်(အနီးဖို့) သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြားမှတ်သားကြောင်းဖြစ်သော နယ်နိမိတ်တည်း။

ကြား။ တနည်း။ သမ္မနိတဗ္ဗာယ၊ သမုတ်အပ်လတ္တံ့သော။ ဣမိဿာ သီမာယ၊ ဤခဏ္ဍသိမ်၏။ ပုရတ္ထိမာယ၊ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ နိမိတ္တံ၊ သတ်မှတ်ပိုင်းခြား မှတ်သားကြောင်းဖြစ်သော နယ်နိမိတ်သည်။ တော် ဥဒကာ၊ ငါ့ရှင် လျှောက်ထားအပ်သော ထိုရေတည်း။ (ဤခံ ဥဒကာ၊ ငါ့ရှင် လျှောက်ထားအပ်သော ဤရေတည်း)။

မှတ်ချက်။ ဤနည်းကိုမှီ၍ ကြွင်းသော ရှစ်ပါးသောနိမိတ်တို့၌လည်း မေးနိုင်၊ ဖြေနိုင်၊ ကြားနိုင်လောက်ပြီ။ အထူးကိုသာ ရေးတော့အံ့။

ပုရတ္ထိမာယအနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌။ ဒက္ခိဏာယ၊ တောင်ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ဒက္ခိဏာယ အနုဒိသာယ၊ အနောက်တောင်ထောင့်အရပ်၌။ ပစ္ဆိမာယ၊ အနောက်ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ပစ္ဆိမာယ အနုဒိသာယ၊ အနောက်မြောက်ထောင့်အရပ်၌။ ဥတ္တရာယ၊ မြောက်ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ဥတ္တရာယ အနုဒိသာယ၊ အရှေ့မြောက်ထောင့်အရပ်၌။

ပုရတ္ထိမာယ ဒိသာယ။ ။ဤကား မာဂဓမြန်မာ ရောယှက်လျက် ကြားနည်းတည်း။

မှတ်ချက်။ ဝိနည်းမို့ရှ် ရဟန်းများကသာ မေးကောင်း၊ ကြားကောင်း၏။ ဖြေရာ၌ကား ရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ၊ လူဖြစ်စေ အခွင့်သင့်သလို ဖြေဆိုကောင်း၏။ နိမိတ်ကြားသည့်အခါလည်း နိမိတ်တွင်းကဖြစ်စေ၊ နိမိတ်ပြင်ကဖြစ်စေ ကြားကောင်း၏ဟု ဋီကာတို့၌ဆို၏။ ကမ္မဝါစာဖတ်သော အခါ၌ကား နိမိတ်တွင်းကသာ ဖတ်ရမည်။

နိမိတ်ကြားနည်း ပြီး၏။

သီမာဝိနိစ္ဆယကျမ်း နောက်ဆက်တွဲ ပြီး၏။

❖❖❖

ပခုက္ကူမြို့

မဟာဝိသုတာရာမတိုက်

နိုင်ငံတော်သံဃမဟာနာယက

အဂ္ဂမဟာပဏ္ဍိတ

**ဘဒ္ဒန္တဝိစာရ**

**၏**

# ရဟန်းလောင်းဆယ်ပါး

# တစ်ပြိုင်နက် ရဟန်းခံမှု

# အဆုံးအဖြတ်

သာသနာ ၂၅၃၂ ကောဇာ ၁၃၅၀ ခရစ် ၁၉၈၈

# နိဒါန်း

၁၃၅၆–ခုနှစ်၊ ပြာသိုလပြည့်ကျော်(၉)ရက်နေ့၊ နံနက် (၁၀) နာရီက ဖြစ်ပါသည်။ စတုတ္ထအကြိမ် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများ ကြီးကြပ်ရေးတာဝန် အသီးသီး ဆောင်ရွက်ပြီး၍ ပြန်လည်စိစစ် အတည်ပြုနိုင်ရန် နိုင်ငံတော် သံဃ မဟာနာယကဆရာတော်(၄၇)ပါးလုံး ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပ ကျောင်းဆောင်သို့ ကြွရောက်တော်မူကြရပါသည်။

ညောင်တုန်းမြို့ ပုဏ္ဏမာရာမစျေးကျောင်းတိုက် ပဓာန နာယက နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ မဟာထေရ်သည်လည်း (၈း၃၀/ ၉း၀၀)နာရီခန့်အချိန် ညောင်တုန်းမြို့မှ မိမိတာဝန်ကျ သီတင်းသုံးရာ ဇမ္ဗူဒီပကျောင်းဆောင် အခန်း(၄၁)သို့ရောက်ရှိလာပြီး သက်နှင်းလဲခြင်း စသည်ပြုလုပ်နေရာ စာရေးသူက ဝင်ရောက်ရှိခိုးဦးချ ဝတ်ပြုပါသည်။

ရှိခိုးပြီးလျှင်ပြီးချင်း ဆရာတော် ဦးသြဘာက ''ဦးဝိစာရ ကိုတော့ ပြောစရာတစ်ခုရှိတယ်၊ နေ့လယ်ကျတော့ လာခဲ့အုံး''ဟု ပြတ်ပြတ်တိတိ အမိန့်ရှိပါသည်။

ဤသို့ ခတ်ပြတ်ပြတ်ပြောတတ်သည်မှာ ဆရာတော်၏ ထူးခြားသော ဝါသနာတစ်ခုဖြစ်ပါသည်။ ဆွမ်းစားချိန် နီးကပ်နေခြင်း၊ ပြောရမည့်စကားက အဓိပ္ပာယ်အတွေးခက် လေးနက်ကျယ်ဝန်းခြင်း စသည်တို့ကြောင့် ယခုမပြောသေးဘဲ အေးအေးဆေးဆေး အချိန်ယူပြောရန် နေ့လယ်တွင် ချိန်းလိုက်ခြင်းဖြစ်သည်ဟု နောက်မှရိပ်စားမိပါသည်။

''ဘာများပြောမလို့ပါလိမ့်၊ ဟိုအကြောင်းလား၊ ဒီအကြောင်းလား၊ ဘာအကြောင်းပါလိမ့်'' စသည်ဖြင့် အတွေးပင်လယ်ကြောမျောပါနေခဲ့သည်မှာ နေ့လယ်(၁)နာရီရောက်မှန်းမသိ ရောက်လာခဲ့ပါသည်။

**ရဟန်းလောင်း ၁၀–ပါး တစ်ပြိုင်နက် ရဟန်းခံမှု**

ညောင်တုန်းဆရာတော်က နေ့လယ်လာခဲ့အုန်းလို့ ပြောထားတာရှိတယ် သွားမှပဲ၊ နောက်ကျနေလိမ့်မယ်ဟု စဉ်းစားကာ ညောင်တုန်းဆရာတော်အခန်းသို့ သွားပါသည်။

ညောင်တုန်းဆရာတော်သည် ကုလားထိုင်ပေါ်ထိုင်ပြီး သတင်းစာကြည့်နေပါသည်။ စာရေးသူကထိုင်ပြီး ဝပ်ချပါသည်၊ ဆရာတော်သည် သတင်းစာ ကြည့်ခြင်းကို ခေတ္တရပ်နားလိုက်ပြီး ''ဘာလဲ၊ ဘာလျှောက်မလို့လဲ''ဟု ခပ်တိုတို မိန့်ဆိုပါသည်။ စာရေးသူက ထုံးစံအတိုင်း လက်အုပ်ချီပြီး ''ဆရာတော်က မနက်တုံးကပြောစရာရှိလို့ နေ့လယ်လာခဲ့အုံးဆိုလို့ လာခဲ့တာပါဘုရား' ဟု လျှောက်ထားလိုက်တော့မှ ''အော် ဒါလား၊ ပြောစရာက တခြား မဟုတ်ပါဘူး၊ ယခု ရွေးချယ်တင်မြှောက်ပွဲတွေ ခရီးလှည့်ခဲ့တာ၊ နေပြည်မြို့ရောက်တော့ ရွှေကူကျောင်းတိုက်ဆရာတော် ဦးသောဘိတ၊ ချမ်းသာကြီးကျောင်းတိုက် ဦးကောဏ္ဍညတို့နှင့်တွေ့တယ်၊ သူတို့ဆီမှာ ရဟန်းခံတစ်ခု၌ ရဟန်းလောင်း ၁၀–ပါးကို ဥပဇ္ဈာယ်ဆရာ ၁၀–ပါးဖြင့် ကမ္မဝါစာဆရာ ၁၀–ပါးက ဟတ္ထပါသ်စပ်လျက် တစ်ပြိုင်နက် ရဟန်းခံပေးကြတယ်။ ဒီလို ရဟန်းခံတာ ဝဂ်မဖြစ်လို့ အပ်ပါတယ်လို့ ပြောကြတယ်၊ ဒါနဲ့ တပည့်တော်က ''အရှင်ဘုရားတို့ဟာက ဝဂ်တော့ မဖြစ်ဖူး၊ ဆိတ်တော့ဖြစ်နေပြီ၊ တပြည့်တော်တော့ သဘောမကျဘူး''လို့

ပြောခဲ့တယ်၊ ကိုယ်တော်ကော ဘယ်လိုသဘောရသလဲ၊ ဘယ်လို တွေ့ဖူးသလဲ ဟု မိမိပြောကြားလိုရာကို ပြောကြားပြီး စာရေးသူ သဘောထားကို ဆက်လက်မေးမြန်းပါတော့သည်။

"အဲဒီလို ၄-၅-၁၀-ပါး တစ်ပြိုင်နက် ရဟန်းခံတာ အပ်တယ်လို့ ဆရာတော်တစ်ပါးက ပြောတယ်လို့ တစ်ဆင့်ကြားဖူး တယ်၊ ကိုယ်တိုင်တော့ မတွေ့ဖူးဘူး။ ဒီလိုရဟန်းခံတာဟာ သူတို့ ပြောသလို ဝင်တော့မဖြစ်လောက်ပါဘူး၊ ဒါပေမဲ့ မဟာဝါပါဠိတော်မှာ ဘုရားဟောထားတဲ့ **"ဒွေတယော ကောနုဿာဝနေ ကာတုံ"** ဟူသောစကား၊ **"တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန"** ဟူသော စကား၊ **"န တွေဝ နာနုပဇ္ဈာယေန"** ဟူသော စကားတော်တို့နှင့် မညီညွတ် လို့ မပြုလုပ်ကောင်းဘူးလို့ ထင်ပါတယ်" ဟု ရှည်ရှည်လျားလျား သဘောထားနှင့်တကွ လျှောက်ထားလိုက်ပါသည်။

ထိုအချိန်မှာပင် မေမြို့(ပြင်ဦးလွင်)ဆရာတော် ဦးပညာ- သီဟသည် ညောင်တုန်းဆရာတော် ဦးဩဘာသ အခန်းရှေ့သို့ ရောက် လာသည်။ ဆရာတော် ဦးဩဘာသက "ဦးပညာသီဟ ကြွအုံး၊ အရှင်ဘုရားလဲပြောရဦးမယ်"ဟု အချီကာ စာရေးသူအား ပြောကြားခဲ့ သည့်အတိုင်း ထပ်မံမိန့်ကြားပါသည်။ ဆရာတော်ဦးပညာသီဟက-

"စလင်း မဟာဝါဂဏ္ဍိ- ကျမ်းစကားရိပ်အရ အပ်တယ်လို့ ဆိုရမယ်၊ အစဉ်အလာ လုပ်ထုံးမရှိလို့ မလုပ်ပါနဲ့ဆိုတာ တွေ့ဖူးတယ်၊ ဝဇိရဗုဒ္ဓိဋီကာက မအပ်ဘူးလို့ဆိုတယ်။ ပခုက္ကူဆရာတော်နန် အဆုံး အဖြတ်လဲရှိသားပဲ၊ ဆရာတော်နန်ကတော့ မအပ်ဘူးလို့ ဆုံးဖြတ်ထား တယ်"ဟု တွေ့ဖူးသမျှ မိန့်ဟတော်မူပါသည်။ ဆရာတော် ဦးဩဘာသ က "အဲဒါ သေသေချာချာ ထပ်ကြည့်ပါအုံး" ဟု စာရေးသူနှင့်

ဆရာတော် ဦးပညာသီဟတို့ကို မိန့်ကြားပါသည်။

ဆရာတော် ဦးပညာသီဟက ပြန်ကြွသွားပါသည်၊ စာရေးသူမှာ ထိုင်လျက်ပင် ကျန်ရစ်ပါသည်။ ဆရာတော် ဦးသြဘာသက ''ဦးဝိစာရ အဲဒါ သေသေချာချာထပ်ကြည့်ပါအုံး'' ဟု ထပ်မံ တိုက်တွန်းပါသည်။ စာရေးသူက ''ဒီမှာတော့ အချိန်လဲမရ၊ စာအုပ် ကလဲ မရှိဘူး၊ ပခုက္ကူရောက်လျှင် သေသေချာချာ ထပ်ကြည့်ပါမည်'' ဟု ဝန်ခံကတိပြုကာ ဝပ်ချပြန်ခဲ့ပါသည်။

**အဆုံးအဖြတ် အရေးအသား**

စာရေးသူ ပခုက္ကူပြန်ရောက်သောအခါ ဆရာတော် ဦးသြဘာသ၏ မိန့်မှာတိုက်တွန်းစကားကို မကြာခဏအမှတ်ရပါသည်။ သို့အတွက် ရှာဖွေသင့်သော သာဓကတို့ကို ရှာဖွေခြင်း၊ ကြည့်သင့် သော ကျမ်းစာများကို ကြည့်ခြင်းဖြင့် ညောင်တုန်းဆရာတော်၏ အမိန့်စကားကို အလေးအနက်ထားကာ အဆုံးအဖြတ် စတင် ရေးသားပါတော့သည်။ ၁၃၅၆–ခုနှစ်၊ တပို့တွဲလဆန်းကစရေးပါသည်။ ရေးသားပြီးသော လက်ရေးမူကြမ်းကို မင်းကျောင်း ဦးသြဘာသအား အချောလက်ရေးကူးခိုင်းရပါသည်။ ဦးသြဘာသ၏ လက်ရေးမှာ စာလုံးညီညာ ကောင်းမွန်လှပါသည်။ လက်ရေးမူ အချောရေးပြီးသား စာမူကို တိပိဋကာလင်္ကာရကျောင်း ဂဏဝါစက ဦးပညာသီဟကို ဖတ်ခိုင်း ဝေဖန်ခိုင်းပါသည်။ မှန်ပါသည်၊ ဒီပြဿနာကား အရှင်မဟာ ဗုဒ္ဓဃောသ သင်္ဂဟအဋ္ဌကထာဆရာတို့ လက်ထက်မတိုင်မီက စတင်ပေါ်ပေါက်ခဲ့သော ပြဿနာဖြစ်ပါသည်။ ထိုစဉ်ကတော့ ရဟန်းလောင်း ၁၀–ပါးလို့ အတိအကျမဟုတ်ပါ၊ ၃–ပါးအထက် ပြဿနာတက်ခြင်းဖြစ်သည်သည်။ တစ်ချိန်တစ်ခါ ၄–ပါး, ၅–ပါး,

တစ်ချိန်တစ်ခါ ၆–ပါး, ၇–ပါး စသည်ဖြင့် ပြဿနာတက်ခဲ့ဟန်တူပါသည်။ ၃–ပါး အထက်၊ ၁၀–ပါးအောက်လည်း ဖြစ်နိုင်ပါသည်။ ၁၀–ပါးအထက်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ အထက်တော်ကလာသော ပြဿနာဖြစ်၍ သတိရှေ့ထား စဉ်းစဉ်းစားစား နှိုင်းနှိုင်းချိန်ချိန် ပြုလုပ်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါသည်။ အလွယ်တကူ ဖြစ်ကတတ်ဆန်း လုပ်လို့မရပါ၊ ဝေါဟာရ အသုံးအနှုန်းကစပြီးကောင်းသည်ထက် ကောင်းအောင်၊ သိမ်မွေ့ပြေပြစ်သည်ထက် သိမ်မွေ့ပြေပြစ်အောင် ရေးသားရန်မှာ စာရေးသူ တာဝန်ဖြစ်ပါသည်။ စာရေးသားခြင်းသည်လည်း စိတ်ထဲ၌ရှိသော ခံစားချက်ကြောင်းအရာကို နှုတ်ဖြင့်မပြောဘဲ အက္ခရာဖြင့် ရေးသားပြောကြားခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိကိုယ်တိုင် အထပ်ထပ်ဖတ်ခြင်း၊ အထပ်ထပ်ပြင်ဆင်ခြင်း အမှု ပြုရပါသည်၊ မိမိကိုယ်တိုင် အထပ်ထပ်ပြင်ဆင်ပြီးမှ ဦးပညာသီဟကို ဖတ်ခိုင်းဝေဖန်ခိုင်းပါသည်။ မှန်ပါသည်၊ ကိုယ့်ကိုယ်ကိုတော့ ချောသည်ဟု ထင်တတ်ကြပါသည်။ တကယ်တော့ ကိုယ်ချောလို့ မချော။ သူများချောမှ ချောသည်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်၍ သူများကို အကြည့်ခိုင်း ဝေဖန်ခိုင်းရပါသည်။ အဆုံးအဖြတ်လက်ရေးစာမူသည် တပို့တွဲလကုန်မှာ ပြီးစီးသွားပါသည်။

**စာမူ သံသရာလည်**

၁၃၅၆–ခုနှစ်၊ တပေါင်းလဆန်း(၁၁/၁၂/၁၃)ရက်များ၌ တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက အစည်းအဝေး၊ စတုတ္ထအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အစည်းအဝေး၊ စတုတ္ထအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပထမအစည်းအဝေး တက်ရောက်ရန်အတွက် စာရေးသူတို့ ကြိုတင်ရောက်ကြပါသည်၊

အကြံညှိနိုင်းအစည်းအဝေးများ ပြုလုပ်ကြရပါသည်။ ထိုသို့ ကမ္ဘာအေး ကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်၌ ရောက်ရှိနေချိန် တစ်နေ့သောအခါ တမင်တကာမဟုတ်ဘဲ ရေချိုးခန်းဘက်သို့သွားရင်း ဆရာတော် ဦးဩဘာသနှင့် ဆုံမိ၍ စာရေးသူက ''ဆရာတော်အမိန့်ရှိသော ရဟန်းခံ အဆုံးအဖြတ်ရေးပြီးပြီ''ဟု လျှောက်လိုက်ရာ ''တို့လဲ ပြပါအုံး၊ ဖတ် ကြည့်ချင်တယ်''ဟု မိန့်ပါသည်။ သို့ရာတွင် အဆုံးအဖြတ်က လေးနက် ခက်ခဲသော အဆုံးအဖြတ်ဖြစ်၍ ပြရန်လည်း ခက်ခဲနေပါသည်။ မှန်ပါသည်၊ သင်္ဂဟအဋ္ဌကထာ မပေါ်မီကပင် စတင်ပေါ်ပေါက်ခဲ့ပြီး အသီးသီးငြင်းခုန်ခဲ့သော ပြဿနာဖြစ်၍ ဖြေရှင်းရန်ခက်ပါသည်။ သို့ဖြစ်၍ စာမူကို ညောင်တုန်းဆရာတော် ဦးဩဘာသအား မပြဖြစ်ပါ။ သို့ဖြင့် ရန်ကုန်မှ ပခုက္ကူသို့ ပြန်ပါလာခဲ့ပါသည်။

တစ်ဖန် စာရေးသူတို့ နိုင်ငံတော်သံဃမဟာနာယက (ပထမအဖွဲ့ခွဲ) ဆရာတော်များ ၁၃၅၇–ခုနှစ်၊ ဝါတွင်း၌ ကမ္ဘာအေးမှာ ဝါကပ်ရမည်ဖြစ်၍ အဆုံးအဖြတ် စာမူသည် စာရေးသူနှင့်အတူ ပခုက္ကူမှ ရန်ကုန်သို့ ပြန်ပါလာပါသည်။ တစ်ဝါတွင်းလုံး အားလပ်သော အချိန်၌ ကြားညှပ်၍ ထပ်ကြည့်ပါသည်။ ဒီတစ်ခါ ဝိနိစ္ဆယမှုခင်းများ ကြည့်ရ၍ အချိန်မအားပါ၊ တစ်မှုပင် ကြည့်မပြီးသေး၊ နောက်တစ်မှု ရောက်လာပြန်ပါသည်၊ ထို့ပြင် ရက်တို ကျောင်းထိုင်ဘုန်းကြီး သင်တန်း စာမူပြုစုရသော တာဝန်ကိုပါ ဆောင်ရွက်ရသဖြင့်ပို၍ မအားမလပ်ဘဲ ရှိနေပါသည်။ သို့ဖြင့် မိမိ၏ ဥပသမ္ပဒါ ဝိနိစ္ဆယ စာမူသည် လက်ရေးမူအဆင့်မှ လက်နှိပ်စက်မူ အဆင့်သို့ပင် မရောက်နိုင်သေးပါ၊ ရန်ကုန်မှ ပခုက္ကူ၊ ပခုက္ကူမှ ရန်ကုန် အစုန်အဆန် ပြန်ချည်သွားချည် သံသရာလည်ခဲ့ရပါသည်။

# ပုံနှိပ်ပါပြီ

ပခုက္ကူမြို့၊ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ သြဝါဒခံယူပူ ဇော်ပွဲကို ပထမ, ဒုတိယ နှစ်ကြိမ်ဆက်တိုက် ကျင်းပပြီး နောက်အခါ၌ ၂–နှစ်ခြား၊ ၃–နှစ်ခြား ကျင်းပရမည်ဟု ဆုံးဖြတ် ခဲ့သော်လည်း ခေတ်ကာလ အခြေအနေအရ ၉–နှစ်ခြား၊ ၄–နှစ်ခြား စသည့်အားဖြင့် အလျဉ်းသင့်သလို ကျင်းပခဲ့ရသည်။ နောက်ဆုံး နဝမသန္နိပါတ သြဝါဒခံယူပူဇော်ပွဲ အကြိုညှိနှိုင်း အစည်းအဝေးမှာ ၅–နှစ်တစ်ကြိမ် ကျင်းပရမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံး ဖြတ်ချက် အရ နဝမသန္နိပါတကို ၁၃၅၀–ခုနှစ်မှာ ကျင်းပရန်ဖြစ်သော်လည်း ၈–လေးလုံး အရေးအခင်းနှင့် ကြုံတွေ့နေသဖြင့် ၁၃၅၃–ခုနှစ်ကျမှ ကျင်းပ နိုင်ပါသည်။

ယခု ဒသမသန္နိပါတ သြဝါဒခံယူပူဇော်ပွဲကို ၁၃၅၈–ခုနှစ်၌ (၅)နှစ် ပြည့်မြောက် ကျင်းပရမည့်အချိန် ကျရောက်နေသည့်အတွက် ၁၃၅၈–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၅)ရက်၊ သံဃာ့ဥပုသ်ပြု နတ်တော်လဆန်း (၁)ရက်၊ (၂)ရက်နေ့များ၌ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲနှင့် ဒသမသန္နိပါတ သြဝါဒခံယူ ပူဇော်ပွဲများကို ပူးတွဲကျင်းပသွားရန် စီစဉ်လျက်ရှိကြပါသည်။

ဤ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီးကို ၁၂၉၈–ခုနှစ်က စတင်တည်ထောင်ခဲ့ရာ ယခု ၁၃၅၈–ခုနှစ်၌ နှစ်(၆၀) ပြည့်ပါပြီ၊ ဒသမသန္နိပါတနှင့် နိကာယ(၆၀)ပြည့်နှစ် ကြုံကြိုက် ဆုံစည်းလျက်ရှိရာ နိကာယကြီး မဖြစ်ဖြစ်အောင် ဖွဲ့လုံ့လ ကြီးမားစွာဖြင့် ကြိုးစားအားထုတ် ဆောင်ရွက်တော်မူခဲ့ကြသော မကွေးမြို့၊ မဟာဝိသုတာရာမတိုက်၊ ဘဒ္ဒန္တနာရဒ မဟာထေရ်နှင့်

နိကာယဦးသျှောင် နိကာယဝန်ဆောင် ဆရာတော်များ၊ ဂဏမဟာဝိနာယက ဖြစ်တော်မူကြသော ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ မဟာနာယက အရှင်ပညာမဟာထေရ်၊ အရှင်သုန္ဒရ မဟာထေရ်၊ အရှင်နန္ဒဝံသ မဟာထေရ်စသော နိကာယဦးစီးမဟာထေရ်ကြီးတို့ကို ရဟန်းခံမှု အဆုံးအဖြတ်''စာတမ်းကို နိကာယနှစ်(၆၀)ပြည့် အထိမ်းအမှတ်နှင့် ဒသမသန္နိပါတ သြဝါဒခံယူ ပူဇော်ပွဲကြီး၌ ဓမ္မဒါနပြုလုပ် ရည်ရွယ်လျက် စက်တင်ပုံနှိပ် ဖြန့်ချိ လိုက်ရပါသည်။

၁၃၅၈–ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်၊ (၂)ရက်။
၁၉၉၆–ခုနှစ်၊ ဇူလိုင်လ(၂)ရက်၊ အင်္ဂါနေ့။

**ဘဒ္ဒန္တဝိစာရ**
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယက

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၂၆၇ |
| ၂။ | ရဟန်းလောင်း ၁၀–ပါး တစ်ပြိုင်နက်ရဟန်းခံမှု | ၂၆၈ |
| ၃။ | အဆုံးအဖြတ် အရေးအသား | ၂၇၀ |
| ၄။ | စာမူသံသရာလည် | ၂၇၁ |
| ၅။ | ပဏာမ ပဋိညာဉ် | ၂၇၉ |
| ၆။ | အကျယ်ဖြေမှု သဘောကျ | ၂၈၁ |
| ၇။ | ရဟန်းလောင်း ၁–ပါးတည်း ရဟန်းခံမှု | ၂၈၂ |
| ၈။ | ရဟန်းလောင်း ၂–ပါး ရဟန်းခံမှု ပေါ်ပေါက်လာ | ၂၈၃ |
| ၉။ | ကမ္မဝါစာဆရာ ၁–ပါးတည်း | ၂၈၄ |
| ၁၀။ | ရဟန်းလောင်း ၃–ပါး ရဟန်းခံ | ၂၈၄ |
| ၁၁။ | ရဟန်းလောင်းအများ | ၂၈၅ |
| ၁၂။ | ၃–ပါးအထိသာ ရဟန်းခံ | ၂၈၆ |
| ၁၃။ | ဒွေ–ထည့်ဟောခြင်းအကြောင်း | ၂၈၇ |
| ၁၄။ | မဟာဝါဂဏ္ဌိအာဘော် | ၂၈၇ |
| ၁၅။ | အများကိုပင် ၃–ပါးထင် | ၂၈၈ |
| ၁၆။ | တယော ဟုများ ရှိမည်လား | ၂၈၉ |
| ၁၇။ | စဉ်းစားစရာ သမ္ဗဟုလာ | ၂၉၀ |
| ၁၈။ | လာရာဌာန ရှင်းလင်းပြ | ၂၉၁ |
| ၁၉။ | သုတ္တန်ဒေသနာ သမ္ဗဟုလာ | ၂၉၃ |
| ၂၀။ | သမ္ဗဟုလထေရဝတ္ထုလာ သမ္ဗဟုလာ | ၂၉၄ |
| ၂၁။ | စတ္တာရော့ပဥ္စ စသည်မးပ ခြင်းအကြောင်း | ၂၉၅ |
| ၂၂။ | အဋ္ဌကထာ အာဘော် ဋီကာဖော် | ၂၉၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | ဥဗ္ဗာဟိကာ ၂–ပါးလာ | ၂၉၈ |
| ၂၄။ | သတ္တသတိကလာ ဥဗ္ဗဟိကာ | ၂၉၉ |
| ၂၅။ | မှာတမ်းစကားပင် ကမ္မဝါစာထင် | ၃၀၁ |
| ၂၆။ | သချာပြလတ် ကမ္မဝါစာဖတ် | ၃၀၃ |
| ၂၇။ | ၃–ပါး ၄–ပါး သမုတ်ခြင်း | ၃၀၄ |
| ၂၈။ | ၈–ပါး ၁၆–ပါး သမုတ်ခြင်း | ၃၀၅ |
| ၂၉။ | ဋီကာဆရာတို့အလို | ၃၀၆ |
| ၃၀။ | သံဃာအား ကံပြုရာမရောက် | ၃၀၇ |
| ၃၁။ | ကံခြင်းမတူပါ | ၃၀၉ |
| ၃၂။ | ကမ္မဝါစာခြင်းမတူပါ | ၃၀၉ |
| ၃၃။ | သမ္မုတိထိုက်မှု ကံပြုမှု | ၃၁၀ |
| ၃၄။ | နောင်လာနောက်သား ဉာဏ်ပွားစေရန် | ၃၁၁ |
| ၃၅။ | ပဂ္ဂဟ, နိဂ္ဂဟ ၃–ပါးသာ | ၃၁၂ |
| ၃၆။ | ကောနုဿာဝန ပဓာန | ၃၁၃ |
| ၃၇။ | အာဘော်မိလှ ကေအဖွင့် | ၃၁၄ |
| ၃၈။ | တစ်ပြိုင်နက် ကမ္မဝါစာဖတ်နည်း | ၃၁၅ |
| ၃၉။ | ၁–ပါးတည်းဖတ်မှ ဘုရားနည်းကျ | ၃၁၆ |
| ၄၀။ | မဟာကဿပဝတ္ထု | ၃၁၇ |
| ၄၁။ | သမ္ဗဟုလထေရဝတ္ထု | ၃၁၈ |
| ၄၂။ | ၂–ပါးအဂ္ဂိ ဤနေရာ | ၃၁၉ |
| ၄၃။ | ရဟန်းလောင်း ၂–ပါး ကမ္မဝါစာဆရာ ၂–ပါး | ၃၂၀ |
| ၄၄။ | ရဟန်းလောင်း ၃–ပါး ကမ္မဝါစာဆရာ ၃–ပါး | ၃၂၁ |
| ၄၅။ | ထပ်ဆင့်ဖွင့်ပြ | ၃၂၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | ဥပဇ္ဈာယ်အသီးသီး ပယ်မြစ်ပြီး | ၃၂၄ |
| ၄၇။ | မအပ် အဆိုအမိန့်များ | ၃၂၇ |
| ၄၈။ | ကတ်သီးကတ်သတ် အကြောင်းပြတတ် | ၃၂၈ |
| ၄၉။ | တုံ့ပြန်ချေပချက် | ၃၂၉ |
| ၅၀။ | သာမဏေဘာဝ သံဃာအမည် | ၃၃၀ |
| ၅၁။ | ရဟန်းလောင်းပင် သံဃာအမည်တွင် | ၃၃၀ |
| ၅၂။ | ထပ်ဆင့်ရှင်းလင်း | ၃၃၂ |
| ၅၃။ | အယူမကွဲပြား | ၃၃၃ |
| ၅၄။ | မဟာဝါဂဏ္ဍိ ဆုံးဖြတ်ဘိ | ၃၃၄ |
| ၅၅။ | အရှင်နန္ဒဝံသမဟာထေရ်၏ အဆုံးအဖြတ် | ၃၃၄ |
| ၅၆။ | မဟာဂန္ဓာရုံဆရာတော် အဆုံးအဖြတ် | ၃၃၅ |
| ၅၇။ | ဂရု, လဟု ခွဲခြားမှု | ၃၃၆ |
| ၅၈။ | ဂရု, လဟု ခွဲမှုတစ်နည်း | ၃၃၇ |
| ၅၉။ | ယခုခေတ် ကမ္မဝါစာဖတ်နည်း | ၃၃၈ |
| ၆၀။ | ၃-ပါး ဖတ်ခြင်း နှလုံးသွင်း | ၃၃၈ |
| ၆၁။ | ဝိနယဝိနိစ္ဆယဋီကာအဆို | ၃၃၈ |
| ၆၂။ | ပဉ္စင်းလောင်း ၁-ပါး ကမ္မဝါစာဆရာအများ | ၂၄၀ |
| ၆၃။ | အရှင်နန္ဒဝံသ မဟာထေရ်အလို | ၃၄၁ |
| ၆၄။ | မဟာဂန္ဓာရုံဆရာတော် အဆိုအမိန့် | ၃၄၁ |
| ၆၅။ | မြင်းခြံဆရာတော် အဆုံးအဖြတ် | ၃၄၂ |
| ၆၆။ | ကံ ၄-မျိုး ကျမ်းကိုးအရှိ | ၃၄၅ |
| ၆၇။ | မပြုအပ်ကံ ပြုအပ်ကံ | ၃၄၆ |
| ၆၈။ | ကံမျိုး ၄-သွယ် အစိပ်ပွါးယ် | ၃၄၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၉။ | ပြုအပ်ခွင့်ပြု နှစ်ခုသဘော | ၃၄၇ |
| ၇၀။ | ရဟန်းခံရာ ၄-ဖြာကံမျိုး | ၃၄၈ |
| ၇၁။ | ပုဏ္ဏာလာ ဥပသမ္ပဒါကံ | ၃၄၉ |
| ၇၂။ | ကျမ်းပြီးနိဂုံး | ၃၅၁ |

----ooo---

(၂၇၉)

# ရဟန်းလောင်းဆယ်ပါး တစ်ပြိုင်နက်ရဟန်းခံမှု အဆုံးအဖြတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ–ပဋိညာဉ်

ဝိနည်းအဆုံးအဖြတ်အရပ်ရပ်နှင့် သိအပ်သမျှ သဘာဝကို ကျနသေချာ ဆရာမလို ကိုယ်တောင်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား ကရုဏာပွားကာ ဟောကြားတော်မူအပ်သော မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန် ပရိယတ် ဝိနည်း အဆုံးအဖြတ် တရားမြတ်ကိုလည်းကောင်း၊ မဂ် ဖိုလ် နိဗ္ဗာန် အမှန်ရောက်လတ် ဝိနည်းပရိယတ် အဆုံးအဖြတ်ကို ပြတ်လတ်မဖေါက် မပျောက်ကွယ်အောင် အဆင့်ဆင့် ဆောင်ရွက်တော်မူခဲ့ကြသော သမ္မုတိပရမတ် နှစ်ရပ်သော သံဃာတော်ကိုလည်းကောင်း၊ ဝိနည်းအဆုံးအဖြတ် အရပ်ရပ်ကို နှုတ်ဆင့်ကမ်းလျက် ဆောင်ရွက်ပို့ချတော်မူခဲ့ကြသော ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီးနှင့် ထက်အောက်နှစ်ဖြာ အဆက်ဆက်သောဆရာများကိုလည်းကောင်း ရှိသေမြတ်နိုး ရှိခိုးဦးချပါ၏။

ရတနာမြတ်သုံးပါး ဆရာများကို ရှိခိုးဦးချပြီး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာ–ပဏ္ဍိတ၊ ညောင်တုန်းမြို့၊ ပုဏ္ဏာမာရာမ စျေးကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဘာသာဝံသ မဟာထေရ် မေးမြန်းအပ်၊ ဖြေကြားရန် တိုက်တွန်းအပ်သော “ရဟန်းလောင်း ဆယ်ပါး

**တစ်ပြိုင်နက် ရဟန်းခံမှု အဆုံးအဖြတ်**''ကို ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဂဏ္ဌိ, အာစရိယဝါဒ ထောက်ဆသမှု မှိုင်ငြမ်းပြု၍ သာသနာတော် သန့်ရှင်းတည်တံ့ရေး အမြဲတွေးကာ ရေးသားဖြေဆိုရ ပေတော့အံ့။

**ပဌမ ပဋိညာဉ်ပြီး၏။**

-----ooo-----

**အမေး။** ။ ဥပဇ္ဈာယ် ၁၀-ပါး၏ ရဟန်းလောင်း ၁၀-ပါးကို ကမ္မဝါစာဆရာ ၁၀-ပါးက သံဃာ့ဟတ္ထပါသ်စပ်မိအောင် ထိုင်လျက် အသီးသီးကိုယ်ရဟန်းလောင်းကို တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးလျှင် အပ်.မအပ် သေသေ ချာချာကြည့်ပြီး ဖြေကြားဆုံးဖြတ်ပေးစေလိုသည်။

ဤအမေးကို ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသိဝံသ မဟာထေရ်မြတ်က ၁၃၅၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉)ရက်၊ နေ့လယ်(၁)နာရီ အချိန်မှာ ဖေါ်ပြပါ ရဟန်းလောင်း ၁၀-ပါး တစ်ပြိုင်နက် ရဟန်းခံမှု အပ်,မအပ်ကို မေးမြန်းတော်မူပါသည်။

**အဖြေ။** ။ မအပ်ပါ။

ဤသို့ တိုတိုကျဉ်းကျဉ်း လိုရင်းဖြေပါသည်။

အနည်းငယ်ချဲ့၍ ဖြေရလျှင်–

၁။ ရဟန်းလောင်း ၁၀–ပါးကို

(က) ၁–ပါးစီဖြစ်စေ၊

(ခ) ၂–ပါးစီ ၅–တွဲ တွဲ၍ဖြစ်စေ၊

(ဂ) ၃–ပါးစီ ၃–တွဲ၊ ၁–ပါး ၁–တွဲ တွဲ၍ဖြစ်စေ၊

(ဃ) ၃–ပါးစီ ၂–တွဲ၊ ၂–ပါးစီ ၂–တွဲ တွဲ၍ဖြစ်စေ၊

၂။ (က) ဥပဇ္ဈာယ် ၁–ပါးဖြင့်ဖြစ်စေ၊

(ခ) ဥပဇ္ဈာယ် ၂–ပါး, ၃–ပါး စသည်ဖြင့်ဖြစ်စေ၊

၃။ (က) ကမ္မဝါစာ ဆရာ ၁–ပါးတည်းကဖြစ်စေ၊

(ခ) ၂–ပါး, ၃–ပါး စသည်ကဖြစ်စေ၊

သိမ်တစ်ခုတည်း၌ ဟတ္ထပါသ်စပ်လျက်(ဟတ္ထပါသ်မလွတ်ဘဲ) ထိုင်နေကာ ကမ္မဝါစာဥတ်တစ်ပြိုင်နက်ဖတ်၍ ရဟန်းခံပေးလျှင် မည်သည့်နည်းနှင့်မျှမအပ်ပါ။

ဤသို့ မကျဉ်းမကျယ် အနည်းငယ်ချဲ့၍ ဖြေပါသည်။

## အကျယ်ဖြေမှ သဘောကျ

ရဟန်းလောင်း ၁၀–ပါးကို တစ်ပြိုက်နက်ရဟန်းခံပေးခြင်းမှာ သင့်, မသင့်၊ အပ်, မအပ် ဆိုသည့်အချက်သည် သာသနာတော်၌ အလွန်တရာအရေးကြီးလှပါသည်။ သို့ဖြစ်၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ, ယောဇနာ, အဓိပ္ပာယ်ဖွင့်ကျမ်းများစွာနှင့် အာစရိယဝါဒတို့ကိုပါ ထည့်သွင်း၍ အကျယ်တဝင့်ဆုံးဖြတ်မှ သဘောကျကျေနပ်လောက်ပေမည်။ သဘောပေါက်နားလည်နိုင်ပေမည်။ သို့အတွက် ပါဠိ

တော်, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ, ယောဇနာ, အဓိပ္ပာယ်ဖွင့်ကျမ်းများစွာနှင့် အာစရိယဝါဒတို့ကို နှီးနှောတိုက်ဆိုင်ကာ ကျယ်ကျယ်ပြန့်ပြန့် ဖြေဆိုပါမည်။

## ရဟန်းလောင်း ၁–ပါးတည်း ရဟန်းခံ

ဘုရားဖြစ်တော်မူပြီး ရဟန်းခံမှု (ဉပသမ္ပဒါကံ)ကို ခွင့်ပြုချိန်မှ စ၍ ရဟန်းလောင်း ၁–ပါးတည်းကိုသာ ကမ္မဝါစာဉတ်ရွတ်ဖတ်ကာ ရဟန်းခံပေးခဲ့ကြရပါသည်။

ရဟန်းခံမှုနှင့်ပတ်သက်၍ ကမ္မဝါစာ ၃–နေရာလာပါသည်။ နံပါတ်တစ်မှာ– ရာဓပုဏ္ဏားရဟန်းခံမှုနှင့်စပ်၍ ဉတ္တိစတုတ္ထဉပသမ္ပဒါ ကမ္မဝါစာ လာပါသည်။ (ဝိ–၃၊ ၇၁။)

နောက်တစ်ခါ အမျိုးသားတစ်ယောက် ရဟန်းဘောင်တက်ရောက်ခဲ့ပါသည်။ ရဟန်းခံပြီး အခြားမဲ့မှာပင် ရဟန်းနှင့်မသင့်တော်သော အမှုများကို ပြုလုပ်ပါတော့သည်။ ထိုအခါ အခြားရဟန်းတို့က ဆုံးမကြပါသည်။ ထိုသို့မပြုလုပ်ဖို့အကြောင်း၊ ရဟန်း တို့အား မလျောက်ပတ်ကြောင်း ပြောပြဆုံးမကြသောအခါ ''အရှင်ဘုရား တို့ကို ဘယ်သူက ရဟန်းခံပေးဖို့ တောင်းပန်သလဲ၊ အရှင်ဘုရားတို့ ဘာသာ လောကွတ်ချော်ပြီး ရဟန်းခံပေးကြတာပဲ'' စသည်ဖြင့် ကလန်ကဆန် ပြန်ပြောပါသည်။

ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူသဖြင့် ''ရဟန်း ပြုပေးပါရန် တောင်းပန်သော ရဟန်းလောင်းကိုသာ ရဟန်းခံပေး ရန်(ငါဘုရား) ခွင့်ပြုတော်မူသည်၊ ရဟန်းပြုပေးပါရန် မတောင်းပန်ဘဲ

ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်သည်''ဟု မိန့်တော်မူပါသည်။

ထိုနောက် သုံးကြိမ်, သုံးခါ တောင်းပန်ပုံ, တောင်းပန်ပြီးမှ ဉတ္တိစတုတ္ထဉပသမ္ပဒါ ကမ္မဝါစာဖတ်၍ ရဟန်းခံပေးရပုံတို့ကို ဆက်လက်ဟောတော်မူပါသည်။ ဤနေရာ၌ ဒုတိယအကြိမ် ဉပ-သမ္ပဒါ ကမ္မဝါစာကို ဟောတော်မူပါသည်။ ယခင် ကမ္မဝါစာထက်'' သံဃံ ဉပသမ္ပဒံ ယာစတိ'' ဝါကျ ပိုလာပါသည်။ (ဝိ၊ ၃၊ ၇၂။)

နောက်ဆုံး တတိယအကြိမ် ဟောသော ဉတ္တိစတုတ္ထ ဉပ-သမ္ပဒကမ္မဝါစာသည် ဝိနည်းမဟာဝါ ပါဠိတော်(၁၃၂) စာမျက်နှာမှာ လာပါသည်။

ဤကမ္မဝါစာများ၌ ရဟန်းလောင်း ၁-ပါးတည်း ရဟန်းခံပုံချည်းလာပါသည်။ ထိုအချိန်အထိ ရဟန်းလောင်း ၁-ပါးတည်းကိုသာ ရဟန်းခံမှု(ဉပသမ္ပဒါ) ကံဆောင်ခဲ့ကြသည်ဟု သိနိုင်ပါသည်။

## ရဟန်းလောင်း ၂-ပါး ရဟန်းခံမှုပေါ်ပေါက်လာ

အခါတစ်ပါး အရှင်မဟာကဿပမှာ ရဟန်းလောင်း ၂-ပါး ပေါ်ပေါက်လာပါသည်။ ရဟန်းလောင်း ၂-ပါးသည် ''ငါအရင် ရဟန်းခံမယ်၊ ငါက အရင် ရဟန်းခံမယ်''ဟု အရင်ရဟန်းခံရမှု လုနေကြပါသည်၊ မြတ်စွာဘုရားအား လျှောက်ထားသောအခါ-

**''အနုဇာနာမိ ဘိက္ခဝေ ဒွေ ဧကာနုဿာဝနေ ကာတုံ''**

''ရဟန်းတို့. . . ရဟန်းလောင်းနှစ်ပါးတို့ကို တစ်ပြိုင်နက် တစ်ခုတည်း(တစ်ကြိမ်တည်း)သော ကမ္မဝါစာရွတ်ဖတ်ခြင်း ရှိသည်တို့ကို ပြုခြင်းငှာ(ငါဘုရား) ခွင့်ပြုတော်မူ၏''ဟု မြတ်စွာဘုရား မိန့်တော်မူပါသည်။ ကမ္မဝါစာ ဆရာ ၁-ပါးတည်းက ဉပဇ္ဈာယ် ၁-

ပါးတည်း၏ ရဟန်း လောင်း ၂–ပါးကိုတစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးရန်ဖြစ်ပါသည်။

**သာဓက**။ ။ တေန ခေါ ပန သမယေန အာယသ္မတော မဟာကဿပဿ ဒွေ ဥပသမ္ပဒါပေက္ခာ ဟောန္တိ။ တေ ဝိဝဒန္တိ ''အဟံ ပဌမံ ဥပသမ္ပဇ္ဇိဿာမိ၊ အဟံ ပဌမံ ဥပသမ္ပဇ္ဇိဿာမီ''တိ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ ဒွေ ဧကာနုဿာဝနေ ကာတုံ။

(ဝိ၊ ၃၊ ၁၂၉။)

## ကမ္မဝါစာဆရာ ၁–ပါးတည်း

ဤအရှင်မဟာကဿပဝတ္ထု၌ ဥပဇ္ဈာယ်ဆရာမှာ အရှင်မဟာကဿပ တစ်ပါးတည်းဖြစ်၏။ ကမ္မဝါစာဆရာ ၁–ပါးတည်းက ကမ္မဝါစာ ဥတ် ရွတ်ဖတ်၍ ရဟန်းခံပေးရမည်ဟု ဟောတော်မူလိုပါသည်။

## ရဟန်းလောင်း ၃–ပါး ရဟန်းခံ

ရဟန်းလောင်း ၃–ပါးကို ကမ္မဝါစာဆရာ ၁–ပါးတည်းက တစ်ပြိုင်နက် ကမ္မဝါစာဥတ်ရွတ်ဖတ်ကာ ရဟန်းခံပေးမှုနှင့်စပ်၍–

တေန ခေါ ပန သမယေန သမ္ဗဟုလာနံ ထေရာနံ ဥပသမ္ပဇ္ဇိဿာမိ၊ အဟံ ပဌမံ ဥပသမ္ပဇ္ဇိဿာမီ'' တိ။ ထေရာဝေမာဟံသု ''ဟန္ဒ မယံ အာဝုသော သဗ္ဗေဝ ဧကာနုဿာဝနေ ကရောမာ''တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ ဟု ဟောတော်မူပါသည်။ (ဝိ ၃– ၁၂၉။)

**အဝိပ္ပါယ်။** ။ ရဟန်းလောင်း ၂-ပါး တစ်ပြိုင်နက် ရဟန်းခံမှု ပေါ်ပေါက်ပြီးရာ ထိုအခါ၌ များစွာသောထေရ်တို့အား ရဟန်းလောင်း များစွာတို့ ပေါ်ပေါက်လာကြသည်။

ထိုရဟန်းလောင်းတို့သည် ''ငါအရင်ရဟန်းခံမယ်၊ ငါအရင် ရဟန်းခံမယ်''ဟု ငြင်းခုန်ကြကုန်၏။ ဥပဇ္ဈာယ်ထေရ်တို့သည် ''ငါ့ အရှင်တို့ . . သင်တို့အားလုံးကိုပင် ငါတို့ ယခုတစ်ပြိုင်နက် ကမ္မဝါစာ ဖတ် ရဟန်းခံပေးကြမယ်''ဟု နှစ်သိမ့်စကားပြောကြားကြကုန်၏။

မြတ်စွာဘုရားအား ယင်းအကြောင်းကို လျှောက်ထားသော အခါ-

အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊
တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ န တွေဝ နာနုပဇ္ဈာယေန။

ရဟန်းတို့ . . နှစ်ပါး, သုံးပါးသော ရဟန်းလောင်းတို့ကို တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးခြင်းငှာ (ငါဘုရား) ခွင့်ပြုတော်မူသည်။

ဒါပေမဲ့ ယင်းသို့ ရဟန်းလောင်း ၂-ပါး, သုံးပါးကို တစ်ပြိုင်နက် ရဟန်းခံပေးခြင်းကို ၁-ပါးတည်းသော ဥပဇ္ဈာယ်ဆရာဖြင့်သာ ပြုခြင်းငှာ ခွင့်ပြုတော်မူသည်။ အသီးသီး(တစ်ပါးစီ, တစ်ပါးစီသော၊ အထူးထူး)သော ဥပဇ္ဈာယ်ဆရာဖြင့်ပြုခြင်းငှာ (ငါဘုရား) ခွင့်ပြု တော်မမူ-ဟူ၍ ဖြစ်ပါသည်။

## ရဟန်းလောင်းအများ

ဤ'သမ္ဗဟုလထေရဝတ္ထု'၌ ''ဥပသမ္ပဒါပေက္ခာ''ဟု ဗဟုဝုစ် ဖြင့် ဟောတော်မူသောကြောင့်လည်းကောင်း၊ အောက် မဟာကဿပ

ဝတ္ထု၌ ဒွေ ဥပသမ္ပဒါပေက္ခာ''ဟု ရဟန်းလောင်း ၂–ပါး လာပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ၃–ပါးမှစ၍ အထက်၌ ရဟန်းလောင်း များစွာ ဖြစ်နိုင်ပါသည်။ ဥပဇ္ဈာယ်ဆရာမှာကား မဟာကဿပဝတ္ထု၌ ဥပဇ္ဈာယ် ၁–ပါးတည်း လာပြီးဖြစ်ခြင်း၊ ဤဝတ္ထု၌ ''သမ္ဗဟုလာနံ ထေရာနံ''ဟု လာခြင်းကြောင့် ၂–ပါး, ၃–ပါးမှစ၍ များစွာဖြစ် နိုင်ပါသည်။ ရဟန်းလောင်းကလည်း ဥပဇ္ဈာယ်များသလောက်ဖြစ်စေ၊ ဥပဇ္ဈာယ်ထက် ပို၍ဖြစ်စေ များနိုင်ပါသည်။

မှန်ပါသည်။ အချို့ဥပဇ္ဈာယ်ထေရ်များက ရဟန်းလောင်း ၁– ပါးစီ၊ အချို့ဥပဇ္ဈာယ်ထေရ်များက ရဟန်းလောင်း ၂–ပါး, ၃–ပါးစီ စသည်ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ရဟန်းလောင်းများသည် ဥပဇ္ဈာယ် ဆရာရှိသလောက် ရှိနိုင်သည်။ ဥပဇ္ဈာယ်ဆရာထက် ပို၍လည်း များနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ရဟန်းလောင်းသည် ၃–ပါး, ၄– ပါး, ၅–ပါးစသည် ဖြစ်နိုင်ပါသည်။

## ၃–ပါးအထိသာ ရဟန်းခံ

ဤ သမ္ဗဟုလထေရ ဝတ္ထု၌ ရဟန်းလောင်းများစွာရှိနေသဖြင့် ၄–ပါး, ၅–ပါး စသောအားဖြင့် များစွာသောရဟန်းလောင်းတို့ကို မဟာကဿပ ဝတ္ထုတုံးကလို တစ်ပြိုင်နက် ရဟန်းခံပေးရမည်လော ဟု မေးလျှောက်ဖွယ်ရှိ၍ ယင်းကဲ့သို့များစွာသော ရဟန်းလောင်းတို့ကို တစ်ပြိုင်နက် ရဟန်းမခံစေလိုသောကြောင့် ''တယော''ဟု ဟောတော် မူပါသည်။

အလွန်ဆုံး သုံးပါးအထိသာ တစ်ပြိုင်နက် ရဟန်းခံပေးရမည်၊ သုံးပါးအထက်ပို၍ တစ်ပြိုင်နက် ရဟန်းခံမပေးရဟု ဟောတော်မူလို ပါသည်။

## ဒွေ–ထည့်ဟောခြင်းအကြောင်း

'တယော'ဟု ဟောရုံမျှဖြင့် ၃–ပါးအထိသာ တစ်ပြိုင်နက်ရဟန်းခံပေးရမည်၊ ၃–ပါးအထက် တစ်ပြိုင်နက်ရဟန်းခံ မပေးရဟူသော အဓိပ္ပာယ်ကိုသိနိုင်ပါသည်။

သို့ရာတွင် 'တယော'ဟုသာ ဟောလျှင် အောက် မဟာ–ကဿပ ဝတ္ထု၌ ဟောခဲ့သော 'ဒွေ ကောနုဿာဝနေ'ဟူသော ပညတ်ချက်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်နိုင်ပါသည်။ သို့ဖြစ်လျှင် ရဟန်းလောင်း ၃–ပါးသာ တစ်ပြိုင်နက်ရဟန်းခံပေးရမည်၊ ၂–ပါးဖြစ်လျှင်တစ်ပြိုင်နက် ရဟန်းခံမပေးရဟူသော မလိုလားအပ်သော အဓိပ္ပာယ်သက်ရောက်ပေမည်။ ထိုသို့ရဟန်းလောင်း ၂–ပါး တစ်ပြိုင်နက် ရဟန်းခံမပေးရဟူသော အဓိပ္ပာယ် မသက်ရောက်စေဘဲ၊ ရဟန်းလောင်း ၂–ပါးလည်း တစ်ပြိုင်နက် ရဟန်းခံပေးကောင်းသည်ဟူသော အဓိပ္ပာယ်ကိုမြဲမြံစေလိုသောကြောင့် 'ဒွေ' ဟု ထပ်မံ ထည့်သွင်း ဟောတော်မူပါသည်။

## မဟာဝါဂဏ္ဍိအာဘော်

ဤနေရာ၌ စလင်း–မဟာဝါဂဏ္ဍိသည် ပါဠိတော်၌–

''အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ကောနုဿာဝနေ ကာတုံ'' ဟူသော စကားကို ဝတ္ထုအားလျော်စွာသာလျှင် ဟောတော်မူသတည်း။

ရဟန်းလောင်း ၄–ပါး, ၅–ပါး အစရှိသည်တို့ကိုမြစ်ခြင်းငှာ ဟောတော်မူသည်မဟုတ်။ အဋ္ဌကထာ၌လည်း ပါဠိတိုက်ရိုက်ရှိသည်အားလျော်စွာသာလျှင် ဖွင့်တော်မူသတည်း၊ ရဟန်းလောင်း ၄–ပါး,

၅–ပါးတို့ကိုမြစ်တော်မမူ– ဤသို့ပါဠိတော်စကား ဝတ္ထုသွား စကား အရိပ်အမြွက်ကို တစ်မျိုးယူဆလျက် ပါဠိတော်အာဘော်ကို ဖော်ပြ ခဲ့ပါသည်။

## အများကိုပင် ၃–ပါးထင်

စလင်း–မဟာဝိဂတ္ထိသည် ''ဒွေ တယော ကောနုသာဝနေ ကာတုံ''ဟူသောစကားကို ဘုရားဟောတော်မူခြင်းသည် ဝတ္ထုကြောင်း က ၂–ပါး, ၃–ပါးဖြစ်သောကြောင့်သာ ဖြစ်သည်။

အကယ်၍ဝတ္ထုကြောင်းက ၄–ပါး၊ ၅–ပါးစသည်ဖြစ်ခဲ့လျှင် ''စတ္တာရောပဉ္စ''စသည်ဖြင့် ဟောတော်မူပေမည်။ ရဟန်းလောင်း ၂–ပါး, ၃–ပါးကိုသာတစ်ပြိုင်နက် ရဟန်းခံကောင်း၍ ၄–ပါး, ၅–ပါး စသည် တစ်ပြိုင်နက် ရဟန်းမခံကောင်းသောကြောင့်မဟုတ် ဟု ပါဠိအရိပ်အမြွက်အရ ဖော်ပြလိုက်သည်။

ပါဠိတော်ဝယ် မဟာကဿပဝတ္ထု၌ ရဟန်းလောင်း ၂–ပါး လာသည်။ သမ္ဗဟုလထေရဝတ္ထု၌ ရဟန်းလောင်း ၃–ပါး လာသည်ဟု မဟာဝိဂတ္ထိက ယူဆထားဟန်တူပါသည်။

အမှန်စင်စစ် သမ္ဗဟုလထေရဝတ္ထု၌ ရဟန်းလောင်း ၃–ပါး ဟု မလာပေ။ 'ဥပသမ္ပဒါပေက္ခာ'ဟု သာမည ဗဟုဝုစ်ဖြင့် လာပေ သည်။ သာမညဗဟုဝုစ်ဖြင့် လာသည့်အတွက် ဥပဇ္ဈာယ်ဆရာဘက်က 'သမ္ဗဟုလာနံ ထေရာနံ'ဟု လာသည်အားလျော်စွာ ရဟန်းလောင်း ဘက်၌လည်း ''သမ္ဗဟုလာ ဥပသမ္ပဒါပေက္ခာ= များစွာသော ရဟန်းလောင်း''ဟူသော အနက်ပြီးစီးပါတော့သည်။

မှန်ပေသည်၊ ဥပဇ္ဈာယ်ဆရာ ၁–ပါး, ၁–ပါးလျှင်အနည်းဆုံး ရဟန်းလောင်း ၁–ပါးစီ, ၁–ပါးစီ ကေန်မုချရှိရပေမည်။ သို့ဖြစ်၍

ဥပဇ္ဈာယ်ဆရာဘက်၌ 'သမ္ဗဟုလာနံ ထေရာနံ' ဟုဆိုသဖြင့် ရဟန်းလောင်း ဘက်၌လည်း ''သမ္ဗဟုလာ ဥပသမ္ပဒါပေက္ခာ= များစွာသော ရဟန်းလောင်း''ဟူသော အနက် ပြီးစီးပါတော့သည်။

အကယ်၍ ရဟန်းလောင်းဘက်က ၂-ပါး, ၃-ပါး၊ ဥပဇ္ဈာယ်က 'သမ္ဗဟုလ= ၅-ပါး, ၆-ပါးစသည်ဖြစ်ခဲ့လျှင် ဥပဇ္ဈာယ်က ပိုနေပေသည်။ ဥပဇ္ဈာယ်ကရဟန်းလောင်းအောက် နည်းသာနည်းနိုင်သည်၊ ပို၍မဖြစ်။

## 'တယော' ဟုများ ရှိမည်လား

စလင်း-မဟာဝါဂဏ္ဍိဝယ် ပါဠိတော်၌-

''အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ'' ဟူသောစကားကို ဝတ္ထုအားလျော်စွာသာလျှင် ဟောတော်မူသတည်းဟူသော စကားကိုဆိုခြင်းသည် ထိုအချိန်ကဝိနည်းမဟာဝါပါဠိတော် သမ္ဗဟုလ ထေရဝတ္ထု၌-

''သမ္ဗဟုလာနံ ထေရာနံ (တယော) ဥပသမ္ပဒါပေက္ခာ''ဟု ထိုခေတ်ပေစာများ၌ ရှိလေမည်လားဟု စဉ်းစားမိပါသည်။

မှန်ပါသည်၊ ဤ သမ္ဗဟုလ ထေရဝတ္ထု၌ 'တယော'ဟုရှိ၍ အောက်မဟာကဿပဝတ္ထု၌ 'ဒွေ'ဟု ရှိပြီးဖြစ်သဖြင့် နှစ်ဝတ္ထုပေါင်းစပ်၍ 'ဒွေ တယော'ဟု ဟောတော်မူပါသည်ဟု ယူဆမိဟန်တူပါသည်။

ထိုအချိန်က '(တယော) ဥပသမ္ပဒါပေက္ခာ'ဟု ကိုးလျှင်လည်း မရှိသင့်ပါ၊ 'တယော'ပိုသည်ဟု ဆိုရပါမည်၊ အဘယ်ကြောင့်ဆိုသော် 'သမ္ဗဟုလာနံ'နှင့်မလျော်၊ ဆန့်ကျင်သောကြောင့်ဖြစ်ပါသည်။

ဥပဇ္ဈာယ်ဆရာက ''သမ္ဗဟုလာနံ ထေရာနံ''=များစွာသော ထေရ်တို့ဖြစ်ကြပါသည်။ ၄–ပါး, ၅–ပါးသော်လည်းရှိနိုင်သည်၊ ၉–ပါး, ၁၀–ပါး စသည်သော်လည်းရှိနိုင်သည်။ ရဟန်းလောင်းကလည်း ဥပဇ္ဈာယ်ရှိသလောက် အနည်းဆုံးရှိရပေမည်။ ဥပဇ္ဈာယ် ၄–ပါးရှိလျှင် ဥပဇ္ဈာယ် ၁–ပါး ရဟန်းလောင်း ၄–ပါးရှိရမည်။ ထို့အတူ ဥပဇ္ဈာယ် ၅–ပါး, ၉–ပါး, ၁၀–ပါးရှိလျှင် ရဟန်းလောင်းလည်း အနည်းဆုံး ၅–ပါး, ၉–ပါး, ၁၀–ပါးရှိရပေမည်။ သို့ဖြစ်၍ ဥပသမ္ပဒါပေက္ခာ၏ ရှေ့၌ 'တယော'ဟု ပါဠိရှိလျှင်လည်းမရှိသင့်ပါ၊ ပါဠိပျက်၊ ပါဠိပို၊ မလိုဟုဆိုရပါမည်။

## စဉ်းစားစရာ သမ္ဗဟုလာ

သမ္ဗဟုလထေရ ဝတ္ထု၌လာသော 'သမ္ဗဟုလာနံ ထေရာနံ' ဟူသောစကား၌ 'သမ္ဗဟုလ'ကို–

၁။ ဝိနည်းကံအရာ, ဝိနည်းဒေသနာ ပရိယာယ်အားဖြင့် အရကောက်ရသော 'သမ္ဗဟုလ' သဒ္ဒါ၊

၂။ သုတ္တန်ဒေသနာ ပရိယာယ်အားဖြင့် အရကောက်ရသော 'သမ္ဗဟုလ' သဒ္ဒါ–ဟူ၍(၂)မျိုးရှိရာ အဘယ် 'သမ္ဗဟုလ' ဖြစ်ကြောင်း စဉ်းစားစရာလိုပါသည်။

အကျယ်ချဲ့ပြရလျှင်–

၁။ ဝိနယပရိယာယေန တယော ဇနာ သမ္ဗဟုလာတိ ဝုစ္စန္တိ၊ တတော ပရံ သံဃော– (ဝိ ဋ–၁၊ ၂၄၈၊) ဟူသော အဋ္ဌကထာစကားအရ ဝိနည်းပရိယာယ်အားဖြင့် သုံးပါးသောရဟန်းတို့ကို'သမ္ဗဟုလ'ဟု ခေါ်ဆိုရပါသည်။ သုံးပါးထက်ကျော်လွန်လျှင် 'သံဃာ'ဟု ခေါ်ဆိုရပါသည်။

၂။ သုတ္တန္တပရိယာယေန တယော တယော ဝေါ၊ တတော ပဋ္ဌာယ သမ္ဗဟုလာ- (ဝိ ဋ္ဌ- ၁၊ ၂၄၈။)ဟူသော အဋ္ဌကထာ စကားအရ သုတ္တန်ပရိယာယ်အားဖြင့် (၃)ယောက်ကို 'တယော'= (၃) ယောက်ဟုသာ ခေါ်ဆိုရပါသည်။ (၃) ယောက်မှစ၍ အထက် ကို ''သမ္ဗဟုလ= အများ''ဟု ခေါ်ဆို ရပါသည်။

ဤအဖွင့်သံဝဏ္ဏနာအရ-

၁။ (က) ဝိနည်းပရိယာယ်, ဝိနည်းကံအရာအားဖြင့် ရဟန်း ၃ ပါးကို 'သမ္ဗဟုလ' ဟု ခေါ်ဆိုပါသည်။

(ခ) ၃-ပါးထက်ကျော်လွန်၍ ၄-ပါး, ၅-ပါးစသော ရဟန်းများ ကို 'သံဃာ'ဟု ခေါ်ပါသည်။

၂။ (က) သုတ္တန်ပရိယာယ်, သုတ္တန်ဒေသနာအားဖြင့် ၃-ပါးကို ''တယော=၃-ပါး''ဟု ခေါ်ပါသည်။

(ခ) ၃-ပါးထက်ကျော်လွန်လျှင် 'သမ္ဗဟုလ= အများ'ဟု ခေါ်ပါ သည်။

## လာရာဌာန ရှင်းလင်းပြ

ဤသမ္ဗဟုလနှင့်ပတ်သက်၍ လာသောအရာဌာနနှင့် ဆက်စပ် ကာ ရှင်းလင်းပြရလျှင်-

သံဃော ဝ တဿာ အာပတ္တိယာ ပရိဝါသံ ဒေတိ၊ မူလာယ ပဋိကဿတိ၊ မာနတ္တံ ဒေတိ၊ အဗ္ဘေတိ၊ န သမ္ဗဟုလာ၊ န ဧကပုဂ္ဂလော။ တေန ဝုစ္စတိ' သံဃာဒိသေသော'တိ-(ဝိ ၁-၂၈၃။) ဟူသော ပါဠိတော်စကားဖြင့် သံဃာဒိသေသ်အာပတ်နှင့် ပတ်သက်၍

ပရိဝါသ်ပေးမှု၊ အရင်းသို့ငင်မှု၊ မာနတ်ပေးမှု၊ အဗ္ဘာန်သွင်းမှုကို သံဃာကသာပြုလုပ် ရမည်ဖြစ်ကြောင်း ၂–ပါး, ၃–ပါးသော 'သမ္ဗဟုလ' ရဟန်းတို့က မပြုလုပ်ရကြောင်း၊ ပြုလုပ်၍မရကြောင်း၊ ၁–ပါးတည်းသော 'ပုဂ္ဂလ' ရဟန်းကပြုလုပ်၍မရကြောင်း၊ ထို့ကြောင့် 'သံဃာဒိသေသ်'ဟု ခေါ်ဆိုရကြောင်းကို ဟောတော်မူပါသည်။

ဤနေရာ၌ သံဃာဒိသေသ်အာပတ်သင့်၍ ပရိဝါသ်ပေးခြင်း စသော သံဃာ့ကိစ္စများကို သံဃာကသာ ဆောင်ရွက်နိုင်ပုံ၊ ၂–ပါး, ၃–ပါးသော 'သမ္ဗဟုလ'ရဟန်းများနှင့် 'ကေပုဂ္ဂလ' တစ်ဦး တစ်ယောက်သောပုဂ္ဂိုလ်က မဆောင်ရွက်နိုင်ပုံကို ဟောပြပါသည်။

ဤ၌ 'သံဃ, သမ္ဗဟုလ, ကေပုဂ္ဂလ' ဟု (၃)ခုယှဉ်လျက် ပြထားပါသည်။ 'သံဃ'ဟူသည် ၄–ပါး၊ ၄–ပါးအထက် ဆယ်, ရာ, ထောင်, သောင်း စသော ရဟန်းအပေါင်းဖြစ်သည်။

'ကေပုဂ္ဂလ'ဟူသည် ပုဂ္ဂိုလ်(၁)ယောက်၊ ရဟန်း ၁–ပါးဖြစ်သည်။

'သမ္ဗဟုလ'ဟူသည် 'ကေပုဂ္ဂလ'နှင့် 'သံဃ'မှ တစ်ပါး (ကေပုဂ္ဂလနှင့် သံဃတို့၏ ကြား၌) ကြွင်းကျန်သော ၂–ပါး, ၃–ပါးသော ရဟန်းများဖြစ်သည်မှာ ထင်ရှားပါသည်။

ပါရာဇိကကဏ်အဋ္ဌကထာ (ဝိ ဋ္ဌ– ၁၊ ၂၄၈။)၌ကား–

ဝိနယပရိယာယေန တယော ဇနာ သမ္ဗဟုလာတိ ဝုစ္စန္တိ– ဝိနည်းပရိယာယ်အားဖြင့် ၃–ပါးသောရဟန်းတို့ကို 'သမ္ဗဟုလ'ဟု ခေါ်ဆိုကြောင်း ဖွင့်ပြခဲ့ပါသည်။ ဝဇိရဗုဒ္ဓိဋီကာ (၁၂၀)၌လည်း–

တယောဝ ဝိနယပရိယာယေန သမ္ဗဟုလာ =၃–ပါးသော ရဟန်းတို့သည်သာလျှင် ဝိနည်းပရိယာယ်အားဖြင့် သမ္ဗဟုလမည်

ကြောင်းမိန့်ဆိုခဲ့ပါသည်။

## သုတ္တန်ဒေသနာ သမ္ဗဟုလာ

ဝိနည်းပါဠိမှာဖြစ်စေ၊ သုတ္တန်ပါဠိမှာဖြစ်စေ သုတ္တန် အသွား ဝတ္ထုကြောင်းအားဖြင့်လာသော သမ္ဗဟုလသည်' သုတ္တန္တပရိယာယ သမ္ဗဟုလ' ဖြစ်ပါသည်။

ဥပမာ။ (၁) တေန ခေါ ပန သမယေန သမ္ဗဟုလာ ဘိက္ခူ သေနာသနစာရိကံ အာဟိဏ္ဍန္တာ ယေန တဿ ဘိက္ခုနော ဝိဟာရော၊ တေနုပသင်္ကမိံသု။ (ဝိ–၁၊ ၂၅)

မျောက်မဥ္စ မေထုန်မှီဝဲသောရဟန်း ဝေသာလီပြည်သို့ ဆွမ်းခံဝင်သွားရာ ထိုအခါ၌များစွာသော 'သမ္ဗဟုလ' ရဟန်းတို့သည် ကျောင်းစဉ်လှည့်လည်ရန် ရည်သန်ကာ လှည့်လည်ကြကုန်သည်ရှိသော် မျောက်မဥ္စ မေထုန် မှီဝဲသော ရဟန်း၏ကျောင်းရှိရာ အရပ်သို့ ချဉ်းကပ် သွားရောက်ကြကုန်ပြီ။

(၂) တေန ခေါ ပန သမယေန သမ္ဗဟုလာ သန္ဒိဋ္ဌာ သမ္ဘတ္တာ ဘိက္ခူ ဣသိဂိလိပဿေ တိဏကုဋိယော ကရိတွာ ဝဿံ ဥပဂစ္ဆိံသု။ (ဝိ–၁၊ ၅၀။)

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူရာ ထိုအခါ၌ ထိုထိုအရပ် ပေါင်းဆုံ လတ်၍ မြင်အပ်ဖူးကုန်သော၊ အကျွမ်းတဝင် ဆည်း ကပ်၍ အတူတကွစားဖော် သောက်ဖက်ဖြစ်ကြကုန် သော များစွာသော 'သမ္ဗဟုလ' ရဟန်းတို့သည်

ဣသိဂိလိတောင်နံပါး၌ မြက်မိုးမြက်ကာကျောင်းတို့ကို
ပြုစီရင်ကြကုန်၍ ဝါကပ်ကြကုန်ပြီ–

စသည်ဖြင့် ထိုထိုဝတ္ထုကြောင်းတို့၌လာသော 'သမ္ဗဟုလ' သဒ္ဒါများစွာ လာပါသည်။

ထိုထိုဝတ္ထုကြောင်းတို့၌လာသော 'သမ္ဗဟုလ' သဒ္ဒါသည် ၄–ပါး၊ ၅–ပါးစသည်အားဖြင့် များစွာသောရဟန်းပုဂ္ဂိုလ်တို့ကို ဟောပါသည်။

ဤဖော်ပြပြီးသော ဝတ္ထုတို့၌လာသော 'သမ္ဗဟုလ' သဒ္ဒါသည်၊ သုတ္တန်ဒေသနာတော်နည်းအရ ၄–ပါး၊ ၅–ပါးစသောအားဖြင့် များစွာသော ရဟန်းတို့ကို ဟောပါသည်။

ထို့ကြောင့်–

ဣစ ပန တေ သုတ္တန္တပရိယာယေန သမ္ဗဟုလာတိ ဝေဒိတဗ္ဗာ– ဟု ပါရာဇိကဏ်အဋ္ဌကထာ၊ ဒုတိယပါရာဇိကအဖွင့် (ဝိ၊ ဋ္ဌ၊ ၁။ ၂၄၈) ၌ဖွင့်ပြပါသည်။

အဓိပ္ပါယ်မှာ။ ။ ဤ အရှင်ဓနိယ၏ ဝတ္ထုကြောင်း၌ ရာဇဂြိုဟ်ပြည်၊ ဣသိဂိလိတောင်နံဘေးဝယ် မြက်မိုးကျောင်းတို့ကို ဆောက်လုပ်၍ ဝါကပ်ကြသော 'သမ္ဗဟုလ' ရဟန်းတို့ အရကို ၃–ပါးအထက် ၄–ပါး၊ ၅–ပါးစသောအားဖြင့် များစွာသောရဟန်းတို့ကို အရကောက်ရမည်ဟု ဆိုလိုပါသည်။

## သမ္ဗဟုလထေရဝတ္ထုလာ သမ္ဗဟုလာ

ဝိနည်းမဟာဝါ ပါဠိတော် မဟာခန္ဓက သမ္ဗဟုလ ထေရဝတ္ထု၌–

တေန ခေါ ပန သမယေန သမ္ဗဟုလာနံ ထေရာနံ ဥပသမ္ပဒါပေက္ခာ ဟောန္တိ– စသည်ဖြင့်လာပါသည်။ (ဝိ–၃၊ ၁၂၉။)

**အဓိပ္ပာယ်မှာ။** ။ အရှင်မဟာကဿပအား ရဟန်းလောင်း ၂–ပါးပေါ်ပေါက်၍ ရဟန်းလောင်း ၂–ပါးလုံး တစ်ပြိုင်နက် ရဟန်းခံပေးရန် ခွင့်ပြုတော်မူရာ– ထိုအခါ၌ များစွာကုန်သော 'သမ္ဗဟုလ'ထေရ် တို့အား ရဟန်းလောင်းတို့ ထင်ရှားပေါ်ပေါက်ကြကုန်၏– စသည်ဖြစ်ပါသည်။

ဤ 'သံမ္ဗဟုလထေရ'ဝတ္ထု၌–

'သံဃော၀ တဿာ အာပတ္တိယာ ပရိဝါသံ ဒေတိ' စသည်၌လာသော 'သမ္ဗဟုလ' သဒ္ဒါကဲ့သို့ ၂–ပါး၊ ၃–ပါးသောရဟန်းတို့ကို အရကောက်ရသော 'သမ္ဗဟုလမျိုးမဟုတ်ပါ။

'တေန ခေါ ပန သမယေန' သမ္ဗဟုလာ သန္ဒိဋ္ဌာ' စသည်ဖြင့် ဒုတိယပါရာဇိက အရှင်ဓနိယဝတ္ထု၌လာသော 'သမ္ဗဟုလ' သဒ္ဒါကဲ့သို့ ၄–ပါး၊ ၅–ပါးစသောအားဖြင့် များစွာသော မထေရ်တို့ကို ယူရပါမည်။

## စတ္တာရော၊ ပဉ္စ စသည် မဟောခြင်းအကြောင်း

ဤ သမ္ဗဟုလထေရဝတ္ထု၌ ရဟန်းလောင်းများစွာရှိပါလျက် အဘယ့်ကြောင့် 'ဒွေ, တယော'ဟု မြတ်စွာဘုရားဟောကြားတော်မူပါသနည်း။

အဘယ်ကြောင့် 'စတ္တာရော ပဉ္စ' စသည်ဖြင့် ဟောကြားတော်မမူပါသနည်း။ 'စတ္တာရော ပဉ္စ' စသည်ဖြင့်လည်း ဟောကြားသင့်သည် မဟုတ်ပါလော စသည်ဖြင့်မေးစရာ၊ စောဒနာစရာ ရှိလာနိုင်ပါသည်။

အဖြေကား–ရှင်းပါ၏၊ သံဃာသည် သံဃာအား ကံမပြု ကောင်းသောကြောင့် ဖြစ်ပါသည်။

မှန်ပါသည်၊ သုံးပါးအထက် ၄–ပါး၊ ၅–ပါး စသည်ဖြစ်လျှင် သံဃာပြည့်သွားပါသည်။ သံဃာဖြစ်သွားပါသည်။ သံဃာပြည့်သွားသည့်အတွက်ကြောင့် ကံ–မပြုထိုက်ပါ၊ ထို့ကြောင့် 'စတ္တာရော ပဥ္စ' စသည်ဖြင့်မဟောကြားပါ။ ဤအကြောင်းကိုပြလို၍–

> ''ယသ္မာ ပန တိဏ္ဏံ ဥဒ္ဓံ ကမ္မာရဟာ န ဟောန္တိ၊ န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ–''

ဟု ဘေဒါနုဝတ္တကခေါ် ဒုတိယသံဃဘေဒသိက္ခာပုဒ်၌ အဋ္ဌကထာဆရာဖွင့်ဆိုခဲ့ပါသည်။

အနက်။ ပန= စောဒနာချက် အစွန်းအထွက်ကို ပယ်ဖျက်ပြဆိုအံ့။ (ပန= အဖို့တပါးကို ဆိုဦးအံ့) ယသ္မာ= အကြင်ကြောင့် တိဏ္ဏံ= သုံးပါးသောရဟန်းတို့၏။ ဥဒ္ဓံ = အထက်၌။ ဝါ =အထက်ဖြစ်သောရဟန်းတို့သည်။ ကမ္မာရဟာ = ကံထိုက်ကုန်သည်။ န ဟောန္တိ= မဖြစ်ကုန်။

ဟိ–သစ္စံ= မှန်၏။ သံဃော= သံဃာသည်။ သံဃဿ= သံဃာအား။ ကမ္မံ= ကံကို။ န ကရောတိ= မပြု။ (တသ္မာ= ထို့ကြောင့်။ ''ကော ဝါ ဒွေ ဝါ တယော ဝါတိ = ကော ဝါ ဒွေ ဝါ တယော ဝါဟူ၍။ ဘဂဝတာ = သည်။ ဝုတ္တံ = ဟောတော်မူအပ်ပြီ။)

မှန်ပေသည်၊ ဘေဒါနုဝတ္တကခေါ် ဒုတိယသံဃဘေဒသိက္ခာပုဒ်၌ သံဃဘေဒရဟန်းသို့ အတုလိုက်ကျင့်သော ရဟန်းများစွာရှိပါသည်။ ထိုသို့ ဘေဒါနုဝတ္တက ရဟန်းများစွာရှိသော်လည်း

ကံပြုသော အခါ ၁–ပါးချင်းဖြစ်စေ၊ ၂–ပါးချင်းဖြစ်စေ၊ ၃–ပါးချင်း ဖြစ်စေ ကမ္မဝါစာဖတ်၍ ကံပြုရပါမည်။

သုံးပါးအထက် ၄–ပါး၊ ၅–ပါးစသောရဟန်းများကို တစ်ပြိုင်နက် ကံမပြုရပါဟု သိစေလိုသောကြောင့် 'ဧကော ဝါ ဒွေ ဝါ တယော ဝါ'ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်ဟု ပါဠိတော်၏အာဘော် ကို အဋ္ဌကထာကဖော်ပြပါသည်။ ပါဠိတော်နှင့် အဋ္ဌကထာ နီးနှောမိလှပါသည်။ အဋ္ဌကထာဖွင့်ပြချက်သည် ပါဠိတော် သို့ သက်ဝင်ပါပေသည်။

## အဋ္ဌကထာအာဘော် ဋီကာဖော်

'သံဃာသည် သံဃာအား ကံမပြုကောင်း'ဟူသော စကားကို ဘေဒါနုဝတ္တက သိက္ခာပုဒ်အဋ္ဌကထာဖွင့်ဆိုခဲ့သည်။ ထိုစကားကို နှိပ်ကွပ် ခြင်း 'နိဂ္ဂဟ' အစွမ်းအားဖြင့် ပြုအပ်သောကံကိုရည်ရွယ်၍ အဋ္ဌကထာ ဆရာမိန့်ဆိုခဲ့သည်။ အကြောင်းမှာ ဥပ္ပာဟိကစသော သမ္မုတိကံကိုများ စွာသော ရဟန်းတို့အားလည်း ပြုသင့်သောကြောင့် ဖြစ်သည်ဟု သာရတ္ထ၊ ဝိမတိဋီကာဆရာတို့က အဋ္ဌကထာအာဘော် ကို ဖော်ခဲ့ကြသည်။

**သာရတ္ထ။** ယသ္မာ ဥဗ္ဗာဟိကာဒိကမ္မံ ဗဟူနမ္ပိ ကာတုံ ဝဋ္ဋတိ၊ တသ္မာ န ဟိ သံဃော သံဃဿ ကမ္မံ ကရောတီတိ ဣဒံ နိဂ္ဂဟ ဝသေန ကတ္တဗ္ဗကမ္မံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။
(သာရတ္ထ–၂။ ၃၉၃)

ယသ္မာ ဥဗ္ဗာဟိကာဒိသမ္မုတိကမ္မံ ဗဟူနမ္ပိ ကာတုံ ဝဋ္ဋတိ၊ တသ္မာ 'န ဟိ သံဃော သံဃဿ ကမ္မံ ကရောတီ'တိ၊

က္ခံ နိဂ္ဂဟ ဝသေန ကတ္တဗ္ဗကမ္မံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ဝိမတိ-၁၊ ၂၉၇။)

အဋ္ဌကထာစကားသည်ရှင်း၏၊ ပြတ်သား၏၊ နိဂ္ဂဟ, ပဂ္ဂဟ ဟု အထူးမဆို၊ နိဂ္ဂဟပင်ဖြစ်စေ၊ ပဂ္ဂဟပင်ဖြစ်စေ သုံးပါးထက် ကျော်လွန်လျှင် တစ်ပြိုင်နက် ကံမပြုထိုက်၊ သုံးပါးထက်ကျော်လွန် သော ရဟန်းတို့ကို ကံပြုလျှင် သံဃာသည်သံဃာအား ကံပြုရာ ရောက်၏။ အမှန်စင်စစ် သံဃာသည် သံဃာအား ကံမပြုကောင်း၊ အဋ္ဌကထာစကားသည် ပြတ်သားလှ၏။

## ဥဗ္ဗာဟိကာ ၂-ပါးလာ

ဋီကာဆရာတို့ လက်ညှိုးညွှန်ပြ သာဓကပြုခဲ့သော ဥဗ္ဗာဟိက သမ္မုတိကံသည် စူဠဝါပါဠိတော် သမထက္ခန္ဓက (၂၂၃-၄)နှင့် သတ္တ သတိကက္ခန္ဓက (၅၀၄-၅)၌ လာပါသည်။

''သံဃော ဣတ္ထန္နာမဉ္စ ဣတ္ထန္နာမဉ္စ ဘိက္ခုံ သမ္မန္နေယျ ဥဗ္ဗာ ဟိကာယ ဣမံ အဓိကရဏံ ဝူပသမေတုံ''ဟု ကမ္မဝါစာ၌ ၂-ပါးသော တိုက်ရိုက်ဟောပါသည်။

၁။ စူဠဝါပါဠိတော် သမထက္ခန္ဓက၌ ပဌမဥဗ္ဗာဟိက သမ္မုတိ ကမ္မဝါစာ လာပါသည်၊ ပဌမဥဗ္ဗာဟိကသမ္မုတိ ကမ္မဝါစာကို ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူပါသည်။ရဟန်း၂-ပါး သမ္မုတိပေးပုံ ဟောကြားထားပါသည်၊ ရဟန်းအများ သမ္မုတိ ပေးခြင်းမဟုတ်ပါ။ (ဝိ-၄၊ ၂၂၄။)

၂။ ဒုတိယဥဗ္ဗာဟိက သမ္မုတိကမ္မဝါစာသည် စူဠဝါပါဠိတော် သတ္တသတိကက္ခန္ဓက၌ လာပါသည်။

# သတ္တသတိက,လာ ဥဗ္ဗာဟိကာ

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း(၁၀၀) ရောက်သောအခါ ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် သာသနာတော်နှင့် မလျော်မလျောက်ပတ်သော အကြောင်းဝတ္ထု ၁၀–ပါးကို ပြုကြပါသည်။

အလွန်မပြင်းသေးသော သေရည်အရက်အနှစ်ားကို ရဟန်းများသောက်ကောင်းသည်– စသောအကြောင်းဝတ္ထုများ ပါဝင်ပါသည်။ ထိုဝတ္ထု ၁၀–ပါးအပ်, မအပ်အငြင်းပွားမှု အဓိကရုဏ်းပေါ်ပါသည်။

လောကထုံးစံအတိုင်း မကောင်းဘက်ကလည်း 'အဓမ္မ' အသင်းဝင် ရဟန်းတို့ကသာ များပြားနေကြပါသည်။

ထို့ကြောင့် သေရည်သေရက်အနှစ်ားကို ရဟန်းများပြောသော အရှင်ယသကိုပင် ပဋိသာရဏီယကံ, ဥက္ခေပနီယကံများကို တစ်ခုပြီး တစ်ခုပြုကြပါသည်။ နောက်ဆုံး အမှားဘက်က အားကောင်း၍ အမှန်ပြောကြားသော အရှင်ယသသည် ကောင်းကင်ပျံကြွ ထွက်ပြေးရသည့်အခြေအနေရောက်ရပါသည်။

ထိုသို့ပြင်းထန်ကြမ်းတမ်းသော အဓိကရုဏ်းကို ငြိမ်းအေးစေဖို့ရန် ပါစိနတိုင်းသား ရဟန်း ၄–ပါး၊ ပါဝေယျကတိုင်းသား ရဟန်း၄–ပါးတို့ကို သမ္မုတိပေးရပါသည်။

ယင်းသည့် ဥဗ္ဗာဟိကာသမ္မုတိကမ္မဝါစာကို–

သုဏာတု မေ ဘန္တေ သံဃော၊ အမှာကံ ဣမသ္မိံ အဓိကရဏေ ဝိနိစ္ဆိယမာနေ အနဂ္ဂါနိစေဝ ဘဿာနိ ဇာယန္တိ၊ န စေကဿ ဘာသိတဿ အတ္ထော ဝိညာယတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော စတ္တာရော ပါစိနကေ ဘိက္ခူ

စတ္တာရော ပါဝေယျကော ဘိက္ခူ သမ္မန္နေယျ ဥဗ္ဗာဟိကာယ
က္ကမံ အဓိကရဏံ ဝူပသမေတုံ၊ သော ဥ တ္တိ–

စသည်ဖြင့် အရှင်ရေဝတက ရွတ်ဖတ်ကာ သံဃာကိုသိစေပါသည်။

ဤဥဗ္ဗာဟိကာသမ္မုတိကမ္မဝါစာသည် ဥ တ္တိဒုတိယကမ္မဝါစာ ဖြစ်ပါသည်။ ပါစိနတိုင်းသားရဟန်း ၄–ပါး၊ ပါဝေယျကတိုင်းသား ရဟန်း ၄–ပါး ဤရဟန်းရှစ်ပါးတို့ကို သမုတ်သောကံဖြစ်ပါသည်။

ယင်း သမ္မုတိကံမပြုမီ အရှင်ရေဝတသည် ဥ တ္တိကံကို အရင်ပြုပါသည်။

''သုဏာတု မေ ဘန္တေ သံဃော၊ အမှာကံ က္ကမသ္မိံ အဓိ
ကရဏေ ဝိနိစ္ဆိယမာနေ အနဂ္ဂါနိစေဝ ဘဿာနိ ဇာယန္တိ၊
န စေကဿ ဘာသိတဿ အတ္ထော ဝိညာယတိ ယဒိ
သံဃဿ ပတ္တကလ္လံ၊ သံဃော က္ကမံ အဓိကရဏံ ဥဗ္ဗာဟိ
ကာယ ဝူပသမေယျ–''

ဟူ၍ ဥ တ်ထားပါသည်။

ဖော်ပြပါ အဓိကရဏ်းကို ဥဗ္ဗာဟိကနည်းဖြင့် ငြိမ်းအေးဖို့ရန် အဆိုပြုတင်ပြသော ဥ တ္တိကံဖြစ်ပါသည်။ ယင်းအဆိုကို သဘောကျ သဖြင့် ကြွရောက်လာကာ စုဝေးနေကြသော သံဃာတော်သည် ပါစိန တိုင်းသား ရဟန်းများထဲမှ အရှင်သဗ္ဗကာမီ, အရှင်သာဠ္ဍ, အရှင်ခုဇ္ဇ သောဘိတ,အရှင်ဝါသဘဂါမိကတို့ကို ရွေးချယ်ကြပါသည်။ ပါဝေယျက တိုင်းသား ရဟန်းများထဲမှ အရှင်ရေဝတ, အရှင်သမ္ဘူတ, အရှင်ယသ, အရှင်သုမနတို့ကို ရွေးချယ်ကြပါသည်။

ယင်းသို့ရွေးချယ်ကြောင်းကို–

''သံဃော စတ္တာရော ပါစိနကေ ဘိက္ခူ စတ္တာရော ပါဝေယျကေ ဘိက္ခူ ဥဗ္ဗိနိ ပါစိနကာနံ ဘိက္ခူနံ အာယသ္မန္တဉ္စ သဗ္ဗကာမိ အာယသ္မန္တဉ္စ သာဠ္ဟံ အာယသ္မန္တဉ္စ ခုဇ္ဇသောဘိတံ အာယသ္မန္တဉ္စ ဝါသဘဂါမိတံ၊ ပါဝေယျကာနံ ဘိက္ခူနံ အာယသ္မန္တဉ္စ ရေဝတံ အာယသ္မန္တဉ္စ သမ္ဘူတံ သာဏဝါသိ အာယသ္မန္တဉ္စ ယသံ ကာကဏ္ဍကပုတ္တံ အာယသ္မန္တဉ္စ သုမနန္တိ''

ဟူ၍ ဖြစ်ပါသည်။

ယင်းစကားရပ်သည် ဉတ်လည်းမဟုတ်၊ ကမ္မဝါစာလည်းမဟုတ်ပါ၊ ရွေးချယ်ကြောင်းမှတ်တမ်းတင်သော စကားမျှသာဖြစ်ပါသည်။

ယင်းသို့ မှတ်တမ်းစကားပြပြီးနောက်မှ အရှင်ရေဝတက– 'သုဏာတု မေ ဘန္တေ' စသည်ဖြင့် ဥဗ္ဗာဟိကာသမ္မုတိ ဉတ္တိဒုတိယ ကမ္မဝါစာကို ရွတ်ဖတ်ပါသည်။

ယင်းကမ္မဝါစာ၌–

''ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော စတ္တာရော ပါစိနကေ ဘိက္ခူ စတ္တာရော ပါဝေယျကေ ဘိက္ခူ သမ္မန္နေယျ ဥဗ္ဗာဟိကာယ ဣမံ အဓိကရဏံ ဝူပသမေတုံ–''

စသည်ဖြင့် လာပါသည်။

## မှာတမ်းစကားပင် ကမ္မဝါစာထင်

ရှေးယခင် ဘုရားရှင်ဟောရိုးအစဉ်အလာအတိုင်း အမည် ဟောပုဒ်များကို ဝါကျဒွန်, သမာသ်ဒွန်တွဲလျက် ဖေါ်ပြကာမစီစဉ်ဘဲ သချာမျှဖေါ်ပြ၍ စီစဉ်ရွတ်ဖတ်ခဲ့ပါသည်။

ယင်းသို့ မှတ်တမ်းတင်ဖော်ပြခြင်းကို ဝါကျဒွန်ဖြင့် စီစဉ် ဖော်ပြထားသည်ဟု မှတ်ထင်၍ ဂုဠတ္ထဝိနိစ္ဆယကျမ်း၌–

''သုဏာတု မေ ဘန္တေ သံဃော ဥဗ္ဗာဟိကာယ ဝူပသမေယျ။ စတ္တာရော ပါစိနကေ ဘိက္ခူ စတ္တာရော ပါဝေယျကေ ဘိက္ခူ ဥစ္စိနိ ပါစိနကာနံ ဘိက္ခူနံ အာယသ္မန္တဥ္စ သဗ္ဗကာမိံ အာယသ္မန္တဥ္စ သာဠှံ အာယသ္မန္တဥ္စ ခုဇ္ဇသောဘိတံ အာယသ္မန္တဥ္စ ဝါသဘဂါမိတံ၊ ပါဝေယျ ကာနံ ဘိက္ခူနံ အာယသ္မန္တဥ္စ ရေဝတံ အာယသ္မန္တဥ္စ သမ္ဘူတံ သာဏဝါသိံ အာယသ္မန္တဥ္စ ယသံ ကာကဏ္ဍကပုတ္တံ အာယသ္မန္တဥ္စ သုမနံ။ လ။ ဝေမေတံ ဓာရယာမီတိ''

စူဠဝါသတ္တသတိကက္ခန္ဓက ပါဠိတော်တို့ကိုထောက်ပြု၍ ပြဆိုပါသည်။

ဤစကားရပ်ကို သာမန်အနေဖြင့်ကြည့်လျှင် ဝါကျဒွန်ဖြင့်စီစဉ် ထားသော ဥဗ္ဗာဟိကာသမ္မုတိကမ္မဝါစာဟု မှတ်ထင်ရပါသည်၊ အမှန် စင်စစ် ဝါကျဒွန်ဖြင့်စီစဉ်ထားသော ကမ္မဝါစာမဟုတ်ပါ။ သမုတ်မည့် ရဟန်း အရေအတွက်ကို သချာမှုဖော်ပြကာ စီစဉ်ထားသော ကမ္မဝါစာ ဖြစ်ပါသည်။ပါဠိတော်ရင်းကို သေချာစွာပြန်ကြည့်လျှင် ဥဗ္ဗာဟိက ဝူပသမသမ္မုတိ ဉတ္တိဒုတိယကမ္မဝါစာဖြစ်ကြောင်း တွေ့ရှိရပါမည်။

ထိုအချိန်က ဗဒ္ဒသိမ်အတွင်း၌ နှစ်တောင့်ထွာ ဟတ္ထပါသ် စပ်ခြင်းစသော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံစွာ သံဃာ့အလယ်၌ ဖတ်၍ ပြုသော သမ္မုတိကကံမှ ဟုတ်ပါ၏လော၊ ဂါမခေတ်အတွင်း သံဃာ့ အစည်းအဝေး၌ပြုသော သမ္မုတိကံများ ဖြစ်ကြလေသလားဟု တွေးတောမိပါသည်။

မှန်ပေသည်၊ ထိုအချိန်က အလွန်အရေးကြီးသောအဓိကရုဏ်း ဖြစ်ပေါ်နေချိန်ဖြစ်ပါသည်။ ဝဇ္ဇီတိုင်းသား ရဟန်းတို့ကလည်း မိမိတို့ အနိုင်ရရေးကို အပြေးအလွှား ကြိုးစားဆောင်ရွက်နေကြပါသည်၊ အရှင်ရေဝတအား သက်န်းသပိတ်ပရိက္ခရာ အမျိုးမျိုးဖြင့် လာဘ်ထိုးကြ ပါသည်၊ အရှင်ရေဝတက လက်မခံသောအခါ အရှင်ရေဝတ တပည့် အရှင်ဥတ္တရအား လာဘ်ထိုးကြပြန်ပါသည်။

ဘုရားရှင်သည် အရှေ့အရပ်ဇနပုဒ်တို့မှာ ပွင့်တော်မူသည်၊ ထို့ကြောင့် အရှေ့အရပ်နေ 'ပါစီနက' ရဟန်းများဖြစ်ကြသော မိမိတို့ ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဓမ္မဝါဒီရဟန်းများ ဖြစ်ကြသည်။ ဤမျှသော စကားကို အရှင်ရေဝတက မြွက်ကြားပေးရန် လျှောက်ထား နိုင်းကြသည် အထိဖြစ်ခဲ့သည်။

သို့ကလောက် ခက်ထန်ကြမ်းတမ်းသော အခြေအနေ ရောက်နေသဖြင့် အရှင်ရေဝတသည် သံဃာတော်ကို ဖေါ်ပြပါ ကမ္မဝါစာဖြင့် အရေးပေါ် အသိပေးလိုက်ရဟန်တူပါသည်။

တကယ်တိတ်ကျကျပြုလုပ်လျှင် သမုတ်ခံရသောရဟန်းများ ဘက်က ၃-ပါးအထိသာရှိရပါမည်၊ ထို့ကြောင့် မြတ်စွာဘုရားကိုယ် တိုင်က "ဧကော ဝါ ဒွေ ဝါ တယော ဝါ" ဟူ၍လည်းကောင်း၊ "ဒွေ တယော ဧကာနုဿာဝနေ" ဟူ၍လည်းကောင်း အကြား အပေါက်မရှိအောင် စေ့စပ်သေချာစွာ ဟောတော်မူခဲ့ပါသည်။

## သင်္ချာပြလတ် ကမ္မဝါစာဖတ်

အဋ္ဌကထာကလည်း 'န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ=သံဃာသည် သံဃာအား ကံမပြုရ'ဟု ဘုရားရှင်အလို တော်သိကာ ဖွင့်ပြခဲ့ပါသည်။

ဤသတ္တသတိကက္ခန္ဓကလာ ဥဗ္ဗာဟိကဝူပသမသမ္မုတိ ဥတ္တိဒုတိယကမ္မဝါစာ၌ သမုတ်ခံရဟန်းမှာ ၈–ပါးဖြစ်နေပါသည်။ ထိုသို့ ၈–ပါးဖြစ်နေ၍ ဘုရားရှင်၏ သာမုက္ကံသိကကမ္မဝါစာများကဲ့သို့ အမည်နာမဖေါ်ပြပါကာ သမာသ်ဒွန်, ဝါကျဒွန် တစ်မျိုးမျိုးဖြင့် ကမ္မဝါစာပြုလုပ်၍ အရှင်ရေဝတ မရွတ်မဖတ်ခဲ့ပါ၊ သင်္ချာမျှပြသည့်အနေအားဖြင့် 'စတ္တာရော စတ္တာရော'ဟု ကမ္မဝါစာပြု၍ ဖတ်ခဲ့ပါသည်။

ဝဇ္ဇိရဗ္ဗုဒ္ဓိဋ္ဌိကာစကားလာ(၈)ယောက်၊ (၁၆)ယောက် ပုဂ္ဂိုလ်တို့ကို တစ်ပေါင်းတည်း သမုတ်နည်းဖြင့်သမုတ်ခံရရာ၌ သံဃာကကံပြုရာ မရောက်ခြင်းကို စဉ်းစားဖို့လိုပါသည်။

သမုတ်သည့်ဘက်ကလည်း သံဃာပြည့်သည်၊ သမုတ်ခံရသောဘက်ကလည်း ၈–ပါး၊ ၁၆–ပါးဖြစ်၍ သံဃာပြည့်သည်၊ သို့ပါလျက် သံဃာက ကံပြုသည်မမည်ခြင်းမှာ အဘယ်ကြောင့်နည်း။ ဤ ဥဗ္ဗာဟိက ကမ္မဝါစာသည် အခြားဘုရားဟော ကမ္မဝါစာများကဲ့သို့ အမည်နာမ အသီးသီးဖေါ်ပြ၍ ဝါကျဒွန်သမာသ်ဒွန်တို့ဖြင့် စနစ်တကျစီကုံးရွတ်ဖတ်သော ကမ္မဝါစာမဟုတ်ဘဲ သမုတ်မည့်ရဟန်း အရေအတွက် သင်္ချာမျှဖေါ်ပြ၍ စီကုံးရွတ်ဖတ်သော ကမ္မဝါစာဖြစ်ပါသည်။

## ၃–ပါး၊ ၄–ပါး သမုတ်ခြင်း

ရှေးအခါက သာသနာတော်၌ ဝါပအခါ ကျောင်းများမှာ အမြဲနေ ရဟန်းနည်းပါးပြီး၊ ဝါတွင်းအခါကျမှ အမြဲနေရဟန်းများတတ်ကြသည်။ ဝါဆိုဦးရောက်သောအခါ ထိုထိုအရပ်ဒေသမှ ဝါကပ်ရန်ကြွရောက်လာတတ်ကြသည်။ သို့ဖြစ်၍ ဝါကပ်ရန် နီးကပ်လာသောအခါ အာဂန္တုများ ရောက်ရှိလာတတ်ကြသဖြင့် အာဂန္တု

ရဟန်းတို့အား နေရန်ကျောင်းညွှန် ကြားပြသချပေးမည့် ရဟန်း ၁-ပါးပါး သီးခြားထားရှိရသည်။ ယင်းသည့် ရဟန်းကို 'သေနာသန-ဂ္ဂါဟက' ရဟန်းဟု ခေါ်ပါသည်။ ''သေနာသန= ကျောင်း+ဂါဟက= ယူစေတတ်သောရဟန်း။ ကျောင်းကို ယူစေတတ်သောရဟန်း, ကျောင်းကိုချပေးသောရဟန်း''ဟု အဓိပ္ပာယ်ရပါသည်။

ယင်းသေနာသနဂ္ဂါဟက-ရဟန်းကို သံဃာအများဆန္ဒအရ သမုတ်ထားရသည်၊ သမုတ်သောအခါ သီတင်းငယ်ရဟန်းက သီတင်းကြီးရဟန်းအား ကျောင်းခံယူစေနိုင်ရန်, သီတင်းကြီးရဟန်းက သီတင်းငယ်ရဟန်းအား ကျောင်းခံယူစေနိုင်ရန် အကျိုးငှာ 'ဒွေ သမ္မန္နိတဗ္ဗာ' ဟု မိန့်မှာသည့်အတိုင်း ရဟန်း ၂-ပါးကို သမုတ်ရပါမည်။ မဟာဝိဟာရကျောင်းတိုက်ကြီးတို့လို ကြီးကျယ်သော ကျောင်းတိုက်ကြီးမျိုး၌ ၃-ပါး, ၄-ပါးသမုတ်ရပါမည်။

မဟန္တေ ပန မဟာဝိဟာရသဒိသေ ဝိဟာရေ တယော စတ္တာရော ဇနာ သမ္မန္နိတဗ္ဗာ။ (ဝိ ဋ္ဌ-၄၊ ၇၀။)

ဤသေနာသနဂ္ဂါဟကသမ္မုတိနှင့် ပတ်သက်၍ကျောင်းတိုက်ငယ်လျှင် ၂-ပါး၊ ကျောင်းတိုက်ကြီးလျှင် ၃-ပါး, ၄ပါး သမုတ်ရမည်ဟု သင်္ဂဟအဋ္ဌကထာဆရာ မိန့်ဆိုပါသည်။

## ၈-ပါး,၁၆-ပါး သမုတ်ခြင်း

ကုရုန္ဒီ အဋ္ဌကထာကမူ (ကျောင်းကြီး၊ကျယ်လျှင်) ၈-ပါး၊၁၆-ပါးအထိ သမုတ်သင့်သည်[၁]-ဟု မိန့်ဆိုပါသည်။

---

၁။ ကုရုန္ဒိယံ ပန အဋ္ဌပိ သောဠသပိ ဇနေ သမ္မန္နိတုံ ဝဋ္ဋတီတိ ဝုတ္တံ။(ဝိ ဋ္ဌ၊၄၊၇၀)

သင်္ဂဟအဋ္ဌကထာဆရာ အလိုအားဖြင့် ကျောင်းတိုက်ငယ်လျှင် ၂-ပါး၊ ကျောင်းတိုက်ကျယ်လျှင် ၃-ပါး,၄-ပါးသမုတ်စေလိုသည်။ ၄-ပါးထက်ပို၍ မသမုတ်စေလိုပါ။

ကုရုန္ဒီအဋ္ဌကထာဆရာအလိုအားဖြင့်၈-ပါး,၁၆-ပါးအထိ သမုတ် နိုင်သည်။ ထိုသို့သမုတ်ရာ၌ ကမ္မဝါစာဖြင့်လည်း သမုတ်နိုင်သည်၊ပန်ကြားခြင်း(အပလောကန )ကံဖြင့်လည်း သမုတ်နိုင်သည်။[၂]

ဤ၌ကမ္မဝါစာဖြင့်လည်း သမုတ်နိုင်သည်ဟု သာမည ဆိုသည်၊ ဉတ္တိဒုတိယကမ္မဝါစာ၊ ဉတ္တိစတုတ္ထကမ္မဝါစာဟု အထူး မဆို။ သို့ရာတွင် သေနာသနဂ္ဂါဟကသမ္မုတိကို ဉတ္တိဒုတိယ ကမ္မဝါစာ ဖြင့်ပြုရမည် ဟု ပရိဝါကမ္မဝဂ်၌ ဖွင့်ဆိုပါသည်။ (ဝိ ဋ္ဌ-၄၊ ၂၄၃။)

## ဋီကာဆရာတို့အဆို

ထိုသို့သမုတ်ရာ၌ တစ်ပါးစီ, နှစ်ပါးစီ အသီးသီးသမုတ်ရမည်လော၊တစ်ပေါင်းတည်းသမုတ်ရမည်လောဟု စဉ်းစားစရာလိုပါသည်။ ယင်းအချက်နှင့်ပတ်သက်၍-

(၁) အဋ္ဌပိ သောဠသပိ ဇနေတိ တ္တော ကိံ ဝိသုံ ဝိသုံ၊ ဉဒါဟု ကေတောတိ၊ ကေတော ပိ ဝဋ္ဋတိ။ (ဝဇိရဗုဒ္ဓိဋီကာ၊၅၂၆။)

(၂) အဋ္ဌပိ သောဠသပိ ဇနေ သမ္မန္နိတုံ ဝဋ္ဋတီတိ ကိံ ဝိသုံ ဝိသုံ သမ္မန္နိတုံ ဝဋ္ဋတိ၊ ဉဒါဟု ကေတောတိ ကေတောပိ ဝဋ္ဋတိ။ (သာရတ္ထ၊ ၃၊ ၄၁၂။)

(၈)ယောက်, (၁၆)ယောက်သော ပုဂ္ဂိုလ်တို့ကို သမုတ်ခြင်းငှာ အပ်သည်ဟူသော စကားရပ်၌ အသီးသီး(၁)ယောက်စီ,(၁)ယောက်စီ

---

၂။တေသံ သမ္မုတိ ကမ္မဝါစာယပိ အပလောကနေနပိ ဝဋ္ဋတိယေဝ။(ဝိ ဋ္ဌ-၄၊၅၀)

သမုတ်ရမည်လော၊ သို့မဟုတ် တစ်ပေါင်းတည်း သမုတ်ရမည်လောဟု မေးလျှင် တစ်ပေါင်းတည်းလည်း သမုတ်ခြင်းငှာအပ်သည်။ အသီးသီး လည်း သမုတ်ခြင်းငှာ အပ်သည်ဟုဖြေဆိုရပါမည်။

ဤ၌ 'ကေတော ပိ' ဝယ် ''ပိ'' ဖြင့် ''ဝိသုံ ဝိသုံပိ = အသီးအသီးလည်း'' ဟူသော အနက်ကိုပေါင်းပါသည်။ သို့ဖြစ်၍ တစ်ပေါင်းတည်းလည်း သမုတ်နိုင်သည်။ အသီးသီး တခြားစီလည်း သမုတ်နိုင်သည်ဟု ဆိုခဲ့ပါသည်။

အသီးအသီးသမုတ်ရာ၌ ဉတ္တိဒုတိယကမ္မဝါစာဖတ်၍ ဉတ္တိဒုတိယကံဖြင့်လည်း သမုတ်နိုင်သည်၊ အပလောကနကံဖြင့်လည်း သမုတ်နိုင်သည်။ တစ်ပေါင်းတည်းသမုတ်ရာ၌ အပလောကနကံဖြင့်သာသမုတ်သင့်သည်၊ ဉတ္တိဒုတိယကံဖြင့် မသမုတ်သင့်ဟု ယူဆပါသည်။ မှန်ပါသည်။ ၃–ပါးအထက် တစ်ပြိုင်နက် ရွတ်ဖတ်ကံပြုရန် ဘုရားရှင်ဟောသော ''သာမုက္ကံသိက'' ကမ္မဝါစာမရှိပါ။

## သံဃာအား ကံပြုရာမရောက်

၈–ပါး, ၁၆–ပါးသော ရဟန်းတို့ကို သေနာသနဂ္ဂါဟကသမ္မုတိကံပြုရာဝယ် အသီးအသီးကံပြုရာ၌ အထူးဆိုဖွယ်ရာမလိုပါ၊ ထုံးစံကျ၍ကောင်းလှပါသည်၊ တစ်ပေါင်းတည်းကံပြုရာ၌ အပ်, မအပ်ဝေဖန်စဉ်းစားကြရာ–

> ''န ဟိ တေ တထာ သမ္မကတာ နာမ ဟောန္တိ = ထိုသို့ တစ်ပေါင်းတည်း သမုတ်သောနည်းဖြင့် သမုတ်ခံရသော ထို(၈) ယောက်, (၁၆)ယောက်သောရဟန်းတို့ကို သံဃာက ကံပြုအပ်သည် မမည်ကြပါ–''

ဟု ဝဇိရဗုဒ္ဓိဋီကာက အဖြေပေးခဲ့ပါသည်။
သာရတ္ထဒီပနီဋီကာကမူ–

''နိဂ္ဂဟကမ္မမေဝ ဟိ သံဃော သံဃဿ န ကရောတိ = နိဂ္ဂဟကံ ကိုသာလျှင် သံဃာသည် သံဃာအား မပြု ကောင်းပါ''

''သမ္မုတိဒါနကံကိုမူကား များစွာသောရဟန်းတို့အားလည်း တစ်ပေါင်းတည်း (တစ်ပြိုင်နက်) ပြုသင့်ပါသည်–''ဟု ဖြေခဲ့ပါသည်။

အကိုးအကားသာဓကေပြရာ၌ သတ္တသတိကက္ခန္ဓက၌ ဉဗ္ဗာဟိက သမ္မုတိ– ပေးရာ၌ (၈)ယောက်သောရဟန်းတို့ကို တစ်ပြိုင်နက် သမုတ်ခြင်းကို အထောက်အထား သာဓကေအဖြစ် ထောက်ပြခဲ့ပါသည်။[၁]
ဝိမတိဋီကာကလည်း–

''ကေကမ္မဝါစာယ သဗ္ဗေ ပိ ကေတော သမ္မန္နိတုံ ဝဋ္ဋတိ= တစ်ခုတည်းသော ကမ္မဝါစာဖြင့် အားလုံး(၃–ပါး, ၄–ပါး, ၈–ပါး, ၁၆ပါး)သော ရဟန်းတို့ကို တစ်ပေါင်းတည်း တစ်ပြိုင်နက် သမုတ်နိုင်သည်။

ဟူသော စကားပို၍ဆိုပါသည်။

ဤ၌ ''ကေကမ္မဝါစာယ= တစ်ခု(တစ်ကြိမ်)တည်းသော ကမ္မဝါစာ''ဟု အတိအကျဆိုပါသည်။

သို့ဆိုသော်လည်း ၃–ပါးအထက်ပို၍ ကမ္မဝါစာဖြင့် တစ်ပြိုင်နက် သမုတ်ရန်မသင့်ပါ၊ အပလောကနကံဖြင့် ပန်ကြား၍ သမုတ်သော်ကား သမုတ်သင့်ပါသည်။

## ကံချင်းမတူပါ

သေနာသနဂ္ဂါဟကသမ္မုတိကံကို ကျောင်းကြီးကျယ်လျှင် သင်္ဂဟအဋ္ဌကထာအလိုအားဖြင့် ၃–ပါး, ၄–ပါး သမုတ်ရန်ဖြစ်ပါသည်။ ကုရုန္ဒီအဋ္ဌကထာအလိုအားဖြင့် ၈–ပါး, ၁၆–ပါးအထိသမုတ်ရန်ဖြစ်ပါ သည်။ ထိုသို့ သမ္မုတိကံကို ၄–ပါး, ၈–ပါး, ၁၆–ပါးတစ်ပြိုင်နက် သမုတ်နိုင် ကံဆောင်နိုင်သည်ဟု ဆိုကာမျှဖြင့် သေနာသနဂ္ဂါဟက သမ္မုတိကံကို အတုယူကာ ဥပသမ္ပဒါကံ၌လည်း ၄–ပါး, ၈–ပါးစသော ရဟန်းလောင်းများကို တစ်ပြိုင်နက် ရဟန်းမခံကောင်းပါ၊ အကြောင်း ကား ကံချင်းမတူသောကြောင့် ဖြစ်ပါသည်။

မှန်ပါသည်။ သေနာသနဂ္ဂါဟသမ္မုတိကံကို ဉတ္တိဒုတိယကံ, အပလောကနကံတစ်မျိုးမျိုးဖြင့် ပြုနိုင်ပါသည်။ သို့ဖြစ်၍ လဟုက ကံဖြစ်ပါသည်။ ထို့ကြောင့် ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပြုရပါသည်။ ဥပသမ္ပဒကံ ကို ဉတ္တိဒုတိယကံ, အပလောကနကံ တစ်မျိုးမျိုးဖြင့်ပြု ၍ မရပါ၊ ဉတ္တိစတုတ္ထကံဖြင့်သာပြုရပါသည်။ သို့ဖြစ်၍ ဂရုက ကံဖြစ်ပါသည်။ အလွယ်တကူ ပေါ့ပေါ့တန်တန် မပြုသင့်ပါ။

## ကမ္မဝါစာချင်းမတူပါ

စူဠဝါ သတ္တသတိကက္ခန္ဓက၌ အရှင်ရေဝတသည် ဥဗ္ဗာဟိက သမ္မုတိ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ရဟန်း–၈–ပါးကို တစ်ပြိုင်နက် သမုတ်ပါသည်။ ယင်းသည့် ဥဗ္ဗာဟိကာသမ္မုတိ ဉတ္တိဒုတိယကမ္မဝါစာ၌ သမုတ်သည့်ရဟန်း ၈–ပါး၏ ဘွဲ့အမည်အသီးအသီးကို ဖေါ်မပြပါ။ ပါရာဇိကဏ်ပါဠိတော်လာ ကုဋိဝတ္ထုသြလောကနသမ္မုတိကမ္မဝါစာ၊ စူဠဝါ ပါဠိတော်သမထက္ခန္ဓက၌ ဘုရားရှင်ဟောသော ဥဗ္ဗာဟိကကမ္မ

ဝါစာတို့ကဲ့သို့ ဝါကျဒွန်ကမ္မဝါစာလည်း မဟုတ်ပါ။ ပါရာဇိကကဏ် ပါဠိတော်, စူဠဝါပါဠိတော်သမထက္ခန္ဓကာ၌ ဘုရားရှင်ဟောတော်မူသော ပဗ္ဗာဇနီယ ကမ္မဝါစာကဲ့သို့ သမာသ်ဒွန်ကမ္မဝါစာလည်း မဟုတ်ပါ။

သမုတ်သည့်ရဟန်း ၈–ပါးကို ဘွဲ့အမည် ဖော်မပြဘဲ ပါစိန တိုင်းသားရဟန်း ၄–ပါး၊ ပါဝေယျကတိုင်းသားရဟန်း ၄–ပါးဟု သချ်ာမျှဖော်ပြ ၍ ဥဗ္ဗာဟိကနည်းဖြင့် အဓိကရဏ်းငြိမ်းအေးစေရန် သမုတ်ကြောင်းကို ဖော်ပြသော ကမ္မဝါစာဖြစ်ပါသည်။

ဥပသမ္ပဒကမ္မဝါစာကိုကား ထိုကဲ့သို့ ကမ္မာရဟာဖြစ်သော ရဟန်း လောင်း၏အမည်ကိုဖော်မပြဘဲ သချ်ာမျှဖော်ပြ၍ ပြုလုပ် ဆောင်ရွက်၍မရပါ၊ ထိုသို့ရဟန်းလောင်း၏ အမည်ကိုဖော်မပြလျှင် "ဝတ္ထုအပရာမသ" အပြစ်သင့်ပါသည်။ ကံပျက်ပါသည်။

သို့ဖြစ်၍ ၂–ပါး, ၃–ပါးသော ကမ္မာရဟာ ရဟန်းလောင်းများ၏ အမည်အသီးအသီးကိုဖော်ပြ၍ ဝါကျဒွန်, သမာသ်ဒွန်တစ်မျိုးမျိုးဖြင့် ဥပသမ္ပဒကံ ဆောင်ရပါမည်။

## သမ္မုတိထိုက်မှု ကံပြုမှု

ဤနေရာ၌ သမ္မုတိ ပေးထိုက်မှုနှင့် ကံပြုမှု ကွဲပြားဖို့ လိုပါသည်။ ဥပမာ– သေနာသနဂ္ဂါဟကသမ္မုတိ ပေးထိုက်မှုနှင့် သမ္မုတိပေးမှုကို ကြည့်လျှင် သမ္မုတိပေးထိုက်မှုသည် အာဂန္တု အနည်းအများ အပေါ်မှာ တည်ပါသည်။ ဘယ်နှစ်ပါးသာ ပေးထိုက် သည်၊ ဘယ်နှစ်ပါးသာ ရွေးထိုက်သည်ဟု မူသေတွက်၍မရပါ။ အာဂန္တုရဟန်းနည်းလျှင် နည်းနည်း ပေးထိုက်သည်၊ အာဂန္တု ရဟန်းများလျှင် များများပေးထိုက်သည်၊ အာဂန္တု ရဟန်းအလိုက် ၄–ပါး, ၅–ပါး စသည်ပေးထိုက်ပါသည်။ ပေးထိုက် သည်ဆို၍ ၄–

ပါး, ၅-ပါးစသည် တစ်ပြိုင်နက် ကမ္မဝါစာဉ တ် ဖတ်၍ ပေးရမည် မဟုတ်ပါ၊ ကမ္မဝါစာဉ တ်- ဖတ်၍ ကံပြုသောအခါ 'ဒွေ တယော ကောနုဿာသဝနေ ကာတုံ' နှင့်အညီ အလွန်ဆုံး ၃-ပါးအထိသာ တစ်ပြိုင်နက်ကံပြုရပါမည်။

ပြပြီးသော အဋ္ဌကထာ, သာရတ္ထဋီကာဆရာတို့ စကားသည် သမ္မုတိပေးထိုက်သော ရဟန်းအရေအတွက်ကို ဆိုသောစကားဖြစ်ပါသည်။ သမ္မုတိကံဆောင်ရွက်ပုံကို ပြသောစကားမဟုတ်ပါ။

## နောင်လာနောက်သား ဉာဏ်ပွားစေရန်

စလင်း- မဟာဝါဂတ္ထိုဆရာတော်သည် မိမိတို့ခေတ်ရှိ ပေစာ မဟာဝါပါဠိတော်အရသာ ''ရဟန်းလောင်း ၄-ပါး, ၅-ပါး အစ ရှိသည်တို့ကို မြစ်စေခြင်းငှာ ဟောတော်မူသည်မဟုတ်'' စသည်ဖြင့် ကျယ်ဝန်းစွာ ဆိုခဲ့ရသည်။ မိမိဆန္ဒ, မိမိသဘောကျကား မဟုတ်ပါချေ၊ ကျမ်းအရိပ် အမြွက်အရသာ ဆိုခဲ့ရသည်။ နောင်လာနောက်သား စာသင်သားတို့ ဆင်ခြင်စဉ်းစား အသိဉာဏ်တိုးပွားစေခြင်းငှာသာ ဆိုခဲ့ပေသည်၊ တထစ်ချ မှတ်သားဖို့ရန် ဆိုခဲ့သည်မဟုတ်။ ထို့ကြောင့်-

> ''ဤကား ကျမ်းအရိပ်အယောင်ကို အနုမာနဉာဏ်ဖြင့် ဆ၍ နောင်လာနောက်သား တပည့်များသန္တာန် စိန္တာမယဉာဏ် ဖြစ်စေခြင်းငှာသာ ထုတ်ပြမှတ်သားအပ်သော အဆုံးအဖြတ် စကားဖြစ်သတည်း''

ဟု မိမိဆန္ဒကို ဖေါ်ပြခဲ့ပေသည်။

မဟာဝါဂဏ္ဍိုဆရာတော် သဘောကျဆုံးဖြတ်ခဲ့သော ၄–ပါး, ၅–ပါးစသော ရဟန်းလောင်းတို့ကို တစ်ပြိုင်နက် ရဟန်းခံမပေးရန် ဟူသောဆုံးဖြတ်ချက်ကို နောက်၌ပြဆိုပါမည်။

## ပဂ္ဂဟ, နိဂ္ဂဟာ ၃–ပါးသာ

သာသနာတော်၌ ကံပြုရာဝယ် ချီးမြှောက်ခြင်းအားဖြင့်ပြုသော "ပဂ္ဂဟ"ကံ၊ နှိပ်ကွပ်ခြင်းအားဖြင့်ပြုသော "နိဂ္ဂဟ" ကံဟု နှစ်မျိုးရှိ သည့်တွင် "သံဃာသည် သံဃာအားကံမပြုရ"ဟူသော (ဝိ ၄–၂၊ ၁၉၆။) အဋ္ဌကထာစကားကို ဘေဒါနုဝတ္တက ရဟန်းတို့ကိုဆုံးမသော "ဘေဒါနုဝတ္တကသမနုဘာသန" စသောကံမျိုးကို ရည်ရွယ်၍ဆိုပါသည်။ ဥပ္ပာဟိကာသမ္မုတိစသော ပဂ္ဂဟာကံကိုရည်ရွယ်၍ ဆိုသည်မဟုတ်ဟု သာရတ္ထ, ဝိမတိဋီကာတို့က ဆိုခဲ့ကြသည်။ (နောက်ကပြပြီး။)

ဤဋီကာတို့ စကားအရိပ်အမြွက်ကို ထောက်ထား၍–

> ဥပသမ္ပဒကံဟူသည် နိဂ္ဂဟာကံမဟုတ်၊ ပဂ္ဂဟာကံဖြစ်သတည်း။
> ပဂ္ဂဟာကံကို၄–ပါး, ၅–ပါးအစရှိသော ရဟန်းတို့အားလည်း
> ကံပြုကောင်းလေသတည်း–

ဟု စလင်းမဟာဝါဂဏ္ဍိ၌ မိန့်ဆိုခဲ့သည်။

ပါဠိတော်အဋ္ဌကထာတို့ အလိုအားဖြင့် ပဂ္ဂဟာကံပင်ဖြစ်စေ၊ နိဂ္ဂဟာကံပင်ဖြစ်စေ ၃–ပါးအထိသာ တစ်ပြိုင်နက် ကံပြုစေလိုသည်။

ပဂ္ဂဟာကံအနေအားဖြင့် ဤဥပသမ္ပဒါကံကို စံနမူနာထား၍ "ဒွေ တယော ကောနုဿာဝနေ ကာတုံ"ဟု ဟောတော်မူပါသည်။ ဥပသမ္ပဒကံစသော ပဂ္ဂဟာကံအားလုံး၌ ၃–ပါးအထိသာ တစ်ပြိုင်နက်

ကံပြုရပါ မည်။ ၄–ပါး, ၅–ပါးစသည် တစ်ပြိုင်နက်ကံမပြုရ။

နိဂ္ဂဟကံအနေအားဖြင့် ဘေဒါနုဝတ္တကသမနုဘာသနကံကို စံနမူနာထား၍ 'ဧကော ဝါ ဒွေ ဝါ တယော ဝါ'ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။ ဘေဒါနုဝတ္တကသမနုဘာသန စသော နိဂ္ဂဟကံအားလုံး၌ ၃–ပါးအလွန်ဆုံးသာ တစ်ပြိုင်နက် ကံပြုရမည်။ ၄–ပါး, ၅–ပါး စသည်ကို တစ်ပြိုင်နက် ကံမပြုကောင်း၊ ဤသည်မှာ ပါဠိတော်အလိုဖြစ်ပါသည်။

အဋ္ဌကထာအနေအားဖြင့်ဆိုလျှင် အန္ဓကအဋ္ဌကထာ, သမန္တပါသာဒိကအဋ္ဌကထာ။ ဂဏ္ဌိအနေအားဖြင့် ပေါရာဏဂဏ္ဌိပုဒ်။ ဋီကာ အနေအားဖြင့် ဝဇိရဗုဒ္ဓိဋီကာ။ အာစရိယဝါဒအားဖြင့် ဝဇိရဗုဒ္ဓိ ဋီကာဆရာ၏ ဆရာ(အရှင်အာနန္ဒာ)တို့ကလည်း–

''တိဏ္ဏံ ဥဒ္ဓံ ကမ္မာရဟာ န ဟောန္တိ''။ (ဝိ ၅–၂။ ၁၉၆။)

''တိဏ္ဏံ ဥဒ္ဓံ န ကေနစိ အာကာရေန ကေတော ဝဋ္ဋတိ''

(ဝဇိရ–၄၄၁။)

''တတော ဥဒ္ဓံ န ဝဋ္ဋတိ–'' (ဝဇိရ–၄၄၁။)

ဟုအသီးအသီး မိန့်ဆိုကြပါသည်။

သုံးပါးအထက်ဆိုလျှင် မည်သည့်နည်းနှင့်မျှ တစ်ပြိုင်နက် ကံမပြုရ၊ ကံမပြုကောင်းဟူ၍ ဖြစ်ပါသည်။

## ကောနသဿာဝန ပဓာန

ရဟန်းလောင်း ၄–ပါး, ၅–ပါးအထက် တစ်ပြိုင်နက် ရဟန်းခံ ကောင်း, မခံကောင်း၊ ယခုအမေး၌ ရဟန်းလောင်း ၁၀–ပါး တစ်ပြိုင် နက် ရဟန်းခံကောင်း, မခံကောင်းဟူသော ပြဿနာပေါ်လာ

ရခြင်းသည် ''ကောနုသာဝန''ပုဒ်အပေါ် အမြင်တစ်မျိုးမြင်ကြသော ကြောင့် ဖြစ်ပါသည်။

''ကောနုသာဝနေ''ကို ကေတော အနုသာဝနေ''ဟု အဋ္ဌကထာဖွင့်ပြသည်။ ကေတော အနုသာဝနေ''ကို ကေတော အနုသာဝနံ တေသန္တိ ကောနုသာဝနာ''ဟု အသမာနာဓိကရဏဝိဘတ္တိ အလောပ ဗဟုဗ္ဗိ သမာသ်ပြုရမည်ဖြစ်ကြောင်းကို သာရတ္ထ၊ ဝိမတိဋီကာ ယောဇနာတို့ ဖွင့်ဆိုကြပါသည်။

ပါဠိတော် 'ကောနုသာဝန'၌ ဝိဘတ်ကျေသော ဗဟုဗ္ဗိဟိသမာသ်၊ အဋ္ဌကထာ'ကေတော အနုသာဝနေ'၌ တော–ပစ္စည်းဟူသော ဝိဘတ်မကျေသော ဗဟုဗ္ဗိဟိသမာသ်ဟု ဆိုရပါမည်။

''ကေတော''ကို အဋ္ဌကထာ၌ ''ကေက္ခဏေ'' ဟူ၍လည်း ကောင်း၊ ''ကေပ္ပဟာရေန'' ဟူ၍လည်းကောင်းဖွင့်သည်။ သာရတ္ထ၌ ကေက္ခဏေ ဟု ဖွင့်သည်။ ဝိမတိ၌ သဟောဝ, ကေသွိ ခဏေ' ဟု ဖွင့်သည်။ အတူတကွ၊ တစ်ခဏတည်း၊ တစ်ပေါင်းတည်း၊ တစ်ပြိုင်နက်တစ်ချက်တည်းဟု အဓိပ္ပါယ်ရသည်။ အဓိပ္ပာယ်တူ သဘောတူချည်း ဖြစ်ပါသည်။

## အာဘော်မိလှ ကေ–အဖွင့်

''ကောနုသာဝနေ''၌ 'ကေ'ကို 'ကေတော'ဟု ဖွင့်ခြင်းသည် ဘုရားရှင်၏ အာဘော်မိလှပါသည်။

မှန်ပေသည်၊ မဟာကဿပဝတ္ထု၌ ရဟန်းလောင်း ၂–ပါးမှာ ''ငါအရင်ရဟန်းခံမည်၊ ငါအရင်ရဟန်းခံမည်''ဟု ပြဿနာပေါ်ခဲ့၏။ နောက်တစ်ခါ သမ္ဗဟုလထေရဝတ္ထု၌ များစွာသော ရဟန်းလောင်း

တို့မှာ 'ငါအရင်ရဟန်းခံမည်၊ ငါအရင်ရဟန်းခံမည်'ဟု အရင် ရဟန်းခံ ရဖို့ အတွက် ပြဿနာတက်ခဲ့၏။

ဘာကြောင့် အရင်ရဟန်းခံချင်ကြရသလဲ၊ အရင်ရဟန်းခံသူက ဆွမ်းခံလျှင်အရင်သွားရမည်၊ အရိုအသေပြုခံရမည် စသည်တို့ကြောင့် အရင် ရဟန်းခံလိုကြသည်။ တစ်ပါးပါးကို အရင်ရဟန်းခံပေးလျှင် ဒီပြဿနာမပြေနိုင်၊ အတတ်နိုင်ဆုံးဖြစ်နိုင်သမျှ လိုက်လျောနိုင်ဆုံး လိုက်လျောပြီး တစ်ပြိုင်နက် ရဟန်းခံပေးမှ ပြဿနာပြေပေမည်၊ ဖြစ်နိုင် ပါက ရဟန်းလောင်းအားလုံးကို တစ်ပြိုင်နက် ရဟန်းခံပေး လျှင် အပြေလည်ဆုံးဖြစ်ပေမည်။ ရဟန်းလောင်းအားလုံးရှိသမျှ တစ်ပြိုင်နက် ရဟန်းခံ ပေးလျှင် ပြဿနာပြေလည်မည်ဟု သိတော်မူသော်လည်း ၃-ပါး အထက် တစ်ပြိုင်နက် ကံမဆောင်ကောင်းသော ကြောင့် အတတ်နိုင်ဆုံး လိုက်လျောသည့် အနေအားဖြင့် "ဒွေ တယော ကောနုဿာဝနေ ကာတုံ"ဟု မြတ်စွာဘုရားဟောကြားတော်မူပါသည်။ သို့အတွက် 'ကေတော'ဟု ဖွင့်ခြင်းသည် ဘုရားရှင်၏ အာဘော် မိလှပါပေသည်။

## တစ်ပြိုင်နက် ကမ္ဗဝါစာဖတ်နည်း

'ဒွေ တယော ကောနုဿာဝနေ ကာတုံ' အရ ရဟန်းလောင်း ၂-ပါး, ၃-ပါးကို တစ်ပြိုင်နက် ကမ္ဗဝါစာဖတ်၍ ရဟန်းခံပေးခြင်းသည် ဘုရားရှင်၏ အာဘော်နှင့်ညီသည်ဟု ဆိုခဲ့ပြီ၊ အဘယ်သို့ တစ်ပြိုင်နက် ဖတ်မည်နည်း။

၁။ ကမ္ဗဝါစာဆရာ ၁-ပါးတည်းက ရဟန်းလောင်း ၂-ပါး, ၃-ပါးကို ဒွန်တွဲလျက် တစ်ပြိုင်နက် ကမ္ဗဝါစာဖတ်၍ ရဟန်း ခံပေးခြင်း။

၂။ (က) ကမ္မဝါစာဆရာ ၂-ပါးက ရဟန်းလောင်း ၂-ပါးကို ၁-ပါးစီ ကိုယ့်ရဟန်းလောင်းကိုယ်, တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံခြင်း။

(ခ) ကမ္မဝါစာဆရာ ၃-ပါးက ရဟန်းလောင်း ၃-ပါးကို ၁-ပါးစီ ကိုယ့်ရဟန်းလောင်းကိုယ် တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံခြင်းဟု-

နှစ်မျိုး သုံးမျိုးရှိနိုင်သည်။ ထိုနှစ်မျိုး သုံးမျိုးတွင် အဘယ်နည်းဖြင့်ဖတ်မှ ဘုရားရှင် အာဘော်ကျမည်နည်း။

အဖြေကား- နံပါတ်(၁)နည်းဖြင့် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးမှ ဘုရားရှင်အာဘော်ကျပါမည်ဟု ဖြေပါမည်။

## ၁-ပါးတည်းဖတ်မှ ဘုရားနည်းကျ

ကမ္မဝါစာဖတ်ရာ၌ ဘုရားရှင်လက်ထက် ကမ္မဝါစာ စတင်ခွင့်ပြု ပညတ်တော်မူချိန်မှစ၍ ဗျတ္တ, ပဋိဗလ ဖြစ်သော ရဟန်း ၁-ပါးတည်း ကသာ ကမ္မဝါစာဖတ်ရမည်ဖြစ်ကြောင်းကို-

''ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော''[၁] ဟု ပါရာဇိကဏ်, ပါစိတ်, မဟာဝါ, စူဠဝါပါဠိတော်တို့၌ ဟောတော်မူပါသည်။ ရဟန်းလောင်း ၂-ပါး ရဟန်းလောင်းအများပေါ်ပေါက်၍ ပြဿနာတက်သည့်အတွက် ''ဒွေ ဧကာနုဿာဝနေ''၊ ဒွေ တယော ဧကာနုဿာဝနေ'ဟု ဟောတော်မူပြီးနောက်မှ နောက်ဆုံးဟောသည့် ကမ္မဝါစာ မှာပင်လျှင် ''ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန''ဟု ဟောတော်မူပါသည်။''ဗျတ္တေဟိ ဘိက္ခူဟိ ပဋိဗလေဟိ''ဟု မည်သည့်

---

၁။ ဝိ ၁၊ ၂၂၄-၅။ ဝိ ၂၊ ၅၂၊ ၁၅၈။ ဝိ ၃၊ ၅၁၊ ၅၂၊ ၉၉။ ဝိ ၄၊ ၃၊ ၁၂။

ပါဠိတော်၌မူ ဟောတော်မမူပါ။ ဘိက္ခုနီ ကံနှင့်ပတ်သက်၍လည်း "ဗျတ္တာယ ဘိက္ခုနိယာ ပဋိဗလာယ"၂ ဟု ဟောတော်မူပါသည်။

## မဟာကဿပ ဝတ္ထု

မဟာကဿပထေရ်ဝတ္ထု၌ အရှင်မဟာကဿပ မှာ ရဟန်း လောင်း ၂–ပါးပေါ်ပေါက်ရာ အရှင်ရဟန်းခံမှု လုနေကြသဖြင့် ပြဿနာ တက်၍ 'ဒွေ ကောနုဿာဝနေ'ဟု ဟောတော်မူသည်။ ဖြေပေးတော်မူ သည်။ ကမ္မဝါစာဆရာအတွက် ပြဿနာမတက်၊ ၁– ပါးတည်းသာ ကမ္မဝါစာဖတ်ရမည်ဟု သိပြီး၊ လက်ခံပြီးဖြစ်၏။

သို့အတွက် ကမ္မဝါစာဆရာဘက်၌လည်း ပြဿနာမတက်ပါ၊ ဉပဇ္ဈာယ်ဆရာဘက်၌လည်း အရှင်မဟာကဿပဟူသော ဉပဇ္ဈာယ် ၁–ပါးရှိ၏။ ရှေးကလည်း ဉပဇ္ဈာယ် ၁–ပါးတည်းဖြင့် ရဟန်းခံခဲ့၏။ ဉပဇ္ဈာယ်ဆရာအတွက် ပြဿနာမတက်၊ ယခင်ကဆောင်ရွက်နေကျ အတိုင်း ဉပဇ္ဈာယ် ၁–ပါးဖြင့် ဆောင်ရွက်ရန်ဖြစ်၏။

ရဟန်းလောင်းမှာ ယခင်က ၁–ပါးတည်းကိုသာ ကမ္မဝါစာ ဖတ်၍ ရဟန်းခံပေးခဲ့၏။ ယခုမူ ရဟန်းလောင်း ၂–ပါးဖြစ်နေ၏။ မည်သူ့ကို အရှင်ရဟန်းခံပေးရမည်နည်း။ ၁–ပါးပါးကို အရှင်ရဟန်းခံ ပေးရမည်လော၊ သို့မဟုတ် ရဟန်းလောင်း ၂–ပါးလုံး တစ်ပြိုင်နက် ရဟန်းခံပေးရမည် လော၊ ၂–ပါးလုံး တစ်ပြိုင်နက် ရဟန်းခံခြင်း အစဉ်အလာမရှိဖူးသေး၊ သို့အတွက် အခက်ကြုံနေ၏၊ ဘုရားရှင်အား လျှောက်ထားရ၏။

---

၂။ ဝိ ၂၊ ၂၈၃။ ၃၀၅။ ၃၀၈။ ၃၁၅။ ၃၃၁။

ဘုရားရှင်သည် ပြဿနာတက်သော အချက်ကိုသာ ကွက်ကွက်ကွင်းကွင်း ဖြေရှင်းတော်မူ၏။ ဒွေ ကောနုဿာဝနေ ကာတုံ= ရဟန်း လောင်း ၂–ပါးတို့ကို တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံပေးရန် ခွင့်ပြုတော်မူသည်''ဟူ၍ဖြစ်၏။ ရဟန်းလောင်း ၂–ပါးကို တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံပေးရမည်ဟူ၍ ဖြေကြား တော်မူပါသည်။

သို့ဖြစ်၍ ကမ္မဝါစာဆရာ ၁–ပါးတည်းကသာ ကမ္မဝါစာ ဖတ်ခြင်း သည် ဘုရားရှင်အလိုတော်ကျသော နည်းဖြစ်သည်ဟု ဆိုရပါသည်။

## သမ္ဗဟုလထေရဝတ္ထု

သမ္ဗဟုလ ထေရဝတ္ထု၌လည်း ကမ္မဝါစာဆရာဘက်က ပြဿနာမတက်ပါ၊ ရှေးယခင် ဖတ်နေကျအတိုင်း ၁–ပါးတည်းကသာ ဖတ်ရန်ဖြစ်ပါသည်။ ပြဿနာတက်သည်ကား ရဟန်းလောင်းနှင့် ဥပဇ္ဈာယ်ဆရာဖြစ်ပါသည်။ ရဟန်းလောင်းက ၃–ပါးမက များစွာ ဖြစ်နေ၏။ ဥပဇ္ဈာယ်ဆရာကလည်း ၃–ပါးမက များစွာဖြစ်နေ၏။ မဟာကဿပ ဝတ္ထု၌ ရဟန်းလောင်း ၂–ပါးကို တစ်ပြိုင်နက် ရဟန်းခံ ပေးရန် မြွတ်စွာဘုရားမိန့်ကြား၏၊ ယခု သမ္ဗဟုလထေရဝတ္ထု၌ ရဟန်းလောင်းက များစွာဖြစ်နေသည်။ မဟာကဿပဝတ္ထု၌ကဲ့သို့ ပင် ၂–ပါးကိုသာ တစ်ပြိုင်နက် ရဟန်းခံပေးရမည်လော၊ သို့မဟုတ် ၃–ပါး၊ ၄–ပါး စသည် တစ်ပြိုင်နက် ရဟန်းခံပေးနိုင်သလော။

မဟာကဿပဝတ္ထု၌ အရှင်မဟာကဿပ ၁–ပါးတည်းသာ ဥပဇ္ဈာယ် ပြုလုပ်ခဲ့၏။ ယခု သမ္ဗဟုလထေရဝတ္ထု၌ ဥပဇ္ဈာယ်များစွာ ဖြစ်လာ၏။

ဥပဇ္ဈာယ်ဘက်နှစ်ပါး၏ ရဟန်းလောင်းဘယ်နှစ်ပါးကို တစ်ပြိုင်နက် ရဟန်းခံပေးရမည်နည်း။

ရဟန်းလောင်းများစွာ ပြဿနာကို 'ဒွေ တယော'ဟု ဖြေရှင်းတော်မူ၏။ အလွန်ဆုံး ၃-ပါးအထိသာ တစ်ပြိုင်နက် ရဟန်းခံပေးမည်ဟု ဟောတော်မူလို၏။ ဥပဇ္ဈာယ်ဆရာများစွာ ရှိနေမှုပြဿနာကို ''ဧကေန ဥပဇ္ဈာယေန''ဟု ဖြေရှင်းတော်မူ၏။ ဥပဇ္ဈာယ်ဆရာ ၁-ပါးတည်းဖြင့် ရဟန်းခံပေးရမည်ဟု ဟောတော်မူ၏။

ဟိုနည်း ဒီနည်း တစ်နည်းနည်းဖြင့် ဥပဇ္ဈာယ်ဆရာ ၂-ပါး, ၃-ပါး၏ ရဟန်းလောင်း ၂-ပါး, ၃-ပါးစသည်ကို ကမ္မဝါစာဆရာလိုသောကြောင့် 'နတွေဝ နာနုပဇ္ဈာယေန'ဟု ဟောတော်မူပါသည်။ ဥပဇ္ဈာယ်အသီးသီးဖြင့် ရဟန်းခံမပေးရ၊ များစွာသော ဥပဇ္ဈာယ်ဆရာဖြင့် ရဟန်းခံမပေးရ။

ဥပဇ္ဈာယ်အသီးအသီး၏ ရဟန်းလောင်းအသီးသီးကို ရဟန်းခံမပေးရဟု ဟောတော်မူလိုပါသည်။

## ၂-ပါးအင်္ဂါ ဤနေရာ

ရဟန်းလောင်း ၂-ပါး, ၃-ပါး တစ်ပြိုင်နက် ရဟန်းခံမှုကို ခွင့်ပြုသော-

> 'ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန
> ဥပဇ္ဈာယေန၊ နတွေဝ နာနုပဇ္ဈာယေန-'

ဟူသော ဘုရားရှင်စကားတော်၌-

၁။ ဒွေ တယော= ရဟန်းလောင်း ၂-ပါး, ၃-ပါး အထိသာ ရှိရခြင်း။

၂။ ဧကေန ဥပဇ္ဈာယေန= ဥပဇ္ဈာယ်ဆရာ ၁–ပါးသာဖြစ်ရခြင်း။
နတွေ၀ နာနုပဇ္ဈာယေန= ဥပဇ္ဈာယ်ဆရာ အသီးအသီးမဖြစ်ရခြင်း၊ ဥပဇ္ဈာယ်ဆရာ ၂–ပါး, ၃–ပါး စသည် မဖြစ်ရခြင်း–

အားဖြင့် အင်္ဂါ ၂–ပါးရှိသည်။

ဤအင်္ဂါ ၂–ပါးနှင့် ညီညွတ်မှ တစ်ပြိုင်နက် ရဟန်းခံပေးရပါမည်။ အင်္ဂါ ၁–ပါးပါးချို့တဲ့နေလျှင် တစ်ပြိုင်နက် ရဟန်းမခံရဟုသိစေလိုပါသည်။

## ရဟန်းလောင်း ၂–ပါး ကမ္မဝါစာဆရာ ၂–ပါး

ရဟန်းလောင်း ၂–ပါးကို တစ်ပြိုင်နက် ရဟန်းခံမှုနှင့် ပတ်သက် ၍ အဋ္ဌကထာ 'ဒွေ ကောနုဿာဝနေတိ ဒွေ ကေတော အနုဿာဝနေ' ဟု ရှေးဦးအစ မူလအနေဖြင့် ဖွင့်ပြ၏။ ရဟန်းလောင်း ၂–ပါးကို တစ်ပြိုင်နက် ရဟန်းခံပေးရန်ဖြစ်သည်။

ယင်း မူလဝါကျကို ထပ်ဆင့်၍–'

''ဧကေန ဧကဿ, အညေန ဣတရဿာတိ ဧဝံ ဒွီဟိ ဝါ အာစရိယေဟိ ဧကေက္ခဿ ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပါ ဒေတုံ အနုဇာနာမီတိ အတ္ထော–''

ဟုဖွင့်ဆိုပြန်ပါသည်။

အဓိပ္ပာယ်မှာ– ကမ္မဝါစာဆရာ ၁–ပါးသည် ရဟန်းလောင်း ၁–ပါး အား၊ အခြားကမ္မဝါစာဆရာ ၁–ပါးသည် အခြားရဟန်းလောင်း ၁–ပါးအား ဤသို့သောနည်းဖြင့် ၂–ပါးသော ကမ္မဝါစာ ဆရာတို့သည် ရဟန်းလောင်း ၂–ပါးတို့ကို တစ်ပြိုင်နက်သော

ခဏာ၌ ကမ္မဝါစာကို အဖန်ဖန်ကြားသိ (ရွတ်ဖတ်)စေကုန်လျက် ရဟန်းခံပေးခြင်းငှာ ခွင့်ပြုတော်မူသည်။ ဤကား အနက်တည်း ဟူ၍ဖြစ်သည်။

ဤ 'ဒွေ ကောနုဿာဝနေ ကာတုံ'ဟူသော ပါဠိတော်၌ ပါဠိတော်စကား ဝတ္တုသွားအရ ကမ္မဝါစာဆရာ ၁-ပါးတည်းက (အရှင်မဟာကဿပ ဟူသော) ဥပဇ္ဈာယ်ဆရာ ၁-ပါးတည်း၏ ရဟန်းလောင်း ၂-ပါးတို့ကို တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးရန်ဖြစ်ပါ သည်။

'ဧကေန ဧကဿ, အညေန ဣတရဿ' စသည်ဖြင့် ထပ်ဆင့် ဖွင့်ပြသောစကားအရ ကမ္မဝါစာဆရာ ၁-ပါးက ဥပဇ္ဈာယ်ဆရာ ၁-ပါး၏ ရဟန်းလောင်း ၁-ပါးကိုလည်းကောင်း, အခြား ကမ္မဝါစာဆရာ ၁-ပါးက အခြားဥပဇ္ဈာယ်ဆရာ ၁-ပါး၏ ရဟန်းလောင်း ၁-ပါးကိုလည်းကောင်း ဟတ္ထပါသ်စပ်လျက် တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေး ရန်ဖြစ်ပါသည်။

ဤထပ်ဆင့်ဖွင့်ပြသောနည်း၌ တစ်သိမ်တည်း ဟတ္ထပါသ်စပ်သော သံဃာ့ပရိသတ်ဝယ် ကံ ၂-ခု တစ်ပြိုင်နက် ဆောင်သလိုဖြစ်ပါသည်။ သို့အတွက် ပြုလုပ်ဆောင်ရွက်ရန် သင့်၊ မသင့် ချင့်ချိန် နှိုင်းဆသင့်ပါသည်။ မှန်ပါသည်၊ ထိုနည်းမျိုး ပါဠိတော်၌ မလာမရှိပါ။

## ရဟန်းလောင်း ၃-ပါး၊ ကမ္မဝါစာဆရာ ၃-ပါး

ရဟန်းလောင်း ၃-ပါးကို တစ်ပြိုင်နက် ရဟန်းခံမှုနှင့် ပတ်သက်၍ အဋ္ဌကထာ၌-

''ဒွေ တယော ကောနုဿာဝနေ ကာတုံ တဥ္စ ခေါ ဧကေန

ဥပဇ္ဈာယေနာတိ ဒွေ ဝါ တယော ဝါ ဇနေ ပုရိမနယေနေဝ
ကေတော အနုဿာဝနေ ကာတုံ အနုဇာနာမိ၊ တဥ္စ ခေါ
အနုဿာဝနကိရိယံ ဧကေန ဥပဇ္ဈာယေနာတိ အတ္ထော–''

ဟူ၍ ရှေးဦးအစ မူလအနေဖြင့်ဖွင့်ပြ၏။

အဓိပ္ပာယ်မှာ– ရဟန်းလောင်း ၂–ပါး, ၃–ပါးကို တစ်ပြိုင်နက် ရဟန်းခံပေးခြင်းငှာ ခွင့်ပြုတော်မူ၏။ ထိုသို့ ရဟန်းလောင်း ၂–ပါး, ၃–ပါးကို တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံမှု ပြုခြင်းကိုလည်း ဥပဇ္ဈာယ် ၁–ပါးတည်းဖြင့် ခွင့်ပြုတော်မူ၏။ ဤကား(ပါဠိတော်) အနက်တည်းဟူ၍ဖြစ် သည်။

## ထပ်ဆင့်ဖွင့်ပြ

၁။ 'ဧကေန အာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာဝေ–တဗ္ဗာ ဟု နံပါတ်(၁)အနေအားဖြင့် ဖွင့်ပြ၏။ ကမ္မဝါစာဆရာ ၁–ပါးတည်းက ရဟန်းလောင်း ၂–ပါး, ၃–ပါးကို တစ်ပြိုင်နက် ကမ္မဝါစာ ဖတ်ရမည် ဟူ၍ အဓိပ္ပာယ်ရ၏။ ပါဠိတော်လာနည်းအရ ဆောင်ရွက် ခြင်း ဖြစ်ပါသည်။

၂။ 'ဒွိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန
ကေဿာတိ ဧဝံ ကေပ္ပဟာရေနေဝ ဒွေ တိဿော ဝါ
ကမ္မဝါစာ ကာတဗ္ဗာ–''

ဟု နံပါတ်(၂)အနေအားဖြင့် ဖွင့်ပြ၏။ ကမ္မဝါစာဆရာ ၂–ပါးက ရဟန်းလောင်း ၂–ပါးကို အသီးသီး ကိုယ့်ရဟန်းလောင်းနှင့် ကိုယ် တစ်ပြိုင်နက် ကမ္မဝါစာ ၂–စောင်ဖတ်၍ ရဟန်းခံပေးရမည်။

ကမ္မဝါစာဆရာ ၃–ပါးက ရဟန်းလောင်း ၃–ပါးကို အသီးသီး ကိုယ့်ရဟန်းလောင်းနှင့်ကိုယ် တစ်ပြိုင်နက် ကမ္မဝါစာ ၃–စောင်ဖတ်၍ ရဟန်းခံပေးရမည်။ ဤသို့ တစ်ပြိုင်နက်တည်းဖြင့်ပင် ကမ္မဝါစာ ၂–ခု၊ ၃–ခုတို့ကိုဖတ်ရမည်၊ ဟူ၍အဓိပ္ပာယ်ရ၏။ ဥပဇ္ဈာယ်ဆရာကို အထူး မပြ ၁–ပါးတည်းဟု အဓိပ္ပာယ်ရ၏။

၃။ 'သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ၊ တိဿတ္ထေရော၊ သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ၊ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဥ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ–''

ဟု နံပါတ်(၃)အနေအားဖြင့် ဖွင့်ပြ၏။

အကယ်၍ ကမ္မဝါစာဆရာ အသီးသီး ဥပဇ္ဈာယ်ဆရာ အသီးသီးဖြစ်နေမည်ဆိုလျှင် တိဿထေရ်သည် သုမနထေရ်၏ သဒ္ဓိဝိဟာရိက ရဟန်းလောင်းကို ကမ္မဝါစာဖတ်၏၊ သုမနထေရ်သည် တိဿထေရ်၏ သဒ္ဓိဝိဟာရိကရဟန်းလောင်းကို ကမ္မဝါစာဖတ်၏။ ဤသို့ ကမ္မဝါစာဖတ်လျှင် အချင်းချင်းလည်း ဂိုဏ်းပြည့်ဖြစ်နိုင်သောကြောင့် အပ်သည်ဟူ၍ အဓိပ္ပာယ်ရ၏။

၄။ 'သစေ ပန နာနာ ဥပဇ္ဈာယာ ဟောန္တိ၊ ဧကော အာစရိယော ဟောတိ၊ နတွေဝ နာနုပဇ္ဈာယေနာတိ ပဋိက္ခိတ္တတ္တာ နဝဋ္ဋတိ'

ဟု နံပါတ်(၄) အနေအားဖြင့် ဖွင့်ပြ၏။

ဥပဇ္ဈာယ်ဆရာက အသီးအသီး အများကြီးဖြစ်နေ၍ ကမ္မဝါစာဆရာက ၁–ပါးတည်းဖြစ်နေလျှင် ''နတွေဝ နာနုပဇ္ဈာယေန= ဥပဇ္ဈာယ် ဆရာအသီးသီး ဥပဇ္ဈာယ်ဆရာ အများကြီးဖြစ်နေလျှင်

ခွင့်မပြု''ဟု တားမြစ်ထားသောကြောင့် မအပ်ဟူ၍အဓိပ္ပာယ်ရ၏။

၅။ 'ဣဒံ သန္ဓာယ ဟိ သေ ပဋိက္ခေပေါ-'

ဟု နံပါတ်(၄)အဖွင့်ကို ထပ်ဆင့် ထောက်ခံသောအားဖြင့် ဖွင့်ပြ၏။

**အဓိပ္ပာယ်မှာ–** ကမ္မဝါစာဆရာ ၁–ပါးတည်းက ဥပဇ္ဈာယ်ဆရာအသီးအသီး၏ ရဟန်းလောင်းအသီးအသီးကို၊ ဥပမာ– ဥပဇ္ဈာယ်ဆရာ ၂–ပါး၏ ရဟန်းလောင်း ၂–ပါးကိုဖြစ်စေ၊ ဥပဇ္ဈာယ်ဆရာ ၃–ပါး၏ ရဟန်း လောင်း ၃–ပါးကိုဖြစ်စေ တစ်ခဏတည်း၌ ကမ္မဝါစာ (၁)ခုတည်းဖြင့် တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံပေးမှုဟူသော ဤဆောင်ရွက် ချက်ကိုရည်ရွယ်၍ ''နတွေဝ နာနုပဇ္ဈာယေန= ဥပဇ္ဈာယ်ဆရာအသီး အသီးဖြင့် ရဟန်းခံပေးမှု မပြုကောင်းဟု ပယ်မြစ်ခြင်းဖြစ်ပါသည်'' ဟူ၍ဖြစ်၏။

## ဥပဇ္ဈာယ်အသီးသီးပယ်မြစ်ပြီး

ဤ ရဟန်းလောင်း ၂–ပါး၊ ၃–ပါးကို တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးမှုနှင့်ပတ်သက်၍ အဋ္ဌကထာ၌(၄)နည်းဖွင့်ပြ၏။

၁။ ကမ္မဝါစာဆရာ ၁–ပါးတည်းက ဥပဇ္ဈာယ်ဆရာ ၁–ပါးတည်း၏ ရဟန်းလောင်း ၂–ပါး၊ ၃–ပါးကို တစ်ချိန်တည်း၌ ကမ္မဝါစာ(၁)ခု တည်းဖြင့် တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံပေးခြင်း။

၂။ ကမ္မဝါစာဆရာ ၂–ပါး၊ ၃–ပါးက ဥပဇ္ဈာယ်ဆရာ ၁–ပါးတည်း၏ ရဟန်းလောင်း ၂–ပါး၊ ၃–ပါးကို ကိုယ့် ရဟန်းလောင်းနှင့်ကိုယ် အသီးအသီး တစ်ချိန်တည်း၌ ကမ္မဝါစာ(၁)ခု

တည်းဖြင့် တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံပေးခြင်း။

၃။ ကမ္မဝါစာဆရာ ၂-ပါး၊ ၃-ပါးက ဥပဇ္ဈာယ်ဆရာ ၂-ပါး၊ ၃-ပါး၏ ရဟန်းလောင်း ၂-ပါး၊ ၃-ပါးကို ကိုယ့်ဥပဇ္ဈာယ် ကိုယ့်ရဟန်းလောင်းနှင့်ကိုယ် အသီးအသီးတစ်ချိန်တည်း၌ ကမ္မဝါစာ (၂)ဆိုင်း၊ (၃)ဆိုင်း(၂-စောင်၊ ၃-စောင်)ဖြင့် တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံပေးခြင်း။

၄။ ကမ္မဝါစာဆရာ ၁-ပါးတည်းက ဥပဇ္ဈာယ်ဆရာ ၂-ပါး၊ ၃-ပါး၏ ရဟန်းလောင်း ၂-ပါး၊ ၃-ပါးကို တစ်ချိန်တည်း၌ ကမ္မဝါစာ(၁)ခုတည်းဖြင့် တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံ ပေးခြင်းဟု (၄)နည်းရှိရာ-

နံပါတ်(၄)နည်းကို 'နတွေဝ နာနုပဇ္ဈာယေန'ဟု မြတ်စွာဘုရားပယ် မြစ်တော်မူသောကြောင့် မအပ်ဟု အဋ္ဌကထာ၌ မိန့်ဆိုသည်။ အမှန်စင်စစ် နံပါတ်(၂)၊ နံပါတ်(၃)ဖြစ်သော နည်းများလည်း အလား တူပင်ဖြစ်ပါသည်။ အဘယ်ကြောင့်နည်း- (၂)နံပါတ်နည်းဖြစ်သော ကမ္မဝါစာဆရာ ၂-ပါး၊ ၃-ပါးက ရဟန်းလောင်း ၂-ပါး၊ ၃-ပါးကို အသီးအသီးကိုယ့် ရဟန်းလောင်းနှင့်ကိုယ် တစ်ပြိုင်နက် ကမ္မဝါစာ ဖတ်ရသောနည်းသည် ပါဠိတော်၌မလာပါ။ ပါဠိတော်၌-

ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန = ဗျတ္တ ပဋိဗလ ရဟန်း ၁-ပါးက ကမ္မဝါစာဖတ်ရမည်-''

ဟု ဟောတော်မူပါသည်။ ဤနည်း၌ ကမ္မဝါစာဆရာ ၂-ပါး၊ ၃-ပါးက ကမ္မဝါစာဖတ်ရမည်ဖြစ်သည်။

ထိုမျှမက ၂-ပါး၊ ၃-ပါး တစ်ပြိုင်နက် ကမ္မဝါစာဖတ်လျှင် ၁-ပါးက ''သုဏာတု မေ ဘန္တေ သံဃော= သံဃာသည်

တပည့်တော် စကားကို နားထောင်ပါ''ဟု တိုက်တွန်းပြောဆို၏။ အခြားရဟန်း, အခြားရဟန်းကလည်း ''သုဏာတု မေ ဘန္တေ သံဃော = သံဃာတော်သည် တပည့်စကားကို နားထောင်ပါ''ဟု အသီးအသီး ဆိုနေပြန်၏။ မည်သည့်ရဟန်း၏စကားကို နားထောင်မည်နည်း၊ မည်သည့်ရဟန်း ၏စကားကိုမျှ နားထောင်လို့မဖြစ်၊ မည်သည့် ကမ္မဝါစာကိုမျှ ကွဲကွဲပြားပြား နားမထောင်နိုင်။

သည်မျှသာမက ကမ္မဝါစာဖတ်သော ရဟန်း ၁-ပါးသည် အခြားကမ္မဝါစာဖတ်သော ရဟန်း၏စကားကိုလည်း နားထောင် ရဦးမည်၊ မိမိကမ္မဝါစာကိုလည်း ဌာန်, ကရိုဏ်းကျနပီသဖို့ရန်လည်း ဂရုစိုက်သတိထားရဦးမည်၊ မည်သို့မျှ နားမထောင်နိုင်, ဂရုမစိုက် နိုင်သဖြင့် တစ်ပြိုင်နက် မဖြစ်နိုင်ပါ။

တစ်ဖန် ကမ္မဝါစာဆရာ ၂-ပါး၊ ၃-ပါး တစ်ပြိုင်နက်ဖတ်ရာ၌ 'သုဏာတု မေ' အစချီသောအခါ ညီကောင်းညီပါလိမ့်မည်၊ အနည်း ငယ်မျှ ဖတ်မိသောအခါ နှုတ်လေးသောရဟန်းက 'ပရိသုဒ္ဓေါ အန္တရာယိကေဟိ' ရောက်နေမည်၊ အခြားနှုတ်သွက်သောရဟန်းက 'သံဃံ ဥပသမ္ပဒံ ယာစတိ' ရောက်နေပေမည်၊ အခြားရဟန်း ၁-ပါးက 'ယဒိ သံဃဿ' ရောက်နေမည်။

ဤသို့မညီမမျှ ရှေ့ကျ, နောက်ကျဖြစ်နေမည်။ သို့ဖြစ်လျှင် နားထောင်သော ကာရကသံဃာသည် မည်သည့်ကမ္မဝါစာဆရာ ရဟန်း၏စကားကို နားထောင်ရမည်နည်း။

မည်သည့် ကမ္မဝါစာ ဆရာရဟန်း၏စကားကိုမျှ သေသေ ချာချာ နားမထောင်နိုင်၊ ဤသို့ မညီမမျှ ရှေးကျ, နောက်ကျဖြစ်နေ လျှင် 'ကောနုဿာဝနေ'ဟူသော ဒေသနာတော် ပါဠိတော်သို့

မကျရောက် မသက်ဝင်ဘဲ ဖြစ်နေပေသည်။ (၃)နံပါတ်နည်းမှာလည်း အလားတူပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ကမ္မဝါစာဆရာ ၂–ပါး၊ ၃–ပါးစသည်က ဥပဇ္ဈာယ် ၁–ပါးတည်း၏ ရဟန်းလောင်း ၂–ပါး၊ ၃–ပါးစသည်ကိုဖြစ်စေ၊ ဥပဇ္ဈာယ် ၂–ပါး၊ ၃–ပါးစသည်၏ ရဟန်းလောင်း ၂–ပါး၊ ၃–ပါး စသည်ကိုဖြစ်စေ၊ တစ်ပြိုင်နက် ရဟန်းခံမပေးသင့်ဟု သိနိုင်ပါသည်။

## မအပ် အဆိုအမိန့်များ

ရဟန်းလောင်း ၄–ပါး၊ ၅–ပါးစသည်တစ်ပြိုင်နက် ရဟန်းခံမှုကို မအပ်ဟု မိန့်ဆိုကြသော အဆိုအမိန့်များမှာ– သမန္တပါသာဒိကာ အမည် ရသော အရှင်မဟာဗုဒ္ဓဃောသရေး အဋ္ဌကထာသစ် မပေါ်မီ စောစောကပင် ရှိခဲ့သည်။

အစောဆုံးမိန့်ဆိုခဲ့သောကျမ်းမှာ အန္ဓကအဋ္ဌကထာဖြစ်သည်၊ ထို့နောက် ပေါရာဏဂဏ္ဌိပုဒ်ကျမ်းဖြစ်သည်။ မိန့်ဆိုပုံမှာ–

> "တိဏ္ဏံ ဥဒ္ဓံ န ကေနစိ အာကာရေန ကေတော ဝဋ္ဋတိ= သုံးပါးအထက်ဆိုလျှင် ဘယ်လိုအချင်းအရာ၊ ဘယ်လို အကြောင်းပြ၊ ဘယ်လိုနည်းနှင့်မျှ တစ်ပြိုင်နက်မအပ်ပါ–"

ဟူ၍ဖြစ်သည်။ ရှင်း၏၊ ပြတ်သားလှ၏။ အနုဂဏ္ဌိပုဒ်ကျမ်း၌လည်း အလားတူ မိန့်မှာဆုံးဖြတ်ထားပါသည်။ အရှင်မဟာဗုဒ္ဓဃောသ ရေးသား သော သမန္တပါသာဒိကာ အဋ္ဌကထာကျမ်းကလည်း–

> "တိဏ္ဏံ ဥဒ္ဓံ ကမ္မာရဟာ န ဟောန္တိ = သုံးပါးအထက်ဆိုလျှင် ကံ မပြုထိုက်၊ ကံ မပြုကောင်း"ဟု အတိအလင်းရှင်းရှင်းနှင့် ဘွင်းဘွင်း ပင်ဆုံးဖြတ်ခဲ့ပါသည်။

ဋီကာကျမ်းအနေဖြင့် အစောဆုံးပေါ်ထွန်းခဲ့သော ဝဇိရဗုဒ္ဓိ ဋီကာသည် ဖော်ပြပြီးသော အဋ္ဌကထာ, ဂဏ္ဌိပုဒ်တို့ဆုံးဖြတ်ခဲ့သော "တံ=ထို သုံးပါးအထက် တစ်ပြိုင်နက် မအပ်"ဟူသော အဆုံး အဖြတ်သည်။ ယုတ္တံ= သင့်မြတ်လှပါပေသည်"ဟု သြဘာပေးကာ ထောက်ခံခဲ့ပါသည်။

ထိုမှုမက 'န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ= မှန် ၏၊ သံဃာသည် သံဃာအား ကံမပြုကောင်း'ဟူသော အဋ္ဌကထာ စကားကို ညွှန်း၍ အကြောင်းပြခဲ့ပါသည်။

## ကတ်သီးကတ်သတ် အကြောင်းပြတတ်

ရဟန်းလောင်း ၄–ပါး အထက်ဖြစ်လျှင် သံဃာသည် သံဃာ အား ကံမပြုကောင်းသောကြောင့် တစ်ပြိုင်နက် ရဟန်းမခံကောင်း ဟူသော ဂဏ္ဌိပုဒ်, အဋ္ဌကထာ, ဋီကာတို့ စကားကိုစဉ်းစားပါ။ စဉ်းစားစရာ ရှိသည်ဟု ကတ်သီးကတ်သတ်သမားတို့က ဆိုကြပါ သည်။ ဘာကြောင့် စဉ်းစားစရာရှိသလဲဟုမေးလျှင် ၄–ပါး၊ ၅–ပါး စသော ရဟန်းလောင်းများသည် ရဟန်းလောင်းများပင်ဖြစ်ပါသည်။ ရဟန်းများမဟုတ်ကြသေးပါ။ ရဟန်းအဖြစ်သို့ မရောက်ကြသေးပါ၊ ဥပသမ္ပဒါ ကမ္မဝါစာဆုံး၍ နိဂုံး ရောက်မှရဟန်းဖြစ်ကြမှာပါ။ ထိုသို့ ရဟန်းအဖြစ်သို့ မရောက်ကြသေး သည့်အတွက် သံဃာဟူသော အမည်ဝေါဟာရကို မရကြသေးပါ သံဃာမမည်ကြသေးသည့်အတွက် "သံဃာသည် သံဃာအား ကံမပြုကောင်း"ဟူသော အကြောင်းပြချက် ဖြင့် ရဟန်းလောင်း ၃–ပါး၊ ၄–ပါးအထက် ၅–ပါး၊ ၆–ပါးစသည်ကို သံဃာက တစ်ပြိုင်နက် ကမ္မဝါစာ ဖတ်၍ ရဟန်းခံမပေးသင့်ဟူသော

စကားကို စဉ်းစားဖို့လိုပါသည်။ ဤကား ကြံကြံဖန်ဖန် ကတ်ကတ် သတ်သတ် ပြောဆိုတတ်သူတို့ စဉ်းစားထားသော စကားဖြစ်ပါသည်။

**သာဓက။** စတ္တာရော ဝါ အတိရေကာ ဝါ ဥပသမ္ပဒါပေက္ခာ သံဃ- ဝေါဟာရံ န လဘန္တိ ဘိက္ခုဘာဝံ အပ္ပတ္တတ္တာ။

(ဝဇိရ၊ ၄၄၁။)

**အနက်။** စတ္တာရော ဝါ= လေးပါးသော်လည်းဖြစ်ကုန်သော။ အတိရေကာဝါ= လေးပါးအထက်သော်လည်း ဖြစ်ကုန်သော။ ဥပသမ္ပဒါပေက္ခာ= ပဉ္စင်းလောင်းတို့သည်။ သံဃဝေါဟာရံ= သံဃာဟူသော အမည်နာမဝေါဟာရကို။ နလဘန္တိ= မရကြကုန်။ ကသ္မာ= အဘယ်ကြောင့်။ နလဘန္တိ= မရကြကုန်သနည်း။ ဘိက္ခုဘာဝံ= ရဟန်းအဖြစ်သို့။ အပ္ပတ္တတ္တာ= မရောက်ကြသေးကုန် သည်၏ အဖြစ်ကြောင့်။ နလဘန္တိ= မရကြကုန်။

## တုံ့ပြန်ချေပချက်

ဥပသမ္ပဒါကမ္မဝါစာဖတ်ချိန်မှာ ရဟန်းလောင်းများသည် ရဟန်းအဖြစ်သို့မရောက်၊ သံဃာမမြောက်ကြသေးသောကြောင့် သံဃာသည် သံဃာအား ကံမပြုကောင်းဟူသော အကြောင်းပြချက်ကို လက်ကိုင် သမှု အားကိုးပြု၍ ၄-ပါး၊ ၅-ပါးစသော ရဟန်းလောင်း များကို သံဃာက တစ်ပြိုင်နက် ကမ္မဝါစာဖတ်ကာ ရဟန်းမခံ ကောင်းဟူသောစကားကို စဉ်းစားသင့်ပါသည်ဟု တင်ပြသောစကားကို ဝဇိရဗုဒ္ဓိဋီကာဆရာက တုံ့ပြန်ချေပပါသည်။

ချေပထားပုံမှာ-

''ကေဝလံ ဘဂဝတာ ပရိစ္ဆိန္နတ္တာ ''တယော''တိ ဝုတ္တတ္တာ =ရဟန်းလောင်းများ ရဟန်းမဖြစ်သေးတာ၊ သံဃာဆိုတဲ့ အမည် မရသေးတာတွေ ပြောမနေပါနှင့်၊ ရဟန်းလောင်းများ ရဟန်းမဖြစ်သေးတာ၊ သံဃာအမည်မရသေးတာတွေ ရောမွှေ မနေပါနှင့်၊ မြတ်စွာဘုရားက– ''သုံးပါး''လို့ ပိုင်းခြား ဟောကြားထားပါတယ်၊ မြတ်စွာဘုရားက 'တယော= သုံးပါး''ဟု ပိုင်းဖြတ်၍ ဟောကြားသောကြောင့်– 'တယော ဥဒ္ဓံ န ဝဋ္ဋတိ= ရဟန်းလောင်း ၃–ပါးထက် ပိုလွန်လျှင် တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံ မပေးအပ်ပါဘူး'' ဟူ၍ဖြစ်ပါသည်။

## သာမဏေဘာဝ သံဃာ့အမည်

''ရဟန်းလောင်းသည် ရဟန်းမဖြစ်သေး၍ သံဃာမမည်''ဟူသော အယူအဆနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်း စဉ်းစားစရာ လိုမည် ထင်ပါသည်။

အမှန်စင်စစ် သာမဏေသည် သာမဏေဖြစ်စ, သာမဏေ ငယ် ဘဝကပင်လျှင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်း ၄– ပါးနှင့် စပ်လျှင် သံဃာစာရင်းဝင်ပါသည်။ သံဃာမည်ပါသည်။

သာမဏေ။ လာဘံ ပန ဥပါဒါယ အန္တမသော ဧကောပိ အနုပ သမ္ပန္နောပိ 'သံဃော'တိ သင်္ချံ ဂစ္ဆတိ ကိရ= ရအပ်သော ပစ္စည်း လာဘ်ကို အကြောင်းပြုလျှင် အယုတ်ဆုံးအားဖြင့် ရဟန်း ၁–ပါးသည်သော်လည်း 'သံဃာ'ဟူသော အရေ အတွက်သို့ရောက်၏။ ရဟန်းပဥ္စင်းမဖြစ်သေးသော ရှင်

သာမဏောသည်သော်လည်း 'သံဃာ'ဟူသော အရေအတွက်
သို့ရောက်၏။ (ဝဇိရ-၁၂၀။)

## ရဟန်းလောင်းပင် သံဃာအမည်တွင်

ရဟန်းလောင်းသည် ရဟန်းမဖြစ်သေးသည်မှာ မှန်၏။ သို့ရာတွင် ရဟန်းဖြစ်တော့မည်မှာ မိနစ်ပိုင်းမျှလိုတော့၏။ အလွန်ဆုံး (၅)မိနစ်လောက် အချိန်အတွင်းမှာ ကေန်မုချရဟန်းဖြစ်တော့မည်။ ကေန်မုချ ရဟန်းဘဝသို့ ရောက်တော့မည်ဖြစ်၍ ''ရောက်ပြီ''ဟု တင်စား၍ဆိုနိုင်၏။

**ဥပမာ**- ဂေါတမမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့ဘဝ၌ ဒီပင်္ကရာ မြတ်စွာဘုရားထံမှောက်ဝယ် သာဝကအဖြစ်ဖြင့် နိဗ္ဗာန်ကို ရယူလိုလျှင် မလွဲမသွေ ကေန်မုချရနိုင်၏။ ထိုအချိန်မှာ သံသရာ ရေယဉ်ကြော မျောပါ နစ်မွန်းနေကြသော ဝေနေယျသတ္တဝါ အပေါင်း တို့ကို သံသရာဝဲသြဃမှ ထုတ်ဆွဲ၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့ ပို့ဆောင်ကယ် တင်တော်မူလိုသဖြင့် နိဗ္ဗာန်ကိုအရမယူဘဲ စွန့်လွှတ်ခဲ့ပါသည်။

ထိုအကြောင်းကို 'လက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာ ကိုစွန့်သဖြင့်'ဟူ၍ မာတိကာအရ ကောက်ကျမ်းနိဒါန်း၌ မိန့်ဆို ခဲ့ပါသည်။

ဤ၌ ''လက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်''ဟု ဆိုပါသည်။ အမှန်စင်စစ် ထိုအချိန်၌နိဗ္ဗာန်သည် သုမေဓာရှင်ရသေ့လက်သို့ မရောက်သေးပါ၊ ရယူလိုလျှင် ကေန်မုချရမည်ဖြစ်၍သာ 'လက်တော် သို့ရောက်ပြီး' ဟု ဆိုပါသည်။ သုမေဓာရှင်ရသေ့ဘဝမှာ မည်သည့်

အချိန်၌မျှ နိဗ္ဗာန်သည် သုမေဓာရှင်ရသေ့လက်တော်သို့ ရောက်မလာပါ။ သို့ပင်ဖြစ်လင့်ကစား 'လက်တော်သို့ရောက်ပြီး'ဟု ဆိုနိုင်တုံဘိသေး၏။

ယခုရဟန်းခံမည့် ရဟန်းလောင်းသည် မကြာမတင်(၅)မိနစ်အချိန်ပိုင်းမှာပင် ကေန်မုချ ရဟန်းစင်စစ် ဖြစ်ပေတော့မည်။ သို့ကလောက် နီးကပ်လှသောအချိန်အတွင်းမှာ မလွဲမသွေ ကေန်မုချ ရဟန်းဖြစ်မည့် ရဟန်းလောင်းကို "ရဟန်းသံဃာ"ဟု အဘယ်မှာမဆိုနိုင်၊ မဆိုထိုက်ဘဲ ရှိပါအံ့နည်း၊ ကေန်မုချ ဆိုထိုက်လှပါသည်။

သို့ဖြစ်၍လည်း 'သံဃာသည် သံဃာအား ကံမပြုရ'ဟူသော ဥပဒေသနှင့်အညီ သံဃာသည် သံဃာဖြစ်လုဆဲဆဲဖြစ်သော (သံဃာဟု တင်စား၍ခေါ်ဆိုထိုက်သော) ၄–ပါး၊ ၅–ပါးစသော ရဟန်းလောင်းများကို တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံမပေးကောင်းဟု မှတ်ရပါမည်။

## ထပ်ဆင့် ရှင်းလင်း

ထပ်ဆင့်ရှင်းပြပါမည်၊ ရဟန်းလောင်းတို့ ပြည့်စုံရမည့် အင်္ဂါဥဿုံ မပြည့်စုံသေးသော သာမဏေသည် သံဃာကံဆောင်ရာ သိမ်ဟတ္ထပါသ် အတွင်းသို့ မဝင်ရချေ။ ရဟန်းလောင်း အင်္ဂါ မပြည့်စုံသော သာမဏေသည် သိမ်အပြင် သံဃာ့ဟတ္ထပါသ်မှ ကြဉ်ဖယ်ခံရသော 'ဝဇ္ဇနီယ' ပုဂ္ဂိုလ် စာရင်းဝင်ပါသည်။ ယင်း သာမဏေ ဟတ္ထပါသ်အတွင်း ရှိမှန်းသိလျက် သံဃာ့ကံဆောင်လျှင် သံဃာအား ဒုက္ကဋ်အာပတ်သင့်ပါသည်။

ယခု ရဟန်းလောင်းအင်္ဂါပြည့်စုံ၍ မကြာမတင် ရဟန်းဖြစ်တော့မည့် ရဟန်းလောင်းကိုမူ သံဃာ့ဟတ္ထပါသ်အတွင်းသို့သွင်း၍ ဥပသမ္ပဒကံဆောင်ရ၏။ ရဟန်းလောင်းကား သံဃာ့ဟတ္ထပါသ်အတွင်းမှာနေသော်လည်း ဝဇ္ဇနီယ ပုဂ္ဂိုလ်အဖြစ်မှလွတ်မြောက်၍ သံဃာစာရင်းဝင်ဟု ခေါ်ဆိုလောက်ပါသည်။ အသက်၂၀–ပြည့်ခြင်း, ဥပဇ္ဈာယ်ယူခြင်း, သပိတ်သင်္ကန်းပြောကြားခြင်း, အပြင်ဦးဆုံးမခြင်း, ရဟန်းပြုပေးရန် တောင်းပန်ခြင်းအဆုံးရှိသော ပြည့်စုံသောအင်္ဂါများ ပြည့်စုံရုံမျှမက ရှေးဦးစွာပြုသင့်သော အမှုကိစ္စများပြုပြီးလျှင် ရဟန်းလောင်းသာမဏေသည် 'ဥပသမ္ပဒကမ္မာရဟ' ဖြစ်တော့၏။ ဥပသမ္ပဒကံ ဆောင်ထိုက်တော့၏။ သို့ဖြစ်၍ သံဃာ့ဟတ္ထပါသ်အတွင်းရှိရ၏။ ဟတ္ထပါသ်အတွင်းရှိမှအပ်၏။ ထို့ကြောင့် သံဃာအား အာပတ်မသင့်ခြင်းဖြစ်ပါသည်။

ယင်းသို့ ရဟန်းလောင်းသည် ဝဇ္ဇနီယသာမဏေအဖြစ်မှ လွတ်မြောက်၍ သံဃာစာရင်းဝင်ဖြစ်နေသောကြောင့် 'သံဃာသည် သံဃာအား ကံမပြုရ'ဟူသော ဥပဒေအရ သံဃာသည် သံဃာဟု ခေါ်ဆိုရလုဖြစ်သော ၄–ပါး၊ ၅–ပါးစသော ရဟန်းလောင်းများကို တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံမပေးကောင်းဟု မှတ်ရပါမည်။

## အယူမကွဲပြား

ရဟန်းလောင်း ၃–ပါးထက်ပိုလွန်လျှင် တစ်ပြိုင်နက် ကမ္မဝါစာဖတ် ရဟန်းခံမပေးကောင်းဟူသော အနက်ကြံလတ် အဆုံးအဖြတ်နှင့် ပတ်သက်၍ အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ, အာစရိယဝါဒတို့ကို ရည်ညွှန်း၍ ပြဆိုခဲ့ပါသည်။

## မဟာဝါဂဏ္ဍိ ဆုံးဖြတ်ဘိ

စလင်း မဟာဝါဂဏ္ဍိ၌လည်း ရဟန်းလောင်း ၄–ပါး၊ ၅–ပါး စသည်တို့ကို တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံ မပေးသင့်ကြောင်းကို ပြပြီးသော အန္ဓကအဋ္ဌကထာစသည်တို့ကို ကိုးကား၍ ဖေါ်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ထားပါသည်။

ဝဇိရဗုဒ္ဓိဋီကာဆရာ, ပေါရာဏဂဏ္ဌိပုဒ်ဆရာ, ဝဇိရဗုဒ္ဓိ ဋီကာဆရာ၏ဆရာ အရှင်အာနန္ဒာ, အနုဂဏ္ဌိပုဒ်ဆရာ, အန္ဓကအဋ္ဌကထာ ဆရာ, ဤဇမ္ဗူကျွန်းခွင် မြေအပြင်၌ နေလအသွင် အလွန်လျှင် ပေါ်ထင်ကုန်သော ဆရာမြတ်တို့ တားမြစ်တော်မူကြသောကြောင့်လည်းကောင်း၊ ဤဆရာတို့ ကာလမှ ရှေးကာလ၌လည်းကောင်း၊ နောက်ကာလမှ ယခုကာလတိုင်အောင်သော ကာလ၌လည်းကောင်း ဆရာ့ ဆရာတို့ ရဟန်း ၄–ပါး၊ ၅–ပါးစသည်တို့ကို တစ်ပြိုင်နက် ရဟန်းခံဖူးသော ထုံးဟောင်းစာတမ်း မရှိသောကြောင့်လည်း ကောင်း၊ ''ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ ဧဝံ ဝိနယလက္ခဏံ''ဟူသည်နှင့်အညီ ဂရုက, လဟုကဟု ဝိနည်း အရာ နှစ်မြွာရှိမူ ဂရုက၌သာလျှင် တည်သင့်သောကြောင့် လည်းကောင်း ရဟန်းလောင်း ၄–ပါး၊ ၅–ပါးအစရှိသည်တို့ကို တစ်ပြိုင်နက် ရဟန်းမခံကြကုန်လင့်'' ဟူ၍ လေးလေး နက်နက် မိန့်မြွက်ဆုံးဖြတ်ခဲ့ပါသည်။

## အရှင်နန္ဒဝံသ မဟာထေရ် အဆုံးအဖြတ်

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မဟာနာယက၊ မဟာ ဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယက၊

အဂ္ဂမဟာပဏ္ဍိတဖြစ်တော်မူသော အရှင်နန္ဒဝံသဆရာတော်ဘုရားကြီးကလည်း ရဟန်းလောင်းလေးပါး တစ်ပြိုင်နက် ရဟန်းခံမှု မအပ်ကြောင်းကို ဆုံးဖြတ်တော်မူခဲ့ပါသည်။ အဆုံးအဖြတ်မှာ–

> "ဒွေ တယော ကောနုဿာဝနေ ကာတုံ"ဟူ၍သာ ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ 'စတ္တာရော ကောနုဿာဝနေ ကာတုံ'ဟူ၍ကား ဟောတော်မမူခြင်းကြောင့်လည်းကောင်း ပဉ္စင်းလောင်း ၄–ပါးကို တစ်ပြိုင်နက်တွဲ၍ မဖတ်ကောင်းဟူ၍မှတ်ရမည်–"

ဟူ၍ဖြစ်ပါသည်။

> [မဟာဝိသုတာရာမ ဝိနိစ္ဆယပေါင်းချုပ်ကျမ်း။ ၄၉၀။ သီမာဝိနိစ္ဆ ယကျမ်း၊ ဒွန္ဒကမ္မဝါစာနိဒ္ဒေသ။ ၂၂၆။]

## မဟာဂန္ဓာရုံဆရာတော် အဆုံးအဖြတ်

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ကြီး၌ ငယ်စဉ်ကပညာသင်ကြား၍ ဆရာတော်ဘုရားကြီးများက 'ဂဏဝါစက' ဖြစ်သည်အထိ ချီးမြှောက်ခြင်း ခံတော်မူရသော အမရပူရ၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသမဟာထေရ်သည်လည်း ဝိနည်းမဟာဝါဘာသာဋီကာ၌–

> "ဒွတ္တယော ကောနုဿာဝနေ ကာတုံ"ဟု မိန့်တော်မူသောကြောင့် ရဟန်းလောင်း ၃–ပါးထက်ပို၍ကား ဥပဇ္ဈာယ် အသီးအသီး ကမ္မဝါစာ ဆရာအသီးအသီးဖြစ်စေကာမူ တစ်ပြိုင်နက် မရွတ်ကောင်းဟုမှတ်ပါ–[၁] ဟူ၍ ဆုံးဖြတ်တော်မူပါသည်။

---

၁။ မဟာဝါဘာသာဋီကာ ၂၇၁။

## ဂရု–လဟု ခွဲခြားမှု

ဝိနည်းအရာ၌ ဂရုက, လဟုကဟု နှစ်မျိုးရှိရာ အာပတ်အရာ၌ ပါရာဇိက, သံဃာဒိသေသ်အာပတ်သည် ကုစားဖို့ရန် တာဝန်လေးသောကြောင့် ဂရုကမည်၏။ ထုလ္လစ္စဥ်းစသော ကျန်အာပတ် ၅–ပါးသည် ကုစားဖို့ရန် လွယ်ကူပေါ့ပါးသောကြောင့် လဟုကမည်၏။

ကံ အရာ၌ 'အပလောကန' ကံသည် ပြုလုပ်ဆောင်ရွက်ရာ၌ အပလောကနကံထက် ဝန်လေးသဖြင့် 'ဂရုက'ကံမည်၏။ ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံတို့နှင့် နှိုင်းစားလျှင် ပြုရန်လွယ်ကူသောကြောင့် 'လဟုက'မည်၏။ ဉတ္တိဒုတိယကံသည် အပလောကနကံ, ဉတ္တိစတုတ္ထကံနှင့် နှိုင်းစာလျှင် ပြုရန်လွယ်ကူသောကြောင့် 'လဟုက' ကံ မည်၏။ ဉတ္တိစတုတ္ထကံသည် ကံအားလုံးထက် ပြုရန်ခက်ခဲတာဝန်လေးသဖြင့် 'ဂရုက'ကံမည်၏။

ဥပသမ္ပဒကံသည် ဉတ္တိစတုတ္ထကံဖြစ်ရုံမျှမက ရှေးဦးစွာ ဥပဇ္ဈာယ်ယူစေခြင်း၊ ကိုယ်ပိုင်သပိတ်, သင်္ကန်းများကိုပြောကြားခြင်း၊ အပြင်ထုတ်၍ဆုံးမခြင်း၊ သံဃာ့အလယ်သွင်း၍ အန္တရာယ်ရှိ/မရှိမေးမြန်းရခြင်း၊ ရဟန်းဖြစ်ရာ အချိန်ကာလ, ရက်, လ, နှစ်များကိုပြောကြားရခြင်း၊ မှီရာ ၄–ပါး ပစ္စည်းများကို ပြောကြားရခြင်း၊ မပြုသင့်သောအမှု ၄–ပါးကို ပြောကြားရခြင်း စသည်ဖြင့် ခဲခဲယဉ်းယဉ်းပြုရသောကြောင့် 'ဂရုက' ကံအစစ်ဖြစ်၏။

သို့ဖြစ်၍ လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန် ရဟန်းလောင်း ၄–ပါး၊ ၅–ပါးစသည်တို့ကို တစ်ပြိုင်နက် ရဟန်းခံပေးရန် မသင့်တော်ပါ၊ ထို့ကြောင့် 'ဒွေ တယော ဧကာနုဿာဝနေ ကာတုံ'ဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

# ဂရု လဟု ခွဲမှုတစ်နည်း

အပလောကနကံသည် သီမဒ္ဒသံဃာကို ပန်ကြား၍ပြုသော ကြောင့် ပြုလုပ်ဆောင်ရွက်ရန် လွယ်ကူပေါ့ပါးသည့်အတွက် 'လဟုက' ကံမည်၏။

ဉတ္တိကံသည် ဉတ်တစ်ကြိမ်ထား၍ ပြုရသောကြောင့် ပြုလုပ် ဆောင်ရွက်ရန် လွယ်ကူပေါ့ပါးသည့်အတွက် 'လဟုက' ကံမည်၏။

သိမာသမ္မုတိကံ, သိမာသမုဟနနကံ, ကထိနဒါနကံ, ကထိ နုဒ္ဓာရကံ, ကုဋိဝတ္ထုဒေသနာကံ, ဝိဟာရဝတ္ထုဒေသနာကံ ဤကံတို့ သည် အပလောကနကံဖြင့် ပန်ကြား၍မပြုသင့်။ ဉတ္တိ ဒုတိယ ကံဖြင့်သာ ပြုသင့်၏။ ထိုသို့ ပြုရန်မလွယ်ကူသည့်အတွက်ကြောင့် 'ဂရုကကံ'တို့ မည်ကြပါသည်။

သေနာသနဂ္ဂါဟသမ္မုတိ, မတကစီဝရဒါနသမ္မုတိ– စသော သမ္မုတိကံတို့သည် ဉတ္တိဒုတိယကံဖြင့်သာမဟုတ်ဘဲ အပလောကနကံ ဖြင့်လည်း ပန်ကြား၍ပြုသင့်သောကြောင့် ပြုလုပ်ဆောင်ရွက်ရန် လွယ်ကူ သည့်အတွက် 'လဟုက' ကံတို့မည်ကြပါသည်။

ဉပသမ္ပဒါကံစသည်တို့မှာ ဉတ်တစ်ကြိမ်၊ ကမ္မဝါစာသုံးကြိမ် ရွတ်ဖတ်၍ ဉတ်လျှင်လေးကြိမ်မြောက်ရှိသော 'ဉတ္တိစတုတ္ထ' ကံ ဖြင့်သာ ပြုရသောကြောင့် ပြုရန်မလွယ်ကူ၊ တာဝန်လေးသည့်အတွက် 'ဂရုက'ကံ မည်ကြပါသည်။

ဉပသမ္ပဒကံသည် 'ဂရုက' ဖြစ်သည်အားလျော်စွာ ရဟန်း လောင်း ၄–ပါး၊ ၅–ပါး စသည်အားဖြင့် များစွာသော ရဟန်းလောင်း တို့ကို တစ်ပြိုင်နက် ရဟန်းမခံကောင်းပါ။

## ယခုခေတ် ကမ္မဝါစာဖတ်နည်း

ယခုခေတ် ကမ္မဝါစာဖတ်နည်းဆိုသည်မှာ ယနေ့တိုင်အောင် အသုံးတွင်ကျယ်နေသော ကမ္မဝါစာဖတ်နည်းဖြစ်သည်။

စတင်အသုံးပြုခဲ့သော ခေတ်ကာလအချိန်ကို အတိအကျပြဆိုနိုင်ရန်ခဲယဉ်းလှဘိသည်။ သို့ရာတွင် အနီးကပ်ဆုံးခန့်မှန်းရလျှင် ဝိနယ ဝိနိစ္ဆယဋီကာတို့ခေတ် မတိုင်မီကစတင်ခဲ့သည်ဟု ခန့်မှန်းရပါသည်။

ရဟန်းလောင်း ၁–ပါးကို ကမ္မဝါစာဆရာ ၃–ပါးက တစ်ပြိုင်နက် ကမ္မဝါစာဖတ်သောနည်းဖြစ်သည်။ ယခုအခါ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က တစ်ပါးတည်းဖတ်လျှင် 'ထွင်သည်'ဟု ထင်ကြ၊ ပြောကြ၏။

## သုံးပါးဖတ်ခြင်း နှလုံးသွင်း

ရဟန်းလောင်း ၁–ပါးကို ကမ္မဝါစာဆရာ ၃–ပါးက တစ်ပြိုင်နက် ကမ္မဝါစာဖတ်ရာ၌ အချို့က ထိုသို့ဖတ်သဖြင့် ၁–ပါး ချွတ်ယွင်းလျှင် ၂–ပါးကျန်၍ ကံမြောက်နိုင်သည်ဟု နှလုံးသွင်းကြ၏။

## ဝိနယဝိနစ္ဆယဋီကာ အဆို

ကမ္မဝါစာဖတ်ရာ၌ ၂–ပါး၊ ၃–ပါးဖတ်သဖြင့် ၁–ပါးက ပကတတ် ရဟန်းမဟုတ်ခဲ့သော် ကျန်ပကတတ်ရဟန်း၏ ဖတ်မှုကြောင့် ကံမြောက်နိုင်၏၊ အကယ်၍ ၂–ပါးက ပကတတ် ရဟန်း မဟုတ်ခဲ့သော် ကျန်ပကတတ်ရဟန်း ၁–ပါး၏ ဖတ်မှုကြောင့် ကံမြောက်နိုင်၏။

မှန်ပေသည်၊ ကမ္မဝါစာဖတ်ရာ၌ ပကတတ်ရဟန်းက ကမ္မဝါစာ ဖတ်မှုသာလျှင် ကံထမြောက်အောင်မြင်ပါသည်။ ထို့ကြောင့်

ယခုခေတ်၌ ကမ္မဝါစာဆရာ ၂-ပါး၊ ၃-ပါးတွဲ၍ ကမ္မဝါစာ ဖတ်စေကြပါသည်။

[ပကတတ္တေန ကမ္မဝါစံ သာဝေတွာ ကတမေဝ ကမ္မံ ကမ္မပတ္တေန ကတံ ဟောတိ။ (ဝိနယဝိနိစ္ဆယ၊ ဋီ၊ ၂။ ၃၅၀။) = ပကတတ်ရဟန်း ကမ္မဝါစာဖတ်၍ ပြုအပ်သောကံသာလျှင် ကံအားလျော်သော 'ကမ္မပတ္တ သံဃာက ပြုရာရောက်၏။]

ပကတတ်မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်ယောက်က ကမ္မဝါစာဖတ်၍ ပြုအပ်သောကံသည် ပကတတ်မဟုတ်သောကြောင့်လည်းကောင်း၊ ကမ္မပတ္တရဟန်းက ကမ္မဝါစာမရွတ် မဖတ်သောကြောင့်လည်းကောင်း၊ ကမ္မဝါစာ 'အနုဿာဝနဒေါသ'ဟူသော အပြစ်ကြောင့် ကံပျက်သည်ဟုသိပါ။

[အပကတတ္တေန ကေနစိ ကေဝလေနေဝ ကမ္မဝါစံ သာဝေတွာ ကတံ အပကတတ္တကမ္မပတ္တလက္ခဏာဘာဝါ ကမ္မပတ္တေန စ ကမ္မ ဝါစာယ အဿာဝိတတ္တာ အနုဿာဝနဒေါသေန ဝိပန္နံ ဟောတီတိ ဝေဒိတဗ္ဗံ။ (ဝိနယဝိနိစ္ဆယ၊ ဋီ၊ ၂။ ၃၅၀။)]

ပကတတ်ရဟန်းက ကမ္မဝါစာဖတ်၍ ပြုအပ်သောကံသာလျှင် ကမ္မပတ္တသံဃာက ကံပြုရာရောက်သည်၏အဖြစ်၊ ပကတတ်ရဟန်းမဟုတ်သောပုဂ္ဂိုလ်က ကမ္မဝါစာဖတ်၍ ပြုအပ်သောကံ၏ ကမ္မဝါစာအပြစ်ကြောင့် ဖေါက်ပြန်ပျက်စီးသည်၏ အဖြစ်ကြောင့်ပင်လျှင် ရှေးခေတ် ဝိနည်းမိုရ်မထေရ်တို့သည် ကံပျက်စီးခြင်း၌ လျှဉ်းပါးဖွယ်ကို ရှောင်လွှဲခြင်း အကျိုးငှာ ၂-ပါး၊ ၃-ပါးသော ရဟန်းတို့ကို တစ်ပေါင်းတည်း ကမ္မဝါစာ ရွတ်ဖတ်စေကြပါသည်။

[တေနဝ ပေါရာဏကဝိနယဓရတ္ထေရာ ကမ္မဝိပတ္တိ သင်္ကာပရိဟာရတ္ထံ ဒွိဟိ တီဟိ ကေတော ကမ္မဝါစံ သာဝယန္တိ။ (ဝိနယဝိနိစ္ဆယ၊ ဋီ၊ ၂။ ၃၅၀။)]

ဤ ဝိနယဝိနိစ္ဆယဋီကာ အဆိုကို ခြုံငုံကြည့်လျှင် ပကတတ်ရဟန်းမဟုတ်သူက ကမ္မဝါစာဖတ်သည့်အတွက် ကံပျက်တတ်သဖြင့် ကံမပျက်စေခြင်းငှာ ၂–ပါး၊ ၃–ပါးတွဲ၍ ကမ္မဝါစာဖတ်ခိုင်းကြသည်ဟု ဖေါ်ပြလိုရင်းဖြစ်ပါသည်။

## ပဉ္စင်းလောင်း ၁–ပါး ကမ္မဝါစာဆရာ အများ

အဋ္ဌကထာ၌ ၂–ပါး၊ ၃–ပါးကုန်သော ကမ္မဝါစာဆရာတို့သည် တစ်ပါးတည်းသောပဉ္စင်းလောင်းကို ကမ္မဝါစာဖတ်ရသော အရာ၊ ၄–ပါး၊ ၅–ပါးအစရှိကုန်သော ကမ္မဝါစာဖတ်ရသော အရာဌာနတို့သည် အဋ္ဌကထာ၌ တိုက်ရိုက်မလာငြားသော်လည်း ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ဤသို့ရဟန်းခံခြင်းကို ပယ်တော်မမူသောကြောင့်လည်းကောင်း၊ အပ်ကုန်၏ဟု မှတ်အပ်ကုန်၏။ ထို့ကြောင့်–

> ယခုအခါ ဇမ္ဗူဖေါက်ထွင်း သိန်းဃိုင်ဦလင်းအောင် ဂုဏ်ရောင်သတင်းကျော်စောခြင်းရှိတော်မူကုန်သော ဆရာကျော်, ဆရာမြတ်တို့သည် တစ်ပါးတည်းသော ပဉ္စင်းလောင်းကို ပဉ္စင်းခံစေရာ၌ ၂–ပါး၊ ၃–ပါးကုန်သော ကမ္မဝါစာဆရာတို့ကို ကမ္မဝါစာဖတ်စေတော် မူကုန်ဘိသတည်း–

ဟု စလင်း မဟာဝါဂဏ္ဌိ၌ မိန့်ဆိုတော်မူပါသည်။ (စလင်း၊ဂဏ္ဌိ–၁၅၆။)

## အရှင်နန္ဒဝံသ မဟာထေရ် အလို

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသဆရာတော်ဘုရားကြီးကလည်း ဝိနိစ္ဆယပေါင်းချုပ်ကျမ်း၊ ဥပသမ္ပဒါကမ္မဝါစာ နိဿယ သစ်ကျမ်းတို့၌–

'ကမ္မဝါစာပါဌ်ကဆရာများကလည်း ပဥ္စင်းလောင်း ၁–ပါး အတွက် ၁–ပါး၊ ၂–ပါး၊ ၃–ပါး ဖတ်ကောင်း၏–'

ဟူ၍ ဆုံးဖြတ်ထားပါသည်။

## မဟာဂန္ဓာရုံဆရာတော်အမိန့်

ကျမ်းပြုအကျော်ဖြစ်တော်မူသော မဟာဂန္ဓာရုံဆရာတော်ကလည်း–

'ယခုခေတ်၌ ဥပဇ္ဈာယ်တစ်ပါး၏ ရဟန်းလောင်းတစ်ပါးကို ကမ္မဝါစာဆရာ ၃–ပါး၊ ၃–ပါးအထက်အများပင် တစ်ပြိုင်နက် ရွတ်ဆိုကြ၏။

ထိုသို့ ရွတ်ဆိုရာ၌ အပြစ်မရှိသော်လည်း ပါဠိတော်အဋ္ဌကထာ အတိုင်းကားမဟုတ်ချေ၊ တစ်ပါး၏အသံကို အခြားပုဂ္ဂိုလ်က ညီအောင်ညှိ၍ လိုက်နေရသဖြင့် ဌာန်ကရိုဏ်းမှန်အောင် သတိထားဖို့ လစ်ဟင်းဖွယ်ရှိ၏–

ဟု မိမိထင်မြင်သုံးသပ်ချက်နှင့်တကွ မိန့်ဟခဲ့ပါသည်။

ထိုမျှမက ထိုသို့ကမ္မဝါစာဆရာ ၃–ပါး စသည်တွဲ၍ရွတ်လျှင် တစ်ပါးပါးက မပီသစေကာမူ ကျန်ဆရာများပီသနိုင်ခြင်း အကျိုး ရှိသည်ဟု ယူဆနေကြသောအချက်ကိုလည်း–

> ''တစ်ပါးကမပီသလျှင် အခြားပုဂ္ဂိုလ်ကပီသသောကြောင့် အကျိုးရသည် မဟုတ်ပါလောဟူအံ့၊ ထိုသို့ ပီသဖို့ဆိုလျှင် တစ်ပါးစီရွတ် ခြင်းက သာ၍ ပီသစရာရှိ၏–''

ဟု ဝေဖန်သုံးသပ်ပြခဲ့ပါသည်။

ထို့ပြင် ယခုခေတ်ကျမှ ၃–ပါးဖတ်မှ ကံမြောက်သည်ဟု ယူဆနေကြ၏။ တစ်ပါးတည်းဖတ်လျှင် ''ထွင်'' သည်ဟုထင်မြင်၍ ဘဝင်မကျကြပါ၊ အမှန်စင်စစ် ၁–ပါးတည်း ကမ္မဝါစာဖတ်ခြင်းသည် ဘုရားလက် ထက်မှစ၍ ရှေးကျသောနည်းလမ်းကောင်းဖြစ်ကြောင်းကိုလည်း 'အမှန်အားဖြင့် ရှေးခေတ်က ကမ္မဝါစာဆရာ ၁–ပါးတည်းသာ ရှိခဲ့ပါသည်'ဟု ဖော်ပြခဲ့ပါသည်။

အချို့က ကမ္မဝါစာဆရာ ၃–ပါးထက်ပို၍ တွဲပြီး ဖတ်တတ်ကြ၏။ ထိုသို့ ၃–ပါးထက်ပို၍ ဖတ်ခြင်းသည်လည်း ၃–ပါးဖတ်သည်နှင့် အလားတူပင်ဖြစ်ကြောင်းကိုလည်း–

> ထို့ပြင် ယခုအခါ ရဟန်းလောင်း ၁–ပါးအတွက် ၃–ပါးထက်ပို၍ တစ်ပြိုင်နက် ရွတ်ဆိုကြသေး၏။ ထိုသို့ ရွတ်ဆိုရာ၌လည်း ၃–ပါးပြိုင်၍ ရွတ်ဆိုသည်နှင့် သဘောတူပင်ဖြစ်သည်–' ဟု မိန့်ဆိုခဲ့ပါသည်။ (မဟာဝါဘာသာဋီကာ–၂၇၁။)

## မြင်းခြံဆရာတော် အဆုံးအဖြတ်

မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက၊ ဒုတိယဥက္ကဋ္ဌ၊(ယခု အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ) ဖြစ်တော်မူသော ဘဒ္ဒန္တ သောဘိတ မဟာထေရ်သည် ဝိနယဗဟုသုတပကာသနီကျမ်းကို ၁၃၄၅–ခုနှစ်က ရေးသားစီရင်တော်မူခဲ့သည်။ ယင်းကျမ်း၌ ကမ္မဝါစာဖတ်မှုနှင့်ပတ်သက်၍ ပါဠိတော်၌–

> ''ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော'' ဟူသော စကားတော်တွင် 'ဘိက္ခုနာ'ဟူသော ဧကဝုစ် စကားကို မြတ်စွာဘုရား မိန့်ကြားထားတော်မူသောကြောင့် ရဟန်းခံခြင်း (ဥပသမ္ပဒကံ)စသော ကံတို့ကိုပြုလုပ်ရာ၌ ဗျတ္တ, ပဋိဗလဖြစ်သော ရဟန်း ၁–ပါးတည်း ကမ္မဝါစာဖတ်ခြင်း သည်သာလျှင် ပါဠိတော်နှင့်ကိုက်ညီပေ၏–''

ဟု မိမိအကြိုက်ကို ရှေးဦးစွာပြဆိုပြီးမှ ယခုခေတ်ကမ္မဝါစာဖတ်ပုံနှင့် ရည်ရွယ်ချက်ကိုလည်း–

> ''ယခုခေတ်အခါ၌ ၃–ပါးတစ်တွဲ၊ ၃–ပါးတစ်တွဲဖြင့် (၃+၄) ဆိုင်း ကမ္မဝါစာဖတ်ကြသည်မှာကား ပါဠိတော်လာသည့် အတိုင်းတော့မဟုတ်ပါ၊ သို့သော် ထိုသို့ဖတ်သော်လည်း အပြစ် မရှိ၊ ၃–ပါး တစ်တွဲ တွဲ၍ ၃+၄ ဆိုင်း ရွတ်ဖတ်ခြင်းသည် တစ်ပါးက မပီမပြင်ခဲ့သော်လည်း တစ်ပါးကပီပြင်လျှင် ကံမြောက်နိုင်၏ဟု ရည်ရွယ်၍ ရွတ်ဖတ်ကြခြင်းဖြစ်၏–''

ဟု ရေးသားထားပါသည်။

၂–ပါး၊ ၃–ပါးတွဲ၍ ကမ္မဝါစာဖတ်ရာ၌ ပီသမှု၊ မပီသမှုနှင့်ပတ်သက်ပြီး–

> ''၂–ပါး၊ ၃–ပါးတွဲ၍ ကမ္မဝါစာဖတ်ရာ၌လည်း တစ်ပါးက ဥတ်သာပီသ၍ တစ်ပါးက ကမ္မဝါစာသာပီသလျှင် ကံအထ

မပြောက်၊ မအောင်မြင်နိုင်။ ကမ္မဝါစာဖတ်သူအားလုံး အစ အဆုံး ကမ္မဝါစာတလျောက်လုံး ပီပီသသ ဌာန်ကရိုဏ်း ကျနမှသာ ကံ အထမြောက်အောင်မြင်နိုင်၏။ အယုတ်ဆုံး တစ်ပါးက အစအဆုံး ပီပီသသ ရွတ်ဖတ်နိုင်မှသာ ကံ အထမြောက် အောင်မြင်နိုင်သည်–''

ဟုမိန့်တော်မူပါသည်။

ကမ္မဝါစာဆရာ ၂–ပါး၊ ၃–ပါးတွဲ၍ ဖတ်ခြင်း၏ မူလ ရည်ရွယ်ချက်မှာ တစ်ပါးမပီသလျှင် အခြား ၁–ပါး၊ ၂–ပါးက ပီသနေပါက ကံမြောက် အောင်မြင်နိုင်ခြင်းအကျိုးကို ရည်ရွယ်သော် လည်း ချောင်းဆိုးခြင်း၊ တံတွေးမျိုခြင်း စသည်ကြောင့် နောက်ကျ နေသဖြင့်အမီလိုက်ရ၍ ဌာန် ကရိုဏ်း ပီသအောင်ရွတ်ဖတ်မှုအတွက် သတိလစ်ဟင်းခြင်း စသော အပြစ်များရှိတတ်သဖြင့် သတိထားကြစေ လိုသဖြင့်–

> "၂–ပါး၊ ၃–ပါးတွဲ၍ရွတ်ဖတ်ခဲ့လျှင် ဖြေးဖြေးပီပီသသ အကျ အကျန် အကျော်မရှိရအောင် ညှိကာရွတ်ဖတ်ရမည်။ အများ အားလုံးတစ်ပြိုင်နက် ဝိုင်းရွတ်နည်းကား ချောင်းဆိုးခြင်း၊ တံတွေးမျိုခြင်း အမီလိုက်ရခြင်းစသော အကြောင်းများ ကြောင့်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များနှင့်ညီအောင် ညှိလိုက်နေရသဖြင့် ဌာန်ကရိုဏ်းမှန်ကန်အောင် သတိထားဖို့ လစ်ဟင်းနိုင်သော ကြောင့်လည်းကောင်း၊ စိတ်မချရသော နည်းသာဖြစ်၏''

ဟူ၍ သတိပေးစကား မိန့်ကြားတော်မူပါသည်။

နောက်ဆုံးအနေအားဖြင့် မိမိသဘောကျသော အကောင်းဆုံး နည်းကို မိန့်ကြားလိုသဖြင့်–

“အကောင်းဆုံးနည်းမှာ တစ်ပါးစီ ကမ္မဝါစာရွတ်ဖတ်ခြင်း သည်သာ ပါဠိတော်နှင့်ညီ၍ အကောင်းဆုံးဖြစ်၏–”

ဟူ၍ ရေးသားဆုံးဖြတ်တော်မူပါသည်။

## ကံ ၄–မျိုး ကျမ်းကိုးအရှိ

ဥပုသ်ကံနှင့်စပ်၍

၁။ အဓမ္မဝဂ္ဂ ဥပုသ်ကံ၊

၂။ အဓမ္မသမဂ္ဂ ဥပုသ်ကံ၊

၃။ ဓမ္မဝဂ္ဂ ဥပုသ်ကံ၊

၄။ ဓမ္မသမ္မဂ္ဂ ဥပုသ်ကံ ဟု (၄)မျိုး ပြားပါသည်။ (ဝိ–၃၊ ၁၅၁။)

ပဝါရဏာကံနှင့်စပ်၍

၁။ အဓမ္မဝဂ္ဂ ပဝါရဏာကံ၊

၂။ အဓမ္မသမဂ္ဂ ပဝါရဏာကံ၊

၃။ ဓမ္မဝဂ္ဂ ပဝါရဏာကံ၊

၄။ ဓမ္မသမဂ္ဂ ပဝါရဏာကံ ဟု (၄)မျိုး ပြားပါသည်။ (ဝိ–၃၊၂၂၄)

ထို့အတူ ဥပသမ္ပဒါကံနှင့်စပ်၍လည်း–

၁။ အဓမ္မဝဂ္ဂ ဥပသမ္ပဒါကံ၊

၂။ အဓမ္မသမဂ္ဂ ဥပသမ္ပဒါကံ၊

၃။ ဓမ္မဝဂ္ဂ ဥပသမ္ပဒါကံ၊

၄။ ဓမ္မသမဂ္ဂ ဥပသမ္ပဒါကံ ဟု (၄)မျိုး ပြားနိုင်ပါသည်။

## မပြုအပ်ကံ ပြုအပ်ကံ

ပြပြီးသော ယင်းသည့် ဥပုသ်ကံ, ပဝါရဏာကံများအနက် နံပါတ်(၁၊ ၂၊ ၃)ကံများကို မပြုအပ်ကြောင်း ဘုရားရှင်ခွင့်ပြုတော်မမူကြောင်းကို–

"န ဘိက္ခဝေ ဝေရူပံ ဥပေါသထကမ္မံ (ပဝါရဏာကမ္မံ) အနုညာတံ = ရဟန်းတို့အဲဒီလို 'အဝမ္မဝဂ္ဂ, အဝမ္မသမဂ္ဂ, ဓမ္မဝဂ္ဂ' သဘောရှိသော ဥပုသ်ကံ (ပဝါရဏာကံ)ကို မပြုအပ်၊ မပြုကောင်း–"

"န စ မယာ ဝေရူပံ ဥပေါသထကမ္မံ (ပဝါရဏာကမ္မံ) အနုညာတံ= (ရဟန်းတို့) အဲဒီလို အဝမ္မဝဂ္ဂ, အဝမ္မသမဂ္ဂ, ဓမ္မဝဂ္ဂ သဘောရှိသော ဥပုသ်ကံ (ပဝါရဏာကံ)ကို ငါဘုရားခွင့်ပြုတော်မမူ–"

ဟူ၍ ဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။ (မဟာဝ ၁၅၁–၂၂၄။)

## ကံမျိုး ၄–သွယ် အဓိပ္ပာယ်

၁။ ဆိုင်ရာ ဆိုင်ရာ ကံအားလျော်စွာ ပြုလုပ်ဆောင်ရွက်ရမည့် လမ်းညွှန်ချက်သဘော 'ဓမ္မ'နှင့် ဆန့်ကျင်ခြင်းသည် 'အဓမ္မ'မည်၏။

တစ်သိမ်တည်း နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ သံဃာအားလုံး စုရုံးမှုမပြုဘဲ အသီးအခြားခွဲ၍ဖြစ်စေ၊ အနည်းဆုံးအားဖြင့် ရဟန်း ၁–ပါးပင်ဖြစ်စေ သံဃာစည်းဝေးရာအရပ်မှ နှစ်တောင့်ထွာ ဟတ္ထပါသ် လွတ်၍ တကွဲတပြားနေခြင်းသည် 'ဝဂ္ဂ' မည်၏။

ယင်းသို့ မြတ်စွာဘုရားဟောကြားညွှန်ပြသော ဓမ္မလမ်းကြောင်း နှင့်ဆန့်ကျင်ရုံမျှမက သံဃာအားလုံး ဟတ္ထပါသ်မစပ်မိဘဲ တကွဲတပြားပြု အပ်သောကံသည် အဓမ္မဝဂ္ဂကံမည်၏။

၂။ သံဃာအားလုံး နှစ်တောင့်ထွာ ဟတ္ထပါသ်စပ်၍ စည်းရုံး စည်းဝေးမှုရှိ၍ 'သမဂ္ဂ' ဖြစ်သော်လည်း မြတ်စွာဘုရားဟောကြား ညွှန်ပြ ဓမ္မလမ်းကြောင်းနှင့် ဆန့်ကျင်စွာ ပြုအပ်သောကံသည် 'အဓမ္မ သမဂ္ဂ' ကံမည်၏။

၃။ မြတ်စွာဘုရားဟောကြားညွှန်ပြအပ်သော ဓမ္မ လမ်းကြောင်းနှင့် ညီညွတ်သော်လည်း သံဃာအားလုံး မစုရုံး မစည်း ဝေးဘဲ အနည်းဆုံးအားဖြင့် ၁–ပါးတည်းသော ရဟန်းပင်ဖြစ်စေ၊ သံဃာစည်းဝေးရာအရပ် ဟတ္ထပါသ်အပြင်ဘက်တည်ရှိလျက် ပြုအပ် သော ကံသည် 'ဓမ္မဝဂ္ဂ' ကံမည်၏။

၄။ မြတ်စွာဘုရားဟောကြားညွှန်ပြအပ်သော ဓမ္မ လမ်းကြောင်းနှင့် ညီညွတ်ရုံမျှမက သံဃာအားလုံးတစ်သိမ်တည်း၌ နှစ်တောင့်ထွာ ဟတ္ထပါသ်စပ်လျက် အညီအညွတ်စည်းဝေးကာ ပြုအပ်သောကံသည် 'ဓမ္မသမဂ္ဂ' ကံမည်၏။ (ဝိ၊ ၄–၃၊ ၃၃၈၊ ၃၅၆။)

## ပြုအပ်–ခွင့်ပြု နှစ်ခုသဘော

နောက်ဆုံးဖော်ပြခဲ့သော (၄)နံပါတ် 'ဓမ္မသမဂ္ဂ' ကံသည် ပြုလုပ်ဆောင်ရွက်အပ်သော 'ကံ'ဖြစ်သည်၊ ပြုလုပ် ဆောင်ရွက် အပ်သော ကံဖြစ်သောကြောင့်လည်း ဘုရားရှင်ခွင့်ပြုတော်မူအပ်သော 'ကံ' ဖြစ်သည်။

> ''တတြ ဘိက္ခဝေ ယဒိဒံ ဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ (ပဝါရဏာကမ္မံ) = ရဟန်းတို့. . ထိုဥပုသ်(ပါဝရဏာ) ကံ(၄) မျိုးတွင် အကြင် ဓမ္မသမဂ္ဂ ဥပုသ်(ပဝါရဏာ) ကံသည်ရှိ၏။
> (ဝိ–၃၊ ၁၅၁။)

"ဝေရူပံ ဘိက္ခဝေ ဥပေါသထကမ္မံ (ပဝါရဏာကမ္မံ) ကာတဗ္ဗံ = ရဟန်းတို့ ဤသို့ ဓမ္မသမ္မဂ္ဂသဘောရှိသော ဥပုသ် (ပဝါရဏာ)ကံကို ပြုအပ်၏။ ပြုကောင်း၏။' (ဝိ-၃၊ ၁၅၁၊ ၂၂၄။)'

"ဝေရူပဉ္စ မယာ ဥပေါသထကမ္မံ (ပဝါရဏာကမ္မံ) အနုညာတံ = ဤသို့ ဓမ္မသမဂ္ဂသဘောရှိသော ဥပုသ်ကံ (ပဝါရဏာကံ) ကိုသာလျှင် ငါဘုရားခွင့်ပြုတော်မူ၏-"

ဟု ဓမ္မသမဂ္ဂကံနှင့်စပ်၍ မိန့်ကြားတော်မူခဲ့ပါသည်။

## ရဟန်းခံရာ ၄-ဖြာကံမျိုး

ပြပြီးသောနည်းအတိုင်း ဥပုသ်ကံ, ပဝါရဏာကံများသည် ၄-ပါးစီ ပြားသကဲ့သို့ အခြားအခြားသော သံဃာ့ကံများမှာလည်း ၄-ပါး စီပြားနိုင်ပါသည်။ ထို့အတူ ဥပသမ္ပဒါကံမှာလည်း ၄-ပါး ပြားနိုင်ကြောင်း ပြဆိုခဲ့ပါပြီ။ ထိုတွင်-

၁။ ရှေးဦးစွာ ဥပဇ္ဈာယ်ယူခိုင်းရမည်ဟု ဟောကြားတော်မူ ပါလျက် ရှေးဦးစွာ ဥပဇ္ဈာယ်မယူခိုင်းခြင်းအစ၊ ရဟန်းလောင်းများစွာ ရှိနေလျှင် အလွန်ဆုံး ၃-ပါးအထိသာ တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေး ရမည်။ 'ဒွေ တယော ဧကာနုဿာဝနေ ကာတုံ'ဟု ဟောတော်မူပါလျက် ရဟန်းလောင်း ၃-ပါးထက်အလွန် ၄-ပါး၊ ၅-ပါးစသည်တို့ကို တစ်ပြိုင်နက် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးခြင်း။

ဥပဇ္ဈာယ် ၁-ပါးတည်းဖြင့် ရဟန်းခံပေးရမည်။ ဥပဇ္ဈာယ် များစွာဖြင့် ရဟန်းခံမပေးရ၊ 'တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ နတွေဝ နာနုပဇ္ဈာယေန'ဟု ဟောတော်မူပါလျက် ဥပဇ္ဈာယ် ၁-ပါးမက၊ ဥပဇ္ဈာယ်အများ အပြားဖြင့်ရဟန်းခံပေးခြင်း- အဆုံးရှိသော ဓမ္မ

နည်းလမ်း လုပ်ထုံးစည်း ကမ်းနှင့်ဆန့်ကျင်ရုံမျှမက၊ သံဃာအားလုံး မစုရုံးဘဲ နှစ်တောင့်ထွာ ဟတ္ထပါသ် မဆက်မစပ် အစုအစုကွဲပြားလျက် နေထိုင်ကာပြုအပ်သော ဥပသမ္ပဒါကံသည် 'အဓမ္မဝဂ္ဂ' ကံမည်၏။

၂။ ရှေးဦးစွာ ဥပဇ္ဈာယ်မယူခိုင်းခြင်းအစ၊ ရဟန်းလောင်း ၄-ပါး၊ ၅-ပါးစသည်တို့ကို တစ်ပြိုင်နက် ရဟန်းခံခြင်း၊ ဥပဇ္ဈာယ် ၁-ပါး မက၊ ဥပဇ္ဈာယ်အများဖြင့် ရဟန်းခံခြင်းအဆုံးရှိသော ဓမ္မလမ်းကြောင်းနှင့် ဆန့်ကျင်သော်လည်း သံဃာအားလုံး စည်းရုံးညီညွတ်စွာ နှစ်တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် နေထိုင်ကာ ပြုအပ်သော ဥပသမ္ပဒါကံသည် 'အဓမ္မသမဂ္ဂ' ကံမည်၏။

၃။ ရှေးဦးစွာ ဥပဇ္ဈာယ်ယူခိုင်းခြင်းအစရှိသော ဓမ္မလမ်းကြောင်းနှင့် ညီညွတ်သော်လည်း သံဃာအားလုံး မစည်းရုံးဘဲ နှစ်တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်မှုမရှိ အစုအစုကွဲပြားကာ ပြုအပ်သော ဥပသမ္ပဒါကံ သည် 'ဓမ္မဝဂ္ဂ' ကံမည်၏။

၄။ ရှေးဦးစွာ ဥပဇ္ဈာယ် ယူခိုင်းခြင်းအစရှိသော ဓမ္မလမ်းကြောင်းနှင့် ညီညွတ်ရုံမျှမက၊ သံဃာအချင်းချင်းသိမ်အတွင်း၌ ဟတ္ထပါသ်စပ်လျက် ပြုအပ်သော ဥပသမ္ပဒါကံသည် 'ဓမ္မသမဂ္ဂ' ကံဖြစ်ပါသည်။

## ပုဏ္ဏာလာ ဥပသမ္ပဒကံ

ညောင်တုန်းမြို့ ပုဏ္ဏမာရာမ စျေးကျောင်းတိုက်ဆရာတော် ဦးသြဘာသိဝံသ မေးမြန်းအပ်သော အမေးပုစ္ဆာ၌လာသော ဥပဇ္ဈာယ် ဆရာ ၁၀-ပါး၏ ရဟန်းလောင်း ၁၀-ပါးကို ကမ္မဝါစာဆရာ ၁၀-ပါးက အသီးသီး ကိုယ့်ရဟန်းလောင်းကိုယ် တစ်ပြိုင်နက် ကမ္မဝါစာ ဖတ်၍ ရဟန်းခံပေးခြင်း ဥပသမ္ပဒါကံသည်-

"ဒွေ တယော ဧကာနုဿာဝနေ ကာတုံ။ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ နတွေဝ နာနုပဇ္ဈာယေန"ဟူသော ဒေသနာဝမ္မကိုကျော် လွန်ဆန့်ကျင်သောကြောင့် 'အဓမ္မ' ကံဖြစ်၏။ တစ်ဖန် သံဃာအားလုံး တစ်သိမ်တည်းမှာ နှစ်တောင့်ထွာ ဟတ္ထပါသ်စပ်လျက် ထိုင်နေကြသော ကြောင့် 'သမဂ္ဂ' ကံတော့ဖြစ်၏။ ထိုနှစ်ရပ် ပေါင်းစပ်လိုက်သောအခါ 'အဓမ္မသမဂ္ဂ' ကံဖြစ်ပါသည်။

ထို 'အဓမ္မသမဂ္ဂ' ကံမျိုးကို အဘယ်သို့ဆောင်ရွက်ရမည်ဆို သည့်အချက်ကို ဘုရားရှင်က–

> "တတြ ဘိက္ခဝေ ယဒိဒံ အဓမ္မေန သမဂ္ဂံ ( ) ကမ္မံ၊ န ဘိက္ခဝေ ဝေရူပံ ( ) ကမ္မံ ကာတဗ္ဗံ၊ န စ မယာ ဝေရူပံ ( ) ကမ္မံ အနုညာတံ–" (ဝိ ၃၊ ၁၅၁)ဟူ၍ ဟောတော်မူ ပါသည်။

**အဓိပ္ပာယ်မှာ**– ရဟန်းတို့ ထိုကံ ၄–မျိုးတို့တွင် အကြင် 'အဓမ္မသမဂ္ဂ' ကံမျိုးသည်ရှိ၏။ ရဟန်းတို့ ဤသို့ 'အဓမ္မသမဂ္ဂ' သဘောရှိ သော ( )ကံမျိုးကိုမပြုအပ်၊ မပြုကောင်း။ ဤသို့ 'အဓမ္မ သမဂ္ဂ' သဘောရှိသော( )ကံမျိုးကို ငါဘုရားခွင့်ပြုတော် မမူသည် သာလျှင်တည်း– ဟူ၍ဖြစ်ပါသည်။

ဤသို့ ဥပဇ္ဈာယ် ၁၀–ပါး၏ ရဟန်းလောင်း ၁၀–ပါးကို ကမ္မဝါစာဆရာ ၁၀–ပါးက အသီးသီးခွဲ၍ဖြစ်စေ ၂–ပါး, ၃–ပါး တွဲ၍ဖြစ်စေ၊ ဟတ္ထပါသ်စပ်လျက် ကမ္မဝါစာတစ်ပြိုင်နက် ဖတ်ခြင်း သဘောရှိသော 'အဓမ္မသမဂ္ဂ' ကံမျိုးကို သံဃာညီညွတ်သော်လည်း ဓမ္မလမ်းကြောင်းသို့ မသက်ရောက်, တရားနည်းလမ်းမကျသောကြောင့် မပြုအပ်၊ မပြုကောင်း။ မပြုအပ်၊ မပြုကောင်းသောကြောင့် ဘုရား ရှင် ခွင့်ပြုတော်မမူဟူ၍ မှတ်ပါ။

သို့ဖြစ်၍ ဥပဋ္ဌာယ် ၁၀–ပါး၏ ရဟန်းလောင်း ၁၀–ပါးကို ကမ္မဝါစာဆရာ ၁၀–ပါးက အသီးသီးကိုယ့်ရဟန်းလောင်းနှင့်ကိုယ် သိမ် အတွင်းမှာ ဟတ္ထပါသ်စပ်မိအောင်ထိုင်လျက် တစ်ပြိုင်နက် ကမ္မဝါစာဖတ် ၍ရဟန်းခံပေးခြင်းသည် မအပ်ဟု ဆုံးဖြတ်လိုက် ရပါတော့သည်။

----ooo----

# ကျွမ်းပြီး နိဂုံး

## ထေရ်ရှင်ထုပ္ပတ် စာတိရပ်

၁။ မြင်းခြံရွှေမြောက် ဆယ်တိုင်လောက် ထွန်းလင်းတောက်မြစ်သာရွာ။
၂။ တောင်သူလယ်ယာ လုပ်ကိုင်ကာ မှန်စွာသက်မွေးပါ။
၃။ တိုင်းပြည်အတွက် နွားနှင့်ဖက် ထွန်ယက်စိုက်ပျိုးပါ။
၄။ ဦးတေး ဒေါ်ရှင် ဖမိခင် ဖြူစင်မျိုးမြန်မာ။
၅။ တစ်ထောင့်နှစ်ရာ ကိုးဆယ်သာ လေးမှာနှစ်ကောဇာ။
၆။ နယုန်လဆန်း ငါးရက်မှန်း တင့်ဆန်းနေ့ဗုဒ္ဓါ။
၇။ ဆယ့်တစ်နာရီ ခွဲချိန်မီ ဖွားပြီနံနက်ခါ။
၈။ ဂုရုချိန်တွင် ဖွားသန့်စင် မိခင်လွန်ကျန်းမာ။

## ဒုတိယတွင် မိဖခင်

၉။ ဖွားမြင်ပြီးလျှင် ငါးနှစ်တွင် ဖခင်ကွယ်လွန်ရှာ။
၁၀။ ရှစ်နှစ်အရောက် နဂါးပေါက် ပေါ်ပေါက်မိဘာပါ။
၁၁။ မိဘာနှစ်ဦး ကုသိုလ်ထူး ပြုဖူးရှေးကံသာ။
၁၂။ သားရင်းမခြား ပြုစုကြား ထူးခြားကံကြောင့်သာ။
၁၃။ ဦးမြဲ ဒေါ်မြိုင် ရွှင်ကြည်လှိုင် နှစ်ဆိုင်မိဘာပါ။

## ရှင်ပြုမင်္ဂလာ ချိန်အခါ

၁၄။ မိခင်ဒေါ်ရှင် ရှင်ပြုချင် ကိုင်းလျှင်ပေါင်ရပါ။
၁၅။ ထောင့်သုံးရာပေါ် ငါးနှစ်ကျော် ပြုသော်ရှင်ဖြစ်လာ။
၁၆။ ဦးနရိန္ဒ မြတ်ထေရ မူလဥပဇ္ဈာ။
၁၇။ ဂျပန်ခေတ်တွင် သင်္ကန်းဖျင် လွှန်လျှင်ရှားလှပါ။
၁၈။ တစ်ပါးတစ်စုံ ညီနောင်စုံ ဝတ်ရုံသင်္ကန်းမှာ။
၁၉။ အစ်ကိုနေ့ဝတ် ဝတ်ဖို့မှတ် လဲလတ်လူဝတ်သာ။
၂၀။ ဂျပန်ခေတ်မှာ တစ်ရက်သာ ဝတ်ပါရှင်ဖြစ်မှာ။
၂၁။ တစ်သုံးတစ်တစ် ရှင်အဖြစ် ရလစ်နောက်တစ်ခါ။
၂၂။ နဂါးပေါက်ရွာ ကျောင်းကြီးမှာ ရလာရှင်ဖြစ်မှာ။
၂၃။ မြင်တင်ကျောင်းတွင် စာပေသင် ဝါလျှင်ကပ်ခဲ့ပါ။
၂၄။ ဦးအာလောက မြတ်ထေရ မှတ်ကြဥပဇ္ဈာ။
၂၅။ ကိုရင်ဘဝ စာသင်ကြွ ဌာနဆီမီးခုံမှာ။
၂၆။ မဟာဝိသုတ အမည်ရ ခေါ်ကြတိုက်ကြီးမှာ။
၂၇။ ဦးသံဝရ သဒ္ဒါချ လိုက်ရထိုစာဝါ။
၂၈။ ဦးဝိမလ သင်္ဂြိုဟ်ချ လိုက်ရထိုစာဝါ။

## ရဟန်းဘဝ ရောက်ရချိန်ခါ

၂၉။ တစ်သုံးတစ်သုံး ကောဇာထုံး ရှင်ပြုံးရဟန်းသာ။
၃၀။ ဦးသိန်းမောင်မှာ ဒေါ်ကြွေသာ ထူးပါ ဒါယကာ။
၃၁။ ရဟန်းခံပွဲ ကထိန်တွဲ ထူးကဲတန်ဆောင်မှာ။
၃၂။ လဆန်းဆယ့်နှစ် နာရီတစ် မိနစ်လေးဆယ်သာ။
၃၃။ အစအဓောင်လှ ပြောင်းရွှေကြွ ဌာနတိုက်ချမ်းသာ။
၃၄။ ရဟန်းလေးဝါ ချမ်းသာမှာ သင်ကာပို့ချပါ။

၃၅။ ဆိမီးခုံမှန် အခြေခံ သင်ပြန်ရှေးဦးစွာ။

## ပညာသင်ယူ ကျမ်းဆူဆူ

၃၆။ အောင်ဆုအောင်ရာ နှစ်ကောဇာ ရောက်လာပခုက္ကူမှာ။
၃၇။ ပခုက္ကူမှတ် ပိဋကတ် သင်လတ်ကျမ်းများစွာ။
၃၈။ သုန်, နန်, ဂန်, နန် ဃိန်တို့ထံ သင်ပြန်ကျမ်းဖြာဖြာ။
၃၉။ ဦးတေဇနိယ မြတ်ထေရ သင်ရဘိခမ္မာ။
၄၀။ ရက္ခိတကျောင်း စာချကောင်း မှတ်ကြောင်းမြတ်ထေရာ။
၄၁။ တစ်သုံးနှစ်လေး မန္တလေး သင်ရေးကျမ်းစုံစွာ။
၄၂။ ဦးမေဓိယ မြတ်ထေရ နေရ နယားမှာ။

## စာရေးစာချ ဆွမ်းခံရ

၄၃။ အစကောင်းသူ ပခုက္ကူ ရောက်မူနောက်တစ်ခါ။
၄၄။ ပခုက္ကူမှာ နေ့ညဝါ ချပါကြိုးစားကာ။
၄၅။ အားစိုက်ချတုန်း စာချဘုန်း ဆယ့်သုံးဝါမှာ ချီးမြှောက်ပါ။
၄၆။ အစကောင်းရင်း တော်သလင်း ဆန်းတွင်းဆဲ့တစ်မှာ။
၄၇။ တိပိဋက မြန်မာ့ဘိဓာန် ရေးရပြန် ထိုက်တန်သာသနာ။
၄၈။ ရတနသိဒ္ဓိ ကဝိထေရ်မှာ ခေါင်းဆောင်ကာ
ညီညာရေးကြပါ။
၄၉။ စာချဖြစ်မြောက် ဆယ်နှစ်ရောက် ချီးမြှောက်ဆွမ်းခံပါ။
၅၀။ ဆွမ်းခံစာချ စာရေးရ နေ့, ည မအားပါ။

## သာသနာရေးကိစ္စ ဆောင်ရွက်ရ

၅၁။ မြို့နယ်နှစ်မှု တိုင်းတစ်မှု လေးခုနိုင်ငံပါ။

၅၂။ ဝိနည်းမိုရ်မှတ် ဆုံးအဖြတ် မပြတ်လုပ်ရပါ။
၅၃။ မြို့နယ်သံဃ နာယကာ လုပ်ရစိတ်မပါ။
၅၄။ သံဃနာယက ဥက္ကဋ္ဌ လုပ်ရလေးနှစ်တာ။
၅၅။ သူများအလုပ် အလွန်ရှုပ် မလုပ်ချင်လှပါ။
၅၆။ မဟာနာယက ထမ်းရွက်ရ သံဃာ့တာဝန်သာ။

## ဝန်ဆောင်နိကာယ ထမ်းရွက်ရ

၅၇။ မဟာဝိသုတ နိကာယ ထမ်းရတာဝန်သာ။
၅၈။ နဝမ, ဒသမ နှစ်ကြိမ်မျှ ထမ်းရ နိဗ္ဗာရကာ။

## ဤစာပန်းကုံး ကျမ်းပြီးဆုံး

၅၉။ အလုပ်များလှ ကြိုးကြားက ရေးရ ဤစာလွှာ။
၆၀။ အာရုံပေါ်မှ ရေးလို့ရ တွေးဆအချိန်ကြာ။
၆၁။ နေ့တိုင်းမပေါ် ရံခါပေါ် ပေါ်သော်ရေးရပါ။
၆၂။ အောင်ဆုပြည့်သော် စာပန်းမော် ပြီးတော်ဆုံးခန်းသာ။
၆၃။ နှင်းရည်စို့ရွှဲ တပို့တွဲ ပြီးမြဲဤစာလွှာ။
၆၄။ မဟာဝိသုတ ဒသမ ဒါနရည်မှန်းပါ။
၆၅။ အင်းကြင်းကိုးရွက် စဉ်ဆက်မြဲလှ နိကာယ အစတည်ထောင်ပါ။
၆၆။ ယခုနှစ်တွင် ခြောက်ဆယ်ပင် ရောက်လျှင်သက်တမ်းမှာ။
၆၇။ နိကာယပွဲ ဂုဏ်ပြုမြဲ ထူးကဲလှူဒါန်းပါ။
၆၈။ ဤစာပန်းကုံး ပန်ဆင်သုံး ပြည်လုံးချမ်းသာမှာ။
၆၉။ တည်တံ့သန့်ရှင်း ပြန့်ပွားခြင်း ထွန်းလင်းသာသနာ။

## နိဂုံးဆုတောင်းပြီး၏။

# ကောင်းနိုင်ပါ့မလား

ဘုရားဟော ပိဋကတ်၊
ပရိယတ် မသင်။
ပဋိပတ် မယှဉ်သည်၊
အမြင်ပင် ယခု။
ပွဲရုံနဲ့ ကသိုဏ်းပျော်ရွှင်၊
ဆိုင်းဆော်လျှင် သူတို့ကရှူ။
အဂ္ဂိရတ် ရွှေဖြစ်ကြံသည်၊
ငွေဖြစ်ရန် အမှု။
ဘေသဇ္ဇာ သူနာပြုတွေနဲ့၊
ယတြာမှု ဗေဒင်။
ဓာတ်စာပါ တလီပေး၊
ပြည်သေးနင့် ဆွမ်းဆန်ကိုခြင်။
ပင့်ဖိတ်အောင် ဉာဏ်ဆင်သည်၊
ဒလံပင် ပေါင်းသင်း၍၊
ကျောင်းတွင်း ပြောင်းခင်းပိုင်၊
နွားလုဂုဏ်ပြိုင်။
လှည်းသမား ကျောင်းထိုင်လျှင်၊
ကောင်းနိုင်ရန် ရှိဘူးကွဲ့လေး ...။



(လယ်တီဆရာတော်)

Graphic Design by Shwemyay-Nanda